
www.burmeseclassic.com

# THE IRON HEEL

JACK LONDON



မောင်နေဝင်း

# သံဖနောင့်

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၀၃၅၀၀၃၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၀၁၂၀၉၀၇ |

ပုံနှိပ်မှတ်တမ်း ■ (ပထမအကြိမ်)
၁၉၈၄ ခုနှစ်၊ ဒီဇင်ဘာလ၊
ဘဝတက္ကသိုလ်စာပေ။
(ဒုတိယအကြိမ်)
၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ၊
ရတနာပုံစာအုပ်တိုက်။

အုပ်ရေ ■ ၅၀၀

ထုတ်ဝေသူ ■ ဦးမင်းထွဋ်ဝင်း [၀၃၇၇၅]
(ရတနာပုံစာအုပ်တိုက်)
၄၆/၁၊ ဗိုလ်ရာညွန့်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်
အတွင်းပုံနှိပ် ■ (ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။

အတွင်းဖလင် ■ Quality

မျက်နှာဖုံးပန်းချီ ■ မောင်နေကြည်

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ ၂၅၀၀ ကျပ်


## ရတနာပုံစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ကမ္ဘာကြီးပျက်စီးလုနီးပြီလော
၂။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၃။ လေသူရဲတစ်ဦး၏ သန်းခေါင်ယံခရီးသည်နှင့် ကိုယ်တွေ့လေကြောင်းဝတ္ထုများ
၄။ ဒေါက်တာခင်လေးမြင့်၏ ၂၀ ရာစုပြင်သစ်ဝတ္ထုတိုများ
၅။ နတ်နွယ်၏ ကမ္ဘာ့စာပေတစုစုတစောင်း
၆။ ဟိန်းလတ်၏ တကိုးအတွေးတကိုးအရေး
၇။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ အရက်နှင့်ဆည်းဆာ
၈။ ဂျာနယ်ကျော်မမလေး၏မာလာရီ
၉။ ပါရဂူ၏ ဗုဒ္ဓယဉ်ကျေးမှုပြဇာတ်များ
၁၀။ မင်းဆွေ၏ဓါး
၁၁။ ချစ်ဦးညို၏ ဝိဇိတာဝီ
၁၂။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ ကျွန်တော်ရတနာကုန်သည်
၁၃။ ရွှေဥဒေါင်း၏ ဟစ်တလာလုပ်ခဲ့သမျှ
၁၄။ တက်တိုး၏ဘဝနှင့်စာပေ
၁၅။ လေသူရဲတစ်ဦး၏တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်က
၁၆။ မောင်ညိုပြာ၏ စိတ္တဇရုပ်မြင်သံကြားဝတ္ထုတိုများ
၁၇။ ဂျာနယ်ကျော်မမလေး၏ ရွှေမြေး
၁၈။ မောင်ခိုင်မာ၏ မင်္ဂလာအလင်္ကာ
၁၉။ တော်ဘုရားကလေး(အောင်ဇေ)၏ ပြည်သူချစ်တဲ့မျိုးဆက်သစ်
၂၀။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ မုန်တိုင်းနှင့်သစ္စာ
၂၁။ ချစ်ဦးညို၏ မဟာသေနာပတိ
၂၂။ ဗိုလ်အေးမောင်၏ တွမ်
၂၃။ အထောက်တော်လှအောင်၏ မပိုကြေးမလိုကြေး
၂၄။ ချစ်ဦးညို၏ ရက္ခစိုးမယားနှင့် အခြားပြိတ္တာများ
၂၅။ လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ ဆေးလိပ်နှင့် လူသား
၂၆။ လူထုစိန်ဝင်း၏ အတွေးအမြင်ဆောင်းပါးများ
၂၇။ နတ်နွယ်၏ ဒက်ဖယ်လာ
၂၈။ ချစ်ဦးညို၏ ရာဇကုမာရ
၂၉။ ဆူးငှက်၏ ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း
၃၀။ နတ်နွယ်၏ ဘဝဟူသည်
၃၁။ မင်းယုဝေ၏ အိုမာခယမ်
၃၂။ ချစ်ဦးညို၏ ချစ်သောပါဒကေရီ
၃၃။ အထောက်တော်လှအောင်၏ မဟာဘီလူး
၃၄။ တက်တိုး၏ အညတရဘဝရှုခင်း
၃၅။ မြသန်းတင့်၏ မမ
၃၆။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ဝတ္ထုတိုများ
၃၇။ ဒဂုန်တာရာ၏ လရောင်ရွှန်းမြသောညတစ်ည
၃၈။ ကြည်ဦး၏ ရှေးထုံးစဉ်လာမြန်မာမှုများ

www.burmeseclassic.com

www.burmeseclassic.com


၄၉။ ချစ်ဦးညို၏ ချစ်သူမင်းနန္ဒာ
၅၀။ ရွှေဥဒေါင်း၏ ဘုကာတီဝါရှင်တန်
၅၁။ နတ်နွယ်၏ ရေအောက်တရွှေ
၅၂။ ပါရဂူ၏ မင်းနှင့်ပြည်သူ
၅၃။ ဗိုလ်အေးမောင်၏ ရော်ဘင်ဟု
၅၄။ ဦးလှဝင်း(လေသူရဲတစ်ဦး)၏ အညိုတို့ ပတ္တမြားမြေ
၅၅။ ဂျာနယ်ကျော်မမလေး၏ ရင်နှင့်အောင်မွေး
၅၆။ အထောက်တော်လှအောင်၏ နာဇီပဋိညာဉ်ခံ
၅၇။ ဦးလှဝင်း(လေသူရဲတစ်ဦး) ၏ လျှော်ပုံးကြွခဲ့စဉ်က
၅၈။ ရွှေဘိုမိမိကြီး၏ နန်းတွင်းသူခိုးနှင့် မိန်းမစိုး
၅၉။ တင့်ဆန်း၏ ငမိုးရိပ်မှ ငမိုးရိပ်သို့
၆၀။ ဦးလှဝင်း(လေသူရဲတစ်ဦး)၏ ပါပီလွန်နှင့် ဗင်ကို
၆၁။ တော်ဘုရားကလေး(အောင်ဇေ)၏ ရတနာပုံမှ ရတနာဂီရိသို့
၆၂။ နယဉ်၏ ကိသာဂေါတမီနှင့် ဗုဒ္ဓနိပါတ်တော်လာ ထင်ရှားသောဇာတ်ဝတ္ထုများ
၆၃။ နတ်နွယ်၏ မင်းမှာသစ္စာ လူမှာကတိ
၆၄။ မောင်သန်းဆွေ (ထားဝယ်)၏ ထီးရနံ့ နန်းရနံ့
၆၅။ ဒေါ်ခင်မျိုးချစ်နှင့် ချစ်ဦးညို၏ လောကဇာတ်ခုံ ဇာတ်ခုံလောက
၆၆။ တက်တိုး၏ တစ်နှစ်သား
၆၇။ ပါရဂူ၏ ရာဇဝင်သိက်
၆၈။ မောင်မိုးသူ၏ လင်းယုန်တို့၏အောင်ပွဲ
၆၉။ ဦးလှဝင်း(လေသူရဲတစ်ဦး)၏ ရွှေဘုံသာလမ်းပေါ်မှာ
၇၀။ အထောက်တော်လှအောင်၏ ရဘက်ကာ
၇၁။ ဦးလှဝင်း (လေသူရဲတစ်ဦး)၏ မြန်မာပြည်လေကြောင်းတိုက်ပွဲ
၇၂။ ချစ်ဦးညို၏ တရွှေနှင့် အခြားဝတ္ထုတိုများ
၇၃။ နတ်နွယ်၏ မုန်တိုင်းအန္တရာယ်
၇၄။ မောင်မိုးသူ၏ အိပ်ဝိုးဆေး
၇၅။ အထောက်တော်လှအောင်၏ လသာတုန်းဝိုင်းငင်
၇၆။ ဦးလှဝင်း (လေသူရဲတစ်ဦး)၏ ရတနာ၏ လျှို့ဝှက်ချက်များ
၇၇။ ရွှေဘိုမိမိကြီး၏ သရဖူတို့ရဲ့ သရဖူ
၇၈။ ချစ်ဦးညို၏ ရွှေတိုက်စိုး
၇၉။ ဦးလှဝင်း (လေသူရဲတစ်ဦး)၏ လေကြောင်းပညာ သိချင်စရာ
၈၀။ သော်တိုး၏ ကမ္ဘာ့ဆိုးပေကြီးများ
မောင်နေဝင်း၏ သံပနော့်


## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၈၂။ ခင်မျိုးချစ်၏ ကဲ. . . ပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ
၈၃။ ဆူးငှက်၏ ဈေးချိုတော် ဝါးတန်း ဘီလမ်းပေါ်က နာရီစင်
၈၄။ ဦးလှဝင်း (လေသူရဲတစ်ဦး)၏ ကျွန်တော်နှင့် ရတနာများ


ဤစာအုပ်ဖြင့်
ကွယ်လွန်သူ ဖန်းမော်တင်အောင် သို့
ရည်စူးလိုက်ပါသည်။

မြန်မာပြန်သူ။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# မြန်မာပြန်သူ၏အမှာ

[ ၁ ]

အမေရိကန်စာရေးဆရာကြီး ဂျက်လန်ဒန်၏ သံဖနောင့်ကို ကျွန်တော်တို့နှင့် ပထမဦးစွာ မိတ်ဆက်ပေးသူမှာ ကွယ်လွန်သူ စာရေးဆရာ ဗန်းမော်တင်အောင် ဖြစ်ပါသည်။ သံဖနောင့်ကို မှီးရေးခဲ့သော ဗန်းမော်တင်အောင်၏ မုန်တိုင်းထဲကလူကို ကျောင်းသားဘဝက ကျွန်တော်တို့ အသည်းစွဲခဲ့ကြပါသည်။ 'ချစ်လှစွာသော ကျွန်မ၏ လင်းယုန်ကြီးရယ်' ဟူသော ဗန်းမော်တင်အောင်၏ အရေးအသားခွဲ ကျွန်တော်တို့ ယစ်မူးခဲ့ကြပါသည်။

ဤသို့လျှင် တသသစွဲလမ်းခဲ့ရသော သံဖနောင့်ကို စာပေလောက စာအုပ်တိုက်က ထုတ်ဝေရန်အတွက် လွှန်ခဲ့သည့် ငါးနှစ်ကျော်ကျော်ခန့်က စီစဉ်ခဲ့ပြီး ကျွန်တော် မြန်မာပြန်ခဲ့သော်လည်း မအားမလပ်သော ကိုယ်ရေးကိုယ်တာ လုပ်ငန်းများကြောင့် တစ်ဝက်တစ်ဖျက်ဖြင့် ရပ်ဆိုင်းထားခဲ့သည်။ စာပေလောကစာအုပ်တိုက်၏ ဂန္ထဝင်ဘာသာပြန် စာအုပ်များ အစဉ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေရေးအစီအစဉ်လည်း ရပ်ဆိုင်းသွားခဲ့ပါသည်။

ယခု ဘဝတက္ကသိုလ်စာပေ၏ တိုက်တွန်းချက်အရ သံဖနောင့်ကို ကျွန်တော် ဆက်လက် ပြန်ဆိုနိုင်ခဲ့ပါသည်။ ဤသို့ ပြန်ဆိုရာတွင် လုံးစေ့ ပတ်စေ့ ပြန်ဆိုရန် မသင့်လျော်သော မဖြစ်နိုင်သော အကြောင်းများကြောင့် ခြွင်းချန်သင့်သည်တို့ကို ခြွင်းချန်ကာ ပြန်ဆိုထားသည်ကို ပထမဦးစွာ ဝန်ခံလိုပါသည်။

ထို့ပြင် မြန်မာပြန်ဆိုရာ၌ ချွတ်ချော်တိမ်းပါးမှု၊ ချွတ်ယွင်းမှု မှန်သမျှမှာ ကျွန်တော်၏ တာဝန်သာဖြစ်ကြောင်းလည်း အစီရင်ခံအပ်ပါသည်။

BURMESE CLASSIC

[ ၂ ]

ဂျက်လန်ဒန်ကို ၁၈၇၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့၌ မွေးဖွားသည်။ လန်ဒန် ရှစ်လသား အရွယ်တွင် မိခင်က ဂျွန်လန်ဒန်ဆိုသူနှင့် အိမ်ထောင်သစ်ထူပြီး ဈေးလမ်းတောင်ဘက်ရှိ အလုပ်သမားရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

လန်ဒန်တစ်ယောက် လူ့လောကသို့ စတင်ဝင်ရောက်သည့်နှစ်တွင် စီးပွားရေးကပ်ဆိုက်ရောက်နေသဖြင့် ထောင်ပေါင်းများစွာသော အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်ကြရသည်။ လုပ်ခလစာတွေ လေးဆယ်မှ ခြောက်ဆယ် ရာခိုင်နှုန်းအထိ လျှော့ချခြင်းခံကြရသည်။ တနိုင်ငံလုံးရှိ အလုပ်သမားတွေမှာ အိုးမဲ့အိမ်မဲ့ အလုပ်မဲ့ဖြစ်ကာ တွေ့ရာကျဘမ်းအလုပ်များ လုပ်နေကြရသည်။

စီးပွားပျက်ကပ်၊ အလုပ်လက်မဲ့ကပ်ကြီးက လန်ဒန်တို့မိသားစုကိုလည်း အလွတ်မပေး။ ထို့ကြောင့် လန်ဒန်သည် ငါးနှစ်သားအရွယ်အထိ အလုပ်အကိုင်ဟူ၍ အတည်တကျမရှိသော မိခင်နှင့်ဖခင်တို့ ရွှေ့ပြောင်းရာ နောက်သို့ တကောက်ကောက်လိုက်နေခဲ့ရသည်။ ထိုသို့ ရွှေ့ပြောင်းခဲ့ရသော အကြိမ်ပေါင်း ရှစ်ကြိမ်မျှရှိခဲ့ရာ လန်ဒန်အဖို့ ငယ်စဉ်တောင်ကျေး ကလေးဘဝကာစ၌ ကစားဖော်ကစားဖက်ဟူ၍ပင် ကင်းမဲ့ခဲ့ရလေသည်။

၁၈၈၅ ခုနှစ်တွင် သူ့မိဘက ဖွင့်ထားသော ကုန်စုံဆိုင်ကလေး အရှုံးဖြင့် ရင်ဆိုင်ရကာ ပိတ်လိုက်ပြီးနောက် အယ်လာမေဒါတွင် ဧကနှစ်ဆယ်ရှိ တောင်ယာ သွားလုပ်သည်။ ထိုမှတစ်ဖန် ဆန်မက်ကို၌ ခြံသွားလုပ်သည်။





လန်ဒန် ရှစ်နှစ်သားအရွယ်တွင် လီဗာမိုးချိုင့်ဝှမ်းသို့ ရွှေ့ပြောင်းပြန်သည်။ ထိုအချိန်တွင် လန်ဒန် စာဖတ်ဝါသနာပါလာခဲ့ခြင်းဖြစ်သည်။ ဝါရှင်တန်အိုင်ရဗင်း၏ အယ်လ်ဟမ်ဘရာကို ကျောင်းဆရာတစ်ဦးက ငှားသဖြင့် ပထမဆုံး စမ်းဖတ်ကြည့်ရာက တွေ့သမျှ လက်လှမ်းမီသမျှ စာအုပ်တွေကို သူ ဖတ်လေတော့သည်။

သို့ရာတွင် ဖခင်က အလုပ်ပြုတ်ပြန်သဖြင့် လန်ဒန်အတွက် မိသားစု စားဝတ်နေရေးကို မလုပ်၍မဖြစ်တော့။ ထို့ကြောင့် နံနက်သုံးနာရီထက်ကာ သတင်းစာပို့ရသည်။ ပြီးမှ ကျောင်းသွားသည်။ ကျောင်းချိန်ပြီးလျှင် ညနေ သတင်းစာတွေ လိုက်ပို့သည်။ အားလပ်ရက်များတွင် အထမ်းသမား ဝင်လုပ်သည်။ သူ ရသမျှပိုက်ဆံကို မိဘထံ အပ်သည်။

အသက် ဆယ့်သုံးနှစ်တွင် အုတ်ကလန်သဒ္ဒါကျောင်းမှ အောင်မြင်သည်။ ကျောင်းဆင်းပွဲ၌ သမိုင်းဘာသာရပ်နှင့် စပ်လျဉ်း၍ မိန့်ခွန်းပြောရန် ရွေးချယ်ခံခဲ့ရသော်လည်း အဝတ်အစားကောင်းကောင်းမရှိသဖြင့် အခမ်းအနားသို့ မတက်ရောက်တော့ဘဲ သူ့ဒီပလိုမာကိုလည်း တတ်မယူတော့။ ကျောင်းဆက်မတက်နိုင်တော့ဘဲ နေ့ရော ညပါ သတင်းစာလှည့်ပို့ခြင်းအလုပ်နှင့် အခြား ရရာ အလုပ်တွေလုပ်ကာ မိသားစုကို ထောက်ပံ့သည်။

ထို့နောက် တစ်နာရီ ဆယ်ဆင့်လုပ်ခဖြင့် အုတ်ကလန်အနောက်ပိုင်း သည်သွတ်စက်ရုံတွင် အလုပ်ဝင်လုပ်သည်။ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်မှုများက သူ့အား လမ်းစသစ်တွေကို ရှာဖွေစေခဲ့သည်။ အသက် ဆယ့်ငါးနှစ်တွင် ဒေါ်လာသုံးရာချေးငှားကာ ရွက်လှေအစုတ်တစ်စင်းဝယ်လျက် ဆန်ဖရန်စစ္စကို ဝင်လယ်အော်အတွင်း ရှိရှိသမျှမွေးမြူထားသည့် ကနုကမာကောင်တွေကို ညစဉ် လိုက်လံလုယက်သည်။ အရက်အလွန်သောက်လာသည်။ အရက်မူးလွန်ကာ ဝင်လယ်အော်အတွင်း သေလိုကသေစေတော့ဟု စိတ်ကူးလျက် တစ်ညလုံး ရေဆင်းကူးသည်။ ကိုတံငါတစ်ဦးက သတိလစ်နေသော လန်ဒန်ကို ကယ်တင်ခဲ့သည်။

နောင်တွင် ရဲအဖွဲ့က ငါးဖမ်းသမားများကို လှည့်လည် စစ်ဆေး စောင့်ကြပ်သူအဖြစ် သူ့ကို ခန့်သည်။ ဒဏ်တပ်၍ရသမျှကို သူ့အတွက် တစ်ဝက် ပေးသွားသည်။ ထိုအလုပ်တွင် တစ်နှစ်ကြာမျှ လန်ဒန် ဝင်လုပ်ပြန်သည်။

၁၈၉၃ ခုနှစ်တွင် လန်ဒန်သည် သင်္ဘောတစ်စင်းတွင် သင်္ဘောသား အဖြစ် ကိုရီးယား၊ ဂျပန်နှင့် ဆိုက်ဘေးရီးယားသို့ တက်လိုက်ခဲ့သည်။ သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



သားဘဝဖြင့် တေလေပေပေ နေသည်။ ခုနစ်လအကြာတွင် အဝတ်အစားသစ်အမျိုးမျိုးဝယ်ဝတ်ကာ မိဘထံပြန်လာရာ ငတ်လူဆဲဆဲဖြစ်နေသော မိဘများ၏ ကြေးမြီတွေကို အကုန်ရှင်း၊ ကျန်သမျှပိုက်ဆံကို အမေ့ထံအပ်ကာ အလုပ် ထွက်ရှာပြန်သည်။ ဂျုံစက်တစ်စက်တွင် အလုပ်ရသည်။ တစ်နေ့ ဆယ်နာရီ လုပ်ရပြီး လုပ်ခမှာ တစ်ဒေါ်လာ ဖြစ်သည်။ ညဘက်အားလပ်ချိန်များ၌ သူ့အတွေ့အကြုံများကို ဝတ္ထုရေးလေ့ရှိသည်။

ယင်းနှစ် နိုဝင်ဘာလတွင် 'ဆန်ဖရန်စစ္စကိုကောလ်'က လန်ဒန်အား ဝတ္ထုတိုအကောင်းဆုံးဆုအဖြစ် နှစ်ဆယ့်ငါးဒေါ်လာ ချီးမြှင့်ကြောင်း ကြေညာသည်။ သူ့ဝတ္ထုတိုနာမည်မှာ 'ဂျပန်ကမ်းခြေအလွန် လေမုန်တိုင်းတစ်ခုအကြောင်း' ဖြစ်ပြီး ထိုစဉ်က အသက် ဆယ့်ခုနစ်နှစ်သာ ရှိသေးသည်။

လန်ဒန်သည် ဂျုံစက်မှထွက်လိုက်ကာ အုတ်ကလန်မီးရထားကုမ္ပဏီ၌ အလုပ်ဝင်လုပ်နေသည်။ တစ်နေ့ ဆယ့်သုံးနာရီ တစ်လလျှင် နှစ်ဆယ့်ကိုးရက် လုပ်ရပြီး လုပ်ခမှာ တစ်လလျှင် ဒေါ်လာသုံးဆယ်ဖြစ်သည်။ သို့ရာတွင် ဤအလုပ်တွင် သူ မမြဲ။ သူ အလုပ်ဝင်လိုက်သည့်အတွက် အခြားအလုပ်သမားတစ်ဦး အလုပ်လက်မဲ့ဖြစ်သွားကာ သူ့ကိုယ်သူသတ်သေလိုက်သည့် သတင်းကို သူ ဖတ်မိသည်။ ထို့ကြောင့် အဆိုပါအလုပ်မှ သူ ထွက်လိုက်သည်။ ထိုအချိန်က၌ လန်ဒန်သည် ခြေဦးတည့်ရာ လျှောက်သွားနေလေတော့သည်။

၁၈၉၂ ခုနှစ်တွင် အုတ်ကလန်ဆိုရှယ်လစ်လေဘာပါတီကို တည်ဆောက်ရာ ထိုပါတီ၏အစည်းအဝေးများသို့ သွားတက်သည်။ ဆိုရှယ်လစ်ဝါဒကို စိတ်ဝင်စားလာသည်။ မကြာမီ ထိုပါတီသို့ ဝင်လိုက်သည်။ သတင်းစာများတွင် ဆောင်းပါး ကြိုးကြိုးရေးသည်။ ဤသို့ဖြင့် ဘာကလေယူနီဗာစီတီ၏ ငါးဖမ်းလုပ်ငန်းဆိုင်ရာဌာနသို့ တက်ရောက်သင်ကြားနိုင်သည်အထိ ကြိုးစားခဲ့သည်။ သို့သော် ခင်ပွန်း၏ ကျန်းမာရေးအခြေအနေဆိုးလာသဖြင့် ကျောင်းမှထွက်ကာ အလုပ်ရှာရပြန်သည်။

၁၈၉၇ ခုနှစ်တွင် အလစကာ၌ ရွှေတွင်းများတူးကြရာသို့ လန်ဒန် ထွက်သွားသည်။ ထိုနေရာတွင် တစ်နှစ်ကြာသော်လည်း ရွှေတစ်ရွေးသားမျှ မရ၊ မတုန်ခန်းနိုင်သော အတွေ့အကြုံများစွာကိုသာ ရလာခဲ့သည်။ နောင်သောအခါ ဤအတွေ့အကြုံများမှာ ဂျက်လန်၏ ကမ္ဘာကျော်ဝတ္ထုတွေဖြစ်လာပါသည်။

အဆစ်အမြစ်တိုက်ခဲသောရောဂါကြောင့် တော်တော်နှင့် မပြန်နိုင်။





သို့သော် ရောဂါသက်သာသည်နှင့်တစ်ပြိုင်နက် ၁၈၉၈ခုနှစ်၊ ဇွန်လတွင် ယူကွန်မြစ်ရိုးအတိုင်း ဘာရင်ပင်လယ်ဆီသို့ မိုင် တစ်ထောင့်ကိုးရာခရီးကို လှေငယ်တစ်စင်းဖြင့် စုန်ဆင်းခဲ့သည်။ အိမ်ပြန်ရောက်သောအခါ ဖခင်ကွယ်လွန်ခဲ့ပြီးဖြစ်ရာ မိသားစုတာဝန်ကို ထမ်းရွက်ရပြန်သည်။ အဝတ်လျှော်စက်တွင် ဝင်လုပ်သည်။ ပြတင်းများရေဆေးခြင်း၊ ကော်ဇောများဖုန်ခါပေးခြင်း စသည့် ကျပန်းအလုပ်တွေ လုပ်သည်။ စာပို့သမား အလုပ်လျှောက်ထားယင်း ဝတ္ထုလေးဘာလေး စရေးသည်။ မဂ္ဂဇင်းအချို့တွင် သူရေးသောဝတ္ထုတိုများ ပါလာသည်။ တစ်လ ခြောက်ဆယ့်ငါးဒေါ်လာဖြင့် စာပို့တိုက်က ၁၈၉၉ ခုနှစ်တွင် အလုပ်ခန့်သောအခါ သူက ငြင်းပယ်လိုက်ပြီး စာဆက်ရေးသည်။ မဂ္ဂဇင်းတွေက သူ့ဝတ္ထုတိုတွေကို အတွဲလိုက် ဆက်လက်ဖော်ပြကြသည်။

၁၉၀၀ ခုနှစ်၊ ဇန်နဝါရီလတွင် ဘက်စီမက်ဒန်အမည်ရှိ အမျိုးသမီးနှင့် လက်ထပ်ပြီးနောက် သုံးနှစ်အကြာတွင် ဤမိန်းမနှင့် သမီးနှစ်ယောက်ကို စွန့်ပစ်ထားခဲ့သည်။ ၁၉၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် ရုပ်ရှားဂျပန်စစ်ပွဲသတင်းများ ရယူရေးအတွက် စစ်သတင်းထောက်အဖြစ် ယိုကိုဟားမားသို့ထွက်ခွာလာခဲ့သည်။ ဂျပန်မှ ပြန်လာသောအခါ ဘက်စီက ကွာရှင်းရန် အစီအစဉ်လုပ်နေခိုက် လန်ဒန်သည် ဂလင်အဲလင်ရွာတွင် မိခင်နှင့်အတူ နေထိုင်ခဲ့သည်။ ထို့နောက် ချားမိန်းကက်ထရစ်ဆိုသူအမျိုးသမီးနှင့် လက်ထပ်သည်။ အမေရိကန်နှင့် အင်္ဂလန်ပြည်ရှိ တက္ကသိုလ်ကြီးများက လန်ဒန်အား လာရောက်ဟောပြောရန် ဖိတ်ကြားကြသည်။

ငယ်ရွယ်စဉ်က ပေပေတေတေနေခဲ့သော ဒဏ်ရာဒဏ်ချက်များက သူ့ကို ဖိစီးလာသည်။ ၁၉၁၅ တွင် သူနှင့်ချားမိန်းတို့ ဟာဝိုင်အီကျွန်းသို့ ထွက်လာခဲ့ကြသည်။ နွေးထွေးသော နေရောင်က သူ့ရောဂါကို သက်သာစေမည်ဟု ထင်ခဲ့သည်။ အမေရိကန်ဆိုရှယ်လစ်ပါတီကိုလည်း 'တိုက်ပွဲဝင်သတ္တိမရှိ၊ လူတန်းစားတိုက်ပွဲကို အလေးမထား'ဟု စိတ်အပျက်ကြီးပျက်ကာ ယင်းပါတီမှ နုတ်ထွက်လိုက်လေသည်။

ထို့နောက် အသက် လေးဆယ်အရွယ် ၁၉၁၆ခုနှစ်၊ နိုဝင်ဘာလတွင် ကွယ်လွန်ခဲ့လေသည်။ မာတင်အီဒင်၊ သံဖနောင့်၊ အရိုင်းခေါ်သံ စသည်တို့က ဂျက်လန်ဒန်၏ ထင်ရှားသော ဝတ္ထုများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဘဝစုံ အဖြစ်စုံလှသော အမေရိကန်စာရေးဆရာကြီး ဂျက်လန်ဒန်၏ သံဖနောင့်တွင် ထူးခြားချက်များစွာပါရှိပါသည်။

ဂျက်လန်ဒန်က ဤဝတ္ထုတွင် မနုရှင်စနစ်ကို သံဖနောင့်ဟု အမည်ပေးထားပြီး သူ တွေ့မြင်ရသော အမေရိကန်မနုရှင်စနစ်၏ အပြစ်အနာအဆာများကို မညှာမတာဖွင့်ချထားပါသည်။ မနုရှင်စနစ်ကို အလုပ်သမား ဆင်းရဲသားပစ္စည်းမဲ့ ကျေးမွဲ လူတန်းစားက တော်လှန်အန်တုသည့် တော်လှန်ရေးအရေးတော်ကြီး တစ်နေ့နေ့တွင် အမေရိကန်ပြည်၌ မုချဖြစ်ပွားစေရမည်ဟု တွေးထင်သော သူ့အတွေးအထင်ကို ရေးခြယ်ပါသည်။

စက်မှုလုပ်ငန်းများပေါ်ပေါက်လာသည့်အတွက် ခေတ်သစ်သို့ဝင်ကာ တိုးတက်လာသည်ဟု ပြောနိုင်သော်လည်း ဤတိုးတက်မှုသည် ပစ္စည်းမဲ့လူတန်းစားအတွက်မျှသာ ဖြစ်သည်။ ထို့ကြောင့် မနုရှင်စနစ် ကြီးထွားတိုးတက်လာလေလေ ပစ္စည်းမဲ့လူတန်းစားများအတွက် နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်း ဆင်းသက်ရလေလေဟု ဂျက်လန်ဒန်က ရင်ထုမနာ ဆိုပါသည်။

၁၉၀၇ ခုနှစ်တွင် သံဖနောင့်ကို ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဤဝတ္ထုကို ဂျက်လန်ဒန်ရေးစဉ်က ဆိုဗီယက်ယူနီယံ၌ အောက်တိုဘာတော်လှန်ရေးကြီးပင် မပေါ်ပေါက်သေးကြောင်း သတိချပ်ရန်လိုပါသည်။ ပစ္စည်းမဲ့ လူတန်းစားက အာဏာသိမ်းဖို့ တော်လှန်သော အရေးတော်တစ်ရပ် စက်မှုအထွန်းကားဆုံး အမေရိကန်ပြည်ထောင်စုကြီးတွင် ဖြစ်ပွားလျှင် အဘယ်သို့ရှိမည်နည်းဟု ဂျက်လန်ဒန် စိတ်ကူးမှန်းဆကြည့်ခြင်းသည် ဤဝတ္ထု၏ အဓိကအနှစ်သာရ ဖြစ်ပါသည်။ ၁၈၈၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သော ပဲရစ်ဘုံအဖွဲ့ အရေးတော်ပုံ၏ သမိုင်းက ဤဝတ္ထုရေးဖြစ်အောင် ဂျက်လန်ဒန်ကို လှုံ့ဆော်ခဲ့ဟန်တူပါသည်။

ဤဝတ္ထုတွင် ဇာတ်ဆောင်မှာ အားနက်အဲဗားဟတ် ဖြစ်သည်။ အဲဗားဟတ် သည် အလုပ်သမားလူတန်းစားမှ ပေါက်ဖွားလာသော အလုပ်သမားခေါင်းဆောင်တစ်ဦး၊ ဆိုရှယ်လစ်တစ်ဦး ဖြစ်သည်။ သူနှင့် အကြောင်းပါခဲ့သူ အဝစ်အဲဗားဟတ်မှာ ပါမောက္ခကြီး၏ သမီးပျိုဖြစ်သည်။ လန်ဒန်က သူကိုယ်တိုင်နှင့် သူ့ဇနီး ရှားမိန်းကက်ထရစ်လန်ဒန်တို့ကို ဤဝတ္ထုတွင် ကိုယ်စားပြု





ထည့်သွင်းခဲ့ဟန်တူ၏။

ကာလီဖိုးနီးယားပြည်နယ်အတွင်းရှိ ဆန်ဖရန်စစ္စကို၊ အုတ်ကလန်၊ ဘာကလေ စသော မြို့များ၊ ဆိုနိုမာတောင်တန်း၊ ဂလင်အဲလင်ကျေးရွာ စသည့်ဒေသတွေကို သံဖနောင့်၌ တွေ့ရသည်။ တက္ကသိုလ်ကြီးများ၌ ဂျက်လန်ဒန်လှည့်လည်ဟောပြောခဲ့ရာတွင် ပါဝင်လေ့ရှိသည့် အချက်အလက်များစွာကို သံဖနောင့်၏ အဓိကဇာတ်ဆောင် အဲဗားဟတ်၏ မိန့်ခွန်းများတွင် တွေ့ရသည်။

သံဖနောင့်တွင် ဂျက်လန်ဒန်က အရင်းရှင်ဝါဒ၏ အားအင်ကို တိတိကျကျ မခန့်မှန်း မတွက်ချက်နိုင်ကြသော အမေရိကန် ဆိုရှယ်လစ် ခေါင်းဆောင်တွေကို မထောက်မညှာ ဝေဖန်သည်။ ၁၉၁၂ ခုနှစ်မှ ၁၉၃၂ ခုနှစ်အကြားဖြစ်ပွားအံ့သော အရင်းရှင်နှင့် အလုပ်သမားလူတန်းစားတိုက်ပွဲကို ကြိုတင်တွေးခေါ်ထားသည်။ အရင်းရှင်စနစ်ကို ဖြိုခွင်းတိုက်ခိုက်ရန် ကြိုးပမ်းရင်း အလုပ်သမားလူတန်းစားအကြား၌ ရှင်းမရနိုင်လောက်အောင် ခက်ခဲသော အရှုပ်အထွေးများ ပေါ်ပေါက်ရမည့် အရေးကိုပါ ကြိုတင်တွေးဆခဲ့သည်။

သံဖနောင့်ဝတ္ထုသည် အမေရိကန်အလုပ်သမားလူတန်းစား၏ ပထမတော်လှန်ရေးကြီး မရှုမလှ အရေးနိမ့်ရခြင်းအချိန်၊ အမေရိကန်အလုပ်သမားလူတန်းစားက ဒုတိယတော်လှန်ရေးကြီးကို ဆက်လက်ဆင်နွှဲရန် စီစဉ်နေခိုက်အချိန်တွင် ရုတ်တရက် အဆုံးသတ်ထားပါသည်။ ဒုတိယတော်လှန်ရေးအတွက် စီစဉ်နေခိုက် အားနက်အဲဗားဟက်ကို ၁၉၃၂ ခုနှစ်တစ်ဝိုက်တွင် လူနည်းစုအရင်းရှင်အစိုးရက ကွပ်မျက်ခဲ့သည်။ အဆုံးတစ်နေ့တွင် သံဖနောင့်သာလျှင် မုချအရေးနိမ့် ကျဆုံးရမည်ဟူသော ယုံကြည်ချက်ဖြင့် အဲဗားဟက် အသေခံသွားသည်။

သို့ရာတွင် ယင်းဇာတ်လမ်းအတိုင်း လုံးစေ့ပတ်စေ့အပြီး ရေးသွားခြင်းမဟုတ်ဘဲ အဲဗားဟတ်၏ဇနီး အဝစ်အဲဗားဟတ်က သူ့ချစ်လင်နှင့် သူတို့ ဆင်နွှဲနေသော တိုက်ပွဲအကြောင်းကို မှတ်တမ်းရေးသည့်သဖွယ် ရေးသွားခြင်း ဖြစ်ပြီး မျှော်လင့်ဘဲ ဝတ္ထုအဆုံးသတ်ထားခဲ့ပုံမှာ ဂျက်လန်ဒန်၏ ရဲရင့်ထူးခြားသော ရေးဟန်ဟု ခေါ်ဆိုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



| ၄ |

သံဖနောင့်ကို မြန်မာပြန်ဆိုရေးအတွက် တိုက်တွန်းအားပေးခဲ့သော တိုမျိုးညွန့် (စာပေလောက)၊ ကိုနေဝင်း (ဘဝတက္ကသိုလ်စာပေ)နှင့် အခြား ရေးဖော် မိတ်ဆွေများအား ကျေးဇူးတင်ပါသည်။

နိုဝင်ဘာလဆန်းမှစ၍ ဝင်းဦး၊ မြသန်းတင့်တို့နှင့်အတူ ပြင်ဦးလွင် သိင်္ဂါလမ်း နေအိမ်၌ ခေတ္တခဏ သွားရောက်နေထိုင်စဉ် စတည်းချခွင့်ပြုခဲ့ကြသော မန္တလေးမြို့မှ ဦးလေး ဦးအေးမောင်နှင့် ဒေါ်ဒေါ် ဒေါ်လှမေတို့အားလည်းကောင်း၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့မှ အခြားမိတ်ဆွေများကိုလည်းကောင်း၊ အနူးအညွတ် ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

မောင်နေဝင်း

နိုဝင်ဘာလ ၁၉၊ ၁၉၈၃၊
ခေတ္တ၊ ပြင်ဦးလွင်၊

## မိတ်ဆက်

သံဖနောင့်သည် မနုဿစနစ်ကို ဂျက်လန်ဒန်က ကင်ပွန်းတပ်လိုက်သည့် စွမ်းအားကြီးမားသော နာမည်ဖြစ်ပါသည်။ ဤခေါင်းစဉ်ပါ စာအုပ်ကို ၁၉၀၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်၌ သူသည် မနုဿများနှင့် ပြည်သူများအကြား တစ်နေ့နေ့တွင် မုချဖြစ်ပွားရမည့် တိုက်ပွဲကို ကျွန်ုပ်တို့အား ရေးခြယ်ပြထားသည်။ အမှန်စင်စစ်အားဖြင့် ဂျက်လန်ဒန်ကား သာမန်လူသားများထံမှ ပုန်းကွယ်နေသည်များကို ခံယူသိမြင်နိုင်စွမ်းသည့် သီးခြားပါရမီရှင်ဖြစ်သူ၊ အနာဂတ်ကို ကြိုတင်သိမြင်နိုင်စွမ်းသော ထူးခြားသည့် အသိပညာတစ်ရပ်ကို ပိုင်ဆိုင်သူပါတကား။

ယခု ကျွန်ုပ်တို့မြင်ကွင်းကို ဝင်လာနေပြီဖြစ်သော အဖြစ်အပျက်မျိုးစုံကို သူ ကြိုတင်သိမြင်ခဲ့ပါသည်။ သံဖနောင့်တွင် ကျွန်ုပ်တို့အား ဆွဲဆောင် ခေါ်လှသွားသည့် ဇာတ်ကြောင်းမှာ တကယ်တမ်းအားဖြင့် ယခုအထိ မဖြစ်ပျက်သေးပါ။ မာစ်၏ ဤအမေရိကန်တပည့်တစ်ဦး၏ ကြည်လင်ပြတ်သားသော ကြိုတင်ဟောပြောချက်များ အဘယ်အချိန်၌ ရုပ်လုံးပေါ်လာမည်ကို ကျွန်ုပ်တို့ မသိသေးပါ။

ရဟာနာပုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဂျက်လန်ဒန်သည် ဆိုရှယ်လစ်တစ်ဦး ဖြစ်သည်။ တော်လှန်သော ဆိုရှယ်လစ်တစ်ဦး ဖြစ်သည်။ ဤစာအုပ်တွင်ပါဝင်သည့် အမှန်တရားကို မြတ်နိုးသော၊ အနာဂတ်ကို ကြိုတင်မြင်နိုင်သော၊ အမြော်အမြင်ပြည့်စုံ၍ စိတ်ဓာတ်ကြံ့ခိုင်သည့် လူတော်လူကောင်းတစ်ယောက်ဖြစ်သောလူမှာ အားနက်အဲဗားဟတ် ဖြစ်သည်။ စာရေးဆရာကဲ့သို့ပင် သူသည်လည်း သူ့လက်များဖြင့် အလုပ်လုပ်သော အလုပ်သမားလူတန်းစား၌ ပါဝင်သူဖြစ်သည်။ အံ့ဖွယ်အလီလီ စာအုပ်ပေါင်း ငါးဆယ်ရေးထုတ်ခဲ့ပြီး ဘဝနှင့်အသိပညာနှင့် လုံးထွေးသတ်ပုတ်နေခဲ့ရကာ ငယ်ငယ်ရွယ်ရွယ်နှင့်ပင် ကွယ်လွန်သွားခဲ့ရသည့် ဤ စာရေးဆရာကိုယ်တိုင်မှာလည်း လယ်သမားသားသမီး ဖြစ်သည်။ အသက် ဆယ့်နှစ်နှစ် အရွယ်တွင် သတင်းစာရောင်းကာ တစ်ဝမ်းတစ်ခါး ရှာဖွေစားသောက်ခဲ့ရလေသည်။

အားနက်အဲဗားဟတ်မှာ သူ့ကိုဖန်တီးခဲ့သည့် စာရေးဆရာနှင့် တူညီသောစရိုက်ရှိသူဖြစ်သည်။ အားနက်အဲဗားဟတ်ကား ရဲစွမ်းသတ္တိ၊ အမြော်အမြင်နှင့် ပြည့်စုံသူ၊ ပျော့လျှင်ဖယောင်း၊ မာလျှင်သံချောင်းလူစားမျိုးဖြစ်သည်။ ၎င်းတို့အကြားတွင် တည်ရှိနေသော တူညီမှုကို ပိုမိုပြည့်စုံစေရန်အလို့ငှာ စာရေးဆရာက သူ့အတွက် ဇနီးတစ်ယောက် ဖန်တီးပေးခဲ့သည်။ သူက ဆိုရှယ်လစ်ဝါဒ ဇာတ်သွင်းပေးခဲ့သော ဤဇနီးသည်ကား သဘောထားပြည့်ဝသလောက် အသိဉာဏ်ထက်မြက်သည်။ ရှားမိန်းကက်ထရက်လန်ဒန်မှာလည်း ခင်ပွန်းဖြစ်သူ ဂျက်လန်ဒန်နှင့်အတူ အားနည်းသောလက္ခဏာပြလာသည့် လေဘာပါတီမှ ထိုက်ထိုက်နှုတ်ထွက်ခဲ့သည်ကို ကျွန်ုပ်တို့သိပြီးကြပြီး ဖြစ်ပါသည်။

ယခု ကျွန်ုပ် မိတ်ဆက်ပေးနေသော ဤစာအုပ်၏အဓိကအကြောင်း-အရာဖြစ်သည့် ပုန်ကန်ထကြွမှုနှစ်ရပ်မှာ ပြင်းထန်လွန်းလှသဖြင့် အမေရိကတိုက်၊ ဥရောပတိုက်တို့တွင် ဤကဲ့သို့သော ပုန်ကန်ထကြွမှုမျိုး ဖြစ်ပွားနိုင်ပါသည်လော။ မြင်သာမြင်တွင်လည်း ဖြစ်ပွားနိုင်ပါမည်လောဟု မေးစရာဖြစ်လာပါသည်။

လုပ်အားနှင့် ငွေအရင်းအကြားမှ တိုက်ပွဲကား တစ်နေ့တွင် ဆက်လက်ပေါ်ပေါက်လာပါလိမ့်မည်။ ထိုအခါမျိုး၌ လန်ဒန် ကြိုတင်မှန်းဆခဲ့သော မဖော်ပြနိုင်လောက်သည့် ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်များကို ဆန်ဖရန်စစ္စကိုနှင့် ချီကာဂိုတော်လှန်ရေးကာလနေ့ရက်များအတိုင်း ကျွန်ုပ်တို့ မြင်ကြတွေ့ကြရပါလိမ့်မည်။ ထိုအချိန်ကာလအတွင်း အနေးနှင့်အမြန်ဆိုသလို ဆိုရှယ်လစ်ဝါဒ





သည်လည်း သံဖနောင့်အောက်တွင် ကြေမွပျက်စီးကာ သွေးပင်လယ်အတွင်း နစ်မွန်းသွားရလိမ့်မည်ဟု ယုံကြည်ရန်ကား အကြောင်းမရှိပါ။

၁၉၀၇ ခုနှစ်တွင် ဂျက်လန်ဒန်သည် ကြောက်မက်ဖွယ်ကောင်းသော ရှေ့ပြည်အေးသမားတစ်ဦးအဖြစ် ခေါ်ဝေါ်ခြင်းခံခဲ့ရ၏။ ပါတီတပ်သားထုများအကြားသို့ ကြောက်စရာ၊ လန့်စရာတွေကို ယူဆောင်လာသူဟု ရိုးသားသော ဆိုရှယ်လစ်သမားများကပင် သူ့အပေါ် အပြစ်တင်ခဲ့ကြသည်။ အမှန်ကား ထိုသူတို့ မှားသည်။ အနာဂတ်ကို ကြိုတင်သိမြင်နိုင်သည့် အဖိုးတန်ပါရမီရှိသူတစ်ဦးအဖို့ ယင်းအနာဂတ်က ပေးအပ်မည့် အန္တရာယ်ကို ဖော်ထုတ်ရမည်သာ ဖြစ်ပါသည်။

အနာဂတ်ကို ကျွန်ုပ်တို့ပိုင်ပါသည်။ ဓနရှင်စနစ်သာလျှင်ဆုံးပါး ကွယ်ပျောက်သွားရပါလိမ့်မည်။ လောလောဆယ်၌ပင်လျှင် ယင်း၏ ယိုယွင်း ပျက်သုဉ်းခြင်းနိမိတ်လက္ခဏာတွေပြနေပါပြီ။ အဘယ်ကြောင့်နည်း။ မတရားသောကြောင့်ဖြစ်သည်။ ကျေးကျွန်ခေတ်၊ ကျေးပိုင် ကျွန်ပိုင်ခေတ်တို့ ဆုံးပါး ကွယ်ပျောက်ခဲ့သည့်နည်းတူ ဓနရှင်စနစ်သည်လည်း အံ့ရှိန်အဝါအမြင့်ဆုံး၊ ဂုဏ်ဓာနအကြီးဆုံးအဆင့်မှ ကွယ်ပျောက်ဆုံးပါးသွားပါလိမ့်မည်။ သေချာစွာ အကဲခတ် လေ့လာသူတစ်ဦးအဖို့ဆိုလျှင် ယခုပင်လျှင် ယင်းသဘောလက္ခဏာများ ထင်ရှားလျက်ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။

လက်တစ်ဆုပ်စာ လူနည်းစုက စိုးမိုးအုပ်ချုပ်သောစနစ် ပျောက်ကွယ်ရပါမည်။ သို့ရာတွင် တိုက်ပွဲမပါဘဲ ပျောက်ကွယ်သွားမည်ဟူ၍ကား ကျွန်ုပ် မပြောနိုင်ပါ။ ယင်းကလည်း တုံ့ပြန်တိုက်ခိုက်ပါလိမ့်မည်။ အမျိုးမျိုးအဖုံဖုံသော အံ့ကြွမှာများ ပေါ်ပေါက်လာနိုင်ပါသည်။ ပစ္စည်းမဲ့ အမွေဆက်ခံသူတို့၊ အနာဂတ်သူ့အဆက်အနွယ်တို့ လာလတ္တံ့သော နေ့၏ ရင်သွေးတို့၊ သင်တို့ တိုက်ပွဲဝင်ကြရပါလိမ့်မည်။ ဆန့်ကျင်ဘက်နှင့် တွေ့ရသောအခါတွင် သတ္တိ တစ်ဖန်မွေးကာ ‘ဒီတစ်ကြိမ်ရှုံးတယ်။ ထာဝစဉ်ရှုံးတာမဟုတ်ဘူး။ အရာပေါင်းများစွာတို့ ကျွန်တော်တို့လေ့လာသင်ကြားခဲ့ရပြီ။ အရေးတော်ပုံဟာ ပိုမိုကြီးမားတဲ့ ဉာဏ်ပညာ မြှင့်ခိုင်မာတဲ့ စည်းကမ်းနဲ့ မနက်ဖြန်မှာ တစ်ခါ ထပ်ပေါ်ပေါက်လာပါလိမ့်မယ်’ဟု ထက်မြက်သော အဲဗားဟတ်ပြောခဲ့သည့်အတိုင်း ကြွေးကြော် ရန်သာရှိပါသည်။

အနာတိုလ်ဖရန့်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁ ]

## ကျွန်မ၏လင်းယုန်

နွေလေပြည်လေညင်းက သစ်ပင်တောအုပ်များကို ဆော့ကစားနေသျှက်၊ ရေရှိုင်းချောင်းတွင်မှ ရေညှိတက်နေသည့် ကျောက်တုံးများပေါ်၌ ချိုမြသည့် သံနေသံထားများဖြင့် ဂယက်လှိုင်းထနေပါသည်။ နေရောင်အောက်တွင် လိပ်ပြာကလေးများ ပျံဝဲလျက်ရှိပြီး ပျက်ရိဖွယ်ရာကောင်းလှသည့် ဖွားဆောင်ပံခတ်သံများမှာလည်း နေရာတိုင်းမှ ပေါ်ထွက်နေပါသည်၊ အလွန်တိတ်ဆိတ်အေးချမ်းလှပါသည်။ ဤနေရာတွင်ထိုင်ယင်း ကျွန်မမှာ ငေးငေးဆွေးတော စိတ်မောနေမိပါသည်။ တိတ်ဆိတ်ခြင်းက ကျွန်မစိတ်ကို ခြောက်အောင် နှိုးတီးနေပါသည်။ တကယ်ဆိုရလျှင် မမှန်ဟု ထင်ပါသည်၊ ကမ္ဘာလောကကြီးတစ်ခုလုံး တိတ်ဆိတ်နေခြင်းမျိုးသာ ဖြစ်ပါလိမ့်မည်၊ ကျရောက်လာအံ့သော မုန်တိုင်းကို ကြိုတင်သိမြင်နေသည့် အကြားမှပင် ကျွန်မသည် စိတ်ဝေဒနာတစ်ခုလုံးဖြင့် နားစွင့်နေမိခြင်းဖြစ်ပါသည်၊ အို . . . အချိန်တိုင်းပင် ကြောက်ပါသည်။

ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com



နှင့်။ ကျွန်မစိတ်မောနေရသည်ကို အံ့ဩစရာမရှိပါ။ ကျွန်မနွမ်းလှပါသည်။ တွေးတောခြင်းကို ရပ်၍မရပါ။ အေးချမ်းမှုနှင့် တိတ်ဆိတ်မှုတို့ ဖိစီးခြင်းကို ခံနေရသည့် နက်ရှိုင်းရှုပ်ထွေးလှသောဘဝ၌ ကျရောက်နေခဲ့သည်မှာ ကြာမြင့်ပါပြီ။ သေခြင်းတရား၊ ပျက်စီးဆုံးရှုံးခြင်းတရားများ ဝိုင်းဝိုင်းလည်သော ရှုသွပ်ခမန်း ဝဲဩယဉ်၌ ကျွန်မ မနေနိုင်တော့ပါ။ ဒုက္ခတွေ့နေရသူများ၏ ငိုညည်းအော်ဟစ်သံများကို ကျွန်မနားတွင် အထင်းသားကြားနေရပါသည်။ အတိတ်ကာလက ဂုဏ်မာန တက်ကြွခဲ့သောခန္ဓာကိုယ်များမှ ပရမ်းပတာ ပုံထွက်လျက် ထာဝရ ဘုရား သခင်ထံသို့ ရောက်ရှိသွားကြသော ဝိညာဉ်များကိုလည်း မြင်ယောင်မိပါသည်။ ဤသို့အားဖြင့် ဤမဟာပထဝီမြေကြီးပေါ် ထာဝရငြိမ်းချမ်းမှုနှင့် ပျော်ရွှင်မှု ရရှိရေးအတွက် ဘဝအဆက်ဆက်ပျက်စီးဆုံးရှုံးမှုများနှင့် အရင်းတည်ကာ ကြိုးပမ်းနေကြရသော ကျွန်မတို့ လူဆင်းရဲများ၏ ရည်မှန်းချက်တွေကို ရရှိနေခြင်းသာဖြစ်ပါတော့သည်။

ကျွန်မမှာ အထီးကျန်သာဖြစ်ပါသည်။ ရှေ့ ဘာဖြစ်မည်ဆိုခြင်းကို ကျွန်မ တွေးတောနေသောအချိန်၌ လူသားများ၏ လွတ်လပ်မှုတည်းဟူသော အလျှံတညီးညီး တောက်လောင်နေသည့် ထာဝရနေမင်းကြီးဆီသို့ ရည်မှန်းကာ မအောနိုင်၊ မပန်းနိုင်၊ အတောင်တဖျပ်ဖျပ်ရိုက်ခတ်လျက် တစ်ဟုန်ထိုး ပျံတက်နေသော ကျွန်မ၏လင်းယုန်ကြီး မည်သို့ဖြစ်နေသည်ဆိုခြင်းကိုသာ ကျွန်မ စဉ်းစားနေမိပါသည်။ သူ မမြင်နိုင်တော့သော်လည်း သူလုပ်ကိုင်နေသော တကယ့်လုပ်ငန်း၊ တကယ့်အဖြစ်အပျက်ကြီးကို ကျွန်မ ဤအတိုင်း လက်ပိုင် ထိုင်၍ စောင့်ကြည့်မနေနိုင်တော့ပါ။ ယင်းအတွက် သူ့ဘဝသက်တမ်းတစ်လျှောက်လုံး အသုံးချခဲ့ပါသည်။ ယင်းအတွက် သူ အသက်ပေးခဲ့ပါသည်။ ယင်းသည်သာလျှင် သူ့လက်ရာ၊ သူ့အလုပ်ဖြစ်ပါသည်။

ထို့ကြောင့် ဤကဲ့သို့ စိတ်ထက်သန်စွာ စောင့်ဆိုင်းနေရသောအချိန်၌ ကျွန်မယောကျ်ားအကြောင်းကို ကျွန်မ ရေးရပါတော့မည်။ သူ၏သရုပ်သဏ္ဌာန်ကို ရှိရှိသမျှအသက်ရှင်နေသူ အားလုံးအနက် ကျွန်မတစ်ယောက်တည်းကသာ ဖော်ပြနိုင်စွမ်းရှိပါသည်။ သူ့ဝိညာဉ်ကား ကြီးမြတ်သော ဝိညာဉ်ဖြစ်ပါသည်။ ကျွန်မ၏ ချစ်ခြင်းမေတ္တာများ ပိုမိုခိုင်မာရှင်သန်လာသောအချိန်၌ ကျွန်မ ဝမ်းနည်းကြေကွဲမိဆုံးအရာမှာ မနက်ဖြန် မိုးသောက်ယံကိုကြည့်မြင်ဖို့အတွက် ယနေ့ည သူ မရှိတော့ခြင်းပင်ဖြစ်ပါသည်။ တကယ်ဆိုရလျှင် ကျွန်မတို့ မရှုံးနိမ့်





ပါ။ ဤသို့မရှုံးနိမ့်စေရန်အတွက် အလွန်ခိုင်မာစွာ၊ စိတ်ချယုံကြည်စွာ သူ တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ သံဖနောင့်အတွက်မှာမူ အမင်္ဂလာပင်ဖြစ်ပါလိမ့်မည်။ လူ့သမိုင်း၏ သားစဉ်မြေးဆက်များက သံဖနောင့်ကို ပြန်လည်ထိုးနှက်ကြပါလိမ့်မည်။ ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားထုကြီး နိုးထလာပါလိမ့်မည်။ ယင်းအဖြစ်အပျက်မျိုး ကမ္ဘာ့သမိုင်းတွင် မပေါ်ပေါက်ခဲ့ဖူးသေးပါ။ အလုပ်သမားများ၏ သွေးစည်းညီညွတ်မှုမှာ ခိုင်မာလာပါပြီ။ ကမ္ဘာကြီး ကျယ်ဝန်းသည်နှင့်အမျှ ကျယ်ပြန့်လှသော နိုင်ငံတကာ တော်လှန်ရေးတစ်ရပ် ပထမဆုံးအကြိမ်အဖြစ် ပေါ်ထွက်လာပါလိမ့်မည်။

အနာဂတ်ကာလ၌ မည်သို့ဖြစ်မည်ကို ကျွန်မ ပြည့်ပြည့်ဝဝသိနေပါသည်။ ဤအကြောင်းကိုသာ နေ့ရောညပါ တွေးမိနေပါသည်။ စိတ်ထဲ၌ စွဲနေသည်မှာလည်း ကာလအတန်ကြာခဲ့ပါပြီ။ ထို့ကြောင့် ဤအကြောင်းကို တွေးတောခြင်းမရှိဘဲ ကျွန်မယောကျ်ားအကြောင်းကိုလည်း မတွေးနိုင်ပါ။ ယင်းသည် သူ၏ဝိညာဉ်ဖြစ်ပါသည်။ ဤနှစ်ခုကိုခွဲ၍ ကျွန်မ မည်ကဲ့သို့ တွေးနိုင်ပါမည်နည်း။

အထက်ကပြောခဲ့သည့်အတိုင်း သူ့သရုပ်သဏ္ဌာန်ကို ဖော်ပြနိုင်စွမ်း ကျွန်မတစ်ယောက်တည်းသာ ရှိပါသည်။ သူသည် လွတ်လပ်မှုအတွက် ပင်ပန်းကြီးစွာ လုပ်ကိုင်ခဲ့ပြီး အတိဒုက္ခများစွာခံခဲ့ရသည်ကို ကောင်းစွာ သိကြပြီး ဖြစ်ပါသည်။ ရင်မောနေရသော ဤနှစ်ပေါင်းနှစ်ဆယ်အတွင်း သူနှင့်အတူ ရှိခဲ့သည့်အတွက် သူအဘယ်မျှ ပင်ပန်းကြီးစွာ ရုန်းကန်လုပ်ကိုင်ခဲ့ရသည်၊ အဘယ်မျှ အတိဒုက္ခခံစားခဲ့ရသည်ကို ကျွန်မ ကောင်းစွာသိပါသည်။ လွန်ခဲ့သော နှစ်လ ယောက်တွင် သူ အသက်ပေးလှူသွားခဲ့သော အရေးတော်ပုံအတွက် အဘယ်မျှ စိတ်ရှည်သည်းခံခဲ့သည်၊ မမောနိုင်မပန်းနိုင် အားထုတ်ခဲ့သည်၊ အတိုင်းအဆမရှိ ရှုန်းလှုခဲ့သည် စသည်များကို ကျွန်မ ကောင်းစွာသိပါသည်။

ကျွန်မရိုးရိုးကလေးပင် ရေးပြရန် ကြိုးစားပါမည်။ ကျွန်မဘဝသို့ အားနက်အဲဗားဟတ် မည်ကဲ့သို့ ဝင်ရောက်ခဲ့သည်၊ သူ့ကို ကျွန်မ မည်ကဲ့သို့ တောင်တွေ့ဆုံခဲ့ရသည်၊ ကျွန်မကို သူ့ဘဝတစ်စိတ်တစ်ပိုင်းဖြစ်လာစေသည်အထိ သူ အဘယ်ကဲ့သို့ ဆောင်ကြဉ်းခဲ့သည်၊ ကျွန်မဘဝအတွင်းသို့ အဘယ်မျှ ကြီးမားသော အပြောင်းအလဲများအား သူ ယူဆောင်ခဲ့သည် စသည်တို့ကို ကျွန်မ ရေးပြပါမည်။ ဤသို့အားဖြင့် အလွန်တရာလျှို့ဝှက်ထားခဲ့ရသော၊ ကျွန်မ အလွန်သာ ပြောပြလိုလှသော သူ့ကို ကျွန်မ၏မျက်စိများမှတစ်ဆင့် တွေ့မြင်ကြရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံက ကျွန်မ လေ့လာကြားနာခဲ့ရသလို လေ့လာကြားနာကြရပါမည်။

၁၉၁၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကျွန်မဖေဖေ၏ ဧည့်သည်အဖြစ် ညစာစားပွဲတစ်ခုတွင် သူ့ကို ပထမဆုံး ကျွန်မ တွေ့ခဲ့ရခြင်းဖြစ်ပါသည်။ ဘာကလေမှာရှိသော ကျွန်မတို့၏အိမ်သို့ သူ လာခြင်းဖြစ်ပါသည်။ သူ့ကို မြင်မြင်ချင်း အထင်ကြီးစရာဟု မဆိုနိုင်ပါ။ ရောက်လာကြမည့် ဧည့်သည်များကို စောင့်နေခိုက် ဘာသိဘာညာ သူ ရောက်လာခြင်းဖြစ်ပါသည်။ ဖေဖေက ဓမ္မကထိကညဟူ၍ သီးသန့်ခေါ်လေ့ရှိသော ဤညမျိုး၌ အားနက်သည် ဘာသာရေးသမားများအကြားတွင် နေစရာမရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ပထမအားဖြင့် အဝတ်အစားများမှာ သူနှင့်မလိုက်ပါ။ အသင့်ချုပ်ပြီးသား အနက်ရောင်ဝတ်စုံကို ဝတ်ထားသည်မှာ သူ့ခန္ဓာကိုယ်နှင့် မလိုက်လျော ပါ။ အမှန်ဆိုရလျှင် အသင့်ချုပ်ပြီးသား မည်သည့်ဝတ်စုံနှင့်မှ လိုက်မည် မဟုတ်ပါ။ ကျယ်ဝန်းကြီးမားလှသော ပခုံးနှစ်ဖက်အကြားတွင် သူ့ကုတ်အင်္ကျီမှာ တွယ်နေပါသည်။ သူ့လည်ပင်းမှာမူ အောင်ပွဲခံလက်လှဲသမားကြီး၏ လည်ပင်းမျိုး ဖြစ်ပြီး တုတ်ခိုင်ကြီးမားလှပါသည်။ ဖေဖေ တွေ့ခဲ့ဖူးသော မြင်းသံခွာရိုက်သမား လုပ်ဖူးသည့် လူမှုရေး အဘိဓမ္မာဆရာဆိုသည်မှာ သူပေကိုးဟု ကျွန်မ တွေးလိုက်မိပါသည်။ အထစ်အရစ်ထနေသော ကြွက်သားများနှင့် နွားကြီးတစ်ကောင်၏ လည်ဝင်းမျိုးဖြင့် သူ့ကိုကြည့်ပြီး အလုပ်သမားလူတန်းစားအတွင်း အံ့စရာ လူတစ်ယောက်ဟု ကျွန်မတွေးလိုက်မိပါသည်။

ထို့နောက် ကျွန်မကို လက်ဆွဲနှုတ်ဆက်ပါသည်။ သူ့လက်မှာ သန်စွမ်း ခိုင်ခံ့လှပါသည်။ သူ့မျက်လုံးနက်ကြီးဖြင့် ကျွန်မကိုကြည့်သည်မှာ ရဲရင့်လွန်း ပါသည်။ အလွန်ရဲရင့်လွန်းသည်ဟု ကျွန်မ တွေးလိုက်မိပါသည်။ ကျွန်မသည် ဝတ်ဝန်းကျင်နှင့်နေသော သတ္တဝါဖြစ်ပါသည်။ ထိုအချိန်က လူတန်းစားဗီဇ ကျွန်မမှာ အခိုင်အမာရှိနေပါသည်။ ကျွန်မလိုလူတန်းစားအတွင်းမှ လူ တစ်ယောက်၏ ဤတဲ့သို့သော ရဲရင့်မှုမျိုးဆိုလျှင် ကျွန်မခွင့်လွှတ်မည် မဟုတ်ပါ။ ကျွန်မသည် မျက်လွှာချလိုက်ပါ၏။ သူ့ကို ဂိုဏ်းချုပ်ကြီးမိုးဟောက်နှင့် နှုတ်ဆက်ခိုင်းလိုက်သည့်အချိန်မှပင် ကျွန်မ စိတ်သက်သာရာရခဲ့သည်။ ဂိုဏ်း-ချုပ်ကြီးမှာ ကျွန်မအနှစ်သက်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဖြူးဖြဲသော၊ လေးနက်သော၊ အလယ်ခေတ်လူသားတစ်ယောက်၊ ခရစ်တော်လို အသွင်သဏ္ဌာန်မျိုးနှင့် သုတေသီတစ်ဦးလည်း ဖြစ်ပါသည်။





အားနက်အဲဗားဟတ်၏ ရဲရင့်မှုမှာ သူ့ပင်ကိုသဘာဝ၏ ပမာဏသာ ဖြစ်ပါသည်။ သူသည် ရိုးသားပါသည်။ ဘွင်းဘွင်းရှင်းရှင်းဖြစ်ပါသည်။ အကြောက်အလန့်ကင်းသူဖြစ်ပါသည်။ သမားရိုးကျ သဘောသကန်များအပေါ် ၌ အချိန်မဖြုန်းသူ ဖြစ်ပါသည်။ နောက်ပိုင်း အတန်ကြာသောအခါ၌ "မင်းဟာ ကိုယ့်ကို နှစ်သိမ့်စေခဲ့တယ်။ ကိုယ့်ကို နှစ်သိမ့်စေခဲ့တာတွေအတွက် ကိုယ့် မျက်လုံးက ဘာကြောင့် မတုံ့ပြန်ရမှာလဲ" ဟု ရှင်းပြခဲ့ပါသည်။

သူသည် မည်သည့် အရာကိုမျှ မကြောက်ဟု ကျွန်မ ပြောခဲ့ပါသည်။ သူသည် မဟာဆန်သော အသိုင်းအဝိုင်းကြားကလူ မဟုတ်သော်လည်း ပင်ကို သဘာဝအားဖြင့် မဟာဆန်သူ ဖြစ်ပါသည်။ သူသည် နစ်ရွှံ့ဖော်ပြခဲ့ဖူးသော လှပသော သတ္တဝါတစ်ယောက်ဖြစ်သည်သာမက ဒီမိုကရေစီ အလျှံတညီးညီး တောက်လောင်နေသူလည်းဖြစ်ပါသည်။

အခြားဧည့်သည်များနှင့် တွေ့နေရခြင်းအပြင် သူ့အပေါ် အထင်မကြီး လှသော ကျွန်မ၏ထင်မြင်ချက်များကြောင့် ဤအလုပ်သမားလူတန်းစား အဘိဓမ္မာဆရာအကြောင်းကို ကျွန်မ မေ့ထားခဲ့ပါသည်။ ညစာစားပွဲ၌ ဓမ္မကထိက တစ်ဦးပြီးတစ်ဦး စကားပြောကြသည်ကို နားထောင်နေသော သူ့ကို တစ်ကြိမ် နှစ်ကြိမ်ခန့် ကျွန်မ သတိထားခဲ့ရုံမျှသာ ရှိပါသည်။ သူ့မှာ ဟာသရှိ သည်ဟု ကျွန်မထင်သည်။ သူနှင့် သူ့အဝတ်အစားတွေကို ကျွန်မ မေ့လျော့ လုနီးပါး ဖြစ်လာပါသည်။ သို့ရာတွင် အချိန်တွေ တစ်စတစ်စကုန်လာပြီး ညစာ စားပွဲဆက်နေခိုက် အလုပ်သမားလူတန်းစားအကြောင်း၊ ယင်းလူတန်းစားနှင့် ဘုရားရှိခိုးကျောင်းများ၏ ဆက်ဆံမှုအကြောင်း၊ ဘုရားရှိခိုးကျောင်းတွေက ဤလူတန်းစားတွေအတွက် ဘာလုပ်ခဲ့သည်၊ ဘာတွေလုပ်နေသည် စသည်တို့ ကို ဓမ္မကထိကတွေ မရပ်မနားဆက်ပြောနေခိုက် သူ ပါးစပ်မဟပါ။ အားနက် စကားမပြောသည့်အတွက် ဖေဖေ စိတ်အနှောက်အယှက်ဖြစ်သွားသည်ကို ကျွန်မ သတိပြုမိလိုက်ပါသည်။ တစ်ကြိမ်မှာ အားလုံး ခေတ္တခဏတိတ်ဆိတ်နေ ကြသည်ကို အခွင့်ကောင်းယူကာ ဖေဖေကသူ့ကို တစ်စုံတစ်ခု ပြောခိုင်း သော်လည်း အားနက်က ပခုံးတွန့်ရင်း "ကျွန်တော် ဘာမှ ပြောစရာရှိပါဘူး" ဟု ဆိုပါသည်။

သို့ရာတွင် ဖေဖေကား ငြင်းဆန်၍ရသော လူမျိုးမဟုတ်ပါ။ အတန် ငယ်ကြာသွားသောအခါ ဖေဖေက . . .



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်သမားလူတန်းစားတစ်ဦး ကျွန်တော်တို့နဲ့အတူရှိနေပါတယ်။ သူ့မှာ ရှုထောင့်အသစ်ကနေပြီး စိတ်ဝင်စား လန်းဆန်းစရာဖြစ်စေမယ့် အကြောင်းအရာတွေကို တင်ပြနိုင်မယ်ထင်ပါတယ်။ ကျွန်တော် မစ္စတာအဲဗား ဟတ်ကို ဆိုလိုခြင်းဖြစ်ပါတယ်"

အခြားလူများက ကောင်းမွန်သော သဘောဖြင့် စိတ်ဝင်စားကြောင်း ပြကြပြီး သူ့အမြင်ကို တင်ပြရန် အားနက်ကို တိုက်တွန်းပါသည်။ သူ့အပေါ် ထားရှိသော ဤသဘောထားမှာ အလွန်ကျယ်ပြန့်ညာတာသော သဘောထား ဖြစ်ပါသည်။ အားနက်က သေသေချာချာမှတ်သားနေပုံရပြီး ပျော်ရွှင်လာသည် ဟု ကျွန်မထင်မိပါသည်။ သူ့မျက်လုံးများတွင် ရယ်မောခြင်း အရောင်တောက် နေသည်ကို ကျွန်မ တွေ့မိသည်။

"ကျွန်တော်ဟာ ကောင်းကင်ဘုံဆိုင်ရာ အငြင်းပွားမှုနဲ့ ပတ်သက်တဲ့ လောကဝတ်တွေကို မကျွမ်းကျင်လှပါဘူး" ဟု စကားစလိုက်ပြီး ရိုးသားမှု၊ ဝေခွဲမရမှုများဖြင့် ဆုတ်ဆိုင်းနေပါသည်။

သူတို့က "ဆက်ပြောပါ"ဟု တိုက်တွန်းကြသည်။ ဒေါက်တာဟမ္မားဖီးလ်က "လူတိုင်းမှာရှိတဲ့ အမှန်တရားကို ကျုပ်တို့ မငြင်းပယ်ပါဘူး။ ရိုးသားတယ် ဆိုရင်ပေါ့လေ" ဟု နောက်ဆက်တွဲ ဆက်ပြောပါသည်။

"ဒီလိုဆိုတော့ ရိုးသားမှုကို အမှန်တရားနဲ့ ခွဲခြားတယ်ပေါ့" ဟု အားနက်က ပြောပြီး ရယ်မောနေပါသည်။

ဒေါက်တာဟမ္မားဖီးလ်က သက်ပြင်းကြီးချရင်း အဖြေဆက်ပေးသည်။

"ကျုပ်တို့တစ်တွေ မှားကောင်းမှားမှာပေါ့ သူငယ်. . .။ ကျုပ်တို့ တစ်တွေ. . ." ချက်ချင်းဆိုသလို အားနက်၏စိတ်နေသဘောထား ပြောင်း သွားသည်။ သူသည် အခြားလူတစ်ယောက်လို ဖြစ်လာပါသည်။

"ဒါဖြင့် ကောင်းပြီလေ။ ခင်ဗျားတို့အားလုံး မှားနေကြပြီဆိုတာ ပြော ရင်း ကျွန်တော်စကားစပါရစေ။ ခင်ဗျားတို့ဟာ ဘာမှမသိကြပါဘူး။ အလုပ်သမား လူတန်းစားအကြောင်းကို ဘာဆိုဘာမှ မသိကြဘူး။ ခင်ဗျားတို့ရဲ့ လူမှုရေး ဗေဒဟာ ခင်ဗျားတို့ရဲ့တွေးခေါ်ပုံနည်းနာကို မရှင်းလင်းနိုင်ဘူး။ တန်ဖိုးလည်း မရှိဘူး"

သူ့စကားသံက ကျွန်မကို နိုးထစေခဲ့ပါသည်။ စကားသံမှာ သူ့မျက်လုံး များအတိုင်း ရဲရင့်လှပါသည်။ ကျွန်မကို ရင်ဖိုသွားစေသော စစ်ခရာသံလိုပင်





ဖြစ်ပါသည်။ စားပွဲတစ်ခုလုံးတွင်လည်း လေးတွဲပျင်းရိနေရာက နိုးထလှုပ်ရှား လာကြသည်။

"ကျုပ်တို့တွေးခေါ်ပုံနည်းနာမှာ ဘာတွေကများကြောက်စရာကောင်း လောက်အောင်မရှင်းလင်း၊ တန်ဖိုးမရှိဖြစ်နေရသလဲ သူငယ်ရဲ့ . . ." ဒေါက်တာ ဟမ္မားဖီးလ်က တောင်းဆိုလိုက်ပါသည်။ သူ့အသံနှင့် သဘောသကန်မှာပါ ကြည့်မသာဖြစ်နေပုံရပါသည်။

"ခင်ဗျားတို့ဟာ တက္ကဗေဒသမားတွေပဲ။ တက္ကဗေဒနည်းအရ အရာရာ ကို ယုတ္တိထုနိုင်တယ်။ ဒါကြောင့် တက္ကဗေဒသမားတိုင်းက တခြားတက္ကဗေဒ- သမားတွေ မှားတာကို သူတို့စိတ်ကျေနပ်လာလောက်သည်အထိ ယုတ္တိထုကြ တယ်။ အတွေးအခေါ် နယ်ပယ်မှာ ခင်ဗျားတို့ဟာ မင်းမဲ့ဝါဒီတွေဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ ရှုပ်နှမ်းတဲ့စကြဝဠာကို ဖန်တီးသူများဖြစ်တယ်။ ခင်ဗျားတို့ အားလုံးဟာ ကိုယ့်စိတ်ကူးနဲ့ အလိုဆန္ဒများအရ ဖန်တီးပြီး ကိုယ့်ဘာသာ လုပ်ထားတဲ့ စကြဝဠာထဲမှာ နေထိုင်ကြသူတွေဖြစ်တယ်။ ကိုယ်နေတဲ့ တကယ့် ကမ္ဘာကို ခင်ဗျားတို့မသိကြပါဘူး။ ခင်ဗျားတို့ရဲ့အတွေးအခေါ်ဟာ သည်းခြေ ပျက်နေတဲ့ ပတ်ဝန်းကျင်မျိုးမှအပ တကယ့်ကမ္ဘာထဲမှာ နေရာမရှိပါဘူး . . .။ ခင်ဗျားတို့ပြောနေကြတာတွေကို ကျွန်တော် စားပွဲမှာ ထိုင်နားထောင်နေရင်း ဘာကို သတိရမိသလဲသိလား။ အပ်တစ်ချောင်းရဲ့အဖျားမှာ နတ်သမီးဘယ်နှပါး ကနိုင်သလဲဆိုတဲ့ စိတ်ဝင်စားဖွယ်ပြဿနာကို ကြိုးစားပမ်းစားငြင်းခုံခဲ့ကြတဲ့ အလယ်ခေတ်သုတေသီများ ကမ္ဘာကို ကျွန်တော် ပြန်သတိရမိပါတယ်။ ချစ်လှ စွာသော လူကြီးမင်းများခင်ဗျား . . . လွန်ခဲ့တဲ့ နှစ်တစ်သောင်းလောက်က တောကြီးမျက်မည်းထဲမှာ ဂါထာမန္တရားမန်းမှုတ်နေတဲ့ အိန္ဒိယဝိဇ္ဇာဆရာလို နှစ်ဆယ်ရာစုခေတ်ရဲ့ ပညာတတ်ဘဝနဲ့ ဘာကြောင့် ခင်ဗျားတို့ ဒါလောက် ဝေးလံနေရပါသလဲ"

စကားပြောနေခိုက် အားနက်မှာ စိတ်တက်ကြွနေဟန်တူသည်။ သူ့ မျက်နှာမှာ ဝင်းဝင်းလက်နေပြီး မျက်လုံးတွေက အရောင်တလက်လက် တောက်ပနေသည်။ ပါးရိုး နားရိုးတွေလည်း တင်းမာနေသည်။ သို့ရာတွင် ဤသည်မှာ သူ့ဝသီပင်ဖြစ်ပါသည်။ ဤဝသီက လူတွေကို ထာဝစဉ်နိုးကြားစေ ခြင်းဖြစ်ပါသည်။ သူ၏ထက်မြက်ပြင်းထန်သော တိုက်ပုံခိုက်ပုံက အားလုံး ကိုယ့်ကိုယ်ကို မေ့ပျောက်စေပါသည်။ ယခုလည်း သူတို့အားလုံး သူတို့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သူတို့မေ့နေကြပါပြီ။ ဂိုဏ်းချုပ်ကြီး မိုးဟောက်မှာ ရှေ့သို့ကိုင်းငိုက်ပြီး အကြိတ်အနယ် နားထောင်နေသည်။ ဒေါက်တာဟမ္မားဖီးလ်၏မျက်နှာမှာမူ ဒေါသထွက်ခြင်း၊ စိတ်ဆိုးခြင်းများဖြင့် ပြည့်လျှံနေပါသည်။ အခြားလူများက ဒေါသထွက်နေကြသည်။ တချို့ကမူ ခပ်ပြုံးပြုံးဖြင့် မထိတရိသဘော။ ကျွန်မအတွက်ကား ပျော်စရာဟု ထင်မိသည်။ ဖေဖေ့ကို လှမ်းကြည့်လိုက်မိပါသည်။ ကျွန်မတို့အကြားတွင် လာ၍ ဗိုးခွဲသလိုခွဲနေမှုများကို စိတ်မရှည်တော့သည့်အတွက် ထများအော်လိုက်လေမည်လားဟု ကျွန်ုပ် စိုးရိမ်မိပါသည်။

"မောင်ရင်ပြောတာတွေက မနိုင်လုံလှဘူး။ ကျုပ်တို့ကို တက္ကဗေဒသမားတွေလို့ ခေါ်တာဟာ ဘာသဘောလဲ"ဟု ဒေါက်တာဟမ္မားဖီးလ်က ကြားဖြတ်ပြောလိုက်ပါသည်။

အားနက်က ဆက်ပြောသည်။

"တက္ကဗေဒနည်းနဲ့ဆင်ခြင်တရားထုတ်ကြလို့ တက္ကဗေဒသမားလို့ ခင်ဗျားတို့ကို ကျွန်တော်က ခေါ်တာပါ။ ခင်ဗျားတို့ကျိုးကြောင်းဆင်ခြင်ပုံနည်းနာဟာ သိပ္ပံနည်းကျဆင်ခြင်ပုံနည်းနာနဲ့ ဆန့်ကျင်နေပါတယ်။ ခင်ဗျားတို့ရဲ့ တောက်ချက်မှာ ခိုင်မာမှုမရှိဘူး။ ခင်ဗျားတို့ဟာ ဘာတစ်ခုကိုမှ သာဓက မထုတ်နိုင်ဘူး။ တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ သဘောတူညီချက် မရနိုင်ဘူး။ သူတိုင်းက မိမိအတွက်ရော စကြဝဠာအတွက်ပါ မိမိအသိနဲ့ ရှင်းနေကြတာချည်းပါပဲ။ ကိုယ့်ဘာသာကိုယ်အသိအရ အတင်းရှင်းနေတာမျိုးပါ"

"ကျုပ် နားမလည်နိုင်ဘူး။ စိတ်နဲ့ပတ်သက်တဲ့အရာအားလုံးဟာ တက္ကဗေဒသဘောရှိတယ်လို့ ကျုပ်ထင်တယ်။ သိပ္ပံပညာ၊ သင်္ချာပညာရပ်တွေအားလုံး အတိအကျ အသိနိုင်ဆုံးတွေဟာ တက္ကဗေဒသဘောတွေချည်းပဲ။ စနစ်ကျ မှန်ကန်စွာ ဆင်ခြင်တတ်သူရဲ့ ဖြစ်စဉ်တိုင်းဟာ တက္ကဗေဒသဘောပဲ။ ခင်ဗျားကျုပ်နဲ့ သဘောတူလိမ့်မယ်ထင်တယ်" ဂိုဏ်းချုပ်ကြီးမိုးဟောက်က ပြောလိုက်ပါသည်။

'အဲ. . . ဒီမှာ၊ ခင်ဗျား နားမလည်ဘူးလို့ ခင်ဗျားပြောခဲ့ပြီနော်။ တက္ကဗေဒသမားဟာ သူ့စိတ်ကူးသက်သက်နဲ့ပဲ အနုတ်လက္ခဏာသဘော ဆင်ခြင်တယ်။ သိပ္ပံပညာရှင်က အတွေ့အကြုံအချက်အလက်များအရ အပေါင်းလက္ခဏာသဘော ဆင်ခြင်တယ်။ တက္ကဗေဒသမားဟာ အယူအဆကနေပြီး အကြောင်းပြချက်ကိုဆင်ခြင်တယ်။ သိပ္ပံပညာရှင်ကတော့ အကြောင်းအချက်





ကနေပြီး အယူအဆကိုဆင်ခြင်တယ်။ တက္ကဗေဒရှင်ဟာ စကြဝဠာကို သူ့ဘာသာရှင်းပြပြီး သိပ္ပံပညာရှင်ကတော့ သူ့ကိုယ်သူ စကြဝဠာအရရှင်းပြတယ်"

"ဘုရားရေ. . .၊ ကျုပ်တို့ဟာ သိပ္ပံပညာရှင်မဟုတ်ဘူးလေ"ဟု၍ နှစ်သိမ့်သောသဘောဖြင့် ဒေါက်တာဟမ္မားဖီးလ်က မြည်တမ်းပါသည်။

"ဒါဖြင့် ခင်ဗျားတို့ဘာတွေလဲ"

"အဘိဓမ္မာဆရာတွေ"

"အဲဒီမှာ ခင်ဗျားတို့ သွားပြီပဲ" အားနက်က ရယ်လည်းရယ်သည်။

"ခင်ဗျားတို့ဟာ တကယ့်အစစ်အမှန် အမိုင်အခဲမြေကြီးကိုစွန့်ခွာပြီး မိုးပျံယန္တရားကို တပြီး ကောင်းကင်လေထဲခုန်တက်နေကြတာပဲ။ ကဲ . . . အဘိဓမ္မာဆိုတာ ခင်ဗျားတို့ ဘာကိုဆိုလိုတာလဲ။ ကျွန်တော့်ကို တိတိကျကျ ပြောပြကြပါဦး"

"အဘိဓမ္မာဆိုတာ . . ." ဒေါက်တာဟမ္မားဖီးလ်က စကားရပ်ပြီး လည်ချောင်းရှင်းလိုက်ပါသည်။ "အဘိဓမ္မာနဲ့စပ်ဆိုင်တဲ့ စိတ်နဲ့ စိတ်နေသဘောထားတွေကိုမှအပ ပြီးပြည့်စုံအောင်ရှင်းပြလို့မရနိုင်တဲ့အရာပဲ နှာခေါင်းကို စမ်းသပ်ပြွန်ဝနားတေ့ထားတဲ့ စိတ်သဘောကျဉ်းမြောင်းတဲ့ သိပ္ပံပညာရှင်တွေဟာ အဘိဓမ္မာကို နားမလည်နိုင်ကြဘူးကွဲ့"

ဤထိုးနှက်ချက်ကို အားနက်က လျစ်လျူပြုလိုက်ပါသည်။ ဆန့်ကျင်ဘက်ကို တုံ့ပြန်တိုင်း အမြဲတမ်း သူလုပ်လေ့လုပ်ထရှိသော နည်းလမ်းဖြစ်ပြီး ယခုလည်း သူ့မျက်နှာမှာ ရင်းနှီးမှုများဖြင့် တောက်ပနေဆဲပင် ဖြစ်ပါသည်။

"ဒီလိုဆိုရင် အဘိဓမ္မာနဲ့ပတ်သက်ပြီး ကျွန်တော် အခု ရှင်းပြမှာကို ခင်ဗျား သေသေချာချာနားလည်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော် ရှင်းမပြခင် ခင်ဗျားဟာ ဒါနဲ့ပတ်သက်ပြီး အမှားကို ထောက်ပြဖို့၊ ဒါမှမဟုတ် တက္ကဗေဒသမားတစ်ယောက်ပီပီ တိတ်တိတ်နေဖို့ ကျွန်တော်ခင်ဗျားတို့ကို စိန်ခေါ်ချင်တယ်။

အဘိဓမ္မာဆိုတာ အကျယ်ပြန့်ဆုံး သိပ္ပံပညာရပ်တစ်ခုမျှသာ ဖြစ်ပါတယ်။ သူ့ရဲ့ဆင်ခြင်ပုံဟာ သီးခြားသိပ္ပံပညာရပ်တစ်ခုစီနဲ့ သိပ္ပံပညာရပ်အားလုံးရဲ့ ဆင်ခြင်ပုံအတူတူပဲ။ အဲဒီတူညီတဲ့ဆင်ခြင်ပုံချင်းတူညီတဲ့အလျောက် အဘိဓမ္မာက သီးခြားသိပ္ပံပညာရပ်တွေကို တစ်ခုတည်းသော သိပ္ပံပညာအဖြစ် ပေါင်းစပ်ပေးထားတယ်။ စပင်ဆာက ပြောတဲ့အတိုင်း သီးခြားသိပ္ပံပညာရပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရဲ့ အချက်အလက်တွေဟာ တညီတညွတ်တည်း ပေါင်းစုထားတဲ့ အသိပညာရပ်သာဖြစ်တယ်။ အဘိဓမ္မာဟာ သိပ္ပံပညာရပ်အားလုံးက ထည့်ဝင်လိုက်တဲ့ အသိပညာကို ပေါင်းစုထားတာပါပဲ။ ခင်ဗျားတို့ စိတ်ချမ်းသာမယ်ဆိုရင် အဘိဓမ္မာဟာ သိပ္ပံရဲ့သိပ္ပံ။ သိပ္ပံထဲမှာ ထပ်ခေါင်လို့ ခင်ဗျားတို့ ပြောနိုင်ပါတယ်။ ကျွန်တော့်ရှင်းပြချက်တွေကို ခင်ဗျား ဘယ်လိုထင်ပါသလဲ"

"အင်မတန်ခိုးကျူးစရာပါပဲ၊ ခိုးကျူးစရာပါပဲ" ဟု ဒေါက်တာ ဟမ္မားဖီးလ်က မသက်မသာ ညည်းတွားပါသည်။

"ကျွန်တော့်ရှင်းပြချက်ဟာ ဓာတ္တဗေဒကို အလဲထိုးတယ်ဆိုတာ မှတ်ထားပါ။ ကိုင်း. . . ကျွန်တော့်ရှင်းပြချက်ထဲက မခိုင်လုံတာကို ခင်ဗျား အခုမထောက်ပြဘူးဆိုရင် ခင်ဗျားဟာ နောက်ထပ် တက္ကဗေဒသဘော ငြင်းချက်တွေကို ထုတ်ဖို့ အရည်အချင်းရှိတော့မှာ မဟုတ်ဘူး . . . ။ အဲဒီ မခိုင်လုံချက်ကို သေသေချာချာရှာ။ မတွေ့တွေ့အောင်ရှာပါ. . . ။ မတွေ့မချင်းတော့ တက္ကဗေဒနည်းအရ တိတ်တိတ်ပဲနေပါ"

ဤကဲ့သို့ပြောပြီးနောက် အားနက်က စောင့်ဆိုင်းနေသည်။ တိတ်ဆိတ်မှုမှာ နာကျည်းဖွယ်ဖြစ်၏။ ဒေါက်တာဟမ္မားဖီးလ်မှာလည်း စိတ်မသက်မသာဖြစ်နေ၏၊ ဝေခွဲမရလည်းဖြစ်နေ၏။ အားနက်၏ ပြတ်တူလို ထိုးနှက်ချက်က သူ့တို ဆောက်တည်ရာမရ ဖြစ်စေသည်။ သူသည် လွယ်ကူပြီး တိုက်ရိုက်ဖြစ်သော အခြေအတင်ဖြစ်နေမှုနည်းမျိုးကို အသားမကျသေးသူဖြစ်သည်။ သူ့အတွက် ချေသုတမှား အဖြေပေးမည်နည်းဟု စားပွဲတစ်ဝိုက် လှမ်းကြည့်နေပါသေးသည်။ စေခေတ လက်သုတ်ပဝါကို ပါးစပ်၌တော့ကာ ပြုံးနေသည်ကို ကျွန်မလှမ်းကြည့်လိုက်ပါသည်။

ဒေါက်တာ ဟမ္မားဖီးလ်တစ်ယောက် စိတ်မသက်မသာဖြစ်နေပုံကို တွေ့ရပြီးနောက် အားနက်က ဆက်ပြောပြန်သည်။

တက္ကဗေဒသမားတွေကို မလှုပ်သာအောင်လုပ်တဲ့ နောက်တစ်နည်းရှိသေးတယ်။ သူတို့ကို သူတို့ရဲ့ လက်တွေ့အလုပ်များအရ ခန့်ခွဲကြည့်ခြင်းဖြစ်ပါတယ်။ လေထဲမှာ တိုက်အိမ်ဆောက်ပြီး ကိုယ့်အရိပ်ကိုယ် ဘုရားသခင်နဲ့ မှားနေတာတလွဲလို့ လူ့သမိုင်းအတွက် သူတို့ ဘာလုပ်ပေးခဲ့သေးလဲ။ သူတို့ဟာ လူ့သမိုင်းကို ပျော်မြူးစရာတွေဖြည့်ပေးခဲ့တယ်လို့တောင် ကျွန်တော် ပြောချင်ပါတယ်။ ဒါပေမယ့် လူ့သမိုင်းအတွင်း သူတို့ ဘာများ မှတ်မှတ်ရရကောင်းကျိုး





ဆောင်ခဲ့ကြသလဲ။ သိပ္ပံပညာရှင်တွေက သွေးလှည့်ပတ်မှုကို စူးစမ်းဖော်ထုတ်နေချိန်မှာ သူတို့က. . . ၊ ကျွန်တော့်စကားလုံးအသုံးမှားရင်ခွင့်လွှတ်ပါ. . . ။ အသည်းနှလုံးကို စိတ်ခံစားမှုအရင်းအမြစ်အဖြစ် အဘိဓမ္မာဇာတ်သွင်းနေကြတယ်၊ သိပ္ပံပညာရှင်တွေက စပါးကျီတွေ၊ မိလ္လာမြောင်းပါတဲ့ မြို့တော်ကြီးတွေကို တည်ဆောက်နေခိုက် သူတို့က ငတ်မွတ်ခေါင်းပါးမှုနဲ့ ပိုးကျမှုတွေကို ဘုရားသခင်ရဲ့ အပြစ်ဒဏ်ခတ်ခြင်းအဖြစ် ကြွေးကြော်နေကြတယ်။ သိပ္ပံပညာရှင်တွေက လမ်းမကြီးတွေ၊ တံတားတွေတည်ဆောက်နေခိုက် သူတို့က ဘုရားသခင်တွေကို သူတို့လိုချင်တဲ့ ပုံစံတွေနဲ့ သူတို့ဆန္ဒရှိတဲ့အတိုင်း ရုပ်တုသွန်းနေကြတယ်၊ သိပ္ပံပညာရှင်တွေက အမေရိကတိုက်ကို ရှာဖွေတွေ့ရှိကြပြီး ကြယ်တာရာများနဲ့ ကြယ်တာရာတွေရဲ့ ဥပဒေသကို အဖြေထုတ်နေခိုက် သူတို့ဟာ မြေကြီးကို စကြဝဠာရဲ့ ဗဟိုချက်လို့ ပြောနေကြတယ်။ အတိုချုပ်ပြောရရင် တက္ကဗေဒသမားတွေဟာ လူ့သမိုင်းအတွက် ဘာဆိုဘာမှ လုပ်မပေးခဲ့ပါဘူး၊ သိပ္ပံပညာရှင်တွေရဲ့ ရှေ့တိုးလာမှုနဲ့အတူ တစ်လှမ်းပြီးတစ်လှမ်း သူတို့နောက် ပြန်ဆုတ်နေကြတာပါပဲ၊ အရာဝတ္ထုတွေအပေါ် သူတို့ရဲ့စိတ္တဇဆန်ဆန် ရှင်းပြချက်တွေကို သိပ္ပံပညာရဲ့ ရှာဖွေတွေ့ရှိချက်တွေက တွန်းလှန်ဖြိုဖျက်တာ မြန်တာနဲ့အမျှ နောက်ဆုံးတွေ့ရှိချက်များအပါအဝင် အရာဝတ္ထုများအပေါ် စိတ္တဇဆန်ဆန် ရှင်းပြချက်အသစ်တွေကို သူတို့က တင်ကြလေပါပဲ၊ ဒီနေရာမှာ ဒါတွေကို ဆုံးခန်းတိုင်သည်အထိ သူတို့ ဆက်လုပ်နေကြမယ်ဆိုတာ ကျွန်တော် သံသယမရှိပါဘူး၊ လူကြီးမင်းခင်ဗျား. . . တက္ကဗေဒသမားတစ်ယောက်ဟာ ဗိန္ဓောသမားတစ်ယောက်ပါပဲ။ ခင်ဗျားတို့နဲ့ သားမွေးခြုံ ငါးဆီစားပြီး ဘုရားသခင်လုပ်နေတဲ့ အတ်စကီမိုတွေအကြား ခြားနားမှုကတော့ ရှာဖွေတွေ့ရှိပြီးသား အချက်အလက်တွေရဲ့ နှစ်ထောင်ပေါင်းများစွာ ခြားနားမှုလောက်ပဲ ဖြစ်ပါတယ်၊ ဒါပါပဲ"

"ဒါပေမယ့် အရစ္စတိုတယ်ရဲ့အတွေးအခေါ်ဟာ ဥရောပကို ရာစုခေတ်နှစ်ခေတ် စိုးမိုးခဲ့တယ်နော်။ အရစ္စတိုတယ်ဟာ တက္ကဗေဒသမားပဲ" ဒေါက်တာ ဆလင်ဖို့က စကားထောက်လိုက်ပြီး စားပွဲတစ်ဝိုက် လှည့်ကြည့်လိုက်ရာ ခေါင်းညိတ်ခြင်းများ၊ အပြုံးများဖြင့် ထောက်ခံကြသည်။

အားနက်က ပြန်ဖြေလိုက်ပါသည်။

"ခင်ဗျား သရုပ်ဖော်ချက်က ပိုပြီး ကုသိုလ်ဆိုးနေပါပြီ။ လူ့ရာဇဝင်မှာ အမည်းမှောင်ဆုံးခေတ်ကို ခင်ဗျားက ရည်ညွှန်းပါတယ်။ အမှန်တ အဲဒီခေတ်တို



www.burmeseclassic.com

www.burmeseclassic.com



*အမှောင်ခေတ်လို့ ကျွန်တော်တို့က ခေါ်တယ်။ သိပ္ပံပညာကို တက္ကဗေဒသမား* တွေက အမွေကျင့်တဲ့ခေတ်၊ ရူပဗေဒပညာရပ်တွေမှာ ဓာတ်လုံးရှာဖွေဖို့လောက်သာ ဖြစ်နေတဲ့ခေတ်၊ ဓာတုဗေဒကလည်း အဂ္ဂိရတ်လောက်ဖြစ်နေတဲ့ခေတ်၊ နက္ခတ္တဗေဒက လက္ခဏာဗေဒလောက်ဖြစ်နေတဲ့ခေတ်။ အရစ္စတိုတယ်ရဲ့ အတွေးအခေါ် လွှမ်းမိုးတာ ဝမ်းနည်းစရာပါပဲ"

ဒေါက်တာဘာလင်ဖို့ကို ကြည့်ရသည်မှာ နာကျည်းနေပုံပင်ဖြစ်ပါသည်။ ထို့နောက် သူက . . .

"မောင်ရင်ရေးဆွဲပြီးတဲ့ ဒီကြောက်မက်ဖွယ်ရာ ရုပ်ပုံကားကတော့ဟုတ်ပါပြီ။ ဒါပေမယ့် တက္ကဗေဒဟာ အဲဒီအမှောင်ခေတ်ကာလထဲက လူ့ဘောင်ကို ဆွဲထုတ်ခဲ့ရာမှာ အစဉ်အဆက် စွမ်းဆောင်နိုင်ခဲ့တယ်။ နောင်လာလတ္တံ့သော ရာစုခေတ်တွေကို အလင်းရောင်ပေးနေတယ်ဆိုတာကိုတော့ ဝန်ခံရမယ်ပေါ့"

"တက္ကဗေဒဟာ ဒါနဲ့ ဘာမှမဆိုင်ဘူး"

အားနက်က ခွန်းတုံ့ပြန်လိုက်ပါသည်။

"ဘာ. . ." ဒေါက်တာဟမ္မားဖီးလ်က အော်လိုက်၏။ အတွေးအခေါ်နဲ့ ခန့်မှန်းတွေးဆမှုတွေက ရှာဖွေတွေ့ရှိချက်တွေဆီကို ခရီးလွှင့်ခဲ့တာမဟုတ်လား"

အားနက် ပြုံးလိုက်ပြီးနောက် "ချစ်စွာသောလူကြီးမင်းခင်ဗျား . . . ခင်ဗျားတို့ မလှုပ်သာတော့ဘူးလို့ ကျွန်တော်ထင်ပါတယ်။ အဘိဓမ္မာနဲ့ ပတ်သက်တဲ့ ဘုန်းတော်ရှင်းပြချက်ကို အခုအထိ အဓိပ္ပာယ်မကောက်နိုင်ကြသေးပါဘူး။ ခင်ဗျားတို့ဟာ မဆိုင်လို့တဲ့ အခြေခံပေါ်မှာ ရောက်နေကြပါတယ်။ သို့သော် ဒါဟာ တက္ကဗေဒသမားတွေရဲ့ နည်းလမ်းမို့ ကျွန်တော် ခင်ဗျားတို့ကို ခွင့်လွှတ်ပါတယ်။ တက္ကဗေဒဟာ ဒါနဲ့ဘာမှမဆိုင်ကြောင်း ကျွန်တော် ထပ်ပြောပါတယ်။ ဝေါင်စုန်နဲ့ထောပတ်၊ ပိုးဖဲနဲ့ ကျောက်မျက်ရတနာ၊ ဒေါ်လာနဲ့ဆင့်၊ နောက်ပြီး တိုက်တိုက်ဆိုင်ဆိုင် အိန္ဒိယသွားတဲ့ ကုန်းလမ်းကြောင်းတွေ ပိတ်လိုက်ရတာတွေဟာ ရှာဖွေရေးခရီးလွှင့်မှုကို ပေါ်ပေါက်စေခဲ့တာပါပဲ။ ၁၄၅၃ ခုနှစ်မှာ ကွန်စတန်တင်နိုပယ် ကျဆုံးသွားတာနဲ့အတူ တူရကီတွေက အိန္ဒိယသွား လှည်းလမ်းကြီးတွေကို ပိတ်ဆို့ခဲ့တာပါ။ ဥရောပက ကုန်သည်တွေအဖို့ အခြားလမ်းကြောင်းကို ရှာဖွေခဲ့ကြရတာပါပဲ။ အဲဒါဟာ ရှာဖွေရေးခရီးလွှင့်တာတွေရဲ့





အရင်းခံအကြောင်းပါပဲ။ အိန္ဒိယကျွန်းစု လမ်းကြောင်းသစ်ကို ရှာဖွေဖို့ ကိုလံဘတ်တ သင်္ဘောလွှင့်ခဲ့တယ်။ သမိုင်းစာအုပ်တွေမှာ အဲဒီလိုဖော်ပြထားခဲ့ကြတယ်။ ကမ္ဘာမြေကြီးရဲ့သဘာဝအကျယ်အဝန်းနဲ့ ပုံသဏ္ဌာန်အကြောင်းကို မသော်တဆ သိနားလည်ခဲ့ကြတယ်။ ကိုလံမစ်စနစ်ဟာ မှိန်မှိန်ကလေးလင်း လာခဲ့တယ်"

ဒေါက်တာဟမ္မားဖီးလ်က သက်ပြင်းချလိုက်ပါသည်။

"ခင်ဗျား ကျွန်တော်ပြောတာကို သဘောမတူဘူးနော်. . .။ ကောင်းပြီ။ ကျွန်တော်ပြောတာ ဘာမှားသလဲ . . ." အားနက်က မေးခွန်းထုတ်လိုက်သည်။

"ကျုပ်သဘောထားကိုသာ ကျုပ် ခိုင်မာတယ်လို့ပြောနိုင်တယ်။ သမိုင်းနဲ့ ချိပြောရမှာ ရှည်လွန်းပါတယ်" ဒေါက်တာဟမ္မားဖီးလ်က ခတ်ပြတ်ပြတ် ပြန်ပြောပါသည်။

အားနက်က ချိုချိုသာသာပင် "သိပ္ပံပညာရှင်အတွက် သမိုင်းဆိုတာ ရှည်လျားတယ်မရှိပါဘူး။ ဒါကြောင့် သိပ္ပံပညာရှင်က နေရာတိုင်းကိုရောက်တယ်။ ဒါကြောင့်လည်း သူတို့ အမေရိကတိုက်ကိုရောက်လာကြတယ်"

အားနက်အဲဗားဟတ်နှင့် ကျွန်မ တွေ့ဆုံသိကျွမ်းခဲ့ရသော ဤပထမအကြိမ်ကာလများကို အခါမရွေး အသေးစိတ် ပြန်လည်တွေးတောရခြင်းမှာ ကျွန်မအတွက် အလွန်မွေ့လျော်ဖွယ်ဖြစ်သော်လည်း ထိုညနေခင်းတစ်ခုလုံး အကြောင်းကို ကျွန်မ မဖော်ပြတော့ပါ။

တိုက်ပွဲမှာ ပြင်းထန်ပါသည်။ အထူးသဖြင့် အားနက်က သူတို့ကို စိတ်ကူး အဘိဓမ္မာဆရာများ၊ အရိပ်နောက်လိုက်နေကြသူများ စသည် ခေါ်ဝေါ်သည့်အခါမျိုး၌ ဓမ္မဆရာများမှာ မျက်နှာတွေနီမြန်းကာ စိတ်ထွက်ကြသည်။ ထို့နောက် သူတို့ကို အမြဲတမ်းခိုင်လုံသောအချက်အလက်များဖြင့် အားနက်က စော်ဆေးသည်။ "ဒါတွေဟာအချက်အလက်ပါ . . .။ လူကြီးမင်းတို့ တကယ့်ကို ရှောင်လွှဲနိုင်တဲ့အချက်အလက်ပါ"ဟု တစ်ယောက်ယောက်ကို ပိုင်နိုင်လိုက်ပြီဆိုပါက အောင်မြင်စွာပြောလေ့ရှိပါသည်။ သူသည် အချက်အလက်များဖြင့် နှီးနှောတတ်ပါသည်။ အချက်အလက်များဖြင့် သူတို့ကို ခေါ်ဆောင်သွားပြီး အချက်အလက်များဖြင့် ထိုးနှက်တိုက်ခိုက်လျက် မြားမြောင်လှစွာသော အချက်အလက်များဖြင့် ချေမှုန်းပစ်လေ့ရှိပါသည်။

"မောင်ရင်ဟာ အချက်အလက်ကို ကိုးကွယ်နေတယ်ထင်ပါရဲ့"ဟု



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဟမ္မားဖီးလ်က ထိုးနှက်လိုက်သည်။

'ဘုရားသခင်ဆိုတာမရှိဘူး. . .။ အချက်အလက်ပဲရှိတယ်။ မစ္စတာအဲဗားဟတ်ဟာ အဲဒါရဲ့တမန်တော်ပါပဲ"ဟု ဒေါက်တာဘလင်ဖို့က ဝင် ရှင်းပြလိုက်ပြန်သည်။

အားနက်က ပြုံးပြုံးပင် ပြန်ပြောသည်။

"ကျွန်တော်ဟာ တက္ကဆက်သားနဲ့တူတယ်။ ခင်ဗျားတို့သိကြတဲ့အတိုင်း မစ္စရီသားတွေက ကျုပ်ကို ခင်ဗျားပြရမယ်လို့ ပြောလေ့ရှိတယ်။ တက္ကဆက်သားတွေကတော့ ကျုပ်လက်ထဲကို ထည့်ပါလို့ ပြောလေ့ရှိတယ်။ ဒါကိုကြည့်ရင် သူဟာ တက္ကဗေဒသမား မဟုတ်ဘူးဆိုတာ ထင်ရှားတယ်"

တစ်ချိန်တွင် အားနက်က တက္ကဗေဒအဘိဓမ္မာဆရာများသည် အမှန်တရား၏ အစမ်းအသပ်ကို မခံနိုင်ဟု ပြောလိုက်သည့်အခါ ဒေါက်တာဟမ္မားဖီးလ်က. . .

"အမှန်တရားရဲ့ အစမ်းအသပ်ဆိုတာ ဘာများပါလိမ့် သူငယ်ရယ်။ မင်းခေါင်းထက် ပိုကြီးတဲ့ခေါင်းတွေကို ဒါလောက်ရှုပ်ကြာအောင် ပဟေဠိထုတ်နေဟာ ဘာလဲဆိုတာ တစ်ဆိတ် ကျေးဇူးပြုပြီး ရှင်းပြစမ်းပါ"

"ကောင်းပါပြီ" အားနက်ကဖြေသည်။ သူ၏ ကိုယ့်အစွမ်းကိုယ်အားကိုးလွန်းမှုက သူတို့ကို နေမထိထိုင်မထိဖြစ်စေပါသည်။ "ဉာဏ်ပညာကြီးကျယ်တဲ့ခေါင်းတွေဟာ အမှန်တရားနဲ့ပတ်သက်ပြီး ဒါလောက်ပဟေဠိဖြစ်ခဲ့ရတာဟာ သူတို့သေထဲက ထွက်သွားကြလို့ချည်း ဖြစ်ပါတယ်။ အစိုင်အခဲမြေကြီးပေါ်မှာ သူတို့နေကြမယ်ဆိုရင် အမှန်တရားကို သူတို့မုချတွေ့မှာပါ။ သူတို့အသက်ရှင်နေထိုင်မှုဘဝတွေရဲ့ လက်တွေ့ပြုမှုချက် အတွေးအခေါ်နဲ့ အမှန်တရားကို သူတို့သေသေချာချာစမ်းသပ်နေကြောင်း သူတို့ဘာသာ တွေ့ရှိသွားကြမှာပါ"

"စမ်းသပ်တယ် . . . စမ်းသပ်တယ်" ဒေါက်တာဟမ္မားဖီးလ်က စိတ်ရှုပ်တော့သလို ပြောသည်။ "နိဒါန်းတွေ ဘာတွေ ကိစ္စမရှိပါဘူးကွဲ့။ တို့အခုလောက် ရှာဖွေနေရတဲ့ အဲဒီအမှန်တရားရဲ့စမ်းသပ်မှုဆိုတာကိုသာ ပြောစမ်းပါ။ ဒါတိုသာ ချက်ချင်း အဖြေပေးစမ်းပါ"

သူ့စကားအသုံးအနှုန်းနှင့် အမူအရာတွင် မယဉ်ကျေးသော၊ စောင်းမြောင်းသောသဘောများပါရှိနေသည်ကို ဂိုဏ်းချုပ်ကြီးမိုးဟောက်ကသာ ပူပင်နေပုံရသော်လည်း စားပွဲဝိုင်းရှိ အခြားပုဂ္ဂိုလ်အများစုကမူ လျှို့ဝှက်စွာ ကျေနပ်





နေကြပါသည်။

"ဒါနဲ့ပတ်သက်ပြီး ဒေါက်တာဂျော်ဒန်က အင်မတန်ရှင်းရှင်းလင်းလင်းနဲ့ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ သူ့ရဲ့အမှန်တရားစမ်းသပ်မှုကတော့ အမှန်တရားဟာဖြစ်မလား။ ခင်ဗျားဘဝကို အမှန်တရားဆီ ပို့အပ်မလားဆိုတာပါပဲ"

ဒေါက်တာဟမ္မားဖီးလ်က "ဟာ . . . ဒီလိုဆို မောင်ရင်က ဂိုဏ်းချုပ်ကြီး ဘာကလေကို ထည့်မတွက်ဘဲကိုး။ သူက အဖြေမပေးခဲ့သေးပါဘူး"ဟု ဆိုလိုက်ပါသည်။

"အားလုံးထဲမှာ အမွှန်မြတ်ဆုံး တက္ကဗေဒဆရာပါပဲခင်ဗျား။ ခင်ဗျားရဲ့ဥပမာက ကံမကောင်းအကြောင်းမလှဖြစ်နေပါတယ်။ ဘာကလေကိုယ်တိုင်စမ်းသပ်ခံခဲ့ပြီးပါပြီ။ သူ့တက္ကဗေဒက အလုပ်မဖြစ်ဘူးခင်ဗျာ့" ဟု ပြောရင်း အားနက်က ရယ်မောနေပါသည်။

ဒေါက်တာဟမ္မားဖီးလ်မှာ စိတ်ဆိုးနေ၏။ တကယ်ပင် ကွယ်ဝှက်မရလောက်အောင် စိတ်ဆိုးခြင်းဖြစ်ပါသည်။ အားနက်ကို လက်ဆုပ်လက်ကိုင်ဖမ်းမိထားသည့်ပုံဖြင့် သူက ဆက်ပြောပါသည်။

"အခုပြောတာဟာ ကနေ့ည မောင်ရင့်နှုတ်က ထွက်လာတဲ့ စကားတွေနဲ့ တိုက်ညီတယ် သူငယ် . . .။ ဒါဟာ အခြေခံလည်းဖြစ်၊ ငြင်းလို့လည်းမရတဲ့ ဆွေးဆချက်ပဲ"

"ကျွန်တော်ကတော့ သေသေချာချာထိနေပြီ။ တစ်ခုပဲ ရှိတယ်။ ကျွန်တော် ဘာနဲ့ထိတယ်ဆိုတာပဲ ကျွန်တော်မသိတာပါ။ ကျွန်တော့်လက်ထဲကို ထည့်ပြပါ ဒေါက်တာ" အားနက်က မထိတရိ ညည်းတွားလိုက်ပါသည်။

ဒေါက်တာဟမ္မားဖီးလ်မှာ စကားသွက်လာသည်။ "ကျုပ်ပြမယ်. . . ကျုပ်ပြမယ်။ ဂိုဏ်းချုပ်ကြီးဘာကလေက သူ့တက္ကဗေဒအလုပ်မဖြစ်ဘူးလို့ စမ်းသပ်ခဲ့တာကို ခင်ဗျားမသိဘူး။ ခင်ဗျားမှာ သက်သေမရှိဘူး။ အလုပ်ဖြစ်ကြောင်းသက်သေရှိတယ် သူငယ်ရေ့ . . ."

"ဘာကလေရဲ့ တက္ကဗေဒအလုပ်မဖြစ်ဘူးဆိုတာ ကျွန်တော်က ဒီလိုသက်သေအဖြစ် ယူတယ်။ ဘာကလေဟာ နံရံများဆီကို သွားရမယ့်အစားအခါးပေါက်တွေဆီကို လျှောက်သွားတဲ့အလုပ်ကို မလွှဲမရှောင်သာလုပ်ခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ဘဝကို အစိုင်အခဲပေါင်မုန့်၊ ထောပတ်နဲ့ အသားနှပ်ဆီကို အပ်နှံခဲ့တာကိုး။ ပါးသိုင်းမွေးများကို ဓားပါးနဲ့ ရိတ်ရင်ရတာနဲ့ ခုဿနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ခဲ့တာကိုး"

"ဒါတွေဟာ တကယ့်အဖြစ်ပဲ. . . ။ တက္ကဗေဒ အဖြစ်ပဲ။ တက္ကဗေဒ ဆိုတာက စိတ်နဲ့ ဆိုင်တာလေ" ဒေါက်တာဟမ္မားဖီးလ်က အော်လိုက်သည်။

"စိတ်ထဲမှာ အလုပ်လုပ်နေတယ်လား" အားနက်က စူးစမ်းလိုက်ပြန်ပါသည်။

အခြားလူတွေက ခေါင်းညိတ်လိုက်ကြသည်။

"အပ်ဖျားကလေးတစ်ခုပေါ်မှာ နတ်သမီးပေါင်းများစွာ ကနိုင်ပါသည်။ စိတ်ထဲမှာလေ၊ ငါးကြီးဆီစားပြီး သားမွေးဝတ်ထားတဲ့ ဘုရားသခင်ဟာ တည်နိုင်တယ်၊ အလုပ်လုပ်နိုင်တယ် . . . ဒါလည်း စိတ်ထဲမှာပဲ၊ ဒါတွေနဲ့ ဆန့်ကျင်တဲ့ သဘောမရှိဘူး။ စိတ်ထဲမှာ မရှိတာ၊ ဒေါက်တာရော စိတ်ထဲမှာ အသက်ရှင်နေထိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်"

'ကျုပ်အဖို့ . . . ကျုပ်စိတ်ဟာ ကျုပ်နိုင်ငံပဲ"

"ခင်ဗျားဟာ လေထဲမှာ အသက်ရှင်နေထိုင်ကြောင်း တစ်နည်းတလမ်းအားဖြင့် ပြောလိုက်တာပါပဲ။ ဒါပေမယ့် ထမင်းစားချိန်ကျရင် သို့မဟုတ် မြေငလျင်လှုပ်နေမယ်ဆိုရင် မြေကြီးကို ပြန်လာတယ်ဆိုတာ သေချာပါတယ်။ တဲ . . . ဒေါက်တာ ရုပ်ဖြပ်မရှိတဲ့ အုတ်က ခင်ဗျားရဲ့ အစိုင်အခဲမရှိတဲ့ ခန္ဓာကိုယ်ကို ထိမှန်မယ့် မြေငလျင်မျိုးကို ခင်ဗျားကြိုတင်တွေးပြီး ကြောက်လန့်တုန်ရိမ်ခြင်း မရှိဘူး မဟုတ်လား"

အမှတ်မထင် ချက်ချင်းပင် ဒေါက်တာဟမ္မားဖီးလ်၏ လက်တစ်ဘက်သည် သူ့ဆံပင်အောက်မှ အမာရွတ်ရှိရာ ဦးခေါင်းဆီသို့ မြောက်တက်လာပါသည်။ အခုနမှာ အားနက်သည် လျှောက်ပတ်စွာ သာဓကဆောင် ပြောလိုက်ခြင်းဖြစ်ပါသည်။

တောငြေငလျင်ကြီးကာလအတွင်း ဒေါက်တာဟမ္မားဖီးလ်မှာ ပြိုကျလာသော ခေါင်းတိုင်ကြောင့် သေတဲ့မရောက် သက်မပျောက်ဖြစ်ခဲ့ရဖူးပါသည်။ အားလုံးက ဝိုင်းရယ်လိုက်ကြသည်။

ရယ်သံစဲသွားသောအခါ အားနက်က 'ကဲ. . . သက်သေရပါပြီလား" ဟု မေးလိုက်သည်။

တိတ်ဆိတ်မှု အကြားမှပင် အားနက်က "ကောင်းပြီလေ. . . ကောင်းပါပြီ၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ ငြင်းဆိုချက်တွေကတော့ သိပ်မကောင်းလှ





သေးဘူး ခင်ဗျာ" ဟု ထပ်ပြောပါသည်။

ဒေါက်တာ ဟမ္မားဖီးလ်မှာ ယာယီအားဖြင့် အရေးနိမ့်သွားပြီး တိုက်ပွဲမှာကား အခြားသော ဦးတည်ချက်ဖြင့် ဆက်လက်ပြင်းထန်ဆဲ ဖြစ်ပါသည်။ အားနက်က မေးခွန်းများကို တစ်ချက်ပြီးတစ်ချက် ထိုးနှက်တိုက်ခိုက်ပါသည်။ အလုပ်သမားလူတန်းစားအကြောင်းကို သူတို့နားလည်သိရှိကြောင်း သေချာသောအခါ သူတို့မသိသော အလုပ်သမားလူတန်းစားနှင့် စပ်လျဉ်းသည့် အရင်းခံအမှန်တရားများကို ပြောပြကာ မှားကြောင်းချေပဖို့ သူတို့ကို စိန်ခေါ်သည်။ သူက အမြဲတမ်း အချက်အလက်တွေကိုသာ ပေးပါသည်။ သူတို့၏ လေထဲ၌ ထွက်၍ စူးစမ်းမှုများကို ချေပဟန့်တားပြီး အစိုင်အခဲမြေကြီးပေါ်သို့ ယင်းအချက်အလက်များဆီသို့ ပြန်ခေါ်သည်။

ဤမြင်ကွင်းများ ကျွန်မထံသို့ ဘယ်ပုံ ပြန်ရောက်လာပါသနည်း။ သူ့အသံတွင် စစ်သံပါသည်။ သူ့အချက်အလက်များဖြင့် သူတို့ကို ထိုးနှက်ပါသည်။ အချက်အလက်တိုင်းက သူတို့ကို ထိပြီးရင်း ထိစေပါသည်။ သူ့အသံကို ကျွန်မ ယခုပင် ကြားယောင်နေပါသည်။ သူကား သနားညှာတာကင်းသူ ဖြစ်သည်။ သူကား လက်နက်ချအရှုံးပေးသူ မဟုတ်ပါ။ သက်ညှာသူလည်း မဟုတ်ပါ။ အဆုံး၌ သူတို့အား ထိုက်နှက်လိုက်ပုံကို ကျွန်မ မမေ့နိုင်သေးပါ။

"ခင်ဗျားတို့က ဒီည အလုပ်သမားလူတန်းစားဆိုတာကို မသိကြောင်း တိုက်ရိုက်သော်လည်းကောင်း၊ မသိမသာသော်လည်းကောင်း ပြောကြခြင်းအားဖြင့် အထပ်ထပ်ဝန်ခံခဲ့ကြပြီး ဖြစ်ပါတယ်။ သို့သော် ဒီလိုဖြစ်ရခြင်းအတွက် ခင်ဗျားတို့ကို အပြစ်မတင်နိုင်ပါဘူး။ အလုပ်သမားလူတန်းစားအကြောင်းကို ခင်ဗျားတို့ ဘယ်လို သိနိုင်ပါ့မလဲ။ အလုပ်သမားလူတန်းစား ရပ်ကွက်မှာ ခင်ဗျားတို့ အတူနေကြတာမှ မဟုတ်ဘဲ။ တခြားရပ်ကွက်မှာ အရင်းရှင် လူတန်းစားနဲ့ ခင်ဗျားတို့စုနေကြတယ်။ ဘာကြောင့်လဲ . . . ။ အရင်းရှင် လူတန်းစားက ခင်ဗျားတို့ကို အခကြေးငွေ ပေးထားတာကိုး။ ခင်ဗျားတို့ကို ကျွေးမွေးပြုစုထားပြီး အခုည ခင်ဗျားတို့ဝတ်လာတဲ့ အဝတ်အစားတွေကို ဆင်မြန်းပေးထားတာကိုး။ ဒီတော့ အတုံ့အပြန်သဘောအရ ခင်ဗျားတို့က ခင်ဗျားတို့ရဲ့အလုပ်ရှင်တွေထံ အထူးသဖြင့် သူတို့ လက်ခံနိုင်လောက်တဲ့ တက္ကဗေဒ အမျိုးအစားတွေနဲ့ ဝေငှနေတယ်။ အထူးသဖြင့် လက်ခံနိုင်လောက်တာကို လက်ခံနိုင်ကြတာပါ



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ ဒါတွေက သူတို့ရဲ့ ထူထောင်ပြီးသား လူ့အဖွဲ့အစည်း စနစ်ကို အန္တရာယ်မပြုလို့ပါပဲ"

စားပွဲတစ်ဝိုက် သဘောမတူသံများ ပေါ်ထွက်လာပါသည်။ အားနက်ကတော့ ဆက်ပြောပြန်သည်။

"အို . . . ခင်ဗျားတို့ရဲ့ ရိုးသားမှုကို ကျွန်တော် စိန်မခေါ်ပါဘူး။ ခင်ဗျားတို့ဟာ ရိုးသားပါတယ်။ ကိုယ်ယုံကြည်တာနဲ့ ခင်ဗျားတို့က တရားပြတာပါပဲ။ အဲဒီမှာ အရင်းရှင်လူတန်းစားနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ရဲ့ ခွန်အားနဲ့ တန်ဖိုးတည်ရှိနေတာပါပဲ။ ဒါပေမယ့် ထူထောင်ပြီးသား စနစ်ကို အန္တရာယ်ပေးမယ့်ဘက်ကို ခင်ဗျားတို့ ယုံကြည်ချက် ပြောင်းလာလို့ရှိရင် ခင်ဗျားတို့ ပြတဲ့ တရားဟာ ခင်ဗျားတို့ အလုပ်ရှင်တွေအဖို့ လက်ခံနိုင်မှာ မဟုတ်ပါဘူး။ ခင်ဗျားတို့ကို ဖြုတ်ပစ်မယ်။ ခင်ဗျားတို့ကို တစ်ယောက်ပြီးတစ်ယောက် ထုတ်ပစ်မှာပါ။ ကျွန်တော်ပြောတာ မမှန်ဘူးလား"

ဤအချိန်၌ကား သဘောမတူသူမရှိတော့ပါ။ ဒေါက်တာ ဟမ္မားဖီးလ်မှအပ အားလုံးက မလှုပ်မယှက်ထိုင်နေကြပါသည်။ ဒေါက်တာဟမ္မားဖီးလ်က-

"သူတို့ရဲ့ အတွေးအခေါ် များတဲ့အခါမှာ ထွက်ခိုင်းတာပဲ"

"အဲဒါဟာ သူတို့ရဲ့အတွေးအခေါ်ကို လက်မခံနိုင်တော့တဲ့အခါလို့ တစ်နည်းအားဖြင့် ပြောခြင်းပါပဲ။ ဒါကြောင့် ကျွန်တော်ပြောချင်တာက ဆက်ပြီး အရေးတော်ကြီး လစာထုတ်ယူကြပါ။ ဒါပေမယ့် ဘုရားသခင်အလိုတော်ကျ ပေါ်ခင်ဗျား အလုပ်သမားလူတန်းစားနဲ့ ဘာမှမဆိုင်ပါဘူး။ ခင်ဗျားတို့အတွက် အခြားလူတွေက အလုပ်လုပ်ပေးရလို့ ခင်ဗျားတို့လက်တွေဟာ နူးညံ့ပျော့ပျောင်းပါတယ်။ အလုပ်ပင်ပန်းရသောက်ရလို့ ခင်ဗျားတို့ဗိုက်တွေစူထွက်နေပါတယ်။ (ဤနေရာတွင် ဒေါက်တာဘာလင်ဖို့မှာသူ၏ လုံးဝန်းသောဗိုက်ကြီးကို မသိမသာငုံ့ကြည့်ပါသည်။ သူ့ခြေထောက်ကို သူမမြင်ရသည်မှာ နှစ်အတန်ကြာပြီဟုဆိုပါသည်။) ခင်ဗျားတို့ရဲ့စိတ်ထဲမှာ ထူထောင်ပြီးသားစနစ်ကို ထောက်ခံနေတဲ့ အယူအဆတွေနဲ့ ပြည့်လျှမ်းနေတာပါ။ ခင်ဗျားတို့ဟာ ဆွစ်အစောင့်တပ်က တပ်သားတွေအတိုင်း ကြေးစားတွေပါ။ (တကယ့်ကိုကြေးစားများဟု ကျွန်မ ထင်မိပါသည်။) ကိုယ့်ထမင်းရှင်ကို ကျေးဇူးသစ္စာစောင့်သိပါ။ အလုပ်ရှင်တွေရဲ့ အကျိုးစီးပွားကို ခင်ဗျားတို့တရားတွေနဲ့ စောင့်ရှောက်ကာကွယ်ပါ။ ဒါပေမယ့်





အလုပ်သမားလူတန်းစားထဲ ဆင်းလာပြီး ခေါင်းဆောင်တုများအဖြစ်တော့ မလုပ်ကြပါနဲ့။ ဘက်နှစ်ဘက်မှာ တစ်ချိန်တည်းတစ်ပြိုင်တည်းနေလို့မရနိုင်ဘူး။ အလုပ်သမားလူတန်းစားက ခင်ဗျားတို့မပါလည်း ဖြစ်တာပါပဲ။ ကျွန်တော်ပြောတာယုံပါ။ ခင်ဗျားတို့မပါဘဲ အလုပ်သမားလူတန်းစားကဆက်လုပ်မှာပါ။ ဒါ့ထက်ပြောရရင် အလုပ်သမားလူတန်းစားက ခင်ဗျားတို့ပါတာထက် ခင်ဗျားတို့မပါဘဲ ပိုပြီးကောင်းအောင်လုပ်နိုင်ပါတယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂ ]

## စိန်ခေါ်မှုများ

ညှို့သည်များပြန်သွားကြသောအခါ ဖေဖေသည်ကုလားထိုင်တစ်လုံးပေါ်တွင် ခြေတစ်လတ်ဝစ်ထိုင်ရင်း ဟက်ဟက်ပက်ပက် ရယ်မောနေပါသည်။ ဖေဖေ တွယ်လွှန်ပြီးသည့် အချိန်ကာစ၍ ဖေဖေ၌ကဲ့သို့ လှိုက်လှိုက်လှဲလှဲ ရယ်မောခြင်းမျိုးကို ကျွန်မ မတွေ့ခဲ့ပါ။

ဖေဖေက ရယ်မောရင်း "ဒေါက်တာဟမ္မားဖီးလ်တစ်ယောက်တော့ တစ်သက်နဲ့တစ်ကိုယ် ဒါမျိုး တစ်ခါမှ မကြုံဖူးဘူးလို့ ဖေဖေထင်တယ်။ ကောင်း-တင်ဘုံအငြင်းပွားမှုမျိုးရဲ့ လောကဝတ်၊ မမွဝတ်တွေလေ။ သူ့ . . . အဲဗားဟတ်ကို ဖေဖေဆိုလိုတာကွဲ့။ သူက ဘယ်လိုနူးညံ့တဲ့ သိုးလေးလိုအစပျိုးပြီး ဟိန်းနေတဲ့ ခြင်္သေ့လိုဖြစ်လာတယ်ဆိုတာ သမီး သတိပြုမိရဲ့လား။ သူ့မှာ အင်မတန်ကောင်းမွန်တဲ့ စည်းကမ်းစနစ်တကျရှိတဲ့ စိတ်ဓာတ်ရှိတယ်ကွဲ့။ တကယ်လို့ သာသိပ္ပံပညာဘက်မှာ သူ့စွမ်းအားတွေကို ဖူးစိုက်ခဲ့ရလို့ရှိရင် သိပ္ပံပညာရှင်ကောင်း





တစ်ယောက် ဖြစ်နိုင်တယ်"

အားနက်အဲဗားဟတ်အား လေးလေးနက်နက် စိတ်ဝင်စားနေမိကြောင်း ကျွန်မပြောဖို့ မလိုအပ်တော့ပါ။ သူ ဘာတွေပြောခဲ့၊ ဘယ်လိုပြောခဲ့သည်ဆိုရာ၌ သူသည် အထီးကျန်မဟုတ်ပါ။ သို့ရာတွင် ဤသို့ပြောသည်ကတော့ သူကိုယ်တိုင်သာ ဖြစ်ပါသည်။ သူ့လိုလူမျိုးကို ကျွန်မ တစ်ခါမျှမတွေ့ခဲ့ဖူးပါ။ ထို့ကြောင့်လည်း ကျွန်မအသက် နှစ်ဆယ့်လေးနှစ်ကျော်ခဲ့စေကာမူ လက်မထပ်သေးခြင်း ဖြစ်မည်ဟု ထင်ပါသည်။ ကျွန်မ သူ့ကို သဘောကျခဲ့ပါသည်ဟု ကျွန်မကိုယ်ကျွန်မ ဝန်ခံရပါတော့မည်။ ကျွန်မ သူ့အပေါ် သဘောကျခြင်းမှာ အသိပညာနှင့် ငြင်းခုံချက်များထက် ပို၍နက်နဲသောအရာများတွင် အခြေခံခဲ့ပါသည်။ ဖုထစ်သော သူ့ကြွက်သားများနှင့် ဆုရန္တားရိုင်းသတ်သမား၏ ထည်ပင်းတို့ကြောင့် မဟုတ်ဘဲ သူ့ကို ပွင့်လင်းရိုးသားသော ယောကျ်ားပျို တစ်ဦးအဖြစ် ကျွန်မ အထင်ကြီးခဲ့ပါသည်။ ပညာတတ် လူတန်းစား ဝါကြွားဟန်ဆောင်မှုအောက်တွင် နူးညံ့ပျော့ပျောင်းသော စိတ်ဓာတ်ရှိသည်ဟု ကျွန်မခံစားမိပါသည်။ ကျွန်မတို့မိန်းမသား၏ အလိုလိုသိတတ်သော ဉာဏ်ကြောင့် ယင်းသို့ တွေးထင်မိခြင်းဖြစ်မည် ထင်ပါသည်။

သူ၏ စစ်ခရာသံမှုးအနက် ကျွန်မနှလုံးသားအတွင်းထိုးဖောက် ဝင်ရောက်လာသောအရာအချို့ ရှိပါသည်။ ယင်းအသံသည် ကျွန်မနားတွင် ယခုထိုင် မြည်ဟည်းနေပြီး ဤအသံကို ကျွန်မ ထပ်မံကြားလိုလှပါသည်။ လေးနက်တည်ကြည်သော သူ့မျက်နှာကိုလည်းကောင်း၊ ယုံကြည်မှုပြည့်ဝသော သူ့မျက်လုံးတွင်းမှ တလက်လက်တောက်ပနေသည့် အရောင်ကိုလည်းကောင်း ကျွန်မ ထပ်မြင်လိုသည်ဟု ကျွန်မဘာသာ ခံစားမိပါသည်။ ကျွန်မတွင် ပြည့်လျှံနေသည့် အခြားအကောင်အထည်မဖမ်းနိုင်၊ တိတိကျကျမမိနိုင်သော ခံစားမှုများ နောက်ထပ်ရှိပါသေးသည်။ သူ့ကို ကျွန်မချစ်နေသည်ဟု ယုံကြည်စေကာမူ ကျွန်မ သူ့ကို နောက်ထပ်မတွေ့ရလျှင် ယင်းခံစားမှုများ ပပျောက်သွားပြီး သူ့ကို အလွယ်တကူ မေ့ပျောက်နိုင်လိမ့်မည်ဟု ကျွန်မ ယုံယုံကြည်ကြည် တွေးကြည့်မိပါသေးသည်။

သို့ရာတွင် သူ့ကို ကျွန်မနောက်ထပ်တွေ့ရတော့မည်မဟုတ်ဟု တင်းခံယူမှတ်ခြင်းမရှိခဲ့ပါ။ ကျွန်မဖေဖေက လူမှုဗေဒပညာရပ်၌ စိတ်ဝင်စားလှခြင်း၊ ဉာဏစားပွဲများ တည်ခင်းနေခြင်းတို့ကြောင့်ဖြစ်ပါသည်။ ဖေဖေမှာ လူမှုဗေဒ



www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တစ်ယောက်မဟုတ်ပါ။ ကျွန်မမေမေနှင့် လက်ထပ်ခဲ့စဉ်က ဖေဖေ အလွန်ပျော်ပါသည်။ သူ့သိပ္ပံပညာဖြစ်သော ရူပဗေဒ၌ သုတေသန လုပ်နေရခြင်းများတွင် အလွန်ပျော်ပါသည်။ သို့ရာတွင် မေမေကွယ်လွန်သွားသောအခါ၌ သူ့အလုပ်က သူ့ကွက်လပ်ကိုမဖြည့်စွမ်းနိုင်ပါ။ ပထမတွင် ပျော့ပျောင်းသော နည်းလမ်းဖြင့် အဘိဓမ္မာပညာကို တီးခေါက်ခဲ့ပါသည်။ ထို့နောက် တဖြည်းဖြည်း စိတ်ပါလာပြီး ဘောဂဗေဒနှင့် လူမှုဗေဒဆီသို့ ရွေ့လျားလာခဲ့ခြင်း ဖြစ်ပါသည်။ သူက တရားမျှတစိတ်အပြည့်ရှိကာ အမှားတွေကို ပြန်ပြင်လိုစိတ် ပြင်းထန်သူ ဖြစ်လာပါသည်။ အဖြေ ဘယ်သို့ထွက်လာမည်ကို ကျွန်မ အနည်းငယ် အိပ်မက် မက်ခဲ့ဖူးစေကာမူ ကျွန်မ၏ဘဝမှ စိတ်ပါဝင်စားဖွယ်ရာ ဤ အသစ်သော အသွင်လက္ခဏာကိုမူ ကျွန်မ ကျေးဇူးတင်စွာ ကြိုဆိုခဲ့ခြင်းဖြစ်ပါသည်။ လူငယ် တစ်ယောက်၏ တက်ကြွမှုဖြင့်. . . ဖေဖေက ဤလုပ်ငန်းတွင်း စိတ်ရောကိုယ်ပါ သူ့ကိုယ်သူ နှစ်မြှုပ်ခဲ့ပါတော့သည်။

ဖေဖေသည် ဓာတ်ခွဲခန်း၌သာ အချိန်ကုန်လေ့ရှိသည့်နည်းတူ ထမင်းစားခန်းကိုလည်း လူမှုဗေဒဓာတ်ခွဲခန်းအဖြစ် ပြောင်းလဲခဲ့ပါသည်။ သိပ္ပံပညာရှင်များ နိုင်ငံရေးသမားများ၊ ဘဏ်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ပါမောက္ခများ၊ အလုပ်သမားခေါင်းဆောင်များ၊ ဆိုရှယ်လစ်ဝါဒီများနှင့် မင်းမဲ့ဝါဒီများ စသည်ဖြင့် အမျိုးအစားစုံ၊ အခြေအနေစုံကလူတွေ ဤညစာစားခန်းသို့ လာလေ့ရှိကြပါသည်။ ဖေဖေက သူတို့ကို ဆွေးနွေးဖို့ အစဖော်ပေးပြီးလျှင် တဝနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ သူတို့၏အတွေးအခေါ်များကို သုံးသပ်စူးစမ်းပါသည်။

ဓမ္မတာထိတများ ညမတိုင်မီကလေးတွင်မှ ဖေဖေက အားနက်ကို တွေ့ခဲ့ခြင်းဖြစ်ပါသည်။ ဧည့်သည်များပြန်သွားပြီးနောက် ဖေဖေနှင့်သူ ဘယ်ပုံ ဘယ်နည်းတွေ့ခဲ့ရသည်ကို ကျွန်မ ကြားရခြင်းဖြစ်ပါသည်။ ညဘက်တွင် လမ်းတစ်လမ်း အတိုင်းလျှောက်လာစဉ် ဆပ်ပြာသေတ္တာခွံတစ်လုံးပေါ်၌ အလုပ်သမားအုပ် တစ်အုပ်ကို လူတစ်ယောက်က ဟောပြောနေသည်ကို ရပ်နားထောင်မိသည်။ သေတ္တာပေါ်တလူမှာ အားနက် ဖြစ်ပါသည်။ သူကား ဆပ်ပြာသေတ္တာ ပေါ်မှ တရားဟောသူသတ်သတ်မျှသာ မဟုတ်ပါ။ ဆိုရှယ်လစ်ပါတီ၏ ထိပ်ပိုင်း အဖွဲ့အစည်းများတွင် မားမားမတ်မတ်ရပ်နေသူ ခေါင်းဆောင်တစ်ဦးနှင့် ဆိုရှယ်လစ်ဝါဒ အဘိဓမ္မာအရာတွင် အသိအမှတ်ပြုထားခြင်းခံရသူ ခေါင်းဆောင် တစ်ဦးလည်းဖြစ်ပါသည်။ သို့ရာတွင် သူသည် အလုပ်သမားများကို ဘောဂဗေဒ





ညာ အဓိပ္ပာယ်ဖွင့်ပြရန် ဆပ်ပြာသေတ္တာပေါ်တွင် ရပ်နေခြင်းမဟုတ်။ လွယ်ကူသောစကားလုံးများဖြင့် ရှင်းလင်းစွာ ပြောပြသူ စကားပြော ကောင်းလှသူ၊ အသင်အပြကောင်းလှသူ ဖြစ်ပါသည်။

ဖေဖေသည် ရပ်နားထောင်မိရာမှ ပို၍စိတ်ဝင်စားလာ၏။ ထို့နောက် တွေ့ဖို့ကြိုးစားကာ အတန်ငယ်သိကျွမ်းသည်နှင့် ဓမ္မဆရာများ၏ ညစာစားပွဲသို့ ဖိတ်ကြားခဲ့ခြင်းဖြစ်ပါသည်။

ထိုညစာစားပွဲနောက်ပိုင်းတွင်မှ သူ့အကြောင်းအနည်းအကျဉ်းသိထားသမျှကို ဖေဖေက ကျွန်မအား ပြောပြခြင်းဖြစ်ပါသည်။ သူသည် အမေရိကတိုက်တွင် နှစ်ပေါင်းနှစ်ရာကျော်ကစ၍ ရောက်ရှိနေထိုင်ခဲ့သော အဲဗားဟတ် မျိုးရိုးမှ ဆင်းသက်လာခဲ့သူဖြစ်သော်လည်း အလုပ်သမားလူတန်းစားက မွေးဖွားခဲ့သူ ဖြစ်ပါသည်။ အသက်ဆယ်နှစ်တွင် စတင်ကာအလုပ်ဝင်လုပ်ခဲ့သည်။ အလုပ်သင် အဖြစ် လုပ်ကိုင်ခဲ့ရပြီးနောက် မြင်းခွာသံရိုက်သူ ဖြစ်လာသည်။ သူ့ဘာသာ ပညာရှာမှီးခဲ့သည်။ ဂျာမနီနှင့်ပြင်သစ်စာကို သူ့ဘာသာ သင်ကြားခဲ့လျက် ထိုအချိန်တွင် ချီကာဂို၌ လှုပ်လီလှုပ်လဲ့ဖြစ်နေသော ဆိုရှယ်လစ်စာပေများ ထုတ်ဝေသည့် တိုက်အတွက် သိပ္ပံနည်းကျနှင့် အဘိဓမ္မာဆိုင်ရာ စာအုပ်များ ဘာသာပြန်ပေးရသော မလောက်မငင်ငွေဖြင့် နေထိုင်ခဲ့သူဖြစ်သည်။ ဘောဂဗေဒနှင့် အဘိဓမ္မာစာအုပ်များ အနည်းငယ်ရောင်းချရသည့်အတွက် ရရှိသော ဉာဏ်ပူဇော်ခကလေးများလည်း သူ့ကိုယ်ပိုင်ဝင်ငွေတွင် ပါဝင်ခဲ့သည်။

ကျွန်မအိပ်ရာမဝင်မီကြားရသော သူ့အကြောင်းမှာ ဤမျှသာ ဖြစ်ပါသည်။ ကျွန်မ တော်တော်နှင့်အိပ်မပျော်ပါ။ သူ့အသံကိုသာ ကြားယောင်နေမိပါသည်။ ကျွန်မအတွေးတွေကို ကျွန်မဘာသာကြောက်ရွံ့စိတ်များ ဝင်လာခဲ့ပါသည်။

သူကား ကျွန်မတို့ လူတန်းစားထဲကလူ မဟုတ်ပါ။ အလွန် သူစိမ်းဆန်လွန်းသူ၊ သန်စွမ်းကြံ့ခိုင်လွန်းလှသူဖြစ်ပါသည်။ သူ့ကို ကျွန်မချစ်သူ အဖြစ်၊ ကျွန်မခင်ပွန်းအဖြစ် စဉ်းစားနေမိကြောင်း ကျွန်မကိုယ်ကျွန်မ တွေ့ရှိသည်အထိ ကျွန်မ၏စိတ်ကူးတွေမှာ ဟိုဟိုသည်သည် ရွေ့လျားဝဲပျံနေလွန်းသည့်အတွက် သူ၏ ကျွမ်းကျင်ပိုင်နိုင်မှုက ကျွန်မကို ရှင်မြူးစေပြီး ကြောက်လည်း ကြောက်အားပိုမိခဲ့သည်။ ယောကျာ်းသားတို့၏ ခွန်အားသည် မိန်းမသားတို့ သည်တွန်းလှန်စွမ်းမရှိလောက်အောင် စွဲလမ်းတပ်မက်စေခြင်း ဖြစ်သည်ဟု ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်သဖြင့်ကြားဖူးခဲ့ပါသည်။ သို့ရာတွင် သူကား အလွန်အမင်း သန့်ရှင်းခိုင်မာလွန်းပါ၏။ "မဖြစ်ဘူး . . .။ မဟုတ်ဘူး . . .။ ဒါ စိတ်ကူးယဉ်တာပဲ" ဟု ကျွန်မ အော်ဟစ်မိပါသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ သူ့ကိုတွေ့ချင်ဇောဖြင့် တစ်ခါမျှော်ရသော အဖြစ်နှင့်သာ ကျွန်မ နိုးလာရပါတော့သည်။ ဆွေးနွေးရာတွင် လူတွေကို သူက ပိုင်နိုင်စွာသိမ်းသွင်းသွားပုံကို ကျွန်မ တွေ့မြင်လိုသည်။ စိန်ခေါ်သံနှင့်တူသော သူ့အသံကို ကျွန်မကြားလိုသည်။ ကျေနပ်နှစ်သိမ့်နေကြသူများအား ထိုးနှက်ဖြိုခွင်းလိုက်ပုံ၊ အတွေးအခေါ် အစုတ်အပြဲများကြားမှ သူတို့အားဆွဲထုတ်လိုက်ပုံတွေကို ကျွန်မ မြင်တွေ့နေပါသည်။ ဝင့်ကြွားမှုကို သူအသုံးပြုလျှင်ကော ဘာဖြစ်ရမည်နည်း။ သူ့စကားဖြင့်ဆိုရလျှင် 'အလုပ်ဖြစ်'သားပဲ၊ ထိရောက်မှုရှိသားပဲဟု ကျွန်မတွေးမိသည်။ ထို့ပြင် သူ၏'ဝင့်ကြွား'ပုံမျိုးမှာ ကြည့်ကောင်းလှပါသေးသည်။ စစ်ပွဲစအဲ့ဆဲဆဲပမာ ကြည့်ရသူကို နိုးဆွပါသည်။

ရက်အတန်ကြာမျှ ကြာညောင်းသွားခဲ့ပါသည်။ ထိုရက်များအတွင်း ကျွန်မသည် ဖခင်ထံမှငှားထားသော အားနက်၏စာအုပ်တွေကို ဖတ်နေခဲ့မိ၏။ သူ့အရေးအသားတွေမှာ သူပြောသောစကားလုံးများပမာ ရှင်းလင်းပါသည်။ သဘောပေါက်လွယ်ပါသည်။ သံသယဆက်၍ ရှိနေစေကာမူ သဘောပေါက်နားလည်အောင်ကို လွယ်ကူသောစာများဖြစ်ပါသည်။ သူသည်ရှင်းလင်းရာ၌ ဝါရမီထူးသူဖြစ်ပါသည်။ သို့စဉ်လျက် သူ့ထံတွင် ကျွန်မ မနှစ်သက်တာတွေ အော်တော်များများ ပါသေးသည်။ လူတန်းစားတိုက်ပွဲ၊ လုပ်အားနှင့် ငွေဝင်ငွေခွင်းအကြား ပဋိပက္ခ၊ အကျိုးစီးပွားဆန့်ကျင်မှု စသည်ဖြင့် သူ ခေါ်ဝေါ်နေသည့်အရာတွေနှင့် စပ်လျဉ်း၍ ဖော်ပြချက် များလွန်းလှပါသည်။

အားနက်အပေါ် ဒေါက်တာဟမ္ဗားဖီးလ်က ယူဆပုံနှင့်စပ်လျဉ်း၍ ဖေဖေက "အင်မတန် နည်းပါးပြီး အင်မတန်မပြည့်စုံတဲ့ လေ့လာသင်ကြားမှုနဲ့ စိတ်ကြီးဝင်နေတဲ့ တန်သမားလေးတစ်ယောက်" သဘောမျိုး ပြောပါသည်။ အားနက်နှင့် နောက်ထပ်တွေ့ရန် ဒေါက်တာဟမ္ဗားဖီးလ်က ငြင်းဆိုလိုက်ပါသည်။

သို့ရာတွင် ဝိုက်ားချုပ်ကြီးမိုးယောက်မှာ အားနက်ကို စိတ်ဝင်စားသူအဖြစ် ပေါ်ထွက်လာပြီး နောက်ထပ်တစ်ဖန်တွေ့ဆုံရန် ဆန္ဒရှိနေသည်။ "အင်မတန်ခိုင်မာတဲ့ လူငယ်တစ်ယောက်ပဲ။ အင်မတန်လည်း တော်တယ်။





...ယ့် သိပ်သေချာလွန်းနေတယ်" ဟု သူက ပြောပါသည်။

တစ်ခုသော မွန်းလွဲပိုင်းတွင် ဖေဖေနှင့်အတူ အားနက် လိုက်လာပါသည်။ ဝိုက်ားချုပ်ကြီးမှာ ရောက်နှင့်နေပြီး ဝရန်တာတွင် ကျွန်မတို့ လက်ဖက်ရည်သောက်နေကြပါသည်။ ဘာကလေတွင် အားနက် ဆက်လက်ရှိနေသည်မှာ ... စိတ်တွင် ဇီဝဗေဒ အထူးတန်းများတက်နေခြင်းကြောင့်နှင့် 'အဘိဓမ္မာ ... လွန်ရေး'အမည်ရှိ စာအုပ်သစ်တစ်အုပ်ကို ကြိုးစားအားထုတ်ရေးနေခြင်းကြောင့် ဖြစ်ရမည်ဟု တွက်ဆကြပါသည်။

အားနက် ရောက်လာသည်နှင့် တစ်ပြိုင်နက် ဝရန်တာမှာ ရုတ်တရက် ... အေးစက်သွားသလား ထင်ရသည်။

သူ့လူလုံးလူဖန်ကြီးမားလွန်းသောကြောင့်မဟုတ်ပါ။ သူသည် ငါးပေ ... တက်မသာရှိ၏။ ကြီးမားသည့် ဝန်းကျင်အရောင်တလက်လက် ထွက်နေသောကြောင့်သာ ဖြစ်ပါသည်။ ကျွန်မကိုတွေ့ရန် ရပ်လိုက်သည့်အခါ သူ၏ ... သော မျက်လုံးများ၊ နှုတ်ဆက်သောအားဖြင့် အခိုက်အတန့်မျှဆွဲထားသည့် သူ၏ခိုင်မာသေချာသော လက်များနှင့် ခြားနားစွာ အနေကျပ်အထိုင်ကျပ်ဖြစ်နေသည်ကို ထူးထူးဆန်းဆန်း တွေ့ရပါသည်။ ယင်းအခိုက်အတန့်တွင် သူ့မျက်လုံးများမှာ တည်ငြိမ်လေးနက်နေပါသေးသည်။ ယင်းအခိုက်အတန့် မှာပင် ... ခွန်းများပေါ်ပေါက်နေသလား ထင်ရသည်။ ယခင်ကလိုပင် သူသည် ကျွန်မကို ခေတ္တကြာသည်အထိ ကြည့်နေပါ၏။

"ရှင့်အလုပ်သမားလူတန်းစား အဘိဓမ္မာကို ကျွန်မဖတ်နေပါတယ်" ဟု ကျွန်မကပြောလိုက်ရာ သူ့မျက်လုံးများတွင် ကျေနပ်သောအရောင် တောက်သွားပါသည်။

"ဟုတ်ပြီ. . .။ ဘယ်ပရိသတ်အတွက် ရည်ညွှန်းတယ်ဆိုတာကို ခင်ဗျား စဉ်းစားမိမှာပေါ့"

"ဟုတ်ပါတယ်။ ကျွန်မစဉ်းစားပါတယ်။ ဘာကြောင့်စဉ်းစားမိသလဲဆိုတော့ ကျွန်မ ရှင်နဲ့ရန်ဖြစ်ခဲ့ဖူးတာကိုး" ဟု ကျွန်မက စိန်ခေါ်လိုက်ပါသည်။

"ကျုပ်လည်းပဲ မောင်ရင်နဲ့ ရန်ဖြစ်ခဲ့ဖူးတယ်လေ။ မစ္စတာအဲဗားဟတ်ရဲ့" ဝိုက်ားချုပ်ကြီးမိုးယောက်က ပြောလိုက်သည်။

အားနက်သည် ပခုံးကို မသိမသာ တွန့်ကာ လက်ဖက်ရည်တစ်ခွက် တည်သည်ကို လက်ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးက ဦးခေါင်းညွှတ်၍ ကျွန်မကို ဦးစားပေးပါသည်။

"ရှင်ဟာ လူတန်းစားမုန်းတီးရေးကို လှုံ့ဆော်ပေးနေတာပဲ။ ဒါဟာ မှားတယ်။ အလုပ်သမား လူတန်းစားထဲမှာ ကျဉ်းမြောင်းအောင်၊ ကြမ်းကြုတ်ရက်စက်အောင် ဆွဲဆောင်နေတာဟာ ရာဇဝတ်မှုမကင်းဘူးလို့ ကျွန်မ ယူဆတယ်။ လူတန်းစားမုန်းတီးရေးဟာ လူမှုရေးကို ဆန့်ကျင်တယ်။ လူမှုဆန့်ကျင်ရေးလို့ ကျွန်မ ယူဆတယ်"

"အပြစ်မရှိပါဘူး။ ကျွန်တော်ရေးခဲ့သမျှ အကြောင်းအရာထဲမှာရော၊ စိတ်ဓာတ်ထဲမှာရော လူတန်းစားမုန်းတီးရေး မပါပါဘူး"

"အို. . ." ဟု ကျွန်မက မြည်တမ်းရေရွတ်ကာ သူ့စာအုပ်ကို ဆွဲယူလိုက်ပြီး လှန်လိုက်မိပါသည်။

ကျွန်မက စာမျက်နှာတွေ တစ်ခုပြီးတစ်ခု လှန်လှောနေစဉ် သူသည် လက်ဖက်ရည်ငုံကာ ကျွန်မကို ကြည့်၍ပြုံးသည်။

ကျွန်မက ကျယ်လောင်စွာ ဖတ်လိုက်၏။ "စာမျက်နှာ တစ်ရာသုံးဆယ့်နှစ် . . . ၊ ထို့ကြောင့် လူတန်းစားတိုက်ပွဲသည် လူမှုရေး ဖြစ်ပေါ်တိုးတက်မှု၏ လက်ရှိအဆင့်တွင် လုပ်ခလစာပေးသူနှင့် လုပ်ခလစာရသူ လူတန်းစားများအကြားတွင် ဝင်ကို သဘာဝအားဖြင့် တည်ရှိသည် တဲ့ . . ."

ကျွန်မ သူ့တို့ အောင်မြင်သူတို့၏အကြည့်ဖြင့် ကြည့်လိုက်ပါသည်။

"အဲဒီမှာ လူတန်းစားမုန်းတီးရေးကို မဖော်ပြထားပါဘူး" သူက တုံ့ပြန်ပြီး ပြုံးလိုက်ပါသည်။

"ဒါပေမယ့် ရှင်ပြောထားတယ်။ လူတန်းစားတိုက်ပွဲတဲ့" တု ကျွန်မက အဖြေပေးလိုက်၏။

"လူတန်းစားမုန်းတီးရေးနဲ့ ခြားနားတယ်လေ။ ကျွန်တော်တို့က မုန်းတီးရေးကို မလှုံ့ဆော်ဘူးဆိုတာ ယုံပါ။ လူတန်းစားတိုက်ပွဲဟာ လူမှုရေးဖြစ်ပေါ်တိုးတက်မှုရဲ့ ဥပဒေသလို့ ကျွန်တော်တို့ ပြောပါတယ်။ ဒါအတွက် ကျွန်တော်တို့မှာ တာဝန်မရှိပါဘူး။ လူတန်းစားတိုက်ပွဲကို ကျွန်တော်တို့မလုပ်ပါဘူး။ နယူတန်က ဆွဲငင်ခြင်းသဘောကို ရှင်းပြခဲ့သလို၊ ကျွန်တော်တို့က ဒါကို ရှင်းရုံတင် ရှင်းပြတာပါ။ လူတန်းစားတိုက်ပွဲကို ပေါက်ဖွားစေတဲ့ အကျိုးစီးပွား ကွဲလွဲမှုရဲ့သဘောကို ကျွန်တော်တို့ ရှင်းရုံရှင်းပြတာပါ"

"ဒါပေမယ့် အကျိုးစီးပွား ကွဲလွဲမှုဆိုတာ မရှိအပ်ဘူး" လို့ ကျွန်မက





ဆိုလိုက်ပါသည်။

"ခင်ဗျားပြောတာကို ကျွန်တော် အသည်းလှိုက်အူလှိုက်သဘောတူပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆိုရှယ်လစ်တွေက အကျိုးစီးပွားကွဲလွဲမှုဆိုတာကို ဖျက်သိမ်းဖို့ ကြိုးစားနေကြတာပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။ ကောက်နုတ်ချက်တစ်ခု ဖတ်ပြပါရစေ"

သူ့စာအုပ်ကို လှမ်းယူပြီးနောက် စာမျက်နှာအချို့ကို ပြန်လှန်ကာ "စာမျက်နှာ တစ်ရာနှစ်ဆယ့်ခြောက် . . . ကြမ်းကြုတ်သော လူမျိုးစု ကွန်မြူနစ်ဒါဒ ဖျက်သိမ်းပြီးနောက် ပုဂ္ဂလိကပိုင်ဆိုင်မှု ပေါ်ထွန်းခြင်းတွင် အစပျိုးသော လူတန်းစားတိုက်ပွဲများ သံသရာသည် လူမှုရေးတည်ရှိမှုနည်းနာများတွင် ပုဂ္ဂလိကပိုင်ဆိုင်မှု လွန်မြောက်သွားခြင်းနှင့်အတူ ဆုံးခန်းတိုင်ပေသည် တဲ့"

"ဒါပေမယ့် . . . ကျုပ်မောင်ရင်နဲ့သဘောမတူဘူး။ မောင်ရင့် စကားပလ္လင်က မှားနေတယ်။ လုပ်အားနဲ့ငွေပင်ငွေရင်းကြားမှာ အကျိုးစီးပွား ခြားနားမှုဆိုတာမျိုး မရှိဘူး၊ သို့မဟုတ် ရှိကိုမရှိအပ်ဘူး"

ဂိုဏ်းချုပ်ကြီး မိုးဟောက်က ဝင်ပြောသည်။ သူ၏ ဖျော့တော့တော့ အစေ့ပြည့်ဝသော မျက်နှာမှာ ခံစားမှုပြင်းထန်လွန်းသဖြင့် အတန်ငယ် သောတ်ပလျက်ရှိပါသည်။

"ကျေးဇူးတင်ပါတယ်" အားနက်က ပြန်ပြောသည်။ "ဂိုဏ်းချုပ်ကြီး နောက်ဆုံးပြောလိုက်တဲ့စကားက ကျွန်တော့်စကားပလ္လင်ကို ပြန်စထားပါတယ်"

"သို့သော် . . . ဘာကြောင့် ကွဲလွဲမှုရှိရသလဲ" ဟု ဂိုဏ်းချုပ်ကြီးက ထိုက်လိုက်လှဲလှဲ မေးပြန်ပါသည်။

"ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ကို ဒီလိုဖြစ်အောင် လုပ်ခဲ့တာကိုး" ဟု ပြောရင်း အားနက်က ပခုံးတွန့်လိုက်ပါသည်။

"ကျုပ်တို့ကို ဒီလိုဖြစ်အောင် မလုပ်ပါဘူး"

"စံပြလူသားအကြောင်းကို ခင်ဗျားတို့ဆွေးနွေးနေတာလား။ ကိုယ်ကျိုးကြည့်တဲ့ ဘုရားအလောင်းလိုလူမျိုး၊ လက်တွေ့အားဖြင့် မရှိနိုင်လောက်အောင် အလွန်နည်းပါးသောအရေအတွက်နဲ့လူမျိုးလား၊ ဒါမှမဟုတ် သာမန် သူလိုငါလို လူအကြောင်းကိုဆွေးနွေးတာလား"

"သာမန် သူလိုငါလို လူအကြောင်းလေ"

"အားနည်းတဲ့၊ ချွတ်ယွင်းချက်ရှိတဲ့၊ မှားတတ်တဲ့လူပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး မိုးဟောက်က ခေါင်းညိတ်ပါသည်။

"နောက် . . . သေးနုပ်တယ် . . . ကိုယ်ကျိုးကြည့်တယ်"

တစ်ဖန် ဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်ပြန်သည်။

"စောင့်ကြည့်ပါ။ ကိုယ်ကျိုးကြည့်တယ်လို့ ကျွန်တော်ပြောတယ်နော်"

အားနက်က သတိပေးသည်။

"သာမန်လူတွေဟာ ကိုယ်ကျိုးကြည့်ကြတာပဲ" ဟု ဂိုဏ်းချုပ်ကြီးက ရဲရင့်စွာ အတည်ပြုလိုက်ပါသည်။

"သူ ရသမျှကို လိုချင်တယ် မဟုတ်လား"

"ရသမျှ လိုချင်တာချည်းဆိုတာ မှန်တယ်။ ဒါပေမယ့် စဉ်းစားစရာ ရှိသေးတယ်"

"ဒီလိုဆိုရင် ကျွန်တော်သိပြီ . . . ။ ဂိုဏ်းချုပ်ကြီးကို ကျွန်တော် ပြောပါရစေ။ ဒီမှာ မီးရထားမှာ အလုပ်လုပ်တဲ့ လူတစ်ယောက်ရှိတယ်"

"ငွေပင်ငွေရင်းအတွက်မဟုတ်ရင် အလုပ်မလုပ်နိုင်ဘူးလေ"

ဂိုဏ်းချုပ်ကြီးက ကြားဖြတ်ပြောပါသည်။

"မှန်ပါတယ်။ အမြတ်ခွဲဝေမှုရဖို့ လုပ်အားမရှိရင် ငွေပင်ငွေရင်း ပျက်ပြုန်းသွားမယ်ဆိုတာ ဂိုဏ်းချုပ်ကြီး ဝန်ခံရမယ်"

ဂိုဏ်းချုပ်ကြီး ငြိမ်နေပါသည်။

"ဝန်မခံဘူးလား"

အားနက်က အတင်းမေးပြန်သည်။

ဂိုဏ်းချုပ်ကြီး ခေါင်းညိတ်ပြ၏။

အားနက်က ဖြစ်နိုင်ဖွယ်ရှိစဉ်သဘောဖြင့် "ဒီလိုဆိုရင် ကျွန်တော်တို့ ပြောနေကြတာတွေဟာ တစ်ခုကိုတစ်ခု ချေဖျက်ပြီးသားပဲ။ နဂိုနေရာမှာ ကျွန်တော်တို့ ရှိနေကြပြီ။ တိုင်း . . . အဲဒီတော့ အစကို ပြန်ကောက်ရမယ်။ မီးရထားလမ်းမှာလုပ်တဲ့ အလုပ်သမားက သူ့လုပ်အားကိုပေးတယ်။ အစုရှယ်ယာသမားက ငွေပင်ငွေရင်းကိုပေးတယ်။ အလုပ်သမားနဲ့ ငွေပင်ငွေရင်းရဲ့ ပူးတွဲအားထုတ်ချက်နဲ့ ငွေကြေးဆိုတာကို ရကြတယ်။ အဲဒီရတဲ့ငွေကို သူတို့အကြား ခွဲယူကြတယ်။ ငွေပင်ငွေရင်းရဲ့အစုကို ခွဲဝေမှု လို့ခေါ်ပြီး အလုပ်သမားကရတဲ့ အစုကို လုပ်ခ လို့ခေါ်ကြတယ်"

"အင်မတန် ကောင်းပါပေတယ်" ဟု ဂိုဏ်းချုပ်ကြီးက ဝင်ပြောသည်။





"ဒါကြောင့် ဒီလိုခွဲဝေမှုဟာ မသင့်တင့်စရာအကြောင်း ဘာမှမရှိဘူးလေ"

"ကျွန်တော်တို့က ဘာကို သဘောတူခဲ့တယ်ဆိုတာ ဂိုဏ်းချုပ်ကြီး မေ့နေပြီလေ။ သာမန် သူလိုငါလိုလူဟာ ကိုယ်ကျိုးကြည့်ကြောင်း ကျွန်တော်တို့ သဘောတူခဲ့ပြီးပြီနော်။ အဲဒီလူပါပဲ။ ဂိုဏ်းချုပ်ကြီးက လေထဲရောက်သွားပြီး ရှိသင့်သော်လည်း မရှိတဲ့ အဲဒီလို လူအချင်းချင်း ခွဲဝေရေးကို စိစဉ်နေတယ်။ ဒါပေမယ့် မြေကြီးပေါ်ကို ပြန်လာတဲ့အခါကျတော့ အလုပ်သမားက ကိုယ်ကျိုးကြည့်တဲ့အတိုင်း ခွဲဝေမှုမှာ သူ ရသင့်တာကို အားလုံးလိုချင်တယ်။ အရင်းရှင်ကလည်း ကိုယ်ကျိုးကြည့်တဲ့အတိုင်း ခွဲဝေမှုမှာ သူ ရနိုင်သမျှအားလုံး လိုချင်တယ်။ ရှိတာက ဒါပဲ။ အဲဒါကိုပဲ လူနှစ်ယောက်က ရနိုင်သမျှလိုချင်တယ်။ အဲဒီမှာ အကျိုးစီးပွားကွဲလွဲမှုဆိုတာ ဖြစ်လာတာပါပဲ။ ဒါဟာ စေ့စပ်ပြေငြိမ်းလို့ မရနိုင်တဲ့ ကွဲလွဲမှုပါ။ အလုပ်သမားနဲ့ အရင်းရှင်တွေ တည်ရှိနေသမျှကာလပတ်လုံး ခွဲဝေမှုနဲ့ ပတ်သက်ပြီး ဆက်လက် ရန်ဖြစ်နေကြမှာပါပဲ။ အခုမွန်းလွဲပိုင်းမှာ ဂိုဏ်းချုပ်ကြီးဟာ ဆန်ဖရန်စစ္စကိုမှာသာဆိုရင် ဂိုဏ်းချုပ်ကြီး လမ်းလျှောက်နေရပြီ။ အဲဒီမှာ မြထားမပြေးဘူး"

"နောက်ထပ် သပိတ်လား" ဟု ဂိုဏ်းချုပ်ကြီးက ထိတ်လန့်စွာ မေးလိုက်ပါသည်။

"ဟုတ်တယ် . . . ။ ရထားလမ်းဝင်ငွေ ခွဲဝေမှုနဲ့ ပတ်သက်ပြီး ရန်ဖြစ်နေကြတယ်"

ဂိုဏ်းချုပ်ကြီးမှာ စိတ်လှုပ်ရှားလာသည်။ "အဲဒါမှားတယ်" ဟု အော်လိုက်သည်။ "အလုပ်သမားဘက်က အမြင်တိုတောင်းလွန်းတယ်။ ကျုပ်တို့ရဲ့ ဘနာမှုကို သူတို့ ဘယ်လိုရပါတော့မလဲ"

"ကျွန်တော်တို့ မလွဲမသွေ လမ်းလျှောက်ရတဲ့အခါမျိုးကျရင်လေ" ဟု အားနက်က ရီသွဲ့သွဲ့ ပြောပါသည်။

သို့ရာတွင် ဂိုဏ်းချုပ်ကြီးမိုးဟောက်က သူ့ကို ဆက်ပြောနေပြန်၏။

"သူတို့အမြင်ကျဉ်းလွန်းတယ်။ လူဟာလူပဲ။ မကြမ်းကြုတ်ရဘူး။ အကြမ်းဖက်တာတွေ၊ လူသတ်တာတွေ၊ ဝမ်းနည်းနေတဲ့ မုဆိုးမတွေ၊ မိဘမဲ့ ကလေးတွေပေါ်လာလိမ့်မယ်။ ငွေပင်ငွေရင်းနဲ့ လုပ်အားဟာ မိတ်ဆွေ ဖြစ်ရမယ်၊ လက်ချင်းတွဲပြီး အားလုံးအကျိုးအတွက် အလုပ်လုပ်ကြရမယ်"

"ဟော . . . ဂိုဏ်းချုပ်ကြီး လေထဲ ပြန်ရောက်သွားပြန်ပြီ ခေါင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကို ပြန်လာစမ်းပါ။ သူလိုငါလို သာမန်လူဟာ ကိုယ်ကျိုးကြည့်တယ်လို့ ကျွန်တော်တို့ သဘောတူခဲ့ကြပြီ” ဟု အားနက်က ခြောက်သွေ့သွေ့ မှတ်ချက်ချလေသည်။

“ဒါပေမယ့် ဒီလိုမဖြစ်သင့်ဘူးလေ”

“ဟုတ်ပြီ။ ဂိုဏ်းချုပ်ကြီးပြောတာကို ကျွန်တော်သဘောတူတယ်။ လူဟာ ကိုယ်ကျိုးမကြည့်သင့်ဘူး။ ဒါပေမယ့် ဝက်တွေရဲ့ကျင့်ဝတ်အပေါ် အခြေခံထားတဲ့ လူမှုစနစ်ထဲမှာ အသက်ရှင်နေသမျှကာလပတ်လုံးတော့ ဆက်ပြီး ကိုယ်ကျိုးကြည့်နေမှာပဲ”

ဂိုဏ်းချုပ်ကြီးမှာ အံ့အားသင့်နေပြီးဖေဖေက ချုပ်တည်း၍ ရယ်နေပါသည်။

အားနက်က ဘာမှမဖြစ်သလို ဆက်ပြောပါသည်။

“ဟုတ်တယ်. . .။ ဝက်ကျင့်ဝတ်လေ။ ဒါဟာ အရင်းရှင်စနစ်ရဲ့ အဓိပ္ပာယ်ပဲ။ ဒါကိုပဲ ဂိုဏ်းချုပ်ကြီး တရားပြနေတာပါ။ ဝက်ကျင့်ဝတ်. . . တခြားခေါ်စရာ နာမည်မရှိပါဘူး”

ဂိုဏ်းချုပ်ကြီး မိုးပေါက်က ဖေဖေ့ကို အကူအညီတောင်းသောအားဖြင့် လှမ်းကြည့်သည်။ ဖေဖေကတော့ ရယ်ရင်း ခေါင်းညိတ်နေပါသည်။ ဖေဖေတ. . .

“မစ္စတာအဲဗားဟတ်များ မှန်နေသလားမသိဘူး။ မစ္စတာအဲဗားဟတ် ပြောသလိုပါပဲ။ ခင်ဗျားတို့က ထူထောင်ပြီးသား လူ့အဖွဲ့အစည်းအတွက် ဆုံးမနေကြတာတို့။ အဲဒီ လူ့အဖွဲ့အစည်းကလည်း ဒီပေါ်မှာ အခြေခံထားတာ တလား”

“သို့သော်. . . ဒါဟာ ခရစ်တော်ရဲ့အဆုံးအမ. . . မဟုတ်ဘူးဗျ” ဂိုဏ်းချုပ်ကြီးက အော်လိုက်သည်။

“အခုအခါမှာတော့ ခရစ်တော်ရဲ့ အဆုံးအမတွေကို မသင်ပြတော့ပါဘူး။ ဒါကြောင့် အလုပ်သမားတွေဟာ ဂိုဏ်းချုပ်ကြီးတို့နဲ့မဆိုင်တော့ဘူး၊ အရင်းရှင်လူတန်းစားက အလုပ်သမားလူတန်းစားအပေါ် ကြမ်းကြုတ်ရက်စက်မှုတွေလုပ်နေတာတို့ ဂိုဏ်းချုပ်ကြီးတို့က ခွင့်လွှတ်နေတယ်” ဟု အားနက်က ချက်ချင်းလက်ငင်း ပြန်ပြောသည်။

“ဒါကို ခွင့်မလွှတ်ပါဘူး” ဂိုဏ်းချုပ်ကြီးက ကန့်ကွက်လိုက်၏။





“ကန့်လည်းမကန့်ကွက်ဘူးလေ။ မကန့်ကွက်တာဟာ ခွင့်လွှတ်တာပါပဲ။ ဂိုဏ်းချုပ်ကြီးတို့ကို အရင်းရှင်လူတန်းစားက ထောက်ပံ့ထားတယ်ဆိုတာ အတိရပါ”

“ကျုပ်တော့ ဒီလိုမမြင်ဘူးလေ။ မောင်ရင်မှားနေတာဖြစ်ပါလိမ့်မယ်။ လောကကြီးမှာ ကြေကွဲမှုတွေ၊ ကောက်ကျစ်မှုတွေ အများကြီးရှိတာ ကျုပ်သိပါတယ်။ မောင်ရင်ပြောတဲ့ ပစ္စည်းမဲ့ဆိုသူတွေကို ကျုပ်တို့ ဆုံးရှုံးခဲ့ရတယ်ဆိုတာလည်း ကျုပ်သိပါတယ်”

“ဂိုဏ်းချုပ်ကြီးတို့မှာ ပစ္စည်းမဲ့လူတန်းစား ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ပစ္စည်းမဲ့လူတန်းစားဟာ ဂိုဏ်းချုပ်ကြီးတို့ရဲ့အပြင်ဘက်မှာ ဂိုဏ်းချုပ်ကြီးတို့ မပါဘဲ ကြီးထွားလာတာပါ”

“မောင်ရင်ပြောတာ ကျုပ် သဘောမပေါက်ဘူး” ဂိုဏ်းချုပ်ကြီးက စိတ်ပျက်လက်ပျက် ပြောလိုက်ပါသည်။

“ကောင်းပြီလေ။ ဒီလိုဆိုရင် ကျွန်တော်ရှင်းပြပါရစေ။ ဆယ့်ရှစ်ရာစု ဆယ်နောက်ပိုင်းမှာ စက်ယန္တရားနဲ့ စက်ရုံစနစ်ကို အသုံးပြုလာခြင်းနဲ့အတူ အလုပ်သားပြည်သူလူထု အများစုကြီးဟာ မြေယာနဲ့ ကင်းကွာသွားခဲ့ကြတယ်။ လုပ်အားစနစ်ဟောင်းဟာ ကျိုးပဲ့ပျက်စီးသွားတယ်။ လုပ်သားပြည်သူတွေကို သူတို့ရဲ့ မြေယာများဆီကနေ စက်ရုံများဆီသို့ မောင်းသွင်းခဲ့ကြတယ်။ ဒီ စက်ယန္တရားသစ်တွေမှာ သားသည်မအေတွေရော . . . ကလေးတွေကိုပါ အလုပ်လုပ်ခိုင်းတယ်။ မိသားစုဘဝရုပ်စဲသွားခဲ့တယ်။ အခြေအနေတွေဟာ ကြောက်စရာကောင်းပြီး ရွံ့ရှာဖွယ်ရာဖြစ်ပါတယ်။ ဒါဟာ သွေးပုံပြင်ပါ”

“ကျုပ်သိပါတယ်. . . ကျုပ်သိပါတယ်” ဂိုဏ်းချုပ်ကြီးက ကြားဝင်ပြောပါသည်။ “အင်မတန်ကြောက်စရာပါ။ သို့သော် ဒါတွေဟာ ဖြစ်ခဲ့တာ နှစ်ပေါင်း တစ်ရာကျော်ငါးဆယ်ကပါ”

အားနက်က ဆက်ပြောပါသည်။ “အဲ. . . အဲဒီနှစ်ပေါင်း တစ်ရာငါးဆယ်တုန်းက ပစ္စည်းမဲ့လူတန်းစားဆိုတာ အစပျိုးခဲ့တာပါ။ ဒါကို ဂိုဏ်းချုပ်ကြီးတို့က လျစ်လျူပြုခဲ့ပါတယ်။ အရင်းရှင်တွေက တစ်နိုင်ငံလုံးကို သားသတ်ရုံလုပ်တုန်းက လျစ်လျူပြုခဲ့တယ်။ အခုလည်း လျစ်လျူပြုနေတုန်းပါပဲ။ ဂိုဏ်းချုပ်ကြီးတို့က မကြားချင် မမြင်ချင်ဟန်လုပ်နေခဲ့ကြတယ်။ အဲဒါ ဟုတ်တယ် မဟုတ်ဘူး ဆိုတာကို တိတိကျကျပြောစေလိုပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးမှာ တွန့်ဆုတ်နေပါသည်။ ဤတွင် အားနက်က ဆက်ပြောပါသည်။

"ဆယ့်ရှစ်ရာစုသမိုင်းကို ရေးပြီးသားပါ။ အကယ်၍ကျွန်တော်ပြောတဲ့ အတိုင်း ဂိုဏ်းချုပ်ကြီးတို့က မသိချင် မမြင်ချင်ဟန် မပြုခဲ့ဘူးဆိုရင် စာအုပ်ထဲမှာ မသိချင် မမြင်ချင်ဟန် မပြုခဲ့ဘူးဆိုတာ တွေ့ရမှာပေါ့"

"ဝတ်ကျောင်းတွေဘက်က မသိဟန်၊ မမြင်ဟန် ပြုကောင်း ပြုနေခဲ့တယ်လို့ ကျုပ်ထင်တယ်" ဂိုဏ်းချုပ်ကြီးက ဝန်ခံပါသည်။

"ကနေ့လည်း . . . ဒီလိုပါပဲ"

"ဒါတော့ ကျုပ် သဘောမတူဘူး"

အားနက်က ခေတ္တရပ်ထားလိုက်ပြီး သူ့ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်ကာ ဆက်၍စိန်ခေါ်ပြန်ပါတော့သည်။

"ကောင်းပါပြီ။ ကျွန်တော်တို့ကြည့်ရအောင်။ ချီကာဂိုမှာ ဆင့်ကိုးဆယ် ရပါမယ့်အရေး တစ်ပတ်လုံးလုံး ပင်ပန်းကြီးစွာ အလုပ်လုပ်နေရတဲ့ မိန်းမတွေ ရှိတယ်ခင်ဗျာ။ ဒါကို ဝတ်ကျောင်းတွေဘက်က ကန့်ကွက်ခဲ့ဖူးသလား"

"ဒါဟာ . . . ကျုပ်အဖို့ သတင်းပါပဲ။ တစ်ပတ်ကို ဆင့်ကိုးဆယ် ဟုတ်လား။ ကြောက်ခမန်းလိလိပါလား"

"ဂိုဏ်းချုပ်ကြီး ကန့်ကွက်ခဲ့ဖူးသလား" အားနက်က အတင်းအကျပ်တင်မေးသည်။

"သိမှ မသိဘဲကိုး . . . " ဂိုဏ်းချုပ်ကြီးမှာ ခက်ခက်ခဲခဲ ခုခံတိုက်ခိုက်နေရပါသည်။

"ဆောင်ပိုင်းက ချည်စက်တွေမှာ ကလေးတွေကို အလုပ်လုပ်ခိုင်းနေတာကို ဂိုဏ်းချုပ်ကြီးတို့ရဲ့ အရင်းရှင်များက ဘယ်တော့ ကန့်ကွက်မှာလဲ။ အသက် ခြောက်နှစ် ခုနစ်နှစ်သာရှိသေးတဲ့ကလေးတွေဟာ ဆယ့်နှစ်နာရီ အဆိုင်းတွေခွဲပြီး ညတိုင်းအလုပ်လုပ်ရတယ်။ တောက်ပတဲ့နေရောင်ကို သူတို့ မမြင်ရဘူး။ သူတို့ ယင်ကောင်တွေလို သေနေရတယ်။ ခွဲဝေမှုရတယ်ဆိုတာ သူတို့သွေးနဲ့ရင်းပြီး ရတာပါ။ အဲဒီခွဲဝေရတာတွေထဲက နယူးအင်္ဂလန်မှာ ခန့်ခန့်ညားညားကျောင်းကြီးတွေ ဆောက်ခဲ့တယ်။ ဂိုဏ်းချုပ်တို့လည်း ဗိုက်တွေရွဲလာကြတယ်"

"ကျုပ်မသိပါဘူး" ဂိုဏ်းချုပ်ကြီးလေသံမှာ ပျော့လှပါသည်။ သူ့မျက်နှာ





သည်လည်း ဖျော့တော့နေပါသည်။

"ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီးတို့ မကန့်ကွက်ခဲ့ဘူးပေါ့"

ဂိုဏ်းချုပ်ကြီးက ခေါင်းခါသည်။

"ဒီလိုဆိုရင် ဆယ့်ရှစ်ရာစုခေတ်ကလိုပဲ မသိဟန် မမြင်ဟန်ပြုနေသေးတယ်ပေါ့"

ဂိုဏ်းချုပ်ကြီးမှာ နှုတ်ဆိတ်နေသည်။ အားနက်က ဆုပ်မိကိုင်မိနေသောအချက်ကို လက်မလွှတ်. . .။

"ဂိုဏ်းချုပ်ကြီးတို့ထဲက တစ်ယောက်ယောက်က ကန့်ကွက်တာနဲ့ တစ်ပြိုင်နက် အလုပ်ထုတ်ခံရလိမ့်မယ်ဆိုတာ မမေ့ပါနဲ့"

"ဒါကို ကရားတယ်လို့ ကျုပ် မထင်ဘူး"

"ဂိုဏ်းချုပ်ကြီး ကန့်ကွက်မလား"

"ခု ပြောသလို ကျုပ်တို့ အသိုင်းအဝိုင်းထဲမှာ မကောင်းဆိုးဝါးရှိရင် ပြပါ။ ကျုပ် ကန့်ကွက်မယ်"

"ကျွန်တော် ပြပါ့မယ်။ ကျွန်တော့်ကို ကြိုက်သလိုဆိုနိုင်ပါတယ်။ ဂိုဏ်းချုပ်ကြီးကို ကျွန်တော်က ငရဲက လျှောက်သွားရမယ့်ခရီးကို ခေါ်သွားမယ်"

"ကျုပ် ကန့်ကွက်မယ်။ ကျုပ်တို့ မသိချင်မမြင်ချင်လုပ်နေလို့မရဘူး"

ဂိုဏ်းချုပ်ကြီးက ကိုယ်ကိုမတ်မတ်ပြု၍ထိုင်ပါသည်။ သူ့မျက်နှာမှာ ခစ်သူကြီးတစ်ဦး၏ မျက်နှာလို ဖြစ်နေပါသည်။

"ဂိုဏ်းချုပ်ကြီးကို ဖြုတ်ပစ်လိမ့်မယ်နော်"

"ကျုပ်က ခိုင်လုံအောင် လုပ်မယ်လေ။ မောင်ရင် ပြောခဲ့တဲ့အတိုင်း အချင်လျှပြုတဲ့အမှားကို လုပ်ခဲ့သလား ဆိုတာ ခိုင်လုံအောင်လုပ်မယ်။ နောက်ပြီး တော်မှု လူ့အဖွဲ့အစည်းပေါ်ပေါက်ခဲ့တဲ့ ကြောက်မက်ဖွယ်ရာတိုင်းဟာ အရင်းရှင်လူတန်းစားရဲ့ လျစ်လျူပြုမှုကြောင့်လို့ ကျုပ်ခံယူတယ်။ ဒါတွေကိုသိတာနဲ့ တစ်ပြိုင်နက် ပြုပြင်ရမယ်။ ဒီလို ပြုပြင်ရေးဟာ ကျုပ်တို့ရဲ့ တာဝန်ဖြစ်လာစေရမယ်"

အားနက်က ရယ်နေပါသည်။ သူ့ရယ်ပုံမှာ ဟက်ဟက်ပက်ပက် နိုင်လွန်းလှသဖြင့် ဂိုဏ်းချုပ်ကြီးဘက်က ကျွန်မ ဝင်၍ ကာကွယ်မိပါသည်။

"ဒီမှာ. . . ဒိုင်းရဲ့တဘက်လောက်ကိုသာ ရှင်မြင်နေတယ်ဆိုတာ သတိထားပါ။ ကျွန်မတို့အပေါ် မကောင်းတာမှန်သမျှ ရှင်က ပုံချထားမယ့် တွန်းမ



www.burmeseclassic.com

www.burmeseclassic.com



တို့ထဲမှာ ကောင်းတာတွေအများကြီး ရှိပါတယ်။ ရှင်ပြောတဲ့အတိုင်း ကြောက်စရာကောင်းလောက်အောင် စက်မှုလုပ်ငန်းက မှားခဲ့တာတွေဟာ လျစ်လျူပြုမှုကြောင့် ဖြစ်တယ်။ လူ့အဖွဲ့အစည်း ခွဲဝေမှုဟာ အင်မတန် ကျယ်ကျယ်ပြန့်ပြန့် ကွဲပြားလာခဲ့တယ်"

"အင်ဒီးယန်းရိုင်းတစ်ယောက်တောင် အရင်းရှင် လူတန်းစားလောက် မရက်စက် မကြမ်းကြုတ်ပါဘူး" ဟု သူက ဖြေပါသည်။ ထိုအချိန်တွင် ကျွန်မ သူ့ကို မုန်းတီးလှပါသည်။

"ရှင် ကျွန်မတို့အကြောင်းကို မသိပါဘူး။ ကျွန်မတို့ မရက်စက် မကြမ်းကြုတ်ပါဘူး"

"သာမကေ ထူစမ်းပါ" ဟု သူက စိန်ခေါ်ပြန်ပါသည်။

"ရှင့်ကို ကျွန်မ ဘယ်လို သာမကေထူနိုင်ပါ့မလဲ" ပြောရင်း ကျွန်မ စိတ်ဆိုးလာသည်။

သူက ဦးခေါင်းကို ခါယမ်းလျက် "ကျွန်တော့်ကို သာမကေထူဖို့ပြောတာ မဟုတ်ဘူး။ ခင်ဗျားဘာသာခင်ဗျား သာမကေထူဖို့ ကျွန်တော်ပြောတာပါ"

"ကျွန်မ သိပါတယ်"

"ခင်ဗျား ဘာမှမသိဘူး" သူ့အဖြေက ရိုင်းလှသည်။

"ဒီမှာ. . . ဒီမှာ. . . ကလေးတို့" ဖေဖေက ချိုသာညင်းပျောင်းစွာ ဝင်ပြောသည်။

"ကျွန်မ ဂရုမစိုက်ဘူး" ဟု ကျွန်မက စကားစမည်အပြုတွင် အားနက်က [illegible] ကြားဖြတ်၍. . .

"ခင်ဗျားမှာ ငွေရှိတယ်၊ ဒါမှမဟုတ် ခင်ဗျားအဖေမှာ ငွေရှိတယ်။ ငွေဆိုတော့ အတူတူပေါ့လေ၊ အဲဒီငွေကို ဆီယာရာစက်ရုံမှာ မြှုပ်နှံထားတာ ကျွန်တော် နားလည်ပါတယ်"

"ဒါနဲ့ ဘာဆိုင်လို့လဲ" ကျွန်မက အော်လိုက်၏။

"ခင်ဗျားဝတ်ထားတဲ့ ဝတ်ရုံမှာ သွေးစွန်းနေတာမှအပ သိပ်တော့ မဆိုင်လှပါဘူးလေ၊ ခင်ဗျားစားနေတဲ့ အစားအစာဟာ သွေးနဲ့နှပ်ထားတဲ့ အစားအစာပါ။ ကလေးငယ်တွေ၊ လူသန်ကြီးတွေရဲ့ သွေးဟာ ခင်ဗျားအိမ်ရဲ့ ခေါင်တန်းတွေကနေ တစ်စက်စက်ကျနေတယ်။ ကျွန်တော့်မျက်စိကို အခုမှိတ်ထား။ တစ်စက်စက်ကျသံတွေ ကြားနေရသေးတာပဲ"





အပြောနှင့်အလုပ်ညီစေရန် သူက မျက်စိမှိတ်၍ ကုလားထိုင်နောက်မှီ [illegible]တ်သို့ မှီထားသည်။ ကျွန်မမှာ မိမိ ဂုဏ်မာနကို ထိရကောင်းလားဆိုတာ [illegible]တ်ရည်တတွေတွေ စီးကျလာမိသည်။ တစ်သက်နှင့်တစ်ကိုယ် ဤမျှ ရက်စက် ကြမ်းကြုတ်စွာ ပြုမူဆက်ဆံခြင်းကို တစ်ခါမျှ မခံခဲ့ရဖူးပါ။ ဂိုဏ်းချုပ်ကြီးရော [illegible]ဖေပါ အံ့အားသင့်နေကြပြီး နှုတ်ဆိတ်နေကြပါသည်။ စကား လမ်းကြောင်း [illegible]ပြောင်းဖို့ သူတို့ ကြိုးစားကြသည်။

အားနက်က မျက်စိကိုဖွင့်ကာ ပင်ကိုအတိုင်း ပြန်ထိုင်သောအခါ ကျွန်မ [illegible]ဖြစ်ကို တွေ့သွားသည်။ သူ့ပါးစပ်ရော မျက်စိအစုံပါ အံ့အားသင့်နေဟန် [illegible]သည်။ ရယ်မောသံလည်း ပေါ်မလာတော့။ သူ ဘာပြောဦးမည်နည်း။ ကျွန်မ [illegible] ဘယ်သို့များ ဟောပြော ဆုံးမဦးမည်နည်း။ ကျွန်မ မသိပါ။ ထိုအချိန် [illegible]ဘေးမှ ဖြတ်လျှောက်သွားသော လူတစ်ယောက်က ကျွန်မတို့ကို ရပ်ကြည့် [illegible]နေပါသည်။ သူကား လူလုံးလူဖန် ထွားလှပြီး အဝတ်အစားမှာ နုံချာလှပါသည်။ [illegible]ကျောပေါ်တွင် ကြိမ်ပစ္စည်းများကို လေးလံစွာ သယ်ပိုးထားသည်။ ကျွန်မတို့ [illegible]သို့ သူလာ၍ သူ့ပစ္စည်းများ ရောင်းရန် သင့် မသင့် လှမ်းကြည့်နေပါသည်။

အားနက်က ပြောသည်။

"အဲဒီ လူနာမည်က ဂျက်ဆင်တဲ့"

"သူ့လို သန်သန်စွမ်းစွမ်းက ဈေးလှည့်မရောင်းဘဲ အလုပ် ဝင်လုပ်သင့် [illegible]ပေါ့" ဟု ကျွန်မ တိုတိုတောင်းတောင်း ဝင်ပြောလိုက်သည်။

"သူ့ယာဘက် လက်မောင်းက အကျီလက်ကို သတိထားကြည့်စမ်း"

အားနက်၏ လေသံမှာ သာယာညင်းပျောင်းသည်။

"အဲဒီလူရဲ့ ယာဘက် လက်မောင်းက သွေးတွေ ခင်ဗျားတို့ အိမ် ခေါင်တန်းက တစက်စက် စီးကျသံကို ကျွန်တော် ကြားတာပေါ့။ ဆီယာရာ [illegible]တ်ရုံမှာ သူ့လက်တစ်ဖက် ဆုံးရှုံးခဲ့တယ်လေ။ မြင်းအိုမြင်းကျိုးတစ်ကောင် [illegible]ပေါ့ဗျာ။ ခင်ဗျားတို့က သူ့ကို အလုပ်က ထုတ်ပစ်လိုက်ပြီး လမ်းမပေါ်မှာ [illegible]သေစေဆိုပြီး မောင်းလွှတ်လိုက်တာပဲ။ ခင်ဗျားတို့လို့ ကျွန်တော်က အော်ပြော [illegible]တာဟာ ခင်ဗျားတို့အတွက် စက်ရုံကို အုပ်ချုပ်ခန့်ခွဲဖို့ ခင်ဗျားတို့နဲ့ အခြား [illegible]ရှင်တွေက လစာပေးထားတဲ့ ရုံးအုပ်နဲ့ အရာရှိတွေကို ကျွန်တော် ဆိုလို[illegible] ဒါဟာ မတော်တဆပါ။ ကုမ္ပဏီမှာ ဒေါ်လာအနည်းငယ် ပိုရပါစေ[illegible] [illegible]ကြိုးစားခဲ့လို့ ဖြစ်ရတာပါ။ စက်ထဲ သူ လက်ညပ်သွားတယ်၊ လ[illegible]

www.burmeseclassic.com

www.burmeseclassic.com



နေ လက်မောင်းရင်းအထိ စိစိညက်ညက် ကြေသွားတယ်။ အချိန်ကလည်း ညကြီး၊ စက်ရုံတစ်ရုံလုံး အချိန်ပိုလုပ်နေကြချိန်ပေါ့။ ဂျက်ဆင်ဟာ နာရီပေါင်းများစွာ အလုပ်လုပ်ခဲ့ပြီးပြီ။ သူ့ကြွက်သားတွေမှာ ခွန်အား မရှိတော့ဘူး။ ဒါကြောင့်လည်း စက်ညပ်သွားတာပါပဲ။ သူ့မှာ မိန်းမနဲ့ ကလေး သုံးယောက် ရှိတယ်"

"ကုမ္ပဏီက သူ့အတွက် ဘာလုပ်ပေးသလဲ" ကျွန်မက မေးလိုက်သည်။

"ဘာမှ မလုပ်ပေးဘူးလေ။ အဲ. . . လုပ်ပေးတာ တစ်ခုတော့ ရှိတယ်၊ သူ ဆေးရုံက ဆင်းပြီးနောက် လျော်ကြေးတောင်းတော့ ကုမ္ပဏီက အနိုင်ရအောင် တိုက်ခဲ့တယ်လေ၊ ကုမ္ပဏီက အင်မတန်တော်တဲ့ ရှေ့နေတွေ ငှားထားတာကိုး"

"ရှင်က ဇာတ်လမ်းတစ်ခုလုံးကို ပြောတာမဟုတ်ဘူး။ သို့မဟုတ် ဇာတ်လမ်းတစ်ခုလုံးကို ရှင် မသိဘူး၊ ဒီလူဟာ ပေါ့ပေါ့ရမ်းရမ်း ဖြစ်ရမယ်" ကျွန်မက ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်ပါသည်။

"ပေါ့ပေါ့ရမ်းရမ်း ဟုတ်လား။ ဘုရားသခင် ကိုယ်တော်မြတ်ကြီးရယ်၊ ပေါ့ပေါ့ရမ်းရမ်းဖြစ်လို့ လက်တစ်ဖက် စက်ဝါးခံရတယ်ပေါ့။ ဘာပဲဖြစ်ဖြစ်လေ၊ သူက လူကောင်းပါ။ အနိမ့်ပိုင်းက အမှုထမ်းပါ။ ပေါ့ရမ်းမှတ်တမ်း မရှိပါဘူး"

"ဒါပေမယ့် တရားရုံးက သူ့ကို ဆန့်ကျင်တဲ့ အဆုံးအဖြတ် မချခဲ့ဘူးထင်တယ်"

"အာနယ် အင်ဂရမ်ဟာ ကုမ္ပဏီအတွက် ဦးဆောင်တဲ့ ဝတ်လုံပါ။ သူတာ အင်မတန် ပါးနပ်လိမ္မာတဲ့ ဝတ်လုံ၊ မစ်ကင်နင်ဂန် ဘာလုပ်ရမယ် ဆိုတာ ကျွန်တော် ပြောပြမယ်၊ ဂျက်ဆင်အမှုကို စုံစမ်းကြည့်ပါ"

"စုံစမ်းကြည့်ဖို့ ကျွန်မ စိတ်ပိုင်းဖြတ်ပြီးပြီ" ကျွန်မက အေးအေးဆေးဆေးဝင် ပြောလိုက်ပါသည်၊

"ကောင်းပါပြီ၊ သူ့ကို ဘယ်မှာ ရှာတွေ့နိုင်မယ်ဆိုတာ ကျွန်တော် ပြောပြမယ်၊ ဂျက်ဆင်ရဲ့ လက်မောင်းကိစ္စကို ခိုင်လုံအောင် လုပ်မယ်ဆိုတာ စဉ်းစားမိတိုင်း ခင်ဗျားအတွက် ကျွန်တော် တုန်လှုပ်မိပါတယ်"

ဤသို့ဖြင့် အားနက်၏ စိန်ခေါ်ချက်တွေကို ကျွန်မရော ဂိုဏ်းချုပ်ကြီးပါ လက်ခံမိလျက်သား ဖြစ်လာပါတော့သည်၊ သူတို့ အတူတကွ ထွက်သွား





ကြသည်၊ ကျွန်မနှင့် ကျွန်မလူတန်းစားအပေါ် မတရားလုပ်လေခြင်းဟူသော အသိဖြင့် ကျွန်မတစ်ဦးတည်း ကျန်ရစ်ပါသည်၊ သူ့ကို ကျွန်မ မုန်းတီးမိသည်၊ ထို့နောက် သူ့အပြုအမူမှာ အလုပ်သမား လူတန်းစားထဲက လူတစ်ယောက်ထံမှ မျှော်လင့်နိုင်သည့် အပြုအမူသာ ဖြစ်သည်ဟူသောအတွေးဖြင့် ကျွန်မကိုယ်ကျွန်မ နှစ်သိမ့်နေမိပါတော့သည်၊

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၃ ]

## ဂျက်ဆင်၏ လက်မောင်း

ကျွန်မဘဝတွင် ဂျက်ဆင်၏ လက်မောင်းသည် ကံကြမ္မာကို ဆုံးဖြတ်သော အစိတ်အပိုင်းမှ ပါဝင်လိမ့်မည်ဟု အိပ်မက်ပင် မမက်ခဲ့ဖူးပါ။ ကျွန်မ သူ့ကို ရှာတွေ့သောအခါ၌ ဂျက်ဆင်ကိုယ်တိုင်လည်း ကျွန်မအပေါ် အထင်ကြီးလှပုံ မရပါ။

**စိမ့်မြေ** အစွန်ဘက် ပင်လယ်အော်အနီးရှိ တဲငယ်တစ်ခုတွင် ကျွန်မ သူ့ကို ရှာတွေ့ခဲ့ပါသည်။ ရေဆိုးရေညစ်တို့သည် သူ့အိမ်ကို ဝန်းရံလျက် ရှိ၏။ ရေပေါ်တွင် ရေညှိများ အညစ်အကြေးများ လွှမ်းနေပြီး အနံ့အသက်ဆိုးတွေမှာ မွန်းသာလောက်အောင် ရှိပါသည်။

ရိုးသားနုံချာသော ဂျက်ဆင်ဟု ဖော်ပြခဲ့သည့်အတိုင်း သူ့ကို ကျွန်မ တွေ့ရပါပြီ။ သူသည် ကြိမ်မစွည်းတွေ ရက်လုပ်နေ၏။ ကျွန်မ စကားပြောနေခိုက်မှာပင် ပင်ပန်းကြီးစွာ အလုပ်လုပ်နေပါသည်။ ရိုးသားနုံချာသည့်





အကြားကပင် သူ့စိတ်တွင်းမှ ခါးသီးသော အငွေ့အသက်ကို ကျွန်မ ဝဝလင်လင်ကြီးစွာ ခံစားမှတ်သားမိပါသည်။

"သူတို့ ကျုပ်ကို အနည်းဆုံး ညစောင့်အလုပ်လောက်တော့ ဘယ်လိုဖြစ်ဖြစ် ပေးသင့်တာပေါ့ဗျာ"

သူ့ကို ကျွန်မ နည်းနည်းပါးပါး ရိပ်စားမိလိုက်ပါသည်။ ကျွန်မကို ခေါင်းမာသူဟု ယူဆဟန် တူသည်။ လက်တစ်ဖက်တည်းဖြင့် အလုပ်လုပ်နေသော သူ့အဖြစ်ကို ကြည့်ရင်း ကျွန်မ အကြံရလာသည်။

"ရှင့်လက်တစ်ဘက်က စက်ထဲကို ဘယ်လိုညပ်သွားတာလဲ"

သူက ကျွန်မကို ဖြည်းဖြည်းချင်း စဉ်းစားသောအကြည့်ဖြင့် ကြည့်လိုက်ပြီး ခေါင်းခါပါသည်။

"ကျုပ် မသိဘူး။ ဖြစ်တာတော့ ဖြစ်ခဲ့တာပဲ"

"ဂရုမစိုက်မိလို့လား"

"မဟုတ်ဘူး။ ကျုပ် အချိန်ပိုလုပ်နေတာ။ ပင်ကလည်း ပင်ပန်း၊ ဒီစက်မှာ ဆယ့်ခုနစ်နှစ်ရှိပြီ ကျုပ် အလုပ်လုပ်ခဲ့တာ။ ဒီလို ထိခိုက်မှု အများစုဟာ ညဦး မမှတ်မိကလေးတွင် ဖြစ်ရတယ်ဆိုတာ ကျုပ် သတိထားမိတယ်။ တစ်နေ့လုံး တခြားအချိန်ထက်စာရင် ညဦး မမှတ်မိအချိန်မှာ ဒီလိုအဖြစ်မျိုးတွေ အများဆုံး ဖြစ်တယ်ဆိုတာ ကျုပ် လောင်းရဲတယ်။ လူတစ်ယောက်ဟာ နာရီပေါင်းများစွာ အလုပ်လုပ်ခဲ့ပြီးတဲ့နောက် ခါတိုင်းလို မမြန်တော့ဘူးဗျ။ အဲဒီလက်ပြတ်တာ၊ ကျိုးပဲ့တာတွေကို အများကြီး ကျုပ် မြင်ဖူးတယ်"

"များသလား" ကျွန်မ မေးလိုက်ပါသည်။

"ရာပေါင်းများစွာပေါ့ဗျာ။ ကလေးတွေလည်း ပါရဲ့"

ကြောက်ရွံ့ တုန်လှုပ်ဖွယ်ကောင်းသော အသေးစိတ်များကလွဲ၍ ဂျက်ဆင်၏ ထိခိုက်မှုဇာတ်လမ်းမှာ ကျွန်မ ကြားသိရပြီးဖြစ်သည့် ဇာတ်လမ်းနှင့် ထပ်တူ ဖြစ်ပါသည်။ စက်နှင့် အလုပ်လုပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်အချို့ကိုများ ချိုးဖောက်မိ၍လားဟု ကျွန်မ မေးရာ သူက ခေါင်းခါသည်။

"ကျုပ် လက်ပါသွားပြီဆိုတာ ကျုပ်သိတယ်။ ဆွဲထုတ်ဖို့တော့ မြန်မြန်ကြိုးစားပါတယ်။ ဒါပေမယ့် မရဘူး"

"တော်တော် နာမယ်နော်"

ကျွန်မက ကြင်နာစွာ ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရိုးတွေ စိစိညက်ညက်ကြေတယ်ဆိုတာ ကောင်းတော့ မကောင်းလှဘူး" သူ့အဖြေမှာ ဤမျှသာဖြစ်ပါသည်။

လျော်ကြေးနှင့် စပ်လျဉ်း၍ သူ့စိတ် မကြည်မလင် ဖြစ်နေပုံရပါသည်။ လျော်ကြေးမရနိုင်ခဲ့ခြင်းသာလျှင် သူ့အတွက် တစ်ခုတည်းသော ရှင်းနေသည့်အရာဖြစ်သည်။ ဖိုမင်နှင့်ရုံးအုပ်တို့၏ အစစ်ခံချက်များက တရားရုံး၏ ဆန့်ကျင်ဘက် ဆုံးဖြတ်ချက်ကို ပေါ်ပေါက်စေခဲ့သည်ဟူသော ခံစားချက်ရှိနေသည်။ အစစ်ခံချက်မှာ "ဖြစ်သင့်ဖြစ်ထိုက်သော အစစ်ခံချက်" မဟုတ်ဟု သူက ဆိုသည်။ ထို့ကြောင့် သူတို့ထံသို့သွားရန် ကျွန်မ ပိုင်းဖြတ်လိုက်မိသည်။

တစ်ခုတော့ ရှင်းနေပါသည်။ ဂျက်ဆင်၏ အခြေအနေမှာ ဆိုးရွားလှပါသည်။ သူ့မိန်းမမှာ ကျန်းမာရေး မကောင်း။ သူက ပိုက်ဆံရအောင် မရှာနိုင်။ ကြိမ်ပစ္စည်းကလေး ရက်လုပ် ရောင်းချခြင်းဖြင့် သူ့မိသားစုမှာ မဝတဝဖြင့် စားသောက်နေရသည်။ အသက် ဆယ့်တစ်နှစ်ရှိ အကြီးဆုံးသားက စက်ရုံမှာ အလုပ်ဝင်လုပ်နေရသည်။

"ညစောင့် အလုပ်လောက်တော့ သူတို့ ကျုပ်ကို ပေးဖို့ ကောင်းပါတယ်"

ကျွန်မထွက်လာချိန်၌ သူ နောက်ဆုံးပြောလိုက်သည့် စကားလုံးများပင် ဖြစ်ပါသည်။

ဂျက်ဆင့်အမှုကို လိုက်သော ရှေ့နေနှင့် လည်းကောင်း၊ အစစ်ခံခဲ့ကြသော ဖိုမင်နှင့် ရုံးအုပ်တို့ကို လည်းကောင်း ကျွန်မ တွေ့ဆုံပြီးချိန်၌ အားနက်၏ ပြောဆိုချက်များနောက်တွင် တစ်ခုခုတော့ ရှိနေပြီဟု ကျွန်မ စတင်တွေးတောလာမိပါသည်။

အားနည်းပြီး အားမရနိုင်စရာ လူတစ်ယောက်ဖြစ်သည့် ရှေ့နေကို ကျွန်မ တွေ့ပြီးသည်နှင့်တစ်ပြိုင်နက် ဂျက်ဆင် အမှုရှုံးရခြင်းအတွက် ကျွန်မ မအံ့ဩတော့ပါ။ ဤကဲ့သို့သော ရှေ့နေမျိုးကိုသာ ဂျက်ဆင် ရထိုက်ပါသလောဟု စဉ်းစားသည်။ တစ်ချိန်တည်းမှာပင် "ကုမ္ပဏီက အင်မတန်တော်တဲ့ ရှေ့နေတွေ ငှားထားတာ"၊ "ကာနယ်အင်ဂရမ်ဟာ အင်မတန် ထက်မြက်တဲ့ ရှေ့နေ" ဆိုသော အားနက်၏ ပြောဆိုချက်များ ကျွန်မစိတ်တွင်းသို့ ဖြတ်ကနဲ ဝင်ရောက်လာကြသည်။ ကျွန်မက တစ်စုံတစ်ရာကို လျင်မြန်စွာ တွေးနေမိပါသည်။

ကုမ္ပဏီသည် ဂျက်ဆင်ကဲ့သို့သော သာမန် အလုပ်သမားတစ်ဦး





အသည်ထက် ပို၍ထက်မြက်သော ဥပဒေရေးရာ ထူးချွန်သူကို ရှာနိုင်သည်မှာ မှန်ပါသည်။ သို့ရာတွင် ဤသည်မှာ သာမညသာဖြစ်သည်။ အလွန်တောင်းသော အကြောင်းရှိနေသေးသည်ဟု ကျွန်မစိတ်ထဲ၌ အလင်းရောင် ဝင်လာပါသည်။

"ရှင့်အမှု ဘာကြောင့် ရှုံးရတာလဲ" ဟု ကျွန်မက မေးလိုက်ပါသည်။

ရှေ့နေမှာ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး အခိုက်အတန့်မျှ စိုးရိမ်ပူပန်နေပါသည်။ သနားစရာ သတ္တဝါကလေးပါလားဟု တွေးကာ သနားမိပါသည်။ ထို့နောက် သူက စကားစပါသည်။ အစစ်ခံချက်များနှင့်စပ်လျဉ်း၍သာ သူ ပြောသည်။ သက်သေများက တခြားတစ်ဘက်ကို အသာရစေသည့် သက်သေခံချက်ကိုသာ ထွက်ဆိုသည်ဟု ဆိုပါသည်။ ဂျက်ဆင်အတွက် အကူအပံ့ ဖြစ်စေမည့် စကား တစ်လုံးတလေမှ သူတို့ထံက နှိုက်မရဟု ပြောပါသည်။ ပေါင်မုန့်၏ ဆုံသည့်ဘက်၌ ထောပတ်သုတ်ထားသည်ကို သူတို့သိကြသည်။ ဂျက်ဆင်မှာ အရှုံးဖြစ်သည်။ သူသည် ကာနယ်အင်ဂရမ်၏ မေးခွန်းများအကြားတွင် ရှုပ်ထွေးသွန်တော့သည်။ ကာနယ်သည် ဖြတ်ထိုးမေးခွန်းများ မေးရာတွင် ထူးချွန်သူဖြစ်သည်။ မေးခွန်းများ မျက်ပြယ်စေသည့်အဖြေကို ဂျက်ဆင်ထံမှ ရအောင် သူ လုပ်ခဲ့သည်။

"သူ့ဘက်က မှန်လျက်သားနဲ့ ဘာကြောင့် သူ့အဖြေတွေ ပျက်ရတာလဲ" ကျွန်မက မေးလိုက်ပြန်ပါသည်။

ဤတွင် ရှေ့နေက ကျွန်မကို ပြန်မေး၏။ "မှန်တာက ဘာလုပ်လို့ ရမလဲ" သူ့ရုံးခန်းငယ်အတွင်းမှ စီတန်းထားသော စာအုပ်တွေဆီသို့ ညွှန်လျက် "စာအုပ်တွေကို ကြည့်စမ်း။ ဒီစာအုပ်တွေကို ဖတ်ပြီး လေ့လာပြီးနောက် ကျုပ်သိရသမျှကတော့ ဥပဒေက တစ်ခု၊ မှန်တာက တခြား တစ်ခုပဲဗျ။ ဘယ်ရှေ့နေကိုဆို မေးပါ။ တနင်္ဂနွေကျောင်းကို သွားပြီး မှန်တယ်ဆိုတာ ဘာလဲ လေ့လာကြည့်စမ်းပါ။ ဒါပေမယ့် ဒီဥပဒေတွေကို လေ့လာရင်းက ဥပဒေ"

"ဂျက်ဆင်ဘက်က မှန်လျက်နဲ့ အလဲထိုးခံရတယ်လို့ ရှင် ကျွန်မကို ပြောချင်တဲ့ သဘောလား။ တရားသူကြီး ကော့ဒ်ဝဲလ်ရဲ့ ရုံးခန်းမှာ တရားဥပဒေဆိုတာ မရှိဘူးလို့ ရှင်က ကျွန်မကို ပြောချင်တဲ့ သဘောပေါ့"

သေးသေးသွယ်သွယ် ရှေ့နေကလေးက ကျွန်မကို စူးစူးစိုက်စိုက်ကြည့်သည်။ သူ့မျက်နှာမှ ရန်လိုသော အငွေ့အသက်များ မှေးမှိန် ပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"ကျုပ်ဘက်က မှတတဲ့ အခွင့်အလမ်း မရခဲ့ဘူးလေ။ သူတို့ ဂျက်ဆင်ကိုလည်း အရှုံးလုပ်ခဲ့ကြတယ်။ ကျုပ်ကိုလည်း လုပ်ခဲ့တာပါပဲ။ ကျုပ်မှာ ဘာအခွင့်အလမ်း ရှိခဲ့လို့လဲ။ ကာနယ်အင်ဂရမ်ဟာ အလွန်ကြီးကျယ်တဲ့ ရှေ့နေကြီးပါ။ ဒီလိုသာ မကြီးကျယ်ဘူးဆိုရင် ဆီယာရာစက်ရုံ၊ အာစတင် မြေယာဆင်ဒီကိတ်၊ ဘာကလေကုမ္ပဏီ၊ အုတ်ကလန်ကုမ္ပဏီ၊ ဆန်လင်ဒရိုနဲ့ ပလဲဆင်တန် လျှပ်စစ်လုပ်ငန်းတွေရဲ့ ဥပဒေရေးရာကိစ္စတွေကို သူ ဦးစီးရပ့ါမလား။ သူဟာ ကော်ပိုရေးရှင်းရှေ့နေဗျ။ ကော်ပိုရေးရှင်းက ရှေ့နေတွေကို အကြောင်းမဲ့ ငှားထားတာ မဟုတ်ဘူး။ ဆီယာရာစက်ရုံကပဲ သူ့ကို တစ်နှစ် ဒေါ်လာ နှစ်သောင်း ဘာကြောင့် ပေးထားတယ်ဆိုတာ ခင်ဗျား စဉ်းစားကြည့်ပေါ့။ ဘာကြောင့်လဲဆိုတော့ သူဟာ တစ်နှစ်ကို ဒေါ်လာ နှစ်သောင်း တန်တာကိုး။ ကျုပ်က ဒါလောက် မတန်ဘူးလေ။ ဒီလိုသာ တန်ခဲ့လို့ ရှိရင် ကျုပ်ဟာ အပြင်မှာ ငတ်နေပြီး ဂျက်ဆင်လို အမှုမျိုး ဘယ်လိုက်နေလိမ့်မလဲ။ ဂျက်ဆင် အမှုနိုင်ရင်ရော ကျုပ် ဘာရမယ် ထင်သလဲ"

"အမြတ်နိုင်ဆုံးက ရှင် သူ့ကို ခါးပြတိုက်ရမှာပေါ့"

"မှန်တယ်။ တိုက်ကောင်း တိုက်ရမယ်။ ကျုပ်မလဲ အသက်ရှင်ရှိလိုးသေးတာကိုးဗျ" သူက စိတ်ဆိုးမာန်ဆိုး အော်ပါသည်။

"သူ့မှာ မယားနဲ့ ကလေးတွေ ရှိပါသေးတယ်" ဟု ကျွန်မက သူ့ကို စပါသည်။

"ကျုပ်မှာလည်း ဒီလိုပဲ မယားနဲ့ ကလေးတွေ ရှိတယ်လေ" သူက ခွန်းတုံ့ပြန်ပါသည်။ "သူတို့ ငတ်တာ မငတ်တာကို ဂရုစိုက်တဲ့ လူဟာ ကျုပ်မှတပါး တခြား ဘယ်သူမှ ဒီလောကကြီးမှာ မရှိဘူး"

ချက်ချင်းပင် သူ့မျက်နှာမှာ နူးညံ့လာပြီး နာရီကို ဖွင့်၍ အထဲ၌ ကပ်ထားသော မိန်းမနှင့် သမီးငယ်ကလေးနှစ်ယောက်၏ ဓာတ်ပုံကလေးကို ပြပါသည်။

"ကဲ. . . အဲဒါပဲ။ သူတို့ကို ကြည့်စမ်း။ ကျုပ်တို့မှာလည်း အင်မတန် ခက်ခဲတဲ့ကာလ ရောက်နေတယ်။ ဂျက်ဆင်အမှု အနိုင်ရရင် သူတို့ကို တောပို့ထားဖို့ ကျုပ် မျှော်လင့်ထားခဲ့တယ်။ သူတို့အတွက် ဒီမှာ ကျန်းမာရေး မကောင်းဘူး။ ဒါပေမယ့် သူတို့ကို ကျုပ် မပို့နိုင်သေးဘူး"





ကျွန်မ ပြန်မည်ပြုသောအခါ ရှေ့နေက. . .

"ကျုပ်မှာ အခွင့်အလမ်းကလေး တစ်ခုတလေမှ မရခဲ့ဘူး။ ကာနယ်အင်ဂရမ်နဲ့ တရားသူကြီး ကော့ဒ်ဝဲလ်တို့က ရင်းနှီးကြတယ်လေ။ ကြားဖြတ်နေခွန်းတွေမှာ သူတို့ သက်သေတွေဆီက မှန်ကန်တဲ့ ထွက်ချက်မျိုး ရခဲ့လို့ရှိရင် ဒီရင်းနှီးမှုက အမှုကို အဆုံးအဖြတ် ပေးလိမ့်မယ်လို့ ကျုပ် မပြောပါဘူး။ ဒီလို ထွက်ချက်မျိုး ကျုပ်မရအောင်လည်း ကော့ဒ်ဝဲလ်က အများကြီး ဟန့်တားခဲ့တယ်လို့ ကျုပ် ပြောရမှာပါပဲ။ ဘာကြောင့်လဲ။ တရားသူကြီး ကော့ဒ်ဝဲလ်နဲ့ ကာနယ်အင်ဂရမ်ဟာ အတူသွား အတူနေကိုး။ အိမ်နီးချင်းလည်း ဖြစ်နေသကိုး။ ကျုပ်အဖို့ မတတ်နိုင်တာတွေပေါ့ဗျာ။ သူတို့ မိန်းမတွေကလည်း တစ်ယောက်အိမ် တစ်ယောက် အမြဲတမ်း ဝင်ထွက်နေကြတာ။ ပါတီလေး ဘာလေး အတူတူ လုပ်ကြလို့ပေါ့"

"ဒါပေမယ့် ဂျက်ဆင်ဘက်က မှန်တယ်လို့ ရှင် ထင်တယ်ပေါ့" တံခါးဝတွင် ရပ်နေရင်း ကျွန်မက မေးလိုက်ပါသည်။

'ကျုပ် မထင်ပါဘူး။ ဒါကို ကျုပ်သိတယ်။ ကျုပ်မိန်းမကိုတောင် ကျုပ်မပြောဘူး။ စိတ်မကောင်းဖြစ်မှာ စိုးလို့။ သူက တောကို ခရီးသွားဖို့ စိတ်စွဲနေတယ်လေ"

အမှုတွင် အစစ်ခံခဲ့သော ပီတာဒိုနယ်လီ အမည်ရှိ ဖိုမင်ကို ကျွန်မ သွားတွေ့ခဲ့ပါသည်။

"ဂျက်ဆင်ဟာ သူ့ဒဏ်ရာရမှာထက် စက်ပျက်စီးမသွားအောင် ကြိုးစားသေးတယ်လို့ ဆိုတဲ့အချက်ကို ရှင် ဘာကြောင့် ထောက်မပြသလဲ"

သူက အဖြေ မပေးမီ အတန်ကြာမျှ စဉ်းစားနေပါသေးသည်။

"ဘာကြောင့်လဲဆိုတော့ ခင်ဗျား မြင်နေရတဲ့ ကျွန်တော့်ဇနီးလောင်းနဲ့ အချစ်ဆုံး ကလေးသုံးယောက် ရှိနေလို့ပါပဲဗျာ။ ဒါကြောင့်ပါ"

"ကျွန်မ နားမလည်ဘူး"

"တစ်နည်းဆိုရရင် . . . "

"ရှင် ဆိုလိုတာက. . ." ဟု ကျွန်မက စကား စလိုက်စဉ် သူက ကြားဖြတ် ပြောသည်။

"ကျုပ် ပြောတဲ့အတိုင်းပါပဲ။ စက်ရုံမှာ အလုပ်လုပ်ခဲ့တာ နှစ်ပေါင်းဆယ်တော်ကြာပါပြီ။ ငယ်ငယ်ကလေးကတည်းက ယက်ကန်းမှာ လုပ်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ကပဲ ဆိုပါတော့။ ဒီလို ပင်ပင်ပန်းပန်း လုပ်ခဲ့လို့ ဒီအဆင့်ရတာပါ။ ကျုပ်ဟာ ဖိုမင်ပါ။ စက်ရုံထဲမှာ ကျုပ်ကို မော်ကြည့်ရဲသူ မရှိပါဘူး။ ကျုပ်က သမဂ္ဂမှာလည်း ပါလေ့ရှိတယ်။ ဒါပေမယ့် သပိတ်မှောက်မှု နှစ်ခုစလုံး ကျုပ်ဟာ ကုမ္ပဏီဘက်က နေခဲ့တာချည်းပဲ။ သူတို့က ကျုပ်ကို လူယုတ်မာလို့ ခေါ်ကြတယ်ဗျ။ ကနေ့ သူတို့ထဲမှာ ကျုပ်နဲ့အတူ သောက်စားရဲသူ တစ်ယောက်မှမရှိဘူး။ အဲဒါအဖြဲ့ကြောင့် ကျုပ်ခေါင်းမှာ ရခဲ့တဲ့အမာရွတ်ကို ခင်ဗျားမြင်သလား။ ကျုပ်မှာ မိတ်ဆွေဆိုလို့ ကုမ္ပဏီပဲ ရှိတယ်။ စက်ရုံဘက်က ရပ်ရေးဟာ တာဝန်ကြောင့် မဟုတ်ဘူး။ ကျုပ်နဲ့ ကျုပ် သားသမီးတွေရဲ့ ဝမ်းရေးကြောင့်ဗျ သိလား။ အဲဒါကြောင့် . . . "

"ဂျက်ဆင်ကို အပြစ်တင်ရမလား"

"လျော်ကြေးတော့ ရသင့်သပေါ့ဗျာ။ သူဟာ အလုပ်သမားကောင်း တစ်ယောက်ပါ။ ဘယ်တော့မှ ဒုက္ခမပေးဘူး"

"ဒါနဲ့တောင် ရှင် ကျမ်းကျိန်ခဲ့သလို အမှန်ကို ထုတ်ပြောဖို့ လွတ်လပ်ခွင့် မရှိဘူးလား"

သူက ခေါင်းခါသည်။

"အမှန် . . . အမှန်တရား . . . ၊ အမှန်တရား . . . " ဟု ကျွန်မ ရေရွတ်နေမိပါသည်။

သူသည် မျက်လွှာ ပင့်တင်လိုက်၏။ ကျွန်မထံသို့ မဟုတ်။ ကောင်းကင်သို့ ဖြစ်ပါသည်။

"ကျုပ် ကလေးတွေအတွက် ကျုပ်ဟာ မကျွတ်နိုင်တဲ့ ငရဲမှာ ခံပါစေတော့ဗျာ" ဤသည်မှာ သူ့အဖြေ ဖြစ်ပါသည်။

မှုံအုပ် ဟင်နရီလတ်စ်မှာ ကျွန်မကို စော်ကားမော်ကား တွေးထင်ကာ စကားပြောဖို့ ငြင်းဆန်သော သတ္တဝါဖြစ်သည်။ အမှုနှင့် သူ့ထွက်ချက်များနှင့် စပ်လျဉ်း၍ ကျွန်မ ဘာတစ်ခုမှ မေးမရပါ။ သို့သော် တခြား ဖိုမင်တစ်ဦးထံ၌ကား ကျွန်မ ကုသိုလ်ကောင်းပါသည်။

ဂိုမ်းစမစ်မှာ မျက်နှာ မာကျောလှသူဖြစ်သည်။ သူသည်လည်း လွတ်လွတ်လပ်လပ် လူတစ်ယောက် မဟုတ်ကြောင်း ကျွန်မ ရိပ်မိပါသည်။ သူ့လို လူစားမျိုးထဲတွင် စိတ်သဘောအရ ကြီးမြင့်သူဖြစ်ကြောင်းကိုကား စကားပြောနေခိုက်မှာပင် ကျွန်မ တွေ့မြင်စ ပြုလာရပါသည်။ ဒိုနယ်လီကဲ့သို့ပင် သူက





သည်း ဂျက်ဆင် လျော်ကြေးရထိုက်ကြောင်း ပြောပါသည်။ ထို့နောက် အလုပ်သမားတစ်ယောက်ကို မတော်တဆ ထိခိုက်မှုကြောင့် ခိုကိုးရာမဲ့ ဖြစ်နေခိုက် ရေမျောကမ်းတင် လုပ်လိုက်ကြသည်မှာ နှလုံးသားကင်းမဲ့ရာ ရောက်သည်ဟု ဆိုပါသည်။ စက်ရုံထဲတွင် အလားတူ ထိခိုက်မှုမျိုး များစွာရှိသည်။ လျော်ကြေးတောင်းမှုအားလုံးကို ခါးသီးစွာ နိုင်ငံချုပ်ရသည်အထိ တိုက်ခိုက်ရေးမှာ ကုမ္ပဏီ၏ ပေါ်လစီဖြစ်နေသည်ဟု သူက ရှင်းပြပါသည်။

"ဒါက အစုရှင်တွေအတွက် တစ်နှစ်တစ်နှစ်ကို ဒေါ်လာ ရာထောင်များစွာ ပေးနိုင်တာကိုးဗျ" ဟု သူက ပြောခိုက် ဖေဖေ့အတွက် အမြတ်ခွဲဝေမှုငွေက ကျွန်မ အဝတ်အစားလှလှတွေ ဝယ်ခဲ့ပုံ၊ ဖေဖေ့အတွက် စာအုပ်များ ဝယ်ခဲ့ပုံတွေကို ကျွန်မ အမှတ်ရနေမိသည်။ ကျွန်မ ဝတ်ရုံတွင် သွေးစွန်းနေသည် ဟူသော အားနက်၏ ဖွဲ့ချက်ကိုလည်း ပြန်သတိရမိသဖြင့် ဂါဝန်အောက်ရှိ ကျွန်မ အသားအရေများ တုန်ရင်နေပါသည်။

"စက်မပျက်စီးအောင် ကြိုးစားခိုက် ဂျက်ဆင် ဒဏ်ရာရခြင်း ဖြစ်တယ် ဆိုတာကို ရှင် အစစ်ခံတုန်းက ထုတ်မပြောခဲ့ဘူး"

"ဟုတ်တယ်။ ကျုပ် မပြောခဲ့ဘူး။ ဂျက်ဆင်ဟာ ဂရုမစိုက်လို့၊ အမှတ်မဲ့ နိုင်လို့ ဒဏ်ရာရခြင်းဖြစ်တယ်။ ဒါကြောင့် ကုမ္ပဏီမှာ ဘာမှ အပြစ်မရှိဘူးလို့ ကျုပ် အစစ်ခံခဲ့တယ်"

"ဂရုမစိုက်လို့လား"

"အဲဒီလို ဆိုချင်ဆို၊ ခင်ဗျား ကြိုက်သလို ဆိုချင်ဆိုလေ။ တကယ့်အကြောင်းကတော့ လူတစ်ယောက်ဟာ နာရီပေါင်းများစွာ အလုပ်လုပ်ခဲ့ရပြီးနောက် မောပန်းသွားပြီလေ"

ဤလူကို ကျွန်မ ပို၍ စိတ်ဝင်စားလာသည်။ သူသည် ကြီးမြင့်သော သူ့အမျိုးအစားထဲက ဖြစ်ကြောင်း သေချာသည်။

"ရှင်ဟာ တခြား အလုပ်သမားတွေထက် ပိုပြီး ပညာတတ်ပုံရတယ်"

"အထက်တန်းကျောင်း ကျုပ် တက်ခဲ့ဖူးတယ်လေ။ တံခါးစောင့် အလုပ်ကစ ကျုပ် အလုပ်လုပ်ခဲ့တာပါ။ ယူနီဗာစီတီကို ကျုပ် သိပ်သွားချင်တာပဲ။ ဒါပေမယ့် အဖေက သေသွားတော့ ကျုပ်လည်း အလုပ်ဝင်လုပ်ရတာပေါ့။ ကျုပ်က သဘာဝဗေဒသမားတစ်ယောက် ဖြစ်ချင်တာ။ တိရစ္ဆာန်တွေကို ချစ်တယ်။ ဒါပေမယ့် စက်ရုံထဲ လာအလုပ်လုပ်နေရတယ်။ ကျုပ်ကို ဖိုမင်ရာထူးတိုး



www.burmeseclassic.com

www.burmeseclassic.com



ပေးတော့ အိမ်ထောင်ကျရော။ ကလေးတွေ ရလာရော။ ဲကဲ. . . ကျုပ်ကိုယ်ကျုပ် အစိုးရသူမဟုတ်တော့ဘူး" ဟု သူ့ ဝမ်းနည်းချက်များကို ဝန်ခံသည့်အလား ရှက်စနိုး ပြောပါသည်။

"အဲဒါ ဘာ‌ဆိုင် ပို့တာလဲ"

"အမှုမှာ ကျုပ် ဘာကြောင့် ဒီလို နည်းလမ်းအရ ထွက်ဆိုခဲ့ရသယ် ဆိုတာကို ကျုပ် ရှင်းပြနေတာပါ။ ဘာကြောင့် ညွှန်ကြားချက်အတိုင်း ကျုပ် လိုက်နာခဲ့ရသလဲ ဆိုတာပေါ့"

"ဘယ်သူ့ ညွှန်ကြားချက်လဲ"

"ကာနယ်အင်ဂရမ်လေ။ ကျုပ် ဘာထွက်ရမယ်ဆိုတာ သူက သင်ပေးတာ"

"ဒါကြောင့် ဂျက်ဆင် အမှုရှုံးတာပေါ့"

သူ ခေါင်းညိတ်သည်။ သူ့မျက်နှာတွင် သွေးရောင်များ လွှမ်းစ ပြုလာပါသည်။

"ဂျက်ဆင်မှာ သူ့ကို မှီခိုနေရတဲ့ မိန်းမနဲ့ ကလေးနှစ်ယောက် ရှိတယ်နော်"

"ကျုပ် သိပါတယ်" ဟု သူက ဖြေသည်။

ကျွန်မက ဆက်ပြောပြန်သည်။

"တကယ်လို့သာ ရှင်ဟာ အထက်တန်းကျောင်းမှာဆိုရင် အခု အမှုမှာ ရှင့်ကိုလုပ်ခိုင်းတာမျိုးကို ရှင် လွယ်လွယ်ကူကူ လုပ်မလားဆိုတာ ကျွန်မကို ပြောစမ်းပါ"

သူ့အမှောက်ဒါသ ပေါက်ကွဲသွားသလား ထင်ရပါသည်။ လက်သီးကို တချစ်တချစ်ပါအောင် ဆုပ်ထားသည်။

"ကျုပ်ကို ခွင့်လွှတ်ပါဗျာ. . မလွယ်ပါဘူး။ ကဲ. . . ခင်ဗျား ကျုပ်ဆီက လိုချင်တာတွေ ရပြီ။ သွားပါတော့။ ဒါပေမယ့် ခင်ဗျားမသွားမီ ကျုပ် ပြောပါရစေ။ ကျုပ် ခင်ဗျားကို ပြောခဲ့တာကို ထပ်ပြောလို့ ခင်ဗျားမှာ ဘာမှ အကျိုးထူးလိမ့်မယ် မဟုတ်ဘူး။ စကားလုံးတိုင်းကို ကျုပ် ငြင်းရလိမ့်မယ်။ ကျမ်းကိုင်ပြီး ငြင်းရမှာပါ"

စမစ်နှင့် တွေ့ဆုံပြီးနောက် ကျွန်မသည် မာတုဗေဒအဆောက်အအုံရှိ ဖေဖေ့ရုံးခန်းသို့ လိုက်သွားရာ အားနက်ကိုပါ တွေ့ရသည်။ မမျှော်လင့်ဘဲ





တွေ့ရခြင်း ဖြစ်သော်လည်း သူ၏ ရဲရင့်သော မျက်လုံးများ ခိုင်မာ မြဲမြံလှသော ဆက်ဆွဲနှုတ်ဆက်မှုများ၊ သူ၏ အံ့ဖွယ်ကောင်းသော အနေအထိုင်ခက်မှုမျိုးများဖြင့် သူက ကျွန်မကို တွေ့ပါသည်။ မုန်တိုင်းထန်သော ကျွန်မတို့၏ နောက်ဆုံးတွေ့ဆုံပွဲကို မေ့ပျောက်သွားကြသကဲ့သို့ ရှိသော်လည်း အမှန်စင်စစ် ကျွန်မ မေ့ပျောက်၍ မရသေးပါ။

"ကျွန်မ ဂျက်ဆင်အမှုကို ပြန်ကြည့်နေတာ"ဟု ကျွန်မက ရုတ်တရက် ပြောလိုက်သည်။ သူ့မျက်လုံးများတွင် ကျွန်မ၏ ယုံကြည်ချက်တွေ ယိမ်းယိုင်နေကြောင်း သေချာသော သဘောကို ကျွန်မ မြင်နေရစေကာမူ သူက သတိထားဟန်ဖြင့် ကျွန်မ ဆက်ပြောအံ့သော စကားကို ငံ့လင့်နေပါသည်။

"သူ့အပေါ် တော်တော် ဆိုးဆိုးရွားရွား လုပ်လိုက်တယ်လို့ ထင်ရတယ်။ ကျွန်မတို့ အိမ်ခေါင်မိုးတန်းက သူ့သွေးတွေ တစ်စက်စက် ကျနေတယ်လို့ ကျွန်. . . ကျွန်မ ထင်တယ်" ဟု ကျွန်မ ဝန်ခံလိုက်ပါသည်။

"မှန်ပါတယ်။ ဂျက်ဆင်နဲ့ သူတို့လူတွေအပေါ်မှာ ညာညာတာတာ ပြင်းစားခဲ့ရင် အမြတ် ဒါလောက်များများ ခွဲဝေစရာ မရှိဘူးလေ" ဟု သူက ပြောပါသည်။

"အဝတ်အစား လှလှလေးတွေရလို့ နောက်ထပ် မကြည့်နိုင်တော့ဘူး"

ကျွန်မမှာ ပျော့ခွေလာပြီး ကိုယ့်အပြစ်ကိုယ်မြင်သလို ခံစားမိလာပါသည်။ အားနက်က အပြစ်ကို ခွင့်လွှတ်သူမျိုး ဖြစ်နေသည်ဆိုသော ကြည်နူးခြင်း အသိကိုလည်း သဘောပေါက် နားလည်လာပါသည်။ ထို့နောက် ယခင်က အတိုင်းပင် သူ့စွမ်းပကားက ကျွန်မကို စွဲမက်စေပါသည်။ ငြိမ်းချမ်းခြင်းနှင့် အာကွယ် စောင့်ရှောက်ခြင်းကို ကတိပြုနေသလား ထင်ရပါသည်။

"စိုတ်ပြတ်နေတဲ့ အဝတ်အစားကို ဝတ်ရလည်း ခင်ဗျား ကြည်နူးမှာ မဟုတ်ပါဘူး။ ဂျုံစက်တွေ ရှိသေးတယ်။ ဒီလိုအဖြစ်မျိုးတွေ အဲဒီမှာလည်း ဖြစ်နေတာပဲ။ သိလား။ နေရာတိုင်းမှာ ဖြစ်နေတာပါ။ ကျွန်တော်တို့ ကြားငါနေတဲ့ လူ့အဖွဲ့အစည်းဆိုတာ သွေးပေါ်မှာ အခြေခံထားတာပါ။ သွေးနဲ့ မွန်းနေတာပါ။ ဒီသွေးအစွန်းအထင်းကို ခင်ဗျားရော ကျွန်တော်ရော ဘယ်သူမှ ရှောင်မလွှတ်နိုင်ပါဘူး။ ခင်ဗျား စကားပြောခဲ့တဲ့ သူတွေဟာ ဘယ်သူတွေလဲ"

ဖြစ်ပျက်ခဲ့ပုံ အလုံးစုံကို ကျွန်မက ပြောပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အထဲမှာ တစ်ယောက်မှ လွတ်လွတ်လပ်လပ်လူ မပါဘူး။ သူတို့အားလုံးဟာ အကြင်နာကင်းမဲ့တဲ့ စက်ယန္တရားရဲ့ တုပ်နှောင်ထားခြင်း ခံနေကြတာပါ။ သနားစရာ ကြေကွဲစရာ ကောင်းတာက သူတို့ အသည်းနှလုံးတွေပါ တုပ်နှောင်ထားခြင်း ခံနေရတာပါပဲ။ သူတို့ကလေးတွေကရော၊ အမှန်တော့ သူတို့ကာကွယ် စောင့်ရှောက်ရမှာပါ။ ဒါဟာ တခြား သံယောဇဉ်တွေထက် ပိုကြီးတဲ့ သံယောဇဉ်ပါ။ ကျွန်တော့်အဖေကို ကြည့်၊ သူဟာ လိမ်ခဲ့တယ်။ ခိုးခဲ့တယ်၊ ကျွန်တော့်ပါးစပ်နဲ့ ညီအစ်ကိုမောင်နှမတွေရဲ့ ပါးစပ်တွေထဲကို ပေါင်မုန့်ထည့်ဖို့ မရိုးသားတာမှန်သမျှ လုပ်ခဲ့တယ်။ သူဟာ စက်ယန္တရားရဲ့ ကျေးကျွန်ပါ။ ဒါက သူ့ဘဝကို ဖျက်ဆီးခဲ့တယ်။ သေသည်အထိ အလုပ်လုပ်ခိုင်းခဲ့တယ်"

"ဒါပေမယ့် ရှင့် . ရှင်ရော လွတ်လပ်သူလား" ဟု ကျွန်မက ဖြတ်မေးလိုက်ပါသည်။

"အလုံးစုံတော့ မဟုတ်ဘူး။ ကျွန်တော့်နှလုံးသားနဲ့ တုပ်နှောင်းထားတာ မဟုတ်ဘူး။ ကျွန်တော့်မှာ ကလေးမရှိဘူး။ ကလေးတွေကို ကျွန်တော် နှစ်နှစ်ကာကာ ချစ်တာပါ။ ကျွန်တော့်အတွက် ကျေးဇူးတင်စရာလို့ ထင်တယ်။ အိမ်ထောင်သာ ပြုခဲ့လို့ရှိရင် ဒီလိုဖြစ်ချင်မှ ဖြစ်မှာ"

"ဒါဟာ သေသေချာချာ မှားတဲ့ အယူအဆပဲ" ကျွန်မက ပြောလိုက်ပါသည်။

"မှားကြောင်း ကျွန်တော် သိပါတယ်၊ သို့သော် ဒါဟာ လက်တွေကဖြစ်လာတဲ့ အယူအဆပါ၊ ကျွန်တော်ဟာ တော်လှန်ရေးသမားပါ၊ အဲဒါက အန္တရာယ် လုပ်ငန်းဗျ" ဟု သူက ဝမ်းနည်းစွာ ပြောပါသည်။

ကျွန်မက ဟက်ဟက်ပက်ပက် ရယ်မောမိပါသည်။

"တကယ်လို့ ကျွန်တော်က ခင်ဗျားဖေဖေ ရထားတဲ့အစုကို ရှင်းဖို့ ညဘက်မှာ ခင်ဗျားဖေဖေ အိမ်ထဲကို ဝင်ရင် သူက ဘာလုပ်မလဲ"

'အိပ်ယာနားက ခုံပေါ်မှာ ဖေဖေက ခြောက်လုံးပြူးထားအိပ်တာ၊ ရှင့်ကို ပစ်မှာပေါ့"

"တကယ်လို့ ကျွန်တော်နဲ့ တခြားလူတချို့က ဦးဆောင်ပြီး အခြားလူ တစ်သန်းခွဲလောက်ကို ကြေးရတတ်တွေရဲ့ အိမ်တွေထဲ ဝင်ကြတယ်ဆိုရင် အကြီးအကျယ် ပစ်ကြခတ်ကြမှာပဲ မဟုတ်လား"

"ဟုတ်တယ်၊ သို့သော် ဒါမျိုးကို ရှင်တို့ မလုပ်ပါဘူး" ဟု ကျွန်မက





ထန့်ကွက်လိုက်ပါသည်။

"ကျွန်တော်က တကယ်လုပ်နေတာ အဲဒါပါပဲ၊ အိမ်တွေထဲမှာရှိတဲ့ နေ့ဥစ္စာများသာမက သတ္တုတွင်းတွေ၊ မီးရထားတွေ၊ စက်ရုံတွေ၊ ဘဏ်တိုက်တွေ၊ ကုန်တိုက်ကြီးတွေ အားလုံးကို ရယူဖို့ ကျွန်တော်တို့ ရည်ရွယ်ထားတယ်။ ဒါဟာ တော်လှန်ရေးပဲ၊ အန္တရာယ်တွေချည်းပဲ၊ ကျွန်တော် အိပ်မက် မက်တာထက် ပိုပြီး ပစ်တာခတ်တာတွေ ရှိကောင်းရှိမယ်၊ သို့သော် ကျွန်တော် ပြောနေတဲ့အတိုင်း အခုအခါမှာ ဘယ်သူမှ လွတ်လပ်တဲ့လူမရှိဘူး။ ကျွန်တော်တို့အားလုံးဟာ စက်ယန္တရားဘီးတွေ၊ စက်သွားတွေကြားမှာ ညပ်နေတဲ့လူတွေပါ၊ ခင်ဗျားရော၊ ခင်ဗျား စကားပြောခဲ့သူတွေရော အားလုံးကို ခင်ဗျား တွေ့ရောပေါ့၊ နောက်ထပ် လူတွေနဲ့ စကားပြောကြည့်ဦး၊ ကာနယ်အင်ဂရမ်ကို နောက်ထပ်သွားတွေ့ကြည့်ပါဦး၊ သတင်းစာထဲမှာ ဂျက်ဆင်အမှု မပါအောင် လုပ်ခဲ့တဲ့ သတင်းထောက်တွေ သတင်းစာကို တည်းဖြတ်နေတဲ့ အယ်ဒီတာတွေနဲ့ တွေ့ကြည့်ပါ၊ အားလုံးဟာ စက်ယန္တရားရဲ့ ကျေးကျွန်တွေချည်းပဲဆိုတာ တွေ့ရပါလိမ့်မယ်"

အတန်ငယ်ကြာသောအခါ စက်မှုလုပ်ငန်းတွင် မတော်တဆ ထိခိုက်မှုကြောင့် အလုပ်သမားများ၌ ရသင့်ရထိုက်သော ကိစ္စများနှင့် ပတ်သက်၍ ကျွန်မက အနည်းငယ်မေးမိရာ စာရင်း အတိအကျနှင့် ရှင်းလင်းသော အဖြေကို ရပါသည်။

"ဒါတွေအားလုံး စာအုပ်ထဲမှာ ရှိနေပြီးပါပြီ၊ စာရင်းဇယားတွေ စုပေါင်းကြည့်လိုက်တဲ့အခါကျတော့ မတော်တဆ ထိခိုက်မှုတွေဟာ အလုပ်ချိန်ရဲ့ နံနက်ဆောစောပိုင်းမှာ အင်မတန် ဖြစ်ခဲပြီး၊ အလုပ်ချိန်နောက်ပိုင်း သူတို့ အင်မတန်မောဝန်းနွမ်းနယ်လာချိန်၊ သူတို့ရဲ့ ကြွက်သားတွေ၊ စိတ်ဓာတ် အခြေအနေတွေ နှေးကွေးလာချိန်မှာ ဖြစ်လေ့ဖြစ်ထ ရှိကြောင်း အဲဒီ စာရင်းဇယားတွေက အတည်ပြုနေပါတယ်"

"ဘာကြောင့်လဲ၊ အသက် လုံခြုံစွာနဲ့ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းမှုမှာ ခင်ဗျားဖေဖေဟာ အလုပ်သမားတစ်ယောက်ထက် ဘာကြောင့် သုံးဆ လုံခြုံမှု ရှိသလဲဆိုတာ ခင်ဗျား သိသလား၊ သူ့မှာရှိပါတယ်၊ အာမခံကုမ္ပဏီတွေက သိပါတယ်။ ဒေါ်လာ တစ်သောင်းတန် မတော်တဆထိခိုက်မှု အာမခံ ပေါ်လစီကြောင့် သူ့အတွက် တစ်နှစ်ကို ဆင့်နှစ်ဆယ် ချမယ်၊ အဲဒီ ပေါ်လစီမျိုးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတစ်ယောက်ကို ဆယ့်ငါးဒေါ်လာ သူတို့ချလိမ့်မယ်"

"ရှင်ရော" ကျွန်မက မေးလိုက်ပါသည်။ ယင်းသို့ မေးနေစဉ် အခိုက်အတန့်အတွင်း ကျွန်မမှာ အတန်ငယ် စိုးရိမ်စိတ် ဝင်နေကြောင်း သတိထားမိပါသည်။

"တော်လှန်ရေးသမားတစ်ယောက် အနေနဲ့ ကျွန်တော်ဟာ အလုပ်သမားတစ်ယောက် ဒဏ်ရာရတာ၊ သို့မဟုတ် သေရတဲ့ အခွင့်အလမ်းထက် ရှစ်ဆလောက် ပိုပါတယ်။ အာမခံကုမ္ပဏီတွေဟာ ပေါက်ကွဲစေတဲ့ပစ္စည်းကိုင်တွယ်နေရတဲ့ အင်မတန် ကျွမ်းကျင်တဲ့ ဓာတုဗေဒပညာရှင်တစ်ယောက်ကို အလုပ်သမားတစ်ယောက်ထက် ရှစ်ဆယူတယ်။ ကျွန်တော့်ကိုတော့ သူတို့လုံးဝ အာမခံထားတယ်လို့ ကျွန်တော်မထင်ဘူး။ ဘာကြောင့် မေးတာလဲ"

ကျွန်မ မျက်လုံးတွေက စကားပြောနေကြပါသည်။ ကျွန်မ မျက်နှာတွင် သွေးရောင် လွှမ်းနေပါသည်။ ကျွန်မ၏ စိုးရိမ်ကြောင့်ကြမှုကို သူ ခံရသည်မဟုတ်၊ သူ့ရှေ့မှောက်တွင် ကျွန်မဘာသာ ခံနေရခြင်းဖြစ်ပါသည်။

ထိုအချိန်မှာပင် ဖေဖေ ဝင်လာပြီး ကျွန်မနှင့်အတူ ပြန်ရန် ပြင်ဆင်ပါသည်။ အားနက်က သူငှားသွားသော စာအုပ်များကို ပြန်ပေးပြီးနောက် ဦးစွာထွက်ခွာသွားပါသည်။ သို့ရာတွင် ပြန်လည် ထွက်ခွာအံ့ဆဲဆဲ၌ ပြောလိုက်ပါသေးသည်။

"ဒါထက် စကားမစပ် ပြောရဦးမယ်။ ခင်ဗျားရဲ့ စိတ်အေးချမ်းသာမှုတို့ ခင်ဗျားဘာသာ ဖျက်ဆီးနေပြီ။ ကျွန်တော်က ဂိုဏ်းချုပ်ကြီးရဲ့ စိတ်အေးချမ်းမှုကို ဖျက်ဆီးနေတုန်း မစ္စက်ဝစ်ဆင်နဲ့ မစ္စက်ပါတန်ဝသ်တို့ကိုလည်း ခင်ဗျားကြည့်လိုက်ဦး။ ခင်ဗျားသိတဲ့အတိုင်း သူတို့ ယောကျ်ားတွေဟာ စက်ရုံမှာ အဓိက အစုရှင်တွေပဲ။ လူ့လောကကြီးလိုပဲ ဒီမိန်းမနှစ်ယောက်ဟာ စိတ်နဲ့တုပ်နှောင်ထားတာ ခံနေရတာပါ။ ဒါပေမယ့် သူတို့ဟာ အဲဒီစက်တွေရဲ့ ထိပ်ပေါ်ရောက်နေအောင်တို့ တင်းတင်းကျပ်ကျပ် တုပ်နှောင်ခံနေကြရတာလေ"

❖ ❖ ❖

# အခန်း [ ၄ ]

## စက်၏ ကျေးကျွန်များ

ဂျက်ဆင့်လက်မောင်းအကြောင်းကို ပို၍ တွေးမိလေလေ ကျွန်မမှာ ပို၍ တုန်လှုပ်လေလေ ဖြစ်ပါသည်။ ကျွန်မသည် အစိုင်အခဲကြီးနှင့် ရင်ဆိုင်နေရပါသည်။ ဘဝကို ပထမဆုံးအကြိမ်အဖြစ် ကျွန်မ တွေ့မြင်နေရပါသည်။ ကျွန်မ၏ တက္ကသိုလ်တွင် ဘဝ လေ့လာသင်ကြားမှုနှင့် ယဉ်ကျေးမှုတို့မှာ အစစ်အမှန် မဟုတ်တော့ပါ။

အလွန်ကြည့်ပျော် ရှုပျော်ရှိလှသောဘဝနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အဘောတရားတွေကို ပုံနှိပ် စာမျက်နှာများပေါ်တွင်သာ ကျွန်မ လေ့လာသင်ကြားခဲ့ရပါသည်။ ယခုသော်ကား ဘဝကို ကျွန်မ အရှိအတိုင်း တွေ့ရပါပြီ။ ဂျက်ဆင့်လက်မောင်းသည် ဘဝ၏ လက်တွေ့အကြောင်းအချက် ဖြစ်ပါသည်။ "တကယ့် အကြောင်းအချက်ပါ။ ရှောင်ဖယ်မရတဲ့ အကြောင်းအချက်ပါ" ဆိုသော အားနက်၏ အသံမှာ ကျွန်မ အသိစိတ်တွင် မြည်ဟည်းလျှက်

www.burmeseclassic.com



ရှိပါသည်။

ကျွန်မတို့ လူ့အဖွဲ့အစည်း တစ်ရပ်လုံး သွေးပေါ်၌ အခြေတည်ထားသည်မှာ ကြောက်မက်ဖွယ်ရာနှင့် မဖြစ်နိုင်စရာဟု ထင်မြင်ရပါသည်။ သို့သော် ဂျက်ဆင်တစ်ယောက် ရှိနေပါသည်။ သူ့ထံမှ ကျွန်မ ခွဲခွာ၍ မရပါ။ ကျွန်မအတွေးမှာ ဝင်ရိုးကိုပြသော အိမ်မြှောင်ပမာ သူ့ထံသို့ အစဉ်ပြန်သွားလျက်ရှိပါသည်။ သူတို့ ကြောက်ခမန်းလိလိ ပြုမူလိုက်ကြပါသည်။ အမြတ်ဝေစုတွေများများ ရရေးအတွက် သူ့သွေးကို တန်ရာတန်ဖိုး မပေးခဲ့ကြပါ။ ဂျက်ဆင်၏သွေးကြောင့် များများရခဲ့သော အမြတ်အစွန်းထဲမှ အစုရှယ်ယာတွေ များများရယူကာ ပျော်ရွှင် ချမ်းမြေ့နေကြသော မိသာစုများကို ကျွန်မ တွေ့မြင်ဖူးပါသည်။ အကယ်၍ လူတစ်ယောက်ကို ဤသို့ ကြောက်မက်ဖွယ်ရာ ပြုမူခဲ့ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဤအတိုင်း ဆက်စခန်းသွားနေလျှင် လူပေါင်း များစွာအလားတူ ကြောက်ခမန်းလိလိ ပြုမူခြင်း မခံရတော့ပြီလော။

တစ်ပတ်လျှင် ဆင့် ကိုးဆယ်လောက် ရရေးအတွက် ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားနေရသော အားနက် ပြောပြခဲ့သည့် ချီကာဂိုမှ မိန်းမများ၊ တောင်ပိုင်း ချည်စက်မှ လူမမည်ကျေးကျွန်များအကြောင်းကို ကျွန်မ မှတ်မိနေပါသည်။ ဖြူဖပ်ဖြူရော်ဖြစ်နေသော သူတို့၏လက်များ၊ ဤလက်များမှ တသွင်သွင်စီးဆင်းလာသည့် သွေးတို့ စွန်းထင်းနေသော အထည်အလိပ်တို့မှ ဖြစ်သည့် ကျွန်မ၏ အဝတ်အစားများ စသည်တို့ကို မျက်ဝါးထင်ထင် မြင်ယောင်နေမိပါသည်။ ထို့နောက် ဆီယာရာစက်ရုံနှင့် ယင်းစက်ရုံမှ အစုခွဲလိုက်သော အမြတ်အစွန်းများကို ကျွန်မ မြင်မိပါသည်။ ကျွန်မဝတ်ရုံပေါ်တွင် စွန်းထင်းနေသော ဂျက်ဆင်၏ သွေးတွေကိုလည်း မြင်နေမိပါသည်။ ကျွန်မ ဂျက်ဆင်ထံမှ ပြေးမလွတ်တော့ပါ။ စိတ်ငြိမ်အောင် ကြိုးစားတိုင်း သူ့ထံသို့သာ စိတ်ရောက်နေပါတော့သည်။

ရှေ့တွင် တစ်ခုခု ဖြစ်လိမ့်မည်ဟူသော သံသယအစွန်ပေါ်တွင် ကျွန်မရပ်နေမိသည်ဟု အတွေးနက်နက် တွေးမိပါသည်။ လှစ်ဟပြအံ့သော ဘဝ၏ ထိတ်လန့်ဖွယ်ရာများအား မြင်ရအံ့ဆဲဆဲဟု ကျွန်မ ထင်နေမိပါသည်။

ကျွန်မ တစ်ယောက်တည်း မဟုတ်ပါ။ ကျွန်မ၏ ကမ္ဘာတစ်ခုလုံး ကပြောင်းကပြန် ဖြစ်နေသည်။ ကျွန်မမေမေ ရှိပါသေးသည်။ အားနက်က သူ့အပေါ် အဘယ်မျှ လွှမ်းမိုးစပြုနေကြောင်း ကျွန်မ မြင်တွေ့နေရပါသည်။ တစ်ဖန် ဂိုဏ်းချုပ်ကြီး ရှိနေပါသေးသည်။ ကျွန်မ သူနှင့် နောက်ဆုံးတွေ့ရချိန်





တွင် ဂိုဏ်းချုပ်ကြီးမှာ လူမမာလိုဖြစ်နေသည်။ သူ့စိတ် လှုပ်ရှားနေသည်။ သူ့မျက်လုံးများတွင် ဖွင့်မပြောသော စကားတွေဖြင့် စိုးရိမ်ထိတ်လန့်နေသည်။ သူ့ကို ငရဲခရီးတစ်လျှောက် ခေါ်သွားမည်ဆိုသည့် ကတိစကားအတိုင်း အားနက်က စွဲမြဲစွာ လုပ်ဆောင်နေကြောင်း ကျွန်မ၏ နည်းပါးလှသော အသိတွင် သိနေရပါသည်။ သို့ရာတွင် အဘယ်ကဲ့သို့သော ငရဲခန်းများကို ဂိုဏ်းချုပ်ကြီး မျက်စိထဲက မြင်နေသနည်း ဆိုသည်ကိုမူ ကျွန်မ မသိပါ။ အဘယ့်ကြောင့်ဆိုသော် ယင်းကိစ္စများနှင့် စပ်လျဉ်း၍ သူ အပြောခက်နေသောကြောင့် ဖြစ်ပါသည်။

တစ်ချိန်တွင်မူ ကျွန်မ၏ သေးငယ်သော ကမ္ဘာကလေးရော ကမ္ဘာလောကကြီးတစ်ခုလုံးပါ ကပြောင်းကပြန် ဖြစ်နေရသည်ဟူသော ခံစားချက်က ကျွန်မအပေါ် ဖိစီးလာသောအခါ အားနက်ကြောင့် ဤသို့ ဖြစ်ရသည်ဟု ကျွန်မ တွေးခဲ့မိသည်။ သူမရောက်မီက တို့ အင်မတန် ပျော်ကြ ငြိမ်းချမ်းကြပါကလားဟုလည်း တွေးမိပါသည်။

နောက်တော့လည်း ဤအတွေးမှာ အမှန်တရားအပေါ် သစ္စာဖောက်သော အတွေးဟု သဘောပေါက်လာပြန်သည်။ အားနက်သည် ကျွန်မ ရှေ့မှောက်တွင် ကျယ်ဝန်းမွန်မြတ်သော ရုပ်ပုံလွှာအဖြစ် မားမားမတ်မတ် ရပ်လာသည်။ အမှန်တရားနှင့် အခွင့်အရေးအတွက် အားလုံးကို အန်တု ဖက်ပြိုင်နေသော ဆင်းရဲသားများ၊ အားကိုးမဲ့သူများနှင့် အဖိနှိပ်ခံများအတွက် ရုန်းကန်လှုပ်ရှားနေသော၊ ဘာကိုမှ အကြောက်အရွံ့မရှိသည့် အမှန်တရား၏ မဏ္ဍိုင်အဖြစ် ခံမားရပ်လျက်ရှိပါသည်။

ယင်း အခိုက်အတန့်မှာပင် ကျွန်မ သူ့ကို ချစ်ကြောင်း၊ သူ့ကို နှစ်သိမ့်ပေးလိုသော ဆန္ဒဖြင့် ကျွန်မ၏ စိတ်ဓာတ်များ အရည်ပျော်စပြုလာကြောင်း ကျွန်မ သိလာပါသည်။ သူ့ဘဝအကြောင်းကို ကျွန်မ တွေးပါသည်။ ခက်ခဲသော၊ ကြမ်းတမ်းပြီး ခြိုးခြံချွေတာရသော ဘဝ ဖြစ်ရပါမည်။ သူ့အတွက် လိမ်ခဲ့၊ ခိုးခဲ့ပြီး သေသည်အထိ အလုပ်လုပ်သွားရသည် ဆိုသော သူ့အဖေအကြောင်းကိုလည်း ကျွန်မ တွေးမိပါသည်။ သူသည်လည်း အသက် ဆယ့်နှစ်နှစ်အရွယ်တွင် စက်ရုံ၌ အလုပ်လုပ်ခဲ့ရ၏။ ကျွန်မ လက်များဖြင့် သူ့ကို ပွေ့ဖက်ထားကာ အတွေး ဗရွတ် ခြင်း ချာချာလည် ပင်ပန်းနေခဲ့ရသော သူ့ဦးခေါင်းကို ကျွန်မ ရင်ခွင်တွင် မှေးလျက် နှစ်သိမ့်လိုလှပါ၏၊ သူ့ကို နားနေစေလိုပါ၏။ ချစ်ခြင်းမေတ္တာ ကာလလေး အတွက် နားနားနေနေ နေစေလိုလှပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးကျောင်း ဧည့်ခံပွဲတစ်ခုတွင် ကျွန်မ ကာနယ်အင်ဂရမ်နှင့် တွေ့ပါသည်။ သူ့ကို ကျွန်မ ကောင်းစွာသိသည်။ နှစ်ပေါင်းများစွာကစ၍ သိခဲ့ပါသည်။ ထင်ရှူးပင်များ၊ ရော်ဘာပင်များ ထူထပ်လှသည့် နေရာတွင် သူ့ကို ကျွန်မ အမိဖမ်းပါသည်။ ကျွန်မ အမိဖမ်းကြောင်း သူမသိပါ။

သူက ရှိရိုးရှိစဉ် မွန်ရည်ခြင်း၊ ရဲရင့်ခြင်းများဖြင့် ကျွန်မနှင့် တွေ့ဆုံခဲ့ပါသည်။ သူသည် ကျက်သရေရှိသူ၊ သံတမန်ပရိယာယ်ကြွယ်ဝသူ၊ နည်းပရိယာယ် ကျွမ်းကျင်သူ၊ စဉ်းစားဆင်ခြင်တတ်သူ ဖြစ်ပါသည်။ ရုပ်သဏ္ဌာန်အားဖြင့် သူသည် ကျွန်မတို့ အသိုင်းအဝိုင်းတွင် အလွန်တရာ ထူးခြားထင်ရှားသူ ဖြစ်သည်။ ယူနီဖောင်းစီတီမှ အကြီးအကဲ ပုဂ္ဂိုလ်များသည်ပင်လျှင် သူ့အပေါ်တွင် သေးငယ်သွားကြသည်ဟု ထင်ရသည်။

သို့စဉ်လျက် ကာနယ်အင်ဂရမ်အား စာမတတ်သော စက်ပြင်ဆရာ တစ်ယောက်၏ အခြေအနေမျိုး၌ ရှိနေသည်ကို ကျွန်မ တွေ့ရပါသည်။ သူကား လွတ်လပ်သူတစ်ယောက် မဟုတ်။ အိုးတွင် တုပ်နှောင်ထားခြင်း ခံရသူသာ ဖြစ်ပါသည်။ ဂျက်ဆင်၏အမှုအကြောင်း ကျွန်မက စတင်ပြောဆိုလိုက်သော အခါ သူ အဘယ်သို့ ပြောင်းလဲသွားသည်ကို ကျွန်မ မမေ့နိုင်ပါ။ ပြုံးနေသော သူ့ပင်ကိုသဘာဝကောင်းမှာ မကောင်းဆိုးရွားလို ထွက်ပြေး ပျောက်ကွယ် သွားသည်။ သူ၏ ကောင်းစွာပြုစုထားသော မျက်နှာကို ရုတ်ခြည်းအားဖြင့် ကြောက်မက်ဖွယ် အသွင်သဏ္ဌာန် ကပြောင်းကပြန် လုပ်ပစ်လိုက်ပါသည်။ ဂိုမ်းစမစ် ပွင့်အံထွက်ခဲ့စဉ်ကလိုပင် ကျွန်မမှာလည်း ကြောက်လန့်နေမိပါသည်။

သို့ရာတွင် ကာနယ်အင်ဂရမ်မှာ ကျိန်ဆဲခြင်း မရှိပါ။ ဤသည်မှာ အလုပ်သမားနှင့် သူ့အကြား အနည်းငယ်ခြားနားမှု ဖြစ်ပါသည်။ သူသည် ဇဝနဉာဏ်ထက်သန်ခြင်းကြောင့် ကျော်ကြားသူ ဖြစ်သော်လည်း ယခုတွင်မူ ဇဝနဉာဏ် မရှိတော့ပါ။ ဤနည်းလမ်းအရ ထွက်ပြေးဖို့လမ်း ရှာဖွေပါသေးသည်။ သို့သော် ထင်းရှူးပင်များ၊ ရော်ဘာပင်များအကြားတွင် သူ ထောင်ချောက်မိနေပါပြီ။

ဂျက်ဆင်၏နာမည်ကြောင့် သူ့မှာ စိတ်မသက်မသာ ဖြစ်နေသည်။ ဤကိစ္စကို ကျွန်မ ဘာကြောင့် ယူဆောင်လာသနည်း။ ကျွန်မ ဟာသကို သူ နားမလည်ပါ။ ဤသည်မှာ ကျွန်မဘက်မှ နှုံချာလှသော ကနဦးအတွေ့မျှသာ ဖြစ်သည်။ မစဉ်းစား မဆင်ခြင်ခြင်း ဖြစ်သည်။ သူ့အသက်မွေးဝမ်းကျောင်း





လုပ်ငန်းအရ လူတစ်ဦးတစ်ယောက်၏ ခံစားမှုအား ထည့်သွင်း တွက်ချက်ခြင်း ရှိသည်ကို ကျွန်မ မသိပါသလော။ ရုံးသို့သွားသည်နှင့် တစ်ပြိုင်နက် သူ့ခံစားမှုအား အိမ်၌ ထားရစ်ခဲ့သည်သာ ဖြစ်သည်။ ရုံးတွင် သူ့အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ ခံစားမှုမျှသာ ရှိပါသည်။

"ဂျက်ဆင်ဟာ လျော်ကြေးရရမယ် မဟုတ်လား" ဟု ကျွန်မ မေးလိုက်သည်။

"သေချာတာပေါ့။ ကျုပ်ရဲ့ ကိုယ်ပိုင်ခံစားချက်အရ ဆိုရင် သူ ရရမှာပေါ့။ သို့သော် ဒါဟာ အမှုရဲ့တရားဥပဒေကြောင်းနဲ့ ဘာမှ မပတ်သက်ဘူး"

သူ၏ ပြန့်ကျဲနေသော ဇဝနဉာဏ်တွေကို ပြန်လည် စုစည်းနေပုံရပါသည်။

"အခွင့်အရေးဟာ တရားဥပဒေနဲ့ ဆိုင်သလား ဆိုတာ ကျွန်မကို ပြောပြစမ်းပါ"

"မင်းသုံးတဲ့ ပဏာမ စကားလုံး မှားနေပြီ"

"အင်အားလား။ ဒါနဲ့တောင် ကျွန်မတို့က တရားမျှတမှုကို တရားဥပဒေ နည်းလမ်းများအရ ရယူနေကြသေးသတဲ့လား"

"အဲဒါ အယူမှားနေတာပေါ့၊ ကျုပ်တို့ တရားမျှတပါတယ်"

"ဦးက အသက်မွေးဝမ်းကျောင်းစနစ်အရ အခု စကားပြောနေတာ ကိုး၊ ဟုတ်တယ် မဟုတ်လား"

ကာနယ်အင်ဂရမ်မှာ မျက်နှာနီလာသည်။ တကယ့်ကို မျက်နှာနီရဲ တက်လာပြီး ထွက်စရာလမ်း ရှာသည်။ သို့သော် ကျွန်မက လမ်းပိတ်ထား လိုက်ပြီး သူ့ကို ရွေ့လျားခွင့် မပြုပါ။

"လူတစ်ယောက်ဟာ သူ့ပုဂ္ဂလိက ခံစားမှုကို သက်မွေးဝမ်းကျောင်း လုပ်ငန်း ခံစားမှုဆီ ပုံအပ်ထားလိုက်ရတဲ့အခါမှာ ဒီအပြုအမူကို စိတ်ခတ်ရေးအရ၊ အင်္ဂါတစ်ရပ် ချွတ်ယွင်းမှုတစ်မျိုးလို့ မခေါ်နိုင်ဘူးလား။ ကျွန်မကို ပြောပြစမ်းပါ"

အဖြေကိုကား မရပါ။ ကာနယ်အင်ဂရမ်မှာ ရုပ်ပျက်ဆင်းပျက်ပင် နှုတ်ပိတ်နေသည်။

ထို့နောက် ကျွန်မ စာနယ်ဇင်းများမှတစ်ဆင့် ကြိုးစားခဲ့ပါသည်။ ဂျက်ဆင့်အမှုနှင့်စပ်လျဉ်း၍ နူးနူးညံ့ညံ့ ရေးပါသည်။ ကျွန်မ တွေ့ဆုံ စကားပြော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သူများအပေါ်တွင် အပြစ်တင်သော အရေးအသားများ မပါပါ။ သူတို့ကို ဖော်ပြခြင်းပင် မပြုပါ။ အမှု၏ တကယ့်အကြောင်းအချက်များကိုသာ ကျွန်မ ရေးပြခြင်း ဖြစ်ပါသည်။ နှစ်ကာလရှည်ကြာစွာ ဂျက်ဆင် စက်ရုံ၌ အလုပ်လုပ်ခဲ့ပုံ၊ စက်မပျက်စီးစေရန် အားထုတ်ရင်း ဒဏ်ရာရခဲ့ပုံ၊ ယခု နောက်ဆုံးတွင် နုံချာ မွဲတေ၍ ဝေါ်လုနီးပါး နေထိုင်ရပုံ စသည့် အကြောင်းများ ဖြစ်သည်။ သတင်းစာ သုံးစောင်က ကျွန်မ ဆောင်းပါးကိုပယ်ပါသည်။ အလားတူစွာ အပတ်စဉ် ဂျာနယ်နှစ်စောင်ကလည်း ပယ်လိုက်ပါသည်။

ကျွန်မ ပါစီလေတန်နှင့် သွားတွေ့သည်။ ပါစီသည် ယူနီဗာစီတီဘွဲ့ရ တစ်ဦးဖြစ်၍ သတင်းစာပညာ သင်တန်းတက်ခဲ့ပြီး သတင်းစာသုံးစောင်၏ သတင်းထောက်အဖြစ် လုပ်ကိုင်နေသူဖြစ်သည်။ ဂျက်ဆင့်အကြောင်းနှင့် ဂျက်ဆင် အမှုတစ်ခုလုံးကို သတင်းစာတွေက အဘယ်ကြောင့် မဖော်ပြကြ ကြောင်း ကျွန်မက မေးသောအခါ သူသည် ပြုံးနေလေ၏။

"အယ်ဒီတာအဖွဲ့ ပေါ်လစီပေါ့လေ။ ကျွန်တော်တို့က ဒါအတွက် ဘာမှမတတ်နိုင်ဘူး၊ အယ်ဒီတာနဲ့သာ ဆိုင်တာ"

"ဘာဖြစ်လို့ ဒီလို ပေါ်လစီမျိုး ထားကြသလဲ"

"ကျွန်တော်တို့က ကော်ပိုရေးရှင်းကြီးတွေနဲ့ တစ်သားတည်းကိုးဗျ။ ကြော်ငြာခတွေ ရနေရင် ဒီသတင်းမျိုး ဘယ်ထည့်ပါတော့မလဲ။ ဒီသတင်းမျိုး ခိုးထည့်တဲ့လူ ပြုတ်မှာပဲ၊ ကြော်ငြာခထက် ဆယ်ဆလောက် ပိုရနေတော့ ဒီ သတင်းမျိုး ထည့်လို့ မရဘူးလေ"

"ရှင့်ကိုယ်ပိုင် ပေါ်လစီကရော။ ရှင့်တာဝန်က ရှင့်အလုပ်ရှင်တွေရဲ့ အမိန့်အတိုင်း အမှန်တရားကို လှည့်စားဖို့ အလုပ်ရှင်တွေကလည်း ကော်ပိုရေး-ရှင်းကြီးတွေရဲ့ အမိန့်ကို နာခံဖို့လို့ ထင်စရာ ဖြစ်နေတယ်"

"ကျွန်တော်နဲ့တော့ ဘာမှမဆိုင်ပါဘူး" သူသည် အခိုက်အတန့်အား ဖြင့် အကျပ်ရိုက်နေဟန်တူ၏။ နောက် အတန်ကြာမှ ထွက်လမ်း တွေ့သွားသည့် အလား ဆက်ပြောပါသည်။ "ကျွန်တော်ကိုယ်တိုင်တော့ မမှန်သတင်း မရေးပါ ဘူး။ ကျွန်တော့်ကိုယ်ကျင့်တရားနဲ့အညီ အားလုံးကို မျှမျှတတ ရေးပါတယ်။ ဒါပေမယ့် တစ်နေ့တာ လုပ်ငန်းတိုင်းမှာ မလွဲမရှောင်သာတာတွေ ရှိရှိုးအမှန်ပါ။ ဒါဟာလည်း နေ့တိုင်းပါပဲ"

"တစ်နေ့နေ့ ရှင်လည်း အယ်ဒီတာ စားပွဲထိုင်ပြီး ပေါ်လစီချဖို့ မျှော်လင့်





နေမယ်နဲ့တူတယ်"

"အဲဒီအချိန်ကျတော့ ကျွန်တော်လည်း အရေးထူနေပြီပေါ့"

"ကဲ. . . အရေးမထူသေးခင် အယ်ဒီတာအဖွဲ့ရဲ့ ယေဘုယျ ပေါ်လစီ အကြောင်း ရှင် ဘယ်လို ထင်သလဲဆိုတာ ကျွန်မကို ပြောပြစမ်းပါ"

"ကျွန်တော်တော့ မထင်ပါဘူး။ သတင်းစာ နယ်ပယ်မှာ အောင်မြင် ချင်တယ်ဆိုရင် ကြိုးတန်းပေါ် လမ်းလျှောက်လို့ မရဘူးဗျ။ ဒါကို ကျွန်တော် ကျော်လမ်းပေါင်းစုံနဲ့ လေ့လာခဲ့ပြီးပြီ"

သူက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းနေပါသည်။

"ဒါ မှန်သလား"

"ကစားပွဲကို ခင်ဗျား နားမလည်ဘူး။ အားလုံး မှန်တယ်၊ ဘာကြောင့် လဲ အားလုံးမှန်တဲ့အထဲက လာလို့ပဲ"

"အင်မတန်ကို မတိကျတာပဲ" ဟုသာ ကျွန်မ ရေရွတ်နိုင်ပါတော့ သည်။ သူ၏ ငယ်ရွယ်နုပျိုသော အရွယ်ကိုသာ ကျွန်မ နှမြောမိပါသည်။ အော်တစ်ပစ်ချင်စိတ်၊ မျက်ရည်သွန်ချချင်စိတ် ပေါက်လာသလားဟု ခံစား မိပါသည်။

ကျွန်မ အာမြဲနေခဲ့သော လူ့အဖွဲ့အစည်း၏သဏ္ဌာန်ကို ဖောက်ထွင်း ကာ ယင်းအောက်တွင် နစ်မြုပ်နေသော ကြောက်မက်ဖွယ်ရာအဖြစ်မှန်များကို တွေ့မြင်ရစပြုနေပါသည်။ ဂျက်ဆင်ကို ဝိုင်းဝန်းလုပ်ကြံထားကြပြီဟု ကျွန်မ ထင်မိပြီ ဤအမှုတွင် အစွမ်းကုန် ကြိုးစားရှာသော သနားစရာ ရှေ့နေကလေး ကိုပါ တနာစိတ်များ ဝင်နေကြောင်း ကျွန်မဘာသာ သဘောပေါက်လျက် ရှိပါ သည်။ သို့ရာတွင် ဤလုပ်ကြံမှုသည် တဖြည်းဖြည်း ကြီးထွားလာပါသည်။ ဂျက်ဆင်ကိုသာ ချိန်ရွယ်သည် မဟုတ်တော့ဘဲ စက်ရုံတိုင်း၌ ပင်ပန်းမောဟိုက် နေကြသည့် အလုပ်သမားတိုင်းကို ချိန်ရွယ်ထားပါသည်။ စက်ရုံတွင်းက လူတိုင်း ကို ချိန်ရွယ်လျှင် အခြားသော စက်ရုံ အလုပ်ရုံတိုင်းက အလုပ်သမားတိုင်းကို အဘယ့်ကြောင့် မချိန်ရွယ်ရအံ့နည်း။ အမှန်မှာလည်း စက်မှုလုပ်ငန်းတိုင်းတ ထင်းသို့ ပြုမူနေကြသည် မဟုတ်ပါလော။

ဤအတိုင်းသာ မှန်ခဲ့လျှင် လူ့အဖွဲ့အစည်းသည် လိမ်လည်နေခြင်း ဖြစ်၏။ ကျွန်မ ကောက်ချက်မှ ကျွန်မ ပြန်၍ တပ်ခေါက်မိပါသည်။ အဘယ့်ကြောင့်ဆိုသော် အမှန်တရား ဖြစ်စေရန်မှာ အလွန်ကြောက်မက်ဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေသောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် ဂျက်ဆင်တစ်ယောက် ရှိပါသေးသည်။ ဂျက်ဆင်၏ လက်မောင်း၊ ကျွန်မ ဝတ်ရုံတွင် စွန်းထင်းနေသော သွေး၊ အိမ်ခေါင်တန်းမှ တစ်စက်စက်ကျနေသော သွေးများကို မြင်ယောင်မိနေသည်။ ထိုမျှသာမက ဂျက်ဆင်ပြောသည့်အတိုင်း နောက်ထပ် ဂျက်ဆင် ရာပေါင်းထောင်ပေါင်း များစွာ စက်ရုံတွင် ရှိနေကြပါသေးသည်။ ဂျက်ဆင့်ထံမှ ကျွန်မ ပြေးထွက် ရှောင်ခွာ၍ မရတော့ပါ။

ဆီယာရာ စက်ရုံတွင် အစုရှယ်ယာ အများဆုံး ပိုင်ဆိုင်ကြသော မစ္စတာ ဝစ်ဆင်နှင့် မစ္စတာ ပါတင်ဝိသ်တို့ကို ကျွန်မ သွားတွေ့ပါသည်။ သို့သော် သူတို့ အသုံးချ ခိုင်းစေနေသော စက်ဆရာကို ကိုင်လှုပ်ခဲ့သလို သူတို့ကို ကျွန်မ ကိုင်လှုပ်၍ မရပါ။ သူတို့သည် ကျန်ရှိသော လူ့အဖွဲ့အစည်းတစ်ခုလုံးထက် ပိုမိုသာလွန်သည့် ကျင့်ဝတ်ရှိကြကြောင်း ကျွန်မ ရှာဖွေ တွေ့ရှိခဲ့ပါသည်။ ၎င်းသည်ကို မင်းစိုးရာဇာကျင့်ဝတ်၊ သို့မဟုတ် သခင့်ကျင့်ဝတ်ဟု ကျွန်မ ခေါ်ရပါတော့သည်။ ပေါ်လစီနှင့် အမှန်တရားကို ခွဲခြား ရှင်းလင်းပြကြသည်။ ကျွန်မထို မနူးနေပ် ငယ်ရွယ်သေးသူ၊ အတွေ့အကြုံ နုနယ်သေးသူအဖြစ် သဘောထားထားခင်တ ဆုံးမသလို ပြောကြားခြင်း ဖြစ်သည်။ ကျွန်မ တွေ့သမျှတွင် မျှော်လင့်ချက် အတင်းမဲ့ဆုံး လူများပင် ဖြစ်ပါတော့သည်။

သူတို့ လုပ်နေသည်မှာ မှန်ကြောင်းဖြင့် လုံးဝ ယုံကြည်ကြသည်။ ဒါနှင့် စပ်လျဉ်း၍ ပြဿနာ မရှိ၊ ဆွေးနွေးစရာမရှိ။ သူတို့သာ လူ့ဘောင် ကယ်တင်ရှင်များ၊ လူများစွာကို ပျော်ရွှင်ချမ်းမြေ့အောင် လုပ်ပေးသူများဟု ယုံကြည်နေကြသည်။ အလုပ်သမား လူတန်းစား၏ အတိဒုက္ခများအား သနားစရာ ရုပ်ပုံ ရေးခြယ်ပြကြစေကာမူ ယင်းကို သူတို့ အလုပ်ရှင်တွေက ဖန်တီးခြင်း မဟုတ်ဟု ဆိုပါသည်။

၎င်း လူနှစ်ယောက်ထံမှ အသစ်အဆန်းများ ရခဲ့သော ကျွန်မသည် အားနက်ကို ကျွန်မ အတွေ့အကြုံများအား ပြန်လည် ရှင်းပြမိပါသည်။ သူက ကျွန်မအား ကျေနပ်သော အကြည့်ဖြင့် ကြည့်ရင်း . . .

"ဒါ တကယ့်ကို ကောင်းပါတယ်။ ခင်ဗျားဟာ ခင်ဗျားကိုယ်တိုင် အတွက် အမှန်တရားကို စတင် တူးဖော်နေပါပြီ။ ဒါဟာ ခင်ဗျားရဲ့ ကိုယ်ပိုင် ခန့်ခွဲဆုံးဖြတ်ချက် ဖြစ်တယ်။ မှန်လည်း မှန်ပါတယ်။ စက်ယန္တရားထဲမှာ





အရင်းရှင်ကြီးတွေကလွဲရင် ဘယ်သူမှ လွတ်လပ်တာရယ်လို့ မရှိပါဘူး။ အရင်းရှင်တွေဟာ သူတို့လုပ်နေတဲ့ လုပ်ငန်းတိုင်းမှာ သူတို့သာ မှန်တယ်လို့ ယုံကြည်ကြသူတွေချည်းပဲ။ ဒါဟာ ပတ်ဝန်းကျင် အခြေအနေ တစ်ခုလုံးမှာ သာလွန်ကောင်းနေတဲ့ စိတ်ကူးပါ။ သူတို့ မှန်တယ်ထင်တာမှအပ တခြား ဘာတိုမှ ဘုပ်ရဲလောက်အောင် သူတို့ရဲ့ သဘာဝက တုပ်နှောင်ထားခြင်း ခံနေရသူတွေပါ။ သူတို့ အပြုအမူတိုင်းအတွက် ခွင့်ပြုချက်တစ်ရပ် ရှိရမယ်။

"သူတို့ တစ်ခုခု လုပ်ချင်လို့ရှိရင်၊ ဒီလို လုပ်ချင်တယ်ဆိုတာကလည်း စီးပွားရေး လုပ်ငန်းပေါ့လေ။ သူတို့ ဦးနှောက်ထဲမှာ ဘာသာရေးအရ၊ ကျင့်ဝတ်အရ သိပ္ပံပညာအရ၊ ဒါမှမဟုတ် အဘိဓမ္မာအရ ဒီအရာ မှန်ကန်တယ် ဆိုတဲ့ အတွေးအခေါ် တစ်ခု ပေါ်ပေါက်အောင် စောင့်ရတယ်။ ဒီနောက် အလိုဆန္ဒက အတွေးအခေါ်ကို ပေါက်ဖွားစေတယ်ဆိုတဲ့ လူ့စိတ်ရဲ့ အားနည်းချက်ကို အခြေခံနည်းနဲ့ ရှေ့ဆက် လုပ်ကြတာပါပဲ။ သူတို့ဟာ အပေါ်ယံကျတဲ့ စဉ်းလဲသော အခြေခံဆင်လက်သမားတွေပါပဲ။ အများလုပ်ရင်တောင် အဲဒီအများထဲက အမှန် ထွက်လာမယ့်နည်းကို သိကြသူတွေပါ။ သူတို့ ဖန်တီးခဲ့တဲ့ ချစ်စရာလည်းကောင်း၊ ထိုနည်း သိသာတဲ့ စိတ်ကူးတစ်ခုကတော့ အသိဉာဏ်နဲ့ ထူးချွန်မှုမှာ သူတို့ဟာ လောကမှာ ရှိသမျှလူတွေ အားလုံးထက် သာလွန်တယ်ဆိုတာပါပဲ။ အဲဒီကနေ လူ့ဘောင်ရဲ့ စားဝတ်နေရေးတစ်ခုလုံးကို သူတို့ ခြယ်လှယ်ဖို့ ခွင့်ပြုချက် ရလာတာပါပဲ။ ဘုရင်တွေ၊ ဒီနေရာမှာတော့ ကုန်သည်များ ဘုရင် ဗုဒ္ဓိသာ၊ ဘုရား သခင်ကပေးတဲ့ အခွင့်အရေးဆိုတဲ့ အယူအဆကိုတောင် ဆက်ပြီး အသက်သွင်းခဲ့ကြသူတွေပဲ။

"သူတို့ရဲ့ အနေအထားမှာ အားနည်းချက်ကတော့ သူတို့ဟာ စီးပွားရေးသမားသာ ဖြစ်တယ်ဆိုတဲ့ အချက်မှာ တည်ပါတယ်။ သူတို့ဟာ အဘိဓမ္မာ ပညာရှင် မဟုတ်ဘူး။ ဇီဝဗေဒ ပညာရှင် မဟုတ်ဘူး။ လူမှုဗေဒပညာရှင်လည်း မဟုတ်ဘူး။ ဒီလို ဖြစ်ကြရင်လည်း ကောင်းမှာပါပဲ။ စီးပွားရေးသမားတစ်ယောက်ဟာ ဇီဝဗေဒပညာရှင်လည်း ဖြစ်မယ်၊ လူမှုဗေဒပညာရှင်လည်း ဖြစ်မယ်ဆိုရင် လောကအတွက် လုပ်ပေးရမယ့် မှန်ကန်တဲ့ အရာလောက်တော့ အနည်းဆုံး သိမှာပါ။ ဒါပေမယ့် စီးပွားရေးလုပ်ငန်း ပြင်ပမှာ ဒီလူတွေဟာ အင်မတန် မိုက်မဲသူတွေပါ။ စီးပွားရေးပဲ သူတို့သိတယ်။ လူ့ဘောင်ကို မသိဘူး။ လူ့အဖွဲ့အစည်းကို မသိဘူး။ ဒါနဲ့တောင် ဆာလောင်နေတဲ့ လူသန်းပေါင်းများစွာရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာကို ဆုံးဖြတ်သူများလို့ သူတို့ကိုယ်သူတို့ သတ်မှတ်ထားကြသေးတယ်။ တစ်နေ့ သမိုင်းက သူတို့ကို နာနာကျည်းကျည်း ရယ်မော လှောင်ပြောင်ပါလိမ့်မယ်"

မစ္စက်ဝစ်ဆင်၊ မစ္စက်ပါတင်ဝိဒ်တို့နှင့် တွေ့ဆုံ၍ စကားပြောကြည့်သောအခါတွင်ကား ကျွန်မက မအံ့သြတော့ပါ။ သူတို့သည် အသိုင်းအဝိုင်းဝင်ဆံ့သော အမျိုးသမီးများဖြစ်ပါသည်။ သူတို့ အိမ်တွေမှာ နန်းတော်များပမာ ဖြစ်ပါသည်။ အိမ်တွေကလည်း အနှံ့အပြား ရှိသည်။ တောင်ပေါ်မှာ၊ ရေကန်ပေါ်မှာ၊ ပင်လယ်ကမ်းခြေပေါ်မှာ။

အစေခံတွေ တစ်ပုံကြီးထားသည်။ သူတို့၏ လူမှုရေးလုပ်ငန်းတွေမှာ ဩချလောက်ပါသည်။ ယူနီဗာစီတီနှင့် ဘုရားရှိခိုးကျောင်းများ၏ ဂေါပကများ ဖြစ်ကြသည်။ ဓမ္မဆရာတွေက သူတို့ဆိုလျှင် အထူး တရားပြကြရသည်။ သူတို့မှာ အာဏာရှိသည်။ ငွေရှိသည်။

သူတို့ လင်သားတွေကို ချုပ်ချယ်သည်။ ငွေရှင်ကြေးရှင်တို့၏ ပေါ်လစီများ၊ တာဝန်များ၊ ဝတ္တရားများကို ငိုတာချဲ့ပြောတတ်ကြပါသည်။ သူတို့ လင်သားများကို လွှမ်းမိုးထားသည့် သူတို့လူတန်းစား၏ ကျင့်ဝတ်ကို သူတို့ ကိုးကွယ်သည်။ သူတို့နားတွေက နားမလည်သည့် စကားကြီး စကားကျယ်တွေကို ပြောကြသည်။

ဖျက်ဆင့်မိသားစု၏ စူးစမ်းဖွယ်ရာ အခြေအနေကို ကျွန်မက ပြောပြလိုက်သောအခါ သူတို့ ကသိကအောက် ဖြစ်ကြရသည်။ ထိုလူအတွက် ညာတာရက်ရောမှု တစ်ခုတလေကိုမျှ မပြ။ သူတို့၏ လူမှုရေးတာဝန်များတွင် အမိန့်ပေးညွှန်ကြားခြင်းမျိုးကို မကြိုက်ဟု ကျွန်မ ကြားဖူးပါသည်။ ထို့ကြောင့် ကျွန်မက ဖျက်ဆင့်အတွက် အကူအညီပေးရန် တည့်တည့်ကြီး ပြောချလိုက်သောအခါ သူတို့ကလည်း တည့်တည့်ကြီးပင် ငြင်းဆိုလိုက်ပါသည်။

အလွန်အံ့သြဖွယ်ကောင်းသောအချက်မှာ တစ်ယောက်နှင့် တွေ့သည်ကို တစ်ယောက်က မသိအောင် ကျွန်မက သူတို့နှစ်ယောက်ကို သီးခြားတွေ့ခဲ့ခြင်းဖြစ်သော်လည်း ကျွန်မ တင်ပြချက်ကို ငြင်းဆိုရာ၌ စကားအသုံးအနှုန်းပါ တစ်ထပ်တည်း တူနေကြခြင်းပင် ဖြစ်ပါသည်။ ဂရုမစိုက် ပေါ့လျော့မှုပေါ်တွင် လျစ်လျူမပြုရန်နှင့် ထိခိုက်မှုအတွက် ကူညီစောင်မခြင်းဖြင့် ဆင်းရဲသားတွေ စက်ထဲတွင် မကြာခဏ ထိခိုက်အောင် လုပ်နေကြသလို ဖြစ်မလာစေရန်ကိုထား ခဲ့ပ်ရှင်းရှင်းပင် ပန်ကြားခွင့်ရသဖြင့် ဝမ်းသာကြောင်း ဟူသည်မှာ သူတို့နှစ်ယောက်၏ တူညီသော အဖြေပင် ဖြစ်ပါသည်။





ဤမိန်းမနှစ်ယောက်မှာ ရိုးသားပါသည်။ သူတို့ လူတန်းစားနှင့် သူတို့ကိုယ်တိုင်က သာလွန် မြင့်မြတ်သည် ဆိုသော ယုံကြည်ချက်တွင် ယစ်မူးနေကြသူများ ဖြစ်ပါသည်။ သူတို့ လူတန်းစား ကျင့်ဝတ်တွင် သူတို့ လုပ်သမျှအတွက် ခွင့်ပြုချက် ရထားကြသူများ ဖြစ်ပါသည်။ မစ္စက်ပါတင်ဝိဒ်၏ ကြီးမားလှသော အိမ်ကြီးမှ ကျွန်မ ကားမောင်း၍ ထွက်လာစဉ် အိမ်ကြီးကို ပြန်လှည့်ကြည့်မိရင်း သူတို့သည် စက်ယန္တရားနှင့် တုပ်နှောင်ထားခြင်း ဖြစ်သည်ဆိုသော အားနတ်၏ ဆင်တူချက်ကို အမှတ်ရနေမိပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း [ ၅ ]

## သူခမိန်များ

အားနက် မကြာခဏ ဆိုသလို အိမ်သို့ ရောက်လာတတ်ပါသည်။ ဤသို့ သူ ရောက်လာသည်မှာ ကျွန်မ ဖေဖေ့ကြောင့်လည်း မဟုတ်၊ အငြင်းပွားသော ညစာစားပွဲများကြောင့်လည်း မဟုတ်ပါ။ သူ လာရောက်မှုများတွင် ကျွန်မသည် အချို့သော အစိတ်အပိုင်းမှ ပါဝင်နေသောကြောင့်လားဟု ကျွန်မဘာသာ အထင်ရောက်နေလိုက်ပါသည်။ သို့ရာတွင် ကျွန်မအတွေး မှန်ကန်ကြောင်း မကြာမီ သိလာရပါတော့သည်။

အားနက် အဲဗားဟတ် ကဲ့သို့သော ချစ်သူမျိုး ဘယ်သောအခါကမျှ မရှိခဲ့ဖူးပါ။ ငေး၍ ကြည့်လိုက်သော သူ့အကြည့်နှင့် လက်ပိုက်ထားပုံတို့မှာ ပို၍သာ ခိုင်ခံ့မြဲမြံလာသည်။ သူ့မျက်စိအစုံတွင် ပေါ်နေသော မေးခွန်းမှာ ပို၍သာ အရေးပါလာသလား ထင်ရပါသည်။

ပထမအကြိမ် သူ့ကို တွေ့စဉ်က သူ့အပေါ် ကျွန်မထင်မြင်ချက်မှာ





မကောင်းလှပါ။ ထို့နောက် ကျွန်မက သူ့အပေါ် စွဲလမ်းမိနေကြောင်း ကျွန်မဘာသာ တွေ့ရှိလာရပါသည်။ ထို့နောက် ကျွန်မ လူတန်းစားနှင့် ကျွန်မတို့ ပြင်းထန်စွာ ထိုးနှက် တိုက်ခိုက်သောအခါတွင် သူ့ကို ကျွန်မ ဖယ်ထုတ်ပါသည်။ ထို့နောက် ကျွန်မ လူတန်းစားအပေါ် မဟုတ်တရား ပြောခြင်းမဟုတ်၊ ယင်း လူတန်းစားနှင့်ပတ်သက်၍ သူ ပြောပြသည့် ပြင်းထန်ခါးသီးလှသော အရာတွေ မှန်ကန်ကြောင်း တွေ့မြင်ရသောအခါတွင်ကား သူနှင့်ကျွန်မ ပို၍ နီးကပ်လာခဲ့ပါသည်၊ ကျွန်မအတွက်ဆိုရလျှင် သူသည် လူ့အဖွဲ့အစည်း၏ မျက်နှာဖုံးမှ အတုအယောင်တွေကို ဆွဲထုတ်ပစ်လျက် မငြင်းနိုင်လောက်အောင် မှန်ကန်သော ရှောင်လွှဲဖွယ်မရှိသည့် အမှန်တရားတွေကို လှစ်ဟပြခဲ့ပါသည်။

ကျွန်မ ပြောခဲ့ပြီးသည့်အတိုင်း သူ့လိုချစ်သူမျိုး မရှိခဲ့ပါ။ ယူနီဗာစီတီမြို့ကလေးတွင် အသက် နှစ်ဆယ့်လေးနှစ်ထိ အချစ်အတွေ့အကြုံမရှိဘဲ နေခဲ့သူ မိန်းကလေးဟူ၍ မရှိပါ။ ခေါင်းဖြူနေသော ပါမောက္ခကြီးများ၊ အားကစားသမားများ၊ ဘောလုံး နာမည်ကျော်ကြီးများ၏ ချစ်ခင်ယုယခြင်းကိုကား ကျွန်မ ခံခဲ့ရပါသည်၊ သို့သော် သူတို့ထဲက တစ်ဦးတစ်ယောက်ကိုမျှ အားနက်ကို ချစ်သည့်အချစ်မျိုးဖြင့် မချစ်မိပါ။

ကျွန်မ မသိမီ သူ့လက်မောင်းတွေက ကျွန်မကို ဝန်းရံထားပါသည်။ ကျွန်မ မကန့်ကွက် မငြင်းဆန်မီ သူ့နှုတ်ခမ်းတွေက ကျွန်မနှုတ်ခမ်းကို တွေ့ထိနေပါသည်၊ သူ၏ ထက်သန်မှု ရှေ့မှောက်တွင် ကျွန်မ သာမန် အပျိုစင် တစ်ယောက်သို့ ရယ်ဖွယ်လိလိ ဖြစ်ပါတော့သည်။ သူက ကျွန်မကိုယ်ကို သိုင်းဖက်ကာ လက်ထပ်တော့မည့်အတိုင်း နမ်းပါသည်။ လက်ထပ်ရေးအကြောင်းကိုကား ဆွေးနွေးကြပါ။ နောက်ပိုင်း ဆွေးနွေးသော အရာကား ဘယ်တော့ လက်ထပ်ကြမည်လဲဆိုသောအရာသာ ဖြစ်ပါသည်။

'ယင်းအဖြစ်မျိုးကို မကြုံဖူးပါ။ သဘာဝလည်း မကျပါ။ သို့စဉ်လျက် အမှန်တရားနှင့်စပ်လျဉ်း၍ အားနက်၏ စမ်းသပ်မှုနှင့်အညီ အဆင်တော့ ပြေပါသည်။ ကျွန်မဘဝကို ယင်းအတွက် ယုံကြည်အပ်နှံမှုမှာ ကုသိုလ်ကောင်းလှပါသည်၊ ကနဦးတွင် သူ့အချစ်ကို ကျွန်မတွေး၍ ကြောက်မိပါသေးသည်၊ သို့ရာတွင် အခြေအမြစ်မရှိသော ကြောက်လန့်မှုသာ ဖြစ်ပါသည်။

ထိုအချိန်လောက်တွင် သူ့အပေါ်၌ ပြီးပြည့်စုံစွာ ချစ်မိခြင်းမလောနီးသည့် ကျွန်မ၏ နောက်ဆုံး သံသယတို့ ပျောက်ကွယ်သွားကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



(မသိစိတ်တွင်း၌ ဖြစ်သော သံသယ ဆိုရလေမလား။)

ထိုညမှာ သုခမိန်ကလပ်၌ အားနက်က ပညာရှိကြီးတွေကို အမိဖမ်းသော အံ့ဖွယ်တိုက်ပွဲည ဖြစ်သည်။ သုခမိန်ကလပ်မှာ ပစီဖိတ်ကမ်းခြေတစ်လျှောက် ရှိသမျှ ကလပ်များအနက် လက်ရွေးစင်ကလပ်ဖြစ်သည်။ ဤကလပ်ကို တည်ထောင်သူမှာ အလွန်တရာ ကြွယ်ဝချမ်းသာသော မစ်ဘရင့်ဝုဒ်ဖြစ်သည်၊ ဤကလပ်သည်သာ သူ၏ခင်ပွန်း၊ သူ၏မိသားစု၊ သူ၏ ကစားစရာဖြစ်ပါတော့သည်၊ ကလပ်ဝင်တွေမှာ အချမ်းသာဆုံးများ ဖြစ်ကြပြီး ပညာတတ်စကားလုံးများဖြင့် ခေါ်ရသော ရွှန်းရွှန်းလက် သုတေသီများ စုဝေးရာဘုမိနက်သန့် ဖြစ်ပါတော့သည်၊

သုခမိန်များတွင် ကလပ်လုပ်ထားသည့် အဆောက်အအုံဟူ၍ မရှိ၊ တစ်လလျှင်တစ်ကြိမ်၊ အဖွဲ့ဝင်တစ်ဦးဦး၏ အိမ်တွင်ပြီး ဟောပြောချက်တို နားထောင်ကြသော ကလပ်မျိုး ဖြစ်သည်။ တစ်ခါတရံ ဟောပြောသူများတို့ အခကြေးငွေပေး၍ ပင့်ဖိတ်လေ့ရှိသည်၊ နယူးယောက်မြို့မှ ဓာတုဗေဒပညာရှင်တစ်ဦးက ရေဒီယံဟု ဆိုပါစို့ အသစ်ရှာဖွေ တွေ့ရှိလျှင် သူ့အတွက် စရိတ်စထားအားလုံးကို ကျခံသည့်အပြင် သူ့အချိန်အတွက် အခကြေးငွေ မြတ်မြတ်ကလေးပေးတတ်ပါသည်၊ ဝင်ရိုးစွန်းမှ စူးစမ်းရှာဖွေပြီး ပြန်လာကြသူများ၊ သို့မဟုတ် စာပေအရ အနုပညာအရ အောင်မြင်သူများကိုလည်း အလားတူ ဖိတ်ခေါ်လေ့ရှိသည်၊ ဧည့်သည်များကို ခွင့်မပြု၊ ဆွေးနွေးချက်တွေကိုလည်း သတင်းစာတွင် ထည့်ခွင့်မပြုဟူသည်မှာ ကလပ်၏ ပေါ်လစီဖြစ်ပါသည်၊ ဤသို့အားဖြင့် ကြီးကျယ်ထင်ရှားသော နိုင်ငံရေးသမားများလည်း သူတို့စိတ်၌ ရှိသည့်အတိုင်း လွတ်လပ်စွာ ပြောခွင့်ရကြလေသည်။

ကျွန်မသည် မှေးမှိန်နေပြီဖြစ်သော စာတစ်စောင်ကို ကျွန်မရှေ့တွင် ဖြန့်ချလိုက်ပါ၏။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က ကျွန်မထံ အားနက် ရေးခဲ့သော စာ ဖြစ်ပါသည်။ ဤစာမှ အောက်ပါအတိုင်း ကျွန်မ ကူးယူလိုက်ပါသည်။

*မင့်ဖေဖေကလည်း သုခမိန်ကလပ်အဖွဲ့ဝင်တစ်ဦးပေပဲ။ ဒီတော့ မင်းလာနိုင်ပါတယ်။ ဒါကြောင့် နောက်အင်္ဂါနေ့ညကို လာခဲ့ပါ။ မင်းဘဝမှာ ထိုက်တန်တဲ့ အချိန်ဖြစ်လိမ့်မယ်လို့ ကိုယ် ကတိပေးပါတယ်။ မကြာခင်က မင်း ဒီအရှင်သခင်တွေနဲ့ တွေ့တုန်းက သူတို့ကို မင်း ကိုင်မလှုပ်နိုင်ခဲ့ဘူး။ မင်းလာရင် မင်းအတွက် ကိုယ် သူတို့ကို*





*ကိုင်လှုပ်ပြမယ်။ ကိုယ်က သူတို့ကို ပက်ကျိဖြစ်အောင် လုပ်ပစ်မယ်။ မင်းက သူတို့ရဲ့ ကိုယ်ကျင့်တရားကို မေးခွန်းထုတ်ထားတာကို။ ကိုယ်ကျင့်တရားကို မေးခွန်းထုတ်ရင် သူတို့ ပိုလို့သာ ကျေနပ်ကြသာလွန်ထူးကဲသွားကြတာချည်းပဲ။ ဒါပေမယ့် ကိုယ်က သူတို့ရဲ့ ငွေအိတ်ကို ခြိမ်းခြောက်မယ်။ အဲဒါက သူတို့ရဲ့ ကမ္ဘာဦးအစ သဘာဝအထိ တုန်လှုပ် ချောက်ချားသွားစေလိမ့်မယ်။ မင်း လာနိုင်လို့ရှိရင်တော့ အဲဒီမှာ ညနေခင်း ဝတ်စုံဝတ်ပြီး၊ အရိုးကိုက်နေတဲ့ ဂုဏ်အောင်းလူကို မင်း တွေ့ရမှာပါပဲ။ မင်းလာနိုင်ရင်တော့ ဒီလိုလူတွေရဲ့ ပင်ကို သဘာဝကို ကိုယ် ရှင်းရှင်းကြီးပြဖို့ ကတိပြုပါတယ်။*

*ကိုယ့်ကို စိစိညက်ညက် ချေပစ်ဖို့ သူတို့ ဖိတ်ထားကြတယ်။ ဒါဟာ မစ်ဘရင့်ဝုဒ်ရဲ့ အကြံအစည်ပါ။ သူက ကိုယ့်ကို ဖိတ်တုန်းက စောင်းပါးရိပ်ခြည် ပြောပြီးပါပြီ။ ဟိုတုန်းကလည်း ဒီလိုပွဲမျိုး သူ စီစဉ်ဖူးတယ်။ သူတို့ရှေ့မှောက်မှာ နူးညံ့ပျော့ပျောင်းတဲ့ ပြုပြင်ရေးသမားတွေ လာပြောတာကို သူတို့ အင်မတန် နှလုံးမွေ့လျော်ကြတယ်။ ကိုယ့်ကိုလည်း ကြောင်ကလေး တစ်ကောင်လို ပျော့ပျောင်းမယ်၊ နွားတစ်ကောင်လို ကျိုးနွံမယ်လို့ မစ်ဘရင့်ဝုဒ်က တွေးထင်ဟန်တူတယ်။ သူ့မှာ ဒီအထင်မျိုးရအောင်လုပ်ခဲ့တယ်ဆိုတာ မငြင်းပါဘူး။ ကိုယ့်ကို အန္တရာယ်ရယ်လို့ မမြင်တော့တဲ့အဆုံးမှာ ဖိတ်တာပါ။ ဒေါ်လာ နှစ်ရာ့ငါးဆယ်ဆိုတဲ့ငွေ မြက်မြက်ကလေးရမှာပါ။ တော်လှန်ရေးသမားတစ်ယောက်ဖြစ်ပေမယ့် တစ်ချိန်က ဘုရင်ခံအရွေးခံခဲ့တဲ့ လူတစ်ယောက်မို့ ထိုက်တန်တဲ့ငွေပေါ့။ နောက်ပြီး ညနေခင်းဝတ်စုံလည်း ကိုယ်က ဝတ်ရဦးမယ်။ ဒါ မဝတ်မနေရတဲ့ တစ်သက်နဲ့တစ်ကိုယ် ဒီလိုအဝတ်အစားမျိုး မရှိခဲ့ဘူး။ တစ်နေရာရာက ငှားရမှာပဲ။ ဒါပေမယ့် သုခမိန်ကလပ်မှာ အခွင့်အလမ်းရအောင် ဒါ့ထက်လုပ်သင့်လုပ်ရမှာပဲ။*

ထိုညက ပါတင်ဝိသ်၏အိမ်မှာ ကလပ်ဝင်များဖြင့် တစ်အိမ်လုံး[illegible]ပ်နေပါသည်၊ ကုလားထိုင်အပိုတွေချပေးရပြီး အားနက် ဟောပြောချက်[illegible]ားထောင်မည့်လူပေါင်း နှစ်ရာကျော်ခန့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကား ဤအသိုင်းအဝိုင်းကို တကယ်တမ်းစိုးမိုးနေသူများ ဖြစ်ကြပါသည်။ သူတို့ဆီရောက်နေသော ငွေများဖြင့် သန်းပေါင်းများစွာကို ပစ်ရလျှင် ဟူသော အတွေးဖြင့် ကျွန်မစိတ်တွင် တောင်စဉ်ရေမရ မြူးထူးစွာ တွေးနေလိုက်မိပါသေးသည်။ သူတို့သည် ပစ္စည်းကြွယ်ဝရုံသက်သက် မဟုတ်သေး၊ စက်မှုနှင့်နိုင်ငံရေးများတွင်ပါ အတက်ကြွဆုံး ပါဝင်နေကြသူများဖြစ်ကြသည်။

မစ်ဘရင့်ဝုဒ်က အားနက်ကို ခေါ်ဆောင်လာခိုက် ကျွန်မတို့အားလုံး နေရာယူကြပြီးသားဖြစ်ပါသည်။ သူ စကားပြောရမည့် ရှေ့ဆုံးနေရာသို့ အားလုံး လှမ်းကြည့်နေကြသည်။

သူသည် ညနေခင်းဝတ်စုံဝတ်ထား၏။ ကျယ်ဝန်းသောပခုံးနှင့် မဟာဆန်သော ဦးခေါင်းတို့ကြောင့် ကြည့်ရသည်မှာ ခန့်ညားပါသည်။ သူ့လှုပ်ရှားမှုများတွင် ပျော့ပျောင်းမှုနှင့်မမှားနိုင်သော အနေကျပ် အထိုင်ကျပ်ဖြစ်နေမှုလည်း တွေ့ရပါသည်။ ဒါ တစ်ခုလေးအတွက်ကြောင့်ပင် သူ့ကို ကျွန်မ ချစ်ရသလား မသိပါ။

ကျွန်မ သူ့ကို လှမ်းကြည့်လိုက်သောအခါ ကြီးကျယ်သော ပျော်ရွှင်မှု ဆိုသည်ကို သဘောပေါက်လိုက်မိပါသည်။ သူ့အတွေးက ကျွန်မကို ပူးကပ်လျှက် ရှိပါသည်။ "သူဟာ ကျွန်မလူပါ။ ကျွန်မကို သူ ပွေ့ဖက်ထားခဲ့ဖူးတယ်။ သူ့ရဲ့ ကြီးကျယ်မြင့်မြတ်တဲ့ ခန့်ညားတဲ့အတွေးအခေါ် အားလုံးကို ကျွန်မကလည်း ဖြည့်စွမ်းခဲ့သူပါ" ဟု ထအော်ချင်စိတ် ပေါက်နေမိပါသည်။

အခန်းထိပ်တွင် မစ်ဘရင့်ဝုဒ်က သူ့ကို ကာနယ်ဗန်ဂီးလ်ဘတ်နှင့် မိတ်ဆက်ပေးသည်။ ကာနယ်က သဘာပတိအဖြစ် ဆောင်ရွက်မည် ဖြစ် ကြောင်း ကျွန်မ သိပါသည်။ ကာနယ်သည် ကော်ပိုရေးရှင်း၏ ရှေ့နေကြီးတစ်ဦး ဖြစ်ပါသည်။ ထိုမျှသာမက အလွန်ချမ်းသာကြွယ်ဝသူလည်းဖြစ်သည်။ ဥပဒေ ဆရာတစ်ဆူလည်း ဖြစ်သည်။ သူကသာ ကစားလျှင် ဥပဒေသည် ရုပ်သေးရုပ် ဖြစ်နေသည်။ ဥပဒေကို ရွှံ့လို ပုံသွန်းသူ၊ တရုတ်ပဟေဠိလို လှည့်စားနိုင်သော သူ ရွေးချယ်သည့် မည်သည့်ပုံ၌မဆို ဝင်အောင်ထည့်နိုင်သူ ဖြစ်ပါသည်။ ရုပ်သွင် သဏ္ဌာန်နှင့် ပေါပြောရာ၌ ခေတ်ဟောင်းပုံစံဖြစ်သော်လည်း စိတ်ကူးဉာဏ် ဝဟုသုတနှင့် ခွန်အားအရာ၌ကား ကျောက်ရုပ်လို ပျိုမျစ်ခိုင်မာလှပါသည်။ ရုပ်ဝဲလ်သေတမ်းစာကို ချိုးဖောက်သော အမှုတွင် သူ ထင်ရှားလာခဲ့သည်။





...အမှုအတွက် သူရသော အခကြေးငွေမှာ ဒေါ်လာငါးသိန်းဖြစ်ပါသည်။ ...အချိန်ကစ၍ သူ့နာမည် တစ်ဟုန်းထိုး တက်လာခဲ့သည်။ အကြီးကျယ်ဆုံး ...နေဟု သူ့ကို ခေါ် ဆိုကြသည်။ အမေရိကန်ပြည်ထောင်စုရှိ အကြီးကျယ်ဆုံး ...နေကြီး သုံးဦးစာရင်းတွင် သူ့ကို ပယ်ထား၍မရပါ။

သူက ကောင်းမွန်စွာ ရွေးချယ်ထားသော စကားလုံးများဖြင့် အားနက် ...မိတ်ဆက်ပေးသည်။ လူမှုရေးပြုပြင်ပြောင်းလဲရေးသမား အလုပ်သမား ...တန်းစားတစ်ဦးနှင့် ပြုံးနေသော ပရိသတ်ကို မိတ်ဆက်ပေးရာတွင် မျက်နှာ ...အားရ ခက်နေဟန်တူပါသည်။ ထို့ကြောင့် ကျွန်မ စိတ်ဆိုးမိသည်။ အားနက် ...ည်း လှမ်းကြည့်လိုက်မိပါ၏။ သူ့ကိုမြင်ရသောအခါ နှစ်ဆတိုး၍ စိတ်ဆိုး ...မိသည်။ နူးညံ့သော သရော်စကားတွေကို သူ စိတ်ဆိုးပုံမရ။ ပို၍ဆိုးသည် ...သော ၎င်းတို့ကို သူသတိထားနေပုံ မရခြင်းဖြစ်သည်။ သူသည် နူးညံ့စွာ၊ ...ရွှေပျော့ပျောင်းစွာ ခပ်မဆိတ်ထိုင်နေပါသည်။ သူ့ကိုကြည့်ရသည်မှာ မိုက်မဲ ...ည်တုထင်ရပါသည်။ ယင်းအခိုက်အတန့်တွင် ကျွန်မစိတ်၌ အတွေးတွေ ...နေသည်။ အာဏာနှင့် ဦးနှောက်ကြီးတွေ ရှေ့မှောက်တွင် သူ ပျပ်ဝပ် ...သွားရလျှင် အဘယ်သို့ ရှိပါမည်နည်း။

ထို့နောက် ကျွန်မ ပြုံးလိုက်မိပါသည်။ သူ ကျွန်မကို အရှုံးမလုပ်ပါ။ ...ရင့်ဝုဒ်ကို အရှုံးလုပ်ခဲ့သလို တခြားလူတွေကိုလည်း သူ အရှုံးလုပ်ပါသည်။ ...ရင့်ဝုဒ်သည်ရှေ့တန်းညာဘက်ရှိ ကုလားထိုင်တွင် နေရာယူထားပြီး ...တိ၏ မှတ်ချက်များနှင့်ပတ်သက်၍ သဘောကျသည့်အလား ဘေး ...ဘက်တစ်ချက်သို့ လှည့်လိုက် ပြုံးလိုက် ရှိနေပါသည်။

ကာနယ်ဂီးလ်ဘတ် ပြီးသွားသောအခါ အားနက်က စကားပြောရန် ...ထပ်ရပ်လိုက်ပါသည်။ စကားအစတွင် အသံတိုးသည်။ ခပ်ဆိုင်းဆိုင်း ပြော ...ည်။ အနေရကျပ်နေကြောင်း ထင်ရှားပါသည်။ အလုပ်သမား လူတန်းစားထဲ၌ ...ကြီးပွားလာရပုံ၊ သူ့ပတ်ဝန်းကျင် အောက်တန်းနောက်တန်းကျပုံ၊ စုတ်ချာ ...ပုံ၊ ကိုယ်ရောစိတ်ပါ ငတ်မွတ်ခြင်း၊ ဆင်းရဲပင်ပန်းခြင်းက ဖိစီးထားပုံတွေကို ...ပြောသည်။ သူ့ရည်မှန်းချက်များ၊ စိတ်ကူးများ၊ အထက်တန်းစား ...တန်းစားတို့ နေထိုင်ကြသော နိဗ္ဗာန်နှင့်စပ်လျဉ်းသည့် သူ့ခံယူချက်များကို ...ပြသည်။

"ကျွန်တော့်ရဲ့အထက်မှာ စိတ်ရဲ့ ကိုယ်ကျိုးမငဲ့မှု၊ စင်ကြယ်မှု မြတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ် ပြည့်ဝတဲ့ အသိပညာအရ အသက်ရှင်နေထိုင်မှုရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဘာကြောင့် ကျွန်တော် ဒီလိုသိသလဲဆိုတော့ ဆိုးဆိုက် လိုက်ဘရေရဲ့ ဝတ္ထုတွေကို ဖတ်ဖူးလို့ပါပဲ။ ဒီဝတ္ထုတွေမှာ လူဆိုးတွေနဲ့ စွန့်စားရေး သမားတွေကလွဲလို့ ယောကျာ်းမိန်းမအားလုံးဟာ လှပတဲ့အတွေး တွေးကြတယ်၊ လှပတဲ့စကားတွေ ပြောကြတယ်၊ ထွန်းပြောင်တဲ့ အလုပ်တွေလုပ်ကြတယ်။ အတိုချုပ်ဆိုရရင် နေထွက်လာတာကို ကျွန်တော်လက်ခံတဲ့နည်းတူ၊ ကောင်းတာ မွန်မြတ်တာ ကျက်သရေရှိတာတွေ မှန်သမျှ ကျွန်တော်တို့အထက်မှာ ရှိတယ်၊ ဘဝကိုမွန်မြတ်စေတာ၊ ဂုဏ်သိက္ခာ ပြည့်စုံစေတာအားလုံး၊ လူတစ်ယောက်အ ကိုယ့်အကျပ်အတည်း ကိုယ့်ဒုက္ခတွေကို မေ့လျော့ သက်သာစေလောက်အောင် ဘဝကို အသက်ရှင်နေထိုင်ဖို့ ထိုက်တန်တာတွေအားလုံး ကျွန်တော်တို့ အထက် မှာရှိတယ်လို့ ကျွန်တော်လက်ခံပါတယ်"

စက်ရုံတွင်းက သူ့ဘဝကို အစဖော်ကာ မြင်းသံခွာရိုက်လုပ်ငန်း လေ့လာရပုံ၊ ဆိုရှယ်လစ်များနှင့် တွေ့ရပုံတွေကို ဆက်ပြောပါသည်။ ၎င်းတို့ အနက်တွင် ပညာတတ်များ၊ ထွန်းပြောင်သည့် ဉာဏ်ရှိသူများကို တွေ့ခဲ့ရသည်။ ဆိုရှယ်လစ်များသည် လက်ရှိ မမျှတသော လူ့အဖွဲ့အစည်းကို ဖြိုချလျက် အနာဂတ်၏ မျှတသော လူ့အဖွဲ့အစည်းအား တည်ဆောက်ရန် ရုန်းကန်လှုပ်ရှား နေကြသည့် တော်လှန်ရေးသမားများဖြစ်သည်။ သူပြောသမျှတွေကို အသေးစိတ် ရေးပြန်ရန်မှာ များစွာရှည်လျားနေပါလိမ့်မည်။ သို့ရာတွင် တော်လှန်ရေးသမား များ၏ဘဝအား အဘယ်ပုံ ဖော်ပြခဲ့သည်ကိုမူ ကျွန်မ မမေ့နိုင်ပါ။ သူ့အသံမှာ ပို၍ ခိုင်ခံ့လာသည်။ ယုံကြည်မှုပြည့်ဝလာသည်။ သူ့လိုပင် အလျှံတညီးညီး တောက်နေပါသည်။ သူ့ထံမှ သွန်အန်ထွက်လာသော အတွေးများက အလျှံ တညီးညီး တောက်နေသည့်အတိုင်းပင်တည်း။

"တော်လှန်ရေးသမားများအတွင်းမှာ စိတ်ဓာတ်ရဲ့ အလွန်ကောင်းမြတ် ခိုင်ခံ့သော အရာများဖြစ်ကြတဲ့ လူတွေကို လှိုက်လှိုက်လှဲလှဲယုံကြည်မှု၊ ထက်သန် တဲ့ စိတ်ကူးစိတ်သန်း၊ ချစ်စရာကောင်းလှတဲ့ ကိုယ်ကျိုးမငဲ့မှု၊ အနာခံ စွန့်လွှတ်မှု သူရဲကောင်း အာဇာနည်ပီသမှုစတဲ့ အရာအားလုံးကိုလည်း ကျွန်တော် ရှာဖွေ တွေ့ရှိခဲ့ပါတယ်။ အဲဒီမှာ ဘဝဟာမွန်မြတ်တယ်၊ သန့်စင်တယ်၊ အသက်ရှင် နေတယ်၊ ဒေါ်လာတွေ ဆင့်တွေထက် ခန္ဓာကိုယ်ရဲ့စိတ်ဓာတ်ကို ပိုတန်ဖိုးထား တယ်။ ငတ်မွတ်ခေါင်းပါးနေရတဲ့ ကလေးလူမမည်တစ်ယောက်ရဲ့ တစာစာ





ငိုသည်းတွားသံဟာ သူတို့အဖို့ ကုန်သွယ်ရေးတိုးချဲ့မှုတွေ၊ ကမ္ဘာ့ အင်ပါယာ ကြီးတွေရဲ့ အခင်းအကျင်းတွေ၊ ဝန်းကျင်တွေထက် ပိုအရေးထားတဲ့ တအား ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်တွေ့ထိမိခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အဖို့ရာမှာတော့ ဒါတွေဟာ အားထုတ်ရခြင်းရဲ့ မွန်မြတ်တဲ့ ဆုံးဖြတ်ချက်နဲ့ သူရဲကောင်းပီသမှုတွေပဲဖြစ်ပါတယ်။ ကျွန်တော့်အတွက် နေ့တွေ ညတွေဟာ နေရောင်တောက်တဲ့ ကြယ်ရောက်လက်တဲ့ နေ့များ ညများပါပဲ။ ကျွန်တော့်မျက်စိရှေ့မှောက်မှာတော့ ကာလရှည်ကြာစွာ အတိဒုက္ခတွေ ခံစား နေရ မတရား အနစ်နာခံထားရတဲ့ လူ့လောကကို နောက်ဆုံးကယ်တင်နိုင်၊ ကယ်ဆယ်နိုင်ရမယ်ဆိုတဲ့ မျှော်လင့်ချက် အရောင်တညီးညီး တောက်လောင် နေပါတယ်"

ယခင်အခါကလည်း သူ၏ပုံသဏ္ဌာန် သွင်ပြင်ပြောင်းခြင်းကို ကျွန်မ တွေ့မြင်ခဲ့ရဖူးသည့်အတိုင်း ယခုလည်း ကျွန်မရှေ့၌ပြောင်းလဲသော ပုံသဏ္ဌာန် သွင်ပြင်ဖြင့် ရပ်နေပါသည်။ သူ့မျက်လုံးအစုံမှာ တောက်ပလျက်ရှိပါသည်။ ထိုနေရာတွင် တောက်ပသော ဤအရောင်ကို အခြားလူများ မြင်ဟန်မတူပါ။ ဤသည်မှာ ကျွန်မ၏ မြင်ကွင်းကို မှုန်မှိုင်းစေသော ပျော်ရွှင်ခြင်းနှင့် ချစ်ခြင်း မေတ္တာ၏ မျက်ရည်များကြောင့် ဖြစ်လိမ့်မည်ဟု ကျွန်မ ထင်မိပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်မနောက်နားတွင် ထိုင်နေသော မစ္စတာ ဟစ်ဂင်အတွက်မူ မည်သို့မျှ ထိခိုက်ဟန်မတူပါ။ "စိတ်ကူးယဉ်တာပါ"ဟု စောင်း- မြောင်းပြောလိုက်သံကို ကျွန်မ ကြားရသောကြောင့်ဖြစ်ပါသည်။

ထို့နောက် အားနက်က အထက်တန်းလွှာများနှင့် တွေ့ထိလာရပုံ၊ အမြင့်သို့ရောက်နေကြသူများနှင့် ခြေတို့လက်တို့ စကားပြောနိုင်သည့် အခြေ- အနေသို့ ရောက်လာရပုံများကို အားနက် ဆက်ပြောပါသည်။ ယင်းမှတစ်ဖန် သူ့စိတ်တွင်း၌ ထင်ယောင်ထင်မှားဖြစ်လာရပုံများကိုလည်း ရှင်းပြပါသည်။ ယင်းသည် သာယာလှသည်မဟုတ်၊ ကျက်သရေရှိတင့်တယ်လှသည် မဟုတ် ကြောင်း တွေ့သိလာရသည်။ သူ တွေ့ကြုံရင်ဆိုင်ခဲ့ရသော ကိုယ်ကျိုးကြည့်မှု များကြောင့် ကြိတ်မနိုင် ခဲမရ ဖြစ်ခဲ့ရသည်။ ထို့ထက်ပို၍ကား ပညာတတ် လူတန်းစားဘဝကို မရနိုင်ခဲ့သည့်အဖြစ်ကို အံ့မဆုံးဖြစ်ရသည်။ တော်လှန်ရေး သမားများထံမှ ရလာသောအသိအရ အရှင်သခင် လူတန်းစား၏ ပညာတတ်- ဆန်ဆန်ခေါင်းမာမှု မိုက်မဲမှုများကြောင့် တုန်လှုပ်ချောက်ချားခဲ့ရသည်။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



အရှင်သခင်၊ ယောက်ျားမိန်းမတို့မှာ အလွန်ခမ်းနားထည်ဝါသော ဘုရားရှိခိုး ကျောင်းများ၊ ဓမ္မဆရာများရှိနေသည့် အကြားကပင် အလိုရမ္မက်ကြီးကြောင်းကို တွေ့ရှိလာရသည်။ သူတို့သည် နှုတ်ချိုကြသည်မှန်၏။ အတန်အသင့် ကိုယ်ကျင့်သိက္ခာလည်း ရှိကြပါ၏။ သို့စဉ်လျက် သူတို့ဘဝကို စိုးမိုးနေသော သဘောချက်မှာ အလိုရမ္မက်ကြီးစွာ အသက်ရှင်နေထိုင်ကြခြင်းပင်ဖြစ်သည်။ အမှန်အားဖြင့် သူတို့တွင် ကိုယ်ကျင့်တရား အစစ်အမှန်မရှိ။ ဥပမာဆိုရသော် ခရစ်တော်က ဆုံးမခဲ့သော်လည်း သူတို့လိုက်နာမှုမရှိကြခြင်းများ ဖြစ်သည်။

"အခကြေးငွေယူပြီး ယှဉ်ပြိုင်သတ်ရတာတွေရဲ့ ရက်စက်မှုကို မနှစ်မြို့ ကြောင်းပြောပေမယ့် ကလေးသူငယ်များစွာကို နှစ်တိုင်းသတ်နေတဲ့ အစား အသောက်အတုလုပ်ရာမှာ ကြံရာပါနေကြသူတွေကို ကျွန်တော် တွေ့ဖူးပါတယ်။

"ဒီ နူးညံ့ပျော့ပျောင်းတဲ့၊ မင်းစိုးရာဇ ရုပ်လက္ခဏာဆောင်တဲ့ လူကြီး လူကောင်းတွေဟာ မုဆိုးမတွေ၊ မိဘမဲ့ကလေးတွေကို လျှို့ဝှက်စားပြတိုက်နေတဲ့ တော်ပိုနေရှင်းရဲ့ ကြိုးဆွဲရာကသော ညွှန်ကြားရေးမှူးနဲ့ လက်သုံးကိရိယာတစ် သာဖြစ်ပါတယ်။ စာအုပ်ကောင်းတွေစုပြီး စာကောင်းပေကောင်းတွေ ထွက် အောင် တမတတထလုပ်ခဲ့တဲ့ ဒီလူကြီးမင်းဟာ မြူနီစီပယ်ယန္တရားက လူကြီး ယာဘ်ထိုးနေရသူဖြစ်ပါတယ်။ ပိုင်ဆိုင်ခွင့် ကန့်သတ်ထားတဲ့ ဆေးကြော်ငြာ တွေကို ပုံနှိပ်ထုတ်ဝေနေတဲ့ အဲဒီအယ်ဒီတာက ကျွန်တော့်ကို ဆင်းရဲသား မြှောက်ပေးသူလို့ ခေါ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ ပိုင်ဆိုင်ခွင့် ကန့်သတ်ထားတဲ့ ဆေးတွေနဲ့ပတ်သက်ပြီး သူ့သတင်းစာမှာ ဖော်ပြရရင် ဖော်ပြ ပေးစမ်းပါလို့ ကျွန်တော်က သွေးတိုးစမ်းခဲ့တဲ့အတွက်ပါပဲ။ စိတ်ဝါဒနဲ့ အလှအပတွေ၊ ဘုရားအကြောင်း၊ တရားအကြောင်းတွေကို အားပါးတရ ပြောလေ့ရှိတဲ့ ဒီလူဟာ စီးပွားရေးလုပ်ငန်းတစ်ခုမှာ သူ့လုပ်ဖော်ကိုင်ဖက်တွေကို သစ္စာဖောက်ခဲ့တယ်။ ဒီလူပဲ သူ့ဆိုင်က မိန်းကလေးတွေကို မဝရေစာ လခ တစ်နေ့အလုပ်ချိန် ဆယ်နာရီခိုင်းပြီး ဒီလိုနဲ့ ပြည့်တန်ဆာစနစ်ကို တိုက်ရိုက် အားပေးခဲ့ပါတယ်။ ယူနီဗာစီတီကြီးတွေမှာ ကမကထလုပ်ပြီး ဘုရားရှိခိုးကျောင်း ကြီးတွေ ဆောက်ခဲ့တဲ့ ဒီလူဟာ တရားရုံးတော်မှာ ခေါ်လာမျက်နှာကြည့်ပြီး အဂတိလိုက်စားခဲ့ပါတယ်။ ဒီ မီးရထားလမ်း သူဌေးဟာ လျှို့ဝှက်ခုနှိမ်မှုရှေ့ လုပ်ပြီး ခရစ်ယာန်တစ်ယောက်၊ လူကြီးလူကောင်းတစ်ယောက်၊ နိုင်ငံကြီးသား တစ်ယောက်အဖြစ် သူ့စကားတွေ သူ ချိုးဖောက်ခဲ့တယ်။ ဒီ အထက်လွှတ်တော်





အမတ်ဟာ ရက်စက်ကြမ်းကြုတ်ပြီး စာမတတ်တဲ့ စက်မှုလုပ်ငန်းသူဌေးရဲ့ လက်သုံးကိရိယာ၊ ကျေးကျွန်နဲ့ ရုပ်သေးရုပ်ကလေးဖြစ်ပါတယ်။ ဘုရင်ခံရော တရားလွှတ်တော်ချုပ်တရားသူကြီးရော အလားတူပါပဲ။ သုံးယောက်စလုံးဟာ အခမဲ့စီးခွင့်ရတဲ့ မီးရထားစီးလက်မှတ်နဲ့ စီးပြတယ်။ ဒီအရင်းရှင်က စက်တွေကို ပိုင်တယ်။ အခမဲ့စီးခွင့်လက်မှတ် ထုတ်ပေးတဲ့ မီးရထားလုပ်ငန်းကို ပိုင်တယ်။

"ဒါဟာ နိဗ္ဗာန်အစား ခြောက်သွေ့တဲ့ ကူးသန်းရောင်းဝယ်ရေးစနစ် ကြီးထဲမှာ ကျွန်တော် ရှာဖွေတွေ့ရှိခဲ့တာပါပဲ။ စီးပွားရေးမှအပ ကျွန်တော် တွေ့ရှိခဲ့တာ ဒါပါပဲ။ သန့်စင်မွန်မြတ်စွာ အသက်ရှင်နေသူတွေကို ကျွန်တော် မတွေ့ဘူး။ ကျွန်တော်တွေ့တာကတော့ အသက်ရှင်နေပါလျက်နဲ့ သေဆွေးမြည့်နေသူတွေပါပဲ။ ကျွန်တော်ရှာဖွေတွေ့ရှိတာကတော့ ကြောက်- လိလိ ကိုယ်ကျိုးကြည့်မှု၊ နှလုံးသားကင်းမဲ့မှုနဲ့ အတောမသတ်နိုင်တဲ့ တွေ့ အလိုရမ္မက်ကြီးမှုတွေပါပဲ"

အားနက်က သူတို့အကြောင်းတွေ၊ သူ ထင်ယောင်ထင်မှား ဖြစ်ခဲ့ရပုံ တို့ ဆက်ပြောပါသည်။ သူတို့က အသိပညာအရ သူ့ကို ပျင်းရိထုံထိုင်းစေခဲ့ သည်။ စိတ်ဓာတ်ရေးအရ သူ့ကို နာမကျန်းဖြစ်စေခဲ့သည်။ ထို့ကြောင့် သန့်ရှင်း သော မွန်မြတ်သော၊ အသက်ရှင်နေသော၊ အရင်းရှင်များထံ၌မရှိသည့် အရာ အားလုံးနှင့် ပြည့်စုံနေသော တော်လှန်ရေးသမားများထံသို့ သူ ပြန်လှည့် ဖြင့် ဝမ်းသာသည်။

"ကဲ. . . အခု အဲဒီတော်လှန်ရေးအကြောင်း ခင်ဗျားတို့ကို ကျွန်တော် ပြောပါရစေ"

သို့ရာတွင် သူ၏ကြောက်မက်ဖွယ်ရာ ပြစ်တင်ပြောဆိုချက်များမှာ တို့ကို တို့ထိခြင်းမပြုနိုင်ဟု ကျွန်မ ပြောရမည်သာ ဖြစ်ပါသည်။ သူတို့ တွေကို ကျွန်မ လိုက်ကြည့်မိသည်။ အားနက်က စွဲချက်များတင်ခဲ့စဉ်က မှာ သာလွန်ထူးကဲသောဟန်ဖြင့် ကျေနပ်စွာပင် ရှိနေကြခြင်းဖြစ်ကြောင်း ကျွန်မ တွေ့မြင်ရပါသည်။ သူတို့၏ ကိုယ်ကျင့်တရားကို မည်ကဲ့သို့ စီရင်ချက် ကာမူ သူတို့ကို တုန်လှုပ်စေမည်မဟုတ်ဟု သူ ပြောခဲ့သည်ကို ကျွန်မ ရနေပါသည်။ သို့ရာတွင် ရဲရင့်သော သူ့စကားလုံးများကြောင့် ဝိဒ်အား ထိခိုက်စေခဲ့သည်ကိုမူ ကျွန်မ တွေ့ရပါသည်။ သူသည် ရောက်၍ စိုးရိမ်လျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အားနက်သည် တော်လှန်ရေး တပ်မတော်အကြောင်းကို စတင်ပြောဆိုပါသည်။ ယင်းတပ်မတော်၏ အင်အား (နိုင်ငံအသီးသီး၌ ရရှိခဲ့သော မဲများ)ကို စာရင်းဇယားနှင့်တကွ တွက်ချက်ပြသည့်အခါတွင် ပရိသတ်မှာ လှုပ်လှုပ်ရွရွ ဖြစ်လာကြပါတော့သည်။ သူတို့မျက်လုံးများက စိုးရိမ်သောကကို ဖော်ပြလာကြသည်။ နှုတ်ခမ်းတွေ တင်းတင်းစေ့ထားကြသည်။ အမေရိကန်ပြည်ထောင်စုတွင် တစ်သန်းခွဲ၊ တစ်ကမ္ဘာလုံးတွင် နှစ်ဆယ့်သုံးသန်းခွဲကို စုစည်းထားသော နိုင်ငံတကာ ဆိုရှယ်လစ်အဖွဲ့အစည်းကြီးအကြောင်းကို သူက ဖော်ပြပြောဆိုပါသည်။

"အင်အား နှစ်ဆယ့်ငါးသန်းခန့်ရှိတဲ့ တော်လှန်ရေး တပ်မတော်ကြီးဟာ အာဏာရသူတွေ၊ အာဏာရ လူတန်းစားတွေအဖို့ ခဏရပ်ပြီး စဉ်းစားရမယ့်အရာ ဖြစ်ပါတယ်။ ဒီတပ်မတော်ရဲ့ ကြွေးကြော်သံဟာ ခင်ဗျားတို့ ပိုင်တာတွေအားလုံးကို ကျုပ်တို့ လိုချင်တယ်၊ ခင်ဗျားတို့ ပိုင်တာတွေကို မရရင် ကျုပ်တို့ဘာမှ မကျေနပ်နိုင်ဘူးဆိုတာပဲ ဖြစ်ပါတယ်။ အာဏာ စိုးမိုးမှုနဲ့ လူ့ဘဝမိုင်းအနာဂတ် ကံကြမ္မာတို ကျွန်တော်တို့လက်ထဲမှာ ရလိုတယ်။ တော်ဒီမှာကျွန်တော်တို့ လက်တွေပါ။ အင်မတန် ခိုင်မာသန်စွမ်းတဲ့ လက်တွေ ဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့ စိုးမိုးမှု၊ ခင်ဗျားတို့ရဲ့ နန်းတော်တွေ၊ ခင်ဗျားတို့ရဲ့ စည်းစိမ်တွေကို ကျွန်တော်တို့ သိမ်းယူပါလိမ့်မယ်။ အဲဒီလိုအခါမျိုးမှာ ခင်ဗျားတို့ဟာ လယ်ကွင်းထဲက လယ်သမားလို၊ ခင်ဗျားတို့ မြို့ကြီးတွေက ငတ်မွတ် စုတ်ပြတ်နေတဲ့ စာရေးစာချီလို ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် အလုပ်လုပ်ကြရပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့လက်တွေဟာ ဒီမှာပါ။ အင်မတန် ခိုင်ခံ့သန်စွမ်းတဲ့ လက်တွေပါ"

စကားပြောနေခိုက် သူ၏ တုတ်ခိုင်သန်မာသော လက်မောင်းကြီးတွေကို မြှောက်ပြသည်။ မြင်းသံခွာရိုက်သမား၏လက်များမှာ လင်းယုန်လက်သည်းမမာ လေထဲတွင် ဝဲပျံနေကြပါသည်။ ပရိသတ်ကို ဆွဲညှစ် ဖမ်းဆုပ်လိုက်တော့မည့်အလား လက်တွေကို ဆန့်တန်းဖွေ့ယမ်းနေသောသူကား အားမာန် ပြည့်ဝသည့် လုပ်အား စိတ်ဓာတ်ပင်ဖြစ်ပါသည်။ ကျစ်လျစ်ခိုင်မာ၍ အားအင်ကြီးမားသော၊ ခြိမ်းခြောက်နေသော သူ့တော်လှန်ရေးရုပ်ပုံလွှာ ရှေ့မှောက်တွင် ပရိသတ်မှာ သေးငယ်သွားသလားဟု ကျွန်မ တွေးဆမိပါသည်။

အမျိုးသမီးကြီးတွေ၏ မျက်နှာတွင် ကြောက်လန့်နေသည့် အရိပ်လက္ခဏာများ ပေါ်လွင်လျက်ရှိသည်။ လည်ချောင်းရှင်းသံများ ပေါ်ထွက်လာ





သည်၊ ဤသို့သော အသံများ အဘယ့်ကြောင့် ပေါ်ထွက်နေရသနည်းဟု ကျွန်မ တွေးပါသည်။ သူတို့ မျက်နှာသွင်ပြင်များ၊ အမူအရာများကို ကြည့်ရခြင်းအားဖြင့် ကမ္ဘာကို သူတို့ စိုးမိုးထားမှုမှာ လုယူရန် လွယ်ကူလှလိမ့်မည် မဟုတ်ကြောင်း ကျွန်မ သဘောပေါက်ခဲ့ပါသည်။

အားနက် တိုက်ပွဲ ဆက်ပြန်ပါသည်။ လူ့အဖွဲ့အစည်းကို တလွဲတချော်စီမံခန့်ခွဲနေသော အရင်းရှင် လူတန်းစားကို တိုက်ရန် အမေရိကန် ပြည်ထောင်စု၌ တော်လှန်ရေးသမား တစ်သန်းခွဲ ရှိနေသည်ဟု သူက တွက်ချက်ပြသည်။ ဂူအောင်းလူတွေနှင့် ယနေ့ ရက်စက် ကြမ်းကြုတ်နေသော လူတွေ၏ စီးပွားရေးအခြေအနေကို ပုံကြမ်းလောင်းပြရင်း ကိရိယာလည်း မရှိ၊ စက်ယန္တရားလည်း မရှိကြဘဲ စွမ်းအင် ထုတ်လုပ်ရေးအတွက် ပင်ကို အရည်အသွေးတစ်ခုသာ ပိုင်ဆိုင်ထားကြသူများကို ညွှန်ပြသည်။ ထို့နောက် ယဉ်ကျေးသော လူတို့က ထုတ်လုပ်နေသည့် စွမ်းအင်မှာ ရက်စက် ကြမ်းကြုတ်သူတို့ ထုတ်လုပ်သည့် စွမ်းအင်ထက် အဆတစ်ထောင် ပိုမိုကြီးမားလာစေသည့် စက်ယန္တရားနှင့် လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှု လမ်းကြောင်းကို ဖော်ထုတ်ပါသည်။

"လူတစ်ထောင်အတွက် ပေါင်မုန့်ကို လူငါးယောက်က ထုတ်လုပ်နိုင်တယ်။ လူတစ်ယောက်က လူနှစ်ရာငါးဆယ်အတွက် ချည်ထည်အဝတ်အစားသုံးရာအတွက် သိုးမွေးထည်၊ လူတစ်ထောင်အတွက် ဖိနပ်တွေ ထုတ်လုပ်ပေးနိုင်တယ်။ ဒါကိုကြည့်ရင် ခေတ်သစ် လူယဉ်ကျေးတစ်ယောက်က လူ့အဖွဲ့အစည်းစီမံခန့်ခွဲနိုင်စွမ်းရှိမှုအောက်မှာ ဂူအောင်းလူတစ်ယောက်ထက် အများကြီးကောင်းအောင် လုပ်နိုင်တယ်လို့ ကောက်ချက်ချနိုင်မှာပါပဲ။ သို့သော် ဒီလိုလုပ်ကြပါသလား။ ကျွန်တော်တို့ ကြည့်ကြရအောင်။ ယနေ့ အမေရိကန်ပြည်ထောင်စုမှာ လူပေါင်း ဆယ့်ငါးသန်းဟာ ဆင်းရဲမွဲတေစွာ နေထိုင်ကြရပါတယ်။ ဆင်းရဲမွဲတေတယ်ဆိုတဲ့နေရာမှာ အစာရေစာ မဝ၊ နေစရာမရှိတဲ့ အသက်ရှင်နေထိုင်မှုအခြေအနေကြောင့် အလုပ်အကိုင် ကောင်းစွာ လုပ်ကိုင်နိုင်စွမ်း ရှိမှုကိုတောင် ထိန်းသိမ်းထားနိုင်တော့ဘူးလို့ ဆိုလိုပါတယ်။ ယနေ့ အမေရိကန်ပြည်ထောင်စုမှာ ခင်ဗျားတို့ရဲ့ အလုပ်သမား ဥပဒေရှိနေတဲ့ အကြားကပဲ ကလေးအလုပ်သမား သုံးသန်း ရှိနေပါတယ်။ ဆယ့်နှစ်နှစ်အတွင်း သူတို့ရဲ့ အရေအတွက် နှစ်ဆတိုးလာပါတယ်။ ဒီနေရာမှာ စကားစပ်မိလို့ လူ့အဖွဲ့အစည်းကို စီမံခန့်ခွဲနေတဲ့ ခင်ဗျားတို့က ၁၉၁၀ ခုနှစ် သန်းခေါင်စာရင်း ကိန်းဂဏန်းတွေကို အဘယ့်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လူသိရှင်ကြား မထုတ်သလဲ ဆိုတာ မေးချင်ပါတယ်။ ခင်ဗျားတို့ ကြောက်နေမှာမို့ ခင်ဗျားတို့အတွက် ကျွန်တော်ကပဲ ဖြေပါ့မယ်။ ဒီဒုက္ခဂဏန်းတွေက အခုတောင် အစပျိုးနေတဲ့ တော်လှန်ရေးကိုဖိတ်ခေါ်မှာ စိုးကြလို့ပါပဲ။

"ကျွန်တော် စီရင်ချက်ကို ပြန်ကောက်ပါမယ်။ ခေတ်သစ်လူရဲ့ ထုတ်လုပ်မှုစွမ်းအားက ဂူအောင်းလူရဲ့ စွမ်းအားထက် အဆတစ်ထောင် သာတယ်ဆိုရင် ယနေ့ အမေရိကန်ပြည်ထောင်စုမှာ လူတန်းစေ့ မစားရ၊ လူတန်းစေ့ မနေရတဲ့ လူပေါင်း ဆယ့်ငါးသန်း ဘာ့ကြောင့် ရှိနေပါသလဲ။ ဒါဟာ တရားခံ့ စွဲချက်ပါ။ အရင်းရှင် လူတန်းစားက တလွဲ စီမံခန့်ခွဲခဲ့ပါတယ်။ ခေတ်လူက ဂူအောင်းလူထက် ပိုဆင်းရဲမွဲတေစွာ နေရတယ်။ ဒါပေမယ့် သူ့ရဲ့ ထုတ်လုပ်စွမ်းအင်က ဂူအောင်းလူရဲ့ ထုတ်လုပ်မှုစွမ်းအင်ထက် အဆတစ်ထောင် ပိုမိုကြီးမားတယ်ဆိုတဲ့ အချက်အလက်များရဲ့ ရှေ့မှောက်မှာ အရင်းရှင် လူတန်းစားက တလွဲစီမံခန့်ခွဲမှု၊ ခင်ဗျားတို့ရဲ့ တလွဲ စီမံခန့်ခွဲမှု၊ လူကြီးမင်းများ ခင်ဗျား. . .၊ ခင်ဗျားတို့ရဲ့ ရာဇဝတ်မှုမကင်းသော ကိုယ်ကျိုးကြည့် တလွဲ စီမံခန့်ခွဲမှုကြောင့်လို့ ကောက်ချက်ချဖို့မှတပါး အခြား မရှိပါဘူး။ ဒီကိစ္စမှာ ခင်ဗျားတို့ လူတန်းစားတစ်ရပ်လုံးက အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ တော်လှန်ရေးသမား တစ်သန်းခွဲတို့ အဖြေမပေးနိုင်သလို ယနေ့ညမှာလဲ ခင်ဗျားတို့က ကျွန်တော့်ကို မှတ်မှာချင်းဆိုင် အဖြေပေးနိုင်မှာ မဟုတ်ပါဘူး။ ခင်ဗျားတို့ အဖြေမပေးနိုင်ပါဘူး ပြောရဲရင် ဖြေကြစမ်းပါလို့ ကျွန်တော် စိန်ခေါ်ပါတယ်။ ဒါတွင်မက ကျွန်တော် ပြောတာတွေ ပြီးသွားလဲ ခင်ဗျားတို့ အဖြေမပေးဘူး ဆိုတာ ကျွန်တော် ပြောခဲ့ပါတယ်။ ခင်ဗျားတို့က တခြားကိစ္စတွေမှာ လျှာသွက် အာသွက်တွေ ဖြစ်ကြပေမယ့် ဒီကိစ္စမှာတော့ နှုတ်တွန့်နေကြမှာပါ။

"ခင်ဗျားတို့ရဲ့ စီမံခန့်ခွဲမှုမှာ ခင်ဗျားတို့ ပျက်ကွက်ခဲ့ကြတယ်။ ခင်ဗျားတို့က လူ့ယဉ်ကျေးမှုကို သားသတ်ရုံ လုပ်ခဲ့တယ်။ ခင်ဗျားတို့ဟာ စုံလုံးကန်းခဲ့ကြ၊ လောဘရမ္မက် ကြီးခဲ့ကြတယ်။ ခင်ဗျားတို့က ဥပဒေ ပြုခန်းဆောင်တွေမှာ အခုလိုပဲ အရှက်ကင်းမဲ့စွာ မတ်တတ်ရပ်ပြီး ကလေးငယ်တွေရဲ့ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်မှုမပါဘဲ အမြတ်အစွန်းဆိုတာ မဖြစ်နိုင်ဘူးလို့ ကြေညာခဲ့ကြတယ်။ ခင်ဗျားတို့ဟာ အရပါယ်ချိုမြတဲ့ ရည်မှန်းချက်တွေ၊ ကိုယ်ကျင့်တရားတွေနဲ့ ဖက်အိပ်ဖို့အတွက် ခင်ဗျားတို့ရဲ့ အသိတရားတွေကို ချောသိပ်ထားခဲ့ကြတယ်။ ခင်ဗျားတို့ဟာ အာဏာတွေ၊ စည်းစိမ်ဥစ္စာတွေနဲ့ ဝဖီးနေ





ကြတယ်၊ အောင်မြင်မှုတွေနဲ့ ယစ်မူးနေကြတယ်။

"ခင်ဗျားတို့ဟာ လူ့အဖွဲ့အစည်း စီမံခန့်ခွဲမှုမှာ ပျက်ကွက်ခဲ့ကြတယ်။ ဒါကြောင့် ခင်ဗျားတို့ရဲ့ စီမံခန့်ခွဲမှုကို ခင်ဗျားတို့ လက်ထဲက ပြန်ယူရမယ်။ အလုပ်သမား လူတန်းစား တစ်သန်းခွဲက ကျန်ရှိတဲ့ အလုပ်သမား လူတန်းစားနဲ့အတူ ပူးပေါင်းပြီး ခင်ဗျားတို့ လက်ထဲက စီမံခန့်ခွဲမှုကို ပြန်ယူရမယ်လို့ ပြောနေကြတယ်။ အဲဒါဟာ တော်လှန်ရေးပါပဲ၊ ဆရာကြီးများခင်ဗျား. . . ဒါဟာ တော်လှန်ရေးပါပဲ၊ ဒါကို ခင်ဗျားတို့ တားနိုင်ရင် တားကြပေါ့"

အချိန်အတန်ငယ် ကုန်ဆုံးသွားခဲ့သလို ကြီးမားကျယ်ဝန်းသော အခန်းအတွင်း၌ အားနက်၏အသံမှာ ဆက်လက်မြည်ဟည်းနေပါသည်။ ယခင်က ကြားနေသည့် လည်ချောင်းသံများကို ကျွန်မ ကြားရပြန်ပါသည်။ ပရိသတ်များစွာတို့က အာနယ်ဂီးလ်ဘတ်ဆီသို့ မတ်တတ်ရပ်၍ လှမ်းကြည့်နေကြသည်။ မစ်ဘာနှင့်ဝုဒ်၏ ခုံးတွေ ဟိုဘက်သည်ဘက် ယိမ်းထိုးနေသဖြင့် အားနက်ကို လှောင်ရယ်နေသလားထင်ကာ ကျွန်မ စိတ်ဆိုးမိပါသေးသည်။ ရယ်ခြင်း မဟုတ်၊ ကြောက်ရွံ့နေခြင်းဖြစ်ကြောင်း နောက်တော့မှ ကျွန်မ သိလာရသည်။ သူတို့မှာ တန်ဖိုးထားသော သုခမိန်ကလပ်သို့ ဤလို မီးခဲတစ်ယောက်ကို ခေါ်လာမိသည့်အတွက် တုန်လှုပ်ချောက်ချားနေခြင်း ဖြစ်ပါသည်။

စကားပြောရန် အခွင့်တောင်းနေကြသည့် ပရိသတ် တစ်ဒါဇင်ခန့်၏ ဒေါသလွှမ်းသော မျက်နှာများကို ကာနယ်ဂီးလ်ဘတ် သတိမမူမိ၊ သူ့မျက်နှာသည်လည်း ဒေါသရောင်လွှမ်းနေပါသည်။ သူသည် ထိုင်နေရာက ထလိုက်ပြီး ခုတ် လက်တွေကို ဝှေ့ယမ်းကာ ကရားရေလွှတ်သလို တတွတ်တွတ် ပြောပါတော့သည်။ သို့ရာတွင် သူ့မိန့်ခွန်းမှာ ဒေါ်လာတစ်သိန်းတန် ရှေ့နေကြီး အင်ဒြူး၏ မိန့်ခွန်းမဟုတ်။ ရှေးခေတ်ပုံစံ စကားကြွယ်သူ၏ မိန့်ခွန်းလည်း မဟုတ်။

"မဟုတ်တမ်းတရမ်းမှ တကယ့်ကို မဟုတ်တမ်းတရမ်းတွေပါ။ ဘယ်တော့မှ အရိုလောက် တိုတောင်းတဲ့ အချိန်ကလေးမှာ ဒါလောက် မဟုတ်တာတွေ များကြီး ပြောသွားတာကို ကျုပ်တစ်သက် တစ်ခါမှ မကြားခဲ့ဖူးဘူး။ ခင်ဗျား ပြောသွားတာဟာ ဘာမှ အသစ်အဆန်းမဟုတ်ဘူးဆိုတာ ခင်ဗျားကို ကျုပ် ပြောချင်တယ်။ ဒါတွေအားလုံးကို ခင်ဗျား မမွေးခင်ကတည်းက ကျုပ် ကောလိပ်မှာ ကြားခဲ့ပြီးပါပြီ။ ရူးဆိုးက ခင်ဗျား ပြောတဲ့ ဆိုရှယ်လစ် သဘောတရားတို့ ရေးခဲ့တာ အနှစ် နှစ်ရာနီးပါးရှိပါပြီ။ မပြည့်တဲ့ဗိုး ဘောင်ဘင်ခတ်တယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားဟာ မှန်ပါတယ်။ ဒီစကားမှန်ကြောင်း ခင်ဗျားရဲ့ မဖြစ်စလောက် သဘောတရားတွေက ဒီည သက်သေခံသွားပါပြီ။ မဟုတ်တမ်းတရမ်းတွေမှ တကယ့်ကို မဟုတ်တမ်းတရမ်းတွေပဲ။ ဒီလောက်များတဲ့ မဟုတ်တမ်းတရမ်းတွေကြောင့် ကျုပ်တစ်သက်မှာ တစ်ခါမှ ဒါလောက် နှလုံးနာတာ မရှိခဲ့ပါဘူး။ ခင်ဗျားရဲ့ မရင့်ကျက်သေးတဲ့ ယေဘုယျပြုချက်တွေနဲ့ ကလေးကလား ဆင်ခြင်ပုံတွေကြောင့်ပါပဲ"

ကာနယ်က ထိုင်ချလိုက်ပါသည်။ သူ ပြောသွားသော စကားကို အမျိုးသမီးတွေက စုတ်သပ်ခြင်းများ၊ အမျိုးသားတွေက တီးတိုးမှတ်ချက်များဖြင့် အတည်ပြုထောက်ခံကြသည်။ စကားပြောခွင့်တောင်းသူ တစ်ဒါဇင်ခန့် အနက် တစ်ဝက်လောက်က တစ်ယောက်တစ်ပေါက် စပြောကြတော့သည်။ ဆူညံရှုပ်ထွေးမှုများမှာ ဖော်ပြရန်ပင် မစွမ်းနိုင်တော့ပါ။ မစ္စတ်ပါတင်ဝိသ်၏ သန့်ပြန့်ခန့်ညားသောဂေဟာတွင် ဤလိုအဖြစ်မျိုး တစ်ခါမှ မဖြစ်ခဲ့ဖူးချေ။ အမှန်စင်စစ် အားနက်က သူတို့၏ ငွေအိတ်များဆီသို့ လက်ဆန့်ထုတ်ခဲ့ရာ ထိုလက်တို သူတို့ မှတ်စိများတွင် တောင်လှန်ရေးသမား တစ်သန်းခွဲ၏ လက်များ အကြွစ် ခြင်နေရသည်၊ ထို့ကြောင့် အားနက်က သူတို့ကို ကိုင်လှုပ်ခဲ့ပါပြီ။

ယင်းအခြေအနေတွင် အားနက်မှာ ခေါင်းမရှုပ်ပါ။ ကာနယ်ဂီးလ်ဘတ် ထိုင်သားမကျခင် သူက ထလိုက်သည်။

"တစ်ကြိမ်ကို တစ်ယောက်စီ ပြောပါ"

စကားနေကြသူများဆီသို့ သူက လှမ်းအော်လိုက်ပါသည်။

သူ၏အသံမှာ ကြီးမြတ်သော အဆုတ်တွင်းမှ ပေါ်ထွက်လာပြီး လူတွေ၏ ခတ်ထန်သောစိတ်ကို လွှမ်းမိုးထားလိုက်ပါသည်။ သူ၏ ထူးခြားသော ရုပ်လက္ခဏာကြောင့် ငြိမ်သက်သွားသည်။

သူက ဖြည်းညင်းစွာ ထပ်ပြောပါသည်။

"တစ်ကြိမ်ကို တစ်ယောက်ပဲ ပြောပါ။ ကာနယ်ကို ကျွန်တော် အရင်ဖြေ ပေးပါရစေ။ ပြီးတဲ့အခါကျတော့ ခင်ဗျားတို့ တစ်ယောက်ချင်း ကျွန်တော့်ကို ပြောပါ။ သို့သော် တစ်ကြိမ်မှာ တစ်ယောက်ပဲဆိုတာ သတိထားနော်။ ဒီမှာ လူထုကစားပွဲလုပ်လို့ မရဘူး။ ဒါက ဘောလုံးကွင်း မဟုတ်ဘူး"

ထို့နောက် ကာနယ်ဂီးလ်ဘတ်ဘက်သို့ လှည့်ကာ ဆက်ပြောပါသည်။

'ခင်ဗျားတို့ကတော့ ကျွန်တော်ပြောသွားတာတွေကို ဘာတစ်ခုမှ မချေ





ခဲ့ပါဘူး။ ကျွန်တော်စိတ်မာတ်အရည်အသွေးအပေါ် မွှန်မွှန်ထူထူနဲ့ တရားသေ သဘောဝင်ပြောသွားတာလောက်ပဲရှိပါတယ်။ ဒါဟာ ခင်ဗျားလုပ်ငန်းမှာ အထောက်အကူပြုကောင်းပြုမယ်။ သို့သော် ကျွန်တော့်ကိုတော့ ခင်ဗျားတို့ ဒီလို မပြောနိုင်ဘူး။ ကျွန်တော်ဟာလည်း ဦးထုပ် လက်ထဲကိုင်ပြီး ခင်ဗျားဆီမှာ လုပ်ခ သစာ လာတိုးတောင်းနေသူ သို့မဟုတ် ကျွန်တော်အလုပ်လုပ်နေရတဲ့ စက်ထဲမှာ ဘာကွယ်စောင့်ရှောက်မှုပေးပေးပါလို့ လာပြောနေတဲ့ အလုပ်သမားတစ်ယောက် မဟုတ်ဘူး။ ကျွန်တော်နဲ့ဆက်ဆံတဲ့အခါ ခင်ဗျားတို့ဟာ အမှန်တရားနဲ့ တော်သက်ပြီး တရားသေ မဖြစ်ရဘူး။ ခင်ဗျား လုပ်ခလစာပေးထားတဲ့ ကျေးကျွန်တွေအတွက် အဲဒါကို ချန်ထားလိုက်ပါ။ သူတို့က ခင်ဗျားကို ပြန်ပြောရဲမှာ မဟုတ်ဘူး။ ဘာကြောင့်လဲ၊ ခင်ဗျားက သူတို့ရဲ့ထမင်းရှင်၊ သူတို့အသက်ဟာ ခင်ဗျားတို့ လက်ထဲမှာကိုး. . .။

"ကျွန်တော် မမွေးခင်က ခင်ဗျားကောလိပ်မှာ သင်ခဲ့တယ်လို့ပြောတဲ့ သဘာဝတရားနဲ့ ပတ်သက်လို့ကတော့ အဲဒါရဲ့ရှေ့မှောက်မှာ အဲဒီအချိန်ကစပြီး ခင်ဗျား ဘာမှမသင်နိုင်ခဲ့ဘူးလို့ ကျွန်တော့်ကို ထောက်ပြခွင့်ပြုပါ။ ဆိုရှယ်လစ်ဝါဒဆိုတာဟာ ကျမ်းစာသင်တန်းက သင်ရိုးညွှန်းတမ်းမဟုတ်သလို သဘာဝတရားနဲ့လဲ မဆိုင်ပါဘူး။ လုပ်ငန်းနယ်ပယ်အဆုံးစွန်မှာ ခင်ဗျားတို့လူတန်းစားကို ကျွန်တော်က မိုက်မဲတဲ့လူတန်းစားလို့ ခေါ်ခြင်းဖြစ်ပါတယ်။ ကျွန်တော့် ပြောဆိုချက်ကို လူကြီးမင်းက အလွန်တောက်ပစွာ သာဓကဆောင်ခဲ့ပြီး ဖြစ်ပါတယ်။

"ကျွန်တော် ဒီလိုပြောတာ ရိုင်းတယ်မထင်ပါနဲ့။ ခင်ဗျားရဲ့ကိုယ်ပိုင်အခွင့်အာဏာက တစ်ခုတည်းသောအသံနဲ့ ခင်ဗျားထုံထိုင်းကြောင်း သာဓကပြပါလိမ့်မယ်။ ခင်ဗျားငှားရမ်းထားတဲ့ ပညာဗဟုသုတရှာဖွေပေးနေသူတွေကလည်း ခင်ဗျားမှားနေကြောင်း ပြောပြကြပါလိမ့်မယ်။ ခင်ဗျားရဲ့အကျိုးနွံဆုံး ဘူမိဗေဒ လက်ထောက်နည်းပြဆရာကလေးတစ်ယောက်လောက်ဆီသွားပြီး ဒါဝင်ရဲ့ သဘာဝသို့ ပြန်သွားရေးသဘောတရားနဲ့ ဆိုရှယ်လစ်ဝါဒ သဘောတရား ဘာခြားနားသလဲဆိုတာ မေးကြည့်စမ်းပါ။ ခင်ဗျားရဲ့လက်မွှန်မဆွ အမှူးနိုင်ငံရေးဘောဂဗေဒပညာရှင်တွေ၊ လူမှုဗေဒပညာရှင်တွေကို မေးကြည့်စမ်းပါ။ ဒီဘာသာရပ်နဲ့ ပတ်သက်ပြီး ရေးထားတဲ့ ကျောင်းသုံးစာအုပ်တွေနဲ့ ခင်ဗျားစာကြည့်တိုက်စာအုပ်စင်က စာအုပ်တွေရဲ့ စာမျက်နှာတိုင်းလိုလိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အမေးထုတ်ကြည့်စမ်းပါ။ သဘာဝသို့ပြန်လာရေးနဲ့ ဆိုရှယ်လစ်ဝါဒ ဘာမှမဆိုင်ဘူးဆိုတဲ့ တစ်ခုတည်းသော အဖြေကိုသာ ရပါလိမ့်မယ်။ တစ်ဘက်မှာ တည်းတညာတည်း ခိုင်မာတဲ့အဖြေကတော့ သဘာဝသို့ ပြန်လာရေးနဲ့ ဆိုရှယ်လစ်ဝါဒဟာ တစ်ခုနဲ့တစ်ခု ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေကြောင်းပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်ဖြေတဲ့အတိုင်းပါပဲ။ ရှိုင်းတယ်မထင်ပါနဲ့။ ခင်ဗျားရဲ့ထုံထိုင်းတဲ့ မှတ်ဉာဏ်ဟာ စာအုပ်တွေထဲမှာ၊ ခင်ဗျားမဖတ်တဲ့ စာအုပ်တွေထဲမှာ ရှိနေပါတယ်။ ဒီထုံထိုင်းမှုအရာမှာတော့ ခင်ဗျားဟာ ခင်ဗျားလူတန်းစားရဲ့ နမူနာပါပဲ. .။

"ကာနယ်ဂီးဘတ်. . . ခင်ဗျားဟာ ဥပဒေနဲ့ စီးပွားရေးလုပ်ငန်းတို့ သိပါတယ်၊ ဥပဒေကို လိုသလိုလှည့်ပြီး ကော်ပိုရေးရှင်းကြီးတွေကို ဘယ်လို အလုပ်အကျွေးပြုမလဲ၊ ဘယ်လိုအစွန်းအမြတ် ဝေစုတွေ တိုးပွားစေရမလဲဆိုတာ ခင်ဗျား သိပါတယ်၊ အင်မတန်ကောင်းပါတယ်။ အဲဒီအတိုင်း စွဲစွဲမြဲမြဲလုပ်ပါ။ ခင်ဗျားဟာ ထင်ရှားတဲ့ပုဂ္ဂိုလ်ပါ။ အင်မတန်ကောင်းမွန်တဲ့ ရှေ့နေတစ်ယောက်ပါ။ သို့သော် ခင်ဗျားဟာ အင်မတန်နုံချာတဲ့ သမိုင်းဆရာတယောက်ပါ။ လူမှုဗေဒတို့ ခင်ဗျား ဘာမှမသိဘူး"

ဤနေရာတွင် ကာနယ်ဂီးလ်ဘတ်မှာ သူ့ကုလားထိုင်တွင် ပို၍မြုပ်ထိုင်နေပါသည်။ တစ်ခန်းလုံးလည်း လုံးဝတိတ်ဆိတ်ငြိမ်သက်နေသည်။ လူတိုင်း ညှို့ထားခြင်းခံနေရသည်၊ သူတို့အားလုံး ကိုယ်တစ်ပိုင်းသေနေကြသည်ဟုသာ တွန်နှိမ့် ပြောရပါတော့မည်။ တရားရုံးတော်၌ သူ ထလိုက်ပြီဆိုလျှင် တရားသူကြီးများပင် ဒူးတုန်နေရလောက်သော ကာနယ်ဂီးလ်ဘတ်။ ယခု ဤကြီးကျယ် မြင့်မြတ်လှသော ကာနယ်ဂီးလ်ဘတ်အပေါ် ဤသို့ကြောက်မက်ဖွယ်ရာ ဖြူးလိုက်ပုံမျိုးကို မကြားစဖူး၊ အိပ်မက်မမက်ကြစဖူး၊ ယုံနိုင်ဖွယ်ရာပင် မရှိသို့တိုင်အောင် အားနက်က ရန်သူကို အလှည့်မပေး။

"ဒါဟာ တကယ်ပြောရရင် ခင်ဗျားအပေါ်မှာ ရောင်ပြန်မဟပ်ပါဘူး။ လူတိုင်း ကိုယ့်လုပ်ငန်းမှာ ကျွမ်းကျင်ရတာကိုး။ ခင်ဗျားလုပ်ငန်းကို ခင်ဗျား ဆက်လုပ်၊ ကျွန်တော်ကလည်း ကျွန်တော့်လုပ်ငန်း ကျွန်တော်ဆက်လုပ်ရုံပါပဲ။ ခင်ဗျားက အထူးကျွမ်းကျင်ထားတဲ့ ဥပဒေဗဟုသုတအကြောင်း၊ ဥပဒေကို ဘယ်လိုရှောင်ရှားမလဲ၊ သို့မဟုတ် ကော်ပိုရေးရှင်းတွေက ခိုးယူတဲ့ အမြတ်တွေ ပိုများများရဖို့ ဥပဒေသစ် ဘယ်လိုလုပ်မလဲဆိုတာတွေမှာ ကျွန်တော်ဟာ ခင်ဗျား ခြေဖဝါးအောက်က ခြေမွှန်းပါပဲ။ သို့သော် ကျွန်တော့်လုပ်ငန်းဖြစ်တဲ့ လူမှုဗေဒ





အကြောင်းမှာတော့ ခင်ဗျားက ကျွန်တော့်ခြေဖဝါးအောက်က ခြေမွှန်း ဆိုတာကို မှတ်ထားပါ။ ခင်ဗျားရဲ့ ဥပဒေဟာ တစ်နေ့စာ တောက်တီးတောက်တဲ့ အလုပ်ပါ။ တစ်နေ့စာထက်ပိုပြီး ခင်ဗျားလည်း ခံနိုင်ရည်စွမ်းမရှိဘူး။ ဒါကြောင့် သမိုင်းဆိုင်ရာနဲ့ လူမှုဗေဒဆိုင်ရာ ပြဿနာတွေအပေါ် ခင်ဗျားရဲ့ တရားသေ တင်ပြပြောဆိုချက်တွေနဲ့ အလျှင်စလို ယေဘုယျပြုချက်၊ ကောက်ချက်တွေဟာ အဲဒါတွေအပေါ် ခင်ဗျားဖြုန်းတီးခဲ့တဲ့ ထွက်သက်ဝင်သက်နဲ့ မတန်ပါဘူး"

အားနက်က ခေတ္တမျှရပ်ထားပြီး ကာနယ်ကို အကဲခတ်နေသည်။ သူ့မျက်နှာမှာ ညှိုမည်းနေ၏။ ရင်ရော ခန္ဓာကိုယ်ပါ တုန်ယင်နေသည်။ သေးသွယ်ရှည်သွယ်သော လက်ချောင်းတွေကို ဆုပ်လိုက် ဖြန့်လိုက်လုပ်နေ၏။

"သို့သော်လဲ ခင်ဗျားမှာ အသုံးပြုဖို့ ထွက်သက်ဝင်သက်ရှိနေတဲ့ အလျောက် အဲဒါကိုသုံးဖို့ အခွင့်အလမ်း ကျွန်တော် ပေးပါ့မယ်။ ခင်ဗျား လူတန်းစားအပေါ် ကျွန်တော်စွဲချက်တင်ခဲ့ပြီးပါပြီ။ ကျွန်တော့်စွဲချက်များကြောင်း အကြောင်းက ထုပြစမ်းပါ။ သူတို့ရဲ့ လုပ်အားမပါဘဲ အမြတ်စွန်းဆိုတာ မဖြစ်နိုင်တဲ့ သူဆင်းရဲကျွန်ပေါင်း သုံးသန်း၊ စားရာမဲ့၊ ဝတ်ရာမဲ့၊ နေရာမဲ့ ဖြစ်နေသူပေါင်း ခြောက်သန်း၊ အမေရိကန်ပြည်ထောင်စုမှာ ရှိနေတယ်ဆိုတာ ကျွန်တော် ခင်ဗျားကို ထောက်ပြခဲ့ပါတယ်။

"လူမှုအဖွဲ့အစည်းနဲ့ စက်ယန္တရားကို အသုံးပြုခြင်းအားဖြင့် ခေတ်သစ်လူ့ရဲ့ ထုတ်လုပ်မှုစွမ်းအင်ဟာ ဂူအောင်းလူထက် အဆတစ်ထောင်ပိုကြီးကြောင်း ကျွန်တော်ထောက်ပြခဲ့တယ်။ ဒီအချက်နှစ်ချက်ကိုထောက်ရင် အရင်းရှင်လူတန်းစားဟာ တလွဲတချော် စီမံခန့်ခွဲခဲ့တယ်ဆိုတာမှအပ တခြား ဘာကောက်ချက်မှ ချလို့မဖြစ်နိုင်ကြောင်း ကျွန်တော်ပြောခဲ့ပါတယ်။ ဒါဟာ ကျွန်တော့်စွဲချက်ပါ။ ဒါကို ခင်ဗျား အဖြေပေးဖို့ ကျွန်တော် တိတိကျကျတောင်းဆိုပါတယ်။ အဖြေပြောင် မကသေးပါဘူး။ ခင်ဗျားအဖြေပေးမှာ မဟုတ်ဘူးလို့ ကျွန်တော် ကြိုတင်ပြောခဲ့ပါတယ်။ ကျွန်တော့်ကြိုတင်ပြောချက်ကို ခင်ဗျား ထွက်သက်ဝင်သက်က ပျက်ဖို့ရှိပါသေးတယ်။ ကျွန်တော်ပြောတာတွေဟာ မဟုတ်တမ်းတရမ်းတွေလို့ ခင်ဗျားက ပြောပါတယ်။ မဟုတ်တမ်းတရမ်းဆိုတာကို ထောက်ပြစမ်းပါ။ အကြောင်းနဲ့ ခင်ဗျားလူတန်းစားအပေါ် ကျွန်တော်နဲ့ ကျွန်တော့်ရဲ့ဘော် တစ်သောင်းက တင်လိုက်တဲ့စွဲချက်ကို အဖြေပေးစမ်းပါ"

ကာနယ်ဂီးလ်မှာ သဘာပတိ လုပ်နေရသည်ကို လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



လောကဝတ်အားဖြင့် စကားပြောလိုသူများ ပြောခွင့်ပေးရမည်ကိုလည်းကောင်း မေ့လျော့နေပါသည်။ သူသည် ခြေအစုံရပ်လိုက်၏။ လက်တွေကို ဆန့်တန်းလိုက်၏။ စကားကြီးစကားကျယ် အများဆုံးသုံးကာ အားနက်ကို ယယ်ရွယ်နုနယ်သေးခြင်း၊ အသိဉာဏ်မပြည့်စုံသေးခြင်းအတွက် ရေရွတ်ဆဲရေးသည်။ အလုပ်သမားလူတန်းစားတွင် အရည်အချင်းမပြည့် တန်ဖိုးမရှိဟု ဆိုကာ ပြင်းထန်စွာ တိုက်ခိုက်ပြောဆိုပါတော့သည်။

ဤတိုက်ခိုက်မှုနှင့် ပတ်သက်၍အားနက်က "ရှေ့နေတစ်ယောက်အနေ ခင်ဗျားဟာ ကျွန်တော်တွေ့သမျှအထဲမှာ လိုရင်းကို မရောက်နိုင်ဆုံးလူပါပဲ။ ကျွန်တော်ရှင်းပြတာတွေနဲ့ ပတ်သက်လို့ ကျွန်တော့်အသက်ငယ်သေးတာနဲ့ ဘာမှမဆိုင်ပါဘူး။ အလုပ်သမားလူတန်းစားရဲ့တန်ဖိုးမရှိတာနဲ့လည်း ဘာမှမဆိုင်ပါဘူး။ ကျွန်တော်က အရင်းရှင် လူတန်းစားကို လူ့အဖွဲ့အစည်းအပေါ် တလွဲ စီမံခန့်ခွဲတယ်လို့ စွဲချက်တင်ခဲ့ပါတယ်။ ခင်ဗျားက အဖြေမပေးပါဘူး။ အဖြေပေးဖို့လည်း အားထုတ်ခြင်းမရှိပါဘူး။ ဘာကြောင့်လဲ။ ခင်ဗျားမှာ အဖြေမရှိလို့ပဲ။ ခင်ဗျားတာ ဟောဒီ ပရိသတ်ကြီးတစ်ခုလုံးရဲ့ ချန်ပီယံပါ။ ကျွန်တော် တလွဲပြီး ဟောဒီ ပရိသတ်အားလုံးဟာ အဲဒီအဖြေအတွက် ခင်ဗျား နှုတ်ခမ်းကို စောင့်ကြည့်နေကြတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ အဖြေမရှိလို့ပါပဲ။ ကျွန်တော့်အတွက်ကတော့ စောစောက ပြောခဲ့တဲ့အတိုင်း ခင်ဗျားဟာ အဖြေမပေးနိုင်သည့်သာမက အဖြေပေးဖို့လဲ ကြိုးစားအားထုတ်ခြင်း မရှိပါဘူး"

"ဒါဟာ လျစ်လျူမပြုနိုင်စရာပဲ။ ဒါဟာ စော်ကားတာပဲ"

ကာနယ်ဂီးလ်ဘတ်က အော်ဟစ်လိုက်ပါသည်။

အားနက်က ပြန်ဖြေပါသည်။ "ခင်ဗျားအဖြေဟာ လျစ်လျူမပြုနိုင်စရာလို မဖြစ်သင့်ပါဘူး။ အသိပညာအရ ဘယ်သူ့ကိုမှ မစော်ကားနိုင်ပါဘူး။ စော်ကားတယ်ဆိုတာရဲ့ ပင်ကိုသဘာဝကိုက စိတ်လှုပ်ရှားမှုနဲ့ ဆိုင်ပါတယ်။ ကိုယ့်ကိုယ့်ကိုယ် သတိထားစမ်းပါ။ အရင်းရှင်လူတန်းစားဟာ လူ့အဖွဲ့အစည်းကို တလွဲစီမံခန့်ခွဲခဲ့တယ်ဆိုတဲ့ ကျွန်တော်ရဲ့ အသိပညာအရ စွပ်စွဲချက်ကို အသိပညာအရ အဖြေပေးစမ်းပါ"

ကာနယ်ဂီးလ်ဘတ်မှာ ငြိမ်နေ၏။

"စိတ်မပျက်ပါနဲ့။ ဒီစွဲချက်ကို ခင်ဗျားတို့ လူတန်းစားထဲက တစ်ဦး တစ်ယောက်ကမှ အဖြေမပေးခဲ့သေးဘူးဆိုတဲ့ အချက်ကိုတွေးပြီး စိတ်ဖြေစမ်းပါ





အားနက်က သို့ကလို ပြောပြီးနောက် စကားပြောရန် စိတ်ထက်သန်နေကြသော အခြားလူများဘက်သို့ လှည့်၍ ပြောပြန်သည်။

"ကဲ. . . အခု ခင်ဗျားတို့ အလှည့်ပါပဲ။ ကာနယ်ဂီးလ်ဘတ် မပေးနိုင်ခဲ့တဲ့ အဖြေကို ခင်ဗျားတို့က ပေးဖို့ ကျွန်တော် ဒီမှာ စွဲချက်တင်ထားတယ်ဆိုတာ မေ့ပါနဲ့"

ဆွေးနွေးကြပုံအားလုံးကို ကျွန်မ ရေးပြရန် မဖြစ်နိုင်ပါ။ သုံးနာရီမျှသော တိုတောင်းလှသည့် နာရီပိုင်းအတွင်း စကားလုံး အဘယ်မျှ များပြားစွာ ပြောနိုင်သည်ကို ကျွန်မ ယခင်က သဘောမပေါက်ခဲ့ပါ။ အမှန်ကတော့ ကြည့်ကောင်းသောပွဲ ဖြစ်ပါသည်။ ဆန့်ကျင်ဘက်သမားတွေက ပို၍ စိတ်ဇောကပ်သလေ၊ အားနက်က သူတို့အား ပိုဇောကပ်အောင် လုပ်လေလေ ဖြစ်ပါသည်။ သူသည် အသိပညာတွင် စွယ်စုံတစ်ဦးဖြစ်ပါသည်။ စကားလုံး တစ်လုံးတည်း၊ စာကြောင်း တစ်ကြောင်းတည်း၊ ညင်သာသော ထိုးနှက်ချက် တစ်ခုတည်းဖြင့် သူတို့ကို သွက်သွက်ခါသွားအောင် သူ လုပ်နိုင်ပါသည်။ သူတို့၏ မှားယွင်းချော်သော တက္ကဗေဒကို အချက်လိုက်၊ အချက်လိုက် ဖော်ပြနိုင်ပါသည်။ ဆိုင်ရာနှင့် နိဂုံးချုပ်ချက် ဆက်စပ်မှုမရှိသာမက ထုတ်ရန် အားထုတ်သော နိဂုံးကို ဘောက်ကျစ်စွာ ဖက်တွယ်ထားသည့်အတွက် နိဂုံးမှာ ယုတ္တိမှာ ယုတ္တိမရှိ၍အရာက မှားသည်၊ ဤအရာကား မှန်းဆချက် ဖြစ်သည်၊ နောက်ထပ်အရာကား လက်စွဲစာအုပ်များတွင် ပုံနှိပ်ပြီးဖြစ်သော သေချာစွာ သိရှိပြီးဖြစ်သည့် အမှန်တရားနှင့် ဆန့်ကျင်သည့်စကားဖြစ်သည် စသည်ဖြင့် သူက အချက်တိုင်းကို ချေပပါသည်။

ဤသို့နှင့် ဆက်၍ဆွေးနွေးကြပါသည်။ သူတို့၏လက်ဝဲလက်ယာအဆွေးများကို ခွဲခြမ်းစိတ်ဖြာပြပါသည်။ သဘောတရားကို ဆွေးနွေးရန်ငြင်းဆိုပြီး အချက်အလက်များကိုသာ သူက အစဉ်သဖြင့် တောင်းဆိုလေ့ရှိပါသည်။ သူတို့က အလုပ်သမားလူတန်းစားကို တိုက်လာလျှင် သူက အစဉ်သဖြင့် ပြန်လည်ချေပပြောဆိုသည်။

"သူခိုးက လူဟစ်တာမျိုးပါ။ ဒါဟာ ခင်ဗျားတို့မျက်နှာမှာ ညစ်ပေနေတယ်ဆိုတဲ့ စွဲချက်ကို ပြန်ဖြေတဲ့အဖြေ မဟုတ်ပါဘူး။ ခင်ဗျားတို့ လူတန်းစားက လူ့အဖွဲ့အစည်းကို တလွဲစီမံခန့်ခွဲခဲ့တယ်ဆိုတဲ့ စွဲချက်ကို ဘာဖြစ်လို့ အဖြေမပေးကြတာလဲ။ တခြားအကြောင်းတွေကိုသာ ခင်ဗျားတို့ ပြောနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဖြေတော့ မပေးဘူး။ ဘာကြောင့်လဲ။ ခင်ဗျားတို့မှာ အဖြေမရှိလို့ပဲ"

ဆွေးနွေးပွဲအဆုံးတွင် မစ္စတာ ဝစ်ဆင် စကားပြောပါသည်။ ခေါင်း အေးအေးထား၍ စကားပြောသူမှာ သူတစ်ယောက်တည်းသာ ဖြစ်ပြီး အားနက်က အခြားသူများလို မဟုတ်ဘဲ သူ့ကို လေးလေးစားစား ဆက်ဆံပြောဆိုပါသည်။

မစ္စတာ ဝစ်ဆင်က အေးဆေးသော လေသံဖြင့် "အဖြေမလိုပါဘူး။ ဆွေးနွေးချက်တွေအားလုံး ကျုပ် တအံ့တသြနဲ့ စက်ဆုပ်စွာ နားထောင်နေခဲ့ပါတယ်။ ကျုပ် စက်ဆုပ်တာကတော့ ကျုပ်တို့လူတန်းစားမှာပါတဲ့ လူကြီးမင်းများပါပဲ။ လွန်ကျူးတဲ့ ကျင့်ဝတ်မျိုး၊ သာမန်နိုင်ငံရေးသမားတို့ရဲ့ မိုးခြိမ်းသံမျိုးနဲ့ ဒီဆွေးနွေးပွဲမှာ ခင်ဗျားတို့ဟာ မနူးမနပ် ကျောင်းသားလေးတွေလို ပြုမူခဲ့ကြတယ်။ ခင်ဗျားတို့ ပြောတာတွေဟာ အရေမရ အဖတ်မရ စကားတွေချည်းပဲ။ ခင်ဗျားတို့ ပြောတာတွေဟာ ဝက်ဝံကို မထီလေးစား လုပ်ကြသလိုပဲ။ လူကြီးမင်းများ ခင်ဗျား. . . ဝက်ဝံဟာ (အားနက်ကို လက်ညှိုး ညွှန်လျက်) ဒီမှာ ရပ်နေပါတယ်။ ခင်ဗျားတို့ လေလုံးထွားတာတွေဟာ သူ့နားကို ကလိနေတာပါပဲ။

"အခြေအနေဆိုးတယ်လို့ ကျုပ်က ပြောတာကို ယုံကြပါ။ ဒီဝက်ဝံဟာ ကျုပ်တို့ကို ချိုးဖဲ့ဝါးမျိုဖို့ ဒီညမှာ သူ့လက်သည်းတွေ ဆန့်ထုတ်လာတယ်။ အမေရိကန်ပြည်ထောင်စုမှာ တော်လှန်ရေးသမားပေါင်း တစ်သန်းခွဲ ရှိတယ်လို့ သူက ပြောပါတယ်။ ဒါ အမှန်ပါပဲ။ ကျုပ်တို့ရဲ့ အစိုးရတွေ၊ ကျုပ်တို့ရဲ့ နန်းတော်တွေ၊ စည်းစိမ်ချမ်းသာတွေကို ကျုပ်တို့လက်ထဲက ပြန်ယူဖို့ ရည်ရွယ်တယ်လို့လဲ သူက ပြောသွားပါတယ်။ ဒါဟာလည်း အမှန်ပါပဲ။ လူ့အဖွဲ့အစည်းမှာ အပြောင်းအလဲ၊ ကြီးမားတဲ့ အပြောင်းအလဲတစ်ရပ် လာနေပါပြီ။ သို့သော် ဝက်ဝံက ကြိုတင် သိမြင်ထားတဲ့ အပြောင်းအလဲမျိုးတော့ မဟုတ်ပါဘူး။ ဝက်ဝံက ကျုပ်တို့ကို သတ်စားမယ်ပြောကယ်။ ကျုပ်တို့က ဝက်ဝံကို သတ်စားရင်ရော ဘယ့်နှယ်ရှိပါ့မလဲ"

လည်ချောင်း ရှင်းသံများ ပေါ်ထွက်လာပြန်သည်။ အချင်းချင်း ခေါင်းညိတ်တာ အတည်ပြုထောက်ခံကြသည်။

မစ္စတာ ဝစ်ဆင်က အေးအေးဆေးဆေးပင် ဆက်ပြောပြန်သည်။

"ဒါပေမယ့် လေလုံးထွားနေတာလောက်နဲ့တော့ ဝက်ဝံကို သတ်မစားနိုင်ဘူး။ ဝက်ဝံကို အမဲလိုက်သလို လိုက်ရမယ်။ ဝက်ဝံကို စကားလုံးနဲ့ အဖြေ





ပေးရဘူး။ လက်တွေ့နဲ့ အဖြေပေးရမယ်။ ကျုပ်တို့မှာ အာဏာရှိတယ်။ ဒါကို ဘယ်သူမှ မငြင်းနိုင်ဘူး။ ဒီအာဏာရဲ့တန်ခိုးအာနိသင်ကြောင့် ကျုပ်တို့ဟာ ဒီအာဏာ ဆက်ရှိရမယ်"

သူက အားနက်ဘက်သို့ ရုတ်ခြည်း လှည့်ကြည့်လိုက်သည်။ လျှပ်တပြက် အခိုက်အတန့် ဖြစ်ပါသည်။

"ဒါဟာ ကျုပ်တို့အဖြေပဲ။ ခင်ဗျားနဲ့ပတ်သက်ပြီး ကျုပ်တို့မှာ ဖြုန်းတီးရာ စကားလုံးမရှိဘူး။ ခင်ဗျားတို့ရဲ့ ဟိတ်ဟန်များလှတဲ့လက်က ကျုပ်တို့ နန်းတော်တွေ၊ စည်းစိမ်တွေနား ကပ်လာတဲ့အခါ အင်အားဆိုတာ ဘာလဲ ဆိုတာကို ကျုပ်တို့ ပြမယ်။ ခင်ဗျားတို့ တော်လှန်ရေးသမားတွေကို ကျုပ်တို့ရဲ့ ဖနောင့်အောက်မှာ စိစိညက်ညက်ကြေပစ်ပြီး ခင်ဗျားတို့ မျက်နှာတွေပေါ်က လျှောက်မယ်။ ကမ္ဘာဟာ ကျုပ်တို့ကမ္ဘာ။ ကျုပ်တို့ဟာ ကမ္ဘာရဲ့အရှင်သခင်။ ထာဝစဉ် ကျုပ်တို့ တည်တံ့မယ်၊ အလုပ်သမားဆိုတာကတော့ သမိုင်းစကတည်းက မြေမှုန့်ထဲမှာပါ။ ကျုပ် သမိုင်းကို ဖတ်ဖူးတယ်။ ကျုပ်ရယ်၊ ကျုပ်တို့ရယ်၊ ကျုပ်တို့နောက်ကလာတဲ့ လူတွေရယ် လက်ထဲမှာ အာဏာရှိနေသမျှ ကာလပတ်လုံး သူတို့ မြေမှုန့်ထဲမှာ ရှိနေရမယ်။ စကားလုံးတစ်လုံး ရှိတယ်။ စကားလုံးတကာရဲ့ အရှင်ပဲ။ အဲဒါကတော့ အာဏာ။ ခင်ဗျား လျှာ အလျားသားထွက်အောင် ဘာတွေပြောပြော အာဏာဟာ အာဏာပဲ"

အားနက်က အေးဆေးစွာ ပြန်ပြောသည်။

"ကျွန်တော် ဖြေပြီးပြီပဲ။ ခင်ဗျားတို့ ပေးနိုင်တဲ့ အဖြေဟာ ဒါပဲရှိတာပဲ။ အာဏာလေ။ ကျွန်တော်တို့ အလုပ်သမား လူတန်းစားက ဒါကို လိုချင်တာပဲ၊ ကျွန်တော်တို့ သိတယ်။ အခွင့်အရေးအတွက်၊ တရားမျှမှုအတွက်နဲ့ လူ့အောင်အတွက် အသနားခံနေရုံလောက်နဲ့ ခင်ဗျားတို့ကို တို့ထိနိုင်မှာ မဟုတ်ဘူးဆိုတာ မိမိတို့ရဲ့ ခါးသီးသော အတွေ့အကြုံမှတစ်ဆင့် ကောင်းကောင်းကြီး သိကြတယ်။ ဆင်းရဲသားတွေရဲ့ မျက်နှာပေါ်က ဖြတ်လျှောက်လွန်းလို့ မာကျောနေတဲ့ ခင်ဗျားတို့ ဖနောင့်တွေလို ခင်ဗျားတို့ရဲ့ နှလုံးသားတွေဟာလဲ မာကျောနေတာပါပဲ။ ရွေးကောက်ပွဲနေ့မှာ ထည့်မယ့် မဲတွေရဲ့ အာဏာနဲ့ ခင်ဗျားတို့ အစိုးရမှုကို ကျုပ်တို့က ပြန်ယူမှာ"

"ရွေးကောက်ပွဲမှာ ခင်ဗျားတို့က အနိုင်ရရင်၊ အပြတ်အသတ် အနိုင်ရရင်ရော ဘာလုပ်ရမှာလဲ။ မဲပုံးမှာ ခင်ဗျားတို့ လက်ရသိမ်းထားတဲ့ အာဏာပေး

www.burmeseclassic.com

www.burmeseclassic.com



ကို ကျုပ်တို့က ပေးဖို့ ငြင်းဆန်တယ်ဆိုရင်ရော” မစ္စတာဝစ်ဆင်က ထပ်၍ ထောင်းဆိုပြန်ပါသည်။

*‘ဒါကိုလဲ ကျွန်တော်တို့ စဉ်းစားထားပြီးပါပြီ။ ကျွန်တော်တို့ကလည်း* ပြန်အဖြေပေးပါလိမ့်မယ်။ အာဏာဆိုတာကို စကားလုံးတကာ့ဘုရင်လို့ ခင်ဗျား က ကြေညာခဲ့တယ်။ ကောင်းပါပြီ။ အာဏာပဲဆိုပါစို့။ မဲပုံးမှာ ကျွန်တော်တို့ က အပြတ်အသတ် အောင်ပွဲခံပြီး အခြေခံဥပဒေအရ ငြိမ်းချမ်းစွာ ရယူခဲ့တဲ့ အုပ်ချုပ်ရေးကို ခင်ဗျားတို့က ပြန်အပ်ဖို့ ငြင်းဆန်တယ်ဆိုရင် ဘာလုပ်မလဲလို့ ခင်ဗျားက မေးပါတယ်။ ကျွန်တော်တို့က အဖြေပေးမယ်လို့ ကျွန်တော် ပြောပါ တယ်။ သေနတ်သံ၊ ဗုံးသံတွေက ကျွန်တော်တို့အဖြေပဲ ဖြစ်ပါလိမ့်မယ်။

‘ကျွန်တော်တို့ဆီက ခင်ဗျားတို့ ပြေးမလွတ်ပါဘူး။ သမိုင်းကို ခင်ဗျား ဖတ်ခဲ့ပြီးပြီဆိုတာ မှန်ပါတယ်။ သမိုင်း စကတည်းက အလုပ်သမားဟာ မြေမှုန့် ထဲမှာ ရှိခဲ့တယ်ဆိုတာ မှန်ပါတယ်။ ခင်ဗျားနဲ့ ခင်ဗျားတို့နဲ့၊ ခင်ဗျားတို့နောက် က လာမယ့်လူတွေဆီမှာ အာဏာရှိနေသမျှ ကာလပတ်လုံး အလုပ်သမားဟာ မြေမှုန့်ထဲမှာ ရှိနေရမယ် ဆိုတာလဲ အလားတူ မှန်ပါတယ်။ အာဏာဆိုတာ အဆုံးအဖြတ်ပါ။ ဒါ လူတန်းစားတွေရဲ့ တိုက်ပွဲပါ။ ခင်ဗျားတို့ လူတန်းစားက ပဒေသရာဇ် မင်းမျိုးမင်းနွယ်တွေကို တရွတ်တိုက်ဆွဲချခဲ့သလို၊ ကျွန်တော့် လူတန်းစား၊ အလုပ်သမား လူတန်းစားကလည်း အလားတူ ခင်ဗျားတို့ကို တရွတ်တိုက် ဆွဲချလိမ့်မယ်။ သမိုင်းကို ရှင်းရှင်းလင်းလင်း ဖတ်သလို ခင်ဗျားတို့ရဲ့ ဇီဝဗေဒနဲ့ လူမှုဗေဒကို ရှင်းရှင်းလင်းလင်း ဖတ်မယ်ဆိုရင် ကျွန်တော်ပြောခဲ့တဲ့ နိဂုံးဟာ မလွဲမရှောင်သာဘူးဆိုတာ ခင်ဗျားတွေ့ရပါ လိမ့်မယ်။ တစ်နှစ်၊ ဆယ်နှစ် ဒါမှမဟုတ် အနှစ် တစ်ထောင်ဖြစ်ဖြစ် ကိစ္စမရှိဘူး။ ခင်ဗျားတို့ လူတန်းစားကို တရွတ်တိုက် ဆွဲချကိုချရမယ်။ ဒါကို အာဏာက လုပ်ပါလိမ့်မယ်။ အာဏာ. . . ဒီအာဏာဆိုတဲ့ စကားလုံးဟာ အမိကရ စကားလုံးပါ”

သုခမိန်များကလပ်၏ညမှာ ဤသို့ဖြင့် ပြီးဆုံးသွားတော့သည်။

❖ ❖ ❖

## အခန်း [ ၆ ]

### ရှေ့ပြေးနိမိတ်များ

ထိုအချိန်ခန့်တွင်ပင် ကျွန်မတို့တစ်ဝိုက် ကျရောက်အံ့သည့် လာလတ္တံ့ သော အဖြစ်အပျက်များနှင့် စပ်လျဉ်း၍ ရှေ့ပြေး သတိပေးမှုများ လျှင်မြန် စွာ ပေါ်ပေါက်လာပါတော့သည်။ ဆိုရှယ်လစ်များ၊ အလုပ်သမားခေါင်းဆောင် များအား အိမ်သို့ခေါ်ခြင်း၊ ဆိုရှယ်လစ် အစည်းအဝေးများသို့ အတည့်အလင်း တက်ရောက်ခြင်း စသည့် ဖေဖေ၏ ပေါ်လစီကို အားနက်က စိတ်ပူလာသည်။ သမေကတော့ ရယ်မောနေပါသည်။

ကျွန်မအတွက် ဆိုပါရမူ အလုပ်သမား လူတန်းစားခေါင်းဆောင်များ၊ ထူးခေါ်ရှင်များနှင့် ယခုကဲ့သို့ အဆက်အသွယ်ရသည့်အတွက် များစွာ အသုတ တိုးပါသည်။ ဒိုင်း၏တစ်ဘက်ကို ကျွန်မ မြင်လာပါသည်။ ကျွန်မ အတွက် လမ်းပွင့်လာသော ဆိုရှယ်လစ်ဝါဒ၏ ကျယ်ဝန်းလှသည့် အဘိဓမ္မာ ဆန်းဆန် သိပ္ပံနည်းကျ စာပေမှာ အတန်ငယ် ခက်ခဲလှသေးသော်လည်း ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင် တွေ့ကြုံရသော ကိုယ်ကျိုးမငဲ့သည့် မြင့်မြတ်သော စိတ်ဓာတ်ကိုမူ များစွာ နှစ်ခြိုက် သဘောကျမိပါသည်။ ကျွန်မသည် စွဲမြဲစွာ လေ့လာနေပါသည်။ သို့ရာတွင် ကျွန်မတို့အနေအထား ဖရိုဖရဲ ဖြစ်လာကြောင်း သဘောပေါက်သည် အထိတော့ စွဲမြဲစွာ မလေ့လာခဲ့ရသေးပါ။

သတိပေးချက်တွေ လာနေသော်လည်း ကျွန်မ ဂရုမစိုက်ခဲ့ပါ။ ဥပမာ- မစ္စက်ပါတင်ဗိသ်နှင့် မစ္စက်ဝစ်ဆင်တို့သည် ဤယူနီဗာစီတီမြို့ကလေးတွင် အလွန်ကြီးမားသော လူမှုရေးအာဏာကို ကိုင်စွဲ ကျင့်သုံးခဲ့ကြသူများ ဖြစ်ပါသည်။ ကျွန်မသည် စွာလွန်းသော၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသော မိန်းကလေး ဖြစ်ကြောင်း၊ တခြား တပါးသူတို့၏ အရေးအရာများတွင် ဝင်ရောက်စွက်ဖက် တတ်သည့် ဝါသနာဆိုး ရှိသည် စသဖြင့် ရိုးတိုးရိပ်တိပ် စကားများ သူတို့ထံမှ ထွက်လာပါသည်။ ဂျက်ဆင့်လက်မောင်းကိုစွတွင် ကျွန်မ ဝင်ရောက် စုံစမ်းသော အပိုင်းမှ ပါဝင်ခဲ့သဖြင့် သူတို့က ဤသို့ ထင်မြင်ကြသည်မှာ သဘာဝပင် ဖြစ် လိမ့်မည်ဟု ကျွန်မ ယူဆခဲ့ပါသည်။ သို့သော် အာဏာကြီးလှသူ အမျိုးသမီးကြီး နှစ်ယောက် သဘောသတန်၏ ထိရောက်မှုကို ကျွန်မ လျှော့တွက်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ကျွန်မ၏ ပေါင်းသင်းနေကျ ယေဘုယျ မိတ်ဆွေများက အေးတိ အေးစက် ဆက်ဆံလာမှုကို ကျွန်မ သတိထားမိခဲ့သည်မှာ မှန်သော်လည်း ကျွန်မ အားနတ်နှင့် လက်ထပ်ရန် ရည်ရွယ်ထားသည်ကို ကျွန်မ အသိုင်းအဝိုင်းက သဘောမကျတာလောက်ပင် ဖြစ်လိမ့်မည်ဟု မှတ်ယူခဲ့သည်။

ထို့နောက် အတန်ငယ် ကြာမြင့်သွားပြီးချိန်တွင် အားနက်က ကျွန်မ လူတန်းစား၏ ဤယေဘုယျ ထင်မြင်ချက်မှာ အလိုအလျောက် ဖြစ်လာသည် မဟုတ်။ ယင်းနောက်ကွယ်တွင် သေသေချာချာ စီစဉ် လုပ်ဆောင်မှု ပါနေသည် ဟု ထောက်ပြပါသည်။

"မင်း လူတန်းစားရဲ့ ရန်သူတစ်ယောက်ကို မင်းက ခိုအောင်းစရာ ပေးခဲ့တာကိုး။ ခိုအောင်းစရာသာ မဟုတ်ဘူး၊ မင်းရဲ့ ချစ်ခြင်းမေတ္တာကိုပါ ပေးခဲ့ တာကိုး။ ဒါဟာ မင်း လူတန်းစားအပေါ် သစ္စာဖောက်တာပဲ။ အပြစ်ပေးခံရဖို့က ပြေးလွတ်မယ်လို့ မထင်ပါနဲ့" ဟု အားနက်က ပြောပါသည်။

ယင်း အဖြစ်အပျက် မတိုင်မီ တစ်ခုသော မွန်းလွဲပိုင်းတွင် ဖေဖေ ပြန်လာပါသည်။ အားနက်မှာ ကျွန်မနှင့်အတူ ရှိနေပြီး ဖေဖေ စိတ်ဆိုးလာ





...ည်ကို ကျွန်မတို့ တွေ့ရပါသည်။ ဖေဖေမှာ တကယ် စိတ်ဆိုးခဲလှသော်လည်း ...စ်ခါတရံ ချုပ်ချုပ်တည်းတည်း စိတ်တိုလေ့ရှိပါသည်။ ဤသည်ကို ဖေဖေက ...အားတိုးဆေးဟု ခေါ်ပါသည်။ ယင်းအားတိုးဆေး စိတ်တိုမှုနှင့်အတူ ဖေဖေ ...ခန်းတွင်းသို့ ဝင်လာပါသည်။

"မင်းတို့ ဘယ်လိုထင်ကြသလဲ. . . ။ ကျုပ် ဝီလ်ကော့နဲ့ နေ့လယ်စာ ...လာတယ်"

ဝီလ်ကော့မှာ ယူနီဗာစီတီ အဓိပတိ ဖြစ်ပါသည်။

"ကျုပ်တို့ကို ဖိတ်တယ်လေ"

ဖေဖေက စကားရပ်ကာ နားနေသည်။ ကျွန်မတို့က စောင့်နေသည်။

"ကောင်းကောင်းမွန်မွန်တော့ ပြောတာပါပဲ။ ဒါပေမယ့် ကျုပ်ကို ...ဖြစ်တင်စကားတွေ ပြောလိုက်တယ်"

"ဘာကို ပြစ်တင်စကား ပြောတယ်ဆိုတာ ကျွန်တော် မှန်းဆပြောရ ...။"

"သုံးမျိုး မှန်းဆတာတော့ မလုပ်နဲ့လေ" ဟု ဆိုကာ ဖေဖေက ရယ်မော ...ပါသည်။

"တစ်ခုတည်း မှန်းဆလို့ ဖြစ်ပါတယ်။ ဒါတောင် မှန်းဆတာ မဟုတ် ... နုတ်ယူကြည့်တာပါ။ ဦးရဲ့ပုဂ္ဂလိက ဘဝအတွက် ပြစ်တင်ပြောလိုက်တာ ...တ်လား"

"သေချာတာပေါ့။ မင်း ဘယ်လိုများ မှန်းဆလိုက်တာလဲ"

"ဒီလို ဖြစ်နေပြီဆိုတာ ကျွန်တော် သိတယ်။ ဦးကိုတောင် ဟိုတုန်းက ...တော် သတိပေးခဲ့ဖူးတာပဲ"

"ဟုတ်တယ်။ မင်း သတိပေးခဲ့ဖူးတယ်။ သို့သော် ကျုပ်က မယုံကြည်ခဲ့ ... ဘာပဲဖြစ်ဖြစ်လေ. . . ကျုပ် စာအုပ်အတွက် အထောက်အထားတော့ ...ပြီပေါ့"

"ကျွန်တော်အပါအဝင် ဒီ ဆိုရှယ်လစ်တွေ၊ တော်လှန်ရေးသမား မျိုးစုံ ... ဦး အိမ်မှာ ရှိနေသမျှ ဦးရဲ့ ပေါ်လစီကို ဆက်စွဲမြဲနေသမျှ နောက် ...ပေါ်လာမယ့်ကိစ္စနဲ့စာရင် ဒါဟာ မဖြစ်လောက်ပါဘူး"

"ဝီလ်ကော့ကြီးက ပြောလိုက်တာ အဲဒါပါပဲ။ အားလုံးကတော့ မနိုင်ဝံ့ ...တွေချည်းပါပဲ။ ဒါဟာ မကောင်းဘူး။ အမြတ်လည်း လုံးဝမရှိဘူး၊ နေ့တာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ယူနီဗာစီတီရဲ့ အစဉ်အလာတွေ၊ ပေါ်လစီတွေနဲ့လဲ မကိုက်ညီဘူးလို့ သူက ပြောတယ်။ သူက အဲဒီလိုမဟုတ်တာတွေ အများကြီး လျှောက်ပြောတာပါပဲ။ သူ ဘာပြောချင်သလဲဆိုတာကို ကျုပ်တော့ အစအနကောက်လို့ မရဘူး၊ ကျုပ်ကြောင့်များ သူတော့ အနေရကျပ်မလား မသိဘူး။ သူကတော့ ကျုပ်အပေါ် သူ ဘယ်လောက် အလေးထားတယ်၊ သိပ္ပံပညာရှင်တစ်ယောက်အဖြစ် ကျုပ်ကို ကမ္ဘာက အလေးထားတယ် ဆိုတာတွေ ထပ်ခါတလဲလဲ လျှောက်ပြောတာပါပဲ၊ ဒါဟာ သူ သဘောထူနိုင်တဲ့လုပ်ငန်း မဟုတ်ဘူး။ သူမကြိုက်ဘူးဆိုတာ ကျုပ်သိတယ်"

"သူဟာ လွတ်လပ်တဲ့လူ မဟုတ်ပါဘူး ခင်ဗျား။ ထိတ်တုံးခတ်ခံရပြီး ဆိုရင် လွယ်လွယ်နဲ့ ချွတ်လို့ မရပါဘူး"

"ဟုတ်တယ်။ ကျုပ်လည်း တော်တော် သိလာတယ်။ သူက ပြောတယ်။ ယူနီဗာစီတီမှာ အခုနှစ် အစိုးရက ထောက်ပံ့ချင်တာထက် ပိုပြီး ငွေအများကြီး လိုတယ်၊ ဒီငွေဟာလဲ ချမ်းသာတဲ့လူတွေဆီကမှ ရနိုင်တယ်။ ယူနီဗာစီတီရဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်တွေ တိမ်းပါးအောင် လုပ်နေရင် မဖြစ်ဘူးတဲ့။ ဒါနဲ့ ကျုပ် အိမ်တွင်းဘဝက ယူနီဗာစီတီရဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်ကို တိမ်းပါးအောင် ဘာတွေများ လုပ်နေလို့လဲ ဆိုပြီး မေးတော့ ကျုပ်ကို လစာပြည့်နဲ့ ခွင့် နှစ်နှစ်ယူပြီး ဥရောပမှာ အပန်းဖြေဖို့ သုတေသနလုပ်ဖို့ သူက ကမ်းလှမ်းတယ်။ ကျုပ်ကတော့ အခြေအနေအရ ဒါကို လက်မခံနိုင်သေးဘူး"

"လက်ခံလိုက်ရင် ပိုကောင်းမယ် ထင်တာပဲ" အားနက်က လေးတွဲ့စွာ ပြောလိုက်ပါသည်။

"ဒါ လာဘ်ထိုးတာ" ဟု ဖေဖေက ပြောပြန်ရာ အားနက်က ခေါင်းညိတ်ပါသည်။

"နောက် သူက ပြောသေးတယ်။ သမီးကို မင်းလို မိုက်မဲတဲ့ လူတစ်ယောက်နဲ့ လူကြားထဲမှာ တတွဲတွဲတွေ့တယ် ဆိုပြီး လက်ဖက်ရည်ဆိုင်က အ တစ်ယောက်တစ်ပေါက် ပြောနေကြတဲ့အကြောင်း၊ ဒါတွေဟာ ယူနီဗာစီတီရဲ့ ဂုဏ်သိက္ခာနဲ့ မကိုက်ညီဘူး ဘာညာပေါ့။ သူကိုယ်တိုင်ကတော့ ကန့်ကွက် သဘောမဟုတ်ဘူး၊ ပြောနေ ဆိုနေကြတာကို သူ ပြောတာ။ ကျုပ် နားလည်တယ်"

ဤစကားတိုကား အားနက်သည် အခိုက်အတန့်မျှကြာသည်အ





ငေးစားနေသည်။ ထို့နောက် အမျက်ဒေါသကို မျိုသိပ်ထားသော မျက်နှာဖြင့် ပြောလိုက်ပါသည်။

"ယူနီဗာစီတီရဲ့ ရည်မှန်းချက်တွင် မကသေးဘူး။ ဒါထက် ပိုတာ ရှိပါသေးတယ်။ အဓိပတိ ဗီလ်ကော့ကို တစ်စုံတစ်ယောက်က ဘေး နေတာ ဖြစ်မယ်"

"မင်း ဒီလိုထင်သလား"

ဖေဖေက ပြန်မေးပါသည်။ သူ့မျက်နှာမှာ စိုးရိမ်ကြောက်လန့်ခြင်းထက် စိတ်ဝင်စားမှုက ပိုမိုလွန်ကဲကြောင်း ဖော်ပြနေပါသည်။

"ကျွန်တော့်စိတ်ထဲမှာ ရေးတေးတေး ဖြစ်ပေါ်နေတဲ့ အယူအဆတစ်ခုကို ကျွန်တော် ပြောချင်တယ်။ ကမ္ဘာ့သမိုင်းမှာ အခုလောက် ကြောက်မက်ဖွယ်ရာ လူ့အဖွဲ့အစည်းမျိုး မပေါ်ခဲ့သေးပါဘူး။ ကျွန်တော်တို့ရဲ့ စက်မှုလုပ်ငန်းစနစ်အတွင်းက လျင်မြန်တဲ့ ပြောင်းလဲမှုက ကျွန်တော်တို့ရဲ့ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေး အဆောက်အအုံများအတွင်း အလားတူ လျင်မြန်တဲ့ ပြောင်းလဲမှုတွေကို ပေါ်ပေါက်နေစေပါတယ်။ လူ့အဖွဲ့အစည်း အဆောက်အအုံအတွင်းမှာ မမြင်ရတဲ့ ကြောက်မက်ဖွယ်ရာ တော်လှန်ရေးတစ်ရပ် ဖြစ်ပေါ်နေပါတယ်။ ဒါတွေကို အနိုင်အမြွက်လောက်ပဲ သိကြပါလိမ့်မယ်။ အင်မတန် ကြီးမားကျယ်ပြန့်ပြီး ကြောက်စရာကောင်းတာတွေကို တချို့က ရိပ်စားမိနေကြပါပြီ၊ ကျွန်တော်ကတော့ နောက်ဆုံး ဘယ်လိုဖြစ်လာမယ်ဆိုတာကို သုံးသပ်နေတယ်၊ တစ်နေ့ညက ဆင် ပြောတာတွေ ဦး ကြားပြီးပြီပဲ၊ သူ့စကား နောက်ကွယ်မှာ ကျွန်တော် ထားမိတဲ့ အမည်မဲ့၊ ပုံသဏ္ဌာန်မဲ့ အရာတွေ ပါရှိနေပါတယ်၊ ဒါတွေကို ကြိုတင်မြင်တဲ့စိတ်နဲ့ သူ ပြောတာပါ"

"မင်း ဆိုလိုတာက. . ." ဖေဖေက စကားစပြီးမှ ရပ်ထားပါသည်၊

"ကျွန်တော် ဆိုလိုတာက လောကကြီး တစ်ခုလုံးမှာ အခု ကျရောက်နေတဲ့ ကြီးမားပြီး ကြောက်မက်ဖွယ်ရာ အရိပ်ကို ဆိုလိုတာပါ။ ကြေးရတတ် သည်းစုကို အုပ်ချုပ်တဲ့ အစိုးရရဲ့ အရိပ်လို့ ခေါ်ချင်လည်း ခေါ်နိုင်ပါတယ်၊ တော် အနီးကပ်ဆုံး ခန့်မှန်းနိုင်တာကတော့ ဒါပါပဲ၊ သူ့ရဲ့သဘာဝ ဘယ်လို ဆိုတာတော့ ကျွန်တော် မတွေးမိသေးဘူး၊ ဒါပေမယ့် ကျွန်တော် ပြောချင် တော့ ဦး အတွက် ပျက်ကိန်းကြုံရမယ့် အနေအထားမှာ ရောက်နေပြီ လောက်ကြီးကျယ်မယ့် ပျက်ကိန်းလဲဆိုတာ ကျွန်တော် ပြောတောင် မပြော ဘာကြောင့်လဲဆိုတော့ တိုင်းတာလို့ကို မရနိုင်လို့ပါ၊ ကျွန်တော် အကြ



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့အတိုင်း ခွင့်ပေးတာကို လက်ခံလိုက်ပါ"

"သူရဲဘောနည်းရာ ရောက်မှာပေါ့"

"လုံးဝ မရောက်ပါဘူး။ ဦးဟာ အသက်ကြီးပါပြီ။ ကမ္ဘာလောက အတွက် အင်မတန်ကြီးကျယ်တဲ့ အလုပ်ကို ဦး လုပ်ပေးခဲ့ပါပြီ။ လက်ရှိ တိုက်ပွဲကို လူငယ်တွေ၊ သန်သန်စွမ်းစွမ်းတွေအတွက် ထားလိုက်ပါ။ ကျွန်တော်တို့ လူငယ်တွေမှာ လုပ်စရာအလုပ်တွေ ရှိနေတာပါ။ အေဗစ်ဟာ ဘာကိုမဆို ကျွန်တော်နဲ့အတူ လက်တွဲပြီး ရင်ဆိုင်မှာပါ။ ရှေ့တန်း စစ်မျက်နှာမှာ အေဗစ်ဟာ ဦးရဲ့ ကိုယ်စား ဖြစ်ပါလိမ့်မယ်"

"ဒါပေမယ့် သူတို့ ကျုပ်ကို ဘာမှ ထိခိုက်အောင် မလုပ်နိုင်ပါဘူး။ ကျုပ်ဟာ လွတ်လပ်ပါတယ်။ သူတို့ရဲ့ ယန္တရားစီတီအပေါ်မှာ စီးပွားရေးအရ မှီခိုနေရတဲ့ ပါမောက္ခတစ်ယောက်ကို ဘယ်လို ကြောက်ခမန်းလိလိ ညှဉ်းဆဲနိုင်တယ်ဆိုတာ ကျုပ် သိပါတယ်။ သို့သော် လခအတွက် သက်သက် ပါမောက္ခ မဟုတ်ဘူး။ ကျုပ်ဝင်ငွေနဲ့ ကျုပ် ချမ်းချမ်းမြေ့မြေ့ နေနိုင်ပါတယ်။ သူတို့ ကျုပ်ဆီက ပြန်ယူနိုင်တာကတော့ လခပဲ"

"ဦး သဘောမပေါက်သေးဘူး။ ကျွန်တော်တို့ စိုးရိမ်နေသလို အားလုံးဖြစ်လာရင် ဦးရဲ့ ဝိဇ္ဇာလိက ဝင်ငွေနဲ့ ဦးရဲ့ မူတရားကို သူတို့က ဦး လခကို အလွယ်တကူ ပြန်ယူသလို ယူသွားကြလိမ့်မယ်"

ဖေဖေမှာ မိနစ်အတန်ကြာမျှ တိတ်ဆိတ်နေပါသည်။ လေးနက်စွာ စဉ်းစားနေဟန်လည်း တူပါသည်။ သူ့မျက်နှာတွင် ဆုံးဖြတ်ချက်ချသော အတွန့်အရေးကြောင်းများ ပေါ်ထွက်နေကြောင်း ကျွန်မ တွေ့မြင်နေနိုင်ပါသည်။ နောက်ဆုံးတွင် ဖေဖေ စကားပြောပါတော့သည်။

"အားလပ်ရက် ကျုပ် မယူဘူး။ စာအုပ် ပြီးအောင် ဆက်ရေးမယ်။ မင်း မှားကောင်း မှားပါလိမ့်မယ်။ သို့သော် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ကျုပ်ကတော့ ကျုပ်စာအုပ်နားမှာ နေရမှာပဲ"

"ကောင်းပြီလေ။ ဂိုဏ်းချုပ်ကြီး မိုးဟောက်နဲ့ ဦးဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားပဲ။ သူ့လိုပဲ အလားတူ ထိုးနှက် ဖျက်ဆီးခံရဖို့ ဦးတည်နေတာပဲ။ အဲဒီလို မလုပ်နိုင်မီ ဦးတို့နှစ်ယောက်စလုံး ပစ္စည်းမဲ့ လူတန်းစား ဖြစ်ရမယ်"

ဂိုဏ်းချုပ်ကြီးအကြောင်းဆီသို့ စကား ရောက်သွားသည်။ သူနှင့်





ထိုသို့တွေ့ဆုံသော်အခါ ဘာလုပ်နေသနည်းဟု အားနက်ကို ကျွန်မတို့က မေးကြသည်။

"ကျွန်တော် ပြလိုက်တဲ့ ငရဲခရီးအတိုင်း လိုက်ကြည့်ပြီး စိတ် ဒေါသ ထွက်သော ဖြစ်နေတယ်။ သူ့ကို ကျွန်တော် စက်ရုံအလုပ်သမားတချို့ရဲ့ အိမ်တွေကို လျှောက်ခေါ်သွားတယ်။ စက်မှုယန္တရားကြောင့် လူသားတွေ ခံစားနေရတဲ့ အလုပ်အစီးတွေကို ကျွန်တော်က လိုက်ပြတယ်။ သူတို့ဘဝ ဇာတ်ကြောင်းတွေကို သူ နားထောင်တယ်။ ဆန်ဖရန်စစ္စကို ဆင်းရဲသား ရပ်ကွက်တွေကို ကျွန်တော် ခေါ်သွားတယ်။ အရက်မူးလဲနေတာတွေ၊ ပြည့်တန်ဆာတွေ၊ ရာဇဝတ်မှုတွေ အကြောင်း သူ ကိုယ်တွေ့ မျက်မြင် တွေ့သွားရတယ်။ သူ အင်မတန် စိတ်ချုပ်မြဲမသော ဖြစ်လာပြီး ထိန်းမနိုင် သိမ်းမရအောင် ဖြစ်လာတယ်။ သူဟာ ကျင့်ဝတ်သိက္ခာသမား၊ တွေ့ထိရတာတွေကလည်း အင်မတန်ပြင်းထန်၊ နောက်ပြီး ထုံးစံအတိုင်း လက်တွေ့သမားလည်းမဟုတ်လေတော့ လေထဲ ပြန်ရောက်သွားပြီး ကျင့်ဝတ်သိက္ခာ ဝဲဂယက်မှာ ပြန်ကူးတာပါပဲ။ လူယဉ်ကျေးတွေကြားမှာ သာသနာပြုဖို့ စိမ့်တော့တာပါပဲ။ ဒီလိုနဲ့ အနေးနဲ့အမြန် ဆိုသလိုပဲ သူဟာ ပြုလဲတော့မှာပါ။ ဘယ်လိုပုံစံနဲ့လဲဆိုတာတော့ ကျွန်တော် မခန့်မှန်းတတ်ဘူး။ သူဟာ ဘာကယ့် ကျင့်ဝတ်သိက္ခာသမားပေမယ့် လက်တွေ့ မပါဘူး။ သူ့ခြေထောက်ကို မြေကြီးပေါ်မှာ ရှိနေအောင် ကျွန်တော် တွဲထားလို့ မရတော့ဘူး။ ကောင်းကင်ဘက်မယ်၊ ဆုမွန်တောင်းမယ်၊ ဒါပဲပေါ့"

"ရှင်ကရော"

ကျွန်မက မေးလိုက်ပါသည်။ ကျွန်မ အပြုံး၏နောက်တွင် အချစ်၏ လေးနက်သော စိုးရိမ်သောက ရှိနေပါသည်။

"ကိုယ်လား။ ကိုယ့်ကို အပြစ်ပေး သတ်ဖြတ်ကောင်း သတ်ဖြတ်မယ်။ လုပ်ကြံသတ်ဖြတ်ကောင်း သတ်ဖြတ်မယ်။ ဒါပေမယ့် ကိုယ်ကတော့ ဆုမတောင်းဘူး။ ကိုယ်ဟာ မြေကြီးပေါ်မှာ အင်မတန်အခိုင်အမာ ရပ်တည်နေပြီးသားတိုး"

"ဒါဖြင့် ဂိုဏ်းချုပ်ကြီးကို ဘာကြောင့် ဆုတောင်းတဲ့ဘဝ ရောက်အောင် ရှင် လုပ်လိုက်သလဲ။ ဒီလိုဖြစ်အောင် ရှင်လုပ်တယ်ဆိုတာ ငြင်းလို့မရဘူး"

"သန်းပေါင်းများစွာ ဒုက္ခဝဲဂယက်ကြား ရောက်နေရချိန်မှာ သင်္ချိုင်းအသင်း သောင့်သက်သာ သတ္တဝါတစ်ဦးကို သက်သောင့်သက်သာအဖြစ်မှာ ထိုသို့ ဘာကြောင့် ထားခဲ့ရမှာလဲ" ဟု သူက ကျွန်မကို ပြန်မေးလိုက်ပါသည်။

"ဒါဖြင့် ဖေဖေ့ကို ဘာဖြစ်လို့ အားလပ်ရက်ကို လက်ခံနိုင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲဆိုတော့ ကိုယ်ဟာ အင်မတန် သန့်စင်ပြီး မြောက်စား ထားရတဲ့ သတ္တဝါတစ်ယောက် မဟုတ်လို့ပေါ့။ ဘာကြောင့်လဲဆိုတော့ ကိုယ် ဟာ အစိုင်အခဲလူ၊ ကိုယ်ကျိုးကြည့်တဲ့လူ ဖြစ်လို့ပဲ။ ဘာကြောင့်လဲဆိုတော့ မင်း ကိုယ် ချစ်လို့ပဲ။ ဂိုဏ်းချုပ်ကြီးမှာက သမီး ရှိတာ မဟုတ်ဘူး"

အားနက် စကားကို ကျွန်မ သဘာမတူပါ။ ဂိုဏ်းချုပ်ကြီး မိုးဟော ၏ မွန်မြတ်သော သဘောသဘာဝကို ကျွန်မ ကောင်းစွာ သိပါသည်။ သို့ ကြောင့်လည်း အားနက် ပြောစကားအပေါ် ကျွန်မ မရှင်းသေးခြင်း ဖြစ်ပါသည်။ သူကတော့မှ ဂိုဏ်းချုပ်ကြီးအကြောင်းနှင့် ပတ်သက်၍ သေသေချာချာ သိမြင် ထားပုံပင် ဖြစ်ပါသည်။

ထိုနေ့နောက်ပိုင်း မကြာမီ အားနက်က ကျွန်မအား အလွန်ကောင်း သော ဇာတ်လမ်းတစ်ပုဒ်သဖွယ် ပြောပြပါသည်။ သူ့ကို အစိုးရက ရာထူးတစ် ခန့်ထားဖို့ ကမ်းလှမ်းသည်။ တိတိကျကျဆိုရလျှင် ဤရာထူးမှာ အမေရိကန် ပြည်ထောင်စု အလုပ်သမားမင်းကြီးရာထူး ဖြစ်ပါသည်။

ကျွန်မမှာ အလွန်အကျူး ပျော်မြူးမိပါတော့သည်။ လစာအတ အသင့် ကောင်းသဖြင့် ကျွန်မတို့ လက်ထပ်ရေးအတွက် အထောက်အ များစွာဖြစ်လိမ့်မည်။ ထို့ပြင် အလုပ်မှာ အားနက်နှင့်လည်း ထိုက်တန်သော အလုပ်ဖြစ်သည်။ သူ့အစွမ်းအစကို အသိအမှတ်ပြုသောအားဖြင့် ယင်း ခန့်အပ်ရခြင်းဖြစ်သည်ဟု ထင်မြင်ကာ ပျော်ရွှင်မိခြင်း ဖြစ်ပါသည်။

သူ့မျက်လုံးများ အရောင်တလက်လက် ထွက်နေသည်။ ကျွန်မ ကြည့်ကာ ရယ်နေပါသည်။

"ရှင် မငြင်းနဲ့တော့လေ"

"ဒါဟာ လာဘ်ထိုးတာ။ အဲဒါရဲ့နောက်မှာ ဝစ်ဆင် ခြေရာ လက် ပါတယ်။ ဝစ်ဆင်နောက်မှာ သူ့ထက် ကြီးတဲ့လူတွေ ပါတယ်။ ပရိယာ ဟောင်းကြီးပါ။ လူတန်းစားတိုက်ပွဲ ဟောင်းသလောက် ဟောင်းနွမ်းနေ ပရိယာယ်ပါ။ အလုပ်သမားတပ်မတော်ကြီးထဲက ဦးစီးဦးကိုင်တွေကို ခိုးထု ယူတဲ့ ပရိယာယ်ပါ။ အလုပ်သမားတွေဟာ တကယ့်သနားစရာပါကွယ်။ သူ ထဲက အဲဒီလိုခေါင်းဆောင် ဘယ်လောက်များများ ဒီလို နည်းအတိုင်း ခေါ်ထု သွားတာ ခံခဲ့ရသလဲဆိုတာ မင်းသိမှာပေါ့။ ဒါဟာ အင်မတန် အပေါစား ဒီလိုနည်းနဲ့ ခေါ်ထုတ်သွားခံရတဲ့လူတွေ နာမည်ကို ကိုယ်မပြောပါရစေ





ချစ်ရယ်၊ ကိုယ်ဟာ အလုပ်သမားတွေရဲ့ ဦးစီးဦးကိုင်ပါ။ ကိုယ့်ကိုယ်ကိုယ် င်းမစားနိုင်ဘူး။ တခြားအကြောင်းကြောင့် မဟုတ်တောင် တစ်သက်လုံး ဆင်းရဲရဲ နေခဲ့ရပြီး သေသည်အထိ အလုပ်လုပ်သွားရတဲ့ ကိုယ့်အဖေ ကြောင်း ပြန်စဉ်းစားမိရင်တောင် ဒါမျိုးလုပ်ဖို့ ကိုယ့်ကို ဟန့်တားတဲ့အကြောင်း မှာပဲ"

ကျွန်မ၏ ကြီးမြတ်သော၊ စွမ်းပကား ကြီးမားသော သူရဲကောင်းကြီး ၏ ရင်ဘတ်စီအစုံတွင် မျက်ရည်များ ရစ်ဖုံးနေပါသည်။ မိမိရင်သွေးများ ပါးစပ် ထဲသို့ ထမင်းထည့်ရန်အတွက် အသေးအဖွဲကလေးကအစ ခိုးရဝှက်ရသည် အထိ ဖြစ်ခဲ့ရသော သူ့အဖေ၏ဘဝကို သူ မမေ့ပါ။

တစ်ကြိမ်သောအခါက အားနက်က ကျွန်မကို ပြောဖူးပါသည်။

"ကိုယ့်အဖေဟာ လူကောင်းတစ်ယောက်ပါ။ ဝိညာဉ်လှသူတစ်ယောက် ပါ ဒါပေမယ့် သူ့ဘဝရဲ့ ရက်စက်ကြမ်းကြုတ်မှုက သူ့ကို လည်လိမ်ချိုးခဲ့၊ ဆွေးစေခဲ့၊ လူစဉ်မမီ ဖြစ်စေခဲ့တယ်။ သူ့အရှင်သခင်တွေက သူ့ကို လူစင်စစ် တိရစ္ဆာန်ဘဝ ပို့ပေးခဲ့တယ်။ မင်းဖေဖေလိုပဲ။ သူလည်း ကနေ့အထိ အသက်ရှင်နေရမှာပေါ့။ ဒါပေမယ့် အမြတ်အစွန်းအတွက် စက်ထဲ ထည့်ပြီး သေချင်း အလုပ်လုပ်ခိုင်းတာ ခံခဲ့ရတယ်။ ဒါတွေကို တွေးကြည့်စမ်းပါ။ အမြတ်အစွန်းအတွက် သူ့အသက်သွေးတွေဟာ မနချမ်းသာတွေ၊ ရတနာတွေ၊ ရက်နဲ့ ညစာတွေအဖြစ် ပြောင်းခဲ့ရတယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၇ ]

## ဂိုဏ်းချုပ်ကြီး၏အမြင်

အားနက်က ကျွန်မထံ စာရေးလိုက်ပါသည်။

ဂိုဏ်းချုပ်ကြီးကိုတော့ ထိန်းမရတော့ဘူး။ လုံးလုံးလျားလျားကို လေထဲ ပြန်ရောက်သွားပြီ။ ကိုယ်တို့ရဲ့ ဒုက္ခပေါင်းစုံ ကမ္ဘာကြီးကို အမှန်တရားလမ်းပေါ် ရောက်အောင် သူက ဒီည ပြန်ထားမယ်။ သူ့ရဲ့မှာတမ်း ထုတ်တော့မယ်ဆိုပြီး ကိုယ့်ကို ပြောတယ်။ ကိုယ်က အတတ်နိုင်ဆုံး ဖျက်ပါတယ်။ ကနေ့ည အိုင်၊ ပီ၊ အိတ်ချ် အစည်းအဝေးမှာ သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဲဒီ သဘာပတိမိန့်ခွန်းမှာ သူ့မှာတမ်း ထည့်ပြောမယ်တဲ့။

သူလုပ်နေတာတွေ အလဟဿ ဖြစ်ရမှာ သေချာပါတယ်။ ဒါအတွက် သူ အသည်းကွဲရသလို မင်းလည်းပဲ အသည်းကွဲမှာပါပဲ။ သို့သော် ဒါတွေဟာမင်းအတွက် မမွေမိဌာန် သင်ခန်းစာပါ။

မင်း ကိုယ့်ကို ချစ်တဲ့အတွက် ကိုယ် ဘယ်လောက် ဂုဏ်ယူ





အားထားသလဲဆိုတာ မင်းသိပါတယ်။ ဒါကြောင့် ကိုယ့်အကြောင်း အပြည့်အဝ မင်း သိစေချင်ပါတယ်။ ကိုယ့်မှာ ရှိနေသေးတဲ့ အသေးအဖွဲ့ ချွတ်ယွင်းချက်ကလေးတွေကို ခွင့်လွှတ်စေချင်ပါတယ်။ ဒါကြောင့်လဲ ကိုယ့်အတွေးအခေါ်ဟာ မှန်ကန်တယ်ဆိုတာကို မင်းသိစေချင်တဲ့ ဆန္ဒ ကိုယ့်မှာရှိပါတယ်။ ကိုယ့်အမြင်တွေဟာ ရက်စက် ပြင်းထန်ပါတယ်။ ဒီလို ရက်စက်ပြင်းထန်မှု ဘာကြောင့် ဖြစ်ရတယ်ဆိုတာ ဂိုဏ်းချုပ်ကြီးလို မွန်မြတ်နူးညံ့တဲ့ ဝိညာဉ်မျိုးက မင်းကို ပြသပါလိမ့်မယ်။ ဒါကြောင့် ကနေ့ည လာခဲ့ပါ။ ဒီညဖြစ်မယ့် အဖြစ်အပျက်တွေဟာ ကြေကွဲဝမ်းနည်းစရာတွေ ဖြစ်မှာပါ။ သို့သော် ဒါတွေဟာ မင်း ကိုယ်နဲ့ ပိုနီးကပ်လာစေမယ်လို့ ကိုယ် ခံစားမိတယ်။

အိုင်၊ ပီ၊ အိတ်ချ် အစည်းအဝေးကို ဆန်ဖရန်စစ္စကိုတွင် ထိုနေ့ညက ...င်းပပါသည်။ လူတွေ အကျင့်တရား ပျက်ပြားရခြင်းနှင့် ယင်းအကျင့်တရား ...ပြားမှုအား ကုစားရေးအတွက် နည်းလမ်းများ စဉ်းစားရန် ကျင်းပသော ...ည်းအဝေးဖြစ်သည်။ ဂိုဏ်းချုပ်ကြီး မိုးဟောက်က သဘာပတိအဖြစ် ...ောင်ရွက်ပါသည်။ စင်မြင့်ပေါ်တွင် ထိုင်နေသော ဂိုဏ်းချုပ်ကြီး အဘယ်မျှ ...ငြိမ်ဖြစ်နေသည်၊ စိတ်လှုပ်ရှားနေသည်ကို ကျွန်မတွေ့မြင်နိုင်ပါသည်။

သူ့နံဘေးတွင် ဂိုဏ်းချုပ်ကြီး ဒစ်ကင်ဆန်၊ ကာလီဖိုးနီးယားတက္ကသိုလ် ...ကျင့်ဝတ်သိက္ခာဌာနကြီးမှူး အိပ်ချ်ဂျူး၊ အလှူဒါနပွဲများ ကြီးမှူးကျင်းပလေ့ ... မစ္စက်ဟတ်၊ သုနေသနိပဿာရှင်ကြီး ဖီးလစ်ဝပ် စသူတို့ ရှိကြသည်။ ...ကျင့်ဝတ်သိက္ခာနှင့် အလှူဒါနရေးရာများတွင် အထိုက်အလျောက် နာမည် ...ရှားနေကြသူများလည်း ပါပါသည်။

ဂိုဏ်းချုပ်ကြီးမိုးဟောက်က မတ်တပ်ရပ်လိုက်ပြီးနောက် ဗုံမဆင့် ဆိုင်း...ဆင့် စကားစပါလေတော့သည်။

"ကျုပ်က. . . ကျုပ်ရထားလုံးနဲ့ လမ်းမတွေတစ်လျှောက် လျှောက်...င်းတတ်တယ်။ အချိန်ကတော့ ညအချိန်ပေါ့။ အခါအားလျော်စွာ ...ပြတင်းပေါက်က လှမ်းကြည့်မိတော့ ကျုပ်မျက်လုံးတွေ ပွင့်လာကြတယ် ...တယ်။ တကယ်ဖြစ်နေတဲ့အရာတွေကို ပကတိအတိုင်းကျုပ်တွေ့ရတာတို့ ...တော့ ဒီလိုကြောက်မက်ဖွယ်ရာ မြင်ကွင်းတွေကို မမြင်ချင်လို့ ... ...တွေကို ပိတ်ထားမိသေးတယ်။ အဲဒီနောက် အမှောင်ထဲမှာ ...



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတယ်။ ဘာလုပ်ကြမလဲဆိုတဲ့ မေးခွန်းပဲ။ ဘာလုပ်ကြမလဲ. . .။ နောက် ခဏကြာတော့ တခြားနည်းလမ်းနဲ့ မေးခွန်း ကျုပ်ဆီ ရောက်လာပြန်တယ်။ ခင်ဗျား ဘာလုပ်မလဲ တဲ့။

"ရထားကိုရှပ်၊ အောက်ကိုဆင်းပြီး မိနစ်အတန်ကြာ စကားစမြည် ပြောဆိုပြီးနောက် လမ်းပေါ်က မိန်းမနှစ်ယောက်ကို ကျုပ်ရထားပေါ် တင်ခေါ် လာခဲ့တယ်။ အကယ်၍သာ ဒီကံအကြောင်းမလှတဲ့ မိန်းမသားနှစ်ဦးဟာ ကျုပ်ရဲ့ နှမများဖြစ်ခဲ့ရင် သူတို့အတွက် အပြစ်ကင်းစင်သွားစေမယ့် တစ်ခုတည်းသော မျှော်လင့်ချက်ကတော့ ကျုပ်ရဲ့ ခင်မင်တွယ်တာမှုနဲ့ ချစ်ခင်ယုယမှု ဖြစ်မှာပါပဲ

"ကျုပ်ဟာ ဆန်ဖရန်စစ္စကိုရဲ့အလှဆုံးရပ်ကွက်မှာ နေပါတယ်။ ကျုပ် နေတဲ့အိမ်ဟာ ဒေါ်လာတစ်သိန်းတန်တယ်။ အိမ်ထောင်ပရိဘောဂတွေ၊ စာအုပ် တွေနဲ့ အနုပညာလက်ရာတွေက ဒါထက် ပိုတန်ပါသေးတယ်။ တကယ်ဆိုတော့ အစေခံတွေ၊ ခြွေရံသင်းပင်းတွေနဲ့ နန်းတော်လို့ ဆိုနိုင်တယ်။ နန်းတော်တွေဟာ ဘာအတွက်ကောင်းသလဲဆိုတာ ကျုပ်မသိခဲ့ပါဘူး။ နေဖို့ကောင်းတယ်လောက် ပဲ ကျုပ် တွေးခဲ့မိတယ်။ သို့သော် အခုတော့ ကျုပ်သိပြီ။ လမ်းပေါ်က မိန်းမ နှစ်ယောက်ကို ကျုပ်က ကျုပ်နန်းတော်ထဲခေါ်လာတယ်။ သူတို့ ကျုပ်နဲ့ နေကြ မယ်။ ကျုပ်နန်းတော်က အခန်းတိုင်းမှာ ဒီလိုနှမမျိုးတွေ ပြည့်နေဖို့ ကျုပ် မျှော်လင့်တယ်"

ပရိသတ်မှာ ထိန်းမနိုင်သိမ်းမရ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ စင်မြင့် ပေါ်တွင် ထိုင်နေကြသူတို့၏မျက်နှာများတွင် မကျေနပ်ခြင်း၊ အံ့ဩခြင်း အရိပ် အယောင်တွေ လွှမ်းနေသည်။ ထိုအခိုက် ဂိုဏ်းချုပ်ကြီး ဒစ်ကင်ဆန်က အောင့် အည်းမထားနိုင်တော့သည့်အလား ထိုင်ရာမှထက စင်မြင့်ပေါ်မှ ဆင်းသွားပြီး နောက် ခန်းမတွင်းမှ ထွက်ခွာသွားလေတော့သည်။ သို့ရာတွင် ဂိုဏ်းချုပ်ကြီး မိုးဟောက်မှာမူ အားလုံးကို မြင်ဟန်မရှိဘဲ ဆက်ပြောပြန်သည်။

"အို. . . ညီအစ်မများ၊ ညီအစ်ကိုများတို့. . .၊ ကျုပ် တွေ့နေရတဲ့ အခက်အခဲတွေရဲ့အဖြေကို အခု ကျုပ်လုပ်ရတဲ့ အပြုအမူမှာ လာတွေ့နေရပါပြီ ရထားလုံးတွေကို ဘာအတွက်လုပ်ထားတယ်ဆိုတာ ကျုပ်မသိဘူး။ သို့ပေမယ့် အခု ကျုပ်သိသွားပါပြီ။ အားနည်းသူတွေ၊ နာဖျားမကျန်းဖြစ်နေသူတွေ၊ သက်ကြီး ရွယ်အိုတွေကို အခုလို သယ်ဆောင်ဖို့ လုပ်ထားတာပါ။ အရှက်တရားဆိုတဲ့ အသိဉာဏ်ကလေးတောင် ကင်းဝေးပပျောက်နေသူတွေရဲ့ ဂုဏ်သိက္ခာကို ပြသ





လုပ်ထားတာပါ။

"နန်းတော်တွေကို ဘာအတွက် တည်ဆောက်ထားတယ်ဆိုတာ ကျုပ် မသိခဲ့ဘူး။ သို့သော် အခု ဒါတွေ ဘယ်လိုအသုံးချရမယ်ဆိုတာ ကျုပ်သိပါပြီ။ ကျုပ်တို့ရဲ့နန်းတော်တွေဟာ လမ်းမတကာမှာ လဲကျနေသူတွေ၊ ပျောက်ကွယ် သွားနေရသူတွေအတွက် ဆေးရုံများ၊ ကလေးထိန်းကျောင်းများ ဖြစ်လာရစေ မယ်"

အတန်ကြာမျှ စကားရပ်ထားသည်။ သူ့တွင်ရှိနေသော အတွေးကို တော့်လွှားနေရသည်။

"ကျင့်ဝတ်သိက္ခာနဲ့ ပတ်သက်ပြီး ပြောပြဖို့ ကျုပ်ဟာ မသင့်တော်ပါဘူး။ တခြားလူတွေကို ကူညီနိုင်ဖို့အတွက် အလွန်ရှက်စရာကောင်းလောက်အောင် ကြာရှည်လေးမြင့်စွာ ကျုပ် အသက်ရှင်နေထိုင်ခဲ့ပါတယ်။ သို့သော်. . . ကျုပ်ရဲ့ နှမများဖြစ်ကြတဲ့ ဒီမိန်းမတွေနဲ့ပတ်သက်တဲ့ ကျုပ်ရဲ့ လုပ်ဆောင်ချက်က ပိုမို ကောင်းမွန်တဲ့လမ်းစကို ရှာဖွေလို့ လွယ်ကူတယ်ဆိုတာ ကျုပ်ကို ပြသခဲ့ပါတယ်။ ကျုပ်တို့အယူဝါဒကို ယုံကြည်သက်ဝင်သူများအတွက် လူလူချင်း ချစ်ခြတ်နိုးသော ဆက်ဆံရေးမှအပ အခြားဆက်ဆံရေးဆိုတာ မရှိနိုင်ပါဘူး။ မေတ္တာတရားဟာ ကောင်းမှုထက်၊ မရဏတရားထက် ပိုပြီး ခိုင်ခံ့ပါတယ်။ ဒါကြောင့် အခု ကြွ ရောက်လာကြသော ချမ်းသာကြွယ်ဝမှုရှိသူများက ကျုပ် လုပ်ခဲ့သလို၊ လုပ်နေ သလို၊ လိုက်လုပ်ကြဖို့တာဝန်ရှိကြောင်း ပြောလိုပါတယ်။ ချမ်းသာကြွယ်ဝသူ တိုင်းက သူ့နိုးကို မိမိအိမ်ခေါ်သွားပြီး မိမိညီရင်းအစ်ကိုသဖွယ် ပြုစုစောင့်ရှောက် ကြ၊ ကံသိုလ်ကံအကြောင်းမလှသူတွေကို နှမရင်းချာသဖွယ် ပြုစုစောင့်ရှောက် ကြပါ။ ဆန်ဖရန်စစ္စကိုမှာ ရဲအဖွဲ့ မလိုအပ်တော့ပါဘူး၊ တရားသူကြီးတွေ မလိုအပ်တော့ပါဘူး။ အကျဉ်းထောင်တွေကို ဆေးရုံတွေအဖြစ် ပြောင်းလဲကြ ရမယ်။ ရာဇဝတ်ကောင် ဆိုတာလဲ သူ့ရာဇဝတ်မှုနှင့်အတူ ပပျောက်သွားပါ လိမ့်မယ်။

"ကျုပ်တို့ဟာ ငွေကြေးချည်းသာမဟုတ်ဘဲ ကျုပ်တို့ကိုယ်ကိုပါ ပေးအပ် ကြရမယ်၊ ခရစ်တော်လုပ်ဆောင်ခဲ့တဲ့အတိုင်း လုပ်ဆောင်ကြရမယ်၊ ဒါဟာ အနေ့ ကျုပ်ပါးလိုတဲ့ မှာတမ်းပါပဲ။ တရားတော်ရဲ့အဆုံးအမတွေနဲ့ ကျုပ်တို့ ကင်းဝေးနေတယ်။ ကိုယ့်ကိုယ်ကိုယ်သာ စိတ်ဝင်စားနေကြတယ်"

ပရိသတ်မှာ စိတ်တက်ကြွလာကြသော်လည်း တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ သို့သော် ဂိုဏ်းချုပ်ကြီးမိုးဟောက်ကမူ သတိပြုမိဟန်မတူဘဲ ဆက် ပြန်သည်။

"အဲဒါကြောင့် ခင်ဗျားတို့ထဲက ချမ်းသာသူတွေနဲ့ ကျန်တဲ့ချမ်းသာ အားလုံးဟာ တရားတော်ရဲ့ အဆုံးအမကို ခါးခါးသီးသီး ငြင်းပယ်ထားကြ နှလုံးသားတွေဟာ မာကျောနေကြတယ်။ နာကျင်ခြင်း၊ ကြေကွဲဝမ်းနည်း ကြောင့် မြည်တမ်းနေရတဲ့ အသံတွေကို မကြားအောင် နားပိတ်ထားကြ ဒီအသံတွေကို တစ်နေ့တော့ ကြားကြရမှာပေါ့။ ဒါကြောင့် ကျုပ် ပြောလိုတာက

ဤနေရာတွင် ကုလားထိုင်မှ ထနှင့်ပြီးသား ဖြစ်နေသော အဲ်ချိ ဖီးလစ်ဝပ်တို့က ဂိုဏ်းချုပ်ကြီးကို စင်မြင့်ပေါ်မှ ဆွဲခေါ်သွားကြသည်။ ပရိ မှာ အသက်ပင်မရှူတော့ဘဲ အံ့သြစွာ ထိုင်နေကြပါသည်။

လမ်းပေါ်သို့ တိုးထွက် ရောက်ရှိလာသောအခါ အားနက် ဟက်ဟက်ပက်ပက်ရယ်မောပါသည်။ ကျွန်မမှာ သူ့ရယ်မောသံကြောင့် ထိ လျက်ရှိပြီး ထိန်းချုပ်ထားရသော မျက်ရည်များ စီးသွန်ကျလေတော့ ထင်ရပါသည်။

"အဲဒါ သူ့မှတ်တမ်းပဲလေ။ သူတို့ဂိုဏ်းချုပ်ကြီး လူပီသတဲ့သ နက်နက်ရှိုင်းရှိုင်း ဖုံးကွယ်နေတဲ့ ကြင်နာတဲ့ သဘာဝဟာ အခုတော့ ပေါ် သွားပြီ။ သူ့ကို ရိုသေချစ်ခင်ကြတဲ့ ပရိသတ်က သူ့ကို မိုက်မဲတယ်လို့ ထ တယ်။ စင်မြင့်ပေါ်က ဆွဲချသွားကြတာ မင်း မြင်လိုက်တယ်မဟုတ်လား မြင်ကွင်းကြောင့် ခန်းမထဲမှာ ရယ်များရယ်နေကြမလားမသိဘူး"

"ဒါပေမယ့်လေ ဂိုဏ်းချုပ်ကြီး ကနေ့ည လုပ်တာပြောတာတွေကို သူတို့ လေးစားကြရမှာပေါ့" ဟု ကျွန်မက ပြောလိုက်သည်။

"ဒီလိုထင်သလား" ဟု အားနက်က သရော်ပြုံးဖြင့် မေးပါသည်။

"အထူးအဆန်းတော့ ဖြစ်မှာပေါ့။ သူ မိန့်ခွန်းပြောနေတုန်း သ ထောက်တွေ ပျာယာခတ်နေတာ ရှင် မမြင်ဘူးလား"

"မနက်ဖြန်သတင်းစာမှာ တစ်ကြောင်းမှ ပါမှာမဟုတ်ဘူး"

"ကျွန်မတော့ မယုံဘူး" ကျွန်မက အော်လိုက်သည်။

"စောင့်ကြည့်ဦးလေ"

"ဒါပေမယ့် သတင်းထောက်တွေကို ကျွန်မ မြင်လိုက်တယ်" ကျွန်မက ထပ်ပြောသည်။





"သူပြောတဲ့ စကားလုံး တစ်လုံးမှ ပုံနှိပ်ပြီးသားမြင်ရမှာ မဟုတ်ဘူး။ ဒီတာတွေကို မင်းမေ့သွားပြီ။ သူတို့ထားရှိတဲ့ ပေါ်လစီအတွက် သူတို့ လခ နေတာ။ ဂိုဏ်းချုပ်ကြီးရဲ့ စကားတွေဟာ လက်ရှိစနစ်ရဲ့ ကျင့်ဝတ်သိက္ခာ ပြင်းပြင်းထန်ထန် ထိုးနှက်လိုက်တာပါ။ သူ့ပြောတာတွေဟာ အများက ည်လက်ခံထားတာနဲ့ ခြားနားတယ်။ ဒါကြောင့် နောက်ထပ် ဒါမျိုးတွေ ပြောနိုင်အောင် သူ့ကို စင်မြင့်ပေါ်က ဆွဲချသွားကြတာလေ။ အမေရိကန် ထောင်စုရဲ့ သတင်းစာတွေဟာ အရင်းရှင် လူတန်းစားက ကျွေးမွေး တ်ပုံထားတဲ့ လူကပ်ပါးတွေပါ"

"ရှင်ပြောတာတွေ သိပ်လွန်နေပြီ" ဟု ကျွန်မက အော်လိုက်မိပြန်ပါ

"လူ့အဖွဲ့အစည်းရဲ့ မျက်စိထဲမှာတော့ ဒါဟာ ရူးသွပ်ခြင်း သက်သက် မှာပဲ။ မရူးသွပ်ဘဲ ရိုးသားတဲ့လူတစ်ယောက်က ပျောက်ဆုံးနေတဲ့ မိန်းမ သူခိုးတွေကို မောင်နှမလို ဘယ်လိုနေနိုင်ပါ့မလဲ။ လူတစ်ယောက်နဲ့ စိတ် ကို သဘောမတူဘူးဆိုရင် အဲဒီစိတ်ဖြစ်စဉ်ဟာ မှားတယ်။ ဒါကြောင့် ဆိုတာ မှားတယ်။ မှားတဲ့စိတ်နဲ့ ရူးသွပ်တဲ့ စိတ်အကြားက ခြားနားချက် ှာလဲ။ ရူးသွပ်နေသူတိုင်းဟာ အရူးသွပ်ဆုံး ကောက်ချက်တွေကို အရင်း- တစပြီး သဘောမတူဘူးဆိုတာကို မသိမြင်နိုင်ကြဘူး။

"ညနေသတင်းစာမှာ အဲဒီနမူနာကောင်းတစ်ခုပါတယ်။ မာရီကင်နာ ဒေ့လမ်းတောင်ဘက်မှာ နေတယ်။ သူဟာ ဆင်းရဲသော်လည်း ရိုးသားတဲ့ တစ်ယောက်ဖြစ်တယ်။ မျိုးချစ်စိတ်လည်းရှိတယ်။ ဒါပေမယ့် အမေရိကန် နဲ့ ပတ်သက်ပြီး မှားယွင်းတဲ့ သဘောထားရှိပြီ။ ဒါကို စောင့်ရှောက် ယ်တာဟာ အထိမ်းအမှတ်သဘောက်လောက်ပဲလို့ ယူဆတယ်။ အဲဒီမှာ ဘာဖြစ်သလဲဆိုတာ ကြည့်။ သူ့ယောက်ျားက မတော်တဆထိခိုက်မှုဖြစ်ပြီး ထက်နေရတာ သုံးလရှိပြီ။ အဝတ်လျှော်အလုပ်လုပ်နေရပေမယ့် အိမ်လခ လည်း ပေးစရာရှိနေတယ်။ မနေ့က သူ့ကို အိမ်ပေါ်က နှင်ထုတ်တယ်။ အမေရိကန်အလံကို လွှင့်ထူလိုက်ပြီး ဒီအလံရဲ့ ကာကွယ်စောင့်ရှောက်မှု က သူ့ကို အေးမြတဲ့လမ်းမပေါ် ဘယ်သူမှဆွဲမထုတ်နိုင်ဘူးလို့ သူတ ပါလေရော။ ဘာဖြစ်တယ်မှတ်သလဲ။ သူ့ကိုဖမ်းပြီး ရူးတယ်လို့ စွပ်စွဲ အခုဆိုရင် စိတ်ရောဂါ ပါရဂူတွေက အမြဲတမ်း စမ်းသပ်ပေးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ရူးသွပ်တယ်ဆိုပြီး နာ့ဝါ အရှုးထောင်ကို ပို့လိုက်တယ်"

"ဒါမဖြစ်နိုင်ဘူး။ စာအုပ်တစ်အုပ်ရဲ့ စာပေဟန်နဲ့ ပတ်သက်လို့ လူတိုင်းနဲ့ ကျွန်မ သဘောမတူဘူး ဆိုပါတော့။ ဒါအတွက် ကျွန်မကို အရူးထောင် မပို့နိုင်ပါဘူး" ကျွန်မ ကန့်ကွက်လိုက်ပါသည်။

"သိပ်မှန်တယ်။ သို့သော် ဒီလိုထင်မြင်ချက် ကွဲလွဲမှုမျိုးက လူ့အဖွဲ့အစည်းကို မခြိမ်းခြောက်ဘူး။ ခြားနားချက်က အဲဒီမှာ တည်နေတယ်။ မာရီကင်နာနဲ့ ဂိုဏ်းချုပ်ကြီးတို့ရဲ့ ထင်မြင်ချက်ကွဲလွဲမှုက လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်တယ်။ ဆင်းရဲသားတိုင်းက အိမ်ငှားခတွေ မပေးဘဲ အမေရိကန် အလံအောက်မှာ ခိုလှုံနေကြရင် ဘယ့်နှယ်လုပ်ပါ့မလဲ။ မြေရှင်စနစ် ပြိုဆင်းသွားမှာပေါ့။ ဂိုဏ်းချုပ်ကြီးရဲ့ အမြင်ဟာလည်း လူ့အဖွဲ့အစည်းကို ပျက်စီးစေနိုင်တာပဲ။ ဒါကြောင့် သူနဲ့အတူ အရူးထောင်ပါသွားမှာပါ"

သို့ဖြစ်သည့်တိုင်အောင် ကျွန်မသည် ယုံကြည်ရန် ငြင်းဆန်နေဆဲ ဖြစ်ပါသည်။

"စောင့်ကြည့်ပေါ့လေ"ဟု အားနက်က ပြောသည်။ ကျွန်မတလည်း စောင့်ပါသည်။

နောက်တစ်နေ့ နံနက်တွင် သတင်းစာအားလုံးကို ကျွန်မ ဝယ်ခိုင်းပါသည်။ ယခုထိတော့ အားနက် မှန်ပါပေသည်။ ဂိုဏ်းချုပ်ကြီး ဖွင့်ဟပြောဆိုခဲ့သော စကားလုံး တစ်လုံးတလေကိုမှ ပုံနှိပ်ဖော်ပြခြင်း မရှိပါ။ သတင်းစာတစ်စောင်နှစ်စောင်တွင်မူ သူ့ခံစားချက်များအကြောင်းကိုသာ ဖော်ပြပါသည်။ သူ့နောက် စကားပြောကြသူတို့၏ အကြောင်းကိုသာ တခမ်းတနား ရှည်လျားစွာ ဖော်ပြထားကြပါသည်။

ရက်အတန်ကြာသောအခါ ဂိုဏ်းချုပ်ကြီးမှာ အလွန်အမင်း အလုပ်လုပ်ခဲ့သောကြောင့် အနားယူရန် အားလပ်ခွင့်ယူသွားကြောင်း ကြေညာချက် တစ်စောင် ပါလာပါသည်။ ထိုအထိ ကောင်းပါသေး၏။ ရူးသွပ်ကြောင်း အရိပ်အမြွက်သော်လည်းကောင်း၊ စိတ်မမှန်တော့ကြောင်းကို သော်လည်းကောင်း ဖော်ပြကြခြင်း မရှိသေးပါ။ ဂိုဏ်းချုပ်ကြီးတစ်ယောက် ဆက်ရမည့် ကြောက်မက်ဖွယ်ရာ ခရီးအကြောင်း အားနက် တွေးဆခဲ့သည်များကို ကျွန်မလည်း စိုးစဉ်းမျှသာ အိပ်မက်မက်နေခဲ့ပါသည်။

❖ ❖ ❖

## အခန်း [ ၈ ]

## စက်ရိုက်ချိုးသူများ

ဆိုရှယ်လစ် အမတ်လောင်းအဖြစ် ကွန်ဂရက် လွှတ်တော် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်း မပြုမီကလေးတွင် ဖေဖေက 'အမြတ်အရှုံး ညစာ' ဟု သူ့ဘာသာခေါ်ဝေါ်သော ညစာစားပွဲတစ်ရပ် တည်ခင်းပါသည်။

အားနက်ကမူ ဤညစာစားပွဲကို 'စက်ရိုက်ချိုးသူများ၏ ညစာစားပွဲ' ဟု ခေါ်ဆိုပါသည်။ အမှန်ဆိုရလျှင် ညစာစားပွဲမှာ စီးပွားရေးလုပ်ငန်းရှင် အလယ်စားများ ညစာစားပွဲသာ ဖြစ်ပါသည်။ ၎င်းတို့အနက်တွင် ငွေပင်ငွေရင်း ပေါ်လာသိန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံရသော လုပ်ငန်းမျိုး၌ စိတ်ပါဝင်စားသူ မရှိပါ။ အလယ်အလတ် လုပ်ငန်းရှင် လူတန်းစားကို ကိုယ်စားပြုသူများသာ ဖြစ်ပါသည်။

၎င်းတို့အနက်တွင် တိုက်ဆိုင်ခဲ့ပေါင်း များစွာရှိသည့် ဆေးလိပ်တားဘတ်ဝင်အင်ကုမ္ပဏီမှ ဖိုဝင်လည်း ပါရှိသည်။ ကျွန်မတို့သည်လည်း သူ့ဆိုင်မှ ကုန်စွည်းများ ဝယ်ယူလေ့ရှိပါသည်။ ကိုဝေါလ်အင်ဝပ်ရှိတန် ဆေးဝါးပစ္စည်း ကုမ္ပဏီအစုရှင်များနှင့် ကွန်ထရာကိုစတာနယ် ကွာရီ ကျောက်တွင်းပိုင်ရှင်



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာအက်စ်မန်ဆင်တို့လည်း ပါဝင်သည်။ စက်ရုံငယ်များ၊ စီးပွားရေး လုပ်ငန်းငယ်များ၊ စက်မှုလုပ်ငန်းငယ်များကို ပိုင်ဆိုင်ကြသူများ၊ တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ကြသူများ၊ အတိုချုပ်ရလျှင် အရင်းရှင်အငယ်စားများ ပါဝင်ကြပါသည်။

၎င်းတို့မှာ ရှက်တတ်သောမျက်နှာများ ရှိကြသည့် စိတ်ဝင်စားဖွယ်ရာ လူများဖြစ်ကြသည်။ စကားပြောကြသောအခါ ရိုးသားရှင်းလင်းစွာ ပြောလေ့ရှိ ကြသည်။ သူတို့၏ တညီတညွတ်တည်းသော မကျေနပ်ချက်မှာ ကော်ပိုရေးရှင်း များနှင့် အရင်းစုပေါင်းကုမ္ပဏီများကို ဆန့်ကျင်ကြခြင်းပင်ဖြစ်ပါသည်။ သူတို့၏ ကျင့်စဉ်မှာ 'အရင်းစုပေါင်းကုမ္ပဏီကြီးတွေကို ဖြိုခွဲရေး'ဖြစ်သည်။ ဖိနှိပ်မှု မှန်သမျှ ယင်းအဖွဲ့အစည်းကြီးများတွင် မြစ်ဖျားခံပြီး အားလုံးလိုလိုက ယင်းအကြောင်း ကိုသာ တစ်နည်းမဟုတ်တစ်နည်း ပြောဆိုကြပါသည်။

မီးရထားလမ်းများနှင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်း ကဲ့သို့သော အရင်းစုပေါင်း အဖွဲ့အစည်းကြီးတွေကို အစိုးရပိုင်ပြုလုပ်ရန် ပြောဆိုကြသည်။ အမြတ်တော်ခွန်ကြီးလေးစွာ ကောက်ခံခြင်း ငွေပင်ငွေရင်း များပြားစွာ စုဆောင်းမှုကို ဖျက်ဆီးပစ်ရန် ပြောဆိုကြသည်။ ဒေသဆိုင်ရာ ချွတ်ယွင်းချက် များကို တုစားရေးအတွက် ရေ၊ ဓာတ်ငွေ့၊ တယ်လီဖုန်းနှင့် ဓာတ်ရထားများကို မြူနီစီပယ်ပိုင် သိမ်းရေးအတွက်လည်း ရှေ့ဆောင်ပြောဆိုကြပါသည်။

အထူးသဖြင့် စိတ်ဝင်စားစရာကောင်းသည်မှာကား မစ္စတာအက်စ်မန် ဆင်က ကွာရီကျောက်မိုင်းပိုင်ရှင်အဖြစ် သူဖြတ်သန်းခဲ့ရသော အကြောင်းခြင်းရာ များအား ပြန်ပြောပြခြင်းပင် ဖြစ်ပါသည်။ ကွာရီကျောက်မှာ သူ အမြတ်မထွက် ကြောင်း၊ မြေငလျင်ကြီးများအကြောင်း၊ ဆန်ဖရန်စစ္စကိုမြို့ ပျက်စီးသွားရသည့် အကြားကပင် သူ အမြတ်အစွန်းမရခဲ့ကြောင်း၊ ဆန်ဖရန်စစ္စကိုမြို့ကို ပြန်လည် တည်ဆောက်သည်မှာ ခြောက်နှစ် ကြာမြင့်ခဲ့ပြီး သူ့လုပ်ငန်းမှာ လေးဆ ငါးဆခန့် ပိုမိုကြီးထွားလာကြောင်း၊ သို့ပါလျက် သူ့မှာ ပိုမိုအခြေအနေကောင်းလာသည်ဟူ၍ မရှိကြောင်းဖြင့် သူကပြောပြပါသည်။

"မီးရထားလမ်းတွေက ကျုပ်လုပ်ငန်းကို ကျုပ်ထက်ပိုသိကြတာကိုး ဗျာ။ ကျုပ်လုပ်ငန်း လုပ်ကိုင်မှုစရိတ်ကို တစ်ပြားတစ်ချပ်မကျန် သိတယ်။ ကျုပ်ရဲ့ ကန်ထရိုက်လုပ်ငန်းတွေကိုလည်း သူတို့က သိကြတယ်။ ဘယ်လိုသိကြသလဲ ကျုပ်လည်း တွေးဆရုံပဲ တွေးဆနိုင်တယ်။ ကျုပ်လုပ်သားတွေထဲမှာ သူတို့ သူလျှို ရှိရမယ်။ ဒါမှမဟုတ် ကျုပ်ရဲ့ကန်ထရိုက်ပါတနာတွေနဲ့ အဝင်အထွက် ရှိကြရမယ်။





ခင်ဗျားတို့ကြည့်လေ၊ ကျုပ်က ကန်ထရိုက်တစ်ခု ရတော့မယ်။ အဲဒီ ကန်ထရိုက် ...ချုပ်အရ ကျုပ်လည်း အမြတ်အစွန်းကလေး မြတ်လောက်အောင် ရတော့ ...ယ်ဆိုတာနဲ့တစ်ပြိုင်နက် ကျုပ် ကွာရီကျောက်တွေကို သယ်ယူ ပို့ဆောင်ပေးဖို့ နှုန်းထားတွေ ချက်ချင်း တက်ပစ်လိုက်ကြတာပဲ။ ဘာရှင်းလင်းချက်မှလည်း ...ဘူးဗျ။ အဲဒီတော့ ကျုပ်ရရမယ့် အမြတ်ကို မီးရထားက ယူလိုက်တာပဲ။ ...ဒီလို အခြေအနေမျိုးမှာ သူတို့မြှင့်ထားတဲ့ နှုန်းထားတွေကို ပြန်စဉ်းစားဖို့ ...ကျုပ်ရဲ့ကြိုးစားမှု ဘယ်တော့မှ မအောင်မြင်ခဲ့ဘူး။ တစ်ဘက်မှာတော့ ကျုပ်မှာ ...တော်တဆထိခိုက်မှုတွေ ဖြစ်တယ်။ လုပ်ငန်းစရိတ်ကြီးလာတယ်။ ကန်ထရိုက် ...ချုပ်အရ အမြတ်အစွန်းနည်းတယ်ဆိုရင် သယ်ယူပို့ဆောင်ရေး စရိတ်စက ...ချဖို့ မီးရထားကို ဆွေးနွေးရာမှာ ကျုပ် အမြဲတမ်း အောင်မြင်တယ်ဗျာ။ ...ဂျက ဘာလဲ။ များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ကျုပ် အမြတ်မှန်သမျှကို ...ထားက အမြဲရသွားတာချည်းပဲ"

"ဒါဖြင့် နောက်ဆုံးကျတော့ ခင်ဗျားအတွက် ဘာကျန်သလဲ။ မန်နေဂျာ ...စ်ယောက်အဖြစ် ခင်ဗျားရလာတဲ့ လစာနဲ့ မီးရထားက ကွာရီ ကျောက်မိုင်း ...ပိုင်ဆိုင်သွားတာဟာ အကြမ်းအားဖြင့် ညီမျှနေတာလား"

အားနက်က ကြားဖြတ် ဝင်မေးလိုက်ပါသည်။

"အဲ . . . အဲဒါပါပဲ။ မကြာခင်ကလေးတွင် လွန်ခဲ့တဲ့ ဆယ်နှစ်က ...ချုပ် စာရင်းတွေကို ပြန်ကြည့်တယ်။ အဲဒီဆယ်နှစ်အတွင်း ကျုပ်ရတာကတော့ ...နေဂျာရဲ့လစာနဲ့ ညီမျှတဲ့ငွေပဲ ဖြစ်နေတာကို ပြန်တွေ့ရတယ်ဗျ။ မီးရထားတ ...ချုပ် ကွာရီကျောက်မိုင်းကို ပိုင်သွားပြီး ကျုပ်ကို ဒီလုပ်ငန်းအုပ်ချုပ်ဖို့အတွက် ...ထားသလို ဖြစ်နေတယ်"

"အမှန်ဆိုတော့ . . . ဒီလို ခြားနားချက် ရှိနေတာပဲ။ ဒါအတွက် ခင်ဗျား ...လိုက်လိုက်လျောလျော တာဝန်ယူထားရတဲ့ ဘေးအန္တရာယ်တွေကို မီးရထား ...တာဝန်ယူဖို့ ကောင်းတာပေါ့" အားနက်က ရယ်မောပြောဆိုပါသည်။

"အင်မတန် မှန်ပါတယ်" မစ္စတာ အက်စ်မန်ဆင်က ခြေကျဲ့စွာ ...ပြောပါသည်။

သူတို့ ပြောကြဆိုကြတာတွေကို စုံစေ့စွာ နားထောင်ပြီးနောက် ...နက်က မေးခွန်းများ တစ်ခုပြီးတစ်ခု မေးမြန်းပါတော့သည်။ ...ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့တဲ့ ခြောက်လလောက်က ဒီဘာကလေမှာ ခင်ဗျား စတိုးဆိုင်ကို စဖွင့်ခဲ့တယ်နော်"

"ဟုတ်ပါတယ်" မစ္စတာ ဒိုဝင်က ပြောသည်။

"အဲဒီအချိန်ကစပြီး လမ်းထောင့်က ကုန်စုံဆိုင်ကလေး သုံးဆိုင် အလုပ် ရပ်သွားတယ်ဆိုတာ ကျွန်တော် သတိပြုမိပါတယ်။ ဒီလိုဖြစ်ရခြင်း အကြောင်း ရင်းဟာ ခင်ဗျားရဲ့ စတိုးဆိုင်ခွဲကြောင့်ပါ"

မစ္စတာဒိုဝင်က နှစ်သိမ့်စွာသောအပြုံးဖြင့် ဝန်ခံပြီး "ကျုပ်တို့ မပြိုင်နိုင်ဘူးလေ" ဟု ဆိုပါသည်။

"ဘာကြောင့် မပြိုင်နိုင်တာလဲ"

"ကျုပ်တို့က ငွေရင်းကြီးတာကိုး။ နောက်ပြီး စီးပွားရေးလုပ်ငန်းဆိုတာ ကြီးရင်ကြီးသလောက် အလေအလွင့်နည်းပြီး . . . အရည်အချင်း ပြည့်ဝတာပဲ"

"ခင်ဗျားရဲ့ စတိုးဆိုင်ခွဲက ကုန်စုံဆိုင်ကလေး သုံးဆိုင်ရဲ့ အမြတ်အစွန်း တွေကို ဝါးမျိုလိုက်တယ်၊ ဟုတ်ပြီ. . . ဒါဖြင့် ကုန်စုံဆိုင်သုံးဆိုင်ရဲ့ ပိုင်ရှင်တွေ ဘာဖြစ်သွားသလဲဆိုတာ ကျွန်တော့်ကို ပြောပြစမ်းပါ"

"တစ်ယောက်က ကျုပ်တို့ရဲ့ ကုန်ပို့ကား မောင်းတယ်။ တခြား နှစ်ယောက်က ဘာဖြစ်သွားသလဲ ကျုပ် မသိဘူး"

မစ္စတာကိုဝေါ့လ်ဘက်သို့ အားနက်က ရုတ်ခြည်းလှဲလိုက်ပြီးနောက်

"ခင်ဗျားက လျှော့စျေးနဲ့ အကြီးအကျယ် ရောင်းပစ်တယ်။ ခင်ဗျားက ချောင်ထဲပို့ပစ်လိုက်တဲ့ ဆေးဆိုင်ငယ် ပိုင်ရှင်ကလေးတွေ ဘာဖြစ်ကုန်ကြသလဲ"

"အဲဒီအထဲက မစ္စတာ ဟတ်ဖားသား ဆိုတဲ့ သူကတော့ ကျုပ်တို့ ဆေးညွှန်းဌာန ကြီးကြပ်သူ ဖြစ်နေတယ်"

"သူတို့ရနေတဲ့ အမြတ်ကို ခင်ဗျား ဝါးမျိုလိုက်တယ်ပေါ့"

"မှန်တယ်။ ကျုပ်တို့ စီးပွားရေးလုပ်ငန်း လုပ်နေတာ ဒါကြောင့်ပေါ့"

အားနက်က မစ္စတာ အက်စ်မန်ဆင်ဘက်သို့ လှည့်၍. . .

"ခင်ဗျားက ခင်ဗျားအမြတ်တွေကို မီးရထားက ဝါးမျိုပစ်နေလို့ မကျေ မနပ်ဖြစ်နေတယ်နော်"

မစ္စတာအက်စ်မန်ဆင်က ခေါင်းညိတ်သည်။

"ခင်ဗျားလုပ်ချင်တာက ခင်ဗျားဘာသာ အမြတ်ရရေးနော်"

မစ္စတာအက်စမမန်ဆင်က ထပ်မံခေါင်းညိတ်ပြန်ပါသည်။





"တခြားသူတွေဆိုက"

အဖြေမလာ. . . .။

"တခြားသူတွေဆိုကလေ" အားနက်က ထပ်ပြောသည်။

"အမြတ်ဆိုတာ ဒီလိုလုပ်ရတာပဲ" ဟု မစ္စတာ အက်စ်မန်ဆင်က တိုတိုတောင်းတောင်း ဖြေသည်။

"ဒီလိုဆိုရင် စီးပွားရေး ကစားပွဲဆိုတာ တခြားလူတွေဆိုက အမြတ် ရရေး ကိုယ့်ဆိုက အမြတ် တခြားလူတွေ ယူမှာကို တားဆီးရေးပေါ့။ အဲဒါပဲ ဟုတ်လား"

အားနက်က မစ္စတာအက်စ်မန်ဆင် မဖြေမီ သူ့မေးခွန်းကို ထပ်ခါ ထပ်လဲလဲ မေးသည်။ ထို့နောက် အက်စ်မန်ဆင်က. . .

"ဟုတ်တယ်။ ဒါမှအပ အခမ့လုပ်ယူတတ်သူများ မဟုတ်သမျှ တခြား သူတွေ အမြတ်ရနေတာကို ကျုပ်တို့ မကန့်ကွက်ပါဘူး"

"အခမ့ လုယက်သူများဆိုရာမှာ ခင်ဗျားက ခင်ဗျားဘာသာ အမြတ်-အစွန်း အများကြီးရယူနေတာကိုလည်း မကန့်ကွက်ဘူး မဟုတ်လား"

သို့နှင့်ပင် မစ္စတာအက်စ်မန်ဆင်လည်း အားနည်းချက်ကို ဝန်ခံရပါလေ တော့သည်။ ဤနေရာတွင် တစ်ချိန်က နို့လုပ်ငန်းကြီးတစ်ခု၏ ပိုင်ရှင်ဖြစ်ခဲ့ဖူး သော မစ္စတာ ဟဲလ်ဗင်ကိုလည်း အားနက်က. . .

"တစ်ခါက ခင်ဗျားဟာ နို့လုပ်ငန်း အရင်းစုပေါင်း အဖွဲ့အစည်းကြီးကို ဆန့်ကျင် တိုက်ခိုက်ခဲ့တယ်နော်။ အခုတော့ ခင်ဗျားက တောင်သူလယ်သမား နိုင်ငံရေးထဲ ပြန်ရောက်ပြန်တယ်။ အဲဒါ ဘယ်လိုဖြစ်တာလဲ"

"ကျုပ်က တိုက်ပွဲကထွက်လိုက်တာ မဟုတ်ပါဘူး။ အရင်းစုပေါင်း အဖွဲ့အစည်းကို တိုက်နိုင်တဲ့ တစ်ခုတည်းသော နယ်ထဲမှာ ကျုပ်က ဆက်တိုက် နေတာဗျ။ အဲဒီနယ်က နိုင်ငံရေးနယ်ပေါ့။ ခင်ဗျားကို ကျုပ်ပြောရဦးမယ်၊ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ကျုပ်တို့က နို့လုပ်ငန်းတွေ ကိုယ့်ဘာသာကိုယ် အစစအရာရာ လုပ်နိုင် ကိုင်နိုင်ခဲ့ကြတယ်"

"ဒါပေမယ့် ခင်ဗျားတို့ အချင်းချင်း ပြိုင်ကြတယ်လေ"

အားနက်က ဖြတ်ပြောသည်။

"ဟုတ်တယ်။ အဲဒါကြောင့် အမြတ်တွေ ကျဆင်းသွားတာပေါ့ ကျုပ် တို့က စုစည်းဖို့ ကြိုးစားခဲ့ပေမယ့် ပုဂ္ဂလိက နို့လုပ်ငန်းသမားတွေက အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထွက်သွားကြတာချည်းပဲ။ အဲဒီနောက် နို့လုပ်ငန်း အရင်းစုပေါင်း အဖွဲ့အစည်းကြီး ပေါ်လာတာပဲ"

"စတင်းဒတ် ရေနံကုမ္ပဏီရဲ့ ပိုလျှံတဲ့ ငွေရင်းနဲ့ ငွေကြေးအရ ထူထောင် ပေးတယ်"

"ဟုတ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်က ကျုပ်တို့ ဒါကို မသိသေးဘူး သူတို့ ဒလန်တွေက ကျုပ်တို့ဆီလာပြီး ဝင်လာ ဝဝစား၊ ဒါမှမဟုတ် ပြင်မှာ ငတ်သေ ဆိုတာ သူတို့ရဲ့ ကမ်းလှမ်းချက်ပဲ။ တော်တော်များများ ဝင်သွား ကြတယ်။ ကျန်တဲ့လူတွေကတော့ ငတ်နေတာပါပဲ။ ကျုပ်တို့အတွက် အင်မတ နစ်နာလှတယ်ဗျာ။ ပထမ နို့တစ်ပုလင်းကို တစ်ဆင့်ဈေးတင်တယ်၊ ဒီတစ်ဆ ရဲ့ လေးချိုးတစ်ချိုးက ကျုပ်တို့ထဲရောက်ပြီး လေးချိုးသုံးချိုးကို အရင်းစုပေါင် အဖွဲ့အစည်းကြီးက ယူတယ်။ နောက်ဈေးကို တစ်ဆင့်တက်ပြန်ရော၊ အဲ မကျေနပ်လို့ တိုင်ပေ တောပေမယ့် ဘာမှအရာမရောက်ပါဘူး။ အရင်းစုပေါင် အဖွဲ့အစည်းက ချုပ်ကိုင်ထားပြီး ကျုပ်တို့က နယ်ရုပ်ကလေးလေးတွေ ဖြစ်ေ တာကိုတွေ့ရတယ်။ နောက်ဆုံး တစ်ဆင့်ရဲ့လေးပုံတစ်ပုံကိုတောင် ကျုပ်တို့ မပေးတော့ဘူး။ သူတို့က ကျုပ်တို့ကို ညှစ်ထုတ်တော့တာပဲ။ ကျုပ်တို့ ဘာလု ရမလဲ၊ ကျုပ်တို့မှာ ဘာမှမကျန်တော့ပါဘူး။ နို့လုပ်ငန်းသမား မရှိတော့ဘူး နို့လုပ်ငန်း အရင်းစုပေါင်း အဖွဲ့အစည်းကြီးပဲ ရှိတော့တယ်"

"ဒါပေမယ့်လေ၊ နို့ကို နှစ်ဆင့်ဈေးတက်တော့ ခင်ဗျားတို့ကလည် အမြိုင်တက်ဖို့ ကောင်းတယ်လို့ ကျွန်တော် ထင်သလိုလိုပဲ" ဟု အားနက်က ပြောပါသည်။

"ကျုပ်တို့ကလည်း ဒီလိုတွေးခဲ့ပါတယ်၊ ကြိုးလည်းကြိုးစားခဲ့ပါတယ် ကျုပ်တို့ပဲ ကွဲတာပဲ။ သူတို့က ကျုပ်တို့ထက် ဈေးသက်သာအောင် လုပ်ပစ်လိုက် တယ်။ ကျုပ်တို့က လက်တွေ့အရှုံးခံရောင်းတယ်ဗျ။ အဲဒီမှာ ကျုပ် ဒေါ် ငါးသောင်း ပစ်ချလိုက်ရရော၊ ကျုပ်တို့ထဲက အများအပြား ချွတ်ချုံကျသွား နို့လုပ်ငန်းသမားဆိုတာ ပပျောက်သွားတော့တာပါပဲ"

"ဒီလိုနဲ့ အရင်းစုပေါင်းအဖွဲ့အစည်းကြီးက ခင်ဗျားတို့ အမြတ် ခင်ဗျားတို့ဆီက ယူသွားတယ်။ အဲဒီတော့ ခင်ဗျားတို့က အဖွဲ့အစည်းကြီး ပပျောက်သွားဖို့နဲ့ အမြတ်ရဖို့အတွက် နိုင်ငံရေးနယ်ထဲ ဝင်တယ်"

မစ္စတာကယ်လ်ဗင်၏ မျက်နှာမှာ ဝင်းပလာပြီး . . .





"ဟုတ်တယ်။ လယ်သမားတွေကို ကျုပ်ဟောပြောတာ အဲဒီအတိုင်းပဲ။ ဒါဟာ ကျုပ်တို့ ရည်ရွယ်ချက်တခုလုံးကို အတိုချုပ်လိုက်တာပဲ"

"ဒါနဲ့တောင် အရင်းစုပေါင်းအဖွဲ့အစည်းက ပုဂ္ဂလိက နို့သမားတွေ ထက်ပိုပြီး ဈေးသက်သာစွာနဲ့ နို့ထုတ်လုပ်နေသေးတယ်နော်"

"ဘာကြောင့် မလုပ်နိုင်ရမလဲ။ အဖွဲ့အစည်းက တောင့်၊ စက်တွေက အသစ်၊ ငွေပင်ငွေရင်းက များများဆိုရင် ဖြစ်နိုင်တာပေါ့"

"ဒါကို မဆွေးနွေးပါဘူးလေ။ ဒီလိုပဲ ဖြစ်ရမှာ သေချာတာပေါ့။ ဖြစ် လည်း ဖြစ်နေတာပါပဲ"

ဤတွင် မစ္စတာကယ်လ်ဗင်က သူ့အမြင်များနှင့် စပ်လျဉ်း၍ နိုင်ငံရေး မိန့်ခွန်းရှည်ကြီး ပြောပါလေတော့သည်။ တခြားသူ အချို့ကလည်း သူ့ကို ထောက်ခံပြောဆိုကြပါသည်။ သူတို့၏ ကြွေးကြော်သံကား အရင်းစုပေါင်း အဖွဲ့အစည်းကို ဖျက်ဆီးရေးပင်တည်း။

"သနားစရာကောင်းတဲ့ လူရိုးတွေ။ သူတို့မြင်နိုင်သမျှအထိတော့ ရှင်း ရှင်းလင်းလင်းပဲ မြင်ကြပါတယ်။ ဒါပေမယ့် သူတို့မှာ ခေါင်းအစွန်ထိပဲ မြင်ကြ ရတယ်" ဟု အားနက်က လေသံနှိမ့်၍ ကျွန်မကို ပြောပါသည်။

ခေတ္တအကြာတွင် သူက စကားပြောပါသည်။ သူ့ပင်ကိုယ် သဘာဝက ဦးညနေခင်းတခုလုံးကို ချုပ်ကိုင်ထားပါတော့သည်။

"ခင်ဗျားတို့ အားလုံး ပြောကြတာတွေကို ကျွန်တော် ဂရုတစိုက် နားထောင်နေခဲ့ပါတယ်။ ခင်ဗျားတို့က စီးပွားရေးလုပ်ငန်း ကစားပွဲကို သမားရိုးကျ နည်းနဲ့ ကစားနေကြတယ်လို့ ကျွန်တော် ရိုးရိုးကလေး မြင်ပါတယ်။ ခင်ဗျားတို့ ဘဝက အမြတ်စွန်းမှာ နိဂုံးချုပ်တယ်၊ အမြတ်အစွန်းရရေး ရည်မှန်းချက် ထားခဲ့တည်းအတွက် လူဖြစ်လာတယ်ဆိုတဲ့ ခိုင်မာစွဲမြဲတဲ့ ယုံကြည်ချက် ခင်ဗျား တို့မှာ ရှိတယ်။ အဲဒီမှာ မချိတ်ဘဲနဲ့ ငြိနေတာပါပဲ၊ ခင်ဗျားတို့ဘာသာ အမြတ် အစွန်းတွေ ရယူနေခိုက် အရင်းစုပေါင်းအဖွဲ့အစည်း ပေါ်လာပြီး ခင်ဗျားတို့ဆီက အမြတ်အစွန်းတွေကို ယူသွားတယ်။ ဒါဟာ ခင်ဗျားတို့အကြား ဝင်ရောက် နှောင့်ယှက်လာကြတဲ့ ပြဿနာဖြစ်ပြီး အဲဒါရဲ့ တစ်ခုတည်းသော ထွက်ရပ်လမ်းက ခင်ဗျားတို့ဆီက အမြတ်အစွန်းတွေ ယူသွားတဲ့တာကို ဖျက်ဆီးရေးပဲဖြစ်တယ်လို့ ခင်ဗျားတို့ ထင်မြင်ကြတယ်၊

"ခင်ဗျားတို့ ပြောတာတွေကို ကျွန်တော် ဂရုတစိုက် နားထောင်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ခင်ဗျားတို့ကို ခေါ်နိုင်မယ့် နာမည်တစ်ခုတည်း ရှိပါတော့တယ်။ ဒီ နာမည်နဲ့ ခင်ဗျားတို့ကို ကျွန်တော်ခေါ်မယ်။ ခင်ဗျားတို့ဟာ စက်ရိုက်ချိုးသူတွေ ပါ။ စက်ရိုက်ချိုးသူဆိုတာ ခင်ဗျားတို့ သိသလား။ ကျွန်တော်ပြောပါရစေ ဆယ့်ရှစ်ရာစုခေတ်က အင်္ဂလန်မှာ လူတွေက ကိုယ်ဝတ်ဖို့အတွက် အဝတ်တွေ ကိုယ့်အိမ်မှာပဲ လက်ယက်ကန်းနဲ့ ရက်ကြတယ်။ ဒီလို အိမ်တွင်းမှာတင် ရက်လုပ် တဲ့စနစ်ဟာ နှေးကွေးတယ်။ မသပ်ရပ်ဘူး။ စရိတ်စကများတယ်။ အဲဒီအခိုက် ရေနွေးငွေ့အင်ဂျင်နဲ့ လုပ်အားသက်သာတဲ့ စက်ယန္တရားတွေ ပေါ်လာတယ်။ စက်ရုံကြီးတစ်ရုံထဲမှာ ယက်ကန်းစင် ထောင်ပေါင်းများစွာ တပ်ဆင်ပြီး ဗဟိုက အင်ဂျင်စက်နဲ့မောင်းနှင်လိုက်တဲ့အခါ အိမ်ထဲမှာ လက်ယက်ကန်းနဲ့ ရက်တာ ထက် ပိုပြီးသက်သာတဲ့ အဝတ်အထည် အများအပြားကို ရက်လုပ်နိုင်ပါတယ်။

“စက်ရုံမှာ ပေါင်းစပ်မှုရှိတော့ ဒီပေါင်းစပ်မှုရှေ့မှောက်မှာ ပြိုင်ဆိုင်မှု တစ်စတစ်စ မှေးမှိန်သွားတယ်။ လက်ယက်ကန်းနဲ့ ကိုယ့်အိမ်မှာ ကိုယ်ရက်တဲ့ လူတွေဟာ စက်ရုံကိုရောက်လာပြီး အထည်အလိပ် ရက်ကြပေမယ့် သူတို့ အတွက် မဟုတ်ဘဲ အရင်းရှင် ပိုင်ရှင်များအတွက်ပဲ ဖြစ်ပါတယ်။ ဒါတွင်မက ကလေးငယ်တွေဟာလည်း အင်မတန် နည်းပါးတဲ့ လုပ်ခလစာတွေနဲ့ စက်ရုံ သွား အလုပ်လုပ်နေကြရတယ်။ ဒီလိုနဲ့ လူတွေဟာ အတည်တကျ ဖြစ်မလာ ကြတော့ဘူး။ လူတွေအတွက် အခက်ခဲဆုံးအချိန်ကာလဖြစ်လာတယ်။ သူတို့ရဲ့ လူနေမှုအဆင့်အတန်း ကျဆင်းလာတယ်။ သူတို့ ငတ်ပြတ်လာကြတယ်။ ဒီလိုဖြစ်ရတာဟာ စက်တွေရဲ့ အပြစ်ကြောင့်ပဲလို့ သူတို့ ပြောစမှတ်ပြုလာကြပြီး စက်တွေကို ရိုက်ချိုးဖို့ စီစဉ်ကြတယ်။ သူတို့ မအောင်မြင်ခဲ့ပါဘူး။ သို့သော် သူတို့ဟာ အင်မတန် မိုက်မဲပါတယ်။

“ဒါနဲ့တောင် ခင်ဗျားတို့ကလဲ သူတို့သင်ခန်းစာကို မယူကြဘူး။ အခုဆို နှစ်ပေါင်း တစ်ရာငါးဆယ်အကြာမှာ ခင်ဗျားတို့က စက်တွေကို ရိုက်ချိုး ကြိုးစားနေကြပြန်ပါပြီ။ ခင်ဗျားတို့ရဲ့ ဝန်ခံချက်အရ အရင်းစုပေါင်းအဖွဲ့အစည်း ရဲ့ စက်ယန္တရားတွေက ခင်ဗျားတို့ထက် ပိုပြီးကောင်းစွာ သက်သာစွာ အလုပ် လုပ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် သူတို့ကို ခင်ဗျားတို့ မပြိုင်နိုင်တာပါ။ ဒါနဲ့ တောင် စက်တွေကို ခင်ဗျားတို့က ရိုက်ချိုးကြဦးမယ်။ ခင်ဗျားတို့ဟာ အင်္ဂလန်က မိုက်မဲတဲ့ အလုပ်သမားတွေထက်ကို ပိုမိုက်မဲတယ်။ ခင်ဗျားတို့က ပြိုင်ဆိုင်မှု ပြန်ထားဖို့ စိတ်ကူးနေကြခိုက် အရင်းစုပေါင်း အဖွဲ့အစည်းကြီးတွေက ခင်ဗျား





တို့ကို ဖျက်ဆီးနေပြီ။

“ခင်ဗျားတို့အားလုံးက ပြိုင်ဆိုင်မှုဖယ်ရှားပြီး စုပေါင်းမှု ရယူရေးဆိုတဲ့ တစ်ခုတည်းသော အကြောင်းကိုသာ ပြောသွားကြတယ်။ မစ္စတာအိုဝင် ခင်ဗျား ဟာ စတိုးဆိုင်ခွဲဖွင့်ပြီး ကုန်စုံဆိုင်ကလေး သုံးဆိုင်ကို ပြုတ်အောင် လုပ်လိုက် ပြီးနောက် ဟောဒီ ဘာကလေမှာ ပြိုင်ဆိုင်မှုဆိုတာကို ဖျက်ဆီးခဲ့တယ်။ ခင်ဗျားရဲ့ စုပေါင်းမှုက ပိုထိရောက်တယ်။ ဒါနဲ့တောင် တခြားစုပေါင်းမှု ဖြစ်တဲ့ အရင်း-စုပေါင်း အဖွဲ့အစည်းကြီးက ခင်ဗျားကို အကျပ်ကိုင်နေပါတယ်လို့ ညည်းတွား သေးတယ်။ ဘာကြောင့်လဲ။ ခင်ဗျားက ဒီလို အရင်းစုပေါင်း အဖွဲ့အစည်းကြီးမှ မဟုတ်ဘဲကိုး။ ခင်ဗျားသာ အမေရိကန်တစ်ပြည်လုံးရှိ ကုန်စုံဆိုင်တွေရဲ့ အရင်း-စုပေါင်းအဖွဲ့အစည်းကြီး ဖြစ်မယ်ဆိုရင် ခင်ဗျားက တခြားတေးကို ဆိုနေမှာပဲ၊ အဲဒီသီချင်းက ဒီအဖွဲ့အစည်းကြီးတွေကို ကောင်းချီး ပေးတဲ့သီချင်း ဖြစ်မှာပဲ။ ဒါတွင် မကသေးပါဘူး။ ခင်ဗျားရဲ့ သေးငယ်တဲ့ စုပေါင်းမှုဟာ အရင်းစုပေါင်း အဖွဲ့အစည်းကြီး မဟုတ်ဘူး။ အားအင်လဲ မရှိဘူးဆိုတာကို ခင်ဗျားဘာသာ သဘောပေါက်နားလည်တယ်။ ခင်ဗျားကိုယ်ခင်ဗျား ထင်တစ်လုံးနဲ့ ခင်ဗျား စတိုးဆိုင်ခွဲဟာ ခင်ဗျားရဲ့ နယ်ရုပ်လို့ ယူဆနေတယ်။ အင်အားကြီးမားတဲ့ အကျိုးအမြတ်တွေက တစ်နေ့တခြား ကြီးထွားသထက် ကြီးထွားလာကြတာကို ခင်ဗျား တွေ့နေရတယ်။ မီးရထားလုပ်ငန်း အဖွဲ့အစည်း၊ ရေနံလုပ်ငန်း အဖွဲ့အစည်း၊ သံမဏိလုပ်ငန်း အဖွဲ့အစည်း၊ ကျောက်မီးသွေးလုပ်ငန်း အဖွဲ့-အစည်း စတဲ့လုပ်ငန်းကြီးတွေက ခင်ဗျားတို့ရဲ့ အမြတ်အစွန်းတွေကို ဝါးမျို နေတယ်။ အဆုံးတစ်နေ့မှာ ခင်ဗျားတို့ကို ဖျက်ဆီးပစ်လိမ့်မယ်လို့ ခင်ဗျားတို့က သိနေကြတယ်။

“လူကြီးမင်း ခင်ဗျား. . ခင်ဗျားဟာ သနားစရာ ကစားပိုင်းဆရာပါ။ ဒီဘာကလေမြို့ကလေးက ကုန်စုံဆိုင်ကလေး သုံးဆိုင်ကို ခင်ဗျား ဝါးမျိုပစ်စဉ်တ ခင်ဗျားက ရင်ကော့ပြီး ခင်ဗျားတော်ကြောင်း တတ်ကြောင်းတွေ ပြောခဲ့တယ်၊ ခင်ဗျားဇနီးကို အဲဒီဆိုင်ငယ်ကလေး သုံးဆိုင်ဆီက ဖျစ်ညှစ်ထုတ်လို့ရတဲ့ အမြတ်-အစွန်းနဲ့ ဥရောကို အလည်အပတ် ပို့ခဲ့တယ်။ ဒါဟာ ဇာတ်တူသားချင်း စားပုံမျိုး ပါ။ ခင်ဗျားက သူတို့ကို စားပစ်ခဲ့တာပဲ။ တစ်ဘက်မှာတော့ ခင်ဗျားထက် ကြီးသူက ခင်ဗျားကို ပြန်စားနေတာပါ။ ဒါကို ခင်ဗျား ငယ်သံပါအောင် အော်နေ တာပဲ။ အခု ကျွန်တော် ပြောနေတာတွေဟာ ဒီစားပွဲမှာရှိတဲ့ လူအားလုံးဆီ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာလဲ ဖြစ်ပါတယ်။ ခင်ဗျားတို့အားလုံးဟာ အရှုံးပွဲကြီး ကစားနေတယ်။ ငယ်သံပါအောင် အော်နေကြတယ်။

"ဒါပေမယ့် ဒီလို ငယ်သံပါအောင် အော်တဲ့နေရာမှာ ကျွန်တော် ပြောသလို အခြေအနေကို ခင်ဗျားတို့ ရှင်းရှင်းလင်းလင်း မပြောကြဘူး။ ခင်ဗျားတို့က တခြားသူတွေဆီက အမြတ်အစွန်းတွေ ညှစ်ယူနေတာကိုတော့ မပြောဘူး။ တခြားလူတွေက ခင်ဗျားတို့ဆီက အမြတ်အစွန်းတွေ ညှစ်ယူနေတာကိုပဲ ပြောတယ်။ ဒီနေရာမှာ ခင်ဗျားတို့ မရိုးသားကြဘူး။ မစ္စတာ ကယ်လ်ဗင် ပြောသလို အရင်းရှင် အငယ်စားနိုင်ငံရေး မိန့်ခွန်းမျိုးတွေကို သာ ခင်ဗျားတို့ ပြောကြတယ်။

"သူက ဘာပြောသလဲ။ သူပြောတဲ့အထဲက ကျွန်တော် မှတ်ထားမိတာကတော့ ကျုပ်တို့ရဲ့ ပင်ကိုမူတွေ မှန်တယ်။ ဒီနိုင်ငံမှာ လိုအပ်နေတာက အားလုံးအတွက် လွတ်လပ်ခွင့်ဆိုတဲ့ အရင်းခံ အမေရိကန်နည်းနာ ပြန်ရရေး ဖြစ်တယ်။ နိုင်ငံပေါက်ဖွားလာတဲ့ လွတ်လပ်မှုစိတ်ဓာတ်၊ ကျုပ်တို့ ဘိုးဘေးဘီဘင်များရဲ့ မူတရားဆီကို ပြန်သွားကြစို့ဆိုတဲ့ စကားလုံးများပဲ ဖြစ်ပါတယ်။

"အားလုံးအတွက် လွတ်လပ်ခွင့်လို့ သူက ပြောရာမှာ အမြတ်အစွန်းတွေ လွတ်လပ်စွာ ညှစ်ထုတ်ယူခွင့်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။ အခု သူ့ရဲ့ ဒီလွတ်လပ်စွာ အမြတ်အစွန်းများ ညှစ်ထုတ်ယူခွင့်ကို အရင်းစုပေါင်း လုပ်ငန်းကြီးတွေက ငြင်းပယ်ထားတာကိုး။ ဒီစကားကို အထပ်ထပ်ပြောသွားပါတယ်။ သဘောကတော့ ခင်ဗျားက ခင်ဗျားလူတွေကို ခင်ဗျားကိုယ်ပိုင်နည်းလမ်းကလေးနဲ့ လုယက်ခွင့်ရရေး လိုချင်နေတာပါပဲ။ သို့သော် ဒါကို ခင်ဗျားက လွတ်လပ်မှု လိုချင်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်လှည့်စားထားတယ်။ ခင်ဗျားတို့ဟာ အလိုရမ္မက်ကြီးတယ်၊ လောဘကြီးတယ်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် လှည့်စားပြီး မျိုးချစ်ပြည်ချစ်တွေလို့ ထင်နေတယ်။ ကိုယ်ကျိုးကြည့်မှု သက်သက်ဖြစ်တဲ့ အမြတ်အစွန်းရယူရေး အလိုဆန္ဒကို လူ့လောကကြီးထဲက ဒုက္ခတွေလို့ အထင်ရောက်အောင် စကားလုံး မျက်လှည့်ပြတယ်။ ကဲ. . ကျွန်တော်တို့ အချင်းချင်း ရိုးသားပွင့်လင်းစွာ ပြောရအောင်။ ဒီပြဿနာကို တဲ့တိုးပဲ ပြောကြပါစို့"

စားပွဲတစ်ဝိုက်တွင် မကျေနပ်ခြင်း၊ စိတ်ဆိုးခြင်း အရိပ်အယောင်များ ဝန်းရံနေပါသည်။ မစ္စတာ ကယ်လ်ဗင်က ချက်ချင်းပင် အဖြေပေးပါတော့သည်။

"ဒီသမ္မတနိုင်ငံကို ထူထောင်ခဲ့တဲ့ ကျုပ်တို့ ဘိုးဘွားများဆီကို ဘာကြောင့် ပြန်မသွားနိုင်ရမလဲ။ ခင်ဗျားဟာ အင်မတန်မှန်တဲ့ အမှန်တရားတွေ





ကို အများကြီး ပြောသွားပါတယ်။ မစ္စတာအဲဗားဟတ်. . . ဒီတော့ ကျုပ်တို့က လည်း ပြောပါရစေ။ ဟန်ဆောင်မှုတွေကို လွှင့်ပစ်ပြီး မစ္စတာ အဲဗားဟတ် ပြောသလို အမှန်တရားကို လက်ခံကြပါစို့။ ကျုပ်တို့ အရင်းရှင် အငယ်စားတွေဟာ အမြတ်အစွန်းနောက်ပဲ လိုက်နေတယ်။ အဖွဲ့အစည်းကြီးတွေက ကျုပ်တို့ အမြတ်အစွန်းတွေကို ယူနေတယ်လို့ ခင်ဗျား ပြန်ရဖို့ ပြောတာ မှန်ပါတယ်။ ကျုပ်တို့ အမြတ်အစွန်းတွေ ကျုပ်တို့အတွက် ဒီလုပ်ငန်းကြီးတွေကို ဖျက်ဆီးချင်နေတယ်ဆိုတာလဲ အမှန်ပါပဲ။ ဒါကို ဘာကြောင့် ကျုပ်တို့ မလုပ်နိုင်ရတာလဲ။ ဘာကြောင့် မလုပ်နိုင်ရမလဲလို့ ကျုပ် ပြောတယ်"

အားနက်က ကျေနပ်သော အမူအရာဖြင့် "ဟုတ်ပြီ။ ပြဿနာရဲ့ အကျဉ်းချုပ်ဆီကို ကျွန်တော်တို့ ရောက်လာကြပြီ။ ကျွန်တော်ပြောကာ ကြမ်းတမ်းကောင်း ကြမ်းတမ်းမယ်။ သို့သော် ဘာကြောင့် မလုပ်နိုင်ဘူးဆိုတာကို ကျွန်တော် ပြောပါ့မယ်။ ခင်ဗျားတို့ဟာ စီးပွားရေးလုပ်ငန်းကို သေးငယ်တဲ့ နည်းလမ်းကလေးများအရ လေ့လာခဲ့ကြသော်လည်း လူမှုရေး ဖြစ်ပေါ်ပြောင်းလဲမှုကိုတော့ လုံးဝ မလေ့လာခဲ့ကြဘူး။ ခင်ဗျားတို့ဟာ အခု စီးပွားရေး ဖြစ်ပေါ်ပြောင်းလဲမှုအတွင်းက အသွင်ကူးပြောင်းရေးအဆင့်မှာ ရောက်နေကြသော်လည်း ဒါကို ခင်ဗျားတို့ နားမလည်ကြဘူး။ ဒါကြောင့် အားလုံး ရှုပ်ထွေးနေကြတာပါ။ ဘာကြောင့် ခင်ဗျားတို့ ပြန်မသွားနိုင်သလဲ။ ပြန်ကို မပြန်နိုင်လို့ပါ။ ရေစီးကြောင်းကို တောင်ကုန်းပေါ် စီးအောင် လုပ်တာက လွယ်ရင်လွယ်မယ်။ စီးပွားရေးဖြစ်ပေါ် ပြောင်းလဲမှု ရေစီးကြောင်းကို နောက်ပြန်စီးအောင်တော့ ခင်ဗျားတို့ မလုပ်နိုင်ဘူး။

"လုပ်အား ချွေတာတဲ့ စက်ယန္တရား ရှေ့မှောက်၊ စနစ်တကျ စည်းရုံးထားတဲ့ ကုန်ထုတ်လုပ်မှု ရှေ့မှောက်၊ ပေါင်းစပ်မှုရဲ့ တိုးပွားနေတဲ့ လုပ်ငန်းကျွမ်းကျင်မှု ရှေ့မှောက်မှာ ခင်ဗျားတို့ဟာ စီးပွားရေး နေလုံးကြီးကို နောက်ပြန် [illegible] ခင်ဗျားတို့ လူ့အဆက်အနွယ် တစ်ဆက်လုံး ကြိုးစားရမှာပဲ။ ဒါမှ မဟုတ် အရင်းရှင်ကြီးတွေ၊ စက်ယန္တရားကြီးတွေ၊ မီးရထားလမ်းတွေ မရှိတဲ့ အချိန်ကာလ၊ စီးပွားရေး မင်းမဲ့ခေတ်အတွင်း အရင်းရှင် အငယ်စားတွေ တစ်ယောက်ကို တစ်ယောက် စစ်ခင်းနေကြတဲ့ အချိန်ကာလ၊ ကုန်ထုတ်လုပ်မှုမှာ ခေတ်လည်း [illegible] အလေအလွင့်လည်း များ၊ စရိတ်စကလည်း ကြီးတဲ့ အချိန်ကာလဆီကို ခင်ဗျားတို့ ကြိုးစားရမှာပဲ။ ကျွန်တော်ပြောတာ ယုံပါ။ အရင်းရှင် အငယ်စားတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ နေဟာ ဝင်ပါပြီ။ နောက်တစ်ဖန် ဒီနေ ထွက်လာမှာ မဟုတ်ပါဘူး။ ဒီလို မဝင်အောင်လည်း ခင်ဗျားတို့ တားမထားနိုင်ပါဘူး။ ခင်ဗျားတို့ဟာ ပျောက်ကွယ်နေပါပြီ။ လူ့အဖွဲ့အစည်း မျက်နှာပြင်ပေါ်က ခင်ဗျားတို့ လုံးဝ ပျောက်ကွယ်သွားရဖို့ သေချာနေပါပြီ။

"ဒါဟာ ဖြစ်ပေါ် တိုးတက်မှုရဲ့ စီရင်ချက်ပါ။ ပေါင်းစပ်မှုဟာ ပြိုင်ဆိုင်မှုထက် ပိုပြီး အားအင်ကြီးမားပါတယ်။ သမိုင်းဦးခေတ်က လူဟာ ကျောက်တောင်တွေကြားမှာ ပုန်းကွယ်နေတဲ့ သတ္တဝါပါ။ သူတို့အချင်းချင်း ပေါင်းစပ်ပြီး သူတို့ ရန်သူကို စစ်ခင်းတယ်။ ဒီပေါင်းစပ်မှုကြောင့် အခြားသော တိရစ္ဆာန်အားလုံးထက် သာလာတာပါ။ အဲဒီအချိန်ကစပြီး လူဟာ ပေါင်းစပ်မှုကြီးသည်ထက် ကြီးလာခဲ့တယ်။ ပေါင်းစပ်လိုက်၊ ပြိုင်ဆိုင်လိုက်ပေါ့။ ဒါဟာ ရာစုခေတ်တစ်ထောင် ရှည်ကြာတဲ့ တိုက်ပွဲပဲ။ ဒီတိုက်ပွဲမှာ ပြိုင်ဆိုင်မှု ပြင်းထန်လာပြီး ပြိုင်ဆိုင်မှုဘက် ပါသူတွေ ကျဆုံး ပျက်စီးသွားရတာချည်းပဲ"

"ဒါပေမယ့် အရင်းစုပေါင်းလုပ်ငန်းကြီးတွေလည်း အချင်းချင်း ပြိုင်ဆိုင်မှုက ပေါ်ထွက်လာတာပဲ" ဟု မစ္စတာ ကယ်လ်ဗင်က ကြားဖြတ် ပြောပါသည်။

"အင်မတန် မှန်ပါတယ်။ အရင်းစုပေါင်း လုပ်ငန်းကြီးတွေ ကိုယ်တိုင်က ပြိုင်ဆိုင်မှုကို ဖျက်ဆီးပစ်တယ်၊ ခင်ဗျား စကားနဲ့ ပြောရရင် အဲဒါကြောင့် ခင်ဗျားကိုယ်တိုင် နို့လုပ်ငန်းထဲမှာ မရှိတော့တာပေါ့"

စားပွဲတစ်ဝိုက် ပထမဆုံးသော ရယ်သံများ ရောထွက်လာပါသည်။ မစ္စတာ ကယ်လ်ဗင် ကိုယ်တိုင်လည်း ရယ်မောနေသည်။

"ကဲ. . . အခု ဒီအရင်းစုပေါင်းလုပ်ငန်းကြီးတွေအကြောင်း စကားစပ်မိခိုက် ပြဿနာ အနည်းငယ်ရှင်းကြရအောင်၊ ကျွန်တော်က ပြောမယ်၊ ကျွန်တော် ပြောတာကို ခင်ဗျားတို့ သဘောမတူရင် ချက်ချင်းပြောပါ။ တိတ်တိတ်နေရင် သဘောတူတဲ့ အဓိပ္ပာယ်ပဲ၊ စက်ယက်ကန်းက လက်ယက်ကန်းထက် ပိုပြီး များပြားသက်သာစွာ ရက်လုပ်နိုင်တယ် ဆိုတာ မမှန်ဘူးလား"

သူက စကား ရပ်ထားလိုက်သော်လည်း မည်သူကမျှ မပြောကြ။

"ဒါဖြင့်ရင် စက်တွေကို ရိုက်ချိုးပြီး အင်မတန် နှေးကွေးပြီး စရိတ်စကတွန်ကျလှတဲ့ လက်ယက်ကန်းဆီ ပြန်သွားရေးဆိုတာဟာ ပိုပြီး မသင့်တော်ဘူး မဟုတ်လား"





ဟုတ်မှန်ကြောင်း ခေါင်းညိတ်ကြသည်။

"အရင်းစုပေါင်း အဖွဲ့အစည်းလို့ သိထားတဲ့ ပေါင်းစပ်မှုက အသေးစားလုပ်ငန်းတွေရဲ့ ပြိုင်ဆိုင်မှုထက် ပိုမိုများပြားစွာ ပိုမိုသက်သာစွာ ထုတ်လုပ်နိုင်တယ်ဆိုတာ မဟုတ်လား"

မည်သူကမျှ ကန့်ကွက်ခြင်း မရှိ။

"ဒါဖြင့် ဒီလို သက်သာ ထိရောက်တဲ့ ပေါင်းစပ်မှုကို ဖျက်ဆီးပစ်ရေးဆိုတာ မသင့်လျော်ဘူး မဟုတ်လား"

အတန်ကြာသည်အထိ မည်သူကမျှ အဖြေမပေး။ ထို့နောက် မစ္စတာ ကိုဝေါလ်က. . .

"ဒါဖြင့် ကျုပ်တို့ ဘာလုပ်ရမှာတုန်း။ အရင်းစုပေါင်းလုပ်ငန်းတွေကို ဖျက်ဆီးပစ်ရေးဟာ သူတို့ စိုးမိုးမှုအောက်က ကျုပ်တို့ ထွက်ပြေးလွတ်မြောက်နိုင်မယ့်လမ်းပဲ"

အားနက်မှာ ချက်ချင်းဆိုသလို စိတ်အား တက်ကြွလာပါသည်။

"တခြားလမ်းကို ကျွန်တော်ပြမယ်။ ကောင်းမွန်သက်သာစွာ ထုတ်လုပ်နေတဲ့ အံ့ဩဖွယ်ရာ စက်တွေကို မဖျက်ဆီးကြပါနဲ့။ ဒီစက်တွေကို ကျွန်တော်တို့ ထိန်းချုပ်ကြပါစို့။ ဒီစက်တွေရဲ့ အရည်အချင်းအရ အမြတ်အစွန်းရယူကြပါစို့။ စက်တွေကို ကျွန်တော်တို့အတွက် ခန့်ခွဲလုပ်ကိုင်ကြပါစို့။ အံ့ဩဖွယ်ရာ စက်တွေ ရဲ့ လတ်ရှိပိုင်ရှင်တွေကို မောင်းထုတ်ပြီး ကျွန်တော်တို့ဘာသာ ပိုင်ဆိုင်ကြပါစို့။

"လူကြီးမင်းများခင်ဗျား. . . ဒါဟာ ဆိုရှယ်လစ် ဝါဒပါပဲ။ အရင်းနှီးလုပ်ငန်းထက် ကြီးမားတဲ့ ပေါင်းစပ်မှုပါပဲ၊ ယခုအထိ လောကကြီးမှာ ပေါ်ပေါက်ခဲ့ဖူးသမျှမှာ အကြီးမားဆုံး စီးပွားရေးနဲ့ လူမှုရေး ပေါင်းစပ်မှုပါပဲ။ ဒါဟာ ဖြစ်ပေါ် ပြောင်းလဲမှုနဲ့လဲ ကိုက်ညီပါတယ်၊ ပေါင်းစပ်မှုကို ပိုမိုကြီးမားတဲ့ ပေါင်းစပ်မှုနဲ့ ရင်ဆိုင်တာပါပဲ။ ဒါဟာ အောင်ပွဲဘက်မှာ ရှိပါတယ်၊ ကျွန်တော်တို့ ဆိုရှယ်လစ်များဘက်ကို လာကြပါ။ အောင်ပွဲဘက်က ရပ်ကြပါ"

ဤနေရာတွင် မကျေနပ်သံများ ပေါ်ထွက်လာပါသည်၊ ခေါင်းတွေ ခါကြသည်၊ တီးတိုးပြောကြသည်။

"ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့က သတ္တရာဇ် အမှားအတိုင်း လိုက်ကြတယ်ပေါ့၊ မျိုးနိုးစဉ်ဆက် ဝါဒအတိုင်း လိုက်လုပ်ချင်ကြတယ်ပေါ့။ ဒီလိုဆိုရင် ခင်ဗျားတို့ဟာ မျိုးနိုးစဉ်ဆက် ဝါဒလိုပဲ ပျောက်ကွယ်သွားဖို့ သေချာနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခုလက်ရှိ အရင်းစုပေါင်း လုပ်ငန်းတွေထက် ပိုမိုကြီးမားတဲ့ ပေါင်းစပ်မှု ပေါ်လာရင် ဘာဖြစ်မလဲဆိုတာ ခင်ဗျားတို့ မေးမိကြရဲ့လား။ လူမှုရေး၊ စီးပွားရေး နဲ့ နိုင်ငံရေး ပေါင်းစပ်မှုကြီးတွေ ကြီးသထက် ကြီးလာတဲ့အခါမှာ ခင်ဗျား ဘယ်လိုရပ်တည်ကြမလဲဆိုတာ စဉ်းစားမိကြရဲ့လား"

သူက မစ္စတာ ကယ်လ်ဗင်ဘက်သို့ လှည့်၍ ဆက်ပြောပြန်သည်။

"ဒါ မှန် မမှန် ကျွန်တော့်ကို ပြောစမ်းပါ။ ခင်ဗျားဟာ နိုင်ငံရေးပါ ဟောင်းတွေက စုပေါင်း လုပ်ငန်းကြီးများရဲ့ လက်ထဲ ရောက်နေတဲ့အတွက် နိုင်ငံရေးပါတီသစ် မလွှဲမရှောင်သာ ထောင်နေရတယ်။ ခင်ဗျားရဲ့ တောင်သူ လယ်သမား နိုင်ငံရေးဝါဒ ဖြန့်ချိမှုမှာ အကြီးဆုံးအဟန့်အတားကတော့ အရင်းစုပေါင်း အဖွဲ့အစည်းတွေပဲ။ ခင်ဗျားရဲ့ အခက်အခဲတိုင်း၊ ခင်ဗျား ခံရ ထိုးနှက်မှုတိုင်း၊ ခင်ဗျား ရရှိတဲ့ ဆုံးရှုံးမှုတိုင်းရဲ့ လက်သည်ဟာ အဲဒီအဖွဲ့အစည်း ကြီးတွေချည်းပဲ။ အဲဒါ မဟုတ်ဘူးလား။ ကျွန်တော့်ကို ပြောစမ်းပါ"

မစ္စတာ ကယ်လ်ဗင်မှာ စိတ် မသက်သာဖြင့် ထိုင်နေသည်။

"ပြောပါ" ဟု အားနက်က အားပေးသည်။

"မှန်ပါတယ်ဗျာ။ ကျုပ်တို့ဟာ အော်ရီဂွန်ပြည်နယ် ဥပဒေပြုလွှတ်တော် ကို အပိုင်စီးမိပြီး အင်မတန် ကောင်းမွန်တဲ့ ကာကွယ်စောင့်ရှောက်မှု ဥပဒေကြမ်း တင်သွင်းခဲ့ပေမယ့် အရင်းစုပေါင်းလုပ်ငန်းကြီးရဲ့ သတ္တဝါတစ်ကောင်ဖြစ် ဘုရင်ခံက ဗီတိုနဲ့ ပယ်ချခဲ့တယ်ဗျ။ ကိုလိုရာဒိုဘုရင်ခံတစ်ယောက်ကို ကျုပ် ရွေးခဲ့တယ်။ ဒါကို ဥပဒေပြုလွှတ်တော်က အတည်မပြုဘူး။ အမျိုးသားဝင်ငွေ ဥပဒေကြမ်းကို ကျုပ်တို့ နှစ်ကြိမ်တိုင်တိုင် အတည်ပြုခဲ့ပေမယ့် ဒီလို ထင်တိုင်း တရားလွှတ်တော်ချုပ်က အခြေခံ ဥပဒေနဲ့ မကိုက်ညီဘူးဆိုပြီး ပယ်ချခဲ့တယ် တရားရုံးတွေဟာ အရင်းစုပေါင်း အဖွဲ့အစည်းကြီးတွေရဲ့ လက်ထဲက ဒါပေမယ့် တစ်ချိန်ချိန်တော့ ရောက်လာဦးမှာပေါ့"

"ဘယ်အချိန်လဲ။ ဒီလုပ်ငန်းကြီးတွေ ပေါင်းစပ်မှုက ဥပဒေပြုလွှတ်တော် အားလုံးကို ချုပ်ကိုင်တဲ့ အချိန်၊ လုပ်ငန်းကြီးတွေ ပေါင်းစပ်မှု ကိုယ်တိုင် အစိုးရဖြစ်လာတဲ့ အချိန်လား" ဟု အားနက်က ဖြတ်မေးပါသည်။

"မဟုတ်ဘူး။ ဘယ်တော့မှ မဟုတ်ဘူး" ဟု အားလုံးက ဝိုင်း အော်ဟစ်ကြသည်။

"ကောင်းပါပြီ။ အဲဒီလိုအချိန်မျိုး ရောက်လာရင် ခင်ဗျားတို့ ဘာလု





ကြမလဲ"

"ကျုပ်တို့အားနဲ့ ကျုပ်တို့ ထကြမယ်" ဟု မစ္စတာ အက်စ်မန်ဆင်က အော်လိုက်သည်။ သူ့ကို ထောက်ခံသံများ ပေါ်ထွက်လာသည်။

"အဲဒါဆို ပြည်တွင်းစစ် ဖြစ်လိမ့်မယ်" ဟု အားနက်က သတိပေး လိုက်ပါသည်။

"ပြည်တွင်းစစ်ဖြစ်လည်း ဖြစ်ပါစေပေါ့။ ကျုပ်တို့ ဘိုးဘေးဘီဘင်တွေ ခဲ့ကြတာကို ကျုပ်တို့ မမေ့ဘူး။ ကျုပ်တို့ လွတ်လပ်မှုအတွက် ကျုပ်တို့ တိုက်ဖို့ သေခံဖို့အသင့်ပဲ" မစ္စတာ အက်စ်မန်ဆင်က ပြောရာ အများက ဝိုင်းထောက်ခံ ကြသည်။

အားနက်က ပြုံးနေပါသည်။

"ခင်ဗျားတို့ကိစ္စမှာ လွတ်လပ်ခွင့်ဆိုတာဟာ တခြားလူဆီက အမြတ်- တွေကို လွတ်လပ်စွာ ညှစ်ထုတ်ခွင့်လို့ စောစောက ပဏာမအားဖြင့် ကျွန်တော် သဘောတူခဲ့ကြတာကို မမေ့ကြပါနဲ့ လူကြီးမင်းခင်ဗျား"

စားပွဲဝိုင်းတစ်ခုလုံး စိတ်ဆိုး မာန်ဆိုး ဖြစ်နေကြသည်။ သို့ရာတွင် အားနက်က ပို၍ တင်းမာလာပါသည်။

"နောက်ထပ် မေးခွန်းတစ်ခုဗျာ။ ခင်ဗျားတို့ ထကြွရခြင်း အကြောင်း- ကတော့ အစိုးရဟာ လုပ်ငန်း အဖွဲ့အစည်းကြီးတွေရဲ့ လက်ထဲမှာ ရောက် တဲ့ အကြောင်းရင်းပဲ။ ဒါကြောင့် ခင်ဗျားတို့ကို ရင်ဆိုင်ဖို့ အတိုချုပ် ပြောရရင် ကန်ပြည်ထောင်စုရဲ့ စနစ်တကျ စည်းရုံးထားသော စက်ယန္တရားကြီး လုံးကို ထုတ်သုံးပါလိမ့်မယ်။ အဲဒီအခါ ခင်ဗျားတို့ အင်အား ဘယ်မှာလဲ"

အားလုံး ငေးငိုင်နေကြသည်။ အားနက်က ဆက်ပြောပြန်ပါသည်။

"အကယ်၍ ခင်ဗျားတို့က ခင်ဗျားတို့ အားအင်နဲ့ ထကြွတဲ့အချိန် တဲ့အခါမှာ ခင်ဗျားတို့ဟာ အရင်းစုပေါင်း လုပ်ငန်းကြီးတွေရဲ့ လွတ်လပ်မှု ဆက်အိုးအိမ် စည်းစိမ်ကို ဆန့်ကျင်ထကြွရာ ရောက်ပါလိမ့်မယ်။ လူကြီးမင်း ခင်ဗျား. . . ခင်ဗျားတို့ကို အစွယ်တွေ ချိုးထားပါတယ်။ လက်သည်းတွေကို ညှပ်ထားပါတယ်။ ခင်ဗျားတို့အင်အားနဲ့ ခင်ဗျားတို့ ထကြွတဲ့ အချိန်မှာ တို့မှာ အစွယ်မရှိ လက်သည်း မရှိတော့ပါဘူး"

ဤသည်ကား အားနက်၏ အဖြေပင် ဖြစ်ပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၉ ]

## အိပ်မက်သချာ

သူက ယင်းကဲ့သို့ ထုတ်ဖော်ပြောဆို လိုက်ခြင်းကြောင့် အိ
အဲ့အားသင့်နေကြခိုက်တွင် အားနက်က ဆက်လက် ပြောဆိုပြန်ပါသည်။

"ဒီည ခင်ဗျားတို့ အားလုံးပေါင်း တစ်ဒါဇင်လောက်က ဆိုရှယ်
ဝါဒဆိုတာ မဖြစ်နိုင်ဘူးလို့ ပြောသွားကြပါတယ်။ ခင်ဗျားတို့က မဖြစ်နိုင်ကြော
ပြောကြတဲ့အတွက် ကျွန်တော်က မလွှဲမရှောင်ဖြစ်နိုင်တယ်ဆိုတာ ပြောလို
တယ်။ ခင်ဗျားတို့ အရင်းရှင်အငယ်ကလေးတွေ ပျောက်ကွယ်သွားရေး
မလွှဲမရှောင်သာသည်သာမက အရင်းရှင်ကြီးများနဲ့ အရင်းစုပေါင်း အဖွဲ့အစ
များလည်း မလွှဲမရှောင်သာ ပပျောက်သွားပါလိမ့်မယ်။ ဖြစ်ပေါ် ပြောင်း
ဒီရေကို ဟန့်တားမရဘူးဆိုတာ မမေ့ပါနဲ့။ ဒီ ဒီရေဟာ ဆက်စီးမြဲ စီးမ
ပြိုင်ဆိုင်မှုမှ ပေါင်းစပ်မှု ဖြစ်လာမယ်။ ပေါင်းစပ်မှုမှ ပိုမိုကြီးမားတဲ့ ပေါင်းစ
ဖြစ်လာမယ်။ ပေါင်းစပ်မှုတကာရဲ့ မဟာပေါင်းစပ်မှုကြီးဖြစ်တဲ့ ဆိုရှယ်လစ်ဝါဒ





ရောက်သည့်တိုင်အောင် စီးဆင်းသွားပါလိမ့်မယ်။

"ကျွန်တော် အိပ်မက်မက်နေတယ်လို့ ခင်ဗျားတို့က ပြောပါတယ်၊ ကောင်းပါပြီ။ ကျွန်တော့်အိပ်မက်ရဲ့ သချာကို ကျွန်တော် ပြောပြမယ်။ ပြီးမယ်၊ ကျွန်တော့်သချာမှာ မှား မမှားဆိုတာကို ပြောဖို့ ကျွန်တော်ခင်ဗျားတို့ကို ကြိုတင် ခွင့်ခေါ်ပါတယ်။ အရင်းရှင်စနစ် ပျက်စီးကျဆုံးမှုရဲ့ မရှောင်လွှဲနိုင်မှု ဆိုတာကို ကျွန်တော် ရှင်းပြပြီး ဘာကြောင့် ကျဆုံးပျက်စီးရမယ် ဆိုတာကို ဖော်ပြပါ့မယ်။

"ကဲ. . . ပထမဦးစွာ စက်မှုလုပ်ငန်း ဖြစ်စဉ်တစ်ခုကို စစ်ဆေးကြည့်ကြမယ်။ ကျွန်တော် ပြောတာကို သဘောမတူရင် ကျေးဇူးပြုပြီး ကျွန်တော့်ကို ဖြတ်ပြောပါ။ ဟောဒီမှာ ဖိနပ်စက်ရုံတစ်ရုံ ရှိတယ်ဆိုပါတော့။ ဒီစက်ရုံက သားရေကို ရယူပြီး ဖိနပ်တွေ လုပ်တယ်။ ဟောဒီမှာ သားရေ ဒေါ်လာ တစ်သိန်းဖိုး။ ဒီသားရေတွေက စက်ထဲရောက်သွားပြီး ဖိနပ်အဖြစ် ပြန်ထွက်လာတယ်။ သူ့တန်ဖိုးက ဒေါ်လာနှစ်သိန်းဆိုပါစို့။ ဘာဖြစ်သွားသလဲ။ မူလ သားရေတန်ဖိုးမှာ ဒေါ်လာတစ်သိန်း ထပ်တိုးလာတယ်။ ဘယ်လိုထပ်တိုးလာသလဲဆိုတာ ကျွန်တော်တို့ ကြည့်ကြရအောင်. . .။

"ဒီဒေါ်လာတစ်သိန်း တန်ဖိုးမှာ ငွေပင်ငွေရင်းနဲ့ လုပ်အား ထပ်တိုးလာတာပါ။ ငွေပင်ငွေရင်းက စက်ရုံ စက်ယန္တရားတွေကို ပေါ်ပေါက်စေတယ်၊ ကုန်ကျစရိတ်အားလုံး ပေးတယ်။ လုပ်အားက လုပ်အားကို ပေါ်ပေါက်စေတယ်၊ ငွေပင်ငွေရင်းနဲ့လုပ်အားရဲ့ ပူးတွဲအားထုတ်မှုအရ ဒေါ်လာတစ်သိန်း တန်ဖိုး ထပ်တိုးလာခြင်း ဖြစ်ပါတယ်။ အဲဒီအထိ ခင်ဗျားတို့ သဘောတူကြပါသလား"

အားလုံးက သဘောတူကြောင်း ခေါင်းညိတ်ကြသည်။

"လုပ်အားနဲ့ ငွေပင်ငွေရင်းက တန်ဖိုးဒေါ်လာတစ်သိန်း ထပ်တိုးစေခဲ့တယ်။ အခု ဒါကို ခွဲခြမ်းကြည့်ရအောင်။ စာရင်းဇယားတွေက ဒီဘက်မှာ တော်တော်ကလေး ရှုပ်ထွေးလေတော့ အားလုံးအတွက် လွယ်တူအောင် ကြမ်းကြမ်းခြေ ပြောကြရအောင်။ ငွေပင်ငွေရင်းက သူ့အစုအဖြစ် ဒေါ်လာငါးသောင်း ယူတယ်။ ဒီခွဲဝေမှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ စကားနိုင်မလုတော့ဘူး။ ဘယ်လောက်ပဲ စကားနိုင်လုလု၊ ခွဲဝေမှုကိုတော့ လုပ်ကြတာချည်းပဲ၊ သီးခြားစက်မှုလုပ်ငန်းတစ်ခုရဲ့ ဖြစ်စဉ်ဟာ တခြားစက်မှုလုပ်ငန်းဖြစ်စဉ် အားလုံးအတွက်လည်း သက်ဆိုင်တယ်ဆိုတာကို သတိပြုကြပါ. . .။ ကျွန်တော် မှန်ပါသလား"

စားပွဲတစ်ခုလုံးက ခေါင်းညိတ်ကြပြန်သည်။

www.burmeseclassic.com



"ကဲ . . . အစုအဖြစ် ဒေါ်လာငါးဆယ်ရသွားတဲ့ လုပ်အားက ဖိနပ်ပြန်ဝယ်ချင်တယ်။ ဒေါ်လာငါးဆယ်နဲ့ ဝယ်မှသာ ရမယ်။ အဲဒါ ရှင်းတယ် မဟုတ်လား။ အဲဒီတော့ ဒီသီးခြားဖြစ်စဉ်ကနေပြီး အမေရိကန်ပြည်ထောင်စုတစ်ခုလုံးမှာရှိတဲ့ သားရေကုန်ကြမ်း၊ သယ်ယူပို့ဆောင်ရေး၊ ရောင်းချရေးစတဲ့ စက်မှုလုပ်ငန်းဖြစ်စဉ်အားလုံးဆီကို ကျွန်တော်တို့ ကူးပြောင်းကြရအောင်။

"အနီးဆုံး ဂဏန်းရအောင်ပြောကြရအောင်။ အမေရိကန် ပြည်ထောင်စုတခုလုံးက တစ်နှစ် နေ့ဥစ္စာစုစုပေါင်း ထုတ်လုပ်မှုဟာ ဒေါ်လာ သန်း လေးထောင်ဆိုကြပါစို့။ လုပ်အားက အဲဒီကာလအတွင်း လုပ်ခလစာအဖြစ် ဒေါ်လာ သန်းနှစ်ထောင် ရတယ်။ ထုတ်လုပ်တာက ဒေါ်လာသန်းလေးထောင် ရှိတယ်၊ လုပ်အားက ဘယ်လောက်ပြန်ဝယ်နိုင်သလဲ။ သန်းနှစ်ထောင်။ အဲဒီတော့ ဒါကိုဆွေးနွေးစရာရှိမယ်လို့ ကျွန်တော် မထင်ပါဘူး။ ဒီကိစ္စမှာ ကျွန်တော့် ရာနှုန်းတွေကသက်သက်ညာညာပါ။ အရင်းရှင်တို့ရဲ့ ကိရိယာ တစ်ထောင်ကြောင့်အမှန်ဆိုတော့ ထုတ်လုပ်မှုရဲ့ တစ်ဝက်ကိုတောင် ပြန်မဝယ်နိုင်ကြပါဘူး။

"သို့သော် စကားပြန်ကောက် ရမယ်ဆိုရင် လုပ်အားက ဒေါ်လာသန်းနှစ်ထောင်ဖိုး ဝယ်တယ်ဆိုပါစို့။ သဘောကတော့ လုပ်အားဟာ ဒေါ်လာသန်းနှစ်ထောင်ဖိုးပဲ စားသုံးနိုင်တယ်၊ လုပ်အားက ပြန်ဝယ်ပြီး စားသုံးခြင်း မပြုနိုင်တဲ့သန်းနှစ်ထောင် ကျန်နေပါသေးတယ်"

"သာန်းနှစ်ထောင်တောင် မစားသုံးနိုင်ပါဘူး။ အဲဒီလိုသာဆိုရင် ငွေစုဘဏ်မှာ အပ်နှံငွေ ဘယ်ရှိတော့မှာလဲ" ဟု မစ္စတာကိုဝေါလ်က ဝင်ရောက်ပြောဆိုပါသည်။

"ငွေစုဘဏ်တွေမှာ လုပ်အားက စုဆောင်းငွေတွေဟာ ရတာနဲ့တစ်ပြိုင်နက် စားသုံးပစ်လိုက်တဲ့ အရန်ထားမှုတမျိုးသာဖြစ်ပါတယ်။ ဒီငွေတွေဟာ သက်ကြီးရွယ်အိုဖြစ်မှု၊ နာမကျန်းဖြစ်မှု၊ မတော်တဆ ထိခိုက်မှုများနဲ့ သေစရိတ်များအတွက် စုဆောင်းထားခြင်းသာဖြစ်ပါတယ်။ ငွေစုဘဏ်က စုငွေတွေဟာ နောက်တစ်နေ့စားဖို့ ချန်ထားတဲ့ပေါင်မုန့်ပါ။

"ငွေပင်ငွေရင်းအတွက် သန်းနှစ်ထောင်ကျန်တယ်။ အဲဒီအသုံးစရိတ်တို ပေးပြီးနောက် ကျန်တာကို စားသုံးပစ်သလား။ ငွေပင်ငွေရင်းက သန်းနှစ်ထောင်စလုံးကို စားသုံးပစ်သလား"

ဤနေရာတွင် အားနက်က စကားရပ်ကာ လူတွေကို တဲ့တိုးမေးခွန်း





ထုတ်ထားသည်။ အားလုံး ခေါင်းခါပြကြသည်။

"ကျုပ်တော့ မသိဘူး" ဟု တစ်ယောက်က ရှင်းရှင်းပင် ဖြေပါသည်၊

"အမှန်က ခင်ဗျားသိတယ်။ ခဏ စဉ်းစားလိုက်စမ်းပါ။ ငွေပင်ငွေရင်းက သူ့အစုကို စားသုံးပစ်တယ်ဆိုရင် ငွေပင်ငွေရင်းစုစုပေါင်းဟာ မတိုးပွားနိုင်ပါဘူး။ ဒီအတိုင်း အမြဲကျန်နေမှာပေါ့။ အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးသမိုင်းကို ခင်ဗျားတို့ကြည့်ရင် ရင်းနှီးမြှုပ်ငွေ စုစုပေါင်းဟာ အဆက်မပြတ်တိုးပွားနေတာကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့် ငွေပင်ငွေရင်းက သူ့အစုကိုစားသုံးမပစ်ပါဘူး။ ကျွန်တော်တို့ မီးရထားလုပ်ငန်း အာမခံစာချုပ်များစွာကိုအင်္ဂလန်က ပိုင်ဆိုင်ခဲ့တဲ့အချိန်ကို ခင်ဗျားတို့မှတ်မိသလား၊ နှစ်ကြာလာတာနဲ့အမျှ ဒီစာချုပ်တွေကို ကျွန်တော်တို့က ပြန်ဝယ်ခဲ့တယ်။ အဲဒီ အဓိပ္ပာယ်ကဘာလဲ။ ငွေပင်ငွေရင်းရဲ့ စားသုံးမပစ်တဲ့ အစုရှယ်ယာပိုင်းက ဒီစာချုပ်တွေကိုပြန်ဝယ်ခြင်းပဲ ဖြစ်ပ် တယ်၊ ယနေ့ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ အရင်းရှင်ကြီးတွေက မက္ကဆီကို အာမခံစာချုပ်တွေ ရုရှ အီတလီ၊ ဂရိအာမခံစာချုပ်တွေရဲ့ဒေါ်လာသိန်းပေါင်း ရာပေါင်းများစွာကို ပိုင်ဆိုင်နေတာ ဘာအဓိပ္ပာယ်လဲ။ အဓိပ္ပာယ်ကတော့ သန်းပေါင်းရာပေါင်းများစွာဟာ ငွေပင်ငွေရင်းက စားသုံးပစ်ခြင်းမပြုတဲ့ ငွေပင်ငွေရင်းရဲ့ အစုရှယ်ယာ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်၊ ဒါတွင်မက အရင်းရှင်စနစ်ရဲ့ အစကနဦးကစပြီး ငွေပင်ငွေရင်းဟာ မိမိရဲ့ အစုရှယ်ယာအားလုံးကို စားသုံးပစ်ခဲ့ခြင်း မရှိပါဘူး။

"အခု ကျွန်တော်တို့ လိုရင်းကိုရောက်လာပါပြီ။ အမေရိကန် ပြည်ထောင်စုမှာ တစ်နှစ်အတွင်း မနုဥစ္စာဒေါ်လာသန်းပေါင်း လေးထောင်ဖိုးထုတ်လုပ်တယ်။ လုပ်အားက သန်းနှစ်ထောင်ကို ပြန်ဝယ်တယ်၊ စားသုံးပစ်တယ်၊ ကျန်တဲ့ သန်းနှစ်ထောင်ကို ငွေပင်ငွေရင်းက စားသုံးခြင်းမပြုဘူး၊ စားသုံးပစ်တဲ့ဘက်မှာ အများကြီးကျန်နေတယ်။ အဲဒီကျန်ငွေနဲ့ဘာလုပ်သလဲ၊ ဘာလုပ်နိုင်မလဲ။ လုပ်အားက သူ့လုပ်ခလစာများအဖြစ် အားလုံးကို စားသုံးပြီးဖြစ်တဲ့အတွက် ကျန်တာကို တစ်ပြားတစ်ချပ်မှ မစားသုံးနိုင်ဘူး၊ ငွေပင်ငွေရင်းကလဲ ဒီ ကျန်တာကို စားသုံးမှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူ့ခင်တိုင်းသဘာဝအတိုင်း စားသုံးနိုင်သလောက် စားသုံးပြီးလို့ပဲ၊ ကျန်တာတလဲ ကျန်နေသေးတယ်။ ဒီကျန်တာနဲ့ ဘာလုပ်နိုင်မလဲ၊ ဘာလုပ်ကြသလဲ"

"နိုင်ငံခြားကို ရောင်းပစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု မစ္စတာကိုဝေါလ်က ဝင်ဖြေပါ သည်။

"မှန်ပါတယ်။ အဲဒါပါပဲ။ ဒီလက်ကျန်ကြောင့် ကျွန်တော်တို့ နိုင်ငံခြား ဈေးကွက် လိုအပ်မှုပေါ်လာတာပါ။ ဒါကို နိုင်ငံခြားပြန်ရောင်းတယ်။ ရောင်း လည်း ရောင်းရမယ်။ ဒါမှအပ တခြားထွက်လမ်းမရှိဘူး။ အဲဒီလို အပိုအလျှံ နိုင်ငံခြားသို့ ရောင်းချခြင်းအားဖြင့် ကျွန်တော်တို့ လိုလားကြတဲ့ ကုန်သွယ်ညီမျှ ဖြစ်လာတာပါပဲ။ အဲဒီအထိ သဘောတူကြပါသလား"

"ကူးသန်းရောင်းဝယ်မှု ကကြီးခခွေးတွေကို အကျယ်ချဲ့နေတာဟာ အချိန်ကုန်ပါတယ်လေ။ ကျုပ်တို့အားလုံး ဒါတွေ နားလည်ပါတယ်" မစ္စတာ ကယ်လ်ဝင်က ခနော်ခနဲ့ပြောပါသည်။

အားနက်က နှုတ်လှန်ထိုးလိုက်ပြန်ပါသည်။

"အဲဒီ ကျွန်တော် ဂရုတစိုက်ရှင်းပြနေတဲ့ ကကြီးခခွေးအရ ခင်ဗျား မှတ်သားလောက်အောင် ကျွန်တော်ပြောမယ်။ အဲဒီမှာ အလှအပကလေး ရှိတယ်။ ခုချက်ချင်း အဲ. . . ခင်ဗျားတို့ကို ရှင်းမယ်"

"အမေရိတန်ပြည်ထောင်စုဟာ မိမိသယံဇာတ အရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်စေခဲ့တဲ့ အရင်းရှင်နိုင်ငံ တစ်နိုင်ငံဖြစ်တယ်။ သူ့စက်မှုလုပ်ငန်း အရင်းရှင်စနစ်အရ ဖယ်ထုတ်ပစ်ရမယ့် မစားသုံးသော အပိုအလျှံတွေရှိတယ် နိုင်ငံခြားမှာ ဖယ်ထုတ်ပစ်ရမယ့် အပိုအလျှံတွေပါ။ အမေရိကန်ပြည်ထောင်စု ဖြစ်နေတာဟာ သယံဇာတ အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်တဲ့ အခြားအရင်း နိုင်ငံအားလုံးမှာ ဖြစ်နေတာနဲ့ အတူတူချည်းပါပဲ။ အဲဒီလို နိုင်ငံတိုင်းမှာ မစား သော အပိုအလျှံတွေ ရှိကြတာချည်းပဲ။ ဒီအပိုအလျှံတွေကို တခြားနိုင်ငံတွေ ကုန်သွယ်မှုတွေ လုပ်ပြီးပြီ။ ဒါပေမယ့် ဒီအပိုအလျှံတွေ ကျန်မြဲ ကျန်နေသေး တယ်ဆိုတာ မမေ့ပါနဲ့။ အဲဒီနိုင်ငံတွေက လုပ်အားကဆူတို့ရဲ့ လုပ်ခလစာ ကို သုံးစွဲပြီးပြီ။ ဒါကြောင့် အပိုအလျှံ တစ်ခုတလေကိုမှ မဝယ်နိုင်ဘူး။ အဲဒီနိုင် တွေက ငွေပင်ငွေရင်းက သူ့သဘောသဘာဝအတိုင်း အားလုံးကို စားသုံးပြီး သို့သော် အပိုအလျှံကျန်နေပါသေးတယ်။ ဒီအပိုအလျှံတွေကို တခြားမှာ သွ လွှင့်ပစ်လို့မရဘူး။ ဘယ်လိုလုပ်မလဲ"

"သယံဇာတ မဖွံ့ဖြိုးတဲ့ နိုင်ငံတွေကို ရောင်းရမှာပေါ့" မစ္စတာကိုဝေါ် က အကြံပေးပါသည်။

"အဲဒါပါပဲ. . .။ ကျွန်တော့်ရှင်းချက်တွေ ဘယ်လောက်လွယ်သ





ရှင်းသလဲဆိုတာ ခင်ဗျားတို့စိတ်ထဲကကို သိနေကြပြီ။ ကဲ. . . နောက်တစ်ဆင့်။ အမေရိကန်ပြည်ထောင်စုက ဆိုပါစို့လေ။ ဘရာဇီးလ်လို သယံဇာတ မဖွံ့ဖြိုးတဲ့ နိုင်ငံကို အပိုအလျှံတွေ တင်ပို့ပြီ ဆိုပါတော့။ ဒီလို တင်ပို့တယ်ဆိုတာ ဘာဝဲ ချောချော ကုန်သွယ်လုပ်ငန်းလုပ်တာဖြစ်ကြောင်း မမေ့ကြပါနဲ့။ အဲဒီတော့ အမေရိကန်ပြည်ထောင်စုဟာ ဘရာဇီးလ်ထံမှာ ဘာပြန်ယူသလဲ"

"ရွှေ. . ." မစ္စတာကိုဝေါလ်က ဆို၏။

"ရွှေ ဆိုတာကလည်း ကမ္ဘာမှာ များများစားစား ရှိတာ မဟုတ်ဘူး။ နှိုင်းသင့်သလောက်သာ ရှိတာ"

"အာမခံစာချုပ်စာတမ်းများအရ တခြားပုံစံများအရ ရွှေကိုယူတာပေါ့" ဟု မစ္စတာကိုဝေါလ်က ဆက်ပြောပါသည်။

"ဟုတ်ပြီ။ ခင်ဗျား လိုရင်းကို ရောက်သွားပြီ။ အမေရိကန်ပြည်ထောင်စု ဟာ သူ့ရဲ့ အပိုအလျှံများအတွက် ဘရာဇီးလ်က အာမခံစာချုပ်စာတမ်းများ ကို ရယူတယ်။ အဲဒီသဘောက ဘာလဲ။ အဲဒီသဘောတတော့ အမေရိကန် ပြည်ထောင်စုဟာ ဘရာဇီးလ်က မီးရထားလမ်းတွေ၊ စက်ရုံတွေ၊ မိုင်းတွေ၊ မြေ တွေကို ပိုင်ဆိုင်လာတဲ့ သဘောပဲ။ အဲဒါရဲ့ အဓိပ္ပာယ်က ဘာလဲ"

မစ္စတာကိုဝေါလ်က စဉ်းစားနေပြီးနောက် ခေါင်းခါသည်။ ထိုအခါ အားနက်က ဆက်ပြောသည်။

"ကျွန်တော် ပြောမယ်။ အဲဒီအဓိပ္ပာယ်က ဘရာဇီးလ်ရဲ့ သယံဇာတ တွေ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဆိုတဲ့ အဓိပ္ပာယ်ပဲ။ နောက်တစ်ချက်တ ဘရာဇီးလ်ဟာ အရင်းရှင်စနစ် အောက်မှ သယံဇာတတွေ ဖွံ့ဖြိုးတိုးတက်လာခဲ့ ပြီး သူကိုယ်တိုင် မသုံးစွဲနိုင်တဲ့ အပိုအလျှံတွေပေါ်ထွက်လာတယ်။ သူက ဒီ အပိုအလျှံတွေကို အမေရိကန်ပြည်ထောင်စုသို့ ပို့နိုင်ပါ့မလား။ အမေရိတန် ပြည်ထောင်စုကလည်း အလျှင်ကအတိုင်း သူ့အပိုအလျှံတွေကို ဘရာဇီးလ်သို့ ပို့နိုင်ပါ့မလား။ ဘရာဇီးလ်မှာလည်း အပိုအလျှံ ရှိလာလို့ ပို့လို့မဖြစ်ဘူး။

"အဲဒီတော့ ဘာဖြစ်သလဲ။ အမေရိကန်ပြည်ထောင်စုနဲ့ ဘရာဇီးလ် နှစ်နိုင်ငံစလုံးက သူတို့အပေါ် ဖိနေတဲ့ အပိုအလျှံတွေကို တင်ပို့ဖို့ သယံဇာတ မဖွံ့ဖြိုးတဲ့ တခြားနိုင်ငံတွေကို ရှာဖွေကြရရော။ သို့သော် အပိုအလျှံတွေတို့ ပို့ ဖြစ်စဉ်ကြောင့် အဲဒီနိုင်ငံတွေရဲ့ သယံဇာတတွေဟာလည်း ဖွံ့ဖြိုးလာပြီတယ်။ ကြောင့် သူတို့မှာလည်း ပိုလျှံလာပြီး ဒီပိုလျှံတာတွေပို့ဖို့ တခြားနိုင်ငံတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေကြရပြန်ရော။

"လူကြီးမင်းများခင်ဗျား. . ကမ္ဘာဟာ ငယ်ပါတယ်။ ကမ္ဘာပေါ်မှာ နိုင်ငံများများစားစား မရှိပါဘူး။ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းက ကိုယ့်မှာ အပိုအလျှံတွေ ကိုယ်စီ ရှိနေကြပြီး တခြား ကိုယ့်လိုပဲ အပိုအလျှံတွေ ကိုင်ထားတဲ့ နိုင်ငံတွေနဲ့ ရင်ဆိုင်ရပ်နေကြတဲ့ အခါမျိုးကျရင် ဘာဖြစ်လာမလဲ"

သူက ခေတ္တမျှရပ်နားကာ နားထောင်နေသူတွေကို အကဲခတ်နေပါသည်။ သူတို့မျက်နှာများတွင် ပဟေဠိတွေ ပေါ်ထွက်နေကြသည်။ အားနက်ကား သူတို့ မြင်သင့်တာတွေကို ကွက်ကွက်ကွင်းကွင်း ဖော်ပြနိုင်ခဲ့ပါသည်။ ယခု ဤပရိသတ်သည် သူတို့မြင်သောအမြင်ဖြင့် စိုးရိမ် ထိတ်လန့်နေကြသည်။

"ကျွန်တော်တို့ ကကြီး ခခွေးနဲ့ စခဲ့တာနော် မစ္စတာကယ်လ်ဗင်။ အခု ကျွန်တော်က နောက်ဆုံး အက္ခရာ ပေးပါ့မယ်။ လွယ်လည်း အင်မတန် လွယ်ပါတယ်။ လှလည်း လှပါတယ်။ ခင်ဗျားတို့ ဖြေနိုင်တာလည်း သေချာပါတယ်။ နိုင်ငံတိုင်းမှာ မသုံးစွဲပစ်တဲ့ အပိုအလျှံတွေ ရှိနေကြရင် ဘယ်လိုဖြစ်မလဲ။ ခင်ဗျားတို့ရဲ့ အရင်းရှင်စနစ် ဘယ်ရောက်သွားမလဲ"

မစ္စတာ ကယ်လ်ဗင်မှာ ခေါင်းကို တွင်တွင်ခါလျက် ရှိပါသည်။ အားနက်၏ ကျိုးကြောင်း ရှင်းလင်းချက်များမှ တစ်ခုတလေသော အမှားကို ရှာဖွေနေပုံရပါသည်။

အားနက်က ဆက်ပြောပြန်ပါသည်။

"ကဲ. . . ကျွန်တော် ခင်ဗျားနဲ့အတူ လိုရင်းကိုပြန်သွားပါ့မယ်။ ကျွန်တော်တို့ဟာ ဖိနပ်စက်ရုံဆိုတဲ့ သီးခြား စက်မှုလုပ်ငန်းဖြစ်စဉ်နဲ့ စတင်ခဲ့တယ်နော်။ အဲဒီက ပူးတွဲထုတ်လုပ်မှုကို ခွဲဝေပုံဟာ စက်မှုလုပ်ငန်း ဖြစ်စဉ်တစ်ခုလုံးရဲ့ ငွေစုစုပေါင်း ခွဲဝေမှုနဲ့ အတူတူပါပဲ။ လုပ်အားက မိမိထုတ်လုပ်တာရဲ့ တချို့တစ်ဝက်ကိုသာ မိမိလုပ်ခ လစာများနဲ့ ပြန်ဝယ်နိုင်ပြီး ကျန်တာကို ငွေပင်ငွေရင်းက အားလုံး စားသုံးပစ်ခြင်း မရှိဘူးဆိုတာ ကျွန်တော်တို့ သိမြင်ခဲ့ကြပြီ။ လုပ်အားက မိမိလုပ်ခလစာများ ရသလောက် စားသုံးပစ်ပြီး ငွေပင်ငွေရင်းက မိမိ အလိုရှိသလောက် စားသုံးပစ်ပြီးသည့်တိုင်အောင် မစားသုံးရသေးတဲ့ အပိုအလျှံတွေ ရှိနေကြောင်း ကျွန်တော်တို့ ရှာဖွေတွေ့ရှိခဲ့ကြပြီး ဒီအပိုအလျှံတွေကို နိုင်ငံခြားသို့သာ ပို့နိုင်ကြောင်းလည်း ကျွန်တော်တို့ သဘောတူခဲ့ကြပြီ။ ဒီအပိုအလျှံတွေ ရှိလာမယ်ဆိုတာကိုလည်း ကျွန်တော်တို့ သဘောတူခဲ့ကြပြီးပြီ။





"ဒီဖြစ်စဉ်ကို ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးသို့ တိုးချဲ့ပြီး နိုင်ငံတိုင်းကလည်း နေ့တိုင်းနှစ်တိုင်း တခြားနိုင်ငံတွေကို တင်ပို့ခြင်း မပြုနိုင်တဲ့ အပိုအလျှံတွေကို ထုတ်လုပ်နေကြပြီ။ အဲဒီ အပိုအလျှံတွေကို ဘယ်လိုလုပ်မလဲဆိုတာ ကျွန်တော် ခင်ဗျားတို့ကို ထပ်မေးချင်တယ်"

အဖြေ မပေါ်လာ။

"မစ္စတာကယ်လ်ဗင်" ဟု အားနက် မေးလိုက်၏။

"ကျုပ်ကတော့ စဉ်းစားတုန်းပဲ" ဟု မစ္စတာ ကယ်လ်ဗင်က ဝန်ခံပါသည်။

"ကျုပ်တော့ ဒါမျိုးကို အိပ်မက်တောင် မမက်ခဲ့ဘူး။ အခုတော့ ရှင်းပါတယ်လေ" ဟု မစ္စတာ အက်စ်မန်ဆင်က ပြောပါသည်။

ကားလ်မတ်၏ အစွန်းထွက် တန်ဖိုး သဘောတရားအား ရှင်းပြခြင်းကို ပထမဆုံးအကြိမ်-ကျွန်မ ကြားဖူးခြင်း ဖြစ်ပါသည်။ ကျွန်မကိုယ်တိုင်ပင် အေးခွန်းတွေ အလီလီ ထုတ်လာရသည်အထိ အားနက်၏ ရှင်းပြချက်မှာ လွယ်ကူလှပါပေသည်။

"အပိုအလျှံတွေ ပြဿနာ ဖြေရှင်းရေး နည်းလမ်းကို ကျွန်တော် ပြောပြမယ်။ ပင်လယ်ထဲ သွန်ချတာပေါ့။ တစ်နှစ် တစ်နှစ်ကို ဒေါ်လာ သန်းပေါင်းထောင်ပေါင်းများစွာ တန်ဖိုးရှိသော ဖိနပ်တွေ၊ ဂျုံတွေ၊ အဝတ်အထည်တွေနဲ့ သန်းရောင်းဝယ်နိုင်တဲ့ ကုန်ပစ္စည်းတွေ မှန်သမျှကို ပင်လယ်ထဲ ပစ်ချတာပေါ့။ အဲဒါကို အံကိုက်ပဲလား"

"အံကိုက် ဖြစ်မှာပေါ့" ဟု မစ္စတာကယ်လ်ဗင်က ဖြေသည်။

"ဒီလိုပြောလို့ မဖြစ်သေးဘူးလေ။ ဘိုးဘေးဘီဘင်တွေရဲ့ ခေတ်ဟောင်းဆီကို ပြန်သွားချင်နေကြတဲ့ ခင်ဗျားတို့အတွက် သာလို့ကို မဖြစ်နိုင်ဘူး။ ဒီအပိုအလျှံပြဿနာ ဘယ်လိုရှင်းကြမလဲ။ အပိုအလျှံ တစ်ခုတလေကိုမှ မထုတ်လုပ်ခြင်းအားဖြင့် အပိုအလျှံ ပြဿနာမှ ခင်ဗျားတို့ ပြေးလွတ်မယ် ထင်သလား။ ဒါ. . . ဒီလိုဆိုရင် အပိုအလျှံ မထုတ်လုပ်ရအောင် ခင်ဗျားတို့ ဘယ်လိုလုပ်မလဲ။ အင်မတန် ရှေးကျပြီး နေးကွေးပြီး အလေအလွင့်များတဲ့ သမိုင်းဦးခေတ်၊ လက်ထုတ်လုပ်ရေးစနစ်ဆီ ပြန်သွားခြင်းအားဖြင့် အပိုအလျှံ ထုတ်လုပ်လို့ မဖြစ်နိုင်တော့ဘူးပေါ့"

မစ္စတာ ကယ်လ်ဗင်သည် တံတွေး မျိုချလိုက်၏။ လိုရင်းကို ရှောင်ထေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ ထို့ကြောင့် လည်ချောင်းရှင်းကာ ထပြောပါတော့သည်၊

"မှန်ပါတယ်၊ ဒါဟာ စိတ်ကူးပါပဲ၊ သို့သော်.ကျုပ်တို့ တစ်ခုခုတော့ လုပ်ရမယ်၊ ဒါဟာ ကျုပ်တို့ လူလတ်တန်းစားအတွက် သေရေးရှင်ရေး ပြဿနာပါပဲ၊ ကျုပ်တို့ ပျက်ပြုန်းမသွားချင်ပါဘူး၊ စိတ်ကူးပဲလို့ ဆိုချင်ဆို ကျုပ်တို့ ဘိုးဘေးဘီဘင်များရဲ့ အကြွမ်းထည်နိုင်လှတဲ့ အလေအလွင့်များတဲ့ နည်းနာတွေဆီကို ပြန်သွားဖို့ ကျုပ်တို့ ရွေးချယ်ပါတယ်၊ စက်မှုလုပ်ငန်း အရင်းပေါင်းစပ်မှု အဖွဲ့အစည်းတွေ မပေါ်ခင်အဆင့်ထိ ကျုပ်တို့ အဲဒါကို ပြန်ပို့ရမယ်၊ စက်တွေကို ကျုပ်တို့ ရိုက်ချိုးမယ်၊ အဲဒါကို ခင်ဗျား ဘာလုပ်မလဲ"

"စက်တွေကိုတော့ ခင်ဗျားတို့ ရိုက်မချိုးနိုင်ဘူးလေ၊ မြစ်ပေါ် ပြောင်းလဲမှု ဒီရေကို ခင်ဗျားတို့ နောက်ပြန်မဆွဲနိုင်ဘူး၊ ခင်ဗျားတို့ လူလတ်တန်းစားထက် အင်အား ပိုမိုကြီးမားတဲ့ အင်အားစုကြီးနှစ်ရပ်က ခင်ဗျားတို့ကို ဆန့်ကျင်နေတယ်၊ အဲဒါ တိုတိုပြောရရင် အရင်းရှင်ကြီးတွေ၊ လုပ်ငန်းအဖွဲ့အစည်းကြီးတွေက ခင်ဗျားတို့ကို နောက်ပြန်လှည့်ခိုင်းမှာ မဟုတ်ဘူး၊ စက်တွေပျက်စီးမှာ သူတို့ မလိုလားဘူး၊ ဒီအဖွဲ့အစည်းတွေထက် ကြီးတာ၊ အင်အား သာလွန်တာကတော့ လုပ်အားပဲ၊ ခင်ဗျားတို့စက်တွေ ဖျက်ဆီးပစ်မှာကို အဲဒါကလည်း ခွင့်ပြုမှာ မဟုတ်ဘူး၊ စက်များလိုပဲ ကမ္ဘာကို ပိုင်ဆိုင်မှုဟာ လုပ်ငန်းအဖွဲ့အစည်းကြီးတွေနဲ့ လုပ်အားအကြားမှာ တည်ရှိနေတယ်၊ ဒါဟာ တူသူချင်း တိုက်တာဗျ၊ ဘယ်ဘက်ကမှ စက်တွေကို မဖျက်ဆီးလိုကြဘူး၊ သို့သော် စက်တွေကို နှစ်ဘက်စလုံးက ပိုင်ဆိုင်လိုကြတယ်၊ ဒီတိုက်ပွဲမှာ လူလတ်တန်းစားအတွက် နေရာမရှိဘူး၊ လူလတ်တန်းစားဟာ ဘီလူးကြီး နှစ်ကောင်အကြားက လူပုကလေးပဲ၊ ခင်ဗျားတို့ လူလတ်တန်းစားတွေဟာ ကျောက်တုံးနှစ်ခုကြား ညပ်နေပြီ၊ ဒီကျောက်တုံးတွေရဲ့ ကြိတ်ချေခြင်း ခံနေရပြီ ဆိုတာကို မမြင်ကြသေးဘူးလား၊

"အရင်းရှင်စနစ်ရဲ့ မလွဲမရှောင်သာ ပျက်စီးကျဆုံးမှုကို သင်္ချာဆဆအရ ကျွန်တော် ဖော်ပြခဲ့ပြီးပြီ၊ နိုင်ငံတိုင်းက မစားသုံးတဲ့၊ ရောင်းမရတဲ့ အပိုအလျှံတွေကို ကိုင်ထားကြတဲ့ အချိန်ကျရင် အရင်းရှင်စနစ်ဟာ သူ မွေးခဲ့တဲ့ အမြတ်အစွန်းတွေရဲ့ ကြောက်မက်ဖွယ် အဆောက်အအုံအောက်မှာ ပျက်စီးကျဆုံးသွားပါလိမ့်မယ်၊ အဲဒီအခါ ဖြစ်လာတဲ့တိုက်ပွဲဟာ စက်တွေကို ပိုင်ဆိုင်ရေးတိုက်ပွဲပဲ ဖြစ်ပါလိမ့်မယ်၊ အကယ်၍ လုပ်အားက နိုင်ခဲ့ရင် ခင်ဗျားတို့ အတွက် နည်းနည်းလွယ်မယ်၊ အမေရိကန်ပြည်ထောင်စုနဲ့ တစ်ကမ္ဘာလုံးက





ဒီတိုင်းမှာ အင်မတန်ကြီးမားတဲ့ ခေတ်သစ် တစ်ခေတ်ထဲကို ဝင်ရောက်လာပါလိမ့်မယ်၊ စက်တွေ ဖျက်ဆီးခြင်းခံရမယ့်အစား ဘဝဟာ ပိုမို မျှတလာမယ်၊ ပိုမို ပျော်ရွှင်လာမယ်၊ ပိုမိုမွန်မြတ်လာပါလိမ့်မယ်၊ ခင်ဗျားတို့ လူလတ်တန်းစားတွေက ကျန်ရှိတဲ့လုပ်အားနဲ့အတူ အံ့ဖွယ် စက်ယန္တရားတွေရဲ့ ထုတ်လုပ်မှုကို ညီတူမျှတူ ခွဲဝေရေးမှာ ပါဝင်ကြရပါလိမ့်မယ်၊ ကျွန်တော်တို့အားလုံးက ပိုမိုအံ့ဖွယ်ကောင်းတဲ့ စက်ယန္တရားသစ်တွေကို ထုတ်လုပ်ကြရပါလိမ့်မယ်၊ အဲဒီအခါမှာ မစားသုံးရတဲ့ အပိုအလျှံတွေ ရှိတော့မှာ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ အမြတ်အစွန်းလည်း ရှိမှာမှ မဟုတ်ဘဲ"

"စက်ယန္တရားတွေနဲ့ ကမ္ဘာကို ပိုင်ဆိုင်ရေးတိုက်ပွဲမှာ အရင်းစုပေါင်းအဖွဲ့အစည်းကြီးတွေက နိုင်သွားရင်ကောဗျာ" မစ္စတာကိုဝေါလ်က မေးလိုက်ပါသည်။

"အဲဒီအခါမှာလား၊ ခင်ဗျားတို့ရော လုပ်အားရော ကျုပ်တို့အားလုံးဟာ လူ့သမိုင်း စာမျက်နှာတွေကို မည်းမှောင်စေခဲ့တဲ့ နိုင့်ထက်စီးနင်း ဝါဒမျိုးလိုပဲ အသွာတာကင်းတဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ နိုင့်ထက်စီးနင်းဝါဒရဲ့ သံဖနောင့်အောက်မှာ ကြေမွပျက်စီးသွားကြပါလိမ့်မယ်၊ အဲဒီဝါဒအတွက် သံဖနောင့်ဆိုတာ အကောင်းဆုံး နာမည်ပဲ"

ခေတ္တမျှ တိတ်ဆိတ်နေပါသည်၊ လူတိုင်းမှာလည်း အတွေးကိုယ်စီဖြင့် ငေးငိုင်နေကြသည်။

"ဒါပေမယ့် ခင်ဗျားရဲ့ ဆိုရှယ်လစ်ဝါဒဆိုတာက အိပ်မက်ပဲ" မစ္စတာ ကယ်လ်ဗင်က ပြောသည်။ "အိပ်မက်ပါပဲ" ဟုလည်း ထပ်ပြောပါသည်၊

"ကောင်းပြီလေ၊ ဒါဟာ အိပ်မက်မဟုတ်ကြောင်း ခင်ဗျားကို ကျွန်တော်ပြမယ်၊ ကျွန်တော်က ငွေရှင်ကြေးရှင်များအုပ်စိုးမှုလို့ ခေါ်တယ်၊ ခင်ဗျားတို့ကဒါကို လူတစ်စုရဲ့ အုပ်စိုးမှုလို့ ခေါ်တယ်။ ကျွန်တော်တို့ နှစ်ဦးစလုံး အဓိပ္ပာယ်တူပါပဲ။ အရင်းရှင်ကြီးတွေနဲ့ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းကြီးတွေကို ပြောတာပါ။ ကနေ့ အာဏာ ဘယ်မှာရှိနေသလဲဆိုတာ ကျွန်တော်တို့ ကြည့်ကြရအောင်၊ အဲဒီလို ကြည့်ဖို့အတွက် လူ့အဖွဲ့အစည်းကို လူတန်းစားအရ ခွဲခြမ်းပြီး ကြည့်ကြရပါမယ်။

"လူ့အဖွဲ့အစည်းမှာ လူတန်းစားကြီး သုံးခုရှိတယ်၊ ပထမ ငွေရှင်ကြေးရှင် လူတန်းစား၊ အဲဒီထဲမှာ ချမ်းသာကြွယ်ဝတဲ့ ဘဏ်လုပ်ငန်းရှင်



www.burmeseclassic.com

www.burmeseclassic.com



မီးရထားလုပ်ငန်း သူဌေးကြီးတွေ၊ ကော်ပိုရေးရှင်း ဒါရိုက်တာတွေရဲ့ အရင်း စုပေါင်းလုပ်ငန်း အဖွဲ့အစည်း ပိုင်ရှင်ကြီးတွေ ပါတယ်။ ဒုတိယကတော့ ခင်ဗျား တို့ လူတန်းစား၊ လူလတ်တန်းစား ဆိုပါတော့။

"လူကြီးမင်းများ ခင်ဗျား . . . အဲဒီမှာ တောင်သူလယ်သမားတွေ ကုန်သည်တွေ၊ ပစ္စည်းထုတ်လုပ်သူ အငယ်စားတွေနဲ့ သက်မွေးဝမ်းကျောင်း သမားတွေ ပါတယ်။ တတိယနဲ့ နောက်ဆုံးကတော့ လုပ်ခ လစာရတဲ့ အလုပ်သမား များ ပါဝင်တဲ့ ကျွန်တော့်လူတန်းစား၊ ပစ္စည်းမဲ့ လူတန်းစား ဖြစ်ပါတယ်။

"ကနေ့ အမေရိကန်ပြည်ထောင်စုမှာ မနေဥစ္စာ ပိုင်ဆိုင်မှုဟာ အရေးကြီး တဲ့ အာဏာ ဖြစ်နေတယ် ဆိုတာကို ခင်ဗျားတို့ ဝန်မခံဘဲ နေလို့ မရပါဘူး။ ဒီမနေဥစ္စာကို အဲဒီ လူတန်းစားသုံးရပ်က ဘယ်လို ပိုင်ဆိုင်ကြပါသလဲ။ ကျွန်တော် ဂဏန်းနဲ့ ပြပါ့မယ်။

"ငွေရှင် ကြေးရှင် လူတန်းစားက မနေဥစ္စာ သန်းပေါင်းခြောက်သောင်း ခုနစ်ထောင်ကို ပိုင်ဆိုင်ပါတယ်။ အမေရိကန်ပြည်ထောင်စုအတွင်း အလုပ်အကိုင် တွေမှာ ပါဝင်လုပ်ကိုင်နေကြသူ စုစုပေါင်းမှာ တစ်ရာနှုန်းရဲ့ ဆယ်ပုံ ကိုးပုံသာလျှင် ငွေရှင်ကြေးရှင် လူတန်းစား ဖြစ်သော်လည်း မနေဥစ္စာရဲ့ ခုနစ်ဆယ်ရာနှုန်းကို သူတို့က ပိုင်ထားတယ်။ လူလတ်တန်းစားက သန်းပေါင်း နှစ်သောင်းလေးထောင် ပိုင်ဆိုင်ပါတယ်။ အလုပ်လုပ်နေသူ စုစုပေါင်းရဲ့ နှစ်ဆယ့်ကိုး ရာနှုန်းဟာ လူလတ်တန်းစားများ ဖြစ်ကြသော်လည်း မနေဥစ္စာ စုစုပေါင်းရဲ့ နှစ်ဆယ့်ငါး ရာနှုန်းကိုသာ သူတို့ ပိုင်ဆိုင်ကြတယ်။ ကျန်တာက ပစ္စည်းမဲ့ လူတန်းစားပဲ။ သူတို့က သန်း လေးထောင်ပဲ ပိုင်တယ်။ အလုပ်လုပ်နေသူ စုစုပေါင်းရဲ့ ခုနစ်ဆယ် ရာနှုန်းဟာ ပစ္စည်းမဲ့ လူတန်းစား များ ဖြစ်ပါတယ်။ အဲဒီ ပစ္စည်းမဲ့လူတန်းစား က မနေဥစ္စာစုစုပေါင်းရဲ့ လေးရာနှုန်းပဲ ပိုင်တယ်။ အာဏာ ဘယ်မှာ ရှိနေပါသလဲ လူကြီးမင်းများ ခင်ဗျား"

"ခင်ဗျားရဲ့ ကိန်းဂဏန်းများအရဆိုရင် ကျုပ်တို့ လူလတ်တန်းစားက အလုပ်သမားထက် ပိုပြီး တန်ဖိုးကြီးတာပေါ့" ဟု မစ္စတာ အက်စ်မန်ဆင်က မှတ်ချက်ချပါသည်။

"ငွေရှင်ကြေးရှင်တွေရဲ့ အင်အားရှေ့မှောက်မှာ ကျွန်တော်တို့ အင်အားနည်းတယ်လို့ ဆိုလိုက်ခြင်းအားဖြင့် ခင်ဗျားတို့ ပိုပြီး အင်အားကြီးမလာ နိုင်ပါဘူး။ ဒါတွင် မကသေးဘူး။ ကျွန်တော်က ခင်ဗျားတို့ကို ပြောနေတာ





ဘူးဗျ။ မနေဥစ္စာထက် ပိုပြီး ကြီးမားတဲ့ ခွန်အားရှိသေးတယ်။ အဲဒါက ကြီးမားတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့သိမ်းယူသွားလို့ မဖြစ်နိုင်လို့ပါပဲ။ ဒါ ဘာလဲ သိလား။ ကျွန်တော်တို့ ခွန်အားပါ။ ပစ္စည်းမဲ့ လူတန်းစားရဲ့ ခွန်အားပါ။ ဒီခွန်အားဟာ ကျွန်တော်တို့ ကြွက်သားဆိုင်ယဲမှာ ရှိတယ်။ မဲထည့် တဲ့ ကျွန်တော်တို့ လက်ထဲမှာရှိတယ်။ သေနတ်မောင်းဖြုတ်နိုင်တဲ့ ကျွန်တော် တို့ လက်ချောင်းတွေထဲမှာ ရှိတယ်။ ဒီခွန်အားကို ဘယ်လိုမှ ဖယ်ရှားလို့ မရ ဘူး။

"ဒီခွန်အားဟာ သမိုင်းဦးခေတ်က ခွန်အား၊ အသက်ဆက်တဲ့ခွန်အား၊ ဥစ္စာထက် ပိုမိုခိုင်မာတဲ့ ခွန်အား၊ မနေဥစ္စာက ယူမသွားနိုင်တဲ့ ခွန်အားပါ။

"သို့သော် ခင်ဗျားတို့ ခွန်အားဟာ မမြဲဘူး။ ခင်ဗျားတို့ဆီက ယူသွား လို့ ရတယ်။ အခုတောင် ငွေရှင်ကြေးရှင်တွေက ခင်ဗျားတို့ဆီက ယူသွားနေပြီ။ နောက်ဆုံးမှာ ခင်ဗျားတို့ဆီက အားလုံးကို ယူဆောင်သွားကြပါလိမ့်မယ်။ ဒီ နောက် ခင်ဗျားတို့ဟာ လူလတ်တန်းစားအဖြစ် တည်ရှိနေခြင်းမှ ချုပ်ငြိမ်းသွား ကြရမယ်။ ခင်ဗျားတို့က ကျွန်တော်တို့ဆီကို လျှော့ဆင်းလာရမယ်။ ခင်ဗျားတို့ဟာ ပစ္စည်းမဲ့ လူတန်းစားတွေ ဖြစ်လာမယ်။ ခင်ဗျားတို့ဟာ ကျွန်တော်တို့ ခွန်အားမှာ ပေါင်းရမယ်။ ခင်ဗျားတို့ ညီအစ်ကိုတော်တွေကို ကျွန်တော်တို့ ကောင်းချီးပေး ကြပါမယ်။ ကျွန်တော်တို့နဲ့အတူ လူ့လောက ကောင်းကျိုးအတွက် ပခုံးချင်းယှဉ် ပြီး တိုက်ခိုက်သွားကြရပါလိမ့်မယ်။

"ခင်ဗျားတို့ သိတဲ့အတိုင်း အလုပ်သမားမှာ ဆုံးရှုံးစရာဆိုလို့ အနိုင်အမာ ဘာမှ မည်မည်ရရ မရှိပါဘူး။ သူ့မနေဥစ္စာပိုင်ဆိုင်မှုဆိုတာကလည်း အဝတ်အစား အိမ်ထောင်ပရိဘောဂနဲ့ မဖြစ်စလောက် အိုးအိမ်ကလေးပါပဲ။

"သို့သော် ခင်ဗျားတို့မှာ မနေဥစ္စာ အခိုင်အမာ ရှိတယ်။ သန်းပေါင်း နှစ်သောင်းလေးထောင် ရှိတယ်။ အဲဒါကို ငွေရှင်ကြေးရှင်တွေက ယူသွားဦးမယ်။ ပစ္စည်းမဲ့ လူတန်းစားက ပထမဆုံး ဒီမနေဥစ္စာကို ယူသွားကောင်း ယူသွားမယ့် အခွင့်အလမ်းလည်း ရှိပါတယ်။ ကဲ . . . ခင်ဗျားတို့ လူလတ်တန်းစားရဲ့ နေရာအထားဟာ ဘယ်ရောက်နေပြီလဲ။ လူလတ်တန်းစားဟာ ခြင်္သေ့နဲ့ကျား ကြားမှာ ရောက်နေတဲ့ သိုးငယ်ကလေးပါ။ တစ်ကောင်က မစားရင် တစ်ကောင်က စားမှာပဲ။ ခင်ဗျားတို့ကို ငွေရှင်ကြေးရှင်တွေက အလျင်စားလိုက်ရင် ပစ္စည်းမဲ့ လူတန်းစားက အနေးနဲ့အမြန် ဆိုသလို ငွေရှင် ကြေးရှင် လူတန်းစားကို



www.burmeseclassic.com

www.burmeseclassic.com



စားမှာပါပဲ။

"အခုလောလောဆယ် ခင်ဗျားတို့ရဲ့ မနဥစ္စာ စသည်ပင်လျှင် ခင်ဗျား တို့ အာဏာကို အစစ်အမှန် တိုင်းတာနိုင်တဲ့အရာ မဟုတ်တော့ဘူး။ အ အခိုက်အတန့်မှာ ခင်ဗျားတို့ မနဥစ္စာရဲ့ ခွန်အားဆိုတာ အဆံမရှိတဲ့ အ သက်သက်သာ ဖြစ်ပါတယ်။ ဒါကြောင့် ခင်ဗျားတို့က ဘိုးဘေးများဆီ ပြန်သွား ကြစို့ဆိုတဲ့ တိုက်ပွဲခေါ်သံကို မရဲတရဲ အော်နေကြတာပါ။ ခင်ဗျားတို့မှာ အားအင် ကုန်ခန်းနေပြီ ဆိုတာကို ခင်ဗျားတို့ သဘောပေါက်တယ်။ ခင်ဗျားတို့ခွန်အား အဆံမရှိတဲ့ အခွံမာဖြစ်တယ်ဆိုတာကို ခင်ဗျားတို့ သိတယ်။ အဲဒါရဲ့ ဗလာနည်း ဖြစ်နေပုံကို ကျွန်တော် ပြမယ်"

"တောင်သူလယ်သမားတွေမှာ ဘာအာဏာရှိသလဲ။ ငါးဆယ်ရာခိုင်နှုန်း ကျော်ဟာ လယ်ကူလီတွေ၊ လက်စားလိုက်တွေချည်းပဲမို့ မြေကျွန်တွေပါ။ အရင်းစုပေါင်းလုပ်ငန်းကြီးတွေက ကောက်ပဲသီးနှံ ရောင်းဝယ်ရေး ကိရိယာများ ဖြစ်ကြတဲ့ သိုလှောင်ရုံတွေ၊ မီးရထားလမ်းတွေ၊ အတင်အချစက်တွေ၊ သင်္ဘော တွေကို ပိုင်ဆိုင်ကြ၊ သို့မဟုတ် ထိန်းချုပ်ထားကြခြင်းတို့ကြောင့် သူတို့အားလုံး မြေကျွန်တွေ ဖြစ်နေရတာပါပဲ။

"ဒါတွင်မကသေးဘူး။ လုပ်ငန်းကြီးတွေက ဈေးကွက်တွေကိုလည်း ထိန်းချုပ်ထားသေးတယ်။ အဲဒါတွေအားလုံးအကြားမှာ တောင်သူလယ်သမား တွေမှာ အာဏာ မရှိပါဘူး။ သူတို့ရဲ့ နိုင်ငံရေးနဲ့ အုပ်ချုပ်ရေး အာဏာနဲ့ ပတ်သက်လို့ကတော့ လူလတ်တန်းစားတစ်ခုလုံးရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး အာဏာနဲ့အတူ ကျွန်တော် နောက်ပိုင်းမှာ ရှင်းပြပါ့မယ်။

"အရင်းစုပေါင်းလုပ်ငန်းကြီးတွေက မစ္စတာ ကယ်လ်ဗင်နဲ့ အခြား နှိုလုပ်ငန်းသမားတွေကို ညှစ်ထုတ်ခဲ့တဲ့အတိုင်း တောင်သူလယ်သမားတွေကို လည်း တစ်နေ့တခြား ညှစ်ထုတ်လာခဲ့တယ်။ ကုန်သည်တွေကိုလည်း တစ်နေ့ တခြား ဒီလိုပဲညှစ်ထုတ်တယ်။ နယူးယောက်မြို့တော် တစ်ခုတည်းမှာ ဆေးရွက် လုပ်ငန်းကြီးက ခြောက်လအတွင်း ဆေးလိပ်ဆိုင် လေးရာကျော်ကို ညှစ်ထုတ် ခဲ့တာ ခင်ဗျားတို့ သိသလား။ ဟိုတုန်းက ကျောက်မီးသွေးတွင်း ပိုင်ရှင်တွေ ဘယ်မှာလဲ။

"ကနေ့ ခင်ဗျားတို့ သိကြတဲ့အတိုင်း မီးရထား အရင်းစုပေါင်း လုပ်ငန်း ကြီးက အင်သရာဆိုက်နဲ့ ဆိုက်တု မိုင်းနပ်ကျောက်မီးသွေးတွင်း အားလုံးကို





ဆိုင်ထားကြ၊ ချုပ်ကိုင်ထားကြတယ်။ စတင်းဒတ် ရေနံက ပင်လယ်ကူး သင်္ဘောလုပ်ငန်း တော်တော်များများကို ပိုင်ဆိုင်ထားတယ် မဟုတ်လား။ ကြေးနီ လုပ်ငန်းကိုရော အလားတူ ချုပ်ကိုင်ထားတယ် မဟုတ်လား။

"စတင်းဒတ်ရေနံက ပိုင်ဆိုင်ထိန်းချုပ်ထားတဲ့ ကုမ္ပဏီတွေက ကနေ့ မီးပေးထားတဲ့ မြို့ပေါင်း အမေရိကန်ပြည်ထောင်စုမှာ တစ်သောင်းရှိတယ်။ ကြီးတွေမှာလိုပဲ မြို့ရော တောရော ဆင်ခြေဖုံးဒေသတွေကရော လျှပ်စစ် ယူပို့ဆောင်ရေး လုပ်ငန်းအားလုံးဟာ စတင်းဒတ်ရေနံနဲ့လက်ထဲမှာ ရှိတယ်။ ငန်း ထောင်ပေါင်းများစွာမှာ ရှိနေကြတဲ့ အရင်းရှင်ငယ်ကလေးတွေ ပျောက်သွားကြတယ်။ အဲဒါ ခင်ဗျားတို့သိသလား။ ခင်ဗျားတို့လည်း ဒီလမ်း ရမှာပါပဲ။

"ကုန်ထုတ်လုပ်သူ အငယ်စားတွေဟာလည်း တောင်သူလယ်သမား လိုပါပဲ။ သူတို့အားလုံးဟာ ပဒေသရာဇ် မြေကျွန်ဘဝ ပြန်ရောက်ကုန်ကြ ဒီကိစ္စအတွက် လက်ရှိအချိန်မှာတော့ သက်မွေးဝမ်းကျောင်းသမားတွေ အနုပညာရှင်တွေဟာ လူဆိုးတွေဖြစ်နေပြီး နိုင်ငံရေးသမားတွေကတော့ တိုင်းမှာ နာမည်ခံ လက်ပါးစေတွေ ဖြစ်နေတယ်။ မစ္စတာ ကယ်လ်ဗင်. . . ဟာ ကျန်ရှိတဲ့ လူလတ်တန်းစားနဲ့အတူ တောင်သူလယ်သမားတွေကို ရေးပါတီသစ်အတွင်း ဆွဲသွင်းစည်းရုံးဖို့ ဘာဖြစ်လို့ နေ့ရောညပါအလုပ် နေသလဲ။ ဘာကြောင့်လဲဆိုကော့ ပါတီဟောင်းတွေက နိုင်ငံရေးသမားတွေ ခင်ဗျားရဲ့ မိရိုးဖလာဝါဒဟာ သူတို့နဲ့ ဘာမှ မဆိုင်ဘူး။ ဘာကြောင့်လဲ. . . တော် စောစောက ပြောခဲ့သလို သူတို့ဟာ လက်ပါးစေတွေ၊ ငွေရှင် ရှင်စနစ်ကို ကာကွယ်စောင့်ရှောက်နေသူတွေ ဖြစ်လို့ပါပဲ။

"သက်မွေးဝမ်းကျောင်း ပညာရှင်တွေနဲ့ အနုပညာရှင်တွေကို လူဆိုး များအဖြစ် ကျွန်တော် ပြောခဲ့ပါတယ်။ သူတို့ရော ဘာတွေလဲ။ ပါမောက္ခ မဂ္ဂကထိကတွေ၊ အယ်ဒီတာတွေဟာ ငွေရှင်ကြေးရှင်တွေက ခန့်ထားတဲ့ သုပ်ကို လုပ်ပြီး ငွေရှင်ကြေးရှင်စနစ်အတွက် အန္တရာယ် မရှိတာ၊ သို့မဟုတ် ထောက်ခံတာတွေကို ဝါဒဖြန့်ချိပေးဖို့ အလုပ်အကျွေး ပြုနေကြတာပါပဲ။ ရှင် ကြေးရှင်စနစ်ကို ခြိမ်းခြောက်တဲ့အရာတွေ ဝါဒဖြန့်မိတာနဲ့ တစ်ပြိုင်နက် သုပ်ပြုတ်တာပဲ။ တစ်ခါတရံ သူတို့အဖို့ မိုးမကောင်းတော့ရင် ပစ္စည်းမဲ့ တန်းစားဆီကို ဆင်းသက်လာကြပြီး ပျောက်ရင်လည်း ပျောက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားလူတန်းစား လှုံ့ဆော်ရေးသမားများ ဖြစ်ရင်လည်း ဖြစ်လာတ...
ကြပါတယ်။

"သူတို့တွေဟာ တစ်မျိုးသားလုံးရဲ့အတွေးအခေါ် ရှေ့တန်းမှာ နေ...
ယူထားကြတယ်ဆိုတာ မမေ့ပါနဲ့။ အနုပညာရှင်တွေအဖို့တော့ ငွေရှင်ကြေးရှ...
အရသာကို မြည်းစမ်းဖို့လောက် အောင်သွယ်ပေးနေသူများသာ ဖြစ်ပါတ...

"သို့သော် အချုပ်ဆိုရရင် ခနဥစ္စာသက်သက်သာ တကယ့် အာဏ...
မဟုတ်ဘူး။ အာဏာရရေး ကိရိယာသာ ဖြစ်တယ်။ အာဏာဟာ အုပ်ချု...
သဘောပါတယ်။ ကနေ့အစိုးရကို ဘယ်သူ ချုပ်ကိုင်ထားသလဲ။ အလုပ်လုပ်...
တဲ့ သန်းပေါင်း နှစ်ဆယ်သော ပစ္စည်းမဲ့ လူတန်းစားလား၊ ဒါကိုမေးလိုက်...
ခင်ဗျားတို့ ရယ်မှာပဲ။ အလုပ်လုပ်သူ ရှစ်သန်းရှိတဲ့ လူလတ်တန်းစားလ...
မဟုတ်ပါဘူး။ ဒါဖြင့် ဘယ်သူက အစိုးရကို ချုပ်ကိုင်ထားသလဲ။ အလုပ်လု...
ဦးရေ လူတစ်သန်းရဲ့ လေးပုံတစ်ပုံလောက်သာ ရှိတဲ့ ငွေရှင်ကြေးရှင် လူတန်...
ဖြစ်ပါတယ်။ သို့သော် အဲဒီ တစ်သန်းရဲ့ လေးပုံတစ်ပုံက ချုပ်ကိုင်ထားတာလည်...
မဟုတ်ပါဘူး။

"အစိုးရကိုချုပ်ကိုင်ထားတဲ့ ငွေရှင်ကြေးရှင်တို့ရဲ့ နောက်မှာ အင်အ...
ကြီးမားတဲ့ လူစု ခုနစ်စုပဲ ဖြစ်ပါတယ်။ ဒီလူစုဟာ ကနေ့ တက်ညီလက်...
အလုပ်လုပ်နေကြတယ် ဆိုတာကို မမေ့ပါနဲ့။

"၎င်းတို့အနက်က တစ်စုဖြစ်တဲ့ မီးရထားလမ်းအစုရဲ့ အာဏာ...
ကျွန်တော် ထောက်ပြပါရစေ။ နှံ့ရောက်တဲ့လူတွေကို အနိုင်ယူဖို့ ရှေ့နေ...
လေးသောင်း ငှားထားတယ်။ အဲဒါက တရားသူကြီးများ၊ ဘဏ္ဍာသူဌေးမ...
အယ်ဒီတာများ၊ ဝန်ကြီးများ၊ တက္ကသိုလ်က ပုဂ္ဂိုလ်များ၊ ပြည်နယ်ဥပဒေ...
လွှတ်တော်နဲ့ ကွန်ဂရက်အမတ်များအတွက် မရေမတွက်နိုင်လောက်အော...
များပြားတဲ့ အခမဲ့ လက်မှတ်တွေ ထုတ်ပေးထားတယ်။ ပြည်နယ်၊ မြို့...
တိုင်းနဲ့ နိုင်ငံရဲ့ မြို့တော်မှာ ဇိမ်ခံအခန်းကြီးတွေ ရှိတယ်။ မြို့ကြီးတို...
မြို့ငယ်တိုင်းမှာ အကြို့ရွေးကောက်ပွဲတွေတက်ဖို့၊ ညီလာခံမှာ ခြေပုန်းခုတ်...
ဂျူရီတွေကို ဆွဲဆောင်ဖို့ တရားသူကြီးတွေကို လာဘ်ထိုးဖို့နဲ့ သူတို့အကျိုးစီးပွ...
အတွက် ဘာမဆိုလုပ်ဖို့ လူလိမ်အငယ်စားတွေ၊ နိုင်ငံရေးသမား အငယ်...
တွေကို မရေမတွက်နိုင်အောင် ခန့်ထားတယ်။

"လူကြီးမင်းများ ခင်ဗျား . . . ငွေရှင်ကြေးရှင်စနစ်ရဲ့ ဦးနှောက်...



...သာ အစု ခုနစ်စုအနက်က တစ်စုရဲ့ အာဏာကို ကျွန်တော် အကြမ်းဖျင်း
...ပြပြီးပါပြီ။ ခင်ဗျားတို့ရဲ့ ခနဥစ္စာ သန်းပေါင်း နှစ်သောင်းလေးထောင်တ
...ရအာဏာရဲ့ နှစ်ဆယ့်လေးဆင့်လောက်တောင် ခင်ဗျားတို့ကို မပေးပါဘူး။
...သာ ဗလာနတ္ထိပါ။ ဒီ ဗလာနတ္ထိကိုတောင် မကြာခင် ခင်ဗျားတို့ဆီက ယူသွား
...သိမ့်ဦးမယ်"

ထို့နောက် အနည်းငယ်မျှသာ ဆွေးနွေးကြပြီး ညစာစားပွဲပြီးဆုံးသွား
...သည်။ အားလုံးမှာ တိတ်ဆိတ်နေကြပြီး တီးတိုးလေသံများဖြင့် ပြန်လည်
...ခွာသွားကြပါသည်။ သူတို့ မြင်နေရသည့် လာလတ္တံ့သော ကာလကိုများ
...ပူပန်နေကြသလား ထင်ရပါသည်။

"အခြေအနေကတော့ ဆိုးတာအမှန်ပဲ။ ခင်ဗျား ပြောခဲ့တာတွေနဲ့
...သက်ပြီး လူလတ်တန်းစား ပပျောက်သွားမယ်ဆိုတာကိုသာ ကျုပ် သဘော
...တာပါ။ ကျုပ်တို့ ဥက်လက် တည်မြဲရမယ်၊ စီးပွားရေး အဖွဲ့အစည်းကြီးတွေ
...ဖြတ်ချပစ်ရမယ်" ဟု မစ္စတာ ကယ်လ်ဗင်က ပြောပါသည်။

"ဒီနောက် ခင်ဗျားတို့ ဖခင်များဆီ ပြန်သွားမယ်ပေါ့"

"သို့ဖြစ်သည့်တိုင်အောင် ဒါဟာ စက်ရိုက်ချိုးတာမျိုး ဖြစ်ကောင်း
...ယ်ဆိုတာ ကျုပ် သိပါတယ်။ ဒါကလည်း စိတ်ကူးပါလေ။ ကနေ့ ဘဝ
...တာကိုက ငွေရှင်ကြေးရှင်တွေရဲ့ အကြံအစည်ကြောင့် စိတ်ကူးလို့သာ ဖြစ်နေ
...တာကိုး။ ဘာပဲဖြစ်ဖြစ်လေ။ ကျုပ်တို့စက်တွေ ရိုက်ချိုးတာကမှ လက်တွေ့
...နိုင်သေးတယ်။ ခင်ဗျားအိပ်မက်ကတော့ မဖြစ်နိုင်ပါဘူး။ ခင်ဗျားကို
...တော်တို့ သဘောမပေါက်နိုင်ဘူး"

"ဖြစ်ပေါ် ပြောင်းလဲမှုနဲ့ လူမှုရေး ဗေဒအကြောင်းကို ခင်ဗျားတို့
...နည်းလေးဖြစ်ဖြစ် နားလည်စေချင်တယ်ဗျာ။ အဲဒီလိုနားလည်ရင် ကျွန်တော်
...ဆော်တော်လေး သက်သာမှာပါ" ဟု အားနက်က လက်ဆွဲ နှုတ်ဆက်ရင်း
...ဆိုက်ပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၀ ]

## လေပွေလှိုင်း

လုပ်ငန်းခွင်များ ညစာစားပွဲအပြီး ထက်ကြပ်မကွာ ပါလာ
မိုးခြိမ်းသံများသဖွယ် ကြောက်မက်ဖွယ် အချိန်ကာလ၏ အဖြစ်အပျက်မျာ
တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာပါသည်။ အလွန်တရာ တိတ်ဆိတ် ငြိမ်သက်
သော တက္ကသိုလ်မြို့လေးတွင် တစ်သက်တာပတ်လုံးချမ်းမြေ့စွာ နေထိုင်ခဲ့
သာမည မိန်းကလေး ကျွန်မမှာလည်း ကမ္ဘာ့ရေးရာ လေပွေလှိုင်းများ အ
တွင် မွန်းနစ်မှန်းမသိ မွန်းနစ်နေခဲ့သည်ကို ကျွန်မဘာသာ တွေ့ရှိလာ
တော့သည်။

အားနက်ကို ချစ်မိခြင်း သို့တည်းမဟုတ် ကျွန်မ နေထိုင်ရာ လူ့
အစည်းနှင့် စပ်လျဉ်း၍ သူက ရှင်းလင်းစွာ သိမြင်စေခြင်းက ကျွန်မ
တော်လှန်ရေးသမားတစ်ယောက် ဖြစ်လာစေခဲ့သလော ဆိုသည်ကို ကျွ
မသိပါ။ သို့ရာတွင် ကျွန်မကား တော်လှန်ရေးသမားတစ်ယောက် ဖြစ်လာ





ခွန်ခဲ့သော သုံးလခန့်က ကြိုတင်သိမြင်ခြင်း မရှိခဲ့သည့် အဖြစ်အပျက်
လေပွေလှိုင်းများအကြားသို့ သက်ဆင်းခဲ့ရပါတော့သည်။

လူ့အဖွဲ့အစည်း၏ အကျပ်အတည်းနှင့်အတူ ကျွန်မ ကုသိုလ်ကံ၏
အကျပ်အတည်းလည်း တစ်ပြိုင်နက်တည်း ရောက်လာပါသည်။

ပထမဦးစွာ ဖေဖေ့ကို တက္ကသိုလ်က ထုတ်ပစ်ပါသည်။ သူ့ကို ထွက်စာ
တင်ခိုင်းလိုက်ခြင်းမျှသာ ဖြစ်ပါသည်။ ယင်းကိစ္စမှာလည်း များစွာ အရေးကြီး
သည်မဟုတ်ပါ။ အမှန်စင်စစ် ဖေဖေက ဝမ်းသာ၍ပင် နေလိုက်ပါသေးသည်။
'မီးပွားရေးနှင့်ပညာရေး' ဟူသော သူ့စာအုပ်ကို ထုတ်ဝေပြီးချိန် ကတည်းက
သူ့အား ထုတ်ပစ်တော့မည်ဟု ကြိုတင် တွက်ဆပြီးဖြစ်သည့်အတွက် ဖေဖေက
အထူးတလည် ဝမ်းသာခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင် ပါရှိသော ဖေဖေ၏
ဆောဒကတက်ချက်ကို သူတို့ ကြိုက်နှစ်သက်နိုင်မည် မဟုတ်ဟု ဖေဖေက
သိနှင့်ပြီး ဖြစ်ပါသည်။ ပညာရေးကို အရင်းရှင်လူတန်းစားက စိုးမိုးထားကြောင်း
နှင့် စပ်လျဉ်း၍ သာခကပြုရန်အတွက် ပိုကောင်းသော သက်သေကို အဘယ်သို့
တင်ပြရပါအံ့နည်း။

ဖေဖေ တက္ကသိုလ်မှ အလုပ်ထွက်လိုက်ရကြောင်းကို မည်သူမျှ မသိ
ကြပါ။ ဖေဖေတား အလွန်ထင်ရှားသော သိပ္ပံပညာရှင်တစ်ဦးဖြစ်လေရာ
ဖေဖေ့ကို ထွက်ခိုင်းရခြင်းအကြောင်းကို ရှင်းပြကြေညာရလျှင် တစ်ကမ္ဘာလုံး
မှတ်လောရိုက်သွားမည်ဖြစ်ပါသည်။ သတင်းစာတွေက ဖေဖေ့ကို ချီးကျူးကြ
သည်။ ဂုဏ်ပြုကြသည်။ သိပ္ပံပညာ သုတေသနလုပ်ငန်းကို ရှုံးစိုက် လုပ်ဆောင်ရေး
အတွက် ငြိမ်းငွေ့ဖွယ်ကောင်းလှသော စာသင်ခန်းအား စွန့်ပစ်သဖြင့် ထောမနာ
ပြုကြပါသည်။

ပထမတွင် ဖေဖေက ရယ်မောနေပါသည်။ ထို့နောက် အလွန်အမင်း
စိတ်ဆိုးလာသည်။ ထို့နောက် သူ့စာအုပ်ကို ဖိနှိပ်ချုပ်ချယ်မှုတွေ ပြုလုပ်လာကြ
ပါသည်။ အစကနဦးတွင် ကျွန်မတို့ မရိပ်မိနိုင်လောက်အောင်ပင် သိမ်သိမ်
မွေ့မွေ့ ပါးနပ်စွာ လုပ်ဆောင်ကြခြင်း ဖြစ်ပါသည်။

ဤစာအုပ်ထုတ်ဝေလိုက်သဖြင့် တစ်နိုင်ငံလုံးကို အကြီးအကျယ်
အံ့အားသင့်သွားစေခဲ့သည်။ အရင်းရှင် သတင်းစာများက ဖေဖေ့ကို ယဉ်ကျေး
အောင်နေကြပါသည်။ ဤမျှ ကြီးကျယ်ထင်ရှားသော သိပ္ပံပညာရှင်ကြီးတစ်ဦးက
ဆိုနယ်ကို စွန့်လွှတ်ကာ သူ ဘာမျှမသိသော လူမှုဗေဒနယ်သို့ ကျော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်မှာ သနားဖွယ်လိလိဖြစ်သည် စသည်ဖြင့် ယဉ်ကျေးသော စကား အသုံးအနှုန်းများဖြင့် ဆဲရေးကြခြင်း ဖြစ်ပါသည်။ ဤသို့ဖြစ်သည်မှာ ရက် သတ္တတစ်ပတ်ခန့် ကြာပါသည်။ ဖေဖေက ပြုံးစနဲ့နဲ့ဖြင့် သူ့စာအုပ်ကြောင့် အရင်းရှင် ဝါဒအဖွဲ့ အနာပေါ် တုတ်ကျခြင်းဖြစ်သည်ဟု ပြောပါသည်။ ထို့နောက် သတင်းစာများရော၊ ဝေဖန်ရေး မဂ္ဂဇင်းများကပါ ဖေဖေ့စာအုပ်နှင့် စပ်လျဉ်း၍ တစ်လုံးတစ်ပါဒမျှ မပြောကြတော့ပါ။ တစ်ပြိုင်နက်တည်းလိုလိုမှာပင် စာအုပ်များ လည်း ဈေးကွက်မှ ပျောက်ခြင်းမလှ ပျောက်ကုန်ကြပါတော့သည်။ မည်သည့် စာအုပ်ဆိုင်တွင်မဆို တစ်အုပ်တလေမျှပင် ဝယ်မရတော့ပါ။

ထိုအကြောင်းကို ဖေဖေကထုတ်ဝေသူများထံ စာရေးသောအခါ ပလိတ်ပြားများ မတော်တဆ ထိခိုက်ပျက်စီးသွားကြပြီဟု ဆိုပါသည်။ ထို့နောက် မကျေမနပ်ဖြစ်ကာ စာအပြန်အလှန်ရေးကြသည်။ ထူးဆန်းသည်ကား ထုတ်ဝေသူများက ဤစာအုပ်ကို နောက်ထပ် ပုံနှိပ်ထုတ်ဝေရန် မဖြစ်တော့ပါဟူ အကြောင်းပြန်ကြားခြင်းပင် ဖြစ်ပါတော့သည်။

"နောက်ထပ် ထုတ်ဝေမယ့်တိုက်ကို ဒီနိုင်ငံမှာ ဘယ်တော့မှ ရှာတွေ့မှာ မဟုတ်ပါဘူး။ ဦးဟာ သံဖနောင့်ရဲ့ ကနဦး အရသာကလေးကို မြည်းရုံသာ မြည်းရသေးတာပါ" ဟု အားနက်က ပြောပါသည်။

သို့ရာတွင် ဖေဖေကား သိပ္ပံပညာရှင်တစ်ဦး မဟုတ်လော။ အလျင်စလို ကောက်ချက်ချခြင်းများကို ဖေဖေ ဘယ်တော့မှ မယုံပါ။ ဓာတ်ခွဲခန်းတွင် အသေးစိတ် စမ်းသပ်ခြင်းမဟုတ်လျှင် စမ်းသပ်ခြင်းဟု မဆိုနိုင်ပါ။

ထို့ကြောင့် ဖေဖေသည် စာအုပ်ထုတ်ဝေရေးဌာနများသို့ လှည့်ပတ်သွား လာခဲ့သည်။ သူတို့ကလည်း ဆင်ခြေဆင်လက်တွေ တောင်လိုပုံအောင်ပေးကာ ဤစာအုပ်ကို ထုတ်ဝေပေးရန် ငြင်းဆိုကြပါသည်။

စာအုပ်ကို တကယ်တမ်း နှိမ်ထားပြီဖြစ်ကြောင်း ဖေဖေ သဘောပေါက် လာသောအခါ သတင်းစာများမှတစ်ဆင့် အကျိုးအကြောင်း တင်ပြရန် ကြိုးစား သေးသည်။ သို့သော် ဖေဖေ့စာအဆက်အသွယ်တွေကို လျစ်လျူပြုထားကြ ပါသည်။ သတင်းထောက် အများအပြား တက်ရောက်မည့် ဆိုရှယ်လစ်များ၏ နိုင်ငံရေး အစည်းအဝေးတစ်ခုတွင် ဖေဖေက အခွင့်ကောင်းရပြီဟု မြင်ပါသည်။ သူ့စာအုပ်အား ဝိုင်းနှိမ်ထားကြပုံနှင့် စပ်လျဉ်း၍ သပြောပါတော့သည်။

နောက်တစ်နေ့တွင် သတင်းစာများကိုဖတ်ရင်း ဖေဖေက ရယ်မော





သည်။ ထို့နောက်တွင်ကား ဒေါသအိုးပေါက်ကွဲပါသည်။ အဘယ်ကြောင့် ဆိုသော် သတင်းစာများက သူ့စာအုပ်အကြောင်း တစ်လုံးတစ်ပါဒမျှ ဖော်မပြဘဲ ဟာသကလေး တလွဲတချော်သတင်းပေးထားခြင်းကြောင့် ဖြစ်ပါသည်။ ပညာသား ပါပါ လုပ်ကြခြင်း ဖြစ်ပါသည်။ ကျွန်မ မှတ်မိသမျှဆိုရလျှင် ဖေဖေက 'လူမှု တော်လှန်ရေး'ဟု သုံးထားသည်ကို သူတို့က 'လူမှု' ဆိုသော စကားလုံးအား ချန်ထားခဲ့ကြ၏။ ယင်းတို့ကို အေပီ သတင်းဌာနက တစ်နိုင်ငံလုံးသို့ ဖြန့်ခဲ့ပြီး တစ်နိုင်ငံလုံးတွင်လည်း ထိတ်လန့်တကြားတွေ ဖြစ်ကုန်ကြပါသည်။ ဖေဖေ့ကို အတ္တိကဝါဒီ၊ မင်းမဲ့ဝါဒီ စသည်ဖြင့် ကင်ပွန်းတပ်ကြပြီး ကာတွန်းတစ်ခုကဆိုလျှင် တုတ်တွေ၊ ဓားတွေ၊ ဒိုင်းနမိုက်ဗုံးတွေ ကိုင်ဆောင်ထားကြသည့် ဆံပင်ရှည်ရှည် ရက်စိုင်းရိုင်းလူအုပ်အုပ်ကြီးရှေ့ဆုံးမှ အလံနီ ဝှေ့ယမ်းနေသူအဖြစ်ဖြင့် ဖေဖေ့ကို သရုပ်ဖော်ထားသည်။

သတင်းစာတွေက ဖေဖေ့ကို ကြောက်ခမန်းလိလိ စော်ကားကြသည်။ ရှည်လျားသော ခေါင်းကြီးပိုင်းများဖြင့် ဆဲရေးကြသည်။ ဖေဖေ့မှာ အားမာန် လျှော့ဘိသကဲ့သို့ ရှိပါသည်။ အရင်းရှင် သတင်းစာများ၏ ဤအပြုအမူမှာ အသစ်အဆန်းမဟုတ်ဟု အားနက်က ကျွန်မတို့ကို ပြောပါသည်။ ဆိုရှယ်လစ် များ၏ အစည်းအဝေးများသို့ သတင်းထောက်တွေကို စေလွှတ်ကြသည်။ ဤသို့စေလွှတ်ခြင်း၏ ရည်ရွယ်ချက်မှာ အစည်းအဝေး၌ ပြောသမျှတွေကို တလွဲတချော် သတင်းပေးရန်၊ ကပြောင်းကပြန်လုပ်ရန် ဖြစ်သည်။ ယင်းသို့ အားဖြင့် လူလတ်တန်းစားများက ပစ္စည်းမဲ့လူတန်းစားနှင့် ပူးပေါင်းခြင်းမပြု နိုင်စေရန်ပင်ဖြစ်ပါသည်။ အတိုက်အခိုက်ရပ်စဲကာ အကာအကွယ်ယူပါတော့ ဟု အားနက်က ဖေဖေ့ကို ထပ်ခါတလဲလဲ ပြောပါသည်။

မည်သို့ ဖြစ်စေကာမူ ဆိုရှယ်လစ် သတင်းစာတွေက ဆက်လက် တိုက်ခိုက်ကြပြီး အလုပ်သမားလူတန်းစား၏ စာဖတ်အချိုးအစားအရ ဖေဖေ့ စာအုပ်အား နှိမ်ထားကြောင်း သိကြရသည်။ သို့သော် ထိုအသိမှာ အလုပ်သမား လူတန်းစားအကြားတွင် ရပ်တန့်နေပါသည်။ ထို့နောက် ဆင်ခြင်တုံတရားသို့ ကြားချက် အမည်ရှိ ဆိုရှယ်လစ် ပုံနှိပ်ထုတ်ဝေရေးဌာနကြီးက စာအုပ်ထုတ် ရန် ဖေဖေနှင့် စီစဉ်ပါသည်။ ဖေဖေက ပျော်သလောက် အားနက်က ထိတ်လန့် နေ၏။

"ကျွန်တော်တို့ မသိနိုင်တဲ့ နေရာမှာ ချောက်နေတယ်လို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တယ်။ ကျွန်တော်တို့တစ်ပိုက်မှာ ကြီးမားတဲ့အရာတွေ ဖြစ်ပေါ်နေတယ်။ ဒါကို ကျွန်တော်တို့ ရိုးတိုးရိပ်ထိပ် သိတယ်။ ဘာမှန်းသာ မသိတာ။ ဘာလဲလို့ ကျွန်တော့်ကို မမေးပါနဲ့။ ကျွန်တော်ကိုယ်တိုင်လည်း မသိဘူး။ လူ့အဖွဲ့အစည်းရဲ့ စီးဆင်းမှုထဲက တစ်ခုခုဟာ အရည်ကြည်တည်လာမယ်။ အခုကို အရည်ကြည် တည်နေပြီ။ စာအုပ်ကို နှိမ်လိုက်တာဟာ ပမာဏပါ။ စာအုပ် ဘယ်လောက် များများ နှိမ်တာခံခဲ့ရပြီလဲ။ ကျွန်တော်တို့ဟာ အမှောင်ထဲရောက်နေတာပါ။ ဖတ်စရာ လေ့လာစရာ မရှိပါဘူး။ ဆိုရှယ်လစ်သတင်းစာတွေ၊ ပုံနှိပ်ထုတ်ဝေရေး ဌာနတွေကို ဖိနှိပ်ဦးမှာပဲ။ အဲဒါ အစပျိုးနေပြီလို့ ကျွန်တော်ထင်တယ်။ ကျွန်တော် တို့ လည်မျိုအနင်းခံနေရပြီ"

အားနက်မှာ အခြားသော ဆိုရှယ်လစ်များထက်ပင် အခြေအနေတို့ ကောင်းစွာ ရိပ်စားနားလည်သူ ဖြစ်ပါသည်။

ထို့နောက် နှစ်ရက်အတွင်း ပထမဆုံး ထိုးနှက်ချက် စလာပါတော့ သည်။ 'ဆင်ခြင်တုံတရားသို့ ပန်ကြားချက်'မှာ အပတ်စဉ် စာစောင်ဖြစ်ပြီး ပစ္စည်းမဲ့များအကြား ဖြန့်ချိသော သူ့ပုံမှန်စောင်ရေမှာ ခုနစ်သောင်းငါးထောင် ဖြစ်သည်။ စောင်ရေ နှစ်သန်းမှ ငါးသန်းအထိရှိသော အထူးထုတ်စာစောင်များကို လည်း မကြာခဏထုတ်ဝေလေ့ရှိသည်။ ဤသို့ ထုတ်ဝေနိုင်ရေးအတွက် စေတနာ့ ဝန်ထမ်း အလုပ်သမားတွေက ငွေအား လူအား စိုက်ထုတ်ကြပါသည်။ ပထမ ထိုးနှက်ချက်မှာ ဤအထူးထုတ်များကို ဦးတည်နေခြင်းဖြစ်ပြီး ပြင်းလည်း ပြင်းထန် လှပါသည်။ စာအုပ်တိုက်၏ အငြင်းပွားဖွယ်ရာ စည်းကမ်း ဥပဒေတစ်ခုအရ ဤအထူးထုတ်များမှာ သတင်းစာအမျိုးအစား၌ အကျုံးမဝင်ဟု ဆိုကာ ယင်း အကြောင်းပြချက်ဖြင့်ပင် စာပို့တိုက်ချောစာအဖြစ် လက်မခံနိုင်တော့ဟု ဆိုပါသည်။

နောက် ရက်သတ္တပတ်အကြာတွင် စာပို့တိုက်ဌာနက ဤအထူးထုတ် စာစောင်များသည် သွေးထိုးလှုံ့ဆော်မှုများ ဖြစ်သည်ဟုဆိုကာ ချောစာအဖြစ် လုံးဝပေးပို့ခြင်း မပြုရန် တားမြစ်လိုက်သည်။ ဤသည်ကား ဆိုရှယ်လစ် လှုံ့ဆော်ဝါဒဖြန့်ချိရေးအတွက် ကြောက်ဖွယ်လိလိထိုးနှက်ချက် ဖြစ်ပါသည်။ 'ပန်ကြားချက်'မှာ ဆောက်တည်ရာမရ ဖြစ်လာပါသည်။ သယ်ပူပို့ဆောင်ရေး ကုမ္ပဏီများမှတစ်ဆင့် စာဖတ်သူများထံပို့ရန် စီစဉ်သော်လည်း ယင်းကုမ္ပဏီ များက လက်မခံပါ။ ဤတွင် 'ပန်ကြားချက်'လည်း နိဂုံးချုပ်ရပါတော့သည်။





သို့ရာတွင် ငြိမ်သက်သွားသည်တော့ မဟုတ်ပါ။ စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို ဆက်လုပ်ပါသည်။ ဖေဖေ့စာအုပ် အုပ်ရေ နှစ်သောင်းကို ချုပ်လုပ်ဆဲဖြစ်ပြီး နှိပ်စက်များကလည်း နောက်ထပ် ဆက်လက်ရိုက်နှိပ်နေကြသည်။ ထို့နောက် တစ်ညတွင် ကြိုတင်သတိပေးခြင်းမရှိဘဲ လူအုပ်တစ်အုပ်က အမေရိကန်အလံ ဆွဲထူကာ မျိုးချစ်တေးများကို သီဆိုချီတက်လာကြပြီး 'ပန်ကြားချက်'၏ နှိပ်စက်ရုံကို မီးတင်ရှို့ကာ လုံးဝဥဿုံ ဖျက်ဆီးလိုက်ကြပါတော့သည်။

ယခု ကင်းဆပ်ပြည်နယ်မှ ဂီးရပ်မြို့မှာ တိဆိတ်ငြိမ်းချမ်းသော မြို့ ကလေး ဖြစ်နေပါပြီ။ ဤမြို့ကလေးတွင် အလုပ်သမား အရေးကိစ္စများ မပေါ်ပေါက် ခဲ့ဘူးပါ။ 'ပန်ကြားချက်'သည် သမဂ္ဂအခကြေးငွေများကို ပေးခဲ့ပြီး အမှန်စင်စစ် စာပေါင်းများစွာသော အမျိုးသား အမျိုးသမီးများကို အလုပ်အကိုင် ပေးထား သည့် မြို့၏ ကျောရိုးဖြစ်ခဲ့ပါသည်။ စောစောကလူအုပ်တွင် ဂီးရပ်မြို့သူမြို့သား များ မပါဝင်ပါ။ ရည်မှန်းချက်တစ်ခုအတွက် မြေကြီးထဲမှ ထွက်ပေါ်လာပြီး ပြီးစီးပြီးသောအခါ မြေကြီးထဲသို့ ပြန်ဝင်သွားသူများဖြစ်သည်။ အားနက်က ဤတိစ္စကို ကောင်းစွာ သိမြင်ပြီးဖြစ်ပါသည်။

"အမေရိကန်မှာလည်း ရှပ်နက်တွေကို ဖွဲ့ပြန်ပြီ။ ဒါဟာ အစပဲရှိသေး သယ်။ နောက်ထပ်အများကြီး လာလိမ့်ဦးမယ်။ သံဖနောင့်ဟာ ရဲသထက်ရဲလာ ပြီ" ဟု ပြောပါသည်။

ဒီလိုနှင့်ပင် ဖေဖေ့စာအုပ်မှာလည်း ပျောက်ကွယ်ဆုံးပါးခဲ့ရပါသည်။ ဆက်ကာလ ရောင်းလာသည်နှင့်အမျှ ရှပ်နက်တွေကို ကျွန်မတို့ ပိုမိုများပြား စွာ တွေ့ကြရသည်။ ဆိုရှယ်လစ် သတင်းစာတွေကို စာပို့တိုက်က တားမြစ်ကြပြီး ရှပ်နက်တို့၏ ဖျက်ဆီးမှုတွေ များသည်ထက် များလာသည်။ ရှပ်နက်များသည် အတယ့်မျိုးချစ်များ၊ လူ့အဖွဲ့အစည်းကို ကယ်တင်သူများ ဖြစ်နေခိုက် ဖျက်ဆီး ခြင်းခံရသည့် ဆိုရှယ်လစ်သတင်းစာများမှာ ကိုယ်စားပြုမှုမရှိဘဲ ရှုတ်ချခြင်းလည်း ခံနေကြရပါသည်။

သမိုင်း၏ အဖြစ်အပျက်များကား မြန်ဆန်လှပါသည်။ ရွေးကောက်ပွဲ များလည်း မကြာမီကျင်းပတော့မည် ဖြစ်သဖြင့် အားနက်ကို ကွန်ဂရက်၌ အရွေးခံရန် ဆိုရှယ်လစ်ပါတီက ရွေးချယ်ခဲ့ပါသည်။ ရွေးကောက်ပွဲအတွက် အခွင့်အလမ်းသာလှပါသည်။ ဆန်ဖရန်စစ္စကို မြို့တွင်းသွား ရထားလက်သမား များ ခရီးသည်တင်သပိတ်ပြိုကွဲသွားရပြီး၊ ယင်းနောက် ကွဲနွှားတိရစ္ဆာန်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



များ၏ သပိတ်လည်း အလားတူ ပြိုကွဲသွားသည်။ ဤအဆုံးအရှုံးနှစ်ရပ်ကား စည်းရုံးထားသော လုပ်သားများအဖို့ အထူးထိခိုက်နစ်နာလှသည်။ ဆိပ်ကမ်း အလုပ်သမားအဖွဲ့ချုပ်ကြီးကလည်း ယင်း၏ မဟာမိတ်များနှင့်အတူ ဝိုင်းဝန်း ထောက်ခံခဲ့ကြစေကာမူ မရှုမလှ အရေးနိမ့်ခဲ့ကြရသည်။ ဤသပိတ်ကား သွေးချောင်းစီးသော သပိတ် ဖြစ်ပါသည်။ ပုလိပ်တွေက မရေမတွက်နိုင်သော အလုပ်သမားများ၏ ဦးခေါင်းခွံတွေကို နံပါတ်တုတ်ဖြင့် ရိုက်ခွဲခဲ့ပါသည်။ မာစဒ် အထူးပို့ဆောင်ရေး ကုမ္ပဏီ၏ ကုန်လှောင်ရုံအလုပ်သမားများ အသေအပျောက် စာရင်းမှာ တိုးသထက်တိုးလာသည်။

အကျိုးဆက်အားဖြင့် လူတွေမှာ စိတ်တိုလာကြသည်။ လက်တုံ့ပြန်လို ကြသည်။ သူတို့သည် သွေးနှင့် လက်စားချေခြင်းကို အလိုရှိလာကြသည်။ နိုင်ငံရေး လုပ်ငန်းစဉ်အရ လက်စားချေလိုကြသည်။ အလုပ်သမားအဖွဲ့အစည်း တွေရှိနေသည်မို့ ဖြစ်ပွားနေသော နိုင်ငံရေးတိုက်ပွဲ၌ အားတက်နေကြသည်။

ရွေးကောက်ပွဲအတွက် အားနက်၏ အခွင့်အလမ်းများ ကြီးသထက် ကြီးလာပါသည်။ သမဂ္ဂတစ်ခုပြီးတစ်ခု ဆိုရှယ်လစ်တွေကို ထောက်ခံလာကြ သည်။ သုဘရာဇာအတူ အလုပ်သမားများနှင့် ကြက်ပေါက်များကောက်ရသည့် အလုပ်သမားများပင်လျှင် ပါဝင်လာကြသဖြင့် အားနက်က ရယ်မောနေမိ သေးသည်။ အလုပ်သမားထုမှာ တက်ကြွနေသည်။ ဆိုရှယ်လစ်တို့၏ အစည်း အဝေးများတွင် အရှုံးအမူးတက်ကြွကြသည်နှင့်အမျှ ပါတီဟောင်း နိုင်ငံရေး သမားများက ပိုရှဲစဉ်းလဲလာကြသည်။ ပါတီဟောင်းတို့မှ ဟောပြောသူများ အတွက် ဟာလာဟင်းလင်းဖြစ်နေသည့် ခန်းမဆောင်တွေက ကြိုဆိုနေတတ် ကြသည်။ တစ်ခါတရံတော့လည်း ပြည့်ကျပ်နေသော ခန်းမဆောင်များနှင့် တွေ့ရစေကာမူ သူတို့သည် အရန်ပုလိပ်တွေကို ခေါ်ကြရတတ်ပါသည်။

သမိုင်း၏ အဖြစ်အပျက်များကား မြန်ဆန်လှပါသည်။ ဖြစ်ပွားနေ သော၊ ဖြစ်ပွားလတ္တံ့သော အဖြစ်အပျက်များဖြင့် တုန်ဟည်းရိုက်ခတ်နေပါသည်။ ပြည်တွင်း၌ မသုံးစွဲနိုင်သော ပိုလျှံပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့ရေး၌ ပိတ်ဆို့ ခက်ခဲလာသဖြင့် တစ်နိုင်ငံလုံး အခက်ခဲဆုံး အချိန်သို့ ရောက်ရှိနေပါသည်။ စက်မှုလုပ်ငန်းများတွင် အလုပ်ချိန်လျှော့လုပ်နေကြရပြီး အဓိက စက်ရုံကြီးတွေ မှာ ပိုလျှံကုန်များမထွက်မချင်း အလုပ်မလုပ်ဘဲ စောင့်ဆိုင်းနေကြရသည်။ ထို့ကြောင့်လည်း လုပ်ခလစာတွေကို ဖြတ်ချင်သလို ဖြတ်ချကြသည်။





စက်ဆရာများ၏ သပိတ်ကြီးလည်း ပြိုကွဲခဲ့ရပါသည်။ စက်ပြင် ဆရာ ခေါင်း နှစ်သိန်းမှာ သတ္တုစက်မှုလုပ်ငန်းများရှိ ၎င်းတို့၏ မဟာမိတ်ပေါင်း ငါးသိန်းနှင့်အတူ အမေရိကန်ပြည်၌ ဖြစ်ရိုးဖြစ်စဉ်အတိုင်း သွေးချောင်းစီး သပိတ်၌ အရေးနိမ့်ခဲ့ရပါသည်။ အလုပ်ရှင်အသင်းများက ကွင်းထဲချပေးလိုက် သော လက်နက်ကိုင်သပိတ်ဖြိုခွဲရေးသမားများနှင့် အလုပ်သမားများ သူတပြန် ကိုယ်တပြန် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ နေရာ အနှံ့အပြားတွင် ပေါ်ပေါက် လာသော ရှပ်နက်များက ပစ္စည်းတွေကို ဖျက်ဆီးကြသည်။

စည်ပင်ဝပြောသော နှစ်ကာလများအတွက် ယခုကပင် ပေးဆပ်ရပါ တော့မည်။ ဈေးကွက်တွေ ထိုင်းနေသည်။ ဈေးကွက်အားလုံး ကျဆင်းနေသည်။ အထွေထွေကျဆင်းသည့် ဈေးနှုန်းများအနက် အလုပ်သမားတို့၏ ဈေးနှုန်း ကျဆင်းမှုမှာ အမြန်ဆုံးဖြစ်ပါသည်။ စက်မှုလုပ်ငန်းတွေ အကွဲကွဲအပြားပြား ဖြစ်လာသည်နှင့်အမျှ မြေပြင်မှာ တုန်လှုပ်ချောက်ချားလျက်ရှိသည်။ အလုပ်- သမားများမှာ နေရာအနှံ့ သပိတ်မှောက်နေကြသည်။ သပိတ်မမှောက်သော နေရာမှာ အရင်းရှင်တို့ကိုယ်တိုင် ဝင်လုပ်နေသော နေရာသာဖြစ်ပါသည်။ သတင်းစာများတွင် အကြမ်းဖက်မှုများဖြင့်သာ ပြည့်လျှမ်းနေပါသည်။ သတင်းစာ များတွင် အကြမ်းဖက်မှုများဖြင့်သာ ပြည့်လျှမ်းနေပါသည်။ ယင်းကိစ္စ အစ်လျှောက်လုံး၌ ရှပ်နက်များက သူတို့၏အခန်းကဏ္ဍတွင် ပါဝင်ခဲ့ကြပါသည်။ ဒူးလုပ်ရှားမှု၊ ကိုယ်ကျိုးပစ္စည်းတွေကို လက်လွတ်စပယ်ဖျက်ဆီးမှုတို့မှာ သူတို့ ၏ လုပ်ငန်းတာဝန်ဖြစ်ပြီး ယင်းလုပ်ငန်းကို ကောင်းစွာဆောင်ရွက်ခဲ့ကြပါသည်။ အမြဲတမ်း တပ်မတော်မှာ ရှပ်နက်တွေ၏ အပြုအမူကြောင့် အချင်းဖြစ်ပွားရာ နေရာများ၌ ရောက်နေကြသည်။ မြို့တော်ကြီးများ၊ မြို့များအားလုံးမှာ လက်နက်တိုက်များပမာ ဖြစ်နေသည်။

အလုပ်လက်မဲ့ များစွာတို့အနက်မှာ သပိတ်ဖြိုခွဲရေးသမားတွေကို ခေါင်းခေါ်ယူခဲ့လေရာ ယင်းသပိတ်ဖြိုခွဲရေးသမားတွေက အလုပ်သမား ထွေများထက် ပိုမိုဆိုးရွားသောအခါ၌ သမဂ္ဂများကိုသာ ဖြိုခွဲလေ့ရှိပါသည်။

ဤကဲ့သို့ ဘက်ပေါင်းစုံ ထုထောင်းရိုက်နှက်ချက်မျိုးကို အလုပ်သမား များ တစ်ခါမျှ မခံခဲ့ရဘူးပါ။ စက်မှုလုပ်ငန်း၏ ဦးစီးခဲ့တိုင်များ ဖြစ်ကြသည့် စည်းစုအသိုင်းအဝိုင်းက တိုက်ပွဲဝင်နေကြသော အလုပ်ရှင် အသင်းအသင်း တို့၏ အကွဲကြားသို့ အားသွန်ဝင်ကြပါတော့သည်။ ဤအသင်းအဖွဲ့များမှာ



www.burmeseclassic.com

www.burmeseclassic.com



လူလတ်တန်းစား အသင်းအပင်းများသာဖြစ်ပြီး ယခုလိုအခြေအနေက ခက်ခဲ ဈေးကွက်များက ပြိုကွဲ၍ စက်မှုလုပ်ငန်းတို့၏ ဦးစီးပဲ့ကိုင်ကြီးများကလည်း ကူညီသည့်အလျောက် မတတ်သာသည့်အဆုံးတွင် စည်းရုံးထားသော အလုပ်သမားများအား ကြောက်ခမန်းလိလိ အပြတ်အသတ် ထိုးနှက်ပါတော့သည်။ ယင်းကား အဘက်ဘက်၌ အင်အားကောင်းမွန်လှသော မဟာမိတ်ဖြစ်သည်။ သို့ရာတွင် မကြာမီ လူလတ်တန်းစားတို့ သိလာကြရသည့်အတိုင်း ခြင်္သေ့နှင့် သိုးငယ်တို့ မဟာမိတ်မျိုးသာ ဖြစ်ပါသည်။

အလုပ်သမားတို့ဘက်တွင် သွေးခြင်းခြင်းနီနေပါသည်။ ဖူးရောင်နေပါသည်။ ပြိုကွဲနေပါသည်။ သို့ရာတွင် ဤအဆုံးအရှုံးကြောင့် ဒုက္ခတွေ အေးမသွားသေးပါ။ လူနည်းစုအစိုးရ၏ အရေးပါဆုံးအင်အားစုတခုဖြစ်သော ဘဏ်တိုက်တွေက အကြွေးများတောင်းခံပါသည်။ ဝေါလမ်းမရှိ အုပ်စုကလည်း အစုရှယ်ယာဈေးတွေကို ကစားလွန်းသဖြင့် မြေဈေးမှာ ဖရိုဖရဲဖြစ်ပြီး သုံးညနီးပါးအထိ ကျဆင်းခဲ့သည်။ ယင်းသို့သော ဇရက်သုတ်ခများ၊ ပျက်စီးယိုယွင်းမှုများအကြားမှ ဖြိုဖျက်မရနိုင်သော ဘာကိုမျှ အမှုမထားဘဲ စိတ်ချသေချာသော နုနုထွတ်ထွတ် လူနည်းစုအစိုးရပုံစံပေါ်ထွက် လာပါတော့သည်။ ယင်းသည် တည်ငြိမ်စွာနှင့် မိမိကိုယ်မိမိ စိတ်ချယုံကြည်မှုမှာ ကြောက်မက်ဖွယ်ပင် ကောင်းလှပါသည်။ ယင်း၏ ကျယ်ပြန့်လှသော အာဏာတွေကိုသာ အသုံးပြုသည် မဟုတ်။ စီမံကိန်းတွေ အကောင်အထည်ဖော်ရန်အတွက် အမေရိကန်ပြည်ထောင်စု ငွေတိုက်၏ အာဏာများအားလုံးကိုပါ အသုံးပြုခဲ့ပါသည်။

စက်မှုလုပ်ငန်းတို့၏ ဦးစီးပဲ့ကိုင်များသည် လူလတ်တန်းစားဘက်သို့ လှည့်လာပြန်၏။ ဖရိုဖရဲဖြစ်နေသော အလုပ်သမားတွေကို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲစေရေး၌ စက်မှုလုပ်ငန်းများ၏ ဦးစီးပဲ့ကိုင်တွေကို ကူညီခဲ့သော အလုပ်ရှင်အသင်းအဖွဲ့များမှာ ယခု သူ့မဟာမိတ်ဟောင်း၏ ဖရိုဖရဲဖြိုခွဲခြင်း ခံနေရပါသည်။ လူလတ်တန်းစားများ၊ လုပ်ငန်းရှင်များနှင့် ကုန်ချောထုတ်လုပ်သူများကို ဖြိုချေမှုန်းလိုက်သည့်အကြားမှ လုပ်ငန်းကြီးတွေ မားမားရပ်လာပါသည်။ လုပ်ငန်းကြီးတွေက မားမားရပ်ရုံသာမကသေး၊ တက်လည်းတက်ကြွကြပါသည်။ လေပွေလှိုင်းအတိုက်တွင် ဘယ်လိုအမြတ်ထုတ်ရမည်ကို သိထားကြပြီး ဖြစ်သည့်အလျောက် သူတို့အဖို့ လေတိုက်ပြီးရင်း တိုက်ရင်းသာ ဖြစ်ပါတော့သည်။ အမြတ်အစွန်းတွေက ကြီးမားလိုက်သည့်ဖြစ်ချင်း၊ သူတို့ မှုတ်ထုတ်လိုက်သော





လေကြောင့် ဖြစ်ပေါ်လာသော မုန်တိုင်းဒဏ်ကို သူတို့ခံနိုင်ကြပါသည်။ ဤလေပွေလှိုင်းအကြား ပေါလောမျောလာကြတာတွေကို သူတို့ ရယူကြ လုယက်ကြသည်။ လုပ်ငန်းကြီးတွေကမူ အခြားသောနယ်ပယ်များ အထိပင် လူလတ်တန်းစားများကို အရင်းပြုလျက် တိုးချဲ့လာကြပါသည်။

ဤသို့နှယ်ပင် ၁၉၁၂ ခုနှစ် နွေရာသီကား လူလတ်တန်းစားများအတွက် အသေအလဲ ထိုးနှက်တိုက်ခိုက်ခြင်း ခံရသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါသည်။ လျှင်မြန်းလွန်းလှပုံကို အားနက်ပင်လျှင် တအံ့တသြ ဖြစ်နေပါသည်။ စိတ်မသက်မသာဖြင့် ခေါင်းကို ယမ်းခါရင်း မကြာမီ ကျင်းပအံ့သော ရွေးကောက်ပွဲအတွက် မျှော်လင့်ချက်ကင်းမဲ့စွာ စောင့်ကြည့်နေရပါတော့သည်။

"ကိုယ်တို့ အထုအနှက်ခံနေရပြီ။ မဲပုံးမှာ အေးအေးဆေးဆေး အောင်ပွဲခံရမယ်လို့ ကိုယ် မျှော်လင့်ခဲ့တယ်။ အဲဒါ ကိုယ် မှားတာပဲ။ ဝစ်ဆန်က နှင်နေပြီ။ အနည်းအကျဉ်းကျန်နေသေးတဲ့ ကိုယ်တို့ရဲ့ လွတ်လပ်ခွင့်ကလေးတွေကိုပါ သူတို့ လုယက်သွားကြတော့မှာပဲ။ သံဖနောင့်က ကိုယ်တို့မျက်နှာတွေပေါ် တက်နင်းနေပြီလေ။ အဲဒီတော့ တော်လှန်ရေးမှအပ တခြားနည်းလမ်း ဘာမှ မရှိတော့ဘူး။ ကိုယ်တို့ အောင်ပွဲခံရမှာ မုချပါပဲ။ ဒါပေမယ့် ဒါကိုတွေးရင် ကိုယ်တော့ချမ်းနေတယ်"

အားနက်က ယင်းသို့ ပြောပါသည်။ ထိုအချိန်ကစ၍ ဤတော်လှန်ရေး အပေါ်တွင် သူ အားထားခဲ့သည်။

ဤကိစ္စတွင် သူ့ပါတီထက် သူက ရှေ့ရောက်နေသည်။ သူ့ဘဝတူ ဆိုရှယ်လစ်များက သဘောမတူကြ၊ ရွေးကောက်ပွဲမှတစ်ဆင့် အောင်ပွဲခံနိုင်ကြမည်ဟု သူတို့ မျှော်လင့်နေကြသေးသည်။ ဤသို့ဖြစ်ရသည်မှာ ခေါင်းအေးလွန်းကြသောကြောင့် ဖြစ်ပါသည်။ အားနက်က သူတို့အား သဘောပေါက်ပါစေရန် အတန်တန် ဖျောင်းဖျသော်လည်း မရပါ။ သူတို့၏ လူမှုတော်လှန်ရေးဆိုင်ရာ သဘောတရားရေးရာအရ လူနည်းစု အုပ်ချုပ်မှုစနစ်မျိုး မပေါ်နိုင်။ ထို့ကြောင့် လူနည်းစု အစိုးရမျိုး ဖွဲ့စည်းရန် မဖြစ်နိုင်။

"ခင်ဗျားကို ကျွန်တော်တို့က ကွန်ဂရက် လွှတ်တော်ဆီ ပို့မယ်၊ ဒါဆို တော်လောက်ပါပြီ" ဟု လျှို့ဝှက်အစည်းအဝေးတစ်ခု၌ သူတို့က အားနက်ကို ပြောပြသည်။

"ကျွန်တော့်ကို သူတို့က ကွန်ဂရက်ထဲကထုတ်ပြီး ကျွန်တော့်ကိုနှောင်



www.burmeseclassic.com

www.burmeseclassic.com



တွေထွက်ကုန်အောင် နံရံနဲ့ တိုက်ခိုင်းရင်ကော ဘယ့်နှယ်လုပ်မလဲ"

အားနက်က အေးတိအေးစက် အဖြေပေးသည်။

"အဲဒီအခါကျတော့ ကျွန်တော်တို့ အားနဲ့ထကြမယ်" ဟု အသံပေါင်း တစ်ဒါဇင်လောက်က တညီတညာတည်း အဖြေပေးကြသည်။

"အဲဒီအခါကျတော့ ကိုယ့်သွေးအိုင်ထဲ ကိုယ် လူးနေကြရမှာပေါ့။ လူလတ်တန်းစားတွေ ဆိုသွားတဲ့ သီချင်းကို ကျွန်တော်တို့ ကြားခဲ့ဖူးပြီဗျ။ သူတို့ အင်အားပြည့်ဝနေခိုက် ဆိုတဲ့သီချင်းလေ"

ဤသည်ကား သူ၏ နှုတ်လှန်ထိုးချက်ပင် ဖြစ်ပါတော့သည်။

❖ ❖ ❖

## အခန်း [ ၁၁ ]

## စွန့်စားမှုကြီး

ဆန်ဖရန်စစ္စကိုသို့အသွား တုတ္တိုသင်္ဘောပေါ်တွင် ဖေဖေနှင့် မစ္စတာ ဆန်တို့ အမှတ်မထင် တွေ့ကြသည်။ ယင်းသို့ မတော်တဆ မတွေ့ခဲ့ကြလျှင် တစ်ခုံတစ်ရာသော သတိပေးမှုမျိုးလည်း ပေါ်လာမည်မဟုတ်ပါ။ ပေါ်ထွက်လာမည့် အဖြေမှာလည်း ခြားနားလှတော့မည် မဟုတ်ပါ။

အိမ်ပြန်ရောက်လာသည်နှင့် တစ်ပြိုင်နက် ဖေဖေက. . .

"အားနက် မှန်နေပြီ။ အားနက်ဟာ တကယ် မှတ်လောက် သားလောက်တဲ့ လူငယ်ပေပဲ။ သမီးကို ရှော့ဖဲလားတို့၊ အင်္ဂလန်ဘုရင်တို့ရဲ့ ဇနီးမှာထက် သူ့ဇနီး ပိုပြီး ဖြစ်စေချင်တာပဲ"

"ဘာကိစ္စပါလိမ့် ဖေဖေ"

ကျွန်မက အထိတ်တလန့် မေးလိုက်မိသည်။

"လူနည်းစု အစိုးရက ဖေဖေတို့ သမီးတို့မျက်နှာပေါ် ခြေနင်းတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဝစ်ဆန်က ဖေဖေ့ကို ဒီအတိုင်းပြောလိုက်တယ်။ လူနည်းစု လူတန်းစား
ထဲမှာတော့ သူဟာ သနားညှာတာတတ်တဲ့ လူပါပဲ။ ယူနီဗာစီတီမှာ ဖေဖေ့ကို
ပြန်ခန့်ဖို့ သူက ကမ်းလှမ်းတယ်။ အဲဒါ ဘယ့်နှယ်သဘောရသလဲ သမီး
ဒီပြည်နယ်က ယူနီဗာစီတီမှာ ဖေဖေ စာပြန်သင်ရေး မသင်ရေး ဆိုတာ
ဒီလောဘသား ဝစ်ဆန်က ဆုံးဖြတ်ခွင့်အာဏာ ရှိနေတယ်။ အခု သူတို့ စီစဉ်
ထားတဲ့ ရူပဗေဒ သိပ္ပံကောလိပ်ကြီးတွေမှာ အဓိပတိအဖြစ် ထားဖို့တောင် သူ
ကမ်းလှမ်းထားတယ် သမီးရဲ့။ သူတို့ရဲ့ အစွန်းထွက် အပိုအလျှံတွေကြား
ရှန်းထွက်ကြရတော့မယ်လေ. . .။

"သူက ပြောတယ်။ ခင်ဗျားသမီးရဲ့ ချစ်သူ ဆိုရှယ်လစ်ကို ကျုပ် ပြော
ခဲ့တာ မှတ်မိတယ်မဟုတ်လားတဲ့။ ဟော့. . ကျုပ်တို့က အလုပ်သမား လူတန်းစား
တွေရဲ့မျက်နှာပေါ် လမ်းသလားပြမယ်လို့ သူ့ကို ကျုပ် ပြောခဲ့တယ်လေ။
အတိုင်း ကျုပ်တို့လုပ်မှာပဲ။ ခင်ဗျားနဲ့ပတ်သက်လို့ကတော့ သိပ္ပံပညာရှင်တစ်ဦး
အဖြစ် ကျုပ်တို့အလေးအနက်ထား လေးစားပါတယ်။ ဒါပေမယ့် ခင်ဗျား
ကုသိုလ်ကံကို အလုပ်သမားလူတန်းစားထဲ ပုံအပ်ပြီဆိုရင်တော့ ခင်ဗျား မျက်နှာ
အတွက် သတိသာ ထားပေရော့လို့ ပြောပြီး သူ ထွက်သွားတာပဲ"

ဤအကြောင်းကို အားနက်အား ကျွန်မ ပြန်ပြောသောအခါ "မင်း
စီစဉ်တာထက် စောပြီး ကိုယ်တို့ လက်ထပ်ကြရတော့မယ် ဆိုတဲ့သဘောပေါ့"
ဟူသည်မှာ အားနက်၏ ထင်မြင်ချက်သာ ဖြစ်ပါသည်။

သူစဉ်းစားပုံကို ကျွန်မ သဘောမပေါက်ပါ။ သို့ရာတွင် နောက်မှာ
မကြာမီမှာပင် ကြားသိလာရပါသည်။ ထိုအချိန်မှာ ဆီယာရာစက်ရုံ၏ အဖြတ်
ခွဲဝေမှုများ ပြုလုပ်ရမည့် အချိန်ဖြစ်သည်။ ဖေဖေ့အတွက် ရစရာတွေ မရသေး
သဖြင့် ဖေဖေက အတွင်းရေးမှူးထံ စာတစ်စောင်ရေးပို့သည်။ ဖေဖေ့ အစု
ရှယ်ယာပိုင်ဆိုင်ခဲ့ကြောင်း မှတ်တမ်းတစ်စုံတစ်ရာ မတွေ့သဖြင့် ပို၍တိကျစွာ
ရှင်းလင်းပြရန် ယဉ်ယဉ်ကျေးကျေး မေတ္တာရပ်ခံထားသော စာတစ်စောင် ပြန်
လာပါသည်။

"အေးလေ. . .၊ ဒီလူတွေ သိအောင် ရှင်းပြရတာပေါ့" ဟု ဆိုကာ
ဖေဖေက ဘဏ်တွင် အပ်နှံထားသော အစုရှယ်ယာလက်မှတ်ကို သွားထုတ်ယူ
ပါသည်။

ဖေဖေပြန်ရောက်လာသောအခါ အပေါ်ယံ ကုတ်အင်္ကျီကို ကျွန်မအား





ကူချွတ်ပေးလိုက်စဉ် ဖေဖေက. . .

"အားနက်ဆိုတာ တကယ့် မှတ်သားလောက်တဲ့ သူငယ်ပဲ။ သမီးကို
ဖေဖေ ထပ်ပြောမယ်။ မင်းရဲ့လူဟာ တကယ့်ကို မှတ်သားလောက်ပါပေတယ်"

အားနက်ကို ဤနည်းဤပုံ ဖေဖေက ချီးကျူးပြီဆိုလျှင် ဘေးဒုက္ခကို
မျှော်ပေရော့ဟု ကျွန်မအတွေ့အကြုံက ကျွန်မအား သင်ကြားပေးခဲ့ပါသည်။

"သူတို့ ဖေဖေ့မျက်နှာပေါ် လမ်းသလားကြပြီလေ။ အစုရှယ်ယာ
လက်မှတ်မရှိဘူး။ အာမခံသေတ္တာထဲမှာ ဘာမှမရှိဘူး။ သမီးတို့ မြန်မြန်ကလေး
လက်ထပ်ကြပေတော့"

ဖေဖေက ဓာတ်ခွဲခန်းနည်းနာများအတိုင်း ကျင့်သုံးပါသည်။ ဆီယာရာ
စက်ရုံကို တရားစွဲပါသည်။ သို့ရာတွင် စက်ရုံ၏ စာရင်းစာအုပ်များကိုမူ တရားရုံး
သို့ရောက်အောင် မလုပ်နိုင်ပါ။ တရားရုံးကို ဖေဖေ မပိုင်။ စက်ရုံက ပိုင်ပါသည်။
ဤမျှဖြင့် ကိစ္စအဝဝ ရှင်းနေပါပြီ။ တရားဥပဒေ၏ အထုအထောင်းကို ဖေဖေ
ခံခဲ့ရပါပြီ။

ဖေဖေ အထုအထောင်း ခံခဲ့ရပုံအကြောင်းတွေကို ကျွန်မ ယခု
ပြန်ပြောင်း စဉ်းစားတိုင်း ရယ်ချင်လာမိပါသည်။

ဆန်ဖရန်စစ္စကို၏ လမ်းမတစ်ခုပေါ်တွင် ဖေဖေက မစ္စတာဝစ်ဆန်နှင့်
တွေ့သောအခါ တကယ် မုန်းစရာလူဆိုးလူသွမ်းတစ်ယောက်ဟု ပြောလိုက်
ပါသည်။ မကြာပါ။ ဖေဖေ့ကို စော်ကားရန် ကြံစည်မှုဖြင့် ဖမ်းသည်။ ပုလိပ်ရုံးတ
က်ရိုက်ပြီး အေးချမ်းသာယာမှုကို ထိန်းသိမ်းရန် တာဝန်ခံခိုင်းသည်။

ဖေဖေက အိမ်ပြန်ရောက်သောအခါ ဟက်ဟက်ပက်ပက် ရယ်မောပါ
သည်။ သို့ရာတွင် သတင်းစာများ၏ ရေးသားချက်မှာ စိတ်ဆိုးစရာ ကောင်း
လှပါသည်။ ဆိုရှယ်လစ်ဝါဒကို သက်ဝင်ယုံကြည်သူများအကြား၌ အကြမ်းဖက်
လိုသည့် ရောဂါပိုးမွှားတွေ ကပ်ငြိနေပြီဟု အကျယ်တဝင့် ပြောဆိုကြသည်။
ကာလရှည်ကြာစွာ ငြိမ်းချမ်းတိတ်ဆိတ်သော ဘဝ၌ နေခဲ့သည့် ဖေဖေ၏ အဖြစ်
ကို ဤအကြမ်းဖက်လိုသည့် ပိုးမွှားထကြွသောင်းကျန်းမှု၏ ထောက်ပြသော
နမူနာအဖြစ် တင်ပြကြသည်။ အချို့သတင်းစာများကမူ ဖေဖေသည် သိပ္ပံရှာ
ဖွေလေ့လာမှုများကြောင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်နေပြီး စိတ်ဖောက်ပြန်နေခြင်း
ဖြစ်သောကြောင့် ကိုယ်တည်း နေစေသင့်သည်ဟုပင် အကြံပေး ရေးသားကြသည်။ ဤသည်
မှာ စကားအဖြစ်ပြောနေကြခြင်းသာမက လာလတ္တံ့သော ဘေးဒုက္ခကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ပြနေခြင်းဖြစ်ပါသည်။ ဖေဖေကား ယင်းသဘောကို ကောင်းစွာ ဆင်ခြင်မိလောက်အောင် အမြော်အမြင်ကြီးပါသည်၊ ဂိုဏ်းချုပ်ကြီး၏ အတွေ့အကြုံမှ ဖေဖေသင်ခန်းစာယူခဲ့ပြီး၊ သင်ခန်းစာလည်း ရခဲ့ပြီး ဖြစ်ပါသည်။ သူ့အပေါ် အဘယ်မျှ မတရားပြုကြစေကာမူ ဖေဖေက တိတ်ဆိတ်စွာ နေပါသည်၊ ဤသည်ကို သူ့ရန်သူများက အံ့သြနေကြမည်ဟု ကျွန်မ ထင်ပါသည်။

ကျွန်မတို့အိမ်ကိစ္စလည်း ပေါ်လာပြန်ပါသည်။ ကျွန်မတို့ နေထိုင်ရာ အိမ်ကို ပေါင်နှံထားသည့်အတွက် ကျွန်မတို့ ဖယ်ပေးရမည်ဟု ဆိုလာပါသည်။

အမှန်အားဖြင့် မည်သည့်ပေါင်နှံမှုမျိုးမှ မရှိခဲ့၊ မြေကြီးကို ကျွန်မတို့ လုံး၀ဥဿုံ ၀ယ်ယူခဲ့ခြင်းဖြစ်ပါသည်။ အိမ်ကိုလည်း တန်ရာတန်ကြေး ပေး၍ ၀ယ်ခဲ့ပါသည်၊ ထို့ကြောင့် ဤမြေနှင့် ဤအိမ်မှာ အခမဲ့ နေနေရသော မြေနှင့် အိမ် ဖြစ်ပါသည်။

သို့ရာတွင် နှစ်ကာလ အတန်ကြာမျှ အတိုးပေးထားသည့် မှတ်တမ်းများနှင့်အတူ စနစ်တကျ ပေါင်နှံထားသော စာချုပ်တစ်ခု ရှိနေပါသည်။ ဖေဖေက ဒေါသတကြီး မဖြစ်တော့ပါ။ ပထမဦးစွာ ဖေဖေ့ငွေကြေးများ လုယက်ခံခဲ့ရသည့်နည်းတူ ယခုလည်း အိမ်ကို လုယက်ခြင်း ခံရပြန်လေပြီ။ ဖေဖေ့မှာ အားထားစရာ မရှိတော့ပါ။ လူ့အဖွဲ့အစည်းသည် သူ့ကို ချေမှုန်း ချိုးဖဲ့ပစ်ရန် လိုလားနေကြသူများ လက်တွင်း၌ ရောက်ရှိနေပါပြီ။

သူ့နှလုံးသားတွင် အတွေးအခေါ် ရှိပါသည်။ သို့မို့ကြောင့် စိတ်ဆိုး ဒေါသဖြစ်ခြင်း မရှိတော့ပါ။

ဖေဖေက ကျွန်မကို ပြောပါသည်။

"ဖေဖေတော့ ဒုက္ခတွေ့ရမှာ သေချာနေပြီ။ ဒါပေမယ့် နည်းနိုင်သမျှ အနည်းဆုံးဖြစ်အောင် ကြိုးစားရမှာပေါ့။ ဖေဖေ့အရိုးတွေ ကြုံလှီလှုပ်ပြီး သင်ခန်းစာလည်း ရခဲ့ပြီပေါ့၊ စိတ်ကျန်းမာရေးဆေးရုံမှာတော့ ဖေဖေ အရိုး မထုတ်နိုင်ဘူး ဆိုတာ ဘုရားသခင် သိပါတယ်"

စာမျက်နှာများစွာ၌ ကျွန်မ လျစ်လျူပြုထားမိခဲ့သော ဂိုဏ်းချုပ်ကြီး မိုးဟောက်ကို ကျွန်မ ပြန်သတိရမိပါသည်။

သို့ရာတွင် ကျွန်မတို့ လက်ထပ်သည့် ကိစ္စကို ဦးစွာပထမ ပြောလိုပါသည်။ အထူးထူးသော အဖြစ်အပျက်များအကြား၌ ကျွန်မ၏ လက်ထပ်ပွဲမှာ မထင်မရှားသာ ဖြစ်ခဲ့ရပါကြောင်း ကျွန်မသိသည့်အတွက် ယင်းကိစ္စကို ဖော်ပြ





လောက်သာ ဖော်ပြပါမည်။

ကျွန်မတို့အား အိမ်မှမောင်းထုတ်ခံရသည့်အခါတွင် ဖေဖေက. . .

"အေး အခုမှပဲ ဖေဖေတို့ တကယ့်ပစ္စည်းမဲ့တွေ ဖြစ်လာတော့မှာပဲ၊ ပစ္စည်းမဲ့လူတန်းစားအကြောင်းကို တကယ်သိတဲ့နေရာမှာတော့ မင်းလူကို ဖေဖေက မနာလိုတောင် ဖြစ်မိတယ်၊ အခုတော့ ဖေဖေကိုယ်တိုင်ကိုယ်ကျ တွေ့ရ သိရတော့မှာပေါ့"

ဖေဖေတွင် စွန့်စားရဲသူတို့၏ သွေးကိန်း၀ပ်နေရမည်။ ကျွန်မတို့၏ အတိဒုက္ခကို စွန့်စားမှုတစ်ရပ် သဘောဖြင့် ဖေဖေက ကြည့်ပါသည်။ ဖေဖေ့တွင် စိတ်ဆိုးခြင်း၊ ခါးသီးခြင်းတို့ မရှိပါ။

ဤသို့ဖြင့် ဆန်ဖရန်စစ္စကိုမြို့ ဈေးလမ်း တောင်ဘက်ရှိ ဆင်းရဲသားရပ်ကွက်မှ ယိုယွင်းနေသော အခန်းလေးခန်း ရှိရာသို့ ပြောင်းရွှေ့ခဲ့ပါသည်၊ ဖေဖေကား ကြည်လင်သော အမြင်၊ ထူးခြားသော အသိဉာဏ်တို့ ပေါင်းစပ်ထားသည့် ကလေးတစ်ဦး၏ ပျော်ရွှင်တက်ကြွမှုများဖြင့် စွန့်စားမှု လမ်းပေါ်သို့ ရောက်လာခဲ့လေသည်။

ကျွန်မ ကိုယ်တိုင်ပင်လျှင် ကျွန်မတို့၏ နေရေးထိုင်ရေး ပြောင်းလဲခဲ့ရသည့်အတွက် စိတ်သက်သာရာ ရခဲ့ပါသည်၊ အနည်းဆုံးအားဖြင့်ဆိုရလျှင် ဗာနီတာစီတီ မြို့ကလေး၌ စနစ်တကျ စည်းရုံးထားသော မောင်းနှင်ထုတ်ရေးအဖွဲ့အောက်မှ လွတ်မြောက်ခဲ့ရခြင်း အတွက်ပင် ဖြစ်ပါသည်။ အပြောင်းအလဲသည် ကျွန်မအတွက်လည်း စွန့်စားမှုတစ်ရပ် ဖြစ်ပါသည်။ အထူးသဖြင့် ချစ်စရာ စွန့်စားမှုဟု ဆိုရပါမည်။

ဤ အပြောင်းအလဲတွေက ကျွန်မတို့၏ လက်ထပ်မှုကို အသော့နှင်ခဲ့ပါသည်၊ အိမ်ထောင်ရှင်မတစ်ဦးအဖြစ် ကျွန်မသည် ဆန်ဖရန်စစ္စကို ဆင်းရဲသားရပ်ကွက် ၀ဲလ်လမ်းက အခန်း လေးခန်းရှိရာသို့ ပြောင်းရွှေ့နေထိုင်ပါသည်။

ဤအခြေအနေများ အကြားကပင် အားနက်ကို ပျော်အောင် ကျွန်မထားပါသည်။ ဟန့်တား နှောင့်ယှက်သည့် အင်အားတစ်ရပ်အဖြစ် မဟုတ်ဘဲ အေးချမ်းသာယာမှု၊ စိတ်ချမ်းသာမှု အင်အားတစ်ရပ်အဖြစ် သူ့ဘ၀အတွင်းသို့ ကျွန်မ ၀င်ရောက်ခဲ့ပါသည်။ ကျွန်မ သူ့ကို အနားပေးပါသည်၊ ဤသည်မှာ သူ့အတွက် ကျွန်မ၏ချစ်ခြင်းမေတ္တာက ပေးဆပ်ခြင်း ဖြစ်သည်၊ ဤသည်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်မအတွက် မပျက်ကွက်နိုင်သော အထိမ်းအမှတ်ပင် ဖြစ်ပါသည်။ သူ၏ သနားကြင်နာစရာကောင်းလောက်အောင် နွမ်းနယ်နေသော မျက်စိအစုံဆီသို့ မေ့ပျောက်ဖွယ်ရာ သို့တည်းမဟုတ် ဝမ်းမြောက်စရာ အလင်းရောင်တို့ ထည့်ထွင်းပေးရခြင်းထက် ပို၍ အခြား ဘာကိုမျှ ကျွန်မ မကြည်နူးနိုင်ပါ။

နွမ်းနယ်လှသည့် ချစ်လှစွာသော မျက်စိ အစုံပါတကား။ သူသည် အခြားသူများ ရုန်းကန်ရသည်ထက် ပို၍ ရုန်းကန်ခဲ့ရသူ၊ အခြားသူများအတွက် ရုန်းကန်ခဲ့ရသူသာ ဖြစ်ပါသည်။ ဤသည်မှာ သူ့ဘဝအတိုင်းအတာ ဖြစ်ပါသည်။

သူသည် လူသားဆန်သူ၊ ချစ်ခင်မြတ်နိုးတတ်သူ ဖြစ်ပါသည်။

ထိုက်ပွဲတွင် ပြန်လည် မွေးဖွား ရှင်သန်လာသော သူ့စိတ်ဓာတ်၊ သူ၏ ကြံ့ခိုင်သော ခန္ဓာကိုယ်၊ သူ၏ လင်းယုန်ငှက်စိတ်ဓာတ်များဖြင့် ကျွန်မအပေါ် ကဗျာဆရာတစ်ဦးလို ညင်သာ နူးညံ့သူ၊ ချစ်ခင်မြတ်နိုးသူ ဖြစ်ပါသည်။ သူသည် ကဗျာဆရာတစ်ဦး ဖြစ်ပါသည်။ အဆိုကျော်တစ်ဦးလည်း ဖြစ်ပါသည်။ သူ့ဘဝ တစ်လျှောက်လုံး လူသားတို့၏ တေးကို သီဆိုခဲ့သည်။ လူသားအပေါ် ချစ်ခင် မြတ်နိုးစွာဖြင့် သူ အလုပ်လုပ်ပြီး လူသားတို့အတွက် သူ့ဘဝကို စွန့်လွှတ်ရန် အနစ်နာခံသူ ဖြစ်ပါသည်။

ဤအရာအားလုံးကို နောင် အနာဂတ် ဆုလာဘ်အတွက် မျှော်လင့် ခြင်း ကင်းစွာ လုပ်ဆောင်ခဲ့ပါသည်။ သူ၏ အရာဝတ္ထုများဆိုင်ရာ အတွေးအခေါ် ခံယူချက်တွင် အနာဂတ် ဘဝဆိုတာ မရှိပါ။ မသေနိုင်သော စိတ်ဓာတ်နှင့် အလျှံတညီးညီး တောက်လောင်နေသော သူသည် သူ့ဘာသာအတွက်မူ ဤ မသေမပျောက်နိုင်မှု တရားကို ငြင်းဆိုထားပါသည်။ ဤသည်မှာ သူ၏ မှားသော အယူပင် ဖြစ်ပါသည်။ စိတ်ဓာတ်တွင် နွေးထွေးလှသော သူ့ကို ရုပ်ဝါဒ ကိုးကွယ်မှုတည်းဟူသော အေးစက်စက် ဟန့်တားထားသည့် အဘိဓမ္မာက လွှမ်းမိုးထားပါသည်။ သူ့ဝိညာဉ်၏ တောင်ပံများအရ သူ၏ မသေမပျောက် နိုင်မှုကို တိုင်းတာကြောင်း၊ အတိုင်းအတာ အပြည့်အစုံကို ရရှိနိုင်ဖို့အတွက် ကျွန်မသည် အတိုင်းအဆမရှိနိုင်သော ကာလများအထိ အသက်ရှင် နေရဦးမည် ဖြစ်ကြောင်းဖြင့် ပြောပြကာ သူ့ကို ငြင်းဆိုလေ့ရှိပါသည်။

ထိုအခါမျိုး၌ သူက ရယ်ရယ်မောမောဖြင့် ကျွန်မကို ပွေ့ဖက်ထား ချစ်စရာ သတ္တဗေဒ ရှင်မလေးဟု ခေါ်ဝေတတ်ပါသည်။ သူ့မျက်လုံးအစုံတွင် မောပန်းနွမ်းနယ်မှုများ ပပျောက်သွားပြီး မသေပျောက်နိုင်မှာကို အသစ်တစ်ဖန်





လောက်စွာ ကြေညာသော ပျော်ရွှင်ချမ်းမြေ့သည့် ချစ်စနိုး အလင်းရောင် များဖြင့် ပြည့်လျှံလာတတ်ပါသည်။

ကျွန်မကို သူ၏ ဒွတ္တဝါဒီဟု ခေါ်လေ့ရှိပြီး ကန့်သည် ဆင်ခြင်တုံတရား စစ်အမှန်နည်းလမ်းအရ ထာဝရ ဘုရားသခင်ကို ကိုးကွယ်ရန်အတွက် ယင်း ဆင်ခြင်တုံတရားအား အဘယ်သို့ ပစ်ပယ် ဖယ်ရှားခဲ့သည်ကို ပြောပြတတ်ပါ သည်။ ယင်းအပြုအမူမျိုးဖြင့် ကျွန်မကို နှိုင်းယှဉ်၍ အပြစ်ရှိနေပြီဟု ပြောပါသည်။ ကျွန်မက အပြစ်ရှိကြောင်း ဝန်ခံသော်လည်း ယင်းကို အလွန်တရာ မျှတသည့် အပြုအမူတစ်ရပ်အဖြစ် ကာကွယ်သောအခါမျိုး၌ သူက ကျွန်မအား ထွေးပိုက် ကာ ရှာမှရှားသူတို့၏ ချစ်စရာ ရယ်မောခြင်းမျိုးဖြင့် ရယ်မောနေတတ် သည်။ ဘဝဖွဲ့တည်မှုတွင် ခိုကပ်မှီတွယ်နေသည့် လျှို့ဝှက်ရှောင်ဖယ်နေသော အနှစ်သာရကို သိပ္ပံပညာ၏ အေးတိအေးစက် စမ်းတဝါးဝါး ဖမ်းစားမှု၊ သုံးသပ်မှု မြန်းစိတ်ဖြာမှုတို့ထက် ပို၍ သူ၏ ကိုယ်ပိုင်မူရင်းတရားနှင့် ပါရမီထူးချွန်မှုကို ဆောနှင့်ဝန်းကျင်က ရှင်းပြနိုင်ကြောင်းဖြင့် ကျွန်မက ငြင်းခဲ့လေ့ရှိပါသည်။

ဟင်းလင်းပြင်သည် ထာဝရ ဘုရားသခင်၏ နာမ်အရိပ်အယောင် ဖြစ်ပြီး ဝိညာဉ်သည် ထာဝရ ဘုရားသခင် စရိုက်မှ ထုတ်လွှတ်လိုက်ခြင်း ဖြစ် သည်ဟု ကျွန်မက ခံယူထားပြီး သူက ကျွန်မကို ချစ်စနိုး တတ္တဗေဒ ဝါဒီကလေး ဟု ခေါ်လျှင် ကျွန်မက သူ့ကို ကျွန်မ၏ မသေမပျောက်နိုင်သော ရုပ်ဝါဒီဟု ခေါ်ပါသည်။ ဤသို့အားဖြင့် ကျွန်မတို့ ချစ်ခင်မြတ်နိုးခဲ့ကြ၊ ပျော်ရွှင်ခဲ့ကြပါသည်။ ဤကမ္ဘာ လောကအတွင်း သူ ဆောင်ရွက်နေသည့် ကြီးကျယ်လှသော လုပ်ငန်း ကြောင့် တစ်စုံတစ်ရာသော ဝိညာဉ်အကျိုးတရားကို မမျှော်ကိုးဘဲ ယင်းအလုပ် တွေကို လုပ်ဆောင်သောကြောင့် သူ့ဝိညာဉ်နှင့် သူကိုယ်တိုင်၌ မောက်မာသော နှင့် အထင်ကြီးစိတ် ကင်းဝေးအောင် ဟန့်တားခဲ့သည့် သူ၏ အလွန်အမင်း သားဖြူစင်သော စိတ်ဓာတ်ကြောင့် သူ၏ ရုပ်ဝါဒကို ကျွန်မ မေ့ပျောက် လွှတ်ခဲ့ပါသည်။

သို့ရာတွင် သူ့မှာ မာနရှိပါသည်။ မာနမရှိပါဘဲ အဘယ်ပုံ လင်းယုန် စ် ဖြစ်ပါအံ့နည်း။ သူသည် ကဗျာတစ်ပုဒ်၏ တစ်ပိုင်းတစ်စကို ရွတ်ဆို ထားလေ့ရှိပါ၏။ ကဗျာတစ်ပုဒ်လုံးကို ဆုံးအောင် မဖတ်ပါ။ ကဗျာရေးသူ ကြောင်းကိုလည်း မစဉ်းစားပါ။

ကျွန်မ ကဗျာတစ်ပိုင်းတစ်စကို ဤနေရာတွင် ဖော်ပြလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာကို သူ အလွန့်တရာ ချစ်မြတ်နိုးသည့်အတွက်ကြောင့်သာ မဟုတ်။ ဤကဗျာ တစ်ပိုင်းတစ်စကလေးက သူ့စိတ်မနောကို ခြုံငုံ ဖော်ပြနေခြင်းကြောင့်လည်း ဖြစ်ပါသည်။ မတည်မြဲသည့် ဤမြေပြင်ပေါ်၌ ရပ်တည်ကာ လှုပ်ရှားနေသော၊ တောက်လောင် တက်ကြွနေသော၊ အားမာန်ပြည့်ဖြိုးနေသော လူတစ်ဦးအဖို့ အောက်ပါ ကဗျာ အပိုင်းအစကလေးကို ကျွန်မက ရွတ်ဆိုပြခြင်းအားဖြင့် ခေတ္တခဏ ကွန်းခို နားနေရာပင် ဖြစ်ပါစေတော့။

*ပျော်ရွှင်ရခြင်းနှင့် အောင်မြင်ခြင်းတို့သည်*
*ကျွန်ုပ်၏ မွေးရာပါ အခွင့်အရေးများ ဖြစ်သည်။*
*ဆုံးစ မရှိသော ကျွန်ုပ်၏ နေ့များအတွက်*
*ကမ္ဘာမြေနှံ့ ပုံတင်ထပ်အောင် ချီးကျူးလိုက်ပါ၏။*
*အဆုံးစွန်သောကာလ၌*
*လူ့ဓမ္မတာအတိုင်း သေခြင်းတရား အားလုံးကို*
*ကျွန်ုပ် ခံယူပါမည်။*
*သို့ရာတွင် ချိုမြိန်သော မိန်းမသားဂုဏ်မာနဖြင့်*
*ဘဝအတွက်၊ သေခြင်းတရားအတွက်*
*ဂုဏ်ပြုတေးကို ကျွန်ုပ်သီကျူးမည်။*
*ဒေင်ဥယျာဉ်မှ ထွက်လာသူ*
*အိုဘယ့် အသင်လူသား*
*မြေဝဋ္ဋာနှင့် လေထုတို့*
*ပင်လယ်နှင့်ကောင်းကင်မှ ခွဲခွာသောအခါ*
*ထိုနေရာသို့ ကျွန်ုပ်လာခဲ့မည်။*
*အဘယ်ကြောင့်နည်း၊*
*ထိုနေရာကား ကျွန်ုပ်၏ကမ္ဘာ*
*ကျွန်ုပ်၏ တောက်ပသောကမ္ဘာ*
*ကျွန်ုပ်၏ အဖိုးထိုက်တန်သော ဒုက္ခများ၏*
*ကမ္ဘာဖြစ်သောကြောင့်တည်း။ ။*

အားနက်မှာ အလွန် အလုပ်လုပ်ပါသည်။ အလွန် ကောင်းမွန်လှသော
သူ့ကျန်းမာရေး အခြေအနေကြောင့်ဖြစ်သည်။ သို့တိုင်အောင် ဤမျှ ကျန်းမ





နေကောင်းနေသည့်အကြားမှ ပင်ပန်းနွမ်းနယ်သော အရိပ်အယောင်တွေကို သူ့မျက်လုံးအစုံတွင် တွေ့မြင်ရပါသည်။ ချစ်လှစွာသော နွမ်းနယ်နေသည့် မျက်လုံး အစုံပင်တည်း။

တစ်ညလျှင် လေးနာရီခွဲထက် ပို၍ သူ မအိပ်ပါ။ သို့စဉ်လျက် သူလုပ်ချင်သော အလုပ်တွေကို ကုန်စင်အောင် လုပ်နိုင်ရေးအတွက် အချိန် မလောက်။ ဆုံးဖြတ်ချက်ကို ဝါဒဖြန့်သူအဖြစ် သူ့လုပ်ငန်းတွေကို မရပ်မနား လုပ်သည်။ အလုပ်သမားအဖွဲ့အစည်းများ၌ ဟောပြောရမည့် အစီအစဉ်တွေကို ကာလရှည်ကြာစွာ ကြိုတင် ရေးဆွဲထားသည်။

ဤသို့ဖြင့် မဲဆွယ်ချိန်သို့ ရောက်ရှိလာသည်။ ယင်းလုပ်ငန်းကို အားမာန် အပြည့်အဝဖြင့် သူ လုပ်ပါသည်။ ဆိုရှယ်လစ်ပုံနှိပ်ထုတ်ဝေရေးတိုက်များကို ဖိနှိပ်ထားခဲ့လေရာ သူ့အတွက် နည်းပါးလှသော စာမူခကလေးများသည်လည်း ပျောက်ကွယ်ခဲ့ရပါတော့သည်။ သို့မို့ကြောင့်လည်း အသက်ရှင်နေထိုင်ရေးအတွက် ခက်ခက်ခဲခဲ ကြိုးပမ်းရပြန်ပါသည်။ သိပ္ပံပညာနှင့် ဒသနိကဆိုင်ရာ ဆောင်းပါးများစွာကို မဂ္ဂဇင်းတိုက်များအတွက် ဘာသာပြန်သည်။ အိမ်သို့ ညဉ့်နက်သန်းခေါင်မှ ပြန်ရောက်လာတတ်ပါသည်။ မဲဆွယ်လုပ်ငန်းများအတွက် တစ်နေ့တာလုံးလုံး အလွန်တရာ ပင်ပန်းနွမ်းနယ်နေသည့်အကြားကပင် နံနက်လင်းအားကြီး အချိန်အထိ တကုပ်ကုပ် ဘာသာပြန်နေတတ်ပါသည်။ ထိုမျှဖြင့် မပြီးသေးပါ။ အလေ့အလာများ မပျက်ပါ။ သူ သေဆုံးချိန်အထိ လေ့လာဖတ်ရှုမှုလုပ်ငန်းကို စွဲစွဲမြဲမြဲ လုပ်ခဲ့ပါသည်။

ဤအကြားကပင်လျှင် ကျွန်မကို ချစ်မြတ်နိုးရန်၊ ကျွန်မ ပျော်ရွှင်စေရန် သူ့မှာ အချိန် ရှိပါသေးသည်။ သို့ရာတွင် ကျွန်မက ကျွန်မဘဝကို သူ့ဘဝနှင့် ပေါင်းစပ်ပေးခြင်းမှ တစ်ဆင့်သာလျှင် ယင်းသို့ ပျော်ရွှင်ချမ်းမြေ့ရခြင်းဖြစ်ပါသည်။ ကျွန်မ လက်နှိပ်စက် လက်ရေးတို သင်ယူပြီး သူ့အတွင်းရေးမှူး ဖြစ်လာခဲ့ပါသည်။ သူ့အလုပ်တွေကို ထက်ဝက် လျော့သွားအောင် လုပ်ရမည်ဟု သူက ကျွန်မကို တိုက်တွန်းပါသည်။ ကျွန်မကလည်း သူ့အလုပ်ကို နားလည်အောင် ကျွန်မဘာသာ လေ့လာသင်ကြားခဲ့သည်။ ကျွန်မတို့ စိတ်ဝင်စားမှုချင်း တူညီကြပါသည်။ အလုပ်အတူလုပ်ကာ အတူတကွ ပျော်ရွှင် မြူးထူးလာကြသည်။

ဤသို့အားဖြင့် ကျွန်မတို့၏ အလုပ်တွေကြားမှ စကားလေးတစ်လုံး ရှုံးတိုက်မှုကလေးတစ်ခု၊ သို့တည်းမဟုတ် ချစ်ရောင်ခြည်သန်းသော အကြည့်



www.burmeseclassic.com

www.burmeseclassic.com



စသည့် ကျွန်မတို့ တိတ်တခိုး ရယူခဲ့သည့် ချစ်စဖွယ် အခိုက်အတန့်ကာလများ ရှိလာခဲ့သည်။ ဤအခိုက်အတန့် ကာလများမှာ တိတ်တခိုး ရယူခဲ့ရခြင်း ဖြစ်သဖြင့် ပို၍ ချစ်စဖွယ်သာ ဖြစ်ပါတော့သည်။ ကြင်နာမှုဖြင့် တောက်ပသော လူအများအတွက် အပင်ပန်းခံသော၊ ကိုယ်ကျိုးကြည့်မှု ဝင်မလာနိုင်သော အထွတ်အထိပ်ပေါ်တွင် ကျွန်မတို့ အသက်ရှင် နေထိုင်ခဲ့ကြသောကြောင့်လည်း ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာသည် အကောင်းဆုံး ချစ်ခြင်းမေတ္တာ ဖြစ်သည်။ ကျွန်မတို့မှာ ဤ ချစ်ခြင်း မေတ္တာသာလျှင် ကျန်ရှိနေပါသည်။ ကျွန်မ မပျက်ယွင်းပါ။

အခြားသူများအတွက် ပင်ပန်းကြီးစွာ အလုပ်လုပ်သည့် ကျွန်မ၏ ချစ်လှစွာသော နွမ်းလှသည့် မျက်စိအစုံနှင့် လူအတွက် နားခိုမှုကို ကျွန်မ ပေးအပ်ခဲ့ပါသည်။

❖ ❖ ❖

## အခန်း [ ၁၂ ]

## ဂိုဏ်းချုပ်ကြီး

လက်ထပ်ပြီးသည့် နောက်ပိုင်းမှသာလျှင် ဂိုဏ်းချုပ်ကြီး မိုးဟောက်နှင့် ကျွန်မ အခွင့်သင့်၍ တွေ့ခဲ့ရခြင်း ဖြစ်ပါသည်။ သို့ရာတွင် လျော်ကန်သော မြင်ကွင်းများဖြင့် အဖြစ်အပျက်တွေကို ဖော်ပြပါမည်။

ဆန်ဖရန်စစ္စကို ညီလာခံတွင် ပေါ်ပေါက်ခဲ့သော အရေးအခင်းများအပြီး၌ ဂိုဏ်းချုပ်ကြီးမှာ ပျော့ပျောင်းညင်သာလာလျက် သူ့အပေါ် မိတ်ဆွေကောင်းချာပမာ ဖိအားပေးမှုများကို လက်မြှောက် အလျှော့ပေးကာ အနားယူနေခဲ့ပါသည်။ သို့ရာတွင် ခရစ်တော်၏ အဆိုအမိန့်များကို ပို့ချဟောပြောရန် ၎င်း၏တိကျသော စိတ်ပိုင်းဖြတ်ချက်ဖြင့် သူ ပြန်လာခဲ့ပါသည်။

ဝတ်ပြုဆုတောင်းပွဲတွင် သူ ပို့ချချက်မှာ ရှေးယခင်ကအတိုင်းဖြစ်သောကြောင့် ဆုတောင်းပွဲတစ်ခုလုံး အံ့အားသင့်ကြရသည်။ ခရစ်တော်၏ အဆိုအမိန့် လျစ်လျူပြုနေကြသည့်အတွက် ခရစ်တော်နေရာတွင် ဓနဥစ္စာက လွှမ်းမိုး

www.burmeseclassic.com



နေပြီဟု သူက ရှည်လျားစွာ အသေးစိတ် ဟောပြောပို့ချခဲ့ပါသည်။

ပေါ်ထွက်လာသောရလဒ်ကား ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ သူ့အား စိတ်ရောဂါကု ဆေးရုံတစ်ရုံသို့ ခေါ်ဆောင်သွားခြင်းပင်ဖြစ် သတင်းစာတွေကမူ သူ့စိတ်ဖောက်ပြန်သွားပုံကို သနားဖွယ်လိလိ ဖော်ပြ ပါသည်။ ဤနည်းအားဖြင့် သူ့ကို စိတ်ရောဂါကုဆေးရုံတွင် အကျဉ်းသားတစ် သဖွယ် သွင်းထားလိုက်သည်။ ကျွန်မ သူနှင့်တွေ့ဖို့ အကြိမ်ကြိမ် ကြိုးစား သော်လည်း တွေ့ခွင့်မရပါ။ လူ့အဖွဲ့အစည်း၏ ကြမ်းကြုတ်လှသော စိတ်ဆန္ဒ ထိုးနှက်ဖျက်ဆီးခြင်းခံခဲ့ရသည့် လူသူတော်ကောင်းကြီးတစ်ဦး ခံစားရသော ကြေကွဲဖွယ်အဖြစ်ကို ကျွန်မ ကြောက်လန့်ဖွယ် စာနာမိပါသည်။ ဂိုဏ်းချုပ် ကြီးသည် စိတ်ကောင်းရှိသူ၊ သန့်စင်မွန်မြတ်သူ ဖြစ်သောကြောင့်တည်း။

ဂိုဏ်းချုပ်ကြီး ယခုကဲ့သို့ဖြစ်ရသည်မှာ ဇီဝဗေဒနှင့် လူမှုဗေဒ မှန်ကန်စွာ မသိမြင်ခြင်းကြောင့်ဖြစ်သည်။ ယင်းသို့ မမှန်ကန်သော အသိအမြင် ကြောင့် ကိစ္စအဝဝကို ပြုပြင်စီရင်ရန်အတွက် မှန်ကန်သောလမ်းကို မတွေ့နိုင် ခြင်း ဖြစ်သည်ဟု အားနက်က ကျွန်မကို ပြောပြပါသည်။

ဂိုဏ်းချုပ်ကြီး၌ တွယ်ရာမဲ့ ဖြစ်နေရခြင်းကို ကျွန်မ အထူးတလည် တုန်လှုပ်မိပါသည်။ အမှန်တရားကို သူသိမြင်သည့်အတိုင်း ယင်းအမှန်တရား အား စွဲစွဲမြဲမြဲဖြစ်ခဲ့ပါလျှင် သူ့အတွက် စိတ်ရောဂါကုဆေးရုံ၌ တစ်သက်လုံး အောင်းနေရတော့မည်သာ ဖြစ်ပါသည်။ ဘာမျှလည်း တတ်နိုင်မည် မဟုတ်ပါ။ သူ့ပိုက်ဆံ၊ သူ့အနေအထား၊ သူ့ယဉ်ကျေးမှုတွေက သူ့ကို မကယ်နိုင်ပါ။ သူ့ အမြင်သည် လူ့အဖွဲ့အစည်းအတွက် ဘေးမကင်း။ ဤသို့ ဘေးမကင်းသော အမြင်မျိုးကို စိတ်ကောင်းစေတနာက မွေးထုတ်လိုက်ခြင်း ဖြစ်သည်ဟု လူ့အဖွဲ့ အစည်းက မယူဆနိုင်။ သို့တည်းမဟုတ် ဤသည်ပင်လျှင် လူ့အဖွဲ့အစည်း၏ သဘောထားဖြစ်လိမ့်မည်ဟု ကျွန်မ ထင်မြင်မိပါသည်။

သို့ရာတွင် သာယာညင်းပျောင်းလျက် စိတ်ထားဖြူစင်သည့်အကြား ပင် ဂိုဏ်းချုပ်ကြီးမှာ စဉ်းလဲကောက်ကျစ်ရာ ရောက်ခဲ့ရသည်။ သူ့အန္တရာယ် ကို သူ ကြိုတင်သိမြင်ခဲ့ပါသည်။ ပင့်ကူအိမ်မြေးများအကြားတွင် သူ မိနေပြီ သိမြင်ကာ ရုန်းထွက်ရန် ကြိုးစားခဲ့ပါသည်။ ဖေဖေ၊ အားနက်နှင့် ကျွန်မတို့ ကဲ့သို့သော မိတ်ဆွေတွေက ပေးနိုင်ဖွယ်အကူအညီကို မရသည့်အဆုံး၌ သူ တစ်ကိုယ်တည်း တိုက်ပွဲဝင်ရန်သာ ကျန်ပါတော့သည်။ စိတ်ရောဂါကုဆေးရုံ





တွင် သူ နေခဲ့ရပြီး ပြန်လည်ကျန်းမာလာသည်။ မျက်စိအစုံကား အမြင်ကွယ်ခဲ့ ပါတော့သည်။

ကျွန်မပြောသည့်အတိုင်း ဂိုဏ်းချုပ်ကြီးမှာ တကယ်တမ်း ကောင်းမွန် ကျန်းမာလာပါသည်။ သတင်းစာတွေ၊ လူတွေက သူပြန်လာသည်ကို အားရ ဝမ်းသာကြိုဆိုကြပါသည်။ သူ့ဘုရားရှိခိုးကျောင်းသို့ ကျွန်မ တစ်ကြိမ်မက သွားခဲ့ပါသည်။ သူ၏ ဟောပြောပို့ချချက်များမှာ မျက်စိမကွယ်မီ ကာလအတန် ကြာက ဟောပြောပို့ချချက်များနှင့် ထပ်တူ ဖြစ်နေပါသည်။

ကျွန်မ မကျေမနပ်ဖြစ်မိ၊ တုန်လှုပ်မိပါသည်။ လူ့အဖွဲ့အစည်းက သူ့အား အလျှော့ပေး လက်မြှောက်စေခဲ့ပြီလော။ သူသည် သူရဲဘောကြောင်သူ လော၊ ထွေးပြီးသား တံတွေးကို ပြန်မျိုသူဖြစ်အောင် လုပ်ခဲ့ကြပြီလော။ သို့တည်း မဟုတ် သူ့အတွက် ဒဏ်ရာဒဏ်ချက် ပြင်းထန်လွန်းလှသဖြင့် အားမတန် မာန်လျှော့ ဖြစ်သွားရခြင်းပေလော။

သူ၏ လှပသောအိမ်တွင် ကျွန်မ သူ့ကို သွားတွေ့ပါသည်။ အံ့ဖွယ် သိလိ ပြောင်းလဲခဲ့ပါပြီ။ ပိန်သွားသည်။ ကျွန်မ မမြင်ခဲ့ဖူးသော အရေးအကြောင်း သူ့မျက်နှာမှာ ပေါ်နေသည်။ ကျွန်မ လာခြင်းအတွက် သိသိသာသာ ဒုက္ခရောက်နေပုံရပါသည်။ ကျွန်မတို့ စကားစမြည်ပြောဆိုနေခိုက် သူ့ အကျီလက်ကို ကယောင်ကတမ်း ဆွဲထားသည်။ သူ့မျက်စိများမှာ ကျွန်မမျက်စိ များနှင့် မဆုံဆည်းမိလေအောင် ဟိုမှသည်မှ မနားမနေ ကစားနေသည်။

စိတ်ရှုပ်နေပုံလည်း ပေါ်လွင်နေသည်။ စကားပြောနေစဉ် ထူးဆန်းစွာ တန့်ထားလေ့ရှိသည်။ ပြောနေသောအကြောင်းအရာကို ဖြတ်ကနဲ ပြောင်း သည်။ အယောင်ယောင်အမှားမှားဖြစ်နေသည်။ ကျွန်မ တွေ့သိခဲ့ဖူးသည့် တောက်ပသော မျက်လုံးများ၊ ဖြူစင်သန့်ရှင်းမှုများဖြင့် ပြည့်စုံသော သူတော်စင် ကြီးလ် ဟုတ်ပါလေစ။

အမှန်စင်စစ် သူသည် စိတ်သဘောထား နူးညံ့သူဖြစ်သည်။ သို့ရာတွင် လေ့များ အုပ်ဖွဲ့နေသည့် လူ့အဖွဲ့အစည်းကို ရင်ဆိုင်ရန် သူ့မှာ အားအင် ပြည့်ရှာပါ။

ကျွန်မမှာ ဝမ်းနည်းကြေကွဲမဆုံးဖြစ်မိပါသည်။ သူက အဓိပ္ပာယ် ရှင်းမလင်း စကားပြောသဖြင့် ကျွန်မ မနည်းသဲကွဲအောင် နားထောင်ရပါသည်။ သူ့နာဖျားမကျန်းဖြစ်မှုကို ရှည်လျားဝေးလံစွာ ပြောပါသည်။ ဘုရားရှိခိုးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



များ အကြောင်း၊ အလှုအတန်းများအကြောင်းကို ကျွန်မတို့ အဆက်အစပ် မရှိ ပြောဆိုကြသည်။ ကျွန်မ သူ့ထံမှ ထွက်ခွာလာစဉ် သူသိသိသာသာ စိတ်သက်သာရာ ရသွားပုံကို ကျွန်မနှလုံးသားအတွင်း၌ မျက်ရည်စများ ပြည့်လျှံ နေခဲ့ခြင်းမရှိပါက ကျွန်မ ရယ်မောကောင်း ရယ်မောနိုင်ပါလိမ့်မည်။

သနားစရာ အညတရ သူရဲကောင်းပေတည်း။ သူကား ဘီလူးသဖွယ် တိုက်ပွဲဝင်ခဲ့ပါသည်။ သန်းပေါင်းများစွာသော သူ့လူများအကြားတွင် တစ်ကိုယ် တည်း သူ့တိုက်ပွဲကို သူ တိုက်နေခဲ့သည်။ ခံစားခဲ့ရသော ဒုက္ခများကြောင့် သူ့အမှန်တရားနှင့် အခွင့်အရေးအပေါ် ကြည်လင်စွာခံယူထားမှုတွေ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်ခဲ့ရသည်။ ဤအမှန်တရားနှင့် အခွင့်အရေးကို သူ ဖက်တွယ် ထားခဲ့ပါသည်။ သို့အတွက် ကျွန်မကိုပင်လျှင် မယုံနိုင်တော့လောက်အောင် သူ မှာ တစ်ကိုယ်တည်းအထီးကျန် ဖြစ်ခဲ့ရသည်။ သူ့သင်ခန်းစာကိုသူ အလွန်အမင်း ကောင်းမွန်စွာ လေ့လာခဲ့လေပြီ။

သို့ရာတွင် မကြာမီ ကျွန်မ သိရပြန်သည်။ ဂိုဏ်းချုပ်ကြီး အစအန ပျောက်သွားသည်။ အဝေးဆီသို့ ထွက်ခွာသွားသည်ကို မည်သူကိုမျှ မပြော နေ့တွေ ရက်တွေ ကြာညောင်းလာသည်နှင့်အမျှ သူ ပြန်မပေါ်လာ။ ခေတ္တခဏ စိတ်ကျနေစဉ် သူ့ကိုယ်သူ သတ်သေသွားပြီဟု တီးတိုးစကား ဆိုကြသည်။ သို့ရာတွင် ဤစကားတွေ မမှန်ပါ။ မြို့ပေါ်ရှိ သူ့အိမ်၊ မင်လိုဥယျာဉ်ရှိ သူ့အနားယူ အိမ်၊ သူ့ပန်းချီကားများ၊ စုဆောင်းထားသော ရှေးဟောင်းပစ္စည်းများ၊ သူ အလွန်တန်ဖိုးထားသည့် စာကြည့်တိုက် စသည်ဖြင့် သူပိုင်သမျှ အားလုံး ရောင်းပစ်ခဲ့ကြောင်း ကြားသိရသည်။ ပျောက်ကွယ်မသွားမီ ဤကိစ္စအားလုံး လျှို့ဝှက်လျင်မြန်စွာ ရှင်းလင်းသွားသည်မှာ ထင်ရှားလှပါသည်။

ကျွန်မတို့ ကိုယ်ပိုင် အရေးအရာများတွင် အန္တရာယ်ကြုံနေရခိုင် ယင်းသို့ ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်မတို့ အိမ်သစ်သို့ ပြောင်းရွှေ့ နေသားတကျ ဖြစ်ပြီးသည့် အချိန်မှသာလျှင် ဂိုဏ်းချုပ်ကြီး၏ လုပ်ပုံကိုင်ပုံ ကို တအံ့တဩဖြစ်ကြ၊ ခန့်မှန်း ပြောဆိုကြရန် အခွင့်အလမ်း သာလာပါသည်။ ထိုအချိန်တွင်ကား အားလုံးရှင်းပါပြီ။

တစ်ညနေ မှောင်ရီပျိုးစအချိန်၌ ကျွန်မသည် အားနက်၏ ညထမင်း အတွက် အသားအနည်းငယ်ဝယ်ရန် အသားဆိုင်ရှိရာ လမ်းတစ်ဘက်သို့ ဖြတ် ကူးခဲ့ပါသည်။ ကျွန်မတို့၏ ပတ်ဝန်းကျင်သစ်တွင် တစ်နေ့တာအတွက် နောက်





ဆုံး စားသော ထမင်းကို ညစာထမင်းဟု ခေါ်ပါသည်။

အသားဆိုင်မှ ထွက်လာခိုက် တစ်လမ်းတည်းရှိ ကုန်စုံဆိုင်မှ လူတစ်ဦး ထွက်လာသည်။ သိဖူးသလိုလို ဟူသော အတွေးဖြင့် ကျွန်မ သူ့ကို ထပ်ကြည့် မိသည်။ သို့ရာတွင် ထိုလူသည် နောက်သို့ လှည့်ကာ လျှင်မြန်စွာ ထွက်ခွာသွား သည်။ ပခုံးနှစ်ဘက် လျှောကျနေပုံ၊ ငွေရောင်တောက်နေသော ဆံပင်တို့က ကျွန်မ၏မှတ်ဉာဏ်ကို ထိုးဆွနေပါသည်။ ကျွန်မက လမ်းကို ဖြတ်မကူးတော့ ဘဲ သူ့နောက်သို့ သုတ်ခြေတင်လိုက်ခဲ့သည်။ ကျွန်မခြေလှမ်းတွေကို သွက်သွက် လှမ်းသည်။ တစ်ချိန်တည်းမှာပင် မဖြစ်နိုင်ဟု တွေးလာမိသည်။ ခြေတံရှည် လွန်းလှသည်။

ကျွန်မ ရပ်လိုက်ပြီး ကိုယ့်ကိုယ်ကိုယ် ရယ်မောနေမိသည်။ သူ့နောက် လိုက်ရေးကိုလည်း စွန့်လွှတ်လိုက်ပါသည်။ သို့ရာတွင် ငွေရောင်တောက်နေ သော ဆံပင်နှင့် လျှောပြေပြေပခုံးတို့ကမူ တူလွန်းလှသည်ဟု အထင်ရောက် နေပါသေး၏။ ထို့ကြောင့် ကျွန်မ ကမန်းကတန်းဆက်လိုက်ပြန်ကာ သူ့ကို ဖြတ်ကျော်လိုက်လျက် သူ့မျက်နှာကို စူးစူးရဲရဲပင် တစ်ချက်ကြည့်လိုက်၏။ ထို့နောက် ဘေးဘီဆီသို့ ရှောင်တခင် ယိမ်းထိုးကြည့်သည်။ ဂိုဏ်းချုပ်ကြီးနှင့် တည့်တည့်တိုးနေလေပြီ။

သူကလည်း အလားတူ ရှောင်တခင်ရပ်ပြီး ကြက်သေသေနေသည်။ ညာဘက်လက်အတွင်း ကိုင်ထားသည့် စက္ကူအိတ်ကြီးမှာ လမ်းဘေးသို့ ကျ သွားသည်။ အိတ်ကွဲထွက်သွားကာ သူ့ခြေထောက်နှင့် ကျွန်မခြေအကြား အာလူးတွေ လူးလိမ့်ပြေးနေကြသည်။ သူက ကျွန်မကို အံ့ဩထိတ်လန့်စွာ ကြည့်သည်။ ထို့နောက် ငေးမောနေသည်။ ပခုံးနှစ်ဘက်လည်း အောက်သို့ ဓိုတ်ကျသွားပြီးနောက် လေးတွဲ့ရှည်လျားစွာ သက်ပြင်းချသည်။

ကျွန်မက လက်ကို ဆန့်တုတ်လိုက်ပါသည်။ ကျွန်မလှမ်းပေးသော လက်ကို သူက ဆွဲ၍ နှုတ်ဆက်ပါသည်။ သို့ရာတွင် သူ့လက်မှာ စေးထန်းနေ ပါသည်။ အနေရခက်ပုံဖြင့် သူက လည်ချောင်းရှင်းနေစဉ် သူ့နဖူး၌ ချွေးသီးစ မှုနေပြီကို ကျွန်မမြင်ရသည်။ သူ အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့နေ ကြောင်း ထင်ရှားပါသည်။

"အာ. . . အာလူးတွေ. . .၊ သိပ် အဖိုးတန်တာ"

သူက တီးတိုး ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက် အာလူးတွေကို ကောက်ကာ သူ့လက်တွင်းသို့ သတိကြီးစွာ ကိုင်ထားသည့် အိတ်ပေါက်ထဲသို့ ထည့်ကြသည်။ သူနှင့် တွေ့ရသဖြင့် ဝမ်းသာကြောင်း၊ ကျွန်မနှင့်အတူ အိမ်လိုက်သင့်ကြောင်း စသည်ဖြင့် ကျွန်မ သူ့ကို ပြောဖို့ အားထုတ်ပါသည်။

"ဖေဖေက သိပ်ဝမ်းသာမှာပါ။ ကျွန်မတို့နေခဲ့တာ ခဲတပစ်လောက်ပဲ ဝေးပါတယ်"

"ကျုပ် မလိုက်နိုင်ဘူး။ ကျုပ်သွားရမယ်။ ကိုင်း. . . သွားတော့မယ်"

ထိတ်လန့်စရာ တစ်ခုခုကို တွေ့ရသည့်အလား၊ သူ့ကိုယ်သူ စိုးရိမ်ကြောင့်ကြနေသလား ထင်ရပြီး ဆက်လျှောက်ရန် ကြိုးစားပါသည်။ သူ့အပါးတွင်ကပ်လျက်သား လိုက်ပါလာသော ကျွန်မနှင့် သူ့ကို ယခုအထိတွေ့အောင် ရှာခဲ့ပြီးနောက် သူ့အပါးမှ မခွာဘဲ တွယ်ကပ်နေတော့မည့် ကျွန်မ၏ရည်ရွယ်ချက်ကို တွေ့သိသွားသည့်အလား သူက. . .

"ဘယ်မှာနေတယ်ဆိုတာ ပြောပါ။ နောက်တော့ လာတွေ့ပါ့မယ်"

ကျွန်မက အခိုင်အမာပင် ပြန်ပြောလိုက်ပါသည်။

"မဟုတ်ဘူး။ ဂိုဏ်းချုပ်ကြီး အခု လိုက်ခဲ့ရမယ်"

သူ့လက်မောင်းပေါ်တွင် လျှံထွက်နေသော အာလူးတွေကို ကြည့်ရင်း

"တကယ့်ကို မဖြစ်နိုင်ဘူး။ အခုလို ရှိုင်းစိုင်းတဲ့အတွက် ခွင့်လွှတ်ပါကွယ်"

သူ့ကိုကြည့်ရသည်မှာ အရုပ်ကြိုးပြတ် ဖြစ်တော့မည်လား ထင်ရသည်။ သို့ရာတွင် သူ့ကိုယ်သူထိန်းထားပြီး ဆက်ပြောသည်။

"နောက်ပြီး ဒီစားစရာတွေကလဲ ရှိသေးတယ်။ တကယ့်ဝမ်းနည်းစရာပါ။ တကယ် ကြောက်စရာပါ။ သူဟာ မိန်းမအိုတစ်ယောက်ပါ။ ဒါတွေကို ကျုပ် သူ့ဆီ ချက်ချင်း ယူသွားရမယ်။ သူ့မှာ စားစရာမရှိဘူး။ ကျုပ် ချက်ချင်း သွားမှ ဖြစ်မယ်။ မင်း နားလည်တယ်မဟုတ်လား။ အဲဒီနောက် ကျုပ် ပြန်လာမယ်။ ကျုပ် ကတိပေးတယ်လေ"

"ကျွန်မပါ အတူလိုက်ပါရစေ၊ အဝေးကြီးလား"

သူက သက်ပြင်းရှည်တစ်ချက် ချပြန်၏။ ထို့နောက် လက်မြှောက်လေတော့သည်။

"နှစ်ရပ်ကွက်ပဲ ကွာတယ်။ ကိုင်း. . လာ. . ခပ်သုတ်သုတ် သွားကြစို့"





ဂိုဏ်းချုပ်ကြီး၏ လမ်းညွှန်မှုအောက်၌ ကျွန်မ အိမ်နီးချင်းများနှင့် ဆက်လျှဉ်း၍ တချို့တလေကို နားလည်လာမိပါသည်။ ဤမျှ ဆင်းရဲမွဲတေမှုနှင့် ဒုက္ခတွေ ရှိလိမ့်မည်ဟု ကျွန်မ အိပ်မက်ပင် မမက်ခဲ့ပါ။ ဤသို့ဖြစ်ရသည်မှာ ပေးကမ်းထောက်ပံ့မှုနှင့် ကျွန်မ မပတ်သက်ခဲ့သောကြောင့် ဖြစ်သည်၊ ပေးကမ်းထောက်ပံ့မှုဟူသည်မှာ ရင်းသောအနာကို အုံဆေးအုံပေးခြင်းမျှသာ ဖြစ်သည်ဟု အားနက်က သရော်ခဲ့သည်ကို ကျွန်မ သဘောပေါက်လာမိပါသည်။

ရင်းသောအနာကို ဖယ်ရှားပစ်ရေးမှာ သူ၏ ပျောက်စေဆေးဖြစ်ပါသည်၊ အလုပ်သမားအား သူ ထုတ်လုပ်သည့်အရာကိုပေး၊ တကုန်းကုန်း ရုန်းရုန်းလုပ်ရင်း ဂုဏ်သိက္ခာရှိရှိ အိုမင်းလာသူကို အငြိမ်းစားပေး၊ ဤသို့ဆိုလျှင် ပေးကမ်းထောက်ပံ့မှုဟူ၍ လိုအပ်တော့မည်မဟုတ်။ ယင်းကို သဘောပေါက်သည့်အတွက် ကျွန်မသည် တော်လှန်ရေးတွင် သူနှင့်အတူ လှုပ်ရှားလှုပ်ကန်ခဲ့သည်။ စနစ်၏မတရားမှုမှ အဆက်မပြတ် ပေါ်ထွက်လာသော ဆင်းရဲမွဲတေမှုတွေကို ပပျောက်စေရေး၌ ကျွန်မ၏ ခွန်အားကုန်ခန်းခဲ့ခြင်း မရှိပါ။

ဆယ်ပေ၊ ဆယ့်နှစ်ပေမျှသာရှိသည့် အခန်းကလေးတစ်ခုအတွင်းသို့ ဂိုဏ်းချုပ်ကြီးနောက်မှ ကျွန်မ လိုက်လာခဲ့သည်။ သေးသွယ်ပိန်လှီသော ဂျာမန် အဘွားအိုတစ်ဦးကို ယင်းအခန်းငယ်အတွင်း တွေ့ရသည်။ သူ့အသက် ခြောက်ဆယ့်လေးနှစ်ရှိပြီဟု ဂိုဏ်းချုပ်ကြီး ပြောပါသည်။ ကျွန်မကို တွေ့သောအခါ အဘွားကြီး အံ့အားသင့်နေသော်လည်း ဖွယ်ဖွယ်ရာရာ နှုတ်ဆက်လျက် ဒူးပေါ်တွင်တင်ထားသည့် ယောကျာ်းဝတ်ဘောင်းဘီတစ်စုံကို ဆက်ချုပ်နေသည်။ သူ့နံဘေးကြမ်းပေါ်တွင် ဘောင်းဘီတွေ စုပုံနေသည်။ ကျောက်မီးသွေးနှင့် မီးညှိစရာမရှိကြောင်း ဂိုဏ်းချုပ်ကြီးက တွေ့သွားပြီး ယင်းတို့ကိုဝယ်ရန် အပြင်ပြန်ထွက်သွားသည်။

ကျွန်မ ဘောင်းဘီတစ်စုံကို လှမ်းယူကာ သူ့အလုပ်အကြောင်း မေးမြန်းမိသည်။

"ခြောက်ဆင့်ပါ မိန်းကလေးရယ်" ဟု ဆိုကာ ခေါင်းကို ဖြည်းညင်းစွာ ခါပြီးရင်း ချုပ်ရိုးဆက်လိုက်နေသည်။ ချုပ်ရိုးဆက်လိုက်ရာ၌ တဖြည်းဖြည်း ချုပ်ခြင်း ဖြစ်သည်။ ချုပ်သည်ဆိုရာ၌ မရပ်မနား ချုပ်သည်။ 'ချုပ်ရန်'တွေသော



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါကြီးယာကို ကောင်းစွာ ပိုင်နိုင်ကျွမ်းကျင်နေသလား ထင်ရသည်။

"ဒါတွေအားလုံးအတွက် သူတို့ပေးတာ ဒါလောက်ပဲလား။ ဘယ်လောက်ကြာအောင် ချုပ်ပေးရသလဲ"

"ဟုတ်ပါတယ်၊ အဲဒါ သူတို့ပေးထားတာပါပဲ။ အားလုံးပြီးရင် ခြောက်ဆင့် ပါကွယ်။ တစ်စုံကို နှစ်နာရီ ချုပ်ရတယ်"

တစ်ခုခုကို စိုးရိမ်နေသည့်အလား ဆက်ပြောနေသည်။

"သူ့ငွေကတော့ မသိပါဘူးလေ။ အဘွားက နေ့တယ်ကွဲ့။ လက်တွေ့အဆစ်အမြစ် ကိုက်ခဲတဲ့ဝေဒနာ ရှိနေတယ်။ မိန်းကလေးတွေကတော့ မြန်တာပေါ့။ အဲဒီအချိန်လောက်ဆိုရင် သူတို့ တစ်ဝက်ပြီးနေပြီ။ သူ့ငွေကတော့ သနားတတ်ပါတယ်။ ဒါကြောင့် အဘွားကျတော့ အိမ်ကို ယူလုပ်ခိုင်းတာပေါ့။ အသက်ကလဲ ကြီး။ စက်သံတွေကြောင့် ခေါင်းကလည်း ကိုက်တာကိုး။ သူ သနားပေလို့ အဘွား မငတ်တာပေါ့အေ"

"စက်မှာလုပ်တဲ့ လူတွေကျတော့ ရှစ်ဆင့်ရတယ်။ ဒါပေမယ့် ဘာတတ်နိုင်မှာတုန်းကွဲ့။ လူငယ်တွေအတွက် အလုပ် လုံလုံလောက်လောက်မရှိ၊ အိုကြီးအိုမတွေအတွက်လည်း အခွင့်အလမ်းကမရှိ၊ အများအားဖြင့် တစ်စုံလောက်ပဲ အဘွား ချုပ်နိုင်တယ်။ တစ်ခါတလေ ဒီလိုနေ့မျိုးကျတော့ မိုးမချုပ်မီ ရှစ်စုံလောက်ပြီးပါတယ်"

သူ့အလုပ်ချိန်ကို ကျွန်မ မေးရာ ဤသည်မှာ ရာသီအပေါ် တည်ကြောင်းဖြင့် ရှင်းပြပါသည်။

"နွေဘက်မှာ အထည်များပြီဆိုရင် မနက်ငါးနာရီက ညကိုးနာရီအထိ အဘွား လုပ်ရတယ်။ ဆောင်းကျတော့ သိပ်အေးလွန်းလို့ လက်တွေက တော်တော်နဲ့ မကိုင်နိုင်ဘူး။ အဲဒီတော့ နောက်ကျပြီးမှ လုပ်ရတော့ တစ်ခါတလေ ညသန်းခေါင်ကျော်သွားရော။

"ဒီနေ့ကတော့ တော်တော်ဆိုးတယ်၊ အင်မတန်ခက်ခဲတဲ့အချိန်ပဲ။ ဘုရားသခင် စိတ်ဆိုးသလားမသိဘူးကွဲ့။ တစ်ပတ်အတွင်း အခု တစ်ကြိမ်ပဲ သူ့ငွေက အလုပ်ပေးနိုင်သေးတယ်။ အလုပ်မရှိတဲ့အခါ များများ မစားမသောက်နိုင်ဘူးဆိုတာ တကယ်မှန်တယ်ကွဲ့။ အဘွားအဖို့ကတော့ ရိုးနေပါပြီ။ အဘွား တစ်သက်လုံး စက်ချုပ်လာတာ. . .။ တောမှာနေတုန်းကစပြီး အခု ဒီ ဆန်ဖရန်စစ္စကို ရောက်တဲ့အထိ သုံးဆယ့်သုံးနှစ်ရှိပြီ။





"အိမ်ငှားလခလေးအတွက် သေချာရင်တော်လှပါပြီ၊ အိမ်ရှင်ကလည်း သဘောကောင်းပါတယ်။ ဒါပေမယ့် အိမ်လခတော့ သူ ရဦးမှကိုး။ ဒါ မှူတပါတယ်။ ဒီအခန်းလေးအတွက် သုံးဒေါ်လာပဲ ယူပါတယ်။ သက်သာတာပေါ့၊ ဒါပေမယ့် လစဉ် သုံးဒေါ်လာရှာဖို့ မလွယ်ပြန်ဘူးကွဲ့"

စကားပြော ရပ်သွားသည်။ ခေါင်းကို တညိတ်ညိတ်လုပ်ကာ ဆက်လက်၍ ချုပ်နေပြန်ပါကော့သည်။

"ရတာလေးနဲ့ လုံလုံလောက်လောက်ဖြစ်အောင် တော်တော်ဂရုစိုက်ရမှာပေါ့နော်"

ကျွန်မ မေးကြည့်ပြန်သည်၊ သူက ခေါင်းညိတ်သည်။

"အိမ်လခကလည်း မဆိုးဘူးဆိုတော့ အသားလေးဘာလေးတော့ ဝယ်နိုင်ဘူးပေါ့၊ ကော်ဖီသောက်တော့လည်း နို့မပါဘူး။ ဒါပေမယ့် တစ်နေ့တော့ ထမင်းတစ်နပ် မှန်ပါတယ်၊ တစ်ခါတလေ နှစ်နပ်ပေါ့လေ"

သူက ဂုဏ်ယူဝင့်ကြွားစွာ ပြောပါသည်။ သူ့စကားလုံးများတွင် အောင်မြင်မှုအရိပ်များ ယှက်သန်းနေသည်။ သို့ရာတွင် တိတ်ဆိတ်စွာ ဆက်လက်ချုပ်လုပ်နေစဉ် သူ၏နှစ်လိုဖွယ် မျက်လုံးအစုံနှင့် နှုတ်ခမ်းများတွင် ဝမ်းနည်းကြေကွဲမှုများ ဖုံးလွှမ်းနေကြောင်း ကျွန်မ သတိထားမိပါသည်၊ သူ၏မျက်လုံးအစုံသည် အလွန်ဝေးကွာသော နေရာဆီသို့ ကြည့်နေသလို ထင်ရ၏၊ ချုပ်နိုးသိုက်ရာ၌ အနှောင့်အယှက်ဖြစ်သည့်အလား မျက်စိအစုံမှ မျက်ရည်စများကို သုတ်သပ်လိုက်သည်။

"ရင်ကို နာအောင်လုပ်တာက ဆာလောင်မှု မဟုတ်ဘူး၊ ဆာလောင်တယ်ဆိုတာ မဆန်းလှပါဘူးကွယ်။ အဘွားငိုတာ အဘွားရဲ့ သမီးအတွက်ပါ။ အဘွားသမီးကို စက်က သတ်ခဲ့တာကွဲ့။ သမီးဟာလေ. . . ကြံ့ကြံ့ခိုင်ခိုင်ကြီးကွဲ့၊ အလုပ်ကလည်း သိပ်လုပ်တယ်။ ငယ်လည်းငယ်သေးတယ်၊ အသက်လေးဆယ်ပဲ ရှိပါသေးတယ်။ လုပ်သက် နှစ်သုံးဆယ် ရှိပြီလေ၊ သူ ငယ်ငယ်တလေးမှာ သူ့အဖေ ဆုံးသွားတာကွဲ့။ အလုပ်မှာ ဘွိုင်လာအိုး ကွဲသွားတာတဲ့၊ ဘာတတ်နိုင်မှာလဲ။ အဲဒီအချိန်က သမီးအသက် နှစ်ဆယ်ပဲရှိသေးတယ်၊ သိပ်သန်မာတာပဲ၊ ဒါပေမယ့် သူ့ကို စက်က သတ်ခဲ့ပြန်ပါရောကွဲ့၊ တကယ်ပဲ. . တကယ်ပဲ. . စက်က သတ်တာပါ။ သူဟာ စက်မှု အမြန်ဆုံးအလုပ်သမားဆိုတာ အဘွား ကောင်းကောင်းသိတာပေါ့။ ဒီအကြောင်းတွေကို ခဏခဏ ပြန်တွေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စက်ရုံမှာ အဘွား သွားမလုပ်နိုင်တာ။ စက်တွေက အဘွားခေါင်းထဲ နောက်ကျအောင်လုပ်ကြတယ်။ *'ငါလုပ်လိုက်တာ၊ ငါလုပ်လိုက်တာ'* လို့ ပြော နေကြသလိုပဲ။ တစ်နေ့လုံး အဲဒီလိုပြောနေကြတာချည်းပဲ။ အဲဒီအခါမှာ သင်း အကြောင်းကို တွေးမိတော့ အဘွား ဘာလုပ်မလုပ်နိုင်ပြန်ဘူး"

ရင့်ရော်သော မျက်လုံးအစုံတွင် မျက်ရည်စများ စို့စွတ်လာပြန်သည်။ ဆက်လက်၍ ချုပ်ရိုးမလိုက်မီ ဤမျက်ရည်စတွေကို သိမ်းသပ်နေလေသည်။

ဂိုဏ်းချုပ်ကြီး လှေကားမှ တက်လာသံ ကြားရသဖြင့် ကျွန်မ တံခါး သွားဖွင့်ပါသည်။ အဘယ်သို့သော ပုံသဏ္ဌာန်ဖြစ်နေပါသနည်း။ ကျောပေါ်တွင် ကျောက်မီးသွေးအိတ်တစ်ဝက် ထမ်းလာသည်။ မီးမွေးစရာလည်း ပါလာသည်။ သူ့မျက်နှာတွင် ကျောက်မီးသွေးမှုန်များ လိမ်းကပ်နေပြီး အားထုတ် ထမ်းပိုးထား ရသဖြင့် ချွေးများ ယှက်သန်းနေသည်။

သူ့ဝန်ထုပ်ဝန်ပိုးတွေကို အခန်းထောင့် မီးဖိုနံဘေးတွင် ချကာ လက် ကိုင်ပဝါအကြမ်းဖြင့် သူ့မျက်နှာကို သုတ်နေသည်။ ကျွန်မ အသိအမြင်တရား၏ စီရင်ချက်ကို ကျွန်မ ခဲခဲယဉ်းယဉ်းပင် လက်ခံရပါတော့မည်။

ဂိုဏ်းချုပ်ကြီးမှာ ကျောက်မီးသွေးသယ် အလုပ်သမားပမာ တစ်ကိုယ်လုံး မည်းနက်နေ၏။ အလုပ်ကြမ်းသမားများ ဝတ်လေ့ရှိသည့် အပေါ်စားရှပ်အင်္ကျီ (လည်ပင်းတွင် ကြယ်သီးတစ်လုံးပေါ)နှင့် အပေါ်ယံဝတ်ရုံ။ အကြည့်ရဆိုးသည် မှာ အပေါ်ယံဝတ်ရုံတည်း။ အောက်ပိုင်းတွင် တွန့်ကြေနေပြီး အောက်သို့ တွဲကျ နေသည်ကို အလုပ်ကြမ်းသမားများပမာ ခါးတွင် သေးငယ်သော သားရေခါးပတ် ကလေးဖြင့် စုချည်းထားသည်။

ဂိုဏ်းချုပ်ကြီးက နွေးနွေးထွေးထွေး ရှိသော်လည်း အဘွားအိုး၏ သနားစရာကောင်းသော ပွရောင်းရောင်း လက်များမှာမူ အေးလွန်းသဖြင့် တုန်ယင်လှုပ်ခါနေသည်။ ကျွန်မတို့ ပြန်မထွက်လာမီ ဂိုဏ်းချုပ်ကြီးက မီးဖိုမွေး ခဲ့သည်။ ကျွန်မက အာလူးတွေကို နွှာကာ ပြုတ်ပေးခဲ့သည်။

ဤအဘွားကြီးလို ကိစ္စမျိုးများစွာ ရှိနေကြောင်း နောင်သောအခါ ကျွန်မ ကြားသိလာရသည်။ အချို့ကား သူ့ထက်ပင် ဆိုးပါသေးသည်။ ကျွန်မ အိမ်နီးချင်း လူနေရပ်ကွက်များ၏ ကြောက်မက်ဖွယ်ရာ ချောက်ကမ်းပါးများ အတွင်း ပုန်းကွယ်နေကြခြင်း ဖြစ်ပါသည်။

ကျွန်မ ပြန်ရောက်လာသောအခါ ကျွန်မ မရှိသည့်အတွက် စိုးရိမ်နေ





သော အားနက်ကို တွေ့ရသည်။ ပထမဦးစွာ တအံ့တဩနှုတ်ဆက်ကြပြီးနောက် ဂိုဏ်းချုပ်ကြီးသည် ကုလားထိုင်ကို နောက်ကျောမှီလျက် ထိုင်ချလိုက်၏။ အပေါ်ယံ ဝတ်ရုံကြားမှ ခြေနှစ်ဘက်ကို ဆန့်တန်းထားကာ စိတ်သက်သာရာ ရသလို သက်ပြင်းတစ်ချက် ဆွဲဆွဲငင်ငင် ချလိုက်ပါသည်။

သူ ပျောက်ကွယ်သွားပြီး နောက်ပိုင်း၌ ကျွန်မတို့မှာ ပထမဆုံးတွေ့ သော မိတ်ဆွေဟောင်းများ ဖြစ်သည်ဟု သူက ပြောပါသည်။ ထိုအချိန် ကာလအတွင်း အထီးကျန်သာ ဖြစ်နေခဲ့ပေလိမ့်မည်ဟု ကျွန်မ တွေးမိပါသည်။ သူက ကျွန်မတို့ကို အများကြီး ပြောပြသည်။ အရှင်သခင်၏ အဆုံးအမအတိုင်း ထိုက်နာ လုပ်ဆောင်ရာ၌ တွေ့ကြုံရသည့် ပျော်ရွှင်စရာများကိုသာ ပို၍ ပြောပြ ပါသည်။

"တကယ်တော့ သိုးကလေးတွေကို ကျုပ် အစာကျွေးနေရတာပါပဲ။ သင်ခန်းစာတွေတော့ အများကြီးရတယ်လေ။ အုမ မတောင့်ရင် သီလ မစောင့် နိုင်ဘူး။ သိုးကလေးတွေကို ပေါင်မုန့်၊ ထောပတ်၊ အာလူးနဲ့ အသားကျွေးရမယ်။ အဲ. . . အဲဒီတော့မှသာလျှင် သူတို့စိတ်ဓာတ်ဟာ ပိုပြီး သန့်စင်အားတက် လာကြမယ်"

ကျွန်မချက်သော ညစာကို သူ အားပါးတရ စားပါသည်။ ဟိုစဉ်အခါ က ကျွန်မတို့စားပွဲတွင် သူ တစ်ခါမျှ ဤသို့ မြိန်ရည်ယှက်ရည်မစားခဲ့ဖူးပါ။ ထို အကြောင်း စကားစပ်မိကြသောအခါ သူက သူ့တစ်သက်တာတွင် အဘယ်သော အခါကမျှ ဤမျှလောက် ကျန်းမာခြင်း မရှိခဲ့ဟု ဆိုပါသည်။

"အခုတော့ ကျုပ် လမ်းချည်းပဲ လျှောက်နေတာပဲ" သူက ပြောသည်။ မြင်းကသော ရထားဖြင့် သွားလာနေခဲ့စဉ် အကြောင်းကို ကြီးလေးသော ငရဲဟု ပြန်တွေးမိလေသလား မသိ။ သူ့ပါးပြင်တွင် ပန်းရောင်သမ်းလာသည်။

"အဲဒါအတွက် ကျန်းမာရေး ပိုကောင်းလာတယ်။ နောက်ပြီး ပျော် တော့တယ်။ တကယ့်ကို ပျော်တာပါ။ နောက်ဆုံးကျတော့ ပျော်တာ သူ့ရှေ့ သခင်ကို ပေးလှူထားတဲ့ ဝိညာဉ်နဲ့ လူဖြစ်နေပြီလေ"

သို့ဖြစ်သည့်တိုင်အောင် သူ့မျက်နှာတွင် အမြဲတမ်း နာကျင်မှု တစ်ခုခု ရှိနေပါသေးသည်။ သူကိုယ်တိုင် ပွေ့ဖက်ခဲ့သော ဤတစ္ဆေသဘောတရား နာကျင်မှု ဖြစ်ပါသည်။ ယခုဘဝကို သူ အကြွမ်းထည်အတိုင်း မြင်နေလေ၏။ ဤ သဘောတရား သူ့စာကြည့်တိုက်ရှိ ပုံနှိပ်ထားသော စာအုပ်များအကြားတွင် သူ



www.burmeseclassic.com

www.burmeseclassic.com



သိရှိခဲ့ဖူးသည့်ဘဝနှင့် ကွာလှမ်းခြားနားလှပါသည်။

"မင်းမှာ ဒါတွေအားလုံးအတွက် တာဝန်ရှိတယ် သူငယ်"

သူက အားနက်ကို တိုက်ရိုက် ပြောချလိုက်ရာ အားနက်မှာ အံ့အားသင့်ကာ ကြက်သေ သေနေလေ၏။

"ကျွန်. . . ကျွန်တော် ခင်ဗျားကို ကြို့ပြီး ပြောခဲ့တယ်"

"မဟုတ်ဘူး။ မဟုတ်ဘူး။ မင်း တလွဲထင်နေပြီ။ မင်းကို အပြစ်တင်ပြောနေတာ မဟုတ်ပါဘူး။ ကျေးဇူးတင်လို့ ပြောနေတာပါ။ ကျုပ်လမ်းကို မင်းပြခဲ့တဲ့အတွက် ကျုပ် မင်းကို ကျေးဇူးတင်တယ်။ စာတွေ့သဘောလောက်သာ သိတဲ့ဘဝဆီက တကယ့်ဘဝဆီကို မင်းက ကျုပ်ကို ခေါ်ဆောင်လာခဲ့တာပါ။ လူမှုရေးအတုအယောင် မျက်နှာဖုံးတွေကို မင်းက ဆွဲချပစ်ခဲ့တာပါ။ မင်းဟာ ကျုပ်ရဲ့ အမှောင်တိုက်ထဲမှာ အလင်းရောင်ပဲ။ ဒါပေမယ့် ကျုပ်လည်း အခုတော့ အလင်းကို မြင်ရပြီ။ ကျုပ်ဝမ်းသာတာ တစ်ခုတည်း"

သူသည် နာကျင်စွာ တုံ့ဆိုင်းနေ၏။ သူ့မျက်လုံးတွင် စိုးရိမ်မှုများ ပေါ်လာ၏။

"အဲ. . . ဖိနှိပ်ညှဉ်းပန်းကြမှာ တစ်ခုတည်းပဲ စိုးရိမ်တယ်။ ကျုပ် ဘယ်သူ့ကိုမှ အန္တရာယ် မပေးပါဘူး။ သူတို့က ကျုပ်ကို ဘာကြောင့် အေးအေးဆေးဆေး မနေစေချင်တော့တာလဲ။ တကယ်တော့ အဲဒါဟာ ဖိနှိပ်ညှဉ်းပန်းမှု သဘာဝပေပဲ။ ကျုပ်ကို သူတို့က အသား နုပ်နုပ်စဉ်း တံကျင်လျှိုသတ်ပါစေ။ စောက်ထိုးဆွဲပြီး လက်ဝါးကပ်တိုင် တင်ပါစေ။ ကျုပ် ဂရုမစိုက်ပါဘူး။ ဒါပေမယ့် စိတ်ကျန်းမာရေးဆေးရုံကိုတော့ ကျုပ် ကြောက်လန့်လာတယ်။ စဉ်းစားကြည့်လေ။ အရူးတွေထားတဲ့ စိတ်ကျန်းမာရေးဆေးရုံမှာ ကျုပ် ရောက်နေခဲ့ရတာကို အမြဲတမ်း ဆူပူနေတာပဲ။ တချို့ဆို သိပ်ကြမ်းတာ။ ကျုပ် ဒီအကြောင်းတွေ ပြန်တွေးရင် သွေးတွေခဲသွားသလား ထင်ရတယ်။ အော်ဟစ်နေတဲ့ အရူး အနှမ်းတွေကြားမှာ ကျုပ်ကို တစ်သက်လုံး အကျဉ်းချထားကြမှာ။ အဲဒါတော့ မဖြစ်နိုင်ဘူး"

သနားဖွယ် ကောင်းလှပါသည်။ သူ့လက်များ တုန်ရင်နေသည်။ သူ့ တစ်ကိုယ်လုံးမှာလည်း လှုပ်ရှားနေသည်။ သို့ရာတွင် နောက်တစ်ချိန်၌မူ တည်ငြိမ်လာသည်။

"ကျုပ်ကို ခွင့်လွှတ်ပါ။ ကျုပ်အာရုံကြောတွေ မကောင်းလို့ပါ။ ကျုပ် လုပ်ရမယ့် လုပ်ငန်းက ဒီလမ်းအတိုင်းပဲဆိုရင် ကျုပ် ဘယ်သူ့ကို သွား အပြစ် ပြောနေရဦးမှာတုန်း" ဟု သူက ရိုးရိုးအေးအေးပင် ပြောနေသည်။

ကျွန်မမှာ သူ့ကိုကြည့်ရင်း "ကြီးမြတ်လှတဲ့ ဂိုဏ်းချုပ်ကြီး၊ သူရဲကောင်းကြီး၊ ထာဝရဘုရားသခင်ရဲ့ သူရဲကောင်းကြီး" ဟု သံကုန်ဟစ်အော်မိမတတ် ဖြစ်နေပါသည်။

ညနေစောင်းလာသည်နှင့်အမျှ သူ့လုပ်ငန်းတွေကို ကျွန်မတို့ ပိုသိလာသည်။

"ကျုပ် အိမ်. . အဲ. . ကျုပ်အိမ်ဆိုပါတော့။ အဲဒီအိမ်နဲ့ တခြား ကျုပ်ပိုင်တာတွေ ၁းလုံးကို ရောင်းပစ်ခဲ့တယ်။ ဒါတွေကို လျှို့ဝှက်လုပ်ရမယ်။ ဒီလိုမှ မလုပ်ရင် ကျုပ်ဆီက သူတို့ အကုန်သိမ်းသွားလိမ့်မယ်ဆိုတာ ကျုပ် သိနေတယ်။ အဲဒီလိုဆို သိပ်ကြောက်စရာကောင်းပေလိမ့်မယ်။ အဲဒီအချိန်က ဒေါ်လာ နှစ်သိန်း သုံးသိန်းလောက်နဲ့ အာလူးတွေ ဘယ်လောက်များ ဝယ်နိုင်မလဲ။ ဒါမှမဟုတ် ပေါင်မုန့်၊ အသား၊ သို့မဟုတ် ကျောက်မီးသွေးတို့ မီးစာ တို့ပေါ့လေ"

သူက အားနက်ဘက်သို့ လှည့်လိုက်ပါသည်။

"သူငယ်ရေ. . မင်း မှန်ပါပေတယ်။ လုပ်ခတွေက ကြောက်ခမန်းလိလိ နည်းတာကိုး။ လျှုချင်တန်းချင်သူတွေကို စိတ်ကူးလှလှနဲ့ ပန်ကြားနေခဲ့တာမှ အဝ ကျုပ် တစ်သက်မှာ တစ်ခါမှ အလုပ်များများစားစား လုပ်ခဲ့တာ မဟုတ်ပါဘူး။ ဟောပြောပို့ချရတာပဲ ရှိတယ်။ ကျုပ် ဒေါ်လာ သန်းဝက် တန်ခဲ့တယ်ပေါ့။ ဒေါ်လာသန်းဝက်က အာလူး၊ ပေါင်မုန့်၊ ထောပတ်နဲ့ အသား ဘယ်လောက် ဝယ်နိုင်တယ်ဆိုတာကို သဘောပေါက်မလာမချင်း ဒေါ်လာသန်းဝက်ဟာ ဘာလဲ ဆိုတာ ကျုပ် မသိခဲ့ဘူး။ အဲဒီနောက် ကျုပ် နောက်ထပ်နည်းနည်း သဘောပေါက် လာတယ်။ အဲဒီ အာလူး၊ ပေါင်မုန့်၊ ထောပတ်နဲ့ အသားတွေဟာ ကျုပ်ဟာတွေ ပါလား။ ဒါပေမယ့် အဲဒါတွေ ဖြစ်လာအောင် ကျုပ် လုပ်ခဲ့တာ မဟုတ်ပါလား ဆိုတာ သဘောပေါက်လာခဲ့တယ်။

"အဲဒီနောက် ဪ. . . ဒါတွေဖြစ်လာအောင် တစ်စုံတစ်ဦးက လုပ် တယ်။ ဒီလိုလုပ်ပြီးတဲ့နောက် သူတို့ထံက တခြားလူတွေက လုသွားတယ်ဆိုတာ ကျုပ် ရှင်းရှင်းလင်းလင်း ဖြစ်လာတယ်။ ဆင်းရဲသူတွေအကြားကို ကျုပ် ဆင်းလာတော့ အဲဒီလို လုယက်ခြင်း ခံရတာကြောင့် ဆာလောင်မွတ်သိပ်ပြီး ခရုခံတွင်းတွက် ဖြစ်နေသူတွေကို ကျုပ် တွေ့လာရတော့တာပါပဲ"







www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့က သူ့အကြောင်းကို ထပ်မေးကြသည်။

"ငွေတွေလား။ ငွေတွေကို ဘဏ်တိုက်အသီးသီးမှာ နာမည်အမျိုးမျိုးနဲ့ ကျုပ် အပ်ထားပြီးပြီ။ ဒီငွေတွေကို ရှာလို့ရမှာ မဟုတ်တဲ့အတွက် သူတို့ ကျုပ်ဆီက လုယူသွားနိုင်ကြမှာ မဟုတ်ဘူး။ နောက်ပြီး ဒီငွေတွေရှိတာလဲ ကောင်းတယ်လေ။ ရိက္ခာအတော်များများ ဝယ်နိုင်တယ်။ ဟိုတုန်းက ပိုက်ဆံဟာ ဘာအတွက် အသုံးကျတယ်ဆိုတာ ကျုပ် မသိခဲ့ဘူး"

"ဝါဒဖြန့်ဖို့အတွက် အဲဒီငွေထဲက နည်းနည်းပါးပါး ရရင် ကောင်းမယ် ထင်တာပဲ။ အများကြီးကောင်းကျိုးပေးနိုင်တယ်"

အားနက်က မျှော်လင့်တကြီး ပြောလိုက်ပါသည်။

"မင်း ဒီလိုထင်သလား။ ကျုပ်ကတော့ နိုင်ငံရေးဆိုတာတွေ သိပ်မယုံဘူး။ တကယ်ဆိုရင် နိုင်ငံရေးကို ကျုပ်နားမလည်ဘူး ထင်တယ်"

အားနက်ကား ဤလိုကိစ္စမျိုးတွင် အလွန်နူးညံ့ သိမ်မွေ့ပါသည်။ ဆိုရှယ်လစ်ပါတီမှာ ငွေလိုနေသည်ကို ကောင်းစွာ သိစေကာမူ ဤကိစ္စကို သူအား ထပ်မံ၍ အကြံမပေးတော့ပါ။

ဂိုဏ်းချုပ်ကြီးက ဆက်ပြောပြန်ပါသည်။

"ဈေးသက်သာတဲ့ တည်းခိုခန်းတွေမှာ ကျုပ် အိပ်တယ်။ ဒါပေမယ့် တစ်နေရာတည်းမှာ ကြာကြာ မနေနိုင်ဘူး။ ဒီမြို့ထဲက ရပ်ကွက်တွေထဲမှာ အလုပ်သမားတန်းလျား အခန်းနှစ်ခုလည်း ငှားထားသေးတယ်။ အကျယ်ချုပ်လွန်းတယ်ဆိုတာ ကျုပ် သိပါတယ်။ ဒါပေမယ့် လိုအပ်တယ်လေ။ တစ်ခါတစ်ရံ အပေါ်စား လက်ဖက်ရည်ဆိုင်မှာ တစ်ခုခု စားပေမယ့် ကျုပ်အတွက် ချက်ပြုတ်ရေး ကိစ္စတွေလုပ်ဖို့ အကြောင်းကလည်း တစ်စိတ်တစ်ပိုင်းပေါ့လေ။ တစ်ခါတလေ ချမ်းလွန်းတဲ့ ညတွေမှာ စားကောင်းတဲ့ဟင်းမျိုးလည်း ကျုပ် တွေ့ဖူးပြီ။ အကုန်အကျတော့ များတယ်ပေါ့။ ဒါပေမယ့် သုံးယောက်စားရင် ဆယ်ဆင့်လောက်ပဲ ကုန်တဲ့နေရာတစ်ခုလည်း ကျုပ် ရှာတွေ့ထားတယ်။ တခြားနေရာတွေလောက်တော့ မကောင်းဘူး။ သို့သော် နွေးပါတယ်။

"အဲဒီလိုနဲ့ ဟောဒီကမ္ဘာကြီးမှာ ကျုပ်လုပ်ရမယ့်အလုပ်ကို နောက်ဆုံးတော့ ရှာတွေ့ခဲ့တာပဲ။ အဲဒါ မင်းကြောင့်ပေါ့ သူငယ်ရယ်။ မင်းကြောင့်ပါ။ ဒါဟာ ဘုရားကြိုက် တရားကြိုက် အလုပ်ပါ။ သိုးငယ်တွေကို အစာကျွေးဖို့ မင်းက ကျုပ်ကို ဖမ်းစားခဲ့တာပါပဲ။ နောက်ပြီး ကျုပ် လျှို့ဝှက်ချက်တွေကို မင်းတို့





သိထားဖို့ပဲနော်"

သူက မရပ်မနားပြောပါသည်။ သို့ရာတွင် သူ့စကားလုံးများနောက်တွင် စိုးရိမ်မှုတွေ ကပ်လျက်သား ပါနေသည်။ ကျွန်မတို့ကို နောက်တစ်ဖန် သာတွေ့ဦးမည်ဟု ကတိပေးပါသည်။

သို့ရာတွင် နောက် ရက်သတ္တတပတ်အကြာ၌ ဂိုဏ်းချုပ်ကြီး မိုးဟောက်အား နာပါစိတ်ကျန်းမာရေးဌာနသို့ ရောက်ရှိသွားကြောင်း ကြေကွဲဖွယ်ရာ သတင်းကြားရပါသည်။ ကျွန်မတို့ သူ့တိုတွေ့ရန်၊ သူ့ကိစ္စကိုပြန်စဉ်းစားရန်၊ ပြန်လည်စစ်ဆေးရန် အချည်းအနှီး ကြိုးစားကြပါသည်။ သူ ပြန်လည် ကောင်းမွန်ကျန်းမာလာစေရန် မျှော်လင့်ချက် အနည်းငယ်သာ ရှိသည်ဆိုသော သတင်းမှအပ အခြား ဘာကိုမျှ မကြားရတော့ပါ။

"ချမ်းသာတဲ့ လူငယ်တစ်ယောက်ကို ရှိတာအားလုံး စွန့်လှူဖို့ ခရစ်တော်က ပြောခဲ့တယ်။ ဂိုဏ်းချုပ်ကြီးဟာ ခရစ်တော်စကားအတိုင်း လိုက်နာပြီး စိတ်ကျန်းမာရေးဆေးရုံထဲ ရောက်သွားတယ်။ ခရစ်တော်ကာလကစပြီး အခုအထိ အချိန်ကာလတွေ ပြောင်းလဲခဲ့ပြီ။ ကနေ့ သူ့မှာ ရှိတာအားလုံးကို ဆင်းရဲသားတွေကိုပေးတဲ့ ချမ်းသာတဲ့ လူတစ်ယောက်ဟာ အရူး ဖြစ်နေတယ်။ ဘာမှ ပြောစရာမလိုတော့ဘူး။ လူ့အဖွဲ့အစည်းက ပြောနေပြီ" ဟု အားနက်က ခါးသီးစွာ ပြောပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၃ ]

## အထွေထွေသပိတ်

၁၉၁၂ ခုနှစ် အဝင်တွင် ဆိုရှယ်လစ်များ အကြီးအကျယ် အနိုင်ရ
စဉ်ကာလအတွင်း အားနက်မှာ ကွန်ဂရက်လွှတ်တော်အမတ်အဖြစ် ရွေး
တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဆိုရှယ်လစ်တွေ မဲများစွာ ရရှိခဲ့သည်မှာ သန်းကြွ
သတင်းစာသူဌေး ဟတ်စ် အရေးနိမ့်သွားခြင်းကြောင့် ဖြစ်ပါသည်။ ဟတ်စ်သ
သူ့သတင်းစာများစွာကို ပုံနှိပ်ထုတ်ဝေရေးအတွက် နှစ်စဉ် ဒေါ်လာ ဆယ့်ရှစ်သ
ကုန်ကျပါသည်။ ဤငွေများကို လူလတ်တန်းစားတို့မှ ကြော်ငြာခအဖြစ် သူ
ပြန်လည် ရရှိပါသည်။ သူ့ငွေရေးကြေးရေး အရင်းအမြစ်မှာ လူလတ်တန်း
အပေါ်၌ လုံးလုံးလျားလျား တည်ရှိပါသည်။ အရင်းစုပေါင်းအဖွဲ့အစည်းကြီး
ကြော်ငြာ ထည့်သွင်းခြင်း မပြုကြပါ။ ဟတ်စ်ကို ဖျက်ဆီးပစ်ရေးအတွက် လို
သောအရာမှာ ကြော်ငြာများ မထည့်သွင်းခြင်းသာဖြစ်ပါသည်။

လူလတ်တန်းစား တစ်ရပ်လုံးမှာ သုတ်သင်ဖယ်ရှားခြင်း မခံရ





အရိုးစုမျှတော့ ကျန်ပါသည်။ သို့ရာတွင် သူတို့၌ အာဏာမရှိ။ ကြွင်းကျန်နေသေးသော လုပ်ငန်းရှင်နှင့် စီးပွားရေးသမား အငယ်စားများမှာလည်း မနေ့ရှင်နေ့စ်ပြုသမျှ နရမည့်အခြေအနေမျိုး ဆိုက်နေသည်။ သူတို့တွင် ကိုယ်ပိုင်စီးပွားရေး၊ နိုင်ငံရေး ဝိညာဉ်ဟူ၍ ဘာမျှမရှိ။ မနေ့ရှင်စနစ်က အမိန့်တော်ထုတ်ဆင့်လိုက်သောအခါ ဟတ်စ်၏ သတင်းစာများမှ သူတို့၏ ကြော်ငြာတွေကို ပြန်လည် ရုပ်သိမ်းသွားကြပါသည်။

ဟတ်စ်က ရဲရဲဝံ့ဝံ့တိုက်ခိုက်ပါသေးသည်။ လစဉ်ဒေါ်လာတစ်သန်းခွဲ ရှုံးနေသည့်အကြားကပင် သူ့သတင်းစာတွေကို ဆက်ထုတ်ပါသည်။ အခကြေးငွေမရသော ကြော်ငြာတွေကိုလည်း ဆက်ထည့်မြဲ ထည့်ပါသည်။ ဤတွင် မနေ့ရှင်စနစ်က အမိန့်တော် ထပ်ဆင့်ပြန်သောအခါ လုပ်ငန်းရှင်နှင့် စီးပွားရေးသမား အငယ်စားတွေက သူတို့၏ ကြော်ငြာဟောင်းတွေကို ဆက်မထည့်ပါနှင့်တော့ဟု သတိပေးကြလေတော့သည်။ ဟတ်စ်က စွဲမြဲစွာ ဆက်လုပ်ပါသေးသည်။ သူ့အား ရုံးတော်ကို မထေမဲ့မြင်ပြုမှုဖြင့် ခြောက်လထောင်ဒဏ် အပြစ်ပေးပြီး မရေမတွက်နိုင်သော အသရေဖျက်မှုများဖြင့် သူ့အား ချွတ်ခြုံကျစေခဲ့တော့သည်။

ဟတ်စ်အတွက် အခွင့်အလမ်း မရှိတော့ပါ။ မနေ့ရှင်စနစ်က သူ့ကို အပြစ်ဒဏ်စီရင်ခဲ့လေပြီ။ ဤသို့အားဖြင့် ဟတ်စ်မှာ ပြိုကျပျက်စီးခဲ့ရပြီး မကြာမီအမှ သူ ဝင်ရောက်ခဲ့သော ဒီမိုကရက်တစ်ပါတီလည်း အလားတူ ပျက်စီးရသေးတော့သည်။

ဟတ်စ်နှင့် ဒီမိုကရက်တစ်ပါတီတို့ ပျက်စီးသွားခြင်းနှင့်အတူ သူ့နောက်လိုက်များမှာ ရွေးစရာလမ်းနှစ်သွယ်သာ ကျန်တော့သည်။ တစ်လမ်းမှာ ဆိုရှယ်လစ်ပါတီသို့ ဝင်ရန်နှင့် အခြားတစ်လမ်းမှာ ရီပတ်ဘလီကန်ပါတီသို့ ဝင်ရန်သာ ဖြစ်ပါသည်။ ဤနေရာတွင် ဟတ်စ်၏ အတုအယောင် ဆိုရှယ်လစ်ဆာပြောသွန်သင်ချက် အသီးအပွင့်များကို ကျွန်မတို့ ဆိုရှယ်လစ်များက ခွတ်လိုက်ခြင်း ဖြစ်လေရာ သူ့နောက်လိုက် အများစုမှာ ကျွန်မတို့ဘက်သို့ ပြောင်းလာကြပါသည်။

လယ်သမားပါတီ၏ အချိန် တိုတောင်းပြီး အလဟဿဖြစ်သော ကြွမှုသာ မရှိခဲ့ပါက လက်မဲ့ဖြစ်သွားရသည့် လယ်သမားများ၏ မဲတွေ ကျွန်မတို့ဘက်သို့ ရောက်လာနိုင်မည်မဟုတ်ပါ။ အားနက်နှင့် ဆိုရှယ်လစ် ခေါင်းဆောင်များက လယ်သမားတွေကို စည်းရုံးဖို့ ပြင်းပြင်းထန်ထန် တိုက်ပွဲဝင်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဆိုရှယ်လစ်သတင်းစာများနှင့် ပုံနှိပ်တိုက်များ အဖျက်အဆီးခံရမှု အကြီးမားဆုံး အနှောင့်အယှက်ဖြစ်ခဲ့သည်။ တစ်ဆင့်စကား တစ်ဆင့်နား ဖြန့်ချိရသည်မှာလည်း အဆင်မပြေလှသေး။ ဤတွင် လက်မဲ့ မဖြစ်ခင် ကာလ ရှည်ကြာစွာ စော၍ လယ်သမားဖြစ်နေကြသည့် မစ္စတာ ကယ်လ်ဗင်တို့ နိုင်ငံရေးသမားတွေက လယ်သမားများကို အမိအရ စည်းရုံးကာ အချည်းအနှီး မဲဆွယ်ပွဲများ၌ ၎င်းတို့၏ နိုင်ငံရေးစွမ်းအင်ကို ဖြုန်းတီးပစ်ကြပါတော့သည်။

"သနားစရာ လယ်သမားတွေ၊ အရင်းစုပေါင်း အဖွဲ့ကြီးတွေက သူ ကို ခိုင်းလိုရာ ခိုင်းနေကြတာ"

အားနက်က ဟက်ဟက်ပက်ပက် ရယ်မောရင်း ပြောပါသည်။

အခြေအနေမှာလည်း ဤအတိုင်းဖြစ်ပါသည်။ အလုပ်အတူလုပ် ကြသော အရင်းစုပေါင်းအဖွဲ့ကြီး ခုနစ်ဖွဲ့က များပြားလှစွာသော သူတို့ အပိုအလျှံတွေကို စုပေါင်းလိုက်ပြီးနောက် လယ်ယာလုပ်ငန်းအရင်းစုပေါင်း အဖွဲ့ကြီးတစ်ဖွဲ့ တည်ထောင်ကြသည်။ မီးရထားလမ်းများ၊ နှုန်းထားထိန်းချုပ် မှုများ၊ ဘဏ်လုပ်ငန်းရှင်များ၊ အစုရှယ်ယာကစားသူများ၊ ဈေးနှုန်း ထိန်းချုပ် မှုများက ကာလရှည်ကြာစွာက စ၍ လယ်သမားများကို သွေးစုပ် ချယ်လှယ် ကာ ကြွေးတင်ကျွန်ဖြစ် ဘဝမျိုးသို့ ပို့ဆောင်ထားခဲ့ပါသည်။ ဘဏ်လုပ်ငန်းရှင် များနှင့် အရင်းစုပေါင်းအဖွဲ့ကြီးတွေက လယ်သမားများအား ကြောက်ခမန်း လိလိ ချေးငွေများကို ထုတ်ချေးထားခဲ့ကြသည်။ ဤသို့အားဖြင့် လယ်သမား တွေမှာ ပိုက်ကွန်အတွင်း ရောက်နေခဲ့ကြသည်။ သူတို့ကို ပိုက်ကွန်အတွင်း ဆွဲသွင်းရေးအတွက်သာလျှင် လုပ်စရာကျန်တော့သည်။ ဤအလုပ်ကို လယ်ယာ လုပ်ငန်းအရင်းစုပေါင်းအဖွဲ့က ဆက်လုပ်ခဲ့ပါသည်။

၁၉၁၂ ခုနှစ်၏ ကြမ်းတမ်းခက်ခဲလှသော ကာလက လယ်ယာလုပ်ငန်း ဈေးကွက်များ၌ ကြောက်မက်ဖွယ်ရာ ကျဆင်းမှုကြီး ပေါ်ပေါက်စေခဲ့ပါသည်။ မတန်တဆ မြှင့်တင်ထားသော စရိတ်နှုန်းများဖြင့် မီးရထားလမ်း လုပ်ငန်းကြီး တွေက လယ်သမားတွေ၏ ကျောရိုးကို ရိုက်ချိုးထားစဉ် ဈေးနှုန်းများမှာ ချွတ်ခြုံ ကျသည့် အဆင့်အထိ အဆမတန် ကျဉ်းနေခဲ့ပါသည်။

ဤသို့အားဖြင့် လယ်သမားများမှာ ကြွေးဟောင်းကို မဆပ်နိုင်သည့် အကြားကပင် ကြွေးသစ်များ ထပ်ကာထပ်ကာ ယူကြရသည်။ ထို့ကြောင့် သူတို့ အပေါင်ခံစာချုပ်တွေ ဆုံးကုန်ကြပြီး ကြွေးသစ်တောင်းသည့် နို့တစ်တွေ ထပ်ဆင့်





ရောက်လာကြသည်။ လယ်သမားတွေက သူတို့၏ မြေတွေကို အရင်း စုပေါင်း အဖွဲ့များလက်သို့ ဝကွက်၍ အပ်ကြရသည်။ သူတို့အတွက် အခြား ဘာမျှ လုပ်စရာမရှိ၊ လယ်မြေကို ထိုးအပ်ပြီးသောအခါ လယ်သမားသည် အရင်းစုပေါင်း အဖွဲ့ကြီးများထံ အလုပ်သွားလုပ်ကြရ၏။ မန်နေဂျာများ ရုံးအုပ်များ၊ ဖိုမင်များ၊ နှင့်အလုပ်သမားများ ဖြစ်လာကြတော့သည်။

သူတို့သည် လုပ်ခအတွက် အလုပ်လုပ်ကြရ၏။ မသေရုံတမည် လုပ်ခ ဖြင့် မြေကြီး၌အလုပ်လုပ်ကြရသည်။ အရှင်သခင်များကို လက်မလွှတ်ရဲ၊ အရှင်သခင်များက ခနရှင်စနစ်ဟူ၍ ဖွဲ့တည်လာကြသည်။ သူတို့သည် မြို့ကြီး ပြကြီးများသို့လည်း မသွားရဲ၊ အဘယ့်ကြောင့်ဆိုသော် မြို့ကြီးပြကြီးများကို ခနရှင်စနစ်က ထိန်းချုပ်ထားခြင်းကြောင့်ဖြစ်သည်။ သူတို့အတွက် ရွေးချယ် စရာ တစ်ခုတည်းသာ ရှိပါသည်။ ယင်းကာ အခြားမဟုတ်၊ မြေယာကို စွန့်လွှတ် ကာ အငတ်ငတ်အပြတ်ပြတ် ခြေသလုံးအိမ်တိုင်ဘဝသို့ ရောက်လာကြရန်သာ ဖြစ်ပါသည်။ သို့တိုင်အောင် တင်းကျပ်သော ခြေသလုံးအိမ်တိုင် ဥပဒေကို အတည်ပြု ပြဋ္ဌာန်းထားသဖြင့် သူတို့အတွက် ပို၍ ဒုက္ခတွေ့ကြရပါသည်။

အထူး အခြေအနေများကြောင့် လက်မဲ့ဖြစ်ရမည့် ဘေးမှ ကင်းဝေးကြ သော လယ်သမားများနှင့် လယ်သမားရွာလုံးကျွတ်များ ရှိသည်မှာ မှန်ပါသည်။ သို့ရာတွင် သူတို့သည် မပြောပလောက်ပါ။ နောက်ပိုင်းနှစ်တွင်မူ သူတို့လည်း တစ်စုတစ်ဝေးတည်း ပါသွားကြတော့သည်။

ဤသို့အားဖြင့် အားနက်မှအပ ဆိုရှယ်လစ် ခေါင်းဆောင်များက ၁၉၁၂ ခုနှစ်ကို အရင်းရှင်ဝါဒ ဆုံးခန်းတိုင်ပြီဟု ဆုံးဖြတ်ခဲ့ကြပါသည်။ အခက်ခဲ ဆုံး အချိန်ကာလများတွင် ကြီးမားကျယ်ပြန့်လှသည့် အလုပ်လက်မဲ့ အရေ အတွက်များ၊ လယ်သမားများနှင့် လူလတ်တန်းစားတို့ ပျက်စီးယိုယွင်းသွားမှု များ အလုပ်သမားသမဂ္ဂတို့တွင် အရေးနိမ့်မှုများကြောင့် အရင်းရှင်ဝါဒ ဆုံးခန်း တိုင်ပြီဟု ဆိုရှယ်လစ်တွေက ယုံကြည်ကာ ခနရှင် နိုင်ငံရေးစနစ်ကို တူပြိုင် ဆိုက်ခိုက်လာကြခြင်း ဖြစ်ပါသည်။

သို့ရာတွင် ရန်သူကို ကျွန်မတို့ အဘယ်မျှ အထင်သေးခဲ့ကြသနည်း။ ရွေးကောက်ပွဲတိုင်းတွင် ဆိုရှယ်လစ်တွေက မဲပုံးဖြင့် အနိုင်ရမည်ဟု ကြွေးကြော်ခဲ့ကြ သည်။ ခနရှင်နိုင်ငံရေး စနစ်က ဤစိန်ခေါ်မှုကို လက်ခံပါသည်။ ဤခနရှင် နိုင်ငံရေးစနစ်ကပင် ကျွန်မတို့အင်အားကို ဖြိုခွဲကာ အနိုင်ယူခြင်း ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤမနေရှင် နိုင်ငံရေးစနစ်ကပင် ဆိုရှယ်လစ်ဝါဒသည် ဘာသာတရား မရှိ ဘုရား မရှိဟု သူတို့၏ သူလျှိုဒလန်များမှတစ်ဆင့် အော်ဟစ်ကြွေးကြော်ကာ အလုပ်သမား မဲအရေအတွက်များစွာကို ဖဲ့ယူသွားကြခြင်းဖြစ်သည်။ ဤမနရှင်နိုင်ငံရေးစနစ် ကပင် သူဖို့၏ သူလျှို ဒလန်များမှတစ်ဆင့် လယ်သမား ပါတီဝင်များကို စည်းရုံး ကာ မြို့ကြီးများသို့ ဖြန့်လွှတ်ပြီးနောက် အသက်ထွက်လုဆဲဆဲ လူလတ်တန်းစား အကြားသို့ တိုးဝင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

မည်သို့ဖြစ်စေကာမူ ဆိုရှယ်လစ်များ အနိုင်ရခဲ့ပါသည်။ သို့ရာတွင် ဥပဒေပြု ယန္တရားအဖွဲ့အစည်းများ၌ အဓိက အကြီးအကဲများနှင့် လူများစုများ အဖြစ် ပြတ်ပြတ်သားသား အနိုင်ရရမည့်အစား ကျွန်မတို့မှာ လူနည်းစုအဖြစ်သို့ သာ ရောက်ရှိခဲ့ရပါသည်။

ကွန်ဂရက်လွှတ်တော်တွင် ကျွန်မတို့ အမတ်ငါးဆယ် အရွေးခံခဲ့ရသည် မှာ မှန်သော်လည်း ၁၉၁၃ ခုနှစ် နွေဦးရာသီအစည်းအဝေး ထိုင်သည့်အခါ သူတို့မှာ ဘာအာဏာမှ မရှိကြပါ။ သို့သော် လယ်သမားပါတီထက်စာလျှင် ကျွန်မတို့က ကံကောင်းပါသေး၏။ လယ်သမားပါတီမှာ ပြည်နယ် အစိုးရ နေရာ ပေါင်း တစ်ဒါဇင်ကျော်ကျော်၌ အပိုင်စီးမိသော်လည်း နွေဦးရာသီ၌ကား သူတို့ ရရှိခဲ့သည့်ဌာနများကို ပိုင်ဆိုင်ခွင့်မရှိခဲ့ကြပါ။ ရာထူးလက်ရှိများက အငြိမ်းစား ယူရန် ငြင်းဆန်ကြသောကြောင့်ဖြစ်ပါသည်။ သို့ရာတွင် ဤအဖြစ်အပျက်များမှာ ရှေ့ပြေးပဏာမမျှသာ ဖြစ်ပါသည်။ ၁၉၁၂ ခုနှစ် ဆောင်းရာသီ၏ လှုပ်ရှားမှုများ ပြွမ်းတီးသော ကာလအကြောင်းကို ကျွန်မ ပြောပြရပါဦးမည်။

ပြည်တွင်း အခက်အခဲများကြောင့် စားသုံးမှုတွင် အကြီးအကျယ် ကျဆင်းခဲ့ပါသည်။ အလုပ်မရှိသည့် အလုပ်သမားတွေ့ ဝယ်ခြမ်းစရာ လုပ်ခ ဟူ၍ မရှိ။ ပေါ်ထွက်လာသည့် ရလဒ်ကား မနရှင်စနစ်ထဲတွင် အပိုအလျှံတွေ စုပုံလာခြင်းပင်ဖြစ်ပါသည်။ အပိုအလျှံတွေကို နိုင်ငံခြားသို့ ထုတ်ပစ်ပြီး စီမံကိန်း ကြီးများအတွက် ငွေလိုလာပြန်သည်။ အပိုအလျှံတွေကို ကမ္ဘာ့ဈေးကွက်သို့ ထုတ်ရန် အားသွန်ခွန်စိုက် ကြိုးစားခြင်းကြောင့် ဂျာမနီနှင့် ပဋိပက္ခ ဖြစ်လာ သည်။ စီးပွားရေး ပဋိပက္ခများနောက်တွင် စစ်ပွဲ ပါလာစမြဲဖြစ်ရာ ယခု ဤပဋိပက္ခ တွင်လည်း မရှောင်လွှဲသာတော့ပါ။ ဂျာမန်စစ်ဘုရင်ကြီးတွေက အသင့်ပြင်ကြ သည်။ အမေရိကန် ပြည်ထောင်စုကလည်း ထိုနည်းတူပင်တည်း။

စစ်၏တိမ်တောင် တိမ်လိပ်များ မည်းမှောင်တက်လာသည်။ အလုပ်





သမားများ၏ ဘေးဒုက္ခ၊ လူလတ်တန်းစားတို့ ကွယ်ပျောက်သွားမှု၊ အလုပ်လက်မဲ့ များပြားနေမှု၊ ကမ္ဘာ့ဈေးကွက်တွင် စီးပွားရေး အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှု ဆိုရှယ်လစ်တော်လှန်ရေး အသံမြည်လှုပ်ခတ်လာမှု စသည်တို့ဖြင့် ကမ္ဘာတစ်ခုလုံး အတိဒုက္ခရောက်စေရန် ဇာတ်တိုက်ထားပြီး လူနည်းစု အစိုးရက ဂျာမနီကို စစ်ပြု လိုသည်။ အကြောင်း ဒါဇင်ပေါင်းများစွာရှိခြင်းကြောင့် စစ်ပြုလိုခြင်းဖြစ်သည်။ ဤသို့သော စစ်ကြောင့် ပေါ်ပေါက်လာမည့် အဖြစ်အပျက် ပဥ္စလက်များ၊ နိုင်ငံတကာ ဖဲချပ်များ၊ အရွှေ့အပြောင်းများနှင့် စာချုပ်စာတမ်းသစ်များ၊ တောမိတ်သစ်များ ပြုလုပ်မှုများတွင် လူနည်းစု အစိုးရက အမြတ်အစွန်းများစွာ ရရှိနိုင်သည်။

ထိုမျှသာမက စစ်က နိုင်ငံအတွင်း အပိုအလျှံများစွာကို သုံးစွဲနိုင်မည်။ နိုင်ငံအားလုံးကို ခြိမ်းခြောက်နေသည့် အလုပ်လက်မဲ့ဦးရေတွေကိုလည်း လျှော့ချ နိုင်မည်။ လူနည်းစု အစိုးရအဖို့ မိမိစီမံကိန်းများကို ပိုကောင်းအောင် ပြုပြင်ကာ အကောင်အထည်ဖော်ရေးအတွက် အသက်ရှူပေါက် ရနိုင်မည်။ ဤသို့သော စစ်ပွဲက လူနည်းစုအစိုးရအား ကမ္ဘာ့ဈေးကွက်ကို ပိုင်ဆိုင်နိုင်စေမည်။ ထို့ပြင် ဤသို့သော စစ်ပွဲက လူတွေ၏ စိတ်တွင်း၌ 'ဆိုရှယ်လစ်ဝါဒနှင့် လူနည်းစု အစိုးရ "အစား" အမေရိကန်နှင့် ဂျာမနီ' အကြား ဖြစ်ပွားသော ပြဿနာဟု အစားထိုး သူဆကာ မည်သည့်အခါမျှ ပိတ်ပင်ရန် မလိုသော အမြဲတမ်းစစ်တပ်ကြီးတစ်ခုကို ဖန်တီးပေးလိမ့်မည်။

ဆိုရှယ်လစ်များအတွက် မဟုတ်ခဲ့လျှင် စစ်ပွဲက ကျန်အရာအားလုံးကို ဖန်တီးသည်မှာ မှန်ပါသည်။ ပဲလ်လမ်းမှာ ကျွန်မတို့၏ အခန်းကျဉ်းကလေး ဆယ်ခန်းရှိအိမ်တွင် အနောက်ပိုင်း ခေါင်းဆောင်များ၏ လျှို့ဝှက်အစည်းအဝေး ကျင်းပပါသည်။ ဤအစည်းအဝေးတွင် ဆိုရှယ်လစ်များ ရယူမည့် ရပ်တည် ချက်ကို ပထမဦးစွာ စဉ်းစား ဆုံးဖြတ်ခဲ့ကြသည်။ စစ်ပွဲတွင် ကျွန်မတို့ ခြေချမိ ခြင်းမှာ ဤအကြိမ်သည် ပထမအကြိမ်ဟုတ်သော်လည်း အမေရိကန် ပြည်ထောင်စုအတွင်း၌ ဤသို့ စီစဉ်လုပ်ဆောင်ခဲ့ခြင်းမှာ ပထမအကြိမ် ဖြစ်ပါ သည်။

လျှို့ဝှက်အစည်းအဝေးအပြီးတွင် နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းနှင့် ဆက်သွယ်ခဲ့ပါသည်။ မကြာမီမှာပင် ကျွန်မတို့နှင့် အပြည်ပြည်ဆိုင်ရာ ရဲဘော်များ အကြား လျှို့ဝှက်ကြေးနန်းများအပြန်အလှန် ကူးသန်းနေကြပါတော့သည်။

www.burmeseclassic.com



ဂျာမန်ဆိုရှယ်လစ်တွေက ကျွန်မတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့် ရှိကြသည်။ သူတို့ အရေအတွက် ငါးသန်းရှိသည့်အနက်များစွာမှာ အမြဲတမ်း စစ်တပ်အတွင်း၌ ရှိနေကြပြီး အလုပ်သမား သမဂ္ဂများနှင့် ရင်းနှီးကြပါသည်။ နှစ်နိုင်ငံစလုံးတွင် ဆိုရှယ်လစ်တွေက စစ်ဆန့်ကျင်ရေးကို ရဲရင့်စွာကြော်ငြာကြလျက် အထွေထွေ သပိတ်ကြီး မှောက်မည်ဟု ခြိမ်းခြောက်ကြသည်။ ထိုအချိန်မှာပင် အထွေထွေ သပိတ်ကြီးအတွက် ပြင်ဆင်မှု ပြုလုပ်ကြသည်။ ထို့မှသာမက နိုင်ငံတကာ ငြိမ်းချမ်းရေးကို ဖြစ်သည့်နည်းနှင့် ထိန်းသိမ်းရမည်။ ပုန်ကန်မှုနှင့် ပြည်တွင်း တော်လှန်ရေးအထိပင် ဆင်နွှဲကာ ထိန်းသိမ်းရမည်ဟူသော ဆိုရှယ်လစ်မူကို နိုင်ငံအားလုံးရှိ တော်လှန်သော ပါတီများက အတည့်အလင်း ကြွေးကြော်လာကြသည်။

အထွေထွေသပိတ်မှာ ကျွန်မတို့ အမေရိကန်ဆိုရှယ်လစ်များ ရရှိခဲ့သည့် မဟာအောင်ပွဲတစ်ရပ် ဖြစ်ပါသည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဂျာမန်မြို့တော်မှ အမေရိကန်သံကို ပြန်ခေါ်လိုက်သည်။ ထိုညတွင် ဂျာမန် ရေတပ်က ဟိုနိုလူလူသို့ တစ်ဟုန်ထိုး ချီတက်ကာ အမေရိကန် ကရူဇာသင်္ဘော သုံးစင်းနှင့် အတောတ်ခွန် သင်္ဘောတစ်စင်းကို နှစ်မြှုပ်လိုက်ပြီး မြို့တော်ကိုလည်း ဗုံးကြဲသည်။ နောက်တစ်နေ့တွင် ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့ စစ်ကြေညာကြပြီး နောက်တစ်နာရီအကြာတွင် နှစ်နိုင်ငံစလုံး ဆိုရှယ်လစ်များက အထွေထွေသပိတ် စတင်လိုက်ပါတော့သည်။

ပထမဆုံးအကြိမ်အဖြစ် ဂျာမန်စစ်ဘုရင်သည် သူ့လက်နက်နိုင်ငံတော်ကို အသက်ဝင် လှုပ်ရှားအောင် လုပ်ပေးနေသည့် သူ့လက်နက်နိုင်ငံသားများနှင့် ရင်ဆိုင်ရလေတော့သည်။ သူတို့မပါလျှင် သူ့လက်နက် နိုင်ငံတော်ကို ဘာမျှ လုပ်၍ရမည်မဟုတ်။ အခြေအနေ၏ ထူးခြားမှုမှာ သူတို့ ပုန်ကန်မှု၏ ပျော့ညံ့ခြင်းအပေါ်တွင် တည်ရှိနေပါသည်။ သူတို့ မတိုက်ပါ။ ဘာမျှလည်း မလုပ်ပါ။ ဘာမျှမလုပ်ခြင်းအားဖြင့် စစ်ဘုရင်၏ လက်တွေကို သူတို့က တုပ်နှောင်ထားလိုက်ပါသည်။ သူ့စစ်သားတွေကို ရှေ့တန်းသို့ပို့ရန် စုရုံး၍မရ။ သူ့တိုင်းသူပြည်သားတွေကိုလည်း အပြစ်ပေး၍မရ။ သူ့လက်နက် နိုင်ငံတော်အတွင်း ဘီးတစ်ချက် မလိမ့်တော့။ မီးရထားတစ်စင်း မထွက်တော့။ ကြေးနန်းတစ်စောင် ရိုက်၍မရတော့။ အခြားသောလူထုများနှင့်အတူ ကြေးနန်း စာရေးများရော မီးရထား အလုပ်သမားများကပါ အလုပ်ရပ်ထားခြင်းကြောင့်တည်း။





ဂျာမနီတွင် ယင်းသို့ဖြစ်သလို၊ အမေရိကန်ပြည်ထောင်စုတွင်လည်း အလားတူ ဖြစ်ပါသည်။ နောက်ဆုံးတွင် စည်းရုံးထားသော အလုပ်သမားထုက သူတို့၏ သင်ခန်းစာကို ကောင်းစွာ လေ့လာသင်ကြားရပါတော့သည်။ သူတို့ ရွေးခဲ့သော တိုက်ကွင်းတွင် ပြတ်ပြတ်သားသား အထုအထောင်းခံရပြီးနောက် ယင်းတိုက်ကွင်းကို စွန့်လွှတ်ကာ အထွေထွေသပိတ်သည် နိုင်ငံရေးသပိတ်ပင် ဖြစ်သည့်အတွက် ဆိုရှယ်လစ်များ၏ နိုင်ငံရေးကွင်းဆီသို့ ကူးဝင်လာကြသည်။ ထို့မှသာမက စည်းရုံးထားသော အလုပ်သမားထုမှာ အပြင်းအထန် ထုထောင်းခြင်း ခံရသဖြင့် ပရမ်းပတာဖြစ်ကာ အထွေထွေ သပိတ်သို့ ဝင်လာကြသည်။ သန်းပေါင်းများစွာသော အလုပ်သမားတွေက စက်ကိရိယာတွေကိုချကာ အလုပ်ခွင်မှ ထွက်ခွာသွားကြသည်။ အထူးသဖြင့် စက်ပြင်ဆရာတွေမှာ မှတ်သားလောက်ပါသည်။ သူတို့ ဦးခေါင်းများတွင် သွေးစွန်းနေပါသည်။ သူတို့ အဖွဲ့အစည်းမှာ ဖျက်ဆီးခြင်း ခံလိုက်ရပါသည်။ သို့ပါလျက် သူတို့၏ သတ္တုသပ်နေးနယ်ပယ်ရှိ သူတို့၏ မဟာမိတ်များနှင့်အတူ သပိတ်၌ ပါဝင်လာကြပါသည်။

သာမန် အလုပ်သမားများနှင့် စနစ်တကျစည်းရုံးထားခြင်းမရှိသော အလုပ်သမားများကပါ အလုပ် ရပ်လိုက်ကြသည်။ မည်သူမျှ အလုပ် မလုပ်တော့လောက်အောင် သပိတ်က တင်းကျပ် ပိရိလှပါသည်။

အမျိုးသမီးတွေမှာ သပိတ်ကို အခိုင်ခံ့ဆုံး တောင့်တင်းစေသူများ ဖြစ်ကြောင်း ထင်ရှားလာပါသည်။ သူတို့သည် စစ်ကို မျက်နှာချင်းဆိုင် ဆန့်ကျင်ကြသည်။ သူတို့ လင်သားများကို သွား၍ အသေမခံရန် အလိုမရှိ။ ဤသို့ဖြင့် အထွေထွေသပိတ်၏ ရည်ရွယ်ချက်က ပြည်သူတွေ၏ စိတ်ဝင်စားမှုကို အမိဖမ်းခဲ့သည်။ ယင်းရည်ရွယ်ချက်က သူတို့ နှလုံးဟဒယကို ရွှင်မြူးစေသည်။ ကူးလည်း ကူးစက်ခဲ့သည်။ ကလေးသူငယ်တွေက ကျောင်းစာသင်ခန်းများမှ ထွက်သွားကြသည်။ စာသင်ရန်လာသော ကျောင်းဆရာများမှာ စာသင်သားမရှိသည့် စာသင်ခန်းများမှတစ်ဖန် အိမ်သို့ ပြန်ကြသည်။ အထွေထွေသပိတ်ကြီးမှာ ကြီးကျယ်လှသည့် အမျိုးသားလုံးဆိုင်ရာ ပျော်ပွဲကြီးပမာ တူနေပါတော့သည်။

အလုပ်သမားများ၏ စည်းရုံးညီညာမှုက လူတွေ စိတ်ညွတ်လာအောင် ဆွဲဆောင်ခဲ့ပါသည်။ လူတိုင်း အပြစ်ရှိနေခိုက် အဘယ်သို့လျှင် တစ်ဦးတစ်ယောက်ကို အပြစ်ပေး၍ ရအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်ပြည်ထောင်စုမှာ သွက်ချာပါဒ လိုက်နေခဲ့ပြီ။ ဘာဖြစ်နေ မှန်း မည်သူမှ မသိ၊ သတင်းစာမရှိ၊ ချောစာမလာ၊ ပို့စာမရှိ။ လူတွေမှာလည်း ရှေးပဝေသဏီခေတ်၏ အရိုင်းအစိုင်းများနှင့် ကမ္ဘာအကြား မိုင်သောင်းပေါင်း များစွာ ခြားနားထားသလို တစ်ဦးနှင့်တစ်ဦး အဆက်ပြတ်နေကြသည်။ ထို့ကြောင့် ကမ္ဘာမရှိတော့သလို ဖြစ်နေသည်။ ရက်သတ္တ တစ်ပတ်မျှ ယင်း အခြေအနေ အတိုင်း ရှိနေသည်။

ဆန်ဖရန်စစ္စကိုတွင်မူ ပင်လယ်အော် တစ်ဘက်ကမ်းရှိ အုတ်ကလယ် သို့တည်းမဟုတ် ဘာကလေ၌ မည်သို့ဖြစ်ပျက်နေသည်ကိုပင် ကျွန်မတို့ မသိ ပါ။ စကြဝဠာကြီးတစ်ခုလုံး အသက်မရှိတော့သည့်အလား ထင်ရသည်။ တစ်နိုင်ငံလုံး သွေးခုန်မှု ရပ်သွားသည်။ တစ်နိုင်ငံလုံး အသေလိုဖြစ်နေသည်။ လမ်းများတွင် ရထားတွေ ပြေးဆွဲခြင်းမရှိ။ စက်ရုံဥသြသံများ မကြားရတော့။ ကားသွား ကားလာများ မရှိ။ သတင်းစာရောင်းသမားများ၏ အော်သံလည်း မကြားရ။ အရာရာတိုင်းကို တိတ်ဆိတ်ငြိမ်သက်ခြင်းက လွှမ်းမိုးထားခဲ့ပါသည်။

တိတ်ဆိတ်သော ဤရက်သတ္တပတ်အတွင်း လူနည်းစုအစိုးရအား သင်ခန်းစာရခဲ့ခြင်းပင် ဖြစ်ပါသည်။ တကယ့်သင်ခန်းစာပင် ဖြစ်ပါသည်။ အထွေထွေသပိတ်မှာ သတိပေးချက်တစ်ရပ် ဖြစ်သည်။ နောက်ထပ်၍ ဤ သပိတ်မျိုး ထပ်မပေါ်တော့အောင် လူနည်းစုအစိုးရက ဂရုစိုက် ကြပ်မတ်ရ တော့မည်။

ရက်သတ္တပတ်အကုန်တွင် ကြိုတင် စီစဉ်ထားခဲ့သည့်အတိုင်း ဂျာမနီ နှင့် အမေရိကန်ပြည်ထောင်စုတို့၌ ကြေးနန်း အလုပ်သမားများ အလုပ် ပြန်ဆင်း ကြသည်။ ၎င်းတို့မှတစ်ဆင့် နှစ်နိုင်ငံစလုံး ဆိုရှယ်လစ် ခေါင်းဆောင်များက အုပ်စိုးသူများကို ရာဇသံ ပေးခဲ့ပါသည်။ စစ်ပွဲရပ်မည်လော၊ အထွေထွေသပိတ် ဆက်မှောက်ရမည်လော ဆိုသည့် ရာဇသံပင် ဖြစ်ပါသည်။ ဤ ရာဇသံ နားလည်ရန်အတွက် အချိန်များစွာ မကြာလိုက်ပါ။ စစ်ရပ်စဲကြောင်း ကြေညာ လိုက်သည်။ နှစ်နိုင်ငံစလုံးရှိ လူတွေကလည်း အလုပ်ခွင် ပြန်ဝင်ကြပါသည်။

အသစ်ပြန်ဝင်လာသည့် ဤငြိမ်းချမ်းရေးက ဂျာမနီနှင့် အမေရိကန် ပြည်ထောင်စုအကြား မဟာမိတ်ဖွဲ့မှုကို ဆောင်ကြဉ်းလာခဲ့ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ဘုရင်နှင့် လူနည်းစု အစိုးရတို့က ၎င်းတို့၏ ဘုံရန်သူဖြစ်သော နှစ်နိုင်ငံစလုံးမှ တော်လှန်သော ပစ္စည်းမဲ့များကို ရင်ဆိုင်ရန် ရည်ရွယ်ချက်ဖြင့်





ဖွဲ့လိုက်သည့် မဟာမိတ်မျိုးသာ ဖြစ်ပါသည်။ ထို့ပြင် ဂျာမန် ဆိုရှယ်လစ်တွေက အကြာကာ သူတို့၏ စစ်ဘုရင်ကို ထီးနန်းမှ ဖြုတ်ချ မောင်းထုတ်လိုက်သောအခါ လူနည်းစု အစိုးရက ပက်ပက်စက်စက် ချိုးဖျက်ခြင်း ခံခဲ့ရသည်မှာလည်း ယင်း မဟာမိတ်အဖွဲ့ပင် ဖြစ်ပါသည်။ ကမ္ဘာ့ရေးကွက်တွင် အဓိက မြိုင်ဘက်ဖြစ်သော ဤမဟာမိတ်အဖွဲ့ကို ဖျက်ဆီးပစ်ရေးမှာ လူနည်းစု အစိုးရက လုပ်ဆောင်ခဲ့သော လုပ်ငန်းပင်ဖြစ်ပါသည်။

ဂျာမန်လက်နက်နိုင်ငံကြီး ဦးတည်ရာမရ ဖြစ်နေချိန်တွင် ဂျာမနီအတွက် နိုင်ငံခြားတွင် ရောင်းချရန် အပိုအလျှံတွေ ရှိတော့မည်မဟုတ်။ ဆိုရှယ်လစ် နိုင်ငံတော်၏ ပင်ကို သဘာဝအတိုင်း ဂျာမန်လူထုက သူတို့ ထုတ်လုပ်သမျှကို သူတို့ စားသုံးပစ်ကြပါလိမ့်မည်။ သူတို့ မထုတ်လုပ်နိုင်သော အရာများကို ထုတ်လုပ်ရန်အတွက် အချို့ပစ္စည်းများအား နိုင်ငံခြားနှင့် ရောင်းဝယ် ဖောက်ကား ခြင်း ပြုပေလိမ့်မည်။ သို့ရာတွင် ဤသည်မှာ မစားသုံးနိုင်သော အပိုအလျှံများနှင့် များစွာ ခြားနားပါလိမ့်မည်။

အားနက်က ဂျာမန် လက်နက်နိုင်ငံအား သစ္စာဖောက်ကြောင်း သိရ သောအခါ၌ "လူနည်းစု အစိုးရက ထုချေရှင်းလင်းဖို့ အကြောင်းပြလိမ့်မယ် ဆိုတာ ကိုယ် လောင်းရဲတယ်။ ခါတိုင်းလိုပဲ သူတို့လုပ်တာ မှန်တယ်လို့ ယူဆမှာပဲ" ဟု ပြောပါသည်။

ဤအတိုင်းပင် လူနည်းစု အစိုးရကလည်း အမေရိကန်ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်သောအားဖြင့် လုပ်ဆောင်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းချက် ထုတ်ခဲ့သည်။ လူနည်းစု အစိုးရကား သူ အမုန်းတီးဆုံး ပြိုင်ဘက်ကို ကမ္ဘာ့ ဈေးကွက်မှ မောင်းထုတ်ကာ ကျွန်မတို့၏ အပိုအလျှံများကို ကုန်စေ့အောင် ရောင်းချနိုင်စေခဲ့ပါသည်။

"ကိုယ်တို့ အကျိုးစီးပွားတွေကို အဲဒီလို အရူးတွေက တာဝန်ယူ ထိန်းခွဲနေကြတာဟာ အဆိုးဆုံးပဲ"

ဤသည်ကား အားနက်၏ ထင်မြင်ချက်သာ ဖြစ်ပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၄ ]

## နိဂုံး၏ အစ

၁၉၁၃ ခုနှစ် ဇန်နဝါရီလောက်ကစ၍ အားနက်က ဖြစ်ပျက်နေ
အရေးအရာများ၏ အစစ်အမှန် သဘောသကန်ကို သိမြင်နေခဲ့ပြီး ဖြစ်ပါသည်
သို့ရာတွင် သူ့ဦးနှောက်အတွင်း ပေါ်နေသည့် သံဖနောင့်၏ သွင်ပြင်ကို
ညီအစ်ကိုတော် ခေါင်းဆောင်များ မြင်လာအောင် လုပ်ဆောင်နိုင်စွမ်း မရှိခဲ့
သူတို့က ယုံကြည်မှု များလွန်းနေကြသည်။ အဖြစ်အပျက်တွေ
ခန့်မှန်းရန် မစွမ်းနိုင်လောက်အောင် လျင်မြန်လွန်းလှပါသည်။ ကမ္ဘာ့ရေး
များတွင် အကျပ်အတည်း ပေါ်လာသည်။ အမေရိကန် လူနည်းစု အစိုးရ
ကမ္ဘာ့ဈေးကွက်ကို တကယ်တမ်း ပိုင်ဆိုင်လာပြီး နိုင်ငံများစွာတို့မှာမူ မစားသုံး
မရောင်းချနိုင်သော အပိုအလျှံများဖြင့် ဈေးကွက် အပြင်ဘက်သို့ ရောက်ကုန်
သည်။ အဆိုပါ နိုင်ငံများအဖို့ ပြန်လည် စည်းရုံးရေးမှအပ အခြား ဘာမှ
လုပ်စရာမရှိ။ သူတို့၏ အပိုအလျှံ ထုတ်လုပ်မှုနည်းနာတွေကို ဆက်လ





ဆောင်ရန် မဖြစ်တော့။ သူတို့အနေနှင့် ဆိုရပါလျှင် အရင်းရှင်ဆန်ဆန်
ခ်မှာ မျှော်လင့်ချက်မရှိလောက်အောင် ကျိုးပဲ့ပျက်စီးခဲ့ပါပြီ။

ယင်းနိုင်ငံတွေမှာ ပြန်လည် စည်းရုံးမှုတွင် တော်လှန်ရေး ပုံသဏ္ဌာန်
ဆောင်လာပါသည်။ ရှုပ်ထွေးသော၊ ပြင်းထန်ကြမ်းတမ်းသော ကာလသာ
ပါသည်။ နေရာတိုင်းတွင် အစိုးရအဖွဲ့များ ဖျက်ဆီးထိုးနှက်ခြင်း ခံနေရသည်။
နိုင်ငံ သုံးနိုင်ငံမှအပ နေရာတိုင်းတွင် ရန်ငြိုးသိုနေကြသည့် အရင်းရှင်
ရှင်သခင်များသည် ပိုင်ဆိုင်မှုအတွက်ခါးခါးသီးသီး တိုက်ခိုက်ခဲ့ကြသည်။

သို့ရာတွင် ရဲရင့်သော ပစ္စည်းမဲ့တွေက အစိုးရအာဏာကို သူတို့
တွင်းမှ ယူဆောင်သွားကြသည်။ နောက်ဆုံးတွင် "ပုဂ္ဂလိကအရင်းရှင်
ဆိုင်မှု၏ သေမင်းခေါင်းလောင်းသံ မြည်ဟည်းလာပြီး လက်ရှိများကို
တ်မဲ့များ ဖြစ်စေခဲ့ပြီ"ဟူသော ကားလ်မတ်စ်၏ ဂန္ထဝင်အဟောမှာ ရုပ်လုံး
ပေါ်လာခဲ့လေသည်။ အရင်းရှင် အစိုးရများ ကျဆုံးမှု လျင်မြန်လှသလို သူတို့
နေရာတွင် သမဝါယမ ဓနသဟာယနိုင်ငံများ ပေါ်ထွက်လာကြသည်။

'အမေရိကန်ပြည်ထောင်စု ဘာကြောင့် နောက်ကျန်နေသနည်း'၊
'အသင် အမေရိကန်တော်လှန်ရေးသမားတို့ နိုးထကြလော့'၊ 'အမေရိကန်မှာ
ဘာဖြစ်နေသနည်း' စသည်တို့မှာ အောင်ပွဲရနေသော အခြားနိုင်ငံတို့မှ ရဲဘော်
များက ကျွန်မတို့ထံပို့ကြသည့် သဝဏ်လွှာများဖြစ်ပါသည်။ သို့ရာတွင် ကျွန်မတို့
အမီမလိုက်နိုင်ပါ။ လူနည်းစုအစိုးရက လမ်းကို ဆီးပိတ်ထားသည်။ ကြီးမားရှည်
ကြောက်မက်ဖွယ်ကောင်းလှသော သတ္တဝါကြီးတစ်ကောင်သဖွယ် ကျွန်မတို့
လမ်းကို ပိတ်ဆို့ထားပါသည်။

"မိုးဦးမှာ ကျွန်ုပ်တို့ အာဏာရမည့်အထိ စောင့်ပါ။ ဤအခါတွင် သင်
တို့ သိပါလိမ့်မည်" ဟု ကျွန်မတို့က အဖြေပေးပြန်ကြားသည်။

ဤနောက်ကွယ်တွင် ကျွန်မတို့ လျှို့ဝှက်ချက် ရှိနေပါသည်။ လယ်-
သမား ပါတီဝင်များကို ကျွန်မတို့ သိမ်းသွင်းနိုင်ခဲ့သည်။ လာလတ္တံ့သော
ရွေးကောက်ပွဲဖြင့် ပြည်နယ်တော်တော်များများ သူတို့လက်တွင်း ကျရောက်လာ
ပေလိမ့်မည်။ ထိုအခါတွင် သမဝါယမ ဓနသဟာယ ပြည်နယ်များ ဖော်ထုတ်
ည်။ ထို့နောက်တွင်ကား အစစအရာရာ လွယ်ကူသွားပေမည်။

"လယ်သမားပါတီဝင်တွေ အနိုင်မရရင် ဘယ်လိုလုပ်မလဲ" ဟု
အားနက်က မေးခွန်းထုတ်သည်။ သူ့ရဲဘော်တွေက သူ့ကို ဘေးဒုက္ခမြင်သူ



www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်ဝေါ်ကြပါသည်။

သို့ရာတွင် အားနက် စိတ်တွင်း၌ အဓိက အန္တရာယ်အဖြစ် စဉ်းစား နေသည်မှာ လယ်သမားပါတီဝင်တွေ အနိုင် မရနိုင်မည့် အရေးမဟုတ်ပါ။ ကြိုမြင်နေသည်မှာ အလုပ်သမား သမဂ္ဂကြီးများ သစ္စာဖောက်မည့် အရေး သွေးကွဲကြမည့်အရေးသာ ဖြစ်ပါသည်။

အလုပ်သမားခေါင်းဆောင် တစ်ဒါဇင်လောက်နှင့် အကြိတ်အနယ် ဆွေးနွေးပြီးနောက် အားနက်က ကျွန်မဘက်သို့ လှည့်ကာ တိတ်ဆိတ်စွာ ပြောသည်။ ထိုညကို ကျွန်မ မည်သည့်အခါမျှ မမေ့ပါ။

"ကိစ္စကတော့ ရှင်းသွားပါပြီ။ သံဖနောင့် နိုင်သွားပြီ။ နိဂုံးကို မြင်နေရပြီ"

ကျွန်မတို့အိမ်မှ ဤညီလာခံကလေးမှာ တရားဝင်မဟုတ်ပါ။ သို့ရာတွင် အခြားသော သူ့ရဲဘော်များနည်းတူ အားနက်က နောက်အထွေထွေ သပိတ်တွင် သမဂ္ဂဝင်များ ပါဝင်စေရမည်ဟု အလုပ်သမား သမဂ္ဂခေါင်းဆောင်များထံမှ ကတိစကား ရယူရန် လုပ်ဆောင်ခြင်းဖြစ်ပါသည်။ အစည်းအဝေး တက်သူ ခေါင်းဆောင် ခြောက်ဦးအနက် ဤကဲ့သို့သော ကတိစကားမျိုး ပေးရန် ငြင်းဆန်ရာ၌ စက်ဆရာများအသင်းဥက္ကဋ္ဌ အိုကွန်နာမှာ အစောဆုံး အဦးဆုံးဖြစ်ပါသည်။

"ခင်ဗျားတို့ သပိတ်မှောက်ခဲ့ကြတဲ့ နည်းပရိယာယ်ဟောင်းတွေကို ပြင်းပြင်းထန်ထန် ထိုးနှက်ခံခဲ့ရသော ခင်ဗျား တွေ့ပြီပဲ"

အားနက်က တိုက်တွန်းပါသေးသည်။ အိုကွန်နာနှင့် အခြားလူများက ခေါင်းခါကြသည်။

အားနက် ဆက်ပြောပြန်ပါသည်။

"အထွေထွေသပိတ် ဘယ်လောက် ခရီးရောက်တယ်ဆိုတာ ခင်ဗျား တွေ့ခဲ့ပြီ။ ကျွန်တော်တို့ ဂျာမနီနဲ့ ဖြစ်နေတဲ့ စစ်ကို ရပ်အောင် လုပ်ခဲ့တယ်။ အလုပ်သမားတွေရဲ့ သွေးစည်းမှုနဲ့ စွမ်းအားကို ဒီလောက် လှလှပပ ပြခဲ့တာ တစ်ခါမှ မရှိခဲ့ဘူး။ ကမ္ဘာကို အလုပ်သမားက အုပ်စိုးနိုင်တယ်။ အုပ်စိုးရမယ်။ ခင်ဗျား ကျွန်တော်တို့နဲ့ ဆက်လက် ရပ်တည်မည်ဆိုရင် အရင်းရှင်ဝါဒ စိုးမိုး အုပ်ချုပ်မှုကို ကျွန်တော်တို့ အဆုံးသတ်ပစ်နိုင်ပါတယ်။ အဲဒါဟာ ခင်ဗျားရဲ့ တစ်ခုတည်းသော မျှော်လင့်ချက်ပဲ။ နောက်ပြီး ခင်ဗျား ဒါထက် ပိုသိပါတယ်။ တခြားထွက်ရပ်လမ်းလည်း မရှိဘူး။ ခင်ဗျားတို့ အလျင်က နည်းပရိယာယ်ဟောင်း





အတိုင်း ဘာလုပ်လုပ် ခင်ဗျားတို့ အရေးနိမ့်မှာ သေချာတယ်"

"ခင်ဗျားက သိပ် ရှေ့ကအပြေးမြန်နေတာကိုး။ ထွက်လမ်းအားလုံးကို ခင်ဗျားမသိဘူး။ တခြား ထွက်လမ်း ရှိသေးတယ်။ ကျွန်တော်တို့ ဘာလုပ်နေ ဘယ်ဆိုတာ ကျွန်တော်တို့ သိတယ်။ သပိတ်တွေကို ကျွန်တော်တို့ ငြီးငွေ့နေပြီ။ ကျွန်တော်တို့ လက်ပန်းကျအောင်ကို သူတို့ လုပ်ခဲ့တယ်။ ကျွန်တော်တို့ လူတွေကို နောက်ထပ်ခေါ် ထုတ်ဖို့ ဘယ်တော့မှ မလိုတော့ဘူး ထင်တယ်" ဟု အိုကွန်နာက အဖြေပေးသည်။

"ခင်ဗျားထွက်လမ်းက ဘာလဲ"

အားနက်က ရှင်းရှင်းပြတ်ပြတ်ပင် မေးလိုက်ပါသည်။

အိုကွန်နာသည် ရယ်နေ၏။ ခေါင်းကိုလည်း ယမ်းခါနေသည်။

"ကျွန်တော် အများကြီး ပြောနိုင်ပါတယ်။ ကျွန်တော်တို့ အိပ်နေတာ မဟုတ်ဘူး။ အိပ်မက်မက်နေတာလည်း မဟုတ်ဘူး"

"ဒီမှာ ဘာကိုမှ ကြောက်စရာ၊ သို့တည်းမဟုတ် ရှက်စရာ မလိုပါဘူး"

အားနက်က စိန်ခေါ် လိုက်ပါသည်။

"ကျွန်တော်တို့ အလုပ် ကျွန်တော်တို့ နားလည်တယ် ထင်တယ်ဗျာ" ဟု အိုကွန်နာက နှုတ်လှန်ထိုးလိုက်ပါသည်။

"ခင်ဗျားတို့ ထိန်ချန်ထားပုံကို ညစ်နေတာပဲ"

အားနက်က ပို၍ စိတ်ဆိုးစွာ ပြောလိုက်ပါသည်။

"ကျွန်တော်တို့ သွေးရွှေးနဲ့ရင်းပြီး အတွေ့အကြုံ ရခဲ့တာဗျ။ ကျွန်တော်တို့ဆီလာတဲ့ အကျိုးတော့ ကျွန်တော်တို့ ခံစားရမှာပေါ့။ မေတ္တာ စေတနာ ဆိုတာ အိမ်က စရတာ"

"ခင်ဗျားတို့ ထွက်လမ်းကို ပြောဖို့ ကြောက်နေရင် ကျွန်တော်ကပဲ ခင်ဗျားတို့ကို ပြောပြရတာပေါ့။ ခင်ဗျားတို့ အခု ဝေစုခွဲဖို့ လုပ်နေကြတယ်ဗျာ။ ရန်သူနဲ့ အပေးအယူလုပ်နေကြတယ်။ ကိုင်း. . . အဲဒါ ခင်ဗျားတို့လုပ်နေတာပဲ။ အလုပ်သမားအားလုံးရဲ့ အရေးတော်ကို ခင်ဗျားတို့ ရောင်းစားခဲ့ပြီ။ ခင်ဗျားတို့ဟာ သူရဲဘောကြောင်သူတွေလို တိုက်ပွဲကို စွန့်ပြေးနေကြပြီ"

အားနက်၏ သွေးမှာ ဆူပွက်ထလာသည်။

"ကျွန်တော် ဘာတစ်ခုမှ မပြောသေးဘူး။ ခင်ဗျားသိတာထက် နည်းနည်းလေး ကျွန်တော်တို့အတွက် ပိုတောင် ကောင်းမယ့်ဟာကို ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



သိတယ်ထင်တယ်" ဟု အိုက္ကွန်နာက လေးတွဲ့စွာ ပြန်ဖြေသည်။

"နောက်ပြီး ကျန်တဲ့အလုပ်သမားထုအတွက် ဘာအကောင်းဆုံးလဲ ဆိုတာကိုတော့ ခင်ဗျား နည်းနည်းလေးမှ ဂရုမစိုက်ဘူး မဟုတ်လား။ အဲဒါကို ခင်ဗျားကျောင်းထဲ ကန်ချထားလိုက်ပြီလေ"

"စက်ဆရာများအသင်းရဲ့ ဥက္ကဋ္ဌ ဆိုတာမှအပ ကျွန်တော် တခြား ဘာတစ်ခုမှ မပြောဘူး၊ ကျွန်တော့် ကိုယ်စားပြုထားသူတွေရဲ့ အကျိုးစီးပွားကို စဉ်းစားဖို့ဟာ ကျွန်တော့်အလုပ်ပဲ၊ ဒါပဲ"

ထို့နောက် အလုပ်သမားခေါင်းဆောင်များ ထွက်ခွာသွားကြသော အခါ အရေးနိမ့်သော တည်ငြိမ်မှုဖြင့် အားနက်က ပေါ်ပေါက်လာအံ့သော အဖြစ်အပျက်များနှင့်စပ်လျဉ်း၍ ကျွန်မကို အကြမ်းသဘော ပြောပြပါသည်။

"စည်းရုံးထားတဲ့ အလုပ်သမားတွေဟာ စက်မှုလုပ်ငန်းနယ်ပယ်မှာ အရေးနိမ့်ပြီးတဲ့နောက် နိုင်ငံရေးနယ်ပယ်ဘက်ကို ကူးပြောင်းတဲ့နေ့ ရောက်လာ လိမ့်မယ်လို့ ဆိုရှယ်လစ်တွေက ဝမ်းသာအားရ ကြိုပြောလေ့ရှိကြတယ်။ ကောင်းပြီ သံဖနောင့်ဟာ အလုပ်သမား သမဂ္ဂတွေကို စက်မှုလုပ်ငန်း နယ်ပယ်မှာ အလဲထိုးပြီး နိုင်ငံရေးနယ်ပယ်ဘက် မောင်းပို့လိုက်ပြီဆိုပါတော့။ အဲဒါဟာ ကိုယ်တို့အတွက် ဝမ်းသာစရာမဟုတ်ဘူး၊ ကြေကွဲစရာဖြစ်လာလိမ့်မယ်။ သံဖနောင့်က သင်ခန်းစာတွေ အများကြီး ရခဲ့ပြီ၊ အထွေထွေ သပိတ်မှာ ကိုယ်တို့အား ကိုယ်တို့က ပြခဲ့တယ်။ ဒါကြောင့် နောက်ထပ် သပိတ်မပေါ်အောင် တားဖို့ ခြေလှမ်းနေပြီ"

"ဘယ်လို လှမ်းနေတာလဲ" ဟု ကျွန်မက မေးလိုက်ပါသည်။

"လွယ်လွယ်လေးပါ၊ သမဂ္ဂကြီးတွေကို ငွေကြေးထောက်ပံ့လိုက်ရုံပဲ။ နောက် အထွေထွေသပိတ်မှာ သူတို့ပါမှ မဟုတ်ဘူး၊ ဒါကြောင့် ဒီသပိတ်ဟာ အထွေထွေသပိတ်ဖြစ်မှာ မဟုတ်ဘူး"

"ဒါပေမယ့် ဒီလောက်ငွေကြေး ကုန်ကျမယ့် လုပ်ငန်းစဉ်မျိုးကို သံဖနောင့် အမြဲတမ်း လုပ်နေနိုင်မှာ မဟုတ်ပါဘူး"

ကျွန်မက ကန့်ကွက်ပါသည်။

"ဪ . . သမဂ္ဂအားလုံးကို ထောက်ပံ့ဖို့ မဟုတ်ဘူးလေ။ မလိုပါဘူး။ ဘာတွေဖြစ်လာမလဲဆိုတာ ကိုယ်ပြောပြမယ်။ မီးရထားအလုပ်သမား သမဂ္ဂတွေ၊ သံနဲ့ သံမဏိအလုပ်သမား သမဂ္ဂတွေ၊ အင်ဂျင်နီယာနဲ့ စက်ဆရာ





သမဂ္ဂတွေမှာ လုပ်ခတွေ တိုးပေးပြီး လုပ်ချိန်နာရီ လျှော့ချလိုက်မယ်၊ ဒီသမဂ္ဂတွေမှာ ပိုပြီးလျော်ကန်ကောင်းမွန်တဲ့ အခြေအနေတွေကို ဖန်တီးပေးမယ်။ အဲဒီ သမဂ္ဂဝင်တွေ လောကနိဗ္ဗာန်မှာ ထိုင်နေရသလို ဖြစ်လာမယ်"

"ကျွန်မတော့ ဒီလိုမြင်သေးပါဘူး။ တခြားသမဂ္ဂတွေရော ဘာဖြစ်လာမလဲ။ ဒီသမဂ္ဂကြီးတွေ အပြင်မှာ တခြားသမဂ္ဂတွေ အများကြီး ရှိသေးတယ်"

"တခြားသမဂ္ဂတွေ ပြေးစရာမြေ ရှိတော့မှာ မဟုတ်ဘူး။ မီးရထား အလုပ်သမားတွေ၊ စက်ဆရာတွေ၊ အင်ဂျင်နီယာတွေ၊ သံနဲ့သံမဏိ အလုပ်သမားတွေက ကိုယ်တို့ရဲ့ စက်ယန္တရား လူ့အဖွဲ့အစည်းအတွင်းက အရေးပါတဲ့ အဓိက အလုပ်တွေအားလုံးကို လုပ်ကြတာ မင်းမမြင်ဘူးလား၊ သူတို့ သစ္စာခံကြတာ သေချာပြီဆိုတဲ့အခါ သံဖနောင့်က ကျန်တဲ့ အလုပ်သမားတွေအပေါ် စေလိုရာ စေနိုင်ပြီပဲ။ သံ၊ သံမဏိ၊ ကျောက်မီးသွေး၊ စက်ယန္တရားနဲ့ သယ်ယူပို့ဆောင်ရေးတွေဟာ စက်မှုလုပ်ငန်း အဆောက်အအုံကြီးတစ်ခုလုံးရဲ့ ကျောရိုးပဲ"

"ကျောက်မီးသွေး ဟုတ်လား၊ ကျောက်မီးသွေးတွင်း အလုပ်သမား တစ်သန်းနီးပါးတောင် ရှိတယ်လေ"

"လက်တွေ့မှာ သူတို့ဟာ ကျွမ်းကျင်တဲ့ အလုပ်သမား မဟုတ်ဘူး၊ သူတို့ကို ထည့်မတွက်နဲ့။ သူတို့လုပ်ခတွေ ကျဆင်းသွားပြီး လုပ်ချိန် တိုးလာလိမ့်မယ်။ သူတို့ဟာ ကျန်တဲ့ ကိုယ်တို့အားလုံးလိုပဲ ကျေးကျွန်တွေဖြစ်ပြီး ကိုယ်တို့အားလုံးထဲမှာ သူတို့ဟာ ကျွန်သပေါက်တွေ ဖြစ်လာမယ်။ အခု မြေယာတွေ သိမ်းခံရပြီးတာတောင် မလွှဲမရှောင်သာ အလုပ် ဆက်လုပ်နေကြရတဲ့ လယ်သမားတွေလို သူတို့လဲ မလွှဲမရှောင်သာ အလုပ် ဆက်လုပ်ကြရလိမ့်မယ်၊ တခြားသမဂ္ဂတွေလည်း အလားတူပါပဲ။ ဒယီးဒယိုင် အလဲလဲ အကွဲကွဲနဲ့ ဗိုက်ဟောင်းလောင်းဖြစ်တာက တစ်ဘက်၊ ဥပဒေကတစ်ဘက်နဲ့ ခါးရိုးကျိုးမတတ် အလုပ်လုပ်ရတဲ့ ကျေးကျွန်တွေ ဖြစ်လာမှာကို စောင့်သာ ကြည့်ပေတော့။

"သပိတ်တွေကို ဖျက်ပစ်ရေးဆိုတဲ့ လုပ်ငန်းလည်း ရှိတော့မှာ မဟုတ်ဘူး၊ သပိတ်ရယ်လို့လဲ ရှိတော့မှာ မဟုတ်ဘူး။ သပိတ်နေရာမှာ ကျေးကျွန်တွေရဲ့ တော်လှန်ပုန်ကန်မှု ပေါ်လာမယ်။ အစိုးရကလည်း အလုပ်သမားတွေကို မလွှဲမရှောင်သာ အလုပ်လုပ်ရစေမယ့် ဥပဒေတွေ ပြဋ္ဌာန်းမှာပေါ့။ ဒီလိုအားဖြင့် သမဂ္ဂကြီးတွေ အချောင်းချောင်း တိုက်ပွဲဟာ ကြာသွားမယ်။ တော်လှန်ရေး ဘယ် [illegible]မှာ ဘယ်တော့ အောင်ပွဲခံမလဲဆိုတာ ကောင်းကင်ဘုံကပဲ သိလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူနည်းစုအစိုးရနဲ့ သမဂ္ဂကြီးတွေလို အင်အားကြီးမားတဲ့ ပေါင်း မှုအကြားမှာ တော်လှန်ရေး အောင်ပွဲခံမယ်လို့ ယုံကြည်စရာအကြောင်း ရှိသလား၊ သူတို့က တာရှည်ခံမနေပေဘူးလား" ဟု ကျွန်မက စူးစမ်း ပြန်ပါသည်။

သူက ခေါင်းခါသည်။

"လူတန်းစားနဲ့ လူ့အလွှာအပေါ် ဖွဲ့စည်းထားတဲ့ စနစ်တိုင်းမှာ ဒီ ကို ပြိုလဲသွားစေမယ့် ပိုးမွှားတွေပါပြီးသားလို့ ကိုယ်တို့က ဆုံးဖြတ် သုံးသပ်တ လူတန်းစားနဲ့ ဖွဲ့ထားတဲ့ စနစ်တစ်ခုဟာ လူ့အလွှာကို ဘယ်လို တားလို့ရပါ သံဖနောင့်က ဒါကို တားလို့မရဘူး။ အဆုံးကျတော့ လူ့အလွှာက သံဖနောင့် ဖျက်ဆီးပစ်မှာပဲ။ လူနည်းစုသမားတွေထဲမှာကို အလွှာတွေ ပေါ်လာ သို့သော် အရေးပေးခံရတဲ့ သမဂ္ဂတွေက အလွှာတစ်ခုအဆင့်အထိ ရောက် တဲ့အချိန်ကို စောင့်ဦး။ ဒီလို ဖြစ်မလာအောင် သံဖနောင့်က အစွမ်းကုန်တား တားပေမယ့် မရဘူး။

"အရေးပေးခံရတဲ့ သမဂ္ဂတွေထဲမှာ အမေရိကန် အလုပ်သ လူတန်းစားရဲ့ အဖူးအပွင့်တွေ ပါတယ်ကွ။ သူတို့ဟာ ခိုင်မာတောင့်တင်းတ တော်တယ်။ နေရာရဖို့ ပြိုင်ဆိုင်ရင်း ဒီသမဂ္ဂတွေထဲ သူတို့ရောက်လာ အမေရိကန်ပြည်ထောင်စုက တော်တဲ့ အလုပ်သမားတိုင်းဟာ အရေးပေး တဲ့ သမဂ္ဂဝင်တွေ ဖြစ်လာဖို့ ရည်မှန်းချက် ရှိကြတယ်၊ လူနည်းစု အစိုးရ ဒီလို ရည်မှန်းချက်နဲ့ ပြိုင်ဆိုင်မှုကို အားပေးလိမ့်မယ်။ ဒီလိုအားဖြင့် တော် လှန်ရေးသမား ဖြစ်ချင်လဲ ဖြစ်မယ်။ ကျွမ်းကျင်သူတွေကို သိမ်းသွင်းခြင်းခံ သူတို့ ခွန်အားကို လူနည်းစုအစိုးရကို ထောက်ခံအားပေးဖို့ အသုံးပြုတာ ခံ လိမ့်မယ်။

"အခြားတစ်ဘက်မှာ အရေးပေးခံရတဲ့ သမဂ္ဂတွေက ဇာတ်မြ အလုပ်သမားတွေဟာ သူတို့ အချင်းချင်း နီးနီးကပ်ကပ် ပူးပေါင်းနိုင်အော ကြီးစားကြမှာပဲ။ အောင်လည်း အောင်မြင်ကြမှာပဲ။ အဲဒီတော့ အလုပ်သ အလွှာတွေအကြားမှာ ရိုးရာစဉ်ဆက်တွေ ဖြစ်လာမယ်။ သားတွေက ဖ တွေကို ဆက်ခံလာကြမယ်။ ပြင်ပက အမြဲတမ်း ခွန်အားလျှောင်ကန်ကြီးဖြစ် သာမန်လူတွေ ဝင်မလာနိုင်တော့ဘူး။ အဲဒီမှာ အလုပ်သမား မျိုးရိုးဇာတ် ပျက် သွားမှာပါ။ ခေတ္တခဏ အားအင်ကြီးမားနေပေမယ့် အဆုံးကျတော့ သူ



ည်းသထက် နည်းလာမယ်။

"သူတို့ဟာ ခေတ်ဟောင်း ရောမက နန်းတော်စောင့်တပ်သားတွေလို သာမယ်။ ဇာတ်မြင့် အလုပ်သမားတွေ အာဏာရတဲ့နေရာမှာ တန်ပြန် ကွင်း တော်လှန်ရေးတွေ ပေါ်လာမှာပဲ။ လူနည်းစုတွေကလည်း တန်ပြန် ကွင်းတော်လှန်ရေးတွေ လုပ်ကြပြီး အာဏာရတဲ့ လူက ရ၊ မရတဲ့လူတ ချ။ အဲဒီလိုနဲ့ ဇာတ်မြင့် မျိုးနွယ်တွေ အားနည်းမှု မလွဲမသွေ ပေါ်ပေါက် ပြီး အဆုံးမှာ သာမန်လူတွေက သူတို့ဘာသာ သူတို့ မားမားရပ်လာကြမယ်"

သမဂ္ဂကြီးတွေ သင်းခွဲ ကူးပြောင်းသွားခြင်းအားဖြင့် ပထမဦးစွာ ရှုတ်နေမိသည့် အခိုက်အတန့်တွင် အားနက်က နှေးကွေးသော လူမှုရေး ပြောင်းလဲမှုကို အရိပ် နိမိတ်ပြခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်မက ဤကိစ္စတွင် သဘောမတူခဲ့ပါ။ ယခု ဤစာကို ရေးနေစဉ် အခိုက်အတန့်တွင်လည်း သဘောမတူပါ။ အဘယ်ကြောင့်ဆိုသော် အားနက် တစ်ယောက် မျက်ကွယ် ပြုခဲ့စေကာမူ လူနည်းစုတွေကို သုတ်သင် ဖယ်ရှားပစ်မည့် တော်လှန်ရေးကြီး ဆဲဆဲကာလသို့ ကျွန်မတို့ ရောက်ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

ဤနေရာတွင် အားနက်၏ ကြိုတင် ဟောပြောချက်ကို အရင်းခံ ကျွန်မ ရေးပြခြင်းဖြစ်ပါသည်။ ယင်းသို့သော ယုံကြည်ချက် အကြား အားနက်သည် ဤယုံကြည်ချက်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကာ ပြင်းထန်ထန် အလုပ်လုပ်ခဲ့သူဖြစ်ပါသည်။ ပေါက်ကွဲရန် ယခုပင်လျှင် တ်ပြနေပြီဖြစ်သော တော်လှန် ပုန်ကန်မှုအတွက် သူသည် အခြားလူ သုံးထက်ပို၍ အလုပ်လုပ်ခဲ့ပါသည်။

"ဒါပေမယ့် လူနည်းစုအစိုးရက ဆက်လုပ်မြဲ လုပ်နေရင် နှစ်စဉ် သူ့ ယ်ယာထဲ ဇင်လာနေမယ့် အပိုအလျှံ ပစ္စည်းတွေ ဘာဖြစ်လာမလဲ" ဟု ညနေတွင် သူ့ကို ကျွန်မက မေးခဲ့ပါသည်။

"ဘယ်လိုပဲဖြစ်ဖြစ် အပိုအလျှံတွေကတော့ တိုးသည်ထက် တိုးလာမှာ နည်းစု လူတန်းစားနည်းလမ်းရှာရတော့မယ်။ ကြီးကျယ်တဲ့ လမ်းကြီးတွေ ကြမယ်။ သိပ္ပံပညာ အထူးသဖြင့် အနုပညာရေးရာမှာ ကြီးမားတဲ့ အောင်မြင်မှုတွေ ရမယ်။ လူနည်းစု လူတန်းစားတွေက ပြည်သူတွေကို လုံးလုံး သွား ချုပ်ကိုင်ထားနိုင်တဲ့အခါမှာ တခြားကိစ္စတွေကို အချိန်ပေးလာနိုင် မယ်။ သူတို့ဟာ အလှအပကို ကိုးကွယ်သူတွေ၊ အနုပညာ ချစ်မြတ်နိုးသူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာကြမယ်။ သူတို့က သဒ္ဓါတရား ထက်ထက်သန်သန်နဲ့ ဆုလာဘ်...
ပေးမှာမို့ သူတို့ရဲ့ ညွှန်ကြားချက်အောက်မှာ အနုပညာရှင်တွေက အလုပ်...
ကြရလိမ့်မယ်။

"အနုပညာအနေနဲ့ ကြီးမြတ်တဲ့ အနုပညာဖြစ်ပါလိမ့်မယ်။ သို့သေ...
အနုပညာရှင်တွေအတွက်ကတော့ လူလတ်တန်းစားရဲ့ ဓနရှင် ရသနော...
လိုက်ကြရမှာပဲ။ ဟိုစဉ်က မြို့ကြီးပြကြီးတွေကို ကလေးကလား ဖြစ်သွား...
စေမယ့် မြို့ကြီးပြကြီးတွေ ပေါ်လာကြမယ်။ ဒီမြို့ကြီး ပြကြီးတွေမှာ လူနည်း...
လူတန်းစားတွေ နေထိုင်ပြီး အလှအပကို ကိုးကွယ်ကြလိမ့်မယ်။

"ဒီလိုအားဖြင့် အလုပ်သမားက အလုပ်လုပ်နေရခိုက် အပိုအလျှံ...
ကတော့ အစဉ်တစိုက် တိုးချဲ့နေမှာပဲ။ လူနည်းစု လူတန်းစားက နှစ်ပေါ...
တစ်ထောင်။ အို. . . နှစ်ပေါင်း တစ်သောင်းခံအောင် တည်ဆောက်ကြ...
မြို့ကြီးပြကြီးတွေအတွက် အင်မတန်ကြီးမားတဲ့ အပိုအလျှံတွေ လိုသလို အ...
ညီမျှတဲ့ အသုံးစရိတ်တွေလည်း လိုလာမှာမို့ သန်းပေါင်းများစွာသော သာ...
အလုပ်သမားတွေကို မငတ်ရုံတမည် မျှဝေပေးမှာပါပဲ။ သူတို့ဟာ အီဂျစ်...
ဘေဘီလုံလူမျိုးတွေက တည်ဆောက်ဖို့ အိပ်မက်မမက်ခဲ့တဲ့ အရာတွေ...
တည်ဆောက်ပါလိမ့်မယ်။ လူနည်းစု လူတန်းစားတွေ မရှိတော့တဲ့အခါ ...
လမ်းမကြီးတွေ၊ မြို့ကြီးပြကြီးတွေဟာ ညီအစ်ကိုတော် အလုပ်သမား...
လျှောက်ဖို့၊ နေကြထိုင်ကြဖို့ ကျန်နေရစ်လိမ့်မယ်။

"ဒါတွေကို လူနည်းစု လူတန်းစားက လုပ်ကို လုပ်ရမယ်။ မလုပ်...
မဖြစ်ဘူး။ အဲဒီ လုပ်ငန်းကြီးတွေက သူတို့ရဲ့ အပိုအလျှံကို သုံးစွဲပစ်တဲ့ ...
ဖြစ်လာမယ်။ အီဂျစ် အုပ်စိုးရေး လူတန်းစားတွေက ဘုရားကျောင်းကြီး...
ပိရမစ်ကြီးတွေ တည်ဆောက်ခြင်းအားဖြင့် ပြည်သူတွေဆီက လုယက်ခဲ့...
အပိုအလျှံတွေကို သုံးစွဲပစ်ခဲ့တဲ့ နည်းလမ်းအတိုင်းပေါ့။ လူနည်းစုလူတန်း...
အောက်မှာ ဖွံ့ဖြိုးမှာကတော့ ဘုန်းတော်ကြီးတွေ မဟုတ်ဘူး။ အနုပညာ...
လူတန်းစားက ဖွံ့ဖြိုးမှာပါ။ နောက်ပြီး ဓနရှင်တွေရဲ့ ကုန်သည် လူတန်း...
နေရာမှာ ဇာတ်မြင့်အလုပ်သမားက နေရာဝင်ယူလိမ့်မယ်။

"သူတို့အောက်မှာ နက်ရှိုင်းတဲ့ ချောက်ကြီးရှိတယ်။ အဲဒီချောက်...
ထဲမှာကတော့ လူအများတကာ့ အများစုဖြစ်တဲ့ သာမန်လူတွေဟာ ငတ်...
ရင်း ငတ်ရင်း၊ မွဲပြီးရင်း မွဲရင်း သံသရာလည်နေရသူတွေ ရှိလိမ့်မယ်။ အ...





...နေ့နေ့ တစ်ချိန်ချိန်ကျရင်တော့ သာမန်လူတွေဟာ ချောက်တွင်းထဲကနေ...
... ရုန်းထပြီး နောက်ဆုံး ရာစုခေတ်တွေ ကြာလာရင် သာမန်လူတွေရဲ့
...တော့ ရောက်လာရမှာပါ။ ကိုယ် အဲဒီနေ့ကို တွေ့ရမယ်လို့ ထင်ခဲ့တယ်။
...သော်. . . ကိုယ်မတွေ့နိုင်တော့ဘူး ဆိုတာ ကိုယ် သိတယ်"

သူက စကားကို ခေတ္တရပ်ကာ ကျွန်မကို ကြည့်နေပြီးမှ. . .

"အချစ်ရယ်. . . လူမှုရေးပြုပြင်ပြောင်းလဲမှုဆိုတာ အလွန့်အလွန်ကို
...တာပါလားကွယ်"

ကျွန်မ သူ့ကို သိုင်းဖက်လိုက်ပါသည်။ သူ့ဦးခေါင်းက ကျွန်မ ရင်ခွင်
...င် ရှိနေပါသည်။

"ကိုယ့်ကို ချော့သိပ်စမ်းပါကွယ်။ ကိုယ် တွေးမြင်နေရတာတွေကို
...စ်လိုက်ချင်လို့ပါ" ဟု တီးတိုး ရေရွတ်ပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၅ ]

## နောက်ဆုံး နေ့များ

၁၉၁၃ ခုနှစ် ဇန်နဝါရီလကုန်တွင် လူနည်းစု အစိုးရက အရေး
ရသော သမဂ္ဂများအပေါ် ပြောင်းလဲလာသည့် သဘောထားကို လူသိရှင်
ထုတ်ပြန်ခဲ့ပါသည်။

မီးရထားအလုပ်သမားများ၊ သံနှင့် သံမဏိ အလုပ်သမား
အင်ဂျင်နီယာနှင့် စက်ဆရာများအတွက် မကြုံစဖူး ထူးကဲသော လုပ်ခ တို
အလုပ်ချိန်လျှော့ချမှု သတင်းတွေကို သတင်းစာများက ဖော်ပြကြသ
သို့ရာတွင် အမှန်တရားတစ်ခုလုံးကိုကား မပြောကြပါ။

အမှန်အားဖြင့် လုပ်ခတွေ အဆများစွာ တိုးလာပြီး အခွင့်ပ..ရေး
အလားတူကြီးမား များပြားလာပါသည်။ ယင်းကို လျှို့ဝှက်ထားပါသည်။ သို့
တွင် လျှို့ဝှက်မှုဆိုသည်မှာလည်း ပေါ်လာစမြဲသာ ဖြစ်ပါသည်။ အရေး
ခြင်းခံရသော သမဂ္ဂဝင်တွေက သူတို့ဇနီးတွေကို ပြန်ပြောကြသည်၊ ဇနီးသ





တွေက အချင်းချင်း တွတ်ထိုးကြသည်။ မကြာမီပင် ဘာဖြစ်နေသည်ကို
အလုပ်သမားလောကကြီး တစ်ခုလုံးက သိရှိလာကြပါသည်။

ဤသည်မှာ ဆယ့်ကိုးရာစုခေတ်တွင် အများသိကြသည့် စုပေါင်း
လုယက်မှု၏ ဖြစ်ပေါ် တိုးတက်မှုတစ်ရပ် ဆိုရပါမည်။ ထိုကာလ စက်မှုလုပ်ငန်း
များ၏ စစ်ရေး စစ်ရာတွင် အမြတ်အစွန်း ခွဲဝေမှုကို ကြိုးပမ်းခဲ့ကြပြီးဖြစ်သည်။
အရင်းရှင်များက မိမိတို့လုပ်ငန်း၌ ငွေရေးကြေးရေးအရ အတိုးအရင်း ထည့်သွင်း
ပေးခြင်းအားဖြင့် အလုပ်သမားတွေကို နှစ်သိမ့်ခြင်း သဘောဖြစ်ပါသည်။
သို့ရာတွင် အမြတ်အစွန်းအစုရှယ်ယာ ဟူသည်မှာ စနစ်တစ်ရပ်အနေဖြင့် ယုတ္တိ
ရှိ ဖြစ်လည်းမဖြစ်နိုင်ပါ။ လုပ်အားနှင့် ငွေပင်ငွေရင်းအားလုံးက အမြတ်အစွန်း
များကို ခွဲဝေယူကြလျှင် ယင်းသို့ အမြတ်အစွန်း ခွဲဝေယူခြင်း မရှိချိန်က
အခြေအနေအတိုင်း အလားတူ အခြေအနေများသာ ဖြစ်နေသည့်အတွက်
စက်မှုလုပ်ငန်းအချင်းချင်း ယှဉ်ပြိုင် ကွဲလွဲနေကြသည့် စနစ်အကြားတွင်
အမြတ်အစွန်း ခွဲဝေမှု ဆိုသည်မှာ အချို့သီးခြားကိစ္စတွင်သာ အောင်မြင်နိုင်မည်
ဖြစ်သည်။

ထို့ကြောင့် လက်တွေ့ကမကျသော အမြတ်အစွန်းခွဲဝေမှု အတွေးအခေါ်
မှ စုပေါင်း လုယက်မှုဆိုသည့် လက်တွေ့ အတွေးအခေါ် တစ်ရပ် ပေါ်ပေါက်
လာခဲ့ပါသည်။ "ကျုပ်တို့ကို လစာပိုပေးပြီး လူတွေဆီက ထပ်တောင်း" ဟူသည်မှာ
အင်အားကြီးမားသည့် သမဂ္ဂကြီးများ၏ ကြွေးကြော်သံ ဖြစ်လာပါသည်။
တိုယ်ကျိုးရှာ ပေါ်လစီက နေရာတိုင်းတွင် အောင်မြင်တွင်ကျယ်လာပါသည်။
လူတွေဆီက ထပ်တောင်းဟု ဆိုခြင်းမှာ စနစ်တကျ မစည်းရုံးရသေးသော
အလုပ်သမားများနှင့် ရက်သတ္တပတ်အလိုက် စည်းရုံးမိသော အလုပ်သမားများ၏
တကယ့်အများစုကြီးထံမှ ထပ်တောင်းနေခြင်း ဖြစ်ပါသည်။

လုပ်အားကို လက်ဝါးကြီးအုပ်ထားသော သမဂ္ဂဝင်များ ဖြစ်ကြသည့်
သူတို့၏ ကြံ့ခိုင်သည့် ညီအစ်ကိုတော်များအတွက် တိုးပေးသည့်လုပ်ခတွေကို
ဤအလုပ်သမားတွေက တကယ်တမ်း ပေးကြရခြင်းဖြစ်ပါသည်။ ကျွန်မ ပြောခဲ့
သည့်အတိုင်း ဤအတွေးအခေါ်က လူနည်းစုများနှင့် အရေးပေးခံရသော သမဂ္ဂ
များအကြား အတိုင်းအတာ ကျယ်ပြန့်စွာ ပူးပေါင်းမှုကို ပေါ်ပေါက်စေခဲ့ပါ
သည်။

အရေးပေးခံရသော သမဂ္ဂတွေ၏ ခြံခုန်လျှို့ဝှက်ချက်များ ပေါ်တော့ကြေး



www.burmeseclassic.com

www.burmeseclassic.com



သွားသည်နှင့်တစ်ပြိုင်နက် အလုပ်သမား လောကတစ်ခုလုံး တုန်လှုပ် ချောက်ချား ဂယက်ရိုက်သွားပါတော့သည်။ ထို့နောက် အရေးပေးခံရသော သမဂ္ဂတွေက အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ နုတ်ထွက်ကာ အဆက်ဖြတ်ကြသည်။ ထို့နောက်တွင် ဖရိုဖရဲ အကြမ်းဖက်မှု ပေါ်လာပါသည်။ အရေးပေးခံရသော သမဂ္ဂဝင်တွေကို သစ္စာဖောက်များဟု ကင်ပွန်းတပ်ကာ ဆံသဆိုင်များ၊ ပြည့်တန်ဆာအိမ်များ၊ လမ်းမများနှင့် အမှန်အားဖြင့် နေရာတိုင်းတွင် သူတို့ ရက်စက်စွာ စွန့်ခွာခဲ့ကြသည့် ရဲဘော်များ၏ ကိုယ်ထိလက်ရောက် ထိပါးနိုက်နှက်ခြင်း ခံကြရသည်။

ဦးခေါင်း အရေအတွက် များစွာကွဲပါသည်။ သေကြေသူလည်း များစွာ ရှိပါသည်။ အရေးပေးခံရသော သမဂ္ဂဝင်တိုင်း လုံခြုံမှုမရှိတော့ပါ။ အလုပ်သွား အလုပ်ပြန်တွင် အစုအဝေးဖြင့်သာ သွားကြ ပြန်ကြရသည်။ လမ်းများ၏ အလယ်ကောင်ကသာ သူတို့ လျှောက်ကြသည်။ လမ်းဘေးက လျှောက်လျှင် ပြတင်းပေါက်များ အိမ်ခေါင်မိုးများမှ ကျလာအံ့သော ကျောက်ခဲ အုတ်ခဲများကြောင့် ခေါင်းကွဲသွားတတ်ကြသောကြောင့် ဖြစ်ပါသည်။ အာဏာပိုင်တွေက သူတို့အား လက်နက်ကိုင်ဆောင်ခွင့်ပြုတာ နည်းလမ်းအမျိုးမျိုးဖြင့် အကူအညီပေးပါသည်။ သူတို့က ဖမ်းမိသူတွေကို မညှာမတာ အပြစ်ဒဏ်ပေးပါသည်။ နှစ်ရှည်လများ ထောင်ဒဏ်ပေးသည်။ အရေးပေးခံရသော သမဂ္ဂဝင် မဟုတ်လျှင် မည်သူ့ကိုမျှ လက်နက်ကိုင်ဆောင်ခွင့်မပြု။ ဤဥပဒေကို ချိုးဖောက်သူများအား ကြီးလေးစွာ ပြစ်ဒဏ်ချမှတ်ပါသည်။

အမှုက်ဒေါသ ထွက်နေသော အလုပ်သမားတွေက သစ္စာဖောက်များအပေါ် သဲသဲမဲမဲ ဆက်၍ လက်စားချေကြသည်။ ဤသို့အားဖြင့် အလွှာကွဲဇာတ်ကွဲတွေ အလိုအလျောက်တန်းစီလျက်သား ပေါ်ပေါက်လာကြပါတော့သည်။

သစ္စာဖောက် အလုပ်သမားတို့၏ သားသမီးတွေကို သစ္စာဖောက်ခံရသူ အလုပ်သမားတို့၏ သားသမီးတွေက ညှဉ်းဆဲကလူ ပြုကြသည့်အတွက် ထိုသားသမီးတွေမှာလည်း လမ်းမပေါ်တွင်ပင် ထွက်ကစားရန်၊ ကျောင်းတက်ရန် မဖြစ်နိုင်တော့သည့်အခြေသို့ ရောက်လာပါသည်။ သစ္စာဖောက် အလုပ်သမားတို့၏ ဇနီးမယားတွေကိုလည်း ဝိုင်းကြဉ်ကြ၊ ရှောင်ဖယ်ကြသည်။ လမ်းထောင့်ကုန်စုံဆိုင်များကပင် သူတို့ကို စျေးမရောင်းဘဲ သပိတ်မှောက်ကြသည်။





ဤသို့အားဖြင့် နေရာတိုင်းတွင် မောင်းထုတ်ခြင်းခံနေရသော သစ္စာဖောက်များ၊ သူတို့မိသားစုများမှာ သူတို့အမျိုးတူများကို ခင်မင်တွယ်တာသူများ ဖြစ်လာကြသည်။ သစ္စာဖောက်ခံရသော ပစ္စည်းမဲ့ လူတန်းစားများအကြားတွင် နေထိုင်ရန် မဖြစ်နိုင်တော့သည့်အလျောက် သူတို့ချည်းသာ စုဝေးနေထိုင်ကြရာ အရပ်ဒေသသစ်များသို့ ရွှေ့ပြောင်းကြသည်။

ဤနည်းလမ်းအရ သူတို့ကို လူနည်းစု လူတန်းစားက အရေးပေးသောကြသည်။ ခေတ်မီသန့်ရှင်းသော နေအိမ်များကို သူတို့အတွက် တည်ဆောက်ပေးသည်။ ကျယ်ဝန်းသပ်ရပ်သော ဝင်းခြံများ ဝန်းရံထားပြီး ကစားကွင်းများ ဥယျာဉ်များဖြင့် အကန့်လိုက် ခြားပေးထားသည်။ သူတို့၏ ကလေးများအတွက် ကျောင်းတွေ အထူးဆောက်ပေးသည်။ အဆိုပါ ကျောင်းများတွင် ကိုယ်လက်ကြံ့ခိုင်ရေးနှင့် အသုံးချ သိပ္ပံပညာရပ်များကို အထူး ပြုပြင်သင်ကြားပေးသည်။ သို့ဖြစ်ကြောင့်လည်း မလွဲမရှောင်သာ လူတန်းစားအလွှာတွေ ပေါ်ထွန်းလာသည်။ အရေးပေးခံရသော သမဂ္ဂဝင်များမှာ အလုပ်သမား မဟာမျိုး မဟာနွယ်တွေ ဖြစ်လာကြပါသည်။ သူတို့ကား အခြားသော အလုပ်သမားများနှင့် တသီးတခြားစီ ဖြစ်သွားကြသည်။ သူတို့အတွက် စားဝတ်နေရေး ပိုကောင်းလာသည်။ ပို၍ ကောင်းစွာ ပြုမူဆက်ဆံခြင်း ခံရသည်။ သူတို့ကား လက်စားချေမှုဖြင့် စုပေါင်းသွယ်ကြပါတော့သည်။

တစ်ချိန်တည်းမှာပင် ကျန်ရှိသော အလုပ်သမား လူတန်းစားမှာမူ ပို၍ ကြမ်းထန်စွာ ပြုမူဆက်ဆံခြင်း ခံလာရသည်။ သူတို့၏ လုပ်ခနှင့် လူနေမှု အဆင့်အတန်းတွေ နိမ့်ဆင်းသွားခိုက် သူတို့၏ နည်းပါးလှစွာသော အခွင့်အရေးတွေလည်း ဆုံးရှုံးရပါတော့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် အများပြည်သူတို့နှင့် သက်ဆိုင်သော ကျောင်းတွေလည်း ယိုယွင်းလာခဲ့ပြီး ပညာရေးစနစ်မှာ မသင်မနေရ စနစ်အဖြစ်မှ ရုပ်ဖျက်သွားရပါသည်။ စာရေး စာဖတ်မတတ်ကြသော ကလေးသူငယ်ဦးရေ တိုးလာသည်မှာ အဆိုးဆုံးပင် ဖြစ်ပါသည်။

ကမ္ဘာ့စျေးကွက်ကို အမေရိကန်ပြည်ထောင်စုက သိမ်းပိုက်လိုက်ခြင်းကြောင့် ကျန်ရှိသည့် ကမ္ဘာတစ်ခုလုံးကို အနှောင့်အယှက် ဖြစ်စေခဲ့သည်။ နေရာတိုင်းတွင် အစိုးရ အဖွဲ့အစည်းများ၊ ဌာနများ ဖရိုဖရဲဖြစ်ကြ၊ အသွင်ပြောင်းကြရသည်။ ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ ဩစတြေလျနှင့် နယူးဇီလန်တို့သ



www.burmeseclassic.com

www.burmeseclassic.com



သမဝါယမ မနေသဟာယ နိုင်ငံများအဖြစ် ဖွဲ့စည်းကြသည်။ ဗြိတိသျှ အင်ပိုင်ယာမှာ တစ်စစီ ပြိုကွဲနေပါသည်။ အင်္ဂလန်ပြည်မှာ လက်မလည်ရအောင် ဖြစ်နေသည်။ အိန္ဒိယတွင် တော်လှန်ပုန်ကန်မှု ကြီးထွားနေပြီး အာရှတိုက် တစ်ခုလုံးက 'အာရှတိုက်သည် အာရှသားများအတွက်' ဟု ကြွေးကြော်နေကြသည်။

၎င်းတို့နောက်ကွယ်တွင် ဂျပန်ရှိပါသည်။ ဂျပန်သည် အသားဝါ အသားညို လူမျိုးများက လူဖြူများကို ဆန့်ကျင်ကြရန် အားပေးကူညီလျက်ရှိသည်။ တိုက်တစ်တိုက်လုံးကို အင်ပိုင်ယာထူထောင်ရန် အိပ်မက် မက်၏။ ယင်းအိပ်မက်ကို ဂျပန်က အကောင်အထည်ဖော်ရန် ကြိုးပမ်းနေခိုက် သူ့နိုင်ငံမှ ပစ္စည်းမဲ့ လူတန်းစားတို့၏ တော်လှန်ရေးကို နှိပ်ကွပ်ခဲ့ရပါတော့သည်။ ဤသည်မှာ လူတန်းစားအလွှာတို့အကြား၌ ဖြစ်ပွားသော စစ်ပွဲဖြစ်သည်။ ပခုံးထမ်း ကူလီတွေနှင့် ဆာမူရိုင်းတို့၏ စစ်ပွဲဖြစ်ပါသည်။ ပခုံးထမ်းတူလီ ဆိုရှယ်လစ်ထောင်ပေါင်းများစွာ သတ်ဖြတ်ခြင်း ခံရသည်။ တိုကျိုမြို့၏ လမ်းမများပေါ်မှ တိုက်ပွဲနှင့် မိကာဒိုနန်းတော်အား အချည်းအနှီးစီးနင်းတိုက်ခိုက်မှုတို့တွင် လူပေါင်း လေးသောင်း သေကြေကြသည်။ ကိုဘီမြို့မှာ အပျက်အစီးများ ပြည့်လျှမ်းနေသည်။ အဆိုးဆုံးမှာ ခေါင်းထောင်လာသော ဂျပန်လူနည်းစု အစိုးရ ဖြစ်သည်။ ဂျပန်သည် အရှေ့ဘက်ဒေသကို ချုပ်ကိုင်ထားပြီး အိန္ဒိယမှအပ ကမ္ဘာ့ဈေးကွက်မှ အာရှတိုက်၏ အချိုးအစား တစ်ခုလုံးကို လက်ရယူထားပါသည်။

အင်္ဂလန်မှာ ခြေကုန်လက်ပန်းကျလုအံ့ဆဲဆဲ ဖြစ်စေကာမူ သူ့နိုင်ငံမှ ပစ္စည်းမဲ့ လူတန်းစားကို ချေမှုန်းနိုင်လျက် အိန္ဒိယကို ဆက်ချုပ်ကိုင်ထားသည်။ ၎င်း၏ ကိုလိုနီနိုင်ငံကြီးများလည်း ၎င်းထံမှ ခွဲထွက်ကုန်ကြသည်။ သို့မို့ကြောင့်လည်း ဆိုရှယ်လစ်များက ဩစတြေးလျနှင့် နယူးဇီလန်ကို မနေသဟာယများအဖြစ် သိမ်းသွင်းရာ၌ အောင်မြင်ခဲ့ခြင်း ဖြစ်လေသည်။ ယင်းနည်းလမ်းအတိုင်းပင် ကနေဒါကိုလည်း အမိနိုင်ငံမှ စွန့်လွှတ်ခဲ့ရသည်။ သို့ရာတွင် ကနေဒါသည် သံဖနောင့်၏ အကူအညီကို ရယူကာ သူ့နိုင်ငံမှ ဆိုရှယ်လစ်တော်လှန်ရေးကို ဖြိုခွင်းခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် မက်ဆီကိုနှင့် ကျူးဘားတို့၌ တော်လှန်ပုန်ကန်မှုကို နှိမ်နင်းနိုင်ရန် သံဖနောင့်က ကူညီခဲ့သည်။ ပေါ်ထွက်လာသော အဖြေကား ကမ္ဘာသစ်၌ သံဖနောင့် အခြေခိုင်မြဲစွာ ရပ်တည်လာခြင်းပင် ဖြစ်ပါသည်။ ပနားမား တူးမြောင်းမှ အာတိတ် သမုဒ္ဒရာအထိ အခိုင်အမာ နိုင်ငံရေး





အင်အားစုကြီး ဖြစ်လာလေတော့သည်။

အင်္ဂလန်ကား ကိုလိုနီကြီးများကို အဆုံးခံကာ အိန္ဒိယကိုသာ ဆက်သက် ရယူထားနိုင်ခဲ့ပါသည်။ သို့သော် ဤသည်မှာ ယာယီမျှသာဖြစ်ပါသည်။ အိန္ဒိယအတွက် ဂျပန်နှင့် ယာယီမျှသာ ဖြစ်ပါသည်။ အိန္ဒိယအတွက် ဂျပန်နှင့် ဗျူန်ရှိသော အာရှတိုက်တို့၏ တိုက်ပွဲမှာ အချိန် နှောင့်နှေးသွားခဲ့သည်။ အင်္ဂလန် အဖို့ရာ၌ အိန္ဒိယကို လက်လွှတ်ရတော့မည်မှာ သေချာလှပါသည်။ ယင်းအဖြစ်အပျက်နောက်ကွယ်တွင် ညီညွတ်သော အာရှနှင့် ကမ္ဘာအကြား တိုက်ပွဲ အရိပ်အယောင် သမ်းနေပါသည်။

ကမ္ဘာတစ်ဝန်းလုံး ယင်းသို့လျှင် ပဋိပက္ခများ ပြွမ်းတီးနေချိန်၌ ကျွန်မတို့၏ အမေရိကန်ပြည်ထောင်စုမှာလည်း အေးဆေးတည်ငြိမ်သည် မရှိပါ။ အမင်္ဂကြီးများ ဘက်ပြောင်းသွားခြင်းက ကျွန်မတို့၏ ပစ္စည်းမဲ့ တော်လှန်ပုန်ကန်မှုကို ဟန့်တားခဲ့သော်လည်း အကြမ်းဖက်မှုများမှာမူ နေရာတိုင်းတွင် ပေါ်ပေါက်လျက် ရှိပါသည်။

အလုပ်သမားတွေ မငြိမ်မသက် ဖြစ်မှုများ၊ လယ်သမားများနှင့် ကျန်ရှိသော လူလတ်တန်းစားတို့၏ မကျေနပ်မှုများအပြင် ဘာသာရေးအရ ကွဲလွဲမှုတွေလည်း ပေါ်ပေါက်လာပါသည်။

"အားလုံး ရှုပ်ထွေးကုန်ပြီ။ အဲဒီ ကွဲလွဲချက် အမျိုးမျိုးအားလုံးကို သွေးစည်းညီညွတ်ဖို့ ကိုယ်တို့ ဘယ်လို မျှော်လင့်နိုင်ပါ့မလဲ" ဟု အားနက်တကြိတ်မနိုင် ခဲမရ ပြောပါသည်။

ဘာသာအယူ ကွဲပြားမှုများ ကြီးထွားလာပါသည်။ ဤသည်မှာ နောက်ဆုံးနေ့ဟု ပြောသူက ပြောကြသည်။ လူမျိုးတွေ ကွဲပြားကုန်အောင် ဘာဝရဘုရားသခင်က ဖန်တီးပြီဟု ဆိုသူက ဆိုကြသည်။ လူထောင်ပေါင်းများစွာတို့မှာ အလုပ် မလုပ်ကြတော့ဘဲ တောင်များပေါ်သို့ ပြေးလွှားခိုလှုံကာ ဘုရားသခင်၏ အကယ်အမကို ငံ့လင့်ကြသည်။ သူတို့ မျှော်လင့်သလို မဖြစ်ပါ။ ငတ်၍ သေကြရသည်။ လယ်ယာများတွင် ရိက္ခာတွေ ဝင်လုကြသည်။ ကျေးလက်ဒေသများ၌ မင်းမဲ့စရိုက် လွှမ်းမိုးနေပါသည်။ သို့မို့ကြောင့်လည်း လက်မဲ့ ဖြစ်သွားကြရသော ဆင်းရဲသည့် လယ်သမားများ၏ ဒုက္ခမှာ ပိုလို့ပင် ကြီးထွားလာပါတော့သည်။

ဤတွင် ကြောက်ဖွယ်လိလိ မားမားရပ်လာသူကား လူနည်းစု အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်ပါသည်။ အပျက်အစီးများနှင့် ရှုပ်ထွေးမှုများအကြားမှပင် ယင်း၏ အခြေခံနှင့် အဆောက်အအုံကို တည်ဆောက်ပါတော့သည်။

ကျွန်မတို့၏ ပဲလ်လမ်းက နေအိမ်တန်းလျားတွင် ကယ်လ်ဗင်က "ကျုပ်တို့ လယ်သမားပါတီ အနိုင်ရခဲ့တဲ့ ပြည်နယ်တွေကို ကြည့်စမ်း။ ခင်ဗျား တို့ ဆိုရှယ်လစ်တွေရဲ့ ထောက်ခံမှုနဲ့ ကျုပ်တို့ အာဏာရလာရင် နောက်ထ အောင်ပွဲတေးတစ်ပုဒ် သူတို့ ဆိုနိုင်အောင် ကျုပ်တို့ လုပ်ပေးမယ်"

"အကွဲကွဲအပြားပြားနဲ့ ဆင်းရဲမွဲတေနေကြရသူ သန်းပေါင်းများစွာ ကျုပ်တို့လူတွေပါ။ လယ်သမား ပါတီဝင်တွေ၊ လယ်သမားတွေ၊ လူလတ်တန်း နဲ့ အလုပ်သမားတွေ ကျုပ်တို့ဘက် ဝင်လာကြပြီ။ အရင်းရှင်စနစ်ဟာ အစိတ် အမြွာမြွာကို ပြိုကွဲရမယ်။ နောက်လမှာ ကွန်ဂရက်လွှတ်တော်ကို ကျုပ်တို့ ငါးဆယ် လွှတ်မယ်။ နောက် နှစ်နှစ်အတွင်း သမ္မတ ရာထူးကနေ အော အနိမ့်ဆုံးရာထူးအထိ ကျုပ်တို့လူတွေချည်း ဖြစ်ရမယ်" ဟု ဆိုရှယ်လစ်တွေ ပြောကြသည်။

သူတို့အားလုံးကို အားနက်က ခေါင်းတယမ်းယမ်းခါလျက်. . .

"ခင်ဗျားတို့မှာ ရိုင်ဖယ်ဘယ်နှစ်လက် ရှိသလဲ။ ခဲမျှားများစွာ ဘယ်က ရနိုင်မယ်ဆိုတာ ခင်ဗျားတို့ သိသလား။ ယမ်းမှုန့်လုပ်တဲ့အခါကျရင် ဓာတုဗေဒ ဆေးရည်က စက်ယန္တရားဆေးရည်ထက် ပိုကောင်းတယ်။ ကျွန် စကားကို မြဲမြဲမှတ်ထားကြပါ"

❖ ❖ ❖

## အခန်း [ ၁၆ ]

### နိဂုံး

အားနက်နှင့်ကျွန်မတို့ ဝါရှင်တန်သို့သွားရန် အချိန်ကျရောက်လာ သောအခါ ဖေဖေက ကျွန်မတို့နှင့်အတူ မလိုက်ပါ။ ဖေဖေက ဓနရှည်းမဲ့ သူတန်းစားဘဝကို တပ်မက်နေခဲ့ပါပြီ။

သူက ကျွန်မတို့၏ လူဆင်းရဲရပ်ကွက်ကို မနုဿဗေဒဓာတ်ခွဲခန်းကြီး တစ်ခုသဖွယ် ကြည့်မြင်ကာ မဆုံးနိုင်သော လေ့လာစူးစမ်းမှုများ ပြုလုပ်နေခဲ့ပါ သည်။ သူသည် အလုပ်သမားတွေနှင့် တရင်းတနှီးနေကာ အိမ်များနှင့် ရင်းနှီး နေပြီဖြစ်ပါသည်။ ဖေဖေက ရရာအလုပ်လုပ်ရင်း ဤအလုပ်ကို ကစားစရာ သဖွယ်၊ ဆည်းပူးလေ့လာစရာသဖွယ် သဘောထားသည်။ ပြန်လာလျှင် မှတ်စု တွေ တသီတတန်းကြီးထုတ်ကာ သူ တွေ့ခဲ့ရသော စွန့်စားခန်း အသစ်များ အကြောင်းကို စကားဖောင်လောက်အောင် ပြောပါသည်။ သူကား အလွန်ပျော်မွေ့ ပျော်မြင့်မတ်သည့် သိပ္ပံပညာရှင်တစ်ဦးပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



အားနက်၏ ဘာသာပြန်ခများဖြင့် ကျွန်မတို့ သုံးယောက် စား နေရေးအတွက် လုံလောက်သဖြင့် ဖေဖေတစ်ဦးတည်း အလုပ်လုပ်ရန်မ သို့ရာတွင် ဖေဖေသည် သူလုပ်ကိုင်နေသည့် အလုပ်များအား ရုပ်ပြောင်း လုပ်ရသော အလုပ်များဟု ယူဆကာ စိုက်လိုက်မတ်တတ် ဆက်လုပ်ပါသ လမ်းတကာလမ်းတွင် သူ လိုက်လံရောင်းချလေ့ရှိသော ဇာထိုးထည် အတွင်းခံဘောင်းဘီများ တစ်ပွေ့တစ်ပိုက်ဖြင့် ညနေစောင်းတွင် အိမ်သို့ပြ လေ့ရှိပုံ၊ တစ်ခါတစ်ရံ ကျွန်မက လမ်းထောင့် ကုန်စုံဆိုင်တွင် တစ်စုံတစ် သွားရောက်ဝယ်ခြမ်းသည့်အခါ ကျွန်မအား ရပ်စောင့်နေပုံများကို တွ မမေ့နိုင်ပါ။ ထို့နောက်ပိုင်းကာစ၍ လမ်းတစ်ဘက်ရှိ ဆိုင်အရက်ဘား ရက်သတ္တတစ်ပတ် ဖေဖေ အလုပ်သွားလုပ်သောအခါ ကျွန်မ မအုံ့သြတော ဖေဖေကား ညစောင့် လုပ်ခဲ့သည်။ လမ်းပေါ်တွင် အာလူးရောင်းခဲ့သ စည်သွတ်စက်ရုံ၌ ဗူးတွင် စာရွက်ကပ်သော အလုပ် ဝင်လုပ်သည်။ စ အလုပ်ရုံတွင် တောက်တိုမည်ရ ဝင်လုပ်ခဲ့သည်။ ရထားလမ်းဖောက်လုပ် သော အလုပ်သမားများအတွက် ရေသယ်ပေးသူအဖြစ် လုပ်ခဲ့သည် ပန်းကန်ဆေး အလုပ်သမားများ သမဂ္ဂမပြိုကွဲမီက ထိုသမဂ္ဂသို့ပင် ဝင်လို သေးသည်။

အဝတ်အစားဝတ်ဆင်မှုနှင့် စပ်လျဉ်း၍ ဂိုဏ်းချုပ်ကြီး၏ နမူနာ ဖေဖေ့ကို ဖမ်းစားထားသလား ကျွန်မ ထင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်သမားများ ဝတ်လေ့ရှိသော အပေါစားချည်ထည် ရှပ်အင်္ကျီနှင့် အပေါ် အင်္ကျီကို ဝတ်ဆင်တတ်သောကြောင့် ဖြစ်ပါသည်။ ဖေဖေထံတွင် ဘဝဟောင် က အကျင့်တစ်ခုတည်းသာ ကျန်ပါတော့သည်။ ဤသည်မှာ အခြားမဟုတ် ညစာ၊ ညလယ်စာများစားလျှင် ကျကျနန ဝတ်ဆင်၍ စားခြင်းသာ ဖြစ်ပါသည်

ကျွန်မအတွက် အားနက်နှင့်သာဆိုလျှင် မည်သည့်နေရာ၌မ ပျော်ရွှင်ပါသည်။ ကျွန်မတို့၏ ပြောင်းလဲသွားသော ပတ်ဝန်းကျင်၌ ဖေဖေ ပျော်ရွှင်မှုက ကျွန်မ၏ ကိုယ်ပိုင်ပျော်ရွှင်မှုကို ပို၍ ပြည့်စုံစေခဲ့ပါသည်။

ဖေဖေက ပြောပါသည်။

"ဖေဖေဟာ ငယ်ငယ်တုန်းက အတော် ထူးဆန်းတယ်။ အရာဝတ္ထု ဘယ်လိုဖြစ်လာကြ၊ ပျက်လာကြတယ်ဆိုတာကို သိပ်သိချင်တာပဲ။ အဲဒါကြောင့် လဲ ဖေဖေဟာ ရူပဗေဒသမားတစ်ယောက် ဖြစ်လာတာပေါ့။ ကနေ့ ဖေဖေ့ဘ ငယ်ငယ်က ဖေဖေ့ဘဝလိုပဲ ထူးဆန်းနေသေးတယ်။ ထူးဆန်းတဲ့အကြောင်း ကြောင့် ဘဝဆိုတာ အသက်ရှင်နေထိုင်ဖို့ ထိုက်တန်လာတာ သမီးရဲ့"





တစ်ခါတစ်ရံ ဈေးလမ်းမြောက်ဘက်ရှိ ဈေးဆိုင်ကနားများ၊ ရုပ်ရှင်ရုံ နား ရှိရာသို့ ထွက်သွားကာ သတင်းစာ ရောင်းသည်။ တောက်တိုမည်ရ အခိုင်းခံ သည်၊ ရထားလုံး တံခါးဖွင့်ပေးသည်။

တစ်နေ့တွင် ရထားလုံးတစ်စီး၏ တံခါးကိုပိတ်ပေးခိုက် မစ္စတာဝစ်ဆင် နှင့် သွားတိုးမိပါသည်။ ထိုအကြောင်းကို ညနေဘက်တွင် ဖေဖေက ကျွန်မတို့ အား တပျော်တပါး ပြန်ပြောပါသည်။

"သူ့ရထားလုံးကို ဖေဖေက တံခါးပိတ်ပေးတဲ့ခိုက် ဝစ်ဆင်ဟာ ဖေဖေ့ ကို စူးစူးရဲရဲကြည့်နေပြီး "သြော်. . . ကျုပ်တော့ ငရဲကြီးတော့မှာပဲ" လို့ ရေရွတ် တယ်ကွ။ တကယ်ပဲ သူပြောတာက ကျုပ်တော့ ငရဲကြီးတော့မှာပဲတဲ့။ သူ့မျက်နှာ ဟာ နီရဲလာတယ်။ ဖေဖေ့ကို ဆုလေးဘာလေးချဖို့တောင် မေ့လောက်အောင် သူ ဟာထောင်ခတ်သွားတယ်။ ဒါပေမယ့် ချက်ချင်း ပြန်သတိရတယ်နဲ့တူတယ်။ ဆင်းဆယ်လောက်တောင် မရောက်သေးဘူး။ ရထားလုံး ပြန်လှည့်လာပြီး တံခါးပေါက်ကနေ "ဒီမှာ. . . ပါမောက္ခကြီး ဒါတော့ လွန်လွန်းပြီဗျာ။ ကျွန်တော် ပါမောက္ခကြီးအတွက် ဘာလုပ်ပေးရမလဲ" လို့ မေးတယ်။

"ကျုပ်က ခင်ဗျားအတွက် ရထားလုံးတံခါးပိတ်ပေးခဲ့တယ်လေ။ အများ တကာ ထုံးစံအတိုင်း ခင်ဗျား ကျုပ်ကို တစ်မတ်လောက်တော့ ပေးရမှာပေါ့" လို့ ဖေဖေက ပြန်ပြောလိုက်သည်။

"ဒါတွင်ပဲလား။ ကျွန်တော် ဆိုလိုတာက တစ်ခုခု လောက်လောက်- လားလားကို ပြောတာပါတဲ့။ သူက ပြန်ပြောတယ်။ အမှန်ကတော့ သူဟာ တကယ့်ကို လေးလေးနက်နက် ဖြစ်လာပုံပါပဲ။ အသိတရားက နာကျည်းအောင် ထိုးဆွလိုက်သလား ဘာလား တစ်ခုခုပဲ။ ဒါနဲ့ ဖေဖေကလည်း ခေတ္တခဏတော့ လေးလေးနက်နက် စကားပြောဦးမှပဲလို့ စဉ်းစားမိတယ်။

"ဖေဖေက အဖြေပေးခါနီးမှာ သူ့မျက်နှာဟာ မျှော်လင့်နေတဲ့ပုံပဲ၊ ဒါပေမယ့် ဖေဖေ့စကားကို ဆုံးအောင် ပြောလိုက်ပြီးတဲ့နောက် ဘယ်လိုဖြစ်သွား တယ်ဆိုတာ သမီး မြင်စေချင်တယ်။ 'ကျုပ်အိမ်နဲ့ ဆီယာရာစက်ရုံက ကျွန် အစုရှယ်ယာတွေ ခင်ဗျား ပြန်ပေးရမယ်လို့ ဖေဖေက ပြောလိုက်တယ်"

ဖေဖေက စကားကို ခေတ္တရပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာပြောသလဲ" ဟု ကျွန်မက အလောတကြီး မေးခွန်းထုတ်ပါသည်။

"သူ ဘာပြောနိုင်မလဲ။ ဘာမှကို သူ မပြောဘူး။ ဒါနဲ့ ဖေဖေက ခင်ဗျား ပျော်နေမယ်လို့ ကျုပ် ထင်ပါတယ် လို့ ပြောလိုက်တော့ ဖေဖေ့ကို သူ တအံ့တဩ ကြည့်နေတယ်။ ခင်ဗျား ပျော်သလား၊ ကျုပ်ကို ပြောစမ်းပါ လို့ ဖေဖေက ထပ်ပြောလိုက်တယ်။

"သူက ရထားလုံး မောင်းသမားကို ဆက်မောင်းဖို့ အမိန့်ပေးလိုက်ပြီး ကြောက်လန့်စရာတွေ ဘိုန်ုတွယ်သွားတော့တာပဲ။ အိမ်နဲ့ အစုရှယ်ယာ ဝေးလို့ ငွေ တစ်မတ်တောင် ပေးမသွားတော့ဘူး။ ကဲ. . မင်းဖေဖေရဲ့ ခြေသလုံး အိမ်တိုင် အလုပ်ဟာ စိတ်ပျက်စရာတွေ ဝိုင်းရံနေတာ သမီး တွေ့ပြီလား"

ဤသို့ဖြင့် ကျွန်မနှင့် အားနက်တို့ ဝါရှင်တန်သို့ ထွက်ခွာလာချိန်တွင် ပဲလ်လမ်းရှိ ကျွန်မတို့ တန်းလျား၌ ဖေဖေ တစ်ယောက် ဤနည်းအတိုင်း ကျန်နေရစ်ခဲ့ခြင်း ဖြစ်ပါသည်။ နိဂုံးချုပ် အပြီးသတ်ရတော့မည့်နေ့မှာ ကျွန်မ အိပ်မက်မက်ခဲ့သည်ထက် ပို၍ နီးလာပါသည်။ သို့ရာတွင် ကျွန်မတို့ မျှော်လင့်ချက်နှင့် ဆန့်ကျင်စွာ ဆိုရှယ်လစ် ကွန်ဂရက်အမတ်များအား ကွန်ဂရက် လွှတ်တော်အတွင်း နေရာမယူနိုင်အောင် ဟန့်တားနှောင့်ယှက်မှုများ မရှိခဲ့ပါ။ အရာရာတိုင်း အေးဆေး ချောမွေ့လွန်းပါသည်။ အလွန် အေးဆေးချောမွေ့မှုတို့ နိမိတ်ဆိုးတစ်ခုအဖြစ် မြင်တတ်သော အားနက်အား ကျွန်မကပင် ရယ်မောလှောင်ပြောင်မိပါသေးသည်။

ကျွန်မတို့၏ ဆိုရှယ်လစ် ရဲဘော်များမှာ ယုံကြည်မှု ရှိကြသည်။ သူတို့ စွမ်းပကားနှင့် သူတို့လုပ်ဆောင်နိုင်မည့် အရာများအပေါ် အကောင်းမြင်ကြသည်။ ကွန်ဂရက်သို့ ရွေးကောက်ခြင်း ခံရကြရသော လယ်သမားပါတီဝင် အချို့ကြောင့် ကျွန်မတို့ အင်အား တိုးပွားလာသည်။ ညီညွတ်သော အင်အားစုများက ကျယ်ပြန့်သည့် ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲကြသည်။

ဤကိစ္စအားလုံးတွင် အားနက်က သစ္စာရှိစွာ အားသွန်ခွန်စိုက် ပါဝင်လုပ်ဆောင်ပါသည်။ တစ်ခါတစ်ရံတွင် အလွန် သည်းမခံနိုင်သည့်အခါမျိုးနဲ့ "ယမ်းမှုန့်ကျတော့ ဓာတုဗေဒဆေးရည်က စက်ယန္တရား ဆေးရည်ထက် ပိုကောင်းတယ်။ ခင်ဗျားတို့ ကျုပ်စကားမှတ်ထားကြ" ဟုသာ ပြောလေ့ရှိပါသည်။

ပြီးခဲ့သော ရွေးကောက်ပွဲ၌ အနိုင်ရခဲ့သည့် ပြည်နယ်များမှ လယ်သမား





ပါတီဝင်များ၌ ပထမဦးစွာ ဒုက္ခတွေ့ကြရသည်။ ရွေးကောက်ခြင်းခံရသော လယ်သမားပါတီဝင်များကို ရာထူး လက်ခံခွင့်မပြု၊ ရှုံးသူတွေတလည်း ထွက်မပေး။ ရွေးကောက်ပွဲ၌ မသမာမှုများ ပြုလုပ်ကာ အနိုင်ရလာကြသည်ဟုဆည်း ဖွပ်စွဲကြသည့်အတွက် လယ်သမား ပါတီဝင်တွေ အာဏာမဲ့ ဖြစ်နေကြရသည်။ တရားရုံးများတွင် နောက်ဆုံး ရင်ဆိုင်ကြရသည်။

ဤအချိန်မှာ အန္တရာယ်ပြွမ်းတီးသောအချိန် ဖြစ်ပါသည်။ ထိမ်လည်ခြင်းခံရသော လယ်သမားပါတီဝင်တွေက အကြမ်းဖက်လာသောအခါ သူတို့ အားလုံး အရှုံးဖြင့်သာ ရင်ဆိုင်ရတော့သည်။ ကျွန်မတို့ ဆိုရှယ်လစ်တွေက သူတို့ကို အဘယ်ပုံ ပြန်ဆွဲခေါ် ထားနိုင်ပါမည်နည်း။

အားနက်မှာ မအိပ်မနေ နေ့ရောညပါ အလုပ် လုပ်ပါသည်။ လယ်သမား ပါတီဝင် ခေါင်းဆောင်ပိုင်းက ၎င်းတို့အရေးနိမ့်ပြီကို သိသောအခါ ကျွန်မတို့နှင့် တစ်သားတည်းဖြစ်လာပါသည်။ သို့ရာတွင် အကြောင်း မထူးတော့ပါ။ လူနည်းစု အစိုးရက အကြမ်းဖက်ရေးကို လိုလားသည်။ အကြမ်းဖက်အောင်လည်း နှိုးဆွရန် သူလျှို ဒလန်တွေကို ခိုင်းစေသည်။ သူတို့ကြောင့်လည်း တောင်သူလယ်သမား တော်လှန်ပုန်ကန်မှု ပေါ်လာရခြင်း ဖြစ်ပါတော့သည်။

တော်လှန် ပုန်ကန်မှုမှာ ပြည်နယ် တစ်ဒါဇင်ခန့်သို့ ပျံ့နှံ့ကူးစက်သွားပါသည်။ လက်မဲ့ဖြစ်သွားခဲ့ရသော တောင်သူလယ်သမားတွေက ပြည်နယ် အစိုးရပိုင် ပစ္စည်းတွေကို အတင်းသိမ်းသည်။ ဤသည်မှာ အမေရိကန်ပြည်ထောင်စု အခြေခံ ဥပဒေနှင့် မကိုက်ညီဟု ဆိုကာ သူလျှို ဒလန်များစွာတို့ ဆုံးလျက် နှိမ်နင်းပါတော့သည်။ သူတို့သည် လက်မှုပညာသည်များ၊ တောင်သူလယ်သမားများ၊ လက်စားလိုက် လယ်ကူလီများ ဟန်ဆောင်ကြသည်။

ကာလီဖိုးနီးယားပြည်နယ်၏ မြို့တော် စကာရာမင်တိုတွင် လယ်သမား ပါတီဝင်တွေက အခြေအနေကို ထိန်းနိုင်ခဲ့သည်။ ထောင်ပေါင်းများစွာသော အဖျက်သူလျှို ဒလန်များက လူအုပ်ကြီးများဖွဲ့ကာ မြို့တော်သို့ ချီတက်ကြပြီး အဆောက်အအုံများ၊ စက်ရုံများကို လုယက်မီးရှို့ကြသည်။ တခြားလူတွေတို့လည်း မပါပါအောင် ဆွဲဆောင်ကြသည်။ စိတ်တောက်လောင်စေရန်အတွက် သူဆင်းရဲ ရပ်ကွက်များ၌ အရက်တွေ ဝေငှသည်။ ဤနည်းအားဖြင့် စကာရာမင်တို လမ်းမများပေါ်၌ လည်းကောင်း၊ အိမ်များအတွင်း၌ လည်းကောင်း အသတ်ခံရ သေကြေရသူပေါင်း တစ်သောင်းတစ်ထောင် ရှိပါသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြည်နယ်အစိုးရနေရာတွင် ဗဟိုအစိုးရက ဝင်လာသည်။ ကာလီဖိုးနီးယားတွင် ပွဲပြီးမီးသေ ဖြစ်သွားပါသည်။

ကာလီဖိုးနီးယားမှာကဲ့သို့ပင် အခြားပြည်နယ်များတွင်လည်း အလားတူ ဖြစ်ပါသည်။ လယ်သမားတို့ အာဏာရသော ပြည်နယ်တိုင်းမှာ အကြမ်းဖက်မှု များဖြင့် ပြည့်လျှမ်းနေပြီး သွေးစွန်းခဲ့ပါသည်။ လျှို့ဝှက်သူလျှိုများ၊ ရှပ်နက်တပ် များက အကြမ်းဖက်မှုကို စတင်ကြပြီး ခရိုင်များတွင် လူအုပ်ဖြင့် အကြမ်းဖက်မှု များ ပေါ်ပေါက်လာသည်။ မြို့ကြီးပြကြီးများ၊ မီးလောင်ထားသည့် လယ်ကွင်းများ ကုန်လှောင်ရုံများ၊ ကျေးရွာများနှင့် မီးခိုးတွေက ကောင်းကင်တွင် နေ့ရောညပါ ပြည့်လျှမ်းနေသည်။ ဒိုင်းနမိုက်တွေ ပေါ်လာသည်။ မီးရထားလမ်းများ၊ ဥမင် လိုဏ်ခေါင်းများကို ဖောက်ခွဲပစ်ကြသည်။ မီးရထားတွေကို ဖျက်ဆီးပစ်ကြသည်။

လက်စားချေမှုများမှာ ပြင်းထန်လှပါသည်။ လူတိုင်းလူတိုင်း၏ နှလုံး သားတွင် လက်စားချေမှုနှင့် သွေးသာခိုအောင်းနေကြသည်။ အော်ရီဂွန် ပြည်နယ်တွင် ရထားဖောက်ခွဲမှုများ ဆက်တိုက် ဖြစ်ပွားခဲ့သည့်အတွက် စစ်သား ပေါင်း နှစ်သောင်းရှစ်ထောင် သေကြေခဲ့ပါသည်။

၁၉၀၃ ခုနှစ် ပြည်သူ့စစ်ဥပဒေကိုပြဋ္ဌာန်းလိုက်သည့်အတွက် ပြည်နယ် တစ်ခုမှ အလုပ်သမားတွေက အခြားပြည်နယ်များမှ အလုပ်သမားတွေကို သတ်ဖြတ်ကြရပြန်ပါတော့သည်။ ပြည်သူ့စစ်အချင်းချင်းလည်း တိုက်ခိုက်ကြ သည်။

လယ်သမားများ အရေးနိမ့်သွားပြီးနောက် မရှေးမနှောင်းမှာပင် ကျောက်မီးသွေးတွင်း အလုပ်သမားများ၏ တော်လှန်ပုန်ကန်မှု ပေါ်ပေါက်လာ ပါသည်။ ဤသည်မှာ စနစ်တကျ စည်းရုံးထားသော အလုပ်သမားထုကြီး အားတက်ဖွယ် ကြိုးပမ်းမှု ဖြစ်ပါသည်။ ကျောက်မီးသွေးတွင်း အလုပ်သမား တစ်သန်းအနက် လေးပုံသုံးပုံက သပိတ်မှောက်လိုက်ကြပါသည်။ သို့ရာတွင် မိမိတို့ ကိုယ်ပိုင်အင်အားကို အခွင့်ကောင်းယူနိုင်ဖို့အတွက် သူတို့၏ အနေအထား များ ပြန့်ကျဲကြီး ဖြစ်နေလွန်းလှပါသည်။ သူတို့ကို ရှိရင်းဒေသများ၌ ခွဲခြားထား လိုက်ပြီးနောက် အညှံ့ခံခိုင်းပါတော့သည်။

ထိုအချိန်တွင် ဆိုရှယ်လစ်များ အခြေခံ ခိုင်မာလျက်ရှိသည်။ လယ်သမား ပါတီဝင်များ၊ မီးတောက်မီးလျှံနှင့် သွေးပင်လယ်တွင် ပျောက်ကွယ် ပျက်သုဉ်း နေခိုက်၊ စနစ်တကျ စည်းရုံးထားသော အလုပ်သမားများ ဖရိုဖရဲ ဖြစ်ခိုက်





ဆိုရှယ်လစ်တွေမှာ အေးချမ်းစွာပင် သူတို့အဖွဲ့အစည်းကို ပိုမို တောင့်တင်းအောင် လုပ်ဆောင်ခဲ့ကြပါသည်။ လယ်သမား ပါတီဝင်တွေက ကျွန်မတို့နှင့်အတူ ပူးပေါင်း ကတိခံကြပါသည်။ ကျွန်မတို့က တော်လှန်ပုန်ကန်လျှင် တော်လှန်ရေး အခါခုလုံး ကိုယ့်ကိုယ်ကိုယ် စတေးရာ ရောက်လိမ့်မည်ဟု မှန်ကန်စွာ ထောက်ပြခဲ့ပါသည်။

သံဖနောင့်သည် အစကနဦးတွင် ပစ္စည်းမဲ့ လူတန်းစားတစ်ရပ်လုံးတို့ အဆိုင်ရေးအတွက် သံသယ ရှိနေခဲ့သည့်အလျောက်၊ သူတို့ တွေးထင်ထား သည်ထက် ပို၍ လွယ်ကူစေခြင်းငှာ ကျွန်မတို့ဘက်က တော်လှန်ပုန်ကန်လေ မည်လားဟု မျှော်လင့်ထားခဲ့ပါသည်။ သို့ရာတွင် ကျွန်မတို့အကြား၌ နှီးဆွ သူလျှို တပ်သားများ ရောက်နေသည့်တိုင်အောင် ယင်းပြဿနာကို ကျွန်မတို့ ရှောင်ရှား နိုင်ခဲ့ပါသည်။

အစကနဦးနေ့များတွင် သံဖနောင့်၏ သူလျှိုဒလန်များ၏ လုပ်နည်း လုပ်ဟန်တွေမှာ မသေသပ်လှပါ။ သူတို့အဖို့ သင်ကြားစရာတွေ များစွာရှိနေ ပါသေးသည်။ ယင်းအခိုက်တွင် ကျွန်မတို့၏ တိုက်ခိုက်ရေးအစုများက သူတို့ ကို ပေါင်းသင်သလို ရှင်းပစ်ပါသည်။ သည်မှာ ခါးသီးပြင်းထန်သော သွေး ချောင်းစီးသောလုပ်ငန်း ဖြစ်ပါသည်။ သို့ရာတွင် ကျွန်မတို့အတွက်ကား ကျွန်မတို့၏အသက်၊ ကျွန်မတို့၏ တော်လှန်ရေးအတွက် တိုက်ပွဲဝင်ကြရခြင်း ပင်ဖြစ်ပါသည်။ ကျွန်မတို့ ကိုယ်ပိုင်လက်နက်များဖြင့် ရန်သူကို တိုက်ရ ခြင်းဖြစ်သည်။ ကျွန်မတို့ တရားပါသည်။

ကျွန်မတို့၏ အရဲရင့်ဆုံး တိုက်ရည်ခိုက်ရည် အရှိဆုံး ကိုယ်ကျိုး အစွန့်ဆုံး ရဲဘော်များက တိုက်ခိုက်ရေးအစုများတွင် ပါဝင်ကြသည်။

ဆယ်နှစ်မျှ ကြာမြင့်လာပြီးနောက် တစ်ကြိမ်တွင် အားနက်က တိုက်ခိုက်ရေးအစု အကြီးအကဲများ တင်ပြသော ကိန်းဂဏန်းတွေကို တွက်ချက်တာ တိုက်ခိုက်ရေးအစုဝင်များ ဖြစ်လာကြပြီးသည့် နောက်ပိုင်းတွင် ယောကျ်ား သို့မဟုတ် မိန်းမတစ်ဦး၏ ပျမ်းမျှ သက်တမ်းမှာ ငါးနှစ် ဖြစ်သည်ဟု ကောက်ချက်ချခဲ့ပါသည်။ တိုက်ခိုက်ရေးအစုများတွင် ပါဝင်ကြသော ရဲဘော်အားလုံး မှာ သူရဲကောင်းများသာဖြစ်ကြပြီး ထူးခြားချက်မှာ သူတပါးအား သတ်ဖြတ် ရနေကို ဆန့်ကျင်ကြခြင်းပင် ဖြစ်ပါသည်။ သူတို့၏ ကိုယ်ပိုင်သဘာဝကို ချိုးဖောက်ခဲ့ရသည်မှာ လွတ်လပ်မှုကို မြတ်နိုးကြခြင်းကြောင့်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အရေးတော်အတွက် မည်သည့်အရာကိုမဆို စွန့်လှူခဲ့ကြခြင်း ဖြစ်ပါသည်။

ကျွန်မတို့ ချမှတ်လုပ်ဆောင်ခဲ့သော လုပ်ငန်းတာဝန်မှာ သုံးမျိုးဖြ ပါသည်။ ပထမအားဖြင့် လူနည်းစုအစိုးရ၏ လျှို့ဝှက် သူလျှိုများကို ကျွန်မတို့ အသိုင်းအဝိုင်းမှ ဖယ်ထုတ်ရေး၊ ဒုတိယအားဖြင့် တိုက်ခိုက်ရေးအစုများနှင့် ယ တိုက်ရေးအစုအပြင်ဘက်ရှိ တော်လှန်ရေး လျှို့ဝှက်အဖွဲ့အစည်းများအ စည်းရုံးရေးဖြစ်ပြီး တတိယအားဖြင့် အလုပ်သမားအလွှာများ၊ အထူးသဖြ ကြေးနန်းအမှုထမ်းများ၊အတွင်းရေးမှူးများ၊ စာရေးစာချီများ စသည့် လူနည်း အစိုးရ၏ အကိုင်းအခက်အားလုံးအတွင်းသို့ ကျွန်မတို့ ကိုယ်ပိုင် လျှို့ဝှက် သူ များ ထည့်သွင်းမြှုပ်နှံရေး ဖြစ်ပါသည်။ ဤလုပ်ငန်းမှာ နှေးကွေးသလော အပျက်အစီးလည်း များလှပြီး တစ်ခါတစ်ရံ အကြီးအကျယ် ဆုံးရှုံးမှုများဖြ ရင်ဆိုင်ရပါသည်။

အတည့်အလင်း စစ်ဆင်ရေးတွင် သံဖနောင့်က အနိုင်ရခဲ့သော်လည ကျွန်မတို့မှာ အုံကြွဖွယ်၊ ထိတ်လန့်ဖွယ် မြေအောက် စစ်ဆင်ရေး ရှိနေပြ ဖြစ်ပါသည်။ မမြင်ရပါ၊ မှန်းဆ၍လည်း မရပါ။ မျက်ကန်းချင်း တိုက်ပွဲဖြစ်သည် သို့ရာတွင် ကျွန်မတို့၌ ရည်ရွယ်ချက် ပြည့်ဝသည်။ စည်းစနစ်ရှိသည်။ သံဖနော ၏ အဖွဲ့အစည်းများအတွင်းသို့ ကျွန်မတို့၏ သူလျှိုများ ထည့်သွင်းပေးနေသ သံဖနောင့်၏ သူလျှိုများကလည်း ကျွန်မတို့အကြားတွင် ပျံ့နှံ့နေပါသည် ဤသည်ကား မည်းမှောင်သော စမ်းတဝါးဝါး စစ်ရေးစစ်ရာ ဖြစ်ပါသည်။ ၎င်း နောက်ကွယ်တွင် အသက်ဆုံးရှုံးရခြင်း၊ အကြမ်းဖက်ခြင်း၊ ထိတ်လန့်ဖွယ်မှာ ပြွမ်းတီးခြင်းတို့က ခြိမ်းခြောက်လျက် ရှိပါသည်။

ကျွန်မတို့၏ တစ်အူတုံ့ဆင်းများ၊ ချစ်ရဲဘော်များ တစ်ဦးပြီးတစ်ဦး ပျောက်ကွယ်သွားကြသည်။ သူတို့ကို ယနေ့မြင်နေရသေးသည်။ နောက်တစ်နေ့ တွင် သူတို့ ပျောက်ကွယ်သွားကြသည်။ နောက်တစ်ဖန် ပြန်မတွေ့ရတော့ သူတို့ သေပြီဖြစ်ကြောင်း ကျွန်မတို့ သိပါသည်။

မည်သည့်နေရာတွင်မှ ယုံကြည်မှုမရှိ၊ကိုးစားမှု မရှိ။ ကျွန်မတို့ အနီး တွင် ကျွန်မတို့ကို လုပ်ကြံနေကြသူတွေမှာ သံဖနောင့်၏ သူလျှိုဖြစ်သည်ဟု သာ ကျွန်မတို့ သိပါသည်။ ကျွန်မတို့က သံဖနောင့်၏ အဖွဲ့အစည်းများအတွင်း သို့ သူလျှိုတွေ မြှုပ်နှံမည်။ သံဖနောင့်ကလည်း သူ့ကိုယ်ပိုင် အဖွဲ့အစည်းများ အတွင်း တန်ပြန်သူလျှိုတွေကို တန်ပြန်မြှုပ်နှံခဲ့သည်။ ကျွန်မတို့ အဖွဲ့အစည်းများ





င်လည်း အလားတူပင် ဖြစ်ပါတော့သည်။

ယုံကြည်ကိုးစားမှု ကင်းမဲ့နေသည့်အကြားကပင် ကျွန်မတို့၏ ကြိုးပမ်း အထုတ်ချက်တိုင်းကို ယုံကြည်မှုနှင့် ကိုးစားမှုအပေါ်တွင် မလွဲမရှောင်သာ ခြေခံရပါသည်။ မကြာခဏ ဆိုသလို ကျွန်မတို့ သစ္စာဖောက်ခံရပါသည်။ တွေမှာ အားနည်းကြပါသည်။ အုံ့ဖွယ်မြို့တော်ကြီးများ၌ စောင့်ဆိုင်းနေ တ်ကြသော ငွေကြေးအပျော်အပါးနှင့် အပန်းဖြေစရာများကို သံဖနောင့်က ပေးကမ်းနိုင်ပါသည်။

ကျွန်မတို့မှာ မွန်မြတ်သော ရည်မှန်းချက်တစ်ရပ်အတွက် သစ္စာရှိရ ခြင်းကို ကျေနပ်မှုမှအပ အခြား ဘာမျှ မပေးကမ်းနိုင်ပါ။ ထိုကဲ့သို့ သစ္စာရှိသူ များအတွက် လုပ်ခလစာမှာ အဆုံးမရှိသော ဆင်းရဲဒုက္ခ၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် သေခြင်းသာ ဖြစ်ပါသည်။

လူတွေ အားနည်းသည်ဟု ကျွန်မ ဆိုခဲ့ပါသည်။ သူတို့၏ အားနည်းမှု ကြောင့် ကျွန်မတို့ အခွင့်အာဏာအတွင်းရှိ အခြားသော ဆုလာဘ်တစ်ခုကို မလွဲမသွေ ပြုလုပ်ခဲ့ရပါသည်။ ဤသည်ကား သေခြင်းဆုလာဘ်သာ ဖြစ်ပါသည်။ သစ္စာဖောက်များကို လိုအပ်ချက်ကြောင့် ကျွန်မတို့ အပြစ်ပေးရပါသည်။ ကျွန်မ တို့အတွင်းမှ သစ္စာဖောက်များကို မပျက်မကွက် ပြစ်ဒဏ်ပေးကြရပါတော့သည်။

ကျွန်မတို့ တော်လှန်ရေးကို ကိုးကွယ်ပါသည်။ လွတ်လပ်မှုအတွက် တော်လှန်ရခြင်း ဖြစ်ပါသည်။ ဤအရေးတော်အတွက် ကျား မ အားလုံးတ တို့အသက်ကို စွန့်လှူထားကြပြီး ဖြစ်ပါသည်။

❖ ❖ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ၁၄ |

## ကြက်သွေးရောင်ဝတ်စုံ

လယ်သမားပြည်နယ်များ ပျက်စီးသွားရခြင်းနှင့်အတူ ကွန်ဂရက် လွှတ်တော်အတွင်းမှ လယ်သမား ပါတီဝင်များလည်း ပျောက်ကွယ်သွား တော့သည်။ သူတို့ကို သစ္စာဖောက်မှုဖြင့် ရုံးတင်ကြပြီးနောက် သူတို့နေရာတွင် သံဖနောင့်၏ လူတွေ အစားဝင်လာကြသည်။ ဆိုရှယ်လစ်များမှာ သနားဖွယ် ကောင်းလောက်အောင် လူနည်းစုဖြစ်နေပြီး သူတို့အတွက် ဆုံးခန်းတိုင်မည့် နေ့သို့ တစ်ဧတစ်စနီးကပ်လာပြီဖြစ်ကြောင်း သိနေကြသည်။

ဆုံးခန်းတိုင်ခါနီးအချိန်တွင် အားနက်သည် သဲသဲမဲမဲ တိုက်ပွဲဝင်လျက် ရှိပါသေးသည်။ အလုပ်လက်မဲ့များကို ထောက်ပံ့ရေး ဥပဒေကြမ်းကို ဆွေးနွေး စဉ်က ဖြစ်ပါသည်။ ယခင်နှစ်က ပေါ်ပေါက်ခဲ့သော အခက်အခဲများကြောင့် ပစ္စည်းမဲ့ လူတန်းစားတွေမှာ ငတ်မွတ် ခေါင်းပါးနေကြရပြီး မငြိမ်မသက်ဖြစ်မှု များက သူတို့ကို ပို၍ ဒုက္ခရောက်စေခဲ့ပါသည်။ လူသန်းပေါင်းများစွာတို့ ငတ်မွတ်





ခေါင်းပါးနေကြသည်။ သူတို့အတွက် ဆိုရှယ်လစ်တွေက အလုပ်လက်မဲ့ ဥပဒေကြမ်းကို တင်သွင်းခြင်း ဖြစ်ပါသည်။

အားနက်နှင့် သူ့လူတွေက သူတို့၏ အားထုတ်ချက်မှာ အချည်းနှီးသာ ဖြစ်ကြောင်း သိရှိကြပါသည်။ သို့ရာတွင် မသဲမကွဲ ဇဝေဇဝါ အဖြစ်မျိုးကို သူတို့ ငြီးငွေ့လှပြီ။ ထို့ကြောင့် တစ်ခုခု ဖြစ်စေလိုကြသည်။ သူတို့ ဘာမျှ ရေရေရာရာ မလုပ်နိုင်ကြသေး။ အဘယ်သို့ အဆုံးသတ်မည်ကို သူတို့ သိကြသော်လည်း သခုထက်ပို၍ အဆိုးဆုံး ဖြစ်လာမည်ဟုကား ကြိုတင် မျှော်မှန်းခြင်း မပြုခဲ့ပါ။

ထိုနေ့က ကျွန်မ ဧည့်သည်ခန်းဆောင်တွင် ထိုင်ပါသည်။ တစ်စုံတစ်ခု ကြောက်မက်ဖွယ်ရာ ဖြစ်လာတော့မည်ကို ကျွန်မတို့ အားလုံး သိကြပြီးဖြစ်ပါ သည်။ စင်္ကြံတစ်လျှောက်တွင် အစောင့်အကြပ်တွေ တိုးချထားသည်။

အားနက် စကားပြောနေပါသည်။ အလုပ်လက်မဲ့ဖြစ်နေရမှုများ အကြောင်းကို စိတ်နှလုံး ထိခိုက်ဖွယ်ရာ ဖြစ်လာအောင် ရှင်းပြနေခြင်း ဖြစ်ပါ သည်။ ဒီမိုကရက်များနှင့် ရီပတ်ဘလီကန်များက ဝိုင်းဝန်း လှောင်ပြောင်ကြ သည်။ ဆူဆူညံညံ ဖြစ်လာသည်။ အားနက်က ရုတ်ခြည်း စစ်မျက်နှာ ပြောင်း လိုက်သည်။

“ကျွန်တော် ပြောနေတာတွေဟာ ခင်ဗျားတို့ကို လွှမ်းမိုးနိုင်မှာ မဟုတ် ဘူးဆိုတာ ကျွန်တော်သိပါတယ်။ ခင်ဗျားတို့ကို လွှမ်းမိုးလို့ မရပါဘူး။ ခင်ဗျား တို့ဟာ ကျောရိုးမရှိတဲ့ လူတွေပါ။ ခင်ဗျားတို့က ကိုယ့်ကိုယ်ကိုယ် အမွှန်းတင် ပြီး ရီပတ်ဘလီကန်တွေ၊ ဒီမိုကရက်တွေလို့ ခေါ်နေကြတယ်။ ရီပတ်ဘလီကန် ပါတီ ဆိုတာ မရှိဘူး။ ဒီမိုကရက်တစ်ပါတီ ဆိုတာလဲ မရှိဘူး။ ဒီလွှတ်တော် ထဲမှာ ရီပတ်ဘလီကန် မရှိဘူး၊ ဒီမိုကရက်တွေလည်း မရှိဘူး၊ ခင်ဗျားတို့ဟာ နိုင်ရာ ဖိထောင်းသူများ၊ အဆိုးကို ဆိုးသထက်ဆိုးအောင်လုပ်တဲ့ ခနရှင်စနစ်ရဲ့ သတ္တဝါများသာ ဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ လွတ်လပ်မှုကို ချစ်မြတ်နိုးတဲ့ အကြောင်း စကားလုံးလှလှနဲ့ စကားဖောင်လောက်အောင် ပြောနေကြပေမယ့် အဲဒီအခိုက်မှာပဲ ခင်ဗျားတို့ဟာ သံဖနောင့်ရဲ့ ကြက်သွေးရောင် မင်းမှုထမ်း ဝတ်စုံကို ဆင်မြန်းထားကြသူတွေ ဖြစ်ပါတယ်”

ဤတွင် ‘စည်းကမ်း. . . စည်းကမ်း’ ဟူသော အော်ဟစ်သံများ ထွက်လာသည်။ အသံဗလံတွေ ငြိမ်ကျသွားသည်အထိ သူက တည်ငြိမ်စွာ ရပ်နေပါသည်။ အားလုံးကို သူက လက်ဝှေ့ယမ်းပြပြီးနောက် သူ့ရဲဘော်များ



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လှည့်ကာ . . .

"သားရဲတိရစ္ဆာန်တွေရဲ့ အော်ဟစ်သံကို နားထောင်ကြည့်စမ်းပါ" ဟု ပြောလိုက်သည်။

ထိုအခါတွင် ဆူပူသံများ ပေါ်ထွက်လာပြန်ပါသည်။ လွှတ်တော်ဥက္ကဋ္ဌက ငြိမ်သက်ကြရန် စားပွဲကို ခေါက်ကာ တံခါးပေါက်များဆီသို့ လှမ်းကြည့်သည်။ "ပုန်ကန်မှု လှုံ့ဆော်နေတာ" ဟု အော်သံများ ထွက်လာသည်။ နယူးယောက် အမတ်တစ်ဦးကဆိုလျှင် "မင်းမဲ့ဝါဒီ" ဟု အားနက်ကို လှမ်းအော်သည်။ အားနက်၏ တိုက်ပွဲဝင် အသွေးအသားတွေ လှုပ်ရှားနေကြသည်။ သူ့မျက်နှာမှာ တိုက်ခိုက်နေသော တိရစ္ဆာန် တစ်ကောင်၏ မျက်နှာသဖွယ် ဖြစ်နေသော်လည်း အေးဆေးတည်ငြိမ်လှပါသည်။

အားလုံးသော အသံဗလံများထက် ပို၍ ကြားရသော အသံမာဖြင့် အားနက်က ဆက်ပြောသည်။

"ခင်ဗျားတို့မှတ်ထားကြ။ ကနေ့ ခင်ဗျားတို့က ပစ္စည်းမဲ့တွေအပေါ် ထားတဲ့ ကရုဏာတရားမျိုးကို တစ်နေ့မှာ ခင်ဗျားတို့အပေါ် ဒီပစ္စည်းမဲ့တွေက အလားတူ ကရုဏာတရားထားကြောင်း ပြလိမ့်မယ်"

'ပုန်ကန်အောင် လှုံ့ဆော်နေတယ်' နှင့် 'မင်းမဲ့ ဝါဒီ' ဟူသော အော်သံများ နှစ်ဆတိုးထွက်ပေါ်လာသည်။

အားနက်က ဆက်ပြောပြန်ပါသည်။

"ခင်ဗျားတို့ ဒီဥပဒေကြမ်းကို မဲမပေးဘူးဆိုတာ ကျွန်တော် သိပါတယ်။ မဲမပေးဖို့ဆိုတဲ့ ခင်ဗျားတို့ ဆရာတွေရဲ့ အမိန့်ကို ခင်ဗျားတို့ရပြီးပြီ။ ဒါကြောင့် ခင်ဗျားတို့က ကျွန်တော့်ကို မင်းမဲ့ဝါဒီလို့ ခေါ်ကြတယ်။ ပြည်သူတွေရဲ့ အစိုးရကို ဖျက်ဆီးခဲ့တဲ့ ကြက်သွေးရောင် မင်းမှုထမ်းဝတ်စုံကို လူလယ်ကောင်မှာ အရှက်ကင်းမဲ့စွာ ဖြန့်ဝတ်ပြနေတဲ့ ခင်ဗျားတို့က ကျွန်တော့်ကို မင်းမဲ့ဝါဒီလို့ ခေါ်ကြတယ်။ ငရဲဘုံက မီးတောက်နဲ့ ကန့်ကို ကျွန်တော် မယုံခဲ့ဘူး။ ဒါပေမယ့် ဒီလို ကျွန်တော် မယုံခဲ့တာကို အခုလို အချိန်မျိုးမှာ ဝမ်းနည်းမိတယ်။ အခုတော့ အခုလို အချိန်မျိုးမှာ ကျွန်တော် ယုံပါပြီ။ ခင်ဗျားတို့ ကျူးလွန်ခဲ့တဲ့ ရာဇဝတ်မှုတွေနဲ့ သင့်လျော်မယ့် အပြစ်မျိုးကို ရနိုင်ဖို့ ထိုက်တန်တဲ့ နေရာမရှိတဲ့အတွက် ငရဲဆိုတာ မုချရှိရမယ်။ ခင်ဗျားတို့ရှိနေသမျှ ကာလပတ်လုံး စကြဝဠာမှာ ငရဲဘုံရဲ့မီးတောက်တွေ အစဉ် လိုအပ်နေပါလိမ့်မယ်"





တံခါးပေါက်များတွင် လှုပ်ရှားမှုတွေ ပေါ်လာသည်။ အားနက်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးက လှည့်ကြည့်လိုက်ကြသည်။

"ဥက္ကဋ္ဌကြီးခင်ဗျား . . . ဘာဖြစ်လို့ ဥက္ကဋ္ဌရဲ့ အစောင့်တွေကို ခေါ်ပြီး သူတို့ လုပ်စရာရှိတာ မလုပ်ခိုင်းတာလဲ။ ဥက္ကဋ္ဌကြီးရဲ့ စီမံကိန်းကို သူတို့မြန်မြန် အကောင်အထည်ဖော်နိုင်ပါစေ" ဟု အားနက်က တောင်းဆိုလိုက်ပါသည်။

"တခြားစီမံကိန်းတွေလည်း ရှိသေးတယ်။ ဒါကြောင့် အစောင့်တွေ ရောက်နေတာ" ဟု ပြန်ပြောမိသည်။

"ကျွန်တော်တို့ စီမံကိန်းတွေ ဟုတ်လား . . . ။ ကျွန်တော်တို့ စီမံကိန်းတွေဆိုတာ ကျွန်တော်ထင်တယ်။ လုပ်ကြံသတ်ဖြတ်မှု . . . ။ ဒါမှမဟုတ် . . . ထက်ပိုပြီး ညှာညှာတာတာ . . . "

'လုပ်ကြံ သတ်ဖြတ်မှု' ဟူသော စကားလုံးကြောင့် နောက်ထပ် ဆူပူအော်ဟစ်မှုတွေ ပေါ်ထွက်လာပြန်ပါတော့သည်။ အားနက်ကိုယ်တိုင် သူ ဘာပြောနေသည်ကို မကြားနိုင်ပါ။ သို့ရာတွင် ငြိမ်သက်အံ့သော အချိန်ကို ရပ်လျက် စောင့်ဆိုင်းနေသည်။

ဧည့်ဆောင်ရှိ ကျွန်မ၏ နေရာမှနေ၍ ပေါက်ကွဲမှု တစ်ခုမှအပ အခြား ဘာမျှ မမြင်နိုင်တော့ပါ။ ဤအသံက ကျွန်မ၏နားတွင် ပြည့်လျှံနေသည်။ ခုံများအကြားတွင် ယိမ်းယိုင်နေသော အားနက်နှင့် ပြေးဝင်လာကြသော အစောင့်တွေကို ကျွန်မ မြင်ရသည်။ သူ့ရဲဘော်တွေမှာ အကြမ်းဖက်မှု တစ်ခုခု ဖြစ်နိုင်သည်အထိ အမျက်ဒေါသကြီးစွာဖြင့် မတ်တပ်ထရပ်လိုက်ကြသည်။ သို့ရာတွင် အားနက်က တဖြည်းဖြည်း သူ့ကိုယ်သူထိန်းကာ တိတ်ဆိတ်ကြရန် လက်ပြလိုက်ပါသည်။

"ဒါဟာ လုပ်ကြံမှုတစ်ခုပါ။ ဘာမှမလုပ်ဘဲနေမလား။ ခင်ဗျားတို့ကို ဖျက်ဆီးပစ်တာ ခံကြမလား" ဟု သူ့ရဲဘော်တွေဘက်ကို လှည့်ပြောလိုက်သည်။

ထို့နောက် သူတဖြည်းဖြည်း လဲကျသွားသည်။ အစောင့်တွေ သူ့နား ရောက်လာသည်။ နောက်အချိန်တွင်ကား အစောင့်တွေက ခန်းဆောင်များကို ရှင်းလင်းနေသည်မှအပ အခြား ဘာမျှ ကျွန်မ မမြင်ရတော့။

သူသည် ကျွန်မ၏ ခင်ပွန်းဖြစ်သော်လည်း ကျွန်မကို သူ့အပါးသွားခွင့် မပြုပါ။ ကျွန်မ မည်သူဖြစ်ကြောင်း ကြေညာလိုက်သည့် အခါတွင် ကျွန်မကို ချုပ်ချယ် ဖမ်းဆီးလိုက်ကြပါတော့သည်။ တစ်ချိန်တည်းမှာပင် အရှောင်နှုန်းများ



www.burmeseclassic.com

www.burmeseclassic.com



ရောဂါကြောင့် ဟိုတယ်တွင် လဲနေသော ဆင်မဆင်အပါအဝင် ဝါရှင်တန်ရှိ ဆိုရှယ်လစ်ကွန်ဂရက်အမတ် အားလုံးကို ဖမ်းဆီးလိုက်ကြပါသည်။

အမှုစစ်သည်မှာ မြန်ဆန်လှပါသည်။ အံ့ဖွယ်ကောင်းလှသည်မှာ အားနက်ကို ကွပ်မျက်မှုမပြုခြင်းပင် ဖြစ်ပါသည်။ ဤသည်မှာ လူနည်းစု အစိုးရ အဖို့ တန်ဖိုးကြီးမားလှသော မဟာအမှားတစ်ရပ်ဖြစ်ပါသည်။ သို့ရာတွင် ထိုစဉ်အခါက လူနည်းစုအစိုးရမှာ အလွန်အမင်း သူ့ကိုယ်သူ ယုံကြည်လျက် ရှိသည်။ အောင်မြင်မှုများဖြင့် ယစ်မူးနေပါသည်။ ၎င်းတို့အတွင်းရှိ လက်တစ်ဆုပ်စာ သူရဲကောင်းတစ်စုက သူတို့၏ အခြေခံအုတ်မြစ်ကို ကိုင်လှုပ်နိုင်မည်ဟု စိုးစဉ်းမျှ အိပ်မက်မမက်။

မနက်ဖြန်တွင် တော်လှန်ရေးကြီး ပေါ်ပေါက်လာပြီး ယင်းအောင်သံများဖြင့် ကမ္ဘာကို ဂယက်ရိုက်ခတ်လာချိန်၌ကား ဤသူရဲကောင်းအစုကလေး၏ အင်အား အဘယ်မျှကြီးမားသည်ကို လူနည်းစု အစိုးရက နောင်တကြီးစွာဖြင့် သဘောပေါက်နားလည်ပေလိမ့်မည်။

ကျွန်မကိုယ်တိုင်ကလည်း တော်လှန်ရေးသမားတစ်ဦးအဖြစ် တော်လှန်ရေးသမားတို့၏ မျှော်လင့်ချက်များ၊ စိုးရိမ်မှုများနှင့် လျှို့ဝှက်စီမံကိန်းများကို သိရှိသော အတွင်းလူတစ်ဦးအဖြစ် မှန်ကန်စွာ အဖြေပေးနိုင်သည်ကား ကွန်ဂရက်လွှတ်တော်အတွင်း ဗုံးဖောက်ခွဲခဲ့သည့် ပြစ်မှုကို သူတို့ ကျူးလွန်ခဲ့ကြောင်းပင် ဖြစ်ပါသည်။ ယင်းကိစ္စတွင် ကွန်ဂရက်လွှတ်တော် အတွင်းအပြင်ရှိ ဆိုရှယ်လစ်တို့၏ လက်ရာ တစ်ခုတလေမျှ မပါကြောင်း ကျွန်မ သံသယ ကင်းရှင်းစွာ ရိုးရိုးကလေးပင် ပြောနိုင်ပါသည်။ ဗုံးကို မည်သူပစ်သည်ဟု ကျွန်မတို့ မသိပါ။ သို့ရာတွင် ကျွန်မတို့မပစ်ကြောင်းကိုကား အကြွင်းမဲ့ သေချာစွာ ပြောနိုင်ပါသည်။

အခြားတစ်ဘက်တွင် ဤအပြုအမူအတွက် သံဖနောင့်၌ တာဝန်ရှိကြောင်း သာဓကေ ရှိနေပါသည်။ ဤသည်ကိုလည်း ကျွန်မတို့ သက်သေပြနိုင်သည်မှာ မှန်ပါသည်။ ကျွန်မတို့၏ ကောက်ချက်မှာ ယူဆမှုအပေါ်တွင် အခြေခံပါသည်။

သို့ရာတွင် ကျွန်မတို့ သိရှိသည့် ယင်းသို့သော အချက်အလက်များ ရှိပါသည်။ အစိုးရ၏ လျှို့ဝှက်သူလျှိုတွေက လွှတ်တော် ဥက္ကဋ္ဌထံသို့ ဆိုရှယ်လစ် ကွန်ဂရက်အမတ်များသည် အကြမ်းဖက် နည်းပရိယာယ်ကို အသုံးပြု





ကြမည်ဟု အစီရင်ခံထားခဲ့သည်။ ၎င်းတို့က ယင်းနည်းပရိယာယ်ကို အသုံးပြုမည့် နေ့အား ၎င်းတို့ ရွေးချယ် ဆုံးဖြတ်ခဲ့ပါသည်။ ထိုနေ့ကား အဆိုပါ ပေါက်ကွဲမှု ဖြစ်သည့် နေ့ပင်တည်း။

ထို့ကြောင့်လည်း ကက်ပီတိုအဆောက်အအုံကြီးတစ်ဝိုက် အစောင့်တွေ ကြိုတင်ပြည့်ကျပ်နေခြင်း ဖြစ်ပါသည်။ ဗုံးကိစ္စကို ကျွန်မတို့ ဘာမျှမသိခြင်း၊ အမှန်တကယ်လည်း ဗုံးပေါက်ကွဲခဲ့ခြင်းနှင့် ယင်းပေါက်ကွဲမှုအတွက် အာဏာပိုင်တွေက ကြိုတင် ပြင်ဆင်ခဲ့ရခြင်းစသော အကြောင်းများကြောင့် သံဖနောင့် အလျှင် သိသည်ဟု မျှတစွာ ကောက်ချက်ဆွဲနိုင်ပါသည်။ ထိုမျှသာမက အကြမ်းပတမ်းဖြစ်ပွားမှုအတွက် သံဖနောင့်တွင် တာဝန်ရှိသည်။ ကျွန်မတို့ အပေါ် အပြစ်ပုံချရန်နှင့် ကျွန်မတို့ပျက်စီးစေရန်အတွက် ယင်းအကြမ်းပတမ်း ဖြစ်မှုကို သံဖနောင့်က စီစဉ်ခဲ့၊ ဆောင်ရွက်ခဲ့သည်ဟု ကျွန်မတို့ စွပ်စွဲပါသည်။

လွှတ်တော် ဥက္ကဋ္ဌထံမှ ကြွက်သွေးရောင် မင်းမှုထမ်းဝတ်စုံ ဝတ်ထားကြသည့် လွှတ်တော်အတွင်းရှိ သတ္တဝါအားလုံးထံ ကြိုတင်သတိပေးထားပြီး ဖြစ်ပါသည်။ အားနက် စကားပြောနေစဉ် အကြမ်းပတမ်း တခုခုဖြစ်တော့မည်ဟု သူတို့သိရှိကြပြီး ဖြစ်ပါသည်။ သို့အတွက် တရားမျှတစေရန် အလို့ငှာ ဤအပြုအမူကို ဆိုရှယ်လစ်တွေက ကျူးလွန်ခြင်းဖြစ်သည်ဟု သူတို့ ရိုးသားစွာ ယုံကြည်ခဲ့ကြပါသည်။ အမှုစစ်ဆေးစဉ်ကာလအတွင်း အားနက်က ဗုံးကို ဖောက်ခွဲရန် ပြင်ဆင်နေပုံ၊ အချိန်မတိုင်မီ ပေါက်ကွဲသွားပုံများကို ပို၍ ရိုးသားစွာဖြင့် သက်သေခံထွက်ဆိုကြပါသည်။ အမှန် သူတို့ ဘာမျှ မမြင်ဝါ။ သူတို့ တွေးထင်ကြခြင်းဖြစ်ပါသည်။

အားနက်က တရားခွင်တွင် . . .

"ကျွန်တော်က ဗုံးပစ်တယ်ဆိုရင် ဒီမဖြစ်စလောက်ကလေးကိုမှ ရွေးပြီး ပစ်ရမယ်ဆိုတာ ယုတ္တိရှိရဲ့လား။ ဒီဗုံးမှာ လုံလောက်တဲ့ယမ်းမှုန့်မရှိဘူး။ မီးခိုးပဲ အများကြီးထွက်တယ်။ ကျွန်တော်မှတပါး အခြားဘယ်သူ့ကိုမှ ထိခိုက်ခြင်းမရှိဘူး။ ကျွန်တော့်ခြေထောက်အောက်တည့်တည့်မှာ ဒီဗုံးပေါက်ကွဲလာတယ်။ ဒါနဲ့တောင် ကျွန်တော်မသေဘူး။ ကျွန်တော်ကသာ ဗုံးကို ဖောက်ခွဲရမယ်ဆိုရင် ပျက်စီးကုန်အောင် လုပ်ပစ်မယ်ဆိုတာ ယုံပါ"

ယင်း လျှောက်လဲချက်နှင့် စပ်လျဉ်း၍ တရားလိုဘက်က ပြန်လည်ချေပရာတွင် ဗုံး၏အားနည်းချက်မှာ ဆိုရှယ်လစ်များဘက်မှ အမှားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်မတိုင်မီ ပေါက်ကွဲခဲ့သည်မှာ အားနက်သတိချွတ်ယွင်းခြင်းကြော ဖြစ်သည် စသည်တို့ ဖြစ်ပါသည်။ ထိုစွဲချက်ကို ခိုင်လုံစေရန်အတွက် ကွန် လွှတ်တော်အမတ် အချို့ကလည်း အားနက် ဝေခွဲမရဖြစ်ပုံ၊ ဗုံးပစ်ချပုံမှ တွေ့မြင်ကြောင်း ထွက်ဆိုကြသည်။

ကျွန်မတို့အတွက်မူ ဤဗုံးကို မည်သူပစ်ချကြောင်း တစ်ဦးတလေ မသိပါ။ အားနက်ကိုယ်တိုင်က သူ့ရှေ့တွင် ဗုံးစ တစ်စ လာကျပြီး သူ့ခြေထော ကို ထိမှန်ကြောင်းဖြင့် ကျွန်မကို ပြောပြပါသည်။ ဤအတိုင်းလည်း အစ သည်။ သို့ရာတွင် မည်သူကမျှ မယုံပါ။

အမှန်တရားဟူသည် ဖုံးကွယ်၍မရဟူသော ဆိုရိုးစကားတစ်ရပ် သည်။ ဤဆိုရိုးစကားအပေါ် ကျွန်မသံသယ ဖြစ်လာပါသည်။ ဆယ့်ကိုး လွန်မြောက်ခဲ့သည့်တိုင်အောင် ဤဗုံးဖောက်ခွဲခဲ့သူကို ကျွန်မတို့ ရှာမတွေ့ ခဲ့ပါ။ သူသည် သံဖနောင့်၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်ရမည်မှာ သေချာပါသည် သို့သော် သူ့ကို ခြေရာခံ၍ မရခဲ့ပါ။ သူ့ပုံပန်းသဏ္ဌာန်ကို အနည်းအကျဉ်း ဖြစ်စေ ကျွန်မတို့ မဖော်ထုတ်နိုင်ခဲ့ပါ။ ယခုကဲ့သို့ ကာလရှည်ကြာစွာ ကြာမြင့် လာသောအချိန်၌ကား ဤအရေးကိစ္စသည် သမိုင်း၏ လျှို့ဝှက်မှုများအကြား တွင် ကျန်ရှိနေခဲ့ပါပြီ။

❖ ❖ ❖

# အခန်း | ၁၈ |

## ဆိုနိုမာ၏ အရိပ်

ကျွန်မကိုယ်တိုင်နှင့် စပ်လျဉ်း၍ကား ဤကာလအတွင်း များများ စားစား ပြောစရာမရှိပါ။ မည်သည့် ရာဇဝတ်ပြစ်မှုနှင့်မှ စွဲဆိုခြင်းမရှိစေကာမူ နှစ်ခြောက်လတိုင်တိုင် အကျဉ်းထောင်အတွင်း ကျွန်မ နေခဲ့ရပါသည်။

ကျွန်မကို 'မသက်ာ'ဟု ဆိုကြပါသည်။ တော်လှန်ရေးသမားအားလုံး နောက်များမကြာမီ သိလာကြရတော့မည့် ကြောက်ဖွယ်လိလိ စကားလုံးဖြစ်ပါ သည်။ သို့ရာတွင် ကျွန်မတို့ဘက်ကလည်း လျှို့ဝှက်လုပ်ငန်းများ စတင်ကြပါ သည်။ အကျဉ်းထောင်အတွင်းနေခဲ့ရသော ဒုတိယခြောက်လအကုန်တွင် ကျွန်မတို့အဖွဲ့အစည်းနှင့် ဆက်စပ်မှု ရှိထားသော ထောင်မှူးတစ်ယောက်နှင့် ကျွန်မတွေ့ရပါသည်။ ထို့နောက် ရက်သတ္တပတ် အတန်ကြာသောအခါ မကြာမီ အမှ အသစ်ခန့်လိုက်သော ဂျိုးဇက်ပတ်ဟတ်ဆိုသူ အကျဉ်းထောင်ဆရာဝန် တစ်ဦး ရောက်လာပါသည်။ သူကား ကျွန်မတို့၏ တိုက်ခိုက်ရေး အစုဝင်တစ်ဦး ဖြစ်ပါသည်။

ဤသို့အားဖြင့် လူနည်းစုအစိုးရ၏ အဖွဲ့အစည်းအားလုံးအတွင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့၏ အဖွဲ့အစည်းတွေကလည်း ပင့်ကူအိမ်သဖွယ် ယှက်တွယ်လျ ရှိကြသည်၊ ထို့ကြောင့် အပြင်လောက၌ ဘာတွေဖြစ်နေသည်ကို ကျွန်မ သိ ရလာပါသည်။ ထိုမျှသာမက အကျဉ်းခံခေါင်းဆောင်တိုင်းကလည်း အပြင်တွ သံဖနောင့်၏ ကြက်သွေးရောင်ဝတ်စုံတွေကို ဆုတ်ခွဲချနေသည့် ရဲရင့်သေ ရဲဘော်များနှင့် အဆက်အသွယ် ရနေကြသည်။

မိုင်သုံးထောင်ကွာဝေးသော ပစိဖိတ်ကမ်းခြေ၏ အကျဉ်းထော အတွင်း အားနက်တစ်ယောက် ရှိနေစေကာမူ ကျွန်မနှင့် အဆက်အသွယ် မပြ ပါ၊ ကျွန်မတို့ စာအသွားအလာများ ရှိနေပါသည်။

အကျဉ်းထောင်အတွင်းနှင့် အပြင်ရှိခေါင်းဆောင်များသည် တိုက် ကို ညှိနှိုင်းဆွေးနွေး ကွပ်ကဲနေကြပါသည်။ လအနည်းငယ်အတွင်း အချို ထွက်ပြေးလွတ်မြောက်အောင် လုပ်ပေးနိုင်ကြသော်လည်း အကျဉ်းချထားမှု ဖြင့် ကျွန်မတို့ လုပ်ငန်းကို ဘာမျှတားဆီးပိတ်ပင်ခြင်း မပြုနိုင်သည့်အတွ မည်သည့်အရာကိုမဆို အချိန်မတိုင်မီ မပြုလုပ်ရန် ဆုံးဖြတ်ထားကြပါသည် အကျဉ်းထောင်အတွင်း ကွန်ဂရက်လွှတ်တော်အမတ် ငါးဆယ့်နှစ်ဦးရှိ ကျွန်မတို့ခေါင်းဆောင် သုံးရာလည်း နောက်ထပ် ရှိနေပါသည်။

၎င်းတို့အနက် အချို့အဝက်က ထွက်ပြေးကြလျှင် အခြားကျန်ရှိ များအတွက် ပို၍တင်းကျပ်စွာ ဂရုစိုက်စောင့်ကြပ်လာမည် ဖြစ်ပါသည်။ ထို တစ်နိုင်ငံရှိ အကျဉ်းထောင်များသို့ လှည့်လည်ပြောင်းရွှေ့ထားမှုမျိုးကြော ပစ္စည်းမဲ့များအပေါ်တွင် ထိခိုက်မှုပေါ်ပေါက်နိုင်ပါမည်၊ ကျွန်မတို့၏ ခွန်အား ယုံကြည်မှုကို ပြသရပါတော့မည်။

ထို့ကြောင့် ခြောက်လအကြာတွင် ကျွန်မကို လွှဝ်သောအခါ ကျွန် အား ကိုယ်ရောင်ဖျောက်ပစ်လျက် အားနက်အတွက် စိတ်ချလုံခြုံရသော နေ တစ်နေရာကို အသင့်ပြုလုပ်ထားရန် စီစဉ်ကြပါသည်။ ကိုယ်ရောင်ဖျောက် ဟူသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ၊ ကျွန်မ၏ လွတ်လပ်မှုကို ရ သည်နှင့် တစ်ပြိုင်နက် ကျွန်မနောက်က သံဖနောင့်၏သူလျှိုများ တကောက် ကောက် လိုက်ကြပါတော့သည်။

သူတို့ကို လမ်းလွှဲပြပြီးနောက် ကာလီဖိုးနီးယားသို့ ကျွန်မ အရော သွားပါသည်။ အစီအစဉ်ကလေး အောင်မြင်ပုံမှာ ရယ်ဖွယ်လည်း ကောင်း သည်။





ရုရှအတုယူထားသော နိုင်ငံ့ကူးလက်မှတ် စနစ်မှာ ထွန်း ဖြစ်ပါသည်။ ကျွန်မကိုယ်ပိုင်နာမည်ဖြင့် ခရီးသွား၍မဖြစ်၊ ပစ္စည်းမဲ့တစ်ဦး ခရီးသွား၍လည်း မဖြစ်။ လူနည်းစုအစိုးရ အသိုင်းအဝိုင်းတစ်ဦးအဖြ ဆန်ဆောင်ရန်သာ ရှိပါတော့သည်။ အမိကရ လူနည်းစုအစိုးရ အသိုင်းအဝိုင်း ဦးရေမှာ လက်တစ်ဆုပ်စာမျှသာ ရှိသော်လည်း ဒေါ်လာသန်းအနည်းငယ် ချမ်းသာပြီး အမိကရ လူနည်းစု လူတန်းစားကို သစ္စာတော်ခံနေသော မှ တစ်ဆန်လိုလူမျိုးတွေက များလှပါသည်။ ဤလို လူမျိုးတွေ၏ သားမယားတွေ မှာလည်း အများအစားဖြစ်သည့်အတွက် သူတို့ အယောင်ဆောင်နေလိုက်ရန် ကျွန်မ ဆုံးဖြတ်လိုက်ပါသည်။ နောက်နှစ် အနည်းငယ်အကြာတွင်ကား ဤသို့ မဖြစ်နိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် မည်သည့်နိုင်ငံမှ ယောကျ်ား၊ မိန်းမ ကလေးသူငယ်မဆို သွားချင်ရာသို့ လွတ်လပ်စွာ သွားလာနိုင်လောက်အောင် နိုင်ငံကူးလက်မှတ်စနစ် ကောင်းမွန်နေသောကြောင့် ဖြစ်ပါသည်။

အချိန်တန်သောအခါ ကျွန်မ လမ်းကြောင်းတစ်လျှောက် သူလျှိုတွေ ကို ရှင်းလင်းထားပြီး ဖြစ်ပါသည်။ နောက်တစ်နာရီအကြာတွင် အဗစ်အဲဗား ဟတ်ဟူ၍ မရှိတော့ပါ။ ဖဲလစ်ဖန်ဗာ ဒီဟန်သာ ရှိပါတော့သည်။ အိမ်ဖော် နှစ်ဦးနှင့် ခွေးပုကလေးတစ်ကောင်၊ ထိုခွေးအတွက် အခြား အထိန်းတစ်ဦးတို့ ခြံရံလျက် အထက်တန်းလွှာတို့ စီးနင်းနေကျ ရထားတွဲဖြင့် အနောက်ဘက်ဆီသို့ ခရီးနှင်ခဲ့ကြပါတော့သည်။

ကျွန်မနှင့်အတူ လိုက်ပါလာသော အိမ်ဖော် အမျိုးသမီးသုံးဦးမှာ တော်လှန်ရေးသမားများ ဖြစ်ကြသည်။ နှစ်ဦးမှာ တိုက်ခိုက်ရေး အစုဝင်များ ဖြစ်ကြပြီး တတိယတစ်ဦးမှာ နောက်နှစ်တွင် တိုက်ခိုက်ရေး အစုသို့ ဝင်လာပြီး နောက် ခြောက်လအကြာ၌ သတ်ဖြတ်ခြင်း ခံရသွားသော ဂရေ့စ်ဟိုးလ် ဘရွတ် ဆိုသူအမျိုးသမီးဖြစ်ပါသည်။ သူသည် ခွေးကို ထိန်းသိမ်းရသော အထိန်းအဖြစ် လိုက်လာခဲ့ခြင်း ဖြစ်ပြီး အခြားတစ်ဦးဖြစ်သည့် ဘာသာစတိုးလ်မှာ နောက် ဆယ်နှစ်အကြာတွင် ပျောက်ကွယ်ခဲ့ရပါသည်။ နောက်ထပ် တစ်ဦးဖြစ်သော အင်နာရှိုင်စတန်ကား ယခုအထိ အသက်ရှင်နေသေးလျက် တော်လှန်ရေး ပို၌ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေဆဲပင် ဖြစ်ပါသည်။

စွန့်စားရမှုမရှိဘဲ ကျွန်မတို့ ကာလီဖိုးနီးယားသို့ အမေရိကတိုက် ဆောင်စုကို ဖြတ်သန်းလာခဲ့ကြပါသည်။ အုတ်ကလန်မြို့ ၁၆ လမ်းဘူတာ



www.burmeseclassic.com

www.burmeseclassic.com



၌ ရထားရပ်သောအခါ ကျွန်မတို့ ဆင်းကြသည်။ ဤတွင် ဖဲလစ်ပန်တာဒီဖာ သည် အိမ်ဖော် မိန်းကလေးနှစ်ဦး၊ ခွေးပုကလေးတစ်ကောင်၊ ထိုခွေးအတွက် အထိန်းတစ်ဦးတို့နှင့်အတူ ထာဝစဉ် ပျောက်ကွယ်သွားကြပါတော့သည်။

အိမ်ဖော်များကို ယုံကြည်စိတ်ချရဆုံး ရဲဘော်များက ခေါ်သွားကြပြီး ကျွန်မကို အခြားရဲဘော်တွေက စောင့်ရှောက်ကြပါသည်။ ရထားမှ ဆင်းလာ ပြီးနောက် နာရီဝက်အတွင်း ကျွန်မသည် ဆန်ဖရန်စစ္စကို ပင်လယ်အော် အတွင်းမှ ငါးဖမ်းလှေငယ်တစ်စီးပေါ်သို့ ရောက်ရှိနေပါသည်။ လေပြင်း တိုက်ခတ်နေပါသည်။ ကျွန်မတို့သည် ထိုည တစ်ညလုံးလိုလို ဦးတည်ချက် ကင်းမဲ့စွာ မျောပါနေကြသည်။ သို့ရာတွင် ကျွန်မကမူ အားနက် လဲလျောင်း နေမည့် အယ်လ်ကက်ထရာမှ အလင်းရောင်တွေကို တွေ့နေရသဖြင့် သူနှင့် နီးလာပြီဟု တွေးမိကာ စိတ်ချမ်းသာမိပါသည်။ တံငါသည်များ၏ လှော်ခတ်မှု ဖြင့် အရုဏ်အချိန်တွင် ကျွန်မတို့ မာရင်ကျွန်းစုသို့ ချဉ်းကပ်မိပါသည်။ ထိုနေရာတွင် တစ်နေ့လုံးလုံး ပုန်းအောင်းနေကြပြီး နောက် ည၌ ဒီရေနှင့် လေကို အမှီပြုကာ ဆန်ပါဘလို ပင်လယ်အော်ကို နှစ်နာရီကြာမျှ ဖြတ်ကူးလျက် ပီတာလူမာချောင်းအတိုင်း ဆန်တက်ခဲ့ကြပါသည်။

ဤနေရာတွင် ရဲဘော် တစ်ယောက်နှင့် မြင်းများ အသင့်စောင့်ဆိုင်း နေသဖြင့် အချိန်မဆွဲတော့ဘဲ ကြယ်များ၏ အလင်းရောင်အောက်တွင် ကျွန်မ တို့ ခရီးဆက်ခဲ့ကြပါသည်။ မြောက်ဘက်ဆီတွင် ကျွန်မတို့ ယခု အရောက် သွားနေကြသည့် ဆိုနိုမာတောင်တန်းကြီးက ဆီးမိုးလျက် ရှိသည်ကို ကျွန်မ မြင်နေရပါသည်။

ဆိုနိုမာ မြို့ဟောင်းကို လွန်သောအခါ လက်ယာဘက်သို့ ချိုးကာ တောင်တန်းကြီး အောက်ခြေ၌ ဝန်းရံနေသည့် ကမ်းပါးကြီးများပေါ်သို့ တက်ခဲ့ ကြသည်။ မြင်းရထား သွားနိုင်သော လမ်းမှာ တောအုပ်လမ်း ဖြစ်လာသည်။ တောအုပ်လမ်းမှ တစ်ဖန် နွားများသာ သွားလာသည့် လမ်းကြောင်းဖြစ်လာ သည်။ ဤနွားသွားလမ်းသည်ပင်လျှင် ကုန်းမြင့် စားကျက်အကြား၌ ပျောက် ကွယ်သွားပါတော့သည်။

ကျွန်မတို့ ဆိုနိုမာ တောင်တန်းပေါ်သို့ မြင်းများဖြင့် တောက်လျှောက် တက်ခဲ့ကြသည်။ ဤလမ်းမှာ စိတ်အချရဆုံးလမ်း ဖြစ်သည်။ ကျွန်မတို့ကို မည်သူမျှ ခြေရာခံနိုင်တော့မည် မဟုတ်ပါ။





ကျွန်မတို့ မြောက်ဘက် တောင်စွန်းသို့ အရောက်တွင် အရုဏ်တက် လာပြီ။ ညိုရောင်သန်းသော အလင်းရောင်အောက်တွင် ကျွန်မတို့သည် ရွှေဝါရောင် ဆွေးတွေးသော လေပြည်လေညင်း လွင့်မြူးရာ တောင်ကမ်းပါးယံများ အကြားသို့ ဆင်းလာခဲ့ကြသည်။ ဤနေရာကား ကျွန်မ ကောင်းစွာသိသော ကျွန်မချစ်သော နေရာဟောင်းဖြစ်သဖြင့် မကြာမီမှာပင် ကျွန်မကိုယ်တိုင် လမ်းပြဖြစ်လာပါသည်။

ပုန်းအောင်နေရမည့်နေရာမှာ ကျွန်မ၏ နေရာ၊ ကျွန်မ ရွေးချယ်ခဲ့ သော နေရာ ဖြစ်ပါသည်။ ကုန်းမြင့် မြက်ခင်းများကို ဖြတ်ကျော်ကာ ဝက်သစ်ချ တောများ ဖုံးလွှမ်းနေသည့် တောင်ကြောတစ်ခုကို ကျွန်မတို့ ကျော်ဖြတ်ပြန်တာ ပြန့်နိမ့်သောနေရာတစ်ခုဆီမှ မြက်ခင်းများဆီသို့ ရောက်လာကြသည်။

ထိုမှတစ်ဖန် တောင်ကြော တစ်ကြောကို ကျွန်မတို့ ပြန်တက်ကြသည်။ နေရောင်များကို ကျောပေးကာ တက်ခဲ့ကြခြင်းဖြစ်သည်။ ထူထပ်သော သစ်တော ကြား ပျံထွက်သွားသည့် ငုံးငှက်မျိုးကို တွေ့ရသည်။ ယုန်ကြီးတစ်ကောင်သည် ကျွန်မတို့လမ်းကို ဖြတ်ကာ ပြေးထွက်သွားသည်။ လည်ပင်းမှ ပခုံးအထိ ရွှေရောင် တောက်နေသော သမင်တစ်ကောင်လည်း ဖြတ်သွားသည်။

ကျွန်မတို့ သူ့နောက်က လိုက်ခဲ့ကြပါသည်။ တောင်ကြောမှ သတ္တု ခတ်များကြောင့် ကြည်လင်နေသော ရေကန်ဘေး ဤလမ်းကို ကျွန်မ ကောင်းစွာ သိပါသည်။ တစ်ကြိမ်သောအခါက ကျွန်မမိတ်ဆွေ စာရေးဆရာ တစ်ဦးက ကျယ်ဝန်းလှသော ခြံကြီးကို ပိုင်ဆိုင်ခဲ့ပါသည်။ သို့ရာတွင် သူသည် သည်း ကျွန်မထက် ပို၍ အဖြစ်ဆိုးသော တော်လှန်ရေးသမားတစ်ဦး ဖြစ်ခဲ့ သလရာ မည်သည့်နေရာတွင် မည်သို့မည်ပုံ သေဆုံးခဲ့ရသည်ကို မည်သူတမျှ မသိတော့ပါ။ ကျွန်မ သွားနေသည့် လျှို့ဝှက်ပုန်းအောင်ရာနေရာ၏ လျှို့ဝှက် ချက်ကို သူ သက်ရှိထင်ရှားရှိစဉ်ကာလက သူတစ်ယောက်တည်းသာ သိခဲ့ပါ သည်။ လှပလွန်းသည့်အတွက် ဤခြံမြေကြီးကို သူ ဝယ်ခဲ့ခြင်းဖြစ်ပါသည်။ အသခံလယ်သမားတွေက ဒီခြံမြေရဲ့ တန်ဖိုး ခြောက်ရာခိုင်နှုန်းတောင် မြန်မှာ မဟုတ်ဘူး ဆိုတာ ကန့်ကွက်ခဲ့ကြသည်။

သို့ရာတွင် ယခု သူ ကွယ်လွန်ခဲ့ပါပြီ။ သူ့ခြံမြေကြီးသည်လည်း သား သမီးလက်တွင် မရှိတော့ပါ။ စပရက်ကယ်လ် ပိုင်ဆိုင်သော မြေများမှာ ဘင်းနီ တောင်ကြားအထိ ရှည်လျား ကျယ်ပြန့်လှသော ဆိုနိုမာတောင်တန်းအ



www.burmeseclassic.com

www.burmeseclassic.com



အရှေ့ပိုင်းနှင့်မြောက်ပိုင်း ဆင်ခြေလျှော ခြံမြေအားလုံးကို မစ္စတာ ဝစ်ဆန်က ပိုင်ဆိုင်နေပြီဖြစ်ပါသည်။ *ယခု သူက ဤခြံမြေကြီးတစ်ခုလုံးကို လှပဆန်းကြယ်*သော သမင်ဥယျာဉ်အဖြစ် ပြောင်းလဲထားပါသည်။ ဤမြေတွေကို ပိုင်ဆိုင်ခဲ့ကြသူများအားလည်း မောင်းထုတ်ထားခဲ့ပြီး ဖြစ်ပါသည်။

ကျွန်မ ပုန်းအောင်းနေရာနေရာနှင့် နှစ်ဖာလုံခန့် အကွာတွင် ဝစ်ဆန်၏ တောလိုက်ဂေဟာတစ်ခု ရှိပါသည်။ ဤသို့ဖြစ်ရသည်အတွက် ကျွန်မအန္တရာယ်မရှိသည်သာမက ပို၍ပင် လုံခြုံပါသည်။ ငွေရှင် အငယ်စားတစ်ဦး၏ အရိပ်အာဝါသအောက်တွင် ကျွန်မတို့ ခိုအောင်းနေကြခြင်းကြောင့် ဖြစ်ပါသည်။ ပတ်ဝန်းကျင် အခြေအနေကြောင့် သံသယဖြစ်ဖွယ်ရာများ မရှိပါ။ ကျွန်မကိုသော်လည်းကောင်း၊ ကျွန်မထံသို့ ရောက်လာမည့် အားနက်အတွက်သော် လည်းကောင်း သံဖနောင့်၏ သူလျှိုများက နောက်ဆုံး လိုက်လံ ရှာဖွေမည့်နေရာမှာ ဝစ်ဆန်၏ သမင်ဥယျာဉ်သာ ဖြစ်ပါသည်။

ရေကန်အနီးရှိ သစ်နီတောအတွင်း၌ ကျွန်မတို့ မြင်းများကို ချည်နှောင်ထားလိုက်ကြသည်။ ကျွန်မအဖော်တွေက သစ်လုံးကြီးများ နောက်ကွယ်၌ လျှို့ဝှက်နေရာမှ ပစ္စည်းမျိုးစုံ ထုတ်ယူလာကြသည်။ ၎င်းတို့အနက် ပေါင်ငါးဆယ်ရှိ ဖျံ့အိတ်တစ်အိတ်၊ စည်သွတ်မျိုးစုံ၊ ချက်ပြုတ်စရာအိုးခွက်များ စောင်များ၊ ရွက်ဖျင်၊ စာအုပ်နှင့် စာရေးကိရိယာ၊ စာတွေ ပါသော အထုပ်တစ်ထုပ်၊ ရေနံဆီ ငါးဂါလန် ပုံးတစ်ပုံးနှင့် နောက်ဆုံးအရေးကြီးဆုံး ဖြစ်သည့် ခိုင်မာ တောင့်တင်းသော ကြိုးတစ်ခွေ စသည်တို့ ပါဝင်ပါသည်။ ဤမျှ များပြားသော ပစ္စည်းတွေကို ခိုအောင်းရာနေရာသို့ ယူဆောင်ရန်အတွက် ခရီးအခေါက်ပေါင်းများစွာ သွားမှသာ ဖြစ်နိုင်ပါလိမ့်မည်။

သို့ရာတွင် ခိုအောင်းရာ နေရာမှာ အလွန်နီးပါသည်။ ကြိုးကိုယူထားလမ်းပြရင်း ကျွန်မသည် တောထူထပ်သော တောင်ကမူနှစ်ခုအကြားရှိ ချုံနွယ်များ ပိတ်ဖုံးနေသည့် တောလမ်းအတိုင်း ဖြတ်သန်းလာခဲ့သည်။ ချောင်း ကမ်းပါးဆင်ခြေလျှောတစ်ခုသို့ အရောက်တွင် ဖြုန်းကနဲ တောလမ်းဆုံးသွားသည်။ ဤချောင်းမှာ စမ်းများမှ စီးကျလာသော ချောင်းငယ်ကလေးဖြစ်ပြီး အပူပြင်းဆုံး နွေကာလများ၌ပင် ရေခန်းခြောက်သည် မရှိပါ။

ကျွန်မတို့သည် ချောင်းငယ်အတွင်း ပေတစ်ရာခန့် ဆင်းလာမိကြသောအခါ ကြီးမားလှသည့် အပေါက်ကြီးတစ်ခုဆီသို့ ရောက်လာသည်။





အပေါက်ကြီးရှိမှန်း မသိနိုင်ပါ။ ထိုနည်းတူစွာ အပေါက်ကြီးမှာလည်း မည်ကာမတ္တ မဟုတ်ပါ။ သိပ်သည်းထူထပ်လှသော နှင်းဆီရိုင်းချုံများ၊ အကိုင်းအခက်များ အကြားမှ တွားသွားလျှင် အပေါက်ကြီး၏ အဆုံးသို့ ရောက်သည်။ ထိုနေရာမှ နေ၍ အောက်ဘက်ရှိ စိမ်းလန်းသော မြင်ကွင်းကို ချောင်းကြည့်နိုင်သည်။

ဤနေရာကား ပုန်းအောင်းရန် အကောင်းဆုံး နေရာပင်ဖြစ်ပါသည်။ ဤနေရာသို့ မည်သူမှ မလာကြ။ ဂလင်းအယ်လင်ရွာမှ ကလေးများပင်လျှင် မလာကြ။ ကျွန်မ၏ အဖော်က ကြိုးစတစ်ဘက်ကို ကြီးမားသော ပင်စည်ကြီးတွင် ချည်နှောင်ပြီး အခြား ကြိုးစတစ်ဘက်တွင် ကျွန်မကို မြဲမြံစွာ ကိုင်ဆွဲထားစေကာ အောက်သို့ လျှောချပေးရာ မကြာမီ ကျွန်မ အောက်ခြေသို့ ရောက်သွားသည်။ ထို့နောက် ယူဆောင်လာသော ပစ္စည်းတွေကို အလားတူ အောက်သို့ချပေးပါသည်။ ထို့နောက် ကြိုးကို ပြန်ဆွဲယူကာ ဝှက်ထားလိုက်ပြီး ကျွန်မရှိရာ အောက်ဘက်သို့ လှမ်းအော် နှုတ်ဆက်သွားပါသည်။

ကျွန်မအကြောင်းကို ဆက်မရေးမီ တော်လှန်ရေး၌ ကျိုးနွံလှသော ဗိုလ်တစ်ဦး၊ တပ်သားထုများ အတွင်းမှ မရေမတွက်နိုင်လောက်အောင် သစ္စာရှိသူများအနက် တစ်ဦးဖြစ်သည့် ဂွန်ကာလ်ဆင် အမည်ရှိ ရဲဘော် အကြောင်းတို ကျွန်မ အနည်းငယ် ပြောပြလိုပါသည်။

သူသည် တောလိုက်ဂေဟာအနီးရှိ မြင်းစောင်းတွင် မစ္စတာဝစ်ဆန်အတွက် အလုပ်လုပ်ခဲ့သူဖြစ်ပါသည်။ အမှန်အားဖြင့် ကျွန်မတို့ ဆိုနိုမာ တောင်တန်းဆီသို့ စီးနင်းလာကြသော မြင်းများမှာ မစ္စတာ ဝစ်ဆန်၏ မြင်းများပင် ဖြစ်ပါသည်။ ယခုအထိ နှစ်ပေါင်းနှစ်ဆယ်အတွင်း ဂွန်ကာလ်ဆင်သည် ဤခိုအောင်းရာ ဒေသကို ထိန်းသိမ်း စောင့်ရှောက်နေခဲ့သူဖြစ်သည်။ ထိုကာလအတွင်း သူသည် သစ္စာမဲ့မှုမျိုးကို တွေးပင် တွေးဆခဲ့သူ ဟုတ်မည် မထင်ပါ။ သူ့အပေါ် ယုံကြည်မှုကို သစ္စာဖောက်ရန် အိပ်မက်ပင် မက်ခဲ့သူ မဟုတ်ပါ။ တော်လှန်ရေးဟူသည်မှာမူ သူ့အတွက် အဘယ်သို့ အဓိပ္ပာယ် ဆောင်သနည်းဟု အခြားသူတွေက အံ့သြရလောက်အောင် လျစ်လျူပြုတတ်သူ၊ အေးဆေးသူ ဖြစ်ပါသည်။

သို့ရာတွင် သူ၏ မှေးမှိန်သော ဝိညာဏ်၌ကား လွတ်လပ်ရေးဆိုင်ရာ ခင်တွယ် မြတ်နိုးတတ်မှုဖြင့် အလျှံတညီးညီး တောက်လောင်ခဲ့ပါသည်။ ခေါင်းထွက်ပေါက်ရာ လုပ်တတ်သူ၊ အတွေးခေါင်သူ မဟုတ်သည်မှာ တစ်နည်းအားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ကောင်းပါသည်။ သူ ခေါင်းအေးပါသည်။ တစ်ကြိမ်တွင် သူ အဘယ်ပုံ တော်လှန်ရေးသမား ဖြစ်လာခဲ့သည်ကို ကျွန်မက မေးဖူးသည်။

"ငယ်ငယ်တုန်းက ကျွန်တော်ဟာ စစ်သား ဖြစ်ခဲ့ဖူးတယ်။ ဂျာမနီမှာ ပေါ့၊ အဲဒီတုန်းက လူငယ်လူရွယ်မှန်သမျှ စစ်ထဲ ဝင်ရတယ်။ ဒါနဲ့ ကျွန်တော် လည်း စစ်တပ်ထဲ ရောက်ခဲ့တာပါပဲ။ အဲဒီမှာ အခြား စစ်သားတစ်ယောက်နဲ့ တွေ့ တယ်။ သူလည်း လူငယ်ပဲ။ သူ့အဖေဟာ ဘုရင်ကို မကျေနပ်လို့ လှုံ့ဆော်ခဲ့ တဲ့ လူတစ်ယောက်ပါ။ ဒါကြောင့် သူ့ကို ထောင်ထဲထည့်ထားလိုက်တယ်။ သူ့သားက ကျွန်တော်နဲ့ လူတွေအကြောင်း၊ အလုပ်အကိုင်အကြောင်း၊ အရင်းရှင် တွေ ခေါင်းပုံဖြတ်တဲ့အကြောင်းတွေ အများကြီး ပြောတယ်။ သူက ကျွန်တော့်ကို အမြင်သစ်နဲ့ မြင်လာအောင် လုပ်ပေးလိုက်တယ်။ ဒါကြောင့် ကျွန်တော် ဆိုရှယ်လစ်တစ်ယောက် ဖြစ်လာတာပါပဲ။

"သူ ပြောတာတွေဟာ အင်မတန် ကောင်းတယ်။ မှန်လည်း မှန်တယ်။ ကျွန်တော် ဘယ်တော့မှ မမေ့ဘူး။ အမေရိကန်ပြည်ထောင်စုကို ရောက်လာ တော့ ဆိုရှယ်လစ်တွေရဲ့ ဖမ်းစားခြင်း ခံလိုက်ရတယ်။ ဆိုရှယ်လစ် အလုပ်သမား ပါတီခေတ်မှာ ကျွန်တော်ဟာ ပါတီဝင် ဖြစ်လာတယ်။ နောက် ကွဲကြတဲ့ အခါကျတော့ ဆိုရှယ်လစ်ပါတီဝင် ဖြစ်လာတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ ဆန်ဖရန်စစ္စကိုက အငှားမြင်းတွေထားတဲ့ ဇောင်းမှာ အလုပ်လုပ်တယ်။

"အဲဒီအချိန်ဟာ မြေငလျင်ကြီး မလှုပ်မီ အချိန်ပေါ့။ ကျွန်တော်ဟာ နှစ်ဆယ့်နှစ်နှစ်လုံးလုံး ပါတီဝင်ကြေး ပေးခဲ့တယ်။ အခုအထိ ပါတီဝင်ပါပဲ။ အခုအထိ အင်မတန် လျှို့ဝှက်ပေမယ့် ပါတီဝင်ကြေးကိုတော့ မပြတ်ပေးနေတာ ပဲ။ ကျွန်တော် ပေးစရာရှိတာကိုတော့ ဆက်ပေးမှာပါ။ သမပါယမ ခေတ်ကြီး ပေါ်လာရင် ကျွန်တော် ဝမ်းသာလှုပါပြီ"

ကျွန်မ တစ်ဦးတည်း ကျန်နေပြီဖြစ်သဖြင့် နံနက်စာကို ရေနံဆီမီးဖို ဖြင့် ချက်ပြုတ်ကာ ကိုယ့်အိမ်ကိုယ်ရာသဖွယ် ပြင်ဆင်ရပါတော့သည်။ မကြာ ခဏ ဆိုသလို နံနက်ခင်း၌ဖြစ်စေ၊ အမှောင်ပျိုးစ ညဦးပိုင်း၌ ဖြစ်စေ ကာလ်ဆင် တစ်ယောက် တိတ်တိတ် ရောက်လာကာ နာရီပေါင်းများစွာ ကျွန်မအတွက် ကူညီလုပ်ကိုင်ပေးပါသည်။

အစပထမတွင် ကျွန်မအိမ်မှာ ရွက်ဖျင်ကလေး ဖြန့်ရုံမျှ ဖြန့်ထားသော အိမ်ဖြစ်သည်။ ထို့နောက်တွင် ရွက်ဖျင်တဲဖြစ်လာသည်။ နောက်ဆုံး စိတ်ချ





ဆောက်ပြီ ဆိုသောအခါ အိမ်ငယ်ငယ်ကလေးတစ်လုံး ဆောက်ပေးပါသည်။ ဤအိမ်ကလေးကို ချောင်းမြောင်းကြည့်၍ပင် မမြင်နိုင်ပါ။ ထူထဲသော အပင်များ အုံတိုင်းအခက်များက သဘာဝ ဒိုင်းလွှားသဖွယ် ကာကွယ်ပေးထားကြပါသည်။ လေဝင်လေထွက် ကောင်းစေရန် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အခန်း နှစ်ခန်း တူးထားသေးသည်။ နောက်အတန်ကြာတွင် ကျွန်မတို့နှင့်အတူ လာ ရောက် ပုန်းအောင်းသွားသော ဂျာမန် အကြမ်းဖက်သမား ဘဲလ်ဒင်ဘက်က မီးခိုးကို စုပ်ယူသည့် ကိရိယာတပ်ဆင်ပေးခဲ့သဖြင့် အေးချမ်းသော ဆောင်းဥတု ညများတွင် ထမင်းမီးဖိုအပါး ကျွန်မတို့ ဝိုင်းထိုင်နိုင်ကြပါသည်။

ဤနေရာတွင် တော်လှန်ရေး၌ အခြားသူများထက် ပို၍ ကြောက်မက်ဖွယ် ကောင်းအောင် အထင်လွဲခြင်း ခံရသော ဤစိတ်သဘောထား နူးညံ့သည့် အကြမ်းဖက်သမားအကြောင်းကို အနည်းငယ် ပြောပြရမည် ဖြစ်ပါသည်။

ရဲဘော်ဘဲလ်ဒင်ဘက်သည် အရေးပော်ကို သစ္စာမဖောက်ပါ။ အများ အထင်နေကြသလို သူ့အား ရဲဘော်တွေက ကွပ်မျက်ခဲ့ခြင်းလည်း မဟုတ်ပါ။ သူနည်းစုအစိုးရ ဘက်သားများက ဝါဒဖြန့်နေကြခြင်းမျှသာဖြစ်ပါသည်။ ရဲဘော်ဘဲလ်ဒင်ဘက်သည် မေ့လျော့တတ်သူ ဖြစ်ပါသည်။ လျှို့ဝှက်အချက်ပြ များကို မေ့လျော့နေခြင်းကြောင့် ကာမဲလ်ဒေသပုန်းအောင်းရာ လိုဏ်ဂူအဝတွင် ကျွန်မတို့ဘက်က အစောင့်တစ်ဦး၏ ပစ်ခတ်ခြင်း ခံခဲ့ရပါသည်။ ဤသည်မှာ ကြေကွဲဖွယ် အမှားတွေသာ ဖြစ်ပါတော့သည်။ သူ့တိုက်ခိုက်ရေးအစုကို သူက သစ္စာဖောက်သည် ဟူသော စကားလုံးမှာ လုံးဝ လိမ်လည်သော စကားသာ ဖြစ်ပါသည်။

ယခု ကျွန်မ ရွေးချယ်ခဲ့သည့် ပုန်းအောင်းနေရာကို ဆယ့်ကိုးနှစ် တိုင်တိုင် ကျွန်မတို့ သိမ်းပိုက်ထားခဲ့ကြသည့် ကာလအတွင်း တစ်ဦးမှအပ အခြား မည်သည့် အပြင်လူကမှ ရှာမတွေ့ပါ။ သို့ရာတွင် ဤနေရာမှာ ဝစ်ဆန်၏ တောလိုက်ဂေဟာနှင့် နှစ်ဖာလုံ၊ ဂလင်အယ်လ် ရွာကလေးနှင့် တစ်မိုင်ခန့်သာ ဝေးပါသည်။ နံနက်ခင်းနှင့် ညနေခင်းတိုင်း ရောက်လာတတ်၊ ထွက်သွားတတ် သော မီးရထားများ၏အသံကို ကျွန်မ အစဉ်သဖြင့် ကြားနေနိုင်ပြီး အုတ်ဖုတ်စက် ခင်းမှ ဥသြသံဖြင့် ကျွန်မ နာရီတိုက်လေ့ ရှိပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၁၉ ]

## အသွင် ကူးပြောင်းခြင်း

အားနက်က ကျွန်မထံ စာရေးပါသည်။

*မင်းကိုယ်မင်း တစ်ဖန် ပြန်ဖန်တီးယူပေတော့။ မင်းဆိုတာ မရှိရတော့ဘူး။ နောက်ထပ် အခြားမိန်းမတစ်ယောက် ဖြစ်လာစေရမယ်။ မင်း ဝတ်ထားတဲ့ အဝတ်အစားများသာမက အဲဒီ အဝတ်အစားတွေ အောက်က မင်းရဲ့ အသွေးအသား အားလုံး ပြောင်းပစ်ရမယ်။ ကိုယ်ကိုယ်တိုင်တောင် မသိနိုင်တော့လောက်အောင် မင်းကိုယ်မင်း တစ်ဖန် ပြန်ဖန်တီးရမယ်။ မင်းရဲ့အသံ၊ မင်းရဲ့ဟန်ပန်၊ စိတ်နေသဘောထား၊ ကျင့်ကြံပြုမူပုံကအစ အရာရာတိုင်းပေါ့။*

ဤအမိန့်ကို ကျွန်မ နာခံပါသည်။ အဝတ္ထုအဲတားဟတ်ဆိုသည့် မိန်းမတစ်ယောက်အား အခြား ကျွန်မ၏ ကိုယ်ပွားဟု ခေါ်ရအံ့သော မိန်းမ





တစ်ယောက်၏ အသွေးအသားများအောက်တွင် မြှုပ်နှံပစ်ရန် နာရီပေါင်းများစွာ ကျွန်မ လေ့ကျင့်ခဲ့ပါသည်။ ကာလရှည်ကြာစွာ ကျင့်မှသာလျှင် ယင်းသို့ ဖြစ်နိုင်ပါလိမ့်မည်။

ကျွန်မ၏ သံနေသံထားကိုလည်း အသစ်တစ်ဖန် အလိုအလျောက် အတိကျကျ ပြောင်းလဲလာအောင် အသေးစိတ် လေ့ကျင့်ခဲ့ပါသည်။ အခန်းကဏ္ဍတစ်ခုသို့ အလိုအလျောက် ခံယူဝင်ရောက်လာရေးမှာလည်း လွန်စွာ အရေးကြီးပါသည်။ မိမိကိုယ်မိမိ လှည့်စားလာနိုင်ရန်မှာ အထူးကျွမ်းကျင်ပိုင်နိုင်ရမည် ဖြစ်ပါသည်။ ဘာသာစကားသစ်တစ်ရပ် ဆိုပါစို့။ ပြင်သစ်ဘာသာစကားကို သင်ရသည်နှင့် တူလှပါသည်။ အစကနဦးတွင် ပြင်သစ်ဘာသာဖြင့် ပြောဆိုရာတွင် စိတ်ပါရမည်၊ ဝင်စားရမည်၊ သင်ကြားသူသည် သူ နားမလည်မီ အင်္ဂလိပ်လို တွေးပြီး ပြင်သစ်ဘာသာစကား အတွင်းသို့ ကူးပြောင်းကြည့်သည်။ သို့မဟုတ် ပြင်သစ်လိုဖတ်ပြီး အင်္ဂလိပ်လို ကူးပြောင်းကြည့်သည်။ ထို့နောက် အခြေခံ တစ်စစ နိုင်မြဲလာပြီး အင်္ဂလိပ်စာကို မသုံးတော့ဘဲ အလိုအလျောက် ပြင်သစ်ဘာသာဖြင့် စတ်ရေး တွေးလာလေတော့သည်။

ကျွန်မတို့၏ ဟန်ဆောင်မှုမှာလည်း ဤနည်းနှင့်နှင်ပင် ဖြစ်ပါသည်။ အသစ်ခံယူထားသည့် အခန်းကဏ္ဍကို တကယ်တမ်းဖြစ်လာသည်အထိ လေ့ကျင့်ရေးရန် လိုအပ်ပါသည်။ အစပထမတွင် အစမ်းသဘော လိမ်လည်နေသည်မှာ နှံ့ပါသည်။ ကျွန်မတို့သည် နည်းပညာသစ်တရပ်ကို ဖန်တီးနေခြင်း ဖြစ်သဖြင့် နောက်ထပ် ရှာဖွေတွေ့ရှိစရာများ ရှိပါသည်။ သို့ရာတွင် ကျွန်မတို့ နေရာတိုင်း၌ အလုပ်လုပ်ကြသည်။ နည်းပညာမှာလည်း ဖွံ့ဖြိုးတိုးတက်နေပါသည်။ လှည့်စားမှု စမ်းသပ်မှုအရင်းအနှီးများကို စုဆောင်းမိလာကြသည်။ ဤအရင်းအနှီးမှာ တော်လှန်ရေး ကျောင်းကြီး၏ ကျောင်းသုံးလက်စွဲသဖွယ် ဖြစ်လာပါတော့သည်။

ယင်းအချိန်လောက်တွင် ကျွန်မဖေဖေ ပျောက်ကွယ်သွားခြင်း ဖြစ်ပါသည်။ ကျွန်မထံသို့ မှန်မှန်လာနေသော သူ့စာများလည်း ရပ်စဲသွားသည်။ ဝဲလ်လမ်းရှိ ကျွန်မတို့ တန်းလျားသို့ ပြန်မလာတော့ပါ။ ထို့ကြောင့် ကျွန်မတို့ ရဲဘော်တွေက နေရာတကာတွင် လိုက်လံ ရှာဖွေကြပါသည်။ ကျွန်မတို့၏ သို့ဝှက်ထောက်လှမ်းရေးအဖွဲ့အစည်းများမှတစ်ဆင့် တစ်ပြည်လုံးရှိ အကျဉ်းထောင်များအတွင်း၌လည်း မွှေနှောက်ရှာဖွေခဲ့သည်။ သို့ရာတွင် ဖေဖေသည် အရှင်လတ်လတ်မြေကြီးက ဝါးမျိုးခြင်း ခံလိုက်ရသလို လုံးလုံးပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားခဲ့ပါသည်။ ယနေ့အထိ အရိပ်အယောင် အစအနမျှပင် မတွေ့ရတော့ပါ။

ခြောက်လတိုင်တိုင် ကျွန်မ အထီးကျန်ခိုအောင်းနေခဲ့ပါသည်။ သို့ရာတွင် အချည်းအနှီး လများတော့မဟုတ်ပါ။ ကျွန်မတို့၏အဖွဲ့အစည်းမှာ ခြေလှမ်းသွက်နေသည်။ လုပ်စရာအလုပ်တွေက အစဉ်သဖြင့် စောင့်ဆိုင်းနေပါသည်။

အားနက်နှင့် အခြားခေါင်းဆောင်များက လုပ်ရမည့်လုပ်ငန်းတွေကို အကျဉ်းထောင်များအတွင်းမှ ညွှန်ကြားပြီး ကျွန်မတို့က ဤလုပ်ငန်း ပြင်ပ၌ ရှိနေရပါသည်။ တစ်ဆင့်စီပြော၍ ဝါဒဖြန့်သော အဖွဲ့ရှိသည်။ လျှို့ဝှက်ထောက်လှမ်းရေး၊ လျှို့ဝှက်စွာ ပုံနှိပ်စက်များတည်ထောင်ရေး၊ မြေအောက် မီးရထားလမ်း ဖောက်လုပ်ရေး စသည် အဖွဲ့အစည်းလည်း ရှိပါသည်။

ခြောက်လ ကုန်ဆုံးကာနီးအချိန်တွင် ကျွန်မ၏အထီးကျန်ဖြစ်မှုကို ရဲဘော်နှစ်ဦး ရောက်ရှိလာခြင်းက ချိုးဖောက်ပစ်လိုက်ပါသည်။ သူတို့ကား ရဲရင့်သော လွတ်လပ်မှုကို မြတ်နိုးကြသော မိန်းမပျိုကလေးနှစ်ဦး ဖြစ်ပါသည်။ တစ်ဦးမှာ ၁၉၂၂ ခုနှစ်တွင် ပျောက်ဆုံးသွားခဲ့ရသော လိုရာပီတာဆင်နှင့် အခြားတစ်ဦးမှာ နောင်သောအခါ ဒူဘိုက်နှင့် လက်ထပ်ပြီးနောက် ယခုအထိ ကျွန်မတို့နှင့်အတူ ခေတ်သစ်ကို ဟစ်ကြွေးနေသော အနာဂတ်နေမင်းအား ငံ့လင့်လျက် ရှိနေသေးသည့် ကိတ်ဘိုင်ဂါစီတို့ ဖြစ်ပါသည်။

ဤမိန်းမပျိုကလေးနှစ်ဦးတို့သည် စိတ်လှုပ်ရှားမှု၊ အန္တရာယ်နှင့် ချောင်တခင် သေဘေးအကြားမှ ရောက်လာကြခြင်း ဖြစ်သည်။ သူတို့အား ဆန့်ကျင်ဘက်လို ပင်လယ်အော်ကို ဖြတ်သန်း ပို့ဆောင်ပေးသော ငါးဖမ်းသင်္ဘောအတွင်း၌ သင်္ဘောသားများအနက် သူလျှိုတစ်ဦး ပါလာသည်။ သူသည် သံဖနောင့်၏ လက်ပါးစေတစ်ဦးဖြစ်လျက် တော်လှန်ရေးသမားဟန်ဆောင်ကာ ကျွန်မတို့ အဖွဲ့အစည်းများအတွင်း ပိပိရိရိ လျှိုဝင်နေနိုင်ခဲ့သူ ဖြစ်ပါသည်။

ကျွန်မ ပျောက်သွားခဲ့ရခြင်းနှင့် စပ်လျဉ်း၍လူနည်းစုအစိုးရ ထောက်လှမ်းရေး ယန္တရားတွင် အလွန်စိုးရိမ်သောက ဖြစ်ခဲ့ကြသည့်အတွက် ထိုသူသည် ကျွန်မနောက်သို့ ခြေရာလိုက်ကောက်နေသူ ဖြစ်ရပါမည်။ ကံကောင်းထောက်မစွာပင် သည်မှာ သူက သူ့တွေ့ရှိချက်များကို မည်သူ့ကိုမျှ ဖွင့်မပြောသေးဘဲ ကျွန်မ ပုန်းအောင်းနေရာကို အတွေ့ရှာကာ ကျွန်မအား လက်ရဖမ်းမိချိန်အထိ စောင့်ဆိုင်းရင်း သူ့အထက်သို့ သတင်းမပို့ခဲ့သေးခြင်းပင် ဖြစ်ပါသည်။





ဤသတင်းလည်း သူနှင့်အတူ သေဆုံးပျောက်ကွယ်သွားပါသည်။ ထိုကာလူမှာချောင်း၌ မိန်းမပျိုကလေးနှစ်ဦးတို့ သင်္ဘောမှဆင်းတာ မြင်ရာမှ နောက်ဆက်ကြသည်။ နောက်ပိုင်းတွင် သူက ဥပါယ်တံမျဉ်ဖြင့် သင်္ဘောပေါ်မှ ထွက်ခွာနိုင်ခဲ့ပါသည်။

ဆိုနိုမာတောင်တန်းတွင် ဂွန်ကာလ်ဆင်သည် သူ့မြင်းကို လမ်းမှ ဖြတ်၍ မိန်းကလေးတွေကို ဆက်သွားခိုင်းသည်။ သူက ခြေကျင်ပြန်လာသည်။ ကာလ်ဆင်က ထိုလူအပေါ်ပို၍ မယုံသင်္ကာဖြစ်လာကာ လက်ရဖမ်းလိုက်သည်။ ဤနောက်ပိုင်း အဖြစ်အပျက်တွေကို ကာလ်ဆင်က ကျွန်မတို့အား ပြန်ပြောပြပါသည်။

"သူ့ကို ကျွန်တော် ချုပ်ထားခဲ့ပြီ" ဟု ကာလ်ဆင်က တွေဝေမှု တင်ပြခဲ့အား ပြောသည်။ သူ့မျက်လုံးအစုံတွင် အရောင်တလက်လက်တောက်ပနေသည်။ ကြမ်းတမ်းလှသော သူ့လက်တွေကို ဆန့်တန်းထားသည်။

"သူ အသံတောင် မထွက်နိုင်တော့ဘူး။ သူ့ကို ကျွန်တော် ဝှက်ထားခဲ့သည်၊ ဒီည ပြန်သွားပြီး မြေနက်နက်ထဲ မြှုပ်ပစ်ဦးမယ်"

ထိုကာလအတွင်း ကျွန်မ၏အသွင် ပြောင်းလဲမှုများအား ကျွန်မကိုယ်တိုင် အံ့ဩနေမိပါသည်။ တက္ကသိုလ်မြို့ကလေး ဝန်းကျင်တွင် တင့်တောင့်တင့်တယ် အေးချမ်းစွာ နေခဲ့သော ကျွန်မ၏အဖြစ်ကိုသော် လည်းကောင်း အန္တရာယ်နှင့် သေခြင်းတရား မြင်ကွင်းများတွင် ကျင့်သားရနေသော တော်လှန်ရေးသမား တစ်ဦး၏အဖြစ်ကိုသော်လည်းကောင်း ယုံနိုင်ဖွယ်ရာ မရှိတော့ပါ။ နှစ်ခုစလုံးပင် ဖြစ်နိုင်စရာ မရှိပါ။ တစ်ခုသည် အစစ်အမှန်ဖြစ်၏၊ အခြားတစ်ခုမှာ အိပ်မက်ဖြစ်၏။ သို့ရာတွင် မည်သည့်အရာက အစစ်အမှန်၊ မည်သည့်အရာက အိပ်မက်ဟု မသိနိုင်တော့ပါ။

လိုဏ်ခေါင်းပေါက်ကြီးအတွင်း ပုန်းအောင်းနေသည့် တော်လှန်ရေးသမားတစ်ဦး၏ လက်ရှိဘဝသည် ခြောက်အိပ်မက်လော။ သို့တည်းမဟုတ် ဘာဖက်ရည်များနှင့် ကပွဲများ၊ လူ့အဖွဲ့အစည်းအကြောင်း အချေအတင် ငြင်းခုံမှုများနှင့် စာသင်ခန်းဆောင်များထက် ပို၍ အကြမ်းဖက်မှု ဆိုသည်တို့ကို လုံးဝလုံးမျှ မသိသောဘဝဖြင့် ဘာကလေကလေးမြို့၌ တစ်ချိန်သောအခါက တစ်ခုသော အကြောင်းကြောင့် သက်ရှိထင်ရှားရှိခဲ့သည်ကို အိပ်မက်မက်နေသော တော်လှန်ရေးသမား တစ်ဦးပေလော။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဤသည်မှာ လူသားအချင်းချင်း ညီအစ်ကိုဖြစ်နေ အောင်လံနီအောက်၌ စုဝေးနေခဲ့ကြသည့် ကျွန်မတို့အားလုံး၏ တူညီသော အတွေ့အကြုံသာ ဖြစ်လိမ့်မည်ဟု ကျွန်မ ခံယူခဲ့ပါသည်။

အခြားတစ်ဘက်သောဘဝမှ လူပုဂ္ဂိုလ်တွေကို မကြာခဏ ဆိုသလို ကျွန်မ အမှတ်ရမိတတ်ပြီး ထူးဆန်းသည်မှာ သူတို့သည် ကျွန်မ၏ ဘဝသစ် ပေါ်ချည်ပျောက်ချည် ဖြစ်နေခဲ့ကြပါသည်။

ဥပမာဆိုလျှင် ဂိုဏ်းချုပ်ကြီး မိုးဟောက်ကို ရည်ညွှန်းရပါမည်။ ကျွန်မ တို့ အဖွဲ့အစည်းဖွဲ့ဖြိုးတိုးတက်ချိန်၌ သူ့ကို ကျွန်မတို့ အချည်းအနှီး ရှာဖွေခဲ့ ပါသေးသည်။ သူကား စိတ္တဇဆေးရုံတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့နေခဲ့ရပါသည် နာပါ စိတ္တဇဆေးရုံမှ စတော့တန်ဆေးရုံအထိ။ ထိုမှတစ်ဖန် စန်တာကလယ် တောင်ကြားမှ အဂ္ဂနူးအမည်ရှိ ဆေးရုံအထိ လိုက်လံ စုံစမ်းရှာဖွေခဲ့ကြ ဤနေရာတွင် လမ်းစပျောက်သွားခဲ့သည်။ သူ သေပြီဟူ၍လည်း မှတ်တမ်း မတွေ့ရပါ။

တစ်နည်းနည်းဖြင့် သူ လွတ်မြောက်သွားခဲ့ပြီဟု ထင်ရပါသည် နောက်ဆုံးအကြိမ် တွေ့ရစဉ်က သူ၏ ကြောက်ရွံ့တုန်လှုပ်စရာ အနေအထား ကျွန်မ အိပ်မက် မက်မိပါသေးသည်။ ချီကာဂို ကွန်မြူန်း၏ လေပွေလေ မီးလောင်တိုက် အပျက်များအကြား သူ၏ တွေဝေပြေးရှောင်သောအကြည့် ကျွန်မ အမှတ်ရမိပါသေးသည်။

ဆီယာရာ စက်ရုံတွင် လက်တစ်ဘက်ဆုံးရှုံးခဲ့ရသော သူ့ကြောင့် ကျွန်မ တော်လှန်ရေးသမားအဖြစ်သို့ ကူးပြောင်းခဲ့ရသော ဂျက်ဆင်ကို တစ်ခါ ပြန်၍ မတွေ့တော့ပါ။ သို့ရာတွင် သူ မသေမီက ဘာလုပ်သွားသည်ကို ကျွန်မ တို့အားလုံး သိကြပါသည်။ သူသည် တော်လှန်ရေးတွင် ပါဝင်ခြင်း မရှိ ဆိုးရွားလှသည့် သူ့ကုသိုလ်ကံနှင့် သူ့အမှားအယွင်းများအပေါ် တူးတူး ဖြစ်ကာ မင်းမဲ့ဝါဒီတစ်ဦး ဖြစ်လာခဲ့သည်။ အတွေးအခေါ် ရင့်သန်သော ဝါဒီမျိုးမဟုတ်ဘဲ မုန်းတီးမှု၊ လက်စားချေမှု ရမ္မက်ပြင်းထန်လှသည့် မင်းမဲ့ဝါဒီ ဖြစ်ပါသည်။ သူ့ကိုယ်သူလည်း လက်စားချေခြင်းခံခဲ့ရသည်။ ညဘက် အား အိပ်စက်ချိန်၌ အစောင့်တွေကို ရှောင်ကွင်းကာ ပါတန်ဝိတ် နန်း ပြာကျအောင် ဖောက်ခွဲဖျက်ဆီးခဲ့သည်။ အကျဉ်းထောင်အတွင်း အမှု စောင့်ဆိုင်းနေစဉ် သူ့ကိုယ်သူ စောင့်ဖြင့်အုပ်ကာ သတ်သေသွားခဲ့ပါသည်





ဒေါက်တာ ဟမ္မားဖီးလ်နှင့် ဒေါက်တာ ဘလင်ဖို့တို့မှာမူ ထူးခြားနားလှသော ကံကြမ္မာမျိုး ရရှိခဲ့ကြသည်။ သူတို့ကား ကိုယ့်ထင်ရှင်ကို သစ္စာရှိစွာဖြင့် ကမ္ဘာလောကနှင့် အေးချမ်းစွာ တွေ့ထိနေထိုင်နိုင်သော နေရာ များ ရရှိခဲ့ကြပါသည်။ နှစ်ဦးစလုံးမှာ လူနည်းစုအစိုးရအတွက် ဝန်ထမ်း- နေကြသူများ ဖြစ်သည်။ နှစ်ဦးစလုံးမှာ အဆီအစ်နေကြသောသူများ ဖြစ်သည်။

“ဒေါက်တာ ဟမ္မားဖီးလ်ဟာ ဘုရားသခင်ရဲ့ အဆိုအမိန့်တွေကို သံဖနောင့်ရဲ့ အဆိုအမိန့်ဖြစ်အောင် တက္ကဗေဒတွေကို ပြုပြင်ရာမှာ အောင်သူ ဖြစ်တယ်။ ဒေါက်တာ ဘလင်ဖို့နဲ့ အတူတူပဲ” ဟု တစ်ချိန်သောအခါက အားနတ် က ပြောခဲ့ဖူးပါသည်။

ဆီယာရာ စက်ရုံ၏ ယုတ်မာလှသော ဖိုမင်လည်းဖြစ်၊ ဂျက်ဆင်၏တိုင် ကို စုံစမ်းလေ့လာရာ၌ ကျွန်မနှင့် ရင်ဆိုင်တိုးခဲ့သူလည်းဖြစ်သော ပီတာဒွန်နယ်- သလကား ကျွန်မတို့အားလုံးအတွက် အံ့ဖွယ်ရာ ဖြစ်လာပါသည်။ ၁၉၁၈ ခုနှစ်တွင် ကျွန်မသည် ဖရစ္စကိုအနီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ ကျွန်မ တို့၏ တိုက်ခိုက်ရေးအစုများတွင် ဤအစုမှာ အင်အားအကြီးဆုံး၊ အကြမ်းကြုတ် ဆုံး အရက်စက်ဆုံး ဖြစ်ပါသည်။ အမှန်စင်စစ် ဤအစုမှာ ကျွန်မတို့ အဖွဲ့အစည်း ၏ တစ်စိတ်တစ်ပိုင်းမဟုတ်ပါ။ ယင်းအစုဝင်များမှာ ရူးသွပ်နေကြသူများ ဖြစ် သည်။ ဤစိတ်ဓာတ်မျိုးကို ကျွန်မတို့ အားမပေးရဲပါ။

အခြားတစ်ဘက်တွင် ကျွန်မတို့နှင့်မဆိုင်သော်လည်း သူတို့ကို ရင်းနှီး အောင် လုပ်ထားရသည်။ အဓိက အရေးကြီးသော ကိစ္စတစ်ရပ်ကြောင့် ထိုညက အဆိုပါအစည်းအဝေးသို့ ကျွန်မ တက်ရောက်သွားရခြင်း ဖြစ်ပါသည်။

ယောက်ျားတွေ အကြား၌ ကျွန်မမှာ မျက်နှာဖုံးတပ်မထားသော တစ်ဦးတည်းသော မိန်းမသားဖြစ်ပါသည်။ အစည်းအဝေးသို့ ကျွန်မ ရောက်လာ ခြင်းကိစ္စကို ပြောပြလိုက်ပြီးသောအခါ ကျွန်မကို သူတို့ထဲမှ တစ်ဦးက ဘာရောက် ခေါ်ဆောင်သွားပါသည်။ အဆိုပါလမ်းပြသည် လမ်းကြားကလေး အတွင်းသို့ ရောက်သောအခါ မီးခြစ်ဆံတစ်ချောင်းကို မီးညှိရင်း သူ့မျက်နှာ ကို ချွတ်လိုက်သည်။ ကျွန်မသည် ထက်သန်မှု ပြသနေသော ပီတာဒွန်နယ်- သ၏ မျက်နှာကို ခေတ္တမျှ ငေးစိုက်နေမိစဉ် မီးခြစ်ဆံ ငြိမ်းသွားလေသည်။

“ကျွန်တော်မှန်း ခင်ဗျားသိစေချင်တာပါပဲ။ ရုံးအုပ် ဒါလာစ်တို့ ခင်ဗျား မှတ်မိသေးသလား”



www.burmeseclassic.com

www.burmeseclassic.com



သူက အမှောင်တွင်း၌ ပြောနေပါသည်။

ဆီယာရာစက်ရုံမှ မြေခွေးမျက်နှာမျိုး ရှိသော ရုံးအုပ်ကို မှတ်မိကြောင်း ကျွန်မက ခေါင်းညိတ်ပြသည်။

"အဲ. . . သူ့ကို ကျွန်တော် အလျှင်ဆုံး တွက်ထည့်လိုက်ပြီး အနီးရှေ့ထဲ ဝင်လိုက်တာပဲ" ဟု သူက ဂုဏ်ယူစွာ ပြောပါသည်။

"ဒါထက် နေပါဦး။ ရှင်က ဒီကို ဘယ်လိုရောက်လာတာလဲ။ ရှင့်မိန်းမနဲ့ ကလေးတွေရော"

"သေကုန်ကြပြီ။ အဲဒါကြောင့်" ဟု ဆိုကာ စကားဆိုင်းထားလိုက်ပြီးမှ ဆက်ပြောသည်။ "သူတို့အတွက် လက်စားချေတာမျိုးတော့ မဟုတ်ပါဘူးဗျာ။ တစ်ချိန်မဟုတ် တစ်ချိန် ဖျားနာကြပြီး အိပ်ရာထဲမှာ အေးအေးဆေးဆေး သေသွားကြရတာပါပဲ။ သူတို့ အသက်ရှင်နေကြတုန်းက ကျွန်တော့်လက်ခေါင်းတွေကို ဆွဲထားကြတယ်လေ။ အခုတော့ သွားကုန်ကြပြီ။ အခုလိုဖြစ်မိတာဟာ ကျွန်တော့်ရဲ့ အသုံးမကျတဲ့ ဘဝအတွက် လက်စားချေတာပါပဲ။ တစ်ချိန်တုန်းက ကျွန်တော်ဟာ လူယုတ်မာ ဖိုမင်ပေါ့ဗျာ။ ဒါပေမယ့် ဒီညမှာ ကျွန်တော်ဟာ ဖရစ္စကိုအနီများရဲ့ နံပါတ် ၂၇ မှာ ရှိနေတယ်။ ကိုင်း. . လာ. . ခင်ဗျားကို ဒီနေရာက ထွက်သွားနိုင်အောင် ကျွန်တော် ပို့ပေးမယ်"

နောက်ပိုင်းတွင် သူ့အကြောင်းကို ကျွန်မ ပို၍ ကြားသိရပါသည်။ အားလုံး သေပြီဟု ပြောခဲ့သည်မှာ သူ့နည်းလမ်းအရ အမှန်အတိုင်းပြောခြင်း ဖြစ်ပါသည်။ သို့ရာတွင် တစ်ဦးမှာ မသေပါ။ သူ့ကား တီမိုသီ ဖြစ်ပါသည်။ သူသည် ကြေးစားတပ်များနှင့်အတူ သံဖနောင့်အတွက် အမှုထမ်းနေခဲ့သော ကြောင့် အဖေက သားကို သေပြီဟု ယူဆထားခြင်း ဖြစ်ပါသည်။

ဖရစ္စကိုအနီ အဖွဲ့ဝင်တစ်ဦးသည် တစ်နှစ်လျှင် လူ ဆယ့်နှစ်ယောက်ကို ကွပ်မျက်ရမည်ဟု ကတိပြုထားရသည်။ ပျက်ကွက်လျှင် သေဒဏ်ကျခံရသည်။ သတ်မှတ်ပေးထားသည့် အရေအတွက် မပြည့်သော အဖွဲ့ဝင်မှာမူ သူ့ကိုယ်သူ သတ်သေရသည်။ ယင်းကွပ်မျက်မှုများမှာ အဆန်းမဟုတ်တော့။ အဖွဲ့ဝင်တွေက မကြာခဏ တွေ့ဆုံလျက် အပြစ်ရှိသော အဖွဲ့ဝင်များနှင့် လူနည်းစုအစိုးရ၏ ဘက်တော်သားများကို အစုလိုက်အပြုံလိုက် တရားစီရင်လေ့ ရှိပါသည်။

အမှန်စင်စစ် ထိုညက အဆိုပါ အစည်းအဝေးသို့ ကျွန်မ ရောက်ရှိ





ခဲ့ရသောကိစ္စမှာ ယင်းသို့သော အမှုစစ်ဆေးခြင်းဖြစ်ပါသည်။ သံဖနောင့် ဆိုင်ရာ အဖွဲ့၏ ဒေသန္တရဗျူရိုတစ်ခုတွင် နှစ်ပေါင်းများစွာ အောင်မြင်စွာ အမှုထမ်းခဲ့သော ကျွန်မတို့ရဲဘော်တစ်ဦးအား ဖရစ္စကိုအနီများက ရုံးတင် စစ်ဆေးခဲ့ပါသည်။ ထိုနေရာတွင် သူ မရှိတာ မှန်ပါသည်။ တရားသူကြီးတွေကလည်း သူ့ကို ကျွန်မတို့လူတစ်ဦးဟု မသိကြပါ။ ကျွန်မတာဝန်မှာ သူ သစ္စာရှိပုံ၊ ကျွန်မတို့ လူဖြစ်ပုံကို သက်သေခံရန် ဖြစ်ပါသည်။ ယင်းအရေးကိစ္စတစ်ခုလုံးကို ကျွန်မတို့ အဘယ်ပုံ သိရှိခဲ့ရသည်ဆိုသည်မှာ အံ့ဖွယ်လိလိ ဖြစ်ပါသည်။

အဖြေမှာ ရှင်းလင်းလွယ်ကူပါသည်။ ကျွန်မတို့ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ဝင်တစ်ဦးမှာ ဖရစ္စကိုအနီများ အဖွဲ့ဝင်ဖြစ်ပါသည်။ မိတ်ဆွေဟုခေါ်နိုင်သူကိုပါ ကျွန်မတို့ စောင့်ကြည့်ရမည်ဖြစ်ပါသည်။ ဤရှုပ်ထွေးနေသော လူများအား ကျွန်မတို့ စောင့်မကြည့်ရလောက်အောင် အရေးမပါလှသည်တော့ မဟုတ်ပါ။

ကာနယ်အင်ဂရမ်နှင့် ကာနယ်ဗန်ဂီးလ်ဘတ်တို့မှာ နောက်ပိုင်း ကျွန်မ တွေ့ရသော ရင်းနှီးသည့်ပုဂ္ဂိုလ်များဖြစ်ပါသည်။ ကာနယ်အင်ဂရမ်မှာ ရာထူး တိုးမြှင့်လာလျက် ဂျာမနီဆိုင်ရာ သံအမတ် ဖြစ်သွားသည်။ နှစ်နိုင်ငံစလုံးမှ ခေါင်းဆောင်များ လူတန်းစားများက သူ့အား ဖော်ဖော်ရွေရွေပင် မနှစ်မြို့ကြပါ။ ကျွန်မ သူနှင့်တွေ့ရသည်မှာ ဘာလင်တွင် ဖြစ်သည်။ သံဖနောင့်က တရားဝင် ခန့်အပ်ခြင်း ခံထားရသော နိုင်ငံတကာ သူလျှိုတစ်ဦးအဖြစ် သူက ကျွန်မအား လက်ခံတွေ့ဆုံကာ အကူအညီများစွာ ပေးခဲ့ပါသည်။ မတော်တဆအားဖြင့် နှစ်ကိုယ်ခွဲနေရသော ကျွန်မမှာ တော်လှန်ရေးအတွက် အရေးပါသည့် အရာတချို့ကို လုပ်ဆောင်နိုင်ခဲ့ကြောင်း ဖော်ပြရမည် ဖြစ်ပါသည်။

ကာနယ်ဗန်ဂီးလ်ဘတ်မှာ 'ဟိန်းဟောက်' နေသော ဗန်ဂီးလ်ဘတ် အဖြစ် လူသိများလာကြသည်။ ချီကာဂိုကွန်မြူန်း နောက်ပိုင်း ဥပဒေအသစ် ရေးဆွဲရာ၌ အရေးပါသော အစိတ်အပိုင်းမှ သူ ပါဝင်ခဲ့သည်။ သို့ရာတွင် ထိုကာလမတိုင်မီမှာပင် သူသည် အမှုစစ်တရားသူကြီးအဖြစ် သူ့အား မုန်းတီး တော်ဆုပ်နေသူများ၏ အပြစ်ဒဏ်စီရင်ခြင်းကို ခံခဲ့ရပါသည်။ သူ့အား တရားစီရင် စစ်ဆေးအပြစ်ပေးသည့်အဖွဲ့၌ ကျွန်မလည်း တစ်ဦးအပါအဝင် ဖြစ်ပါသည်။

ဘဝဟောင်းမှ ပေါ်ထွက်လာသည့် အခြားတစ်ဦး ရှိပါသေးသည်။ သူကား ဂျက်ဆင်၏ ရှေ့နေဖြစ်ပါသည်။ ဤဂျိုးဇက်ဟတ် ဆိုသူကို ပြန်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု ကျွန်မ စိုးစဉ်းမျှ မထင်ခဲ့ပါ။ တွေ့ရပုံမှာလည်း ထူးဆန်းလှပါသည်။

ချီကာဂိုကွန်မြူနစ်အဖြိုး နောက်နှစ်နှစ်အကြာ ညကြီးမင်းကြီးအချိန်တွင် ကျွန်မနှင့် အားနက်တို့ ဘင်တန်ဆိပ်ကမ်းမှ ခိုအောင်းရာနေရာသို့ အတူတကွ ရောက်ခဲ့ကြပါသည်။ ဤနေရာမှာ ချီကာဂိုမှ ရေကန်ကို ကျော်ဖြတ်ရသည့် မစ်ချီဂန်တွင် တည်ရှိပါသည်။ သူလျှိုတစ်ဦး၏အမှုကို စစ်ဆေးပြီးစကလေးတွင် ကျွန်မတို့ ရောက်ရှိလာခြင်း ဖြစ်သည်။ သူ့ကို သေဒဏ်ပေးလိုက်ပါသည်။ သူ့ကို ဆွဲခေါ် သွားကြသည်။ ဤသည်မှာ ကျွန်မတို့ ရောက်ရှိသွားချိန်၌ တွေ့ရသော မြင်ကွင်း ဖြစ်သည်။

ထိုအခိုက်တွင် စုတ်ပြတ်နေသော ထိုသူသည် ဖမ်းထားသူများလက်မှ အတင်းရုန်းထွက်ကာ ကျွန်မ ခြေဖဝါးရှေ့၌ လှဲချလိုက်ပြီးနောက် ကျွန်မ၏ ခြေထောက်တွေကို ဖက်ကာ အသနားခံပါတော့သည်။ ကြောက်လန့်တကြား ဖြစ်နေသော သူ့မျက်နှာက ကျွန်မကို မော့ကြည့်သောအခါတွင်ကား ဂျူးဇာတ်-ဟတ်ဖြစ်ကြောင်း ကျွန်မ မှတ်မိပါသည်။

ကြောက်ရွံ့ထိတ်လန့်ဖွယ် မြင်ကွင်းတွေကို ကျွန်မ တွေ့မြင်ခဲ့ဖူးပေါင်း များလှပါပြီ။ သို့ရာတွင် ရှုံးသွပ်ခမန်းဖြစ်နေသော ဤသတ္တဝါက အသက် ချမ်းသာပေးရန် တောင်းပန်နေသည့်အခိုက်တွင် ခံစားရသော စိတ်လှုပ်ရှားမှု မျိုး တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဖူးပါ။ သူကား အသက်အတွက် ရူးသွပ်နေပြီး သနားဖွယ်အတိ ဖြစ်ပါသည်။ ရဲဘော်များစွာတို့ ဝိုင်းတားနေသည့်ကြားကပင် သူက ကျွန်မကို အတင်းဆွဲထားပါသည်။ နောက်ဆုံး သူ့ကို အတင်းဆွဲခေါ် သွားကြစဉ် ကျွန်မလည်း သတိလစ်ကာ မေ့လဲကျသွားပါသည်။ သူရဲဘော ကြောင်သူတစ်ဦး၏ အသနားခံသံကို ကြားရသည့်ထက် ရဲရင့်သူတစ်ဦး သေ သည်ကို ကြည့်ရသည်က ပို၍လွယ်ကူချေသည်တကား။

❖ ❖ ❖

## အခန်း [ ၂၀ ]

## ပျောက်ဆုံးသွားသူတစ်ဦး

ဘဝဟောင်းကို အမှတ်ရနေစေကာမူ ကျွန်မ၏ ဇာတ်ကြောင်းမှာ အဝသစ်ဆီသို့သာ ပြေးလွှားလျက်ရှိပါသည်။ ၁၉၁၅ ခုနှစ်အထိ အစုအပြုံလိုက် အကျဉ်းထောင်အတွင်း သွတ်သွင်းမှုတွေ မဖြစ်ပေါ်ခဲ့ပါ။ ကျွန်မတို့ လုပ်ငန်းမှာ ခက်ခဲရှုပ်ထွေးလှစေကာမူ စိုးစဉ်းမျှသော ဖင့်နွှေးမှုမရှိဘဲ အောင်မြင်ထမြောက် စွာ လုပ်ဆောင်နိုင်ခဲ့ကြပါသည်။ တစ်ညတည်းမှာပင် ကျူဘာမှ ကာလီဖိုးနီးယား အထိ အကျဉ်းထောင်များစွာတို့တွင် ရှိနေကြသော ကျွန်မတို့၏ ကွန်ဂရက် လွှတ်တော် အမတ် ၅၂ ဦးအနက် ၅၀ ဦးကို လည်းကောင်း၊ အခြားခေါင်းဆောင် များစွာကို လည်းကောင်း ထုတ်ယူနိုင်ခဲ့ပါသည်။

အတိမ်းအစောင်း တစ်ခုတလေမျှမရှိပါ။ သူတို့အားလုံး လွတ်မြောက် သည်သာမက ခိုအောင်းရာနေရာများသို့ပါ စီစဉ်ထားသည့်အတိုင်း ချောချော မောမော ဆိုက်ရောက်ခဲ့ကြပါသည်။ ကျွန်မ ထုတ်မယူနိုင်ခဲ့သော ကွန်ဂရက်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော် အမတ်ရဲဘော်ကား အာသာဆင်ပဆင် ဖြစ်ပြီး သူကား ရက်စ
စွာ နှိပ်စက်မှုများကြောင့် ကျုဘာနာတွင် သေဆုံးခဲ့ပြီး ဖြစ်ပါသည်။

နောက်ဆယ့်ရှစ်လကား အားနက်နှင့်အတူ ကျွန်မဘဝတွင် အပျော်
ရွှင်ဆုံးကာလပင် ဖြစ်ပါသည်။ ထိုကာလအတွင်း ကျွန်မတို့ တစ်ဦးနှင့်တစ်ဦး
မခွဲခွာခဲ့ကြပါ။ နောက်ပိုင်းတွင် ကျွန်မတို့ ကမ္ဘာထဲသို့ ပြန်ရောက်သည့်အခါ
ကား တစ်ဦးနှင့်တစ်ဦး များစွာ ခွဲခွာခဲ့ကြရသည်။ အားနက် လာမည်ဆိုသည်
ကို စောင့်ဆိုင်းခဲ့ရသော ညကလောက် တော်လှန်ရေး၏ အနာဂတ် မီးတော
မီးလျှံကို စိတ်ရှည် သည်းခံ စောင့်ဆိုင်းခဲ့ရမှုမျိုး ကျွန်မမှာ မရှိခဲ့ပါ။

ကျွန်မ သူ့ကို မတွေ့ရသည်မှာ ကာလ ရှည်ကြာလှပါပြီ။ အကျဉ်း
ထောင် ကျွန်းမှ ထွက်ပြေး လွတ်မြောက်ရန် အစီအစဉ်တွင် တစ်ခုတလေမှား
မှားယွင်းနေပြီလား ဟူသော အတွေးက ကျွန်မကို ရူးသွပ်လုခမန်း ဖြစ်နေစေ
ပါသည်။

အချိန်နာရီတွေမှာ ခေတ်တွေပမာ ကုန်လွန်လျက် ရှိပါသည်၊ ကျွန်မ
ကား အထီးကျန်ဖြစ်နေပါ၏။ ခိုအောင်းရာနေရာတွင် နေထိုင်လျက်ရှိကြသော
ဘဲလ်ဒင်ဘက်နှင့် အခြား လူငယ်သုံးဦးတို့မှာ လက်နက်အပြည့်အစုံယူ
အရာရာတိုင်းအတွက် အသင့်ပြင်ထားပြီး တောင်ပေါ်သို့ သွားနေကြသည်
ခိုအောင်းရာစခန်းအားလုံးမှာ လုံးဝ လူသူကင်းရှင်းနေသည်။ ကျွန်မလည်း
ထိုညက ရဲဘော်တွေ အကြောင်းကို မှန်းဆစိတ်ကူးနေမိပါသည်။

ကောင်းကင်တွင် ဖျော့တော့သော အရုဏ်ပျိုးစအချိန်တွင်
အပေါ်ဘက်ဆီမှ အချက်ပြသံ ကြားရသဖြင့် ကျွန်မက အဖြေပြန်ပေးလိုက်
ပါသည်။ ပထမဆုံး ဆင်းလာသည့် ဘဲလ်ဒင်ဘက်ကို ကျွန်မဦးစွာ ပွေ့ဖက်
လိုက်ပါသည်။ သို့ရာတွင် နောက်ခဏအတွင်း ကျွန်မမှာ အားနက်၏ လက်
မောင်းများအတွင်း ရောက်ရှိနေပါသည်။

ထိုကာလအတွင်း ကျွန်မကိုယ်ကျွန်မ လုံးလုံးလျားလျား အသွင်ပြောင်း
မိခဲ့ပါသည်။ စိတ်ဆန္ဒ၏ ကြိုးပမ်းမှုကြောင့်သာလျှင် ကျွန်မမှာ ယခင် စိတ်ဓာတ်
သဘောထားဟောင်း၊ ယခင်အပြုံးများ၊ ယခင်လေသံများဖြင့် အစစ်အဲဗားဟင်
အဖြစ်သို့ ပြန်ရောက်သွားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်မ၏ ယခင် သွင်ပြင်များ
အတိုင်း ပြန်ဖြစ်သွားခဲ့ရသည်မှာ ကြီးမားခိုင်မာလှသော အားထုတ်ချက်ကြောင့်
သာလျှင် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်မ ဖန်တီးခဲ့သော လူ ပုံသဏ္ဌာန်သစ်ဆီမှ





အလိုအလျောက် ပြန်သွားရန် အရေးကြီးလှကြောင်းကို ကျွန်မ အခိုက်အတန့်မျှ
ဖြင့်ခေ မမေ့ပါ။

အခန်းငယ်ကလေးအတွင်းသို့ ရောက်ချိန်ကျမှပင် အားနက်၏
မျက်နှာကို မီးရောင်တွင် ကျွန်မ ကြည့်မိပါသည်။ အကျဉ်းခံရခြင်းကလွဲ၍ သူ့မှာ
အခြား ဘာမျှ ကြီးကြီးမားမား အပြောင်းအလဲမရှိပါ။ သူကား ကျွန်မ၏ ယခင်
ချစ်လင်၊ ကျွန်မ၏ သူရဲကောင်းအဖြစ်ပင် ရှိနေပါသည်။ သို့ရာတွင် မျက်နှာ၌မူ
ရှည်လျားသော အရေးအကြောင်းများ ပေါ်လာပါသည်။ သူ၏ ရုပ်သွင်သဏ္ဌာန်
တွင် အစဉ်သဖြင့် ပါရှိနေသော ခက်ခဲကြမ်းတမ်းသည့် ဘဝအမှတ်အသားများ
ဆပ်တိုးလာသည်ကို သူ ခံနိုင်ရည်စွမ်း ရှိပါသည်။ ဝေးကွာသော အတိတ်ကာလ
ဆီက ပစ္စုပ္ပန်ကာလကို ပိုစူးစိုက်နေဟန် ရှိသော်လည်း သူ့မျက်စိအစုံ၌ ရယ်မော
ခြင်း အရိပ်အယောင်တွေ ယှက်သန်းနေဆဲဖြစ်ပါသည်၊ ကိုယ်အလေး၂၀
ခါင်နှစ်ဆယ် လျော့သွားသော်လည်း ခန္ဓာကိုယ် ကြံ့ခိုင်သန်စွမ်းဆဲပင် ဖြစ်ပါ
သည်၊ အကျဉ်းခံနေရစဉ် ကာလတစ်လျှောက်လုံး လေ့ကျင့်ခန်း ယူထားသဖြင့်
ကြွက်သားများမှာ သံချောင်းလို မာကျောနေပါသေးသည်။

အမှန်ဆိုရလျှင် အကျဉ်းထောင်အတွင်း ဝင်ရောက်သွားရစဉ် ကာလ
ဆီက သူ့အခြေအနေမှာ ပို၍ ကောင်းမွန်လာခြင်း ဖြစ်ပါသည်။ နာရီပေါင်း
များစွာ ကုန်လွန်သည့်တိုင်အောင် သူ အိပ်မပျော်ပါ။ ကျွန်မက သူ အိပ်ပျော်
ဆရန် ချော့သိပ်ပါသည်။ သို့ရာတွင် ကျွန်မလည်း မအိပ်ပါ။ ကျွန်မ ပျော်လွန်း
သည်ပါသည်။

အားနက် အိပ်ပျော်သွားသောအခါ ကျွန်မ အဝတ်အစားတွေ လဲလိုက်
သည့်တက် ဆံပင်ကိုလည်း ပြုပြင်ကာ ကျွန်မ ဘဝသို့ အလိုအလျောက် ပြန်ဝင်လာ
ခဲ့ပါသည်။ ထို့နောက် ဘဲလ်ဒင်ဘက်နှင့် အခြားရဲဘော်များ နိုးသောအခါ သူတို့
အတူအညီဖြင့် ကျွန်မက လျှို့ဝှက် လုပ်ကြံမှုကလေးတစ်ခု ဖန်တီးပါသည်၊
အားနက်က တံခါးဖွင့်၍ ဝင်လာသောအခါ၌ ကျွန်မတို့အားလုံးမှာ မီးဖိုနှင့်
ထမင်းစားခန်းအဖြစ် အသုံးပြုသော ဂူလိုဏ်အခန်းအတွင်း အသင့် ရှိနေကြ
သည်။

ထိုအချိန်တွင် ဘဲလ်ဒင်ဘက်က ကျွန်မကို မာရီဟု ခေါ်ပြီး ကျွန်မက
လည်း လှည့်ကြည့်ကာ ပြန်ထူးသည်။ ထို့နောက် ကျွန်မက အားနက်ဘက်သို့
လှည့်ကာ ထူးဆန်းသော စိတ်ဝင်စားမှုဖြင့် ကြည့်သည်၊ တော်လှန်ရေး



www.burmeseclassic.com

www.burmeseclassic.com



သူရဲကောင်းတစ်ဦးအား ပထမဦးစွာ တွေ့ရသောအခါ၌ ငယ်ရွယ်သည့် ရဲ
တစ်ဦးက ကြည့်သည့်အကြည့်မျိုး ဖြစ်ပါသည်။ ကျွန်မသည် မာရိဟုမ်း
ကြောင်းဖြင့် သူနှင့် မိတ်ဆက်လိုက်ပါသည်။

လှည့်စားမှုကို ပို၍ ပြည့်စုံစေရန်အတွက် စားပွဲပေါ်၌ ပန်းကန်
တစ်ချပ် အပိုချထားသည်။ ကျွန်မတို့ စားပွဲ ထိုင်လိုက်ကြသောအခါ တစ်နေ
လွတ်နေပါသည်။ အားနက်က သည်းမခံနိုင်လောက်အောင် စိတ်မသက်
ဖြစ်နေသည်ကို တွေ့ရသဖြင့် ကျွန်မမှာ ကြည်နူး ဝမ်းသာနေမိပါသည်။ သူ
ဆက်လက် သည်းမခံနိုင်တော့ပါ။

"ကျုပ်မိန်းမ ဘယ်မှာလဲ" ဟု သူ တဲ့တိုးကြီး မေးပါသည်။

'အိပ်နေတုန်းပါပဲ' ကျွန်မက ဖြေလိုက်ပါသည်။

ယင်းအခိုက်အတန့်ကား အကျပ်တည်းဆုံး အခိုက်အတန့်ပင် ဖြစ်
သည်။ ကျွန်မ့အသံမှာ ထူးဆန်းနေသဖြင့် သူ လုံးဝ မှတ်မိပုံမပေါ်ပါ။ အစား
ကြရင်း ကျွန်မက စကားတွေ အများကြီးပြောသည်။ သူရဲကောင်းကို ကိုးကွယ်
တစ်ဦးက ပြောပုံအတိုင်း ကျွန်မ ထက်သန်စွာ ပြောခြင်းဖြစ်ပါသည်။ သူသည်
ကျွန်မ၏ သူရဲကောင်းပင် ဖြစ်ပါသည်။ သို့ကလို စိတ်ဝင်စား တက်ကြွစရာတွေ
ပြောပြသည့်အဆုံး ကျွန်မ အကြံအစည်ကို သူ မရိပ်မိမီ ကျွန်မ ထိုင်ရာမှ
သူ့ကို ပွေ့ဖက်လျက် သူ့နှုတ်ခမ်းများကို နမ်းလိုက်ပါသည်။ သူက ကျွန်
ပွေ့ဖက်ထားသောလက်ကို ကိုင်ထားရင်း ထူးဆန်းအံ့သြဟန်ဖြင့် စူးစိုက်ကြ
နေပါသည်။

အခြားလေးဦးတို့က အားပါးတရ ရယ်မောခြင်းဖြင့် သူ့ကို နှုတ်ဆက်
ကာ ရှင်းပြကြသည်။ ပထမတွင် သူ သံသယရှိနေသေးသည်။ ကျွန်မကိုလည်း
စေ့စေ့စပ်စပ်ကြည့်ကာ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေပြီးမှ ခေါင်းခါလျ
မယုံသလိုလို ရှိနေပါသည်။ ကျွန်မက ယခင် အဗစ်အဲဗားဟတ် ပြန်ဖြစ်
ပြီး သူ့နားနားကပ်ကာ သူနှင့် အဗစ်အဲဗားဟတ်တို့သာ သိသော လျှို့ဝှက်ချ
များကို တိုးတိုးကလေး ပြောလိုက်မှပင် ကျွန်မအား သူ၏ဇနီးစင်စစ်
ဖြစ်ကြောင်း လက်ခံလာပါတော့သည်။

ထိုနေ့ နောက်ပိုင်းတွင် သူက ကျွန်မကို သူ့လက်များဖြင့်ဖက်
အံ့သြမှုများ၊ ကြည်နူး ဝမ်းသာမှုများကို ဖော်ပြပါသည်။

"မင်းသာ ကိုယ့်ရဲ့ အဗစ်ပါပဲ။ တစ်ချိန်တည်းမှာပဲ မင်းဟာ တ





စ်ယောက် ဖြစ်နေတယ်။ မင်းဟာ မိန်းမနှစ်ယောက် ဖြစ်နေ
များပဲပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ ကိုယ်တို့
ကြပြီ။ အမေရိကန်ပြည်ထောင်စုဟာ ကိုယ်တို့အတွက် မနေနိုင်
အောင် ဖြစ်လာပြီဆိုရင်တော့ ကိုယ်ဟာ တူရကီနိုင်ငံသားဖြစ်နိုင်တဲ့ အရည်
ချင်း ရှိပါတယ်"

ခိုအောင်းရာ စခန်းတွင် ကျွန်မဘဝအတွက် ပျော်ရွှင်စရာ ဖြစ်လာ
ပါသည်။ အချိန်နာရီပေါင်းများစွာ အလုပ် လုပ်ကြရသည် မှန်သော်လည်း
ကျွန်မတို့နှစ်ယောက် အတူတကွ အလုပ်လုပ်ကြရခြင်းဖြစ်ပါသည်။ ကျွန်မတို့
အတွက် အဖိုးအနဂ္ဃ ထိုက်တန်လှသော တစ်ဆယ့်ရှစ်လပင် ဖြစ်ပါတော့သည်။
ရာတွင် ကျွန်မတို့မှာ အထီးကျန်မဟုတ်ပါ။ ခေါင်းဆောင်များ၊ ရဲဘော်များ
အဝင်အထွက်ရှိကြသည်။ လျှို့ဝှက်ကြံစည်မှုနှင့် တော်လှန်ရေး မြေအောက်ကမ္ဘာ
မှ ထူးဆန်းသော အသံများကို ကြားရသည်။ ကွဲလွဲနေသူများအကြောင်း
မြေပြင်ကအကြောင်း စသည် ထူးဆန်းထွေလာ ပုံပြင်များကိုလည်း ကြားနေ
ကြရသည်။ ပျော်စရာ ကြည်နူးစရာတွေကလည်း အများကြီး ပါပါသည်။

ကျွန်မတို့မှာ မှုန်ရီဝေဝါးနေသော လျှို့ဝှက်ကြံစည်သမားများ မဟုတ်
ပါ။ ခက်ခဲပင်ပန်းစွာ အလုပ်လုပ်ကြရပါသည်။ အဆုံးအရှုံးတွေကိုလည်း ကြီးစွာ
ခံကြရသည်။ တပ်သားထုများအတွင်း ကွာဟမှုတွေကို ဖြည့်ဆည်းပေးရသည်။
မလား သေမလား မသိသော ဘဝမျိုးနှင့် ယှဉ်ပြိုင် ကစားနေကြရသော်လည်း
ယ်မောရခြင်းနှင့် ချစ်ခြင်းမေတ္တာကိုမူ ရှာဖွေ တွေ့ရှိနိုင်ကြပါသေးသည်။ ကျွန်မ
တို့အတွင်း အနုပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေ၊ သုတေသီတွေ၊ ဂီတပညာရှင်
တွေနှင့် ကဗျာဆရာတွေ ပါဝင်လျက်ရှိပါသည်။

ဤခိုအောင်းရာစခန်းမှ အနုပညာမှာ လူနည်းစု လူတန်းစား၏
န်းတော်များနှင့် အံ့ဖွယ်မြို့ကြီးပြကြီးများမှ အနုပညာထက် ပို၍ နူးညံ့
တောင်းမွန်ပါသည်။ အမှန်အားဖြင့် ကျွန်မတို့ ရဲဘော်များစွာမှာ ဤနန်းတော်
များ အံ့ဖွယ်မြို့ကြီးပြကြီးကို လှပအောင် ပင်ပန်းတကြီး အလုပ်လုပ်ခဲ့ကြရ
ပါသည်။

ကျွန်မတို့သည် ခိုအောင်းစရာ စခန်းအတွင်း၌သာ နေကြရသည်
မဟုတ်ပါ။ မကြာခဏ ဆိုသလို ညဘက်များတွင် တောင်ပေါ်သို့ထွက်
မြင်းစီးလေ့ကျင့်ကြသည်။ ဝစ်ဆန်၏ မြင်းများကို ကျွန်မတို့ စီးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မြင်းဝေတွက အဘယ်မျှ များပြားသော တော်လှန်ရေးသမားများအား သ
ဆောင်ပေးခဲ့သည်ကို သူသာ သိလျှင် အဘယ်သို့ ရှိပါအံ့နည်း။ တစ်ခါတ
ဆိုလျှင် သီးခြား ဝေးခေါင်လှသော နေရာများသို့ ပျော်ပွဲစားထွက်ကြသ
နံနက်လင်းလျှင် ကျွန်မတို့ ထွက်သွားကြပြီး မှောင်ရီတရိုးတွင်မှ ပြန်လာ
ကြသည်။ ဝစ်ဆန်၏ မလိုင်များ ယောပတ်များကိုလည်း ကျွန်မတို့ သုံး
သည်။

အမှန်စင်စစ် ဤနေရာမှာ လုံခြုံ စိတ်ချရသော ခိုအောင်းရာ
တစ်ခု ဖြစ်ပါသည်။ ဤနေရာကို တစ်ကြိမ်တည်းသာလျှင် ရှာဖွေ တွေ့
ဖူးသည့် အကြောင်း ကျွန်မ ပြောခဲ့ပါပြီ။ ဝစ်ဆန်၏ သားဖြစ်သူ အဘယ်
အစအနပျောက်သွားရသည်ဆိုသည့် လျှို့ဝှက်နက်နဲမှု အဖြေကိုလည်း ကျွ
ရှာဖွေတွေ့ရှိခဲ့ပါသည်။ ယခု သူကား ကွယ်လွန်လေပြီဖြစ်သဖြင့် ကျွ
လွတ်လပ်စွာ ပြောနိုင်ပါတော့မည်။

ကြီးမားသော လိုဏ်ကြီးအောက်တွင် နာရီအနည်းငယ် နေရော
သည့် ထောင့်ချိုးကလေးတစ်နေရာ ရှိသည်။ အပေါ်မှကြည့်လျှင် မမြင်ရ
ဤနေရာကလေး ခြောက်သွေ့နွေးထွေးစေရန် ချောင်းတွင်းမှ ကျောက်
ခဲတွေကို သယ်ယူကာ မြေညှိကြသည်။ တစ်ခုသော မွန်းလွဲပိုင်းတွင် ကျွ
သည် စာဖတ်ရင်း အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေမိပါသည်။

ထိုအခိုက် ကျွန်မ ခြေဖျားနားသို့ မြေများ ကျဆင်းလာပါသည
အပေါ်ဘက်ဆီမှ အော်သံလည်း ကြားရသည်။ ထို့နောက် လူရွယ်တစ်ဦးသ
အပေါ်ဘက်ဆီမှ ကျွန်မ ခြေဖျားနားသို့ လျှောကျလာပါသည်။ သူ့ကို ထိုစဉ်
ကျွန်မ မသိသေးသော်လည်း သူကား ဖီးလစ်ဝစ်ဆန်ဖြစ်ပါသည်။ သူက ကျွန်
အေးတိအေးစက် ကြည့်ကာ အံ့ဩသော လေသံဖြင့် တိုးတိုးပြောသည်။

သူက ဦးထုပ်ကို ချွတ်လိုက်ပြီးနောက် "ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်
ဒီလိုနေရာမှာ ဘယ်သူ တစ်စုံတစ်ဦးကိုမှ တွေ့ရလိမ့်မယ်လို့ ကျွန်တော် မထ
ဘူး"

ကျွန်မက မအေးနိုင်ပါ။ အခက်ခဲဆုံး ဝန်းကျင်မျိုးတွင် အဘယ်
ပြုမူရမည် ဟူသော ကိစ္စနှင့် စပ်လျဉ်း၍ ကျွန်မမှာ ထိုစဉ်အခါက အတွေ့အ
မရှိလှသေးပါ။ ထို့ကြောင့် ကမန်းကတန်း ထကာ အန္တရာယ်ရှိကြောင်း အမှ
အသားဖြင့် သံကုန် အော်လိုက်ပါသည်။





သူက ကျွန်မကို စူးစမ်းသောအကြည့်ဖြင့် ကြည့်ကာ "ဘာဖြစ်လို့
ဒီလိုလုပ်ရတာလဲ" ဟု မေးသည်။

သူ ဤနေရာသို့ လျှောဆင်းလာစဉ် ကျွန်မတို့ ရှိနေသည်ကို မသိသေး
သည်မှာ ထင်ရှားပါသည်။ ဤအချက်ကို စဉ်းစားမိမှပင် ကျွန်မ သတိသာရရှာ
သွားပါသည်။

"ဘာဖြစ်လို့ လုပ်တယ် ထင်သလဲ"

ကျွန်မက ပြန်မေးလိုက်သည်။ သူက ခေါင်းတခါခါ လည်တခါခါဖြင့်

"ကျွန်တော် မသိဘူး။ ဘာပဲဖြစ်ဖြစ်လေ၊ ခင်ဗျား ရှင်းပြရမယ်၊
ကြည့်ရပုံကို ကျွန်တော် သိပ်မကြိုက်ဘူး။ ခင်ဗျားဟာ ကျူးကျော်ဝင်လာတာ
။ ဒါဟာ ကျွန်တော့်အဖေ ပိုင်တဲ့ မြေဗျ. . . နောက်. . ."

ထိုအခိုက် ဘဲလ်ဒင်ဘက်က သူ့နောက်မှ ရောက်လာကာ သူ့ထုံးစံ
အတိုင်း ညင်သာ ဖော်ရွေသော လေသံဖြင့်. . .

"လေးစားအပ်သော သခင်လေး. . . ။ လက်မြှောက်လိုက်ဗျာ"

ဝစ်ဆန်သည် လက်မြှောက်ကာ နောက်ဘက်သို့ လှည့်လိုက်၏။
ငြင်မယ်ဖြင့် သူ့ကိုချိန်ထားသော ဘဲလ်ဒင်ဘက်ကို တွေ့သည်။ ဝစ်ဆန်မှာ
ခိုမ်ထိတ်လန့်ပုံ မရ။

'အို. . . ဟိုး. . . ။ တော်လှန်ရေးသမားတွေရဲ့ အသိုက်အမြုံပါလား။
ဘတယ့် သိက္ခာရှိတဲ့ အသိုက်အမြုံလို့ ထင်စရာပဲ။ ကောင်းပြီလေ။ ခင်ဗျားတို့
ဒီမှာ ကြာကြာ မနေနိုင်ဘူးလို့ ကျွန်တော် ပြောနိုင်တယ်"

"ခင်ဗျား ပြောတာကို ပြန်စဉ်းစားဖို့ ခင်ဗျားလဲ ဒီမှာ အချိန်ကြာကြာ
နေရမယ်။ ကဲ. . . အခု အခိုက်အတန့်ကတော့ ကျွန်တော်နဲ့အတူ လိုက်ခဲ့ဖို့
ကျွန်တော် ပြောရမှာပဲ"

ဘဲလ်ဒင်ဘက်က တိတ်ဆိတ်စွာပင် ပြောသည်။

"အထဲကို ဟုတ်လား။ ခင်ဗျားတို့မှာ မြေအောက် တိုက်ခန်းရှိတယ်
ဟုတ်လား။ ဒါမျိုးရှိတယ်လို့ ကျွန်တော် ကြားမိသား" ဟု အံ့အားသင့်စွာ ပြန်ပြော
ပါသည်။

"လာ. . . လိုက်ကြည့်လေ"

"ဒါပေမယ့် ဒါဟာ တရားမဝင်ဘူး"

"ဟုတ်တယ်။ ခင်ဗျား ဥပဒေအရ တရားမဝင်ဘူး။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ဥပဒေအရကတော့ ကျွန်တော်ပြောတာ ယုံစမ်းဗျာ။ တရား ပါတယ်။ ခင်ဗျား အသက်ရှင်နေထိုင်တဲ့ ဖိနှိပ်မှု၊ ရက်စက်မှုကမ္ဘာ မဟုတ် တခြားကမ္ဘာတစ်ခုထဲ ခင်ဗျား ရောက်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သ ပေါက်အောင် လုပ်ဗျာ"

"ပြင်းခုံစရာတွေ ရှိနေတယ်" ဟု ဝစ်ဆန်က ဖြည်းလေးစွာ ပြော သည်။

"ဒီလိုဆို ကျွန်တော်တို့နဲ့နေပြီး ဆွေးနွေးပေါ့"

ထိုလူရွယ်က တဟားဟား ရယ်မောကာ သူ့အား ဖမ်းဆီးထား နောက်သို့ ဝင်လိုက်သွားပါသည်။ သူ့ကို အတွင်းအခန်းသို့ ပို့ကာ ရဲဘော် တ အား အစောင့်ချထားလိုက်ပြီးနောက် မီးဖိုခန်း၌ ကျွန်မတို့ အခြေအနေ ဆွေးနွေးကြပါသည်။

ဘဲလ်ဒင်ဘက်က ဝစ်ဆန်မှာ သေရမည်သာဖြစ်ကြောင်း မျက်ရည် ကျကာ ပြောပါသည်။ ကျွန်မတို့က ကြောက်မက်ဖွယ်ကောင်းလှသော သ အဆိုပြုချက်ကို တညီတညွတ်တည်း ထောက်ခံမဲ ပေးလိုက်မှ သူ စိတ်သ သာရာ ရသွားပါသည်။ အခြားတစ်ဘက်တွင် ဤလူရွယ်ကို ကျွန်မတို့ ပြန်လွှတ်ရန်အတွက် အိပ်မက်ပင် မမက်နိုင်တော့ပါ။

"ဘာလုပ်ရမယ်ဆိုတာ ကိုယ် ပြောပြမယ်။ သူ့ကို ကိုယ်တို့က ထားပြီး ပညာပေးရမယ်" ဟု အားနက်က ပြောပါသည်။

"တရားဥပဒေကြောင်းအရ သူ့ကို အသိဉာဏ်ပွင့်လာအောင် လုပ် ဖို့ထက် ခံစားခွင့်ကို ကျွန်တော် ကြိုပြောချင်တာ" ဟု ဘဲလ်ဒင်ဟတ်က ဆို သည်။

ဤသို့ဖြင့် ဆုံးဖြတ်ချက်တစ်ခုကို ကျွန်မတို့ ရယ်ရယ်မောမော ချမှတ်နိုင်ခဲ့ပါတော့သည်။ ဖီးလစ်ဝစ်ဆန်ကို အကျဉ်းသားအဖြစ် ကျွန်မ ထားပြီး ကျွန်မတို့ ကျင့်ဝတ်များ၊ လူမှုရေးဗေဒများအရ ပညာပေးမည်။ သို့ရာတွ ဤသို့ လုပ်ကိုင်နိုင်ရန်အတွက် လုပ်ရမည့်တာဝန် ရှိပါသေးသည်။ ဤလူနည် အာဏာရ အသိုင်းအဝိုင်းသမားကလေး လာရာလမ်းမှ သဲလွန်စတွေကို ဖျော ဖျက်ပစ်ရပါဦးမည်။ လိုဏ်ဂူအောက်သို့ လျှောဆင်းလာစဉ်က လမ်းကြောင်း ကျန်နေရစ်သည်။ ထိုလုပ်ငန်းကို ဘဲလ်ဒင်ဘက်က တာဝန်ယူပါသည်။ အ ကြီးတစ်ချောင်းချကာ နံရံနှင့် ဆင်ခြေလျှောလမ်းတစ်လျှောက် သဲလွန်စတွေ



တစ်နေ့လုံး လိုက်လံဖယ်ရှား ဖျက်ပစ်ပါသည်။ အမှတ်အသားတွေအားလုံး ပျောက်ပျက်သွားပါပြီ။ မှောင်ရီတပိုးတွင် ဂွန်ကာလ်ဆင် ရောက်လာကာ ဝစ်ဆန် ၏ ဖိနပ်များကို တောင်းသွားသည်။

ထိုလူရွယ်က သူ့ရှူးဖိနပ်တွေကို မပေးချင်ပါ၊ မပေးချင်သည့်အတွက် ဆှဉ်ပြိုင်သတ်ပြုတ်ရန်ပင် သူက ကမ်းလှမ်းနေပါသည်။ နောက်ဆုံး၌တော့ အားနက်၏ လက်အတွင်း ပျော့ခွေကျသွားမှ အလျှော့ပေးပါသည်။ ထို့နောက် ဘာလ်ဆင်မှာ ဘာမဟုတ်သော ဖိနပ်တစ်ရံအတွက် သူ့ခွန်အားတွေ အသုံးပြု ရလေခြင်းဟု ကြိတ်မနိုင်ခဲမရ ညည်းတွားကာ ယင်းဖိနပ်ကို စီးလျက် ထွက်ခွာ သွားပါသည်။

သူသည် တောင်ကြောများတစ်လျှောက်၊ တောင်ကြား လူသွားလမ်း များတစ်လျှောက် မိုင်ပေါင်းများစွာ လမ်းလျှောက်ပါသည်။ နောက်ဆုံးတွင် ချောင်းငယ်ကလေးတစ်ခုအတွင်းသို့ ဆင်းသွားပြီး ဖိနပ်ကို ချွတ်ပစ်ခဲ့သည်။ ထိုမှတစ်ဖန် ခရီးအတန်ငယ်လှမ်းသောနေရာ၌ ဝှက်ထားခဲ့သည့် သူ့မူရင်း ဖိနပ်ရှိရာသို့ ခြေရာဖျောက်သွားကာ နောက်ရက်သတ္တပတ်တွင် သူ့မူရင်းဖိနပ် စီးလျက် ပြန်ရောက်လာပါသည်။

ထိုညတွင် အမဲလိုက်ခွေးများ ထွက်လာကြသည်။ ထို့ကြောင့် စခန်း တစ်ခုလုံး ကောင်းစွာ မအိပ်ကြရပါ။

နောက်တစ်နေ့တွင်လည်း ခွေးများ တောင်နံရံအတိုင်း ဆင်းလာကာ ဘာလ်ဆင် ထွက်သွားခဲ့သည့် လက်ဝဲဘက်လမ်းအတိုင်း လိုက်သွားကြသည်။ တဖြည်းဖြည်း ပိုဝေးသော တောင်တန်းပေါ် ရောက်သွားကြမှ သူတို့အသံကို မကြားရတော့ပါ။ ထိုအခိုက်အတန့် တစ်လျှောက်လုံး စခန်းတွင်းရှိ ကျွန်မတို့ ရဲဘော်များအားလုံးမှာ ဘဲလ်ဒင်ဘက် လုပ်ပေးသည့် သေနတ်များသာမက မှိုရှိသမျှ လက်နက်တွေကို ကိုင်ဆောင်ကာ အသင့်ပြင်ထားကြပါသည်။

တစ်ချိန်သောအခါက လူနည်းစုအာဏာရ အသိုင်းအဝိုင်းဝင်ဖြစ်ပြီး နောင်သောအခါ တော်လှန်ရေးသမားတစ်ဦး ဖြစ်လာခဲ့သည့် ဖီးလစ်ဝစ်ဆန် ပျောက်ဆုံးသွားရခြင်း အကြောင်းရင်းကို ကျွန်မ ရေးခဲ့ပါပြီ။

ကျွန်မတို့၏ ပြောင်းလဲပေးမှုကြောင့် သူသည် ကျင့်ဝတ်သိက္ခာ ပြည့်စုံသော လူသစ်စိတ်သစ် ဖြစ်လာပါတော့သည်။ နောက် လ တွင် သူ့ဖခင်၏ မြင်းတစ်ကောင်ဖြင့် သူ့ကို ဆိုနိုမာ တောင်တန်း

www.burmeseclassic.com

www.burmeseclassic.com



ပီတာလူမာချောင်းအထိ ခေါ်သွားကာ ငါးဖမ်းလှေတစ်စင်းပေါ် တင်ပေးလိုက်ပါသည်။ ဤသို့အားဖြင့် စခန်းအဆင့်ဆင့် ဖြတ်ကျော်ကာ ကာမဲလ်စခန်းသို့ အရောက်ပို့ပေးခဲ့ပါသည်။

ထိုစခန်းတွင် သူ ရှစ်လတိုင်တိုင် နေခဲ့ပါသည်။ ထို့နောက်တွင် အကြောင်းနှစ်ကြောင်းကြောင့် သူ ကျွန်မတို့နှင့် မခွဲခွာတော့ပါ။ အကြောင်းတစ်ကြောင်းမှာ သူသည် အင်နာရိုလ်စတန်နှင့် မေတ္တာသက်ဝင် ချစ်ခင်နေခဲ့ပြီး အခြားတစ်ကြောင်းမှာ ကျွန်မတို့အတွင်းလူတစ်ဦး ဖြစ်လာသောကြောင့် ဖြစ်ပါသည်။ သူ့အချစ်ရေး၌ မျှော်လင့်ချက် ကင်းမဲ့ကြောင်း သဘောပေါက်လာသည့်အချိန်တွင်မှ ကျွန်မတို့ ဆန္ဒကို လိုက်လျောကာ သူ့ဖခင်ထံ ပြန်သွားခဲ့ပါသည်။ သူကား ကွယ်လွန်ချိန်အထိ ကျွန်မတို့အပေါ် သစ္စာ စောင့်သိသွားခဲ့ပါသည်။

သူသည် အရေးတော်ကို သစ္စာရှိရာ၌ စိုးစဉ်းမျှ တွေဝေ ယိမ်းယိုင်ခြင်း မရှိခဲ့ပါ။ သူ သေဆုံးခဲ့ရသော အကြောင်းရင်းမှာလည်း တာဝန်ကို ချစ်မြတ်နိုးလွန်းလှသောကြောင့် ဖြစ်ပါသည်။ ၁၉၂၇ ခုနှစ် မုန်တိုင်းကြီးအတွင်း ကျွန်မတို့ ခေါင်းဆောင်များ၏ အစည်းအဝေးတစ်ခုသို့ သူ တက်ရောက်စဉ် အဆုတ် အအေးမိရောဂါဖြင့် ကွယ်လွန်ခဲ့ရခြင်းသာဖြစ်ပါသည်။

❖ ❖ ❖

## အခန်း [ ၂၁ ]

## ဟိန်းနေသော သားရဲ တဲရစ္ဆာန်

ခိုအောင်းရာစခန်း၌ နေထိုင်ရသည့် ရှည်လျားသော ကာလအတွင်း ကျွန်မတို့သည် ပြင်ပကမ္ဘာ၌ ဘာတွေ ဖြစ်ပျက်နေသည်ကို နီးကပ်စွာ စောင့်ကြည့်နေခဲ့ကြလျက် ကျွန်မတို့နှင့် စစ်ပြိုနေသော လူနည်းစု အစိုးရအင်အားကိုလည်း လေးလေးနက်နက် လေ့လာလျက် ရှိပါသည်။

အပြောင်းအလဲတည်းဟူသော လျှော်မျှင်များအကြားတွင် သစ်လွင်သော အဆောက်အအုံများ ပေါ်ထွန်းလာလျက် ထာဝရ တည်တံ့မည့် သဘောသကန်များဆောင်လျက်ရှိပါသည်။ လူနည်းစု လူတန်းစားမှာ ကျွန်မတို့၏ ပိတ်ဆို့တားဆီးရေး အားထုတ်ချက်များအကြားကပင် ကျယ်ပြောရှုပ်ထွေးသော အာဏာယန္တရားကို သုံးစွဲရာ၌ အောင်မြင်နေဆဲပင် ဖြစ်ပါသည်။

ဤသည်မှာ တော်လှန်ရေးသမား အားလုံးအတွက် အံ့ဖွယ်ပင်ဖြစ်နေပါသည်။ ဤသည်ကို လိမ်လည်ရန် မဖြစ်နိုင်ပါ။ နိုင်ငံ၏ လုပ်ငန်းအားလုံး



www.burmeseclassic.com

www.burmeseclassic.com



မှာ လည်ပတ်နေပါသည်။ သတ္တုတွင်းများနှင့် လယ်ကွင်းများတွင် လူတွေ ကျေးကျွန်များနှင့်မခြား ရုန်းကန်နေရဆဲ။ အရေးပါသော စက်မှုလုပ်ငန်းကြီးတွေမှာလည်း ဖွံ့ဖြိုးစည်ပင်မြဲဖြစ်ပါသည်။ ကြီးမားသော အလုပ်သမား လူတန်းစား အလွှာအသီးသီးမှာ ကျေနပ်နှစ်သိမ့်စွာပင် ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်နေကြဆဲ ဖြစ်ပါသည်။ စက်မှုလုပ်ငန်း၏ ငြိမ်းချမ်းမှုကို သူတို့ဘဝတွင် ပထမဆုံးအကြိမ် တွေ့ခြင်း၊ သိရှိကြရခြင်းဖြစ်ပါသည်။

အချိန်ကြန့်ကြာမှု၊ သပိတ်နှင့် ပိတ်ဆို့ တားဆီးမှု၊ ကမ္ဘာ့သမဂ္ဂတံဆိပ်စသည်တို့ကြောင့် ရောက်ရသော သောကများလည်း သူတို့တွင် မရှိတော့။ ယခင်သူတို့ နေထိုင်ခဲ့ရသော ဆင်းရဲသား ရပ်ကွက်များ၊ တဲစုပ် တဲပျက်များမှာထက် ပို၍ ပျော်ရွှင်စရာကောင်းသော နေချင့်စဖွယ် အိမ်များ၊ မြို့ကြီးပြကြီးများတွင် သူတို့နေထိုင်လျက် ရှိကြသည်။ သူတို့အတွက် စားနပ်ရိက္ခာ များလာသည်။ အလုပ်လုပ်ချိန် ပိုနည်းလာသည်။ အားလပ်ရက် ပိုရလာပြီး စိတ်ဝင်စားစရာနှင့် ပျော်စရာတွေ ပိုများလာသည်။

သူတို့ထက် ပို၍ ကုသိုလ်ဆိုးရှာသော ညီအစ်ကိုများ၊ နှမများဖြစ်ကြသည့် အရေးပေးမခံရသော အလုပ်သမားထုများ၊ နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းသို့ ရောက်နေကြရသူများအတွက်ကိုမူ ဂရုစိုက်မည့်သူ မရှိပါ။ လူ့ဘောင်တွင်း ကိုယ်ကျိုးကြည့်ခေတ် ဟူ၍ ပေါ်ထွန်းလာခဲ့ပါပြီ။

ကြွေးစားများလည်း ပေါ်ထွန်းတည်တံ့လျက် ရှိပါသည်။ ဖွဲ့စည်းထားသော ဤကြွေးစားများ၏ အင်အားမှာ တစ်သန်းအထိ တိုးလာပါသည်။ သူတို့အတွင်း၌ ကျွန်မတို့ သူလျှိုများကို ထည့်ထားနိုင်ပါသေးသည်။

ဤသို့အားဖြင့် လူနည်းစု လူတန်းစားမှာ မှတ်သားလောက်ဖွယ်ရာ ဆက်လက် ခိုင်မာနေပြီး မမျှော်လင့်သော ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိနေသည်ဟု ဝန်ခံရပါမည်။ လူတန်းစားတစ်ရပ်အဖြစ် သူတို့ စည်းကမ်းကို သူတို့စောင့်ထိန်းကြသည်။ လူတိုင်း အလုပ်လုပ်ကြရသည်။ အလဟဿ နေထိုင်ချမ်းသာနေသည့် လူငယ်လူရွယ်ဟူ၍ မရှိပါ။ သူတို့ အင်အားကို လူနည်းစု လူတန်းစားအတွက် အသုံးချပါသည်။ သူတို့သည် စစ်တပ်များ၊ စက်ရုံ အလုပ်ရုံများ၏ အကြီးအကဲအဖြစ် အမှုထမ်းကြပါသည်။ အသုံးချသိပ္ပံတွင် သူတို့ ကျွမ်းကျင် လုပ်ကိုင်ကြပြီး သူတို့အနက် များစွာမှာ အင်ဂျင်နီယာကြီးတွေ ဖြစ်လာကြသည်။ အုပ်ချုပ်ရေးယန္တရား၏ တာဝန်တွေကို သူတို့ ခွဲဝေထမ်းဆောင်ကြပြီး





တိုလီနီများ၌ အမှုထမ်းကြပါသည်။ ထောင်ပေါင်းများစွာတလည်း ထို့အပြင် ထောက်လှမ်းရေးဌာနများတွင် ဝင်ရောက် အမှုထမ်းကြသည်။

သူတို့သည် အနုပညာ၊ ဘာသာရေး၊ သိပ္ပံနှင့်စာပေ စသည့် ပညာရပ်များ၌ ကြိုးစားကြသည်ဟု ကျွန်မ ဆိုရပါမည်။ ယင်း နယ်ပယ်များတွင် လူနည်းစု လူတန်းစား အစွန့်ဆက်ရှည်စေရေးအတွက် ဦးတည်သည့် အတွေးအခေါ်ကို ထုတ်လုပ် ဖန်တီးပေးနေသူများအား ပံ့သွန်းရေးတည်းဟူသော အရေးပါသည့် လုပ်ငန်းဆောင်တာများ၌ ထမ်းရွက်ခဲ့ကြပါသည်။

သူတို့ လုပ်ကိုင်နေမှုတွေမှာ မှန်သည်ဟု သင်ကြားပေးခြင်း ခံခဲ့ရသူများ ဖြစ်လာသည်။ ကမ္ဘာလောကကို သိမြင်ရန် အစပျိုးသည့် ကလေးအရွယ်ကတည်းက မင်းစိုးရာဇာ အတွေးအခေါ်များကို ဆက်ခံခဲ့ကြရသူများဖြစ်ပါသည်။ ယင်းအတွေးအခေါ်သည် သူတို့ အသွေးအသားများ ဖြစ်လာကြပါသည်။ ရိုင်းစိုင်းသော တိရစ္ဆာန်များကို လေ့ကျင့်စေသူများ၊ သားရဲများကို ကွပ်ကဲ အုပ်ချုပ်သူများအဖြစ် သူတို့ကိုယ် သူတို့ သိမြင်ကြသည်။ တော်လှန်ရေးဆိုသည်မှာ သူတို့ ခြေဖဝါးအောက်တွင် ပျက်သုဉ်းနေသော အပျက်အစီးများသာ ဖြစ်သည်။ ဓားနှင့် ကျည်ဆန်တို့သည် လူ့ဘောင်လောက ဆက်လက်တည်တံ့ရေးအတွက် သူတို့ စိုးမိုးချုပ်ကိုင်ရမည့် ဟိန်းဟောက်နေသော သားရဲတိရစ္ဆာန်၏ တောင်ပံများအဖြစ် ကြည့်မြင်ကြသည်။

သူတို့သည် လူ့ဘောင်၏ ကယ်တင်ရှင်များ ဖြစ်သည်။ အကောင်းဆုံးထက် အကောင်းဆုံးအတွက် သူရဲကောင်း ပီသစွာ အနစ်နာခံ၍ အလုပ်လုပ်နေကြသူများအဖြစ် သူတို့ကိုယ်သူတို့ ခံယူကြသည်။

လူတန်းစား တစ်ရပ်အနေဖြင့် သူတို့ကလည်း လူ့ဘောင်ယဉ်ကျေးမှုကို ထိန်းသိမ်းထားသူများ ဖြစ်သည်ဟု ယုံကြည်ထားကြသည်။ သူတို့ အားနည်းသွားသည်နှင့် တစ်ပြိုင်နက် သားရဲတိရစ္ဆာန်ကြီးက သူတို့ကို ဝါးမျိုသွားလိမ့်မည်။ အလှအပများ အံ့သြဖွယ်ရာများနှင့် ပျော်ရွှင်မှုများ ပပျောက်သွားရလိမ့်မည်ဟုလည်း သူတို့ ယုံကြည်ကြပါသည်။

သူတို့မရှိပါက မင်းမဲ့ဝါဒ လွှမ်းမိုးလာမည်။ လူ့သမိုင်းသည် မိမိပေါက်ဖွား အစပျိုးခဲ့ရာ ကမ္ဘာဦးခေတ်ဆီသို့ ပြန်ရောက်သွားပေလိမ့်မည်ဖြစ်ကြောင်း မင်းမဲ့ဝါဒ၏ ကြောက်မက်ဖွယ်ရာ ရုပ်ပုံလွှာကို သူတို့သားသမီးများ အသည်ဝအောင် သင်ပေးထားကြသည်။ မင်းစိုးရာဇာတို့၏ တာဝန်မှာ ဤ



www.burmeseclassic.com

www.burmeseclassic.com



သားရဲကောင်ကို နှိမ်နင်းချေမှုန်းပစ်ရန်သာ ဖြစ်သည်။ အတိုချုပ် ဆိုရသော် သူတို့သာလျှင် အားနည်းသော လူ့ဘောင်နှင့် အလိုရမ္မက်ကြီးလှသော သားကောင်အကြားတွင် အနာခံစွန့်စား ရပ်တည်နေသော သူများဖြစ်သည်ဟု အခိုင်အမာ ယုံကြည်နေကြပါသည်။

လူနည်းစု လူတန်းစားတို့၏ ဤမြင့်မား မှန်ကန်သော ကျင့်ဝတ်သိက္ခာများအကြောင်း အသေးစိတ် ကျွန်ုပ် မရေးနိုင်ပါ။ ဤသည်မှာ သံဖနောင့်၏ အားအင်ပင် ဖြစ်လျက် ယင်းအချက်ကို ကျွန်ုပ်တို့ ရဲဘော်များ သဘောပေါက် နားလည်ရန်အတွက် လွန်စွာနှေးကွေး ကြန့်ကြာခဲ့ပါသည်။ ရဲဘော်များစွာတို့က ဆုလာဘ်ပေးခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းလောက်ကိုသာ သံဖနောင့်၏ အားအင် အဖြစ် ယူဆထားခဲ့ကြပါသည်။ ဤသည်မှာ မှားယွင်းလှပါသည်။

လူနည်းစု လူတန်းစား၏ အဓိက မောင်းနှင်အားမှာ သူတို့မှန်ရာကို လုပ်နေသည်ဟူသော အချက်ပင် ဖြစ်ပါသည်။ သံဖနောင့်၏ ဖိနှိပ်ချုပ်ချယ်မှုများ၊ မတရားမှုများ အားလုံးမှာ ကိစ္စမရှိ။ အားလုံးမှန်သည်။ ယနေ့ လူနည်းစု လူတန်းစား၏ အားအင်မှာ သူတို့သာလျှင် မှန်ကန်သည်ဟု ကျေနပ်နှစ်သိမ့်စွာ ယုံကြည်နေမှုပင် ဖြစ်ပါသည်။

ဤကြောက်မက်ဖွယ်ရာ နှစ်ပေါင်းနှစ်ဆယ်အတွင်း တော်လှန်ရေး၏ အားအင်မှာလည်း မှန်ကန်သည်ဆိုသော ယုံကြည်မှုတွင် တည်ရှိနေခဲ့ပါသည်။ ကျွန်ုပ်တို့၏ စွန့်လွှတ်မှုမျိုး၊ အာဇာနည်ပီသမှုမျိုးကို ရှင်းလင်းဖော်ပြရန် အခြား မည်သည့်နည်းလမ်းမှ မရှိပါ။ ဤအရေးတော်အတွက် ရှဒေါ့ဖ်မင်ဒင်ဟောလ် တစ်ယောက် သူ့ဘဝ နောက်ဆုံးညတွင် တော်လှန်ရေးတေးကို ဟစ်ကြွေးခဲ့ သည်။ အရေးတော်အတွက် ဟောလ်ဘတ်တစ်ယောက် သူ့ရဲဘော်များအပေါ် သစ္စာမဖောက်ဘဲ နှိပ်စက်ညှဉ်းပန်းမှုများအောက်တွင် အသက်ပျောက်ခဲ့ရပါသည်။ ဤအရေးတော်အတွက် အင်နာရှိစလန်မှာ သူ့အိမ်ထောင်ရေးကို စွန့်လွှတ်ခဲ့ ပါသည်။ ဤအရေးတော်အတွက် ဂျွန်ကာလ်ဆင်သည် ဂလင်အယ်လင်စခန်း၌ သစ္စာရှိသော၊ အခကြေးငွေ တစ်ပြားတစ်ချပ်မှ မရသော ထိန်းသိမ်းစောင့်ရှောက် သူအဖြစ် တာဝန်ထမ်းခဲ့ပါသည်။

ကြီးငယ်မရွေး၊ ကျား မ မရွေး၊ သူကြွယ်နှိမ့်မြင့်မရွေး၊ အစစ်အမှန်ဖြစ်စေ၊ တစ်ဝက်တစ်ပျက်ဖြစ်စေ တော်လှန်ရေး ရဲဘော်များအကြားတွင် တာသား တည်း ရှိနေခဲ့ကြပါသည်။





ကျွန်ုပ် ဆိုလိုရင်းမှာ ကင်းကွာသွားပါသည်။ ကျွန်ုပ်တို့ခေါင်းကို မော့နိုင် မှာမီ အားနက်ရော၊ ကျွန်ုပ်ပါ သံဖနောင့်၏ အင်အား အဘယ်မျှ ကြီးမားနေကြောင်း ကောင်းစွာ နားလည်ခဲ့ကြပါသည်။ ဇာတ်မြင့် အလုပ်သမားများ ကြေးစားများ၊ လျှို့ဝှက်သူလျှိုနှင့် ပုလိပ်များ အားလုံးက လူနည်းစုအစိုးရတို့ သစ္စာတော်ခံကြပါသည်။ လွတ်လပ်မှု ဆုံးရှုံးကာ တွေဝေ မိန်းမောနေကြစေ ကာမူ ယခင်ကထက် ပို၍ ကောင်းမွန်စွာ သူတို့နေထိုင်ကြရမည်။

အခြားတစ်ဘက်တွင်မူ အကူအညီ ကင်းမဲ့သော ချောက်ကမ်းပါး အတွင်းမှ လူသားများဖြစ်ကြသည့် လူထုများမှာမူ ဆင်းရဲဒုက္ခဖြင့်သာ ရောင့်ရဲ တင်းတိမ်နေရသော ဘဝတွင် နစ်မွန်းလျက်ရှိကြပါသည်။ ၎င်းတို့အနက်မှ အချို့တလေ ပစ္စည်းမဲ့များက လူထုများအကြား စွမ်းပကားပြရန် ကြိုးစားသည် နှင့် တစ်ပြိုင်နက် သူတို့ကို လူထုများအကြားမှ ဆွဲထုတ်သွားကာ ဇာတ်မြင့် အလုပ်သမား၊ သို့မဟုတ် ကြေးစားများအတွင်း သွတ်သွင်းကာ ပိုမိုကောင်းမွန် သော အခြေအနေကို ပေးအပ်လိုက်ပါတော့သည်။ ဤသို့အားဖြင့် သဘော ကွဲလွဲမှုများ ငြိမ်ကျသွားကာ သဘာဝခေါင်းဆောင်တွေကို ပစ္စည်းမဲ့များထံမှ ခိုးပြတိုက် လုယက်သွားကြပါတော့သည်။

နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းမှ လူတွေ၏ အခြေအနေမှာ သနားစရာအတိ ဖြစ်ပါသည်။ ယခုအထိ သူတို့ ရရှိထားသော ဘုံပညာရေး နေ့စ် ရပ်စဲသွားခဲ့ပါပြီ။ သူတို့သည် အလုပ်သမား ရပ်ကွက်များ၌ ဆင်းရဲမွဲတေ မှုများဖြင့် သားရဲတိရစ္ဆာန်များသဖွယ် နေထိုင်ကြသည်။ ယခင် သူတို့ရရှိခဲ့သော လွတ်လပ်မှုများအားလုံး မရှိကြတော့။ သူတို့သည် ကျေးကျွန် အလုပ်သမားများ အဖြစ်၌သာ တည်ရှိနေပါတော့သည်။ သူတို့တွင် အလုပ်ရွေးချယ်ခွင့်မရှိ၊ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းခွင့်၊ လက်မှတ်ကိုင်ဆောင်ခွင့် မရှိ။

သူတို့သည် တောင်သူလယ်သမားများကဲ့သို့ မြေကျွန် ယာကျွန်များ တော့တ်။ စက်၏ ကျေးကျွန်များ၊ လုပ်အား၏ ကျေးကျွန်များ ဖြစ်နေပါသည်။ သမ်းမကြီးများ၊ လေယာဉ်ကွင်းများ တည်ဆောက်ရေး၊ တူးမြောင်းများ ဥမင် သိုက်ဂူများ၊ မြေအောက်လမ်းများ၊ ခံကတုတ်များ တည်ဆောက်ရေး စသည် ဖြင့် လိုအပ်ချက်များ ပေါ်ပေါက်လာပါက သူတို့ထံမှ အခွန်အတုတ်ကောက်ခံကာ ရာပေါင်း ထောင်ပေါင်းများစွာကို တည်ဆောက်ရေး နေရာများ သို့ ရွှေ့ပြောင်းပေးခြင်း ခံရသည်။ ဤသူတို့ကို အာဒစ်မြို့ကြီး တည်ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ရာ၌ ခိုင်းစေထားခြင်း ခံနေရသည်။

အမှန်အားဖြင့် အလုပ်သမားများ၊ ဆင်းရဲသားရပ်ကွက်များတွင် လူနည်းစု လူတန်းစားက အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့လျက်ရှိသည် ဟိန်းဟောက်နေသော သားရဲတိရစ္ဆာန်ကြီး ရှိနေပါသည်။ သို့ရာတွင် ဤသည်မှာ သူတို့ အသက်သွင်းခဲ့သော သားရဲတိရစ္ဆာန်သာ ဖြစ်ပါသည်။

အာဒစ်မြို့ကြီး ပြီးစီးသွားပါက ယင်းထက်ပို၍ အံ့ဖွယ်ဖြစ်သော အက်စ်ဂတ်မြို့ကို တည်ဆောက်ရန်အတွက် အခွန်အတုန်သစ်များ ကောက်ခံ နေကြောင်း သတင်းရရှိပါသည်။

ကျွန်မတို့ တော်လှန်ရေးတွင်လည်း ဤသို့လျှင် ကြီးကျယ်ခမ်းနား သော လုပ်ငန်းတွေကို လုပ်ဆောင်ရပါသည်။ သို့ရာတွင် အတိဒုက္ခရောက်နေ သော ကျေးကျွန်များဖြင့် မလုပ်ဆောင်ပါ။ ဤလုပသော မြို့ကြီးများ၏ နံရံ များ၊ မျှော်စင်များအကြားမှ ဒုက္ခရောက် ညည်းတွားသံများ မပေါ်ပေါက်စေ ပါ။ တေးဂီတနှင့် ရယ်မောသံတို့သာ ပျံ့လွင့်စေရပါမည်။

ချီကာဂိုဘုံအဖွဲ့ အရေးတော်ပုံအတွင်း အားလျော့သွားရသည့် ကျွန်မ တို့၏ ကံမကောင်း အကြောင်းမလှသော ပထမ တော်လှန်ရေးအတွက် ရင်-မှည့်မည့်ကာလကို အားနက် စိတ်မရှည်နိုင်လောက်အောင် စောင့်ဆိုင်းနေခဲ့ ပါသည်။

သူ့တွင် သည်းခံနိုင်စွမ်း များစွာရှိပါသည်။ ဟက်ဒလီဆိုသူ အီလီဗ်ရှိတ်မှ ရောက်လာခဲ့ပြီးနောက် ပညာတတ် ပစ္စည်းမဲ့များကို စည်းရုံးရေးအတွက် စီမံကိန်းများ ချခဲ့ပါသည်။ ချောက်ကမ်းပါးအတွင်းမှ လူသားများအကြား ပညာပေး စည်းရုံးရေးအတွက်လည်း စိတ်ကူးခဲ့ပါသည်။ သို့ရာတွင် ယင်း စီမံကိန်းအားလုံးမှာ ပထမတော်လှန်ရေးအဖြစ်တွင် ဆုံးရှုံးခဲ့ရပါတော့သည်။

၁၉၁၇ ခုနှစ်၊ ဇန်နဝါရီတွင်မှ ကျွန်မတို့ ခိုအောင်းရာစခန်းမှ ထွက်ခွာ ခဲ့ကြခြင်းဖြစ်ပါသည်။ အားလုံးစီစဉ်ထားပြီးဖြစ်ပါသည်။ သံဖနောင့်၏ စီမံကိန်း တွင် သူလျှိုအဖျက်သမားများအဖြစ် ကျွန်မတို့ နေရာယူကြပါသည်။

ကျွန်မက အားနက်၏နှမဟန်ဆောင်လာသည်။ အခွင့်အာဏာ မြင့်မားနေသော အတွင်းရဲဘော်များ၏ အစီအစဉ်ဖြင့် ကျွန်မတို့အတွက် နေရာ ရသည်။ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများလည်း အသင့် ရှိပြီး ဖြစ်ပါသည်။ ဤသို့ဖြင့် လျှို့ဝှက်သူလျှိုများ အလုပ်စကြပါသည်။ အမိန့်





နာခံကြပါသည်။ တာဝန်ထမ်းဆောင်ကြသည်။ သဲလွန်စများ နောက်သို့ လိုက်ကြသည်။ မကြာခဏဆိုသလို သူတို့မမြင်ဖူးသော အထက်အရာရှိထံ အစီရင်ခံကြသည်။ သို့တည်းမဟုတ် ယခင်က မမြင်ဖူးသော တစ်ခန်းလည်း မြင်မတွေ့တော့သော အခြားသူလျှိုများနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၂ ]

## ချီကာဂိုဘုံအဖွဲ့ အရေးတော်ပုံ

သူလျှိုအဖျက်သမားများအဖြစ် ကျွန်မတို့သည် အကြီးအကျယ် ခရီးသွားနိုင်ကြသည်သာမက ကျွန်မတို့၏ လုပ်ငန်းက ပစ္စည်းမဲ့များ၊ ကျွန်မတို့၏ တော်လှန်ရေးသမား ရဲဘော်များနှင့်ပါ အဆက်အသွယ် ရစေခဲ့ပါသည်။ ဤသို့အားဖြင့် ကျွန်မတို့မှာ တစ်ချိန်တည်းတွင် စခန်းနှစ်ခုခွဲကာ သံဖနောင့်အတွက် ပြောင်ကျကျ အမှုထမ်းလျက်၊ ကျွန်မတို့ အရေးတော်အတွက် လျှို့ဝှက်အလုပ် လုပ်နေကြပါသည်။

လူနည်းစုအစိုးရ၏ လျှို့ဝှက်ထောက်လှမ်းရေး လုပ်ငန်းအတွင်း ကျွန်မတို့လူ တော်တော်များများ ရောက်နေကြသည်။ မကြာခဏ ဆိုသလို လူအပြောင်းအရွှေ့များ ပြုလုပ်ခြင်း၊ ပြန်လည် ဖွဲ့စည်းခြင်း စသည်တို့ကို ပြုလုပ်ကြသော်လည်း ကျွန်မတို့လူများကို ကုန်စင်အောင် ထုတ်မပစ်နိုင်ပါ။

အားနက်မှာ ပထမတော်လှန်ရေးအတွက် အကြီးအကျယ် စီစဉ်ခဲ့ပြီး





သတ်မှတ်ထားသောရက်မှာ ၁၉၁၈ ခုနှစ်၊ နွေဦးရာသီ စောစောပိုင်းတွင် ဖြစ်ပါသည်။ ၁၉၁၇ ခုနှစ် ကုန်ခါနီးအထိ ကျွန်မတို့ အသင့်မရှိကြသေးပါ။ လုပ်စရာတွေ များစွာကျန်နေသည်။ တော်လှန်ရေးစလျှင်လည်း ဤတော်လှန်ရေးမှာ မွေး အရေးနိမ့်ရပါလိမ့်မည်။ စီစဉ်ရသည်မှာလည်း အလွန် ရှုပ်ထွေးလှပြီး အချိန်မတိုင်မီ တစ်ခုခု လုပ်မိပါက ဤတော်လှန်ရေး ပျက်စီးရမည်မှာ သေချာသည်။ သံဖနောင့်က ...ည်း ကြိုတင် သိမြင်သည့် အလျောက် စီမံကိန်းတွေ ချပါလေတော့သည်။

လူနည်းစု အစိုးရ၏ အာရုံကြောစနစ်ကို ပထမဦးစွာ စတင်ထိုးနှက်ရန် ကျွန်မတို့ စီမံကိန်းများ ချထားခဲ့ပါသည်။

အချက်ပေးလိုက်သောအခါတွင် တစ်ပြည်လုံးရှိ ခိုမ... ...င်းရာ စခန်းတိုင်းမှလည်းကောင်း၊ မြို့ကြီးများ၊ မြို့ငယ်များနှင့် တန်းလျားများမှလည်းကောင်း ရဲဘော်တွေ ထွက်လာကြပြီး ပထမအချီ ထိုးနှက်ချက်တွင် သံဖနောင့်အဖို့ မြေပြင်၌ ပြားပြားဝပ် လဲကျသွားစေရမည်ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် အခြား ရဲဘော်တွေက လမ်းပန်းအဆက်အသွယ်များကို ဖြတ်တောက်သွားစေရမည်။ ဤသို့အားဖြင့် တစ်ပြည်လုံးအနှံ့အပြားတိုက်ခိုက်နေသည့် တိုက်ပွဲများအတွင်းမှ ရန်သူတွေကို ဒေသအသီးသီးရှိ စစ်တလင်းများမှ ဖယ်ရှားပစ်ရန် ဖြစ်ပါသည်။

အချက်ပေးလိုက်သောအခါတွင် အခြားသော အရာများလည်း တစ်ပြိုင်နက်တည်း ဖြစ်ပွားစေရမည်။ သံဖနောင့်က အိပ်မက်မက်ခဲ့သည်ထက် ပို၍ အင်အားကြီးမားသော ကနေဒါနှင့် မက္ကဆီကိုမျိုးချစ်များကလည်း ကျွန်မတို့၏ နည်းပရိယာယ်များအတိုင်း လုပ်ဆောင်ကြရန် ဖြစ်ပါသည်။

သံဖနောင့်၏ အဆင့်မြင့် အမှုထမ်းများနေရာတွင် ရှိနေကြသော ကျွန်မတို့မှာ ဌာနအားလုံးတွင် ရှုပ်ထွေးမှုများနှင့် ထကြွမှုတွေ ဆက်လက်၍ ခန့်တီးပေးရန်ဖြစ်ပါသည်။

အတိုချုပ်အားဖြင့် အမှတ်မထင် ကြီးမား ပြင်းထန်စွာ ထိုးနှက်ရန် ဖြစ်ပါသည်။ မလှုပ်မရှားနိုင်ဖြစ်သွားသော လူနည်းစုအာဏာရ အသိုင်းအဝိုင်း ပြန်၍ နာလန်မထူနိုင်မီ သူတို့ကို နိဂုံးချုပ်ပစ်ရန်ဖြစ်သည်။ ဤသည်မှာ ကြောက်မက်ဖွယ်ရာ ကာလ ဖြစ်ပါလိမ့်မည်။ အသက်ပေါင်းများစွာ ဆုံးရှုံးရ ...ပါလိမ့်မည်။ သို့ရာတွင် ယင်းအရာတွေကို တော်လှန်ရေးသမားတို့ မှ ...



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ကျွန်မတို့က ဤစီမံကိန်းတွင် စနစ်တကျ မစည်းရုံး သေးသော ချောက်ကမ်းပါးအတွင်းမှ လူများကိုပင် အားကိုးနေရခြင်းကြောင့် ဖြစ်ပါသည်။ အရှင်သခင်များ၏ နန်းတော်များနှင့် မြို့ကြီးပြကြီးများတို့တွင် သူတို့ ဆုံးပါးကြရမည်သာ ဖြစ်ပါသည်။ အသက်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးရလျှင် လည်း ကိစ္စမရှိ။

ချောက်ကမ်းပါးအပြင်းမှ သားရဲတိရစ္ဆာန်တို့ ဟိန်းဟောက်ပါစေတော့ ကျွန်မတို့ အလုပ်ကို အနှောင့်အယှက်မရှိ ကျွန်မတို့ ဆက်လုပ်သွားကြမည်။ လူ့အဖွဲ့အစည်း၏ ယန္တရားအားလုံးကို ကျွန်မတို့ ထိန်းချုပ်သွားကြရမည်။

ဤသည်မှာ ကျွန်မတို့၏ စီမံကိန်းဖြစ်ပါသည်။

ဤစီမံကိန်း အသေးစိတ်ကို လျှို့ဝှက်စွာ ဆက်လက်ရေးဆွဲလျှက် ရက်နီးကပ်လာသည်နှင့် တစ်ပြိုင်နက် ရဲဘော်များထံသို့ ဆက်သွယ် အကြောင်း ကြားပေးရန် ဖြစ်ပါသည်။ ဤနေရာတွင် အန္တရာယ်ရှိပါသည်။ လျှို့ဝှက် စီမံကိန်း ကို ဆွဲဆန့်ရမည့်အတွက် ဖြစ်ပါသည်။

သို့ရာတွင် အန္တရာယ်အမှတ်သို့ မရောက်တော့ပါ။ သံဖနောင့်က တော်လှန်ရေးကို အနံ့ရသွားသည့်အလျောက် ကျွန်မတို့အား နောက်ထပ် သင်ခန်းစာပေးရန် ပြင်ဆင်ပါတော့သည်။ ကျွန်မတို့က ချီကာဂိုကို အဓိကမြို့ အဖြစ် ရွေးထားပြီး ဤအတိုင်းလည်း ညွှန်ကြားထားခဲ့သည်။

ချီကာဂိုကား အရင့်မှည့်ဆုံးမြို့ဖြစ်သည်။ ယခင်က သွေးချောင်းစီးခဲ့ ရသော ချီကာဂိုမြို့ကို နာမည်သစ် ပေးရပါတော့မည်။ ဤမြို့တွင် တော်လှန်ရေး စိတ်ဓာတ် ကြီးမား ခိုင်ခံ့လှပါသည်။ အရင်းရှင်ဝါဒ ကြီးစိုးစဉ် ကာလအတွင်း ပေါ်ပေါက်ခဲ့သည့် သပိတ်များအား ခါးခါးသီးသီး ဖြိုခွင်းခဲ့ပုံကို မည်သည့် အလုပ်သမားတွေကမှ မမေ့နိုင်၊ ခွင့်မလွှတ်နိုင်ပါ။ ဇာတ်မြင့် အလုပ်သမားတွေ ပင်လျှင် တော်လှန်စိတ်များ ရှင်သန်နေဆဲ ဖြစ်သည်။ စောစောပိုင်း သပိတ်များ၌ ဦးခေါင်းများ ကွဲခဲ့ကြပြီးပြီ။ သူတို့အတွက် အပြောင်းအလဲများနှင့် လျော်ကန် သော အခြေအနေများ ရရှိနေသည့်အကြားကပင် အရှင်သခင် လူတန်းစား အပေါ် သူတို့၏ မုန်းတီးစက်ဆုပ်မှုမှာ ပျောက်ကွယ်သွားခြင်း မရှိခဲ့ပါ။ ဤ စိတ်ဓာတ်မှာ ကြေးစားအတွင်းသို့ပါ ကူးစက်ပျံ့နှံ့လျက် ရှိပါသည်။ ကျွန်မတို့ ဘက်သို့ ကူးပြောင်းရန် အသင့် ဖြစ်နေသူများပင် ရှိနေပါသည်။

ချီကာဂိုကား လုပ်အားနှင့် ငွေပင်ငွေရင်းအကြား ပဋိပက္ခ မုန်တိုင်း၏





ဗဟိုချက် ဟာဝစဉ်ဖြစ်နေပါသည်။ လမ်းမများတွင် တိုက်ပွဲတွေ ဖြစ်ပွားခဲ့သော မြို့၊ လူတန်းစား အသိစိတ်ရှိသော အရင်းရှင် အဖွဲ့အစည်းများနှင့် လူတန်းစား အသိရှိသော အလုပ်သမား အဖွဲ့အစည်းတို့ တည်ရှိသော မြို့၊ ရှေးသခင်က ကျောင်းဆရာများကပင်လျှင် အလုပ်သမားသမဂ္ဂဖွဲ့ကာ အမေရိကန် အလုပ်သမား အဖွဲ့ချုပ်အတွင်း ပန်းရံအလုပ်သမားများနှင့်အတူ ပါဝင်ခဲ့သော မြို့ဖြစ်ပါသည်။ ယခု ဤချီကာဂိုပင်လျှင် အချိန်မတိုင်သေးသော ပထမ တော်လှန်ရေး၏ မုန်တိုင်းဗဟိုချက် ဖြစ်လာခဲ့ပါတော့သည်။

သံဖနောင့်၏ ပထမဦးစွာ စ၍အန္တရာယ်ပေးပါသည်။ လိမ်လိမ်မာမာ လုပ်ကိုင်ခြင်း ဖြစ်ပါသည်။ အရေးပေးခံရသော ဇာတ်မြင့်အလုပ်သမားများ အပါအဝင် လူအားလုံးကို အငြိုးတကြီးပြုမူ ဆက်ဆံပါတော့သည်။ ပေးထား သော ကတိများ၊ သဘောတူညီချက်များကို ချိုးဖောက်ပစ်ပြီး အသေးအဖွဲ့ အမှု ကျူးလွန်သူကိုပင်လျှင် ပြင်းထန်စွာ ပြစ်ဒဏ်ပေးပါသည်။ နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းက လူတွေမှာ ရစရာမရှိအောင် ခံကြရသည်။ အမှန် စင်စစ် သံဖနောင့်က နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းမှ သားရဲတိရစ္ဆာန် ကို ဟိန်းဟောက်စေရန် အသင့်ပြင်ပေးနေခြင်း ဖြစ်ပါသည်။ ချီကာဂိုတွင် သည်းမဲ့ကမ်းမဲ့ဖြစ်လာကြသည်။

ဤလုပ်ငန်းစဉ်မှာ မကြာလိုက်ပါ။ ရက်သတ္တပတ် အနည်းငယ်မျှသာ ကြာပါသည်။ ကျွန်မတို့ တော်လှန်ရေးသမားများမှ အခြေအနေနှင့် ပတ်သက်၍ ကောလဟာလများအကြားတွင် ညပ်နေသည်။ အစဉ်ထာဝရ နားလည်နိုင် အောင် ကြိုးစားနေကြရသည်။

အစပထမတွင် ယင်းအခြေအနေ အဖြစ်အပျက်တွေမှာ အလို- အလျောက် ပေါက်ဖွားလာသော တော်လှန်ရေးစိတ်ဓာတ်ဟု တွက်ဆခဲ့ကြ သည်။ သံဖနောင့်၏ အတွင်းပိုင်းအကျဆုံး အသိုင်းအဝိုင်းအတွင်း အလွန် လျှို့ဝှက်စွာ တစ်ဖက်သတ် စီစဉ်ခဲ့ခြင်းဖြစ်သည်ကို အိပ်မက်ပင် မမက်ခဲ့ပါ။ သူတို့၏ တန်ပြန်စီမံကိန်းမှာ ထိရောက်သော အောင်မြင်မှု ရခဲ့ပါသည်။ ထိရောက်စွာလည်း ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ချီကာဂိုသို့ ဆက်သွားရန် ကျွန်မထံသို့ အမိန့် ရောက်ရှိချိန်က ကျွန်မ နယူးယောက်တွင် ရှိနေပါသည်။

ကျွန်မအား ထိုအမိန့်ကို လာပေးသူမှာ သူ့နာမည်ကို မသိ၊ သူ့တို့



www.burmeseclassic.com

မခြင်ဖူးစေကာမူ သူ့အပြောအဆိုကို ထောက်ချင့်၍ လူနည်းစုအဖွဲ့ အသိုင်းအဝိုင်းမှ လူတစ်ဦးဖြစ်ကြောင်း ကျွန်မ ပြောနိုင်ပါသည်။ သူ့ညွှန်ကြား ချက်များမှာ ကျွန်မအတွက် မမှားနိုင်လောက်အောင် ရှင်းလင်းလွန်းလှပါသည်။ ကျွန်မတို့ စီမံကိန်းကို တွေ့ရှိထားပြီး ကျွန်မတို့ကို တန်ပြန် ထိုးနှက်ထား ဟူသော စာလုံးတွေကို ကျွန်မ တစ်လုံးချင်း ဖတ်ပါသည်။ အချက်ပြသည်နှင့် တစ်ပြိုင်နက် ဖောက်ခွဲရန် အသင့်ဖြစ်နေပြီ။ ကျွန်မ အပါအဝင် သံဖနောင့် သူလျှိုအားလုံးသို့ ဤအချက်ပြကို ပေးပို့ရမည်။

သတိထားနေသော လူနည်းစု အသိုင်းအဝိုင်းမှ လူ၏ ရှေ့မှောက်တွင် ကျွန်မမှာ ကိုယ့်ကိုယ်ကိုယ် အတန်တန် သတိထားနေရသော်လည်း ကျွန်မ ရင်မှာမူ အရူးပမာ တုန်ရင်လှုပ်ရှားနေပါသည်။ သူ့ထံမှ အပြီးသတ် အသေး အအေး ညွှန်ကြားချက်များ မရမီ ကျွန်မ လက်များဖြင့် သူ့လည်ပင်းကို ညှစ်၍ သတ်ဖြတ်မိလုခမန်း ဖြစ်နေပါသည်။

သူ မရှိတော့သောအခါ ကျွန်မ အချိန်ကို တွက်ချက်ပါသည်။ ကုသိုလ် ကံ ထောက်မလျှင် ကျွန်မ ရထားမစီးမီ ဒေသဆိုင်ရာ ခေါင်းဆောင်များနှင့် ဆက်သွယ်ရန် အချိန်အနည်းငယ်တော့ ရှိနေပါလိမ့်မည်။ နောက်ယောင်ခံ လိုက်မည်ကို ကြီးစွာ သတိထားလျက် အရေးပေါ် ဆေးရုံသို့ ကျွန်မ ကတိုက် ကရိုက် ထွက်လာခဲ့သည်။

ကျွန်မအတွက် ကံကောင်းပါသည်။ ဆေးရုံတွင် ရဲဘော်တစ်ဦးဖြစ် သော ခွဲစိတ်ဌာနမှူး ဆရာဝန်ဂါလ်ဗင်နှင့် ချက်ချင်းတွေ့ရသည်။ ကျွန်မက စကားပြောသည်နှင့် တစ်ပြိုင်နက် သူက ကျွန်မစကားကို ရပ်ခိုင်းကာ သူ၏ အိုင်ယာလန်သား မျက်စိအစုံတွင် အရောင်တလက်လက် တောက်ပနေသည် အကြားက တိတ်ဆိတ်စွာ ပြောလာသည်။

"ကျွန်တော် သိပြီးပြီ။ ခင်ဗျား ဘာအတွက် လာတယ်ဆိုတာ ကျွန်တော် သိတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးမိနစ်က သတင်းကြားရပြီလို့ ချက်ချင်း သတင်း ဆက်ပို့လိုက်ပြီ။ ဒီမှာ ရဲဘော်တွေအားလုံး ငြိမ်ငြိမ်သက်သက်နေကြရမယ်။ ချီကာဂိုကိုတော့ စွန့်လွှတ်ရတော့မှာပေါ့။ ဒါပေမယ့် ချီကာဂို တစ်မြို့တည်း ဖြစ်မှာပါ"

"ချီကာဂိုကိုရော အကြောင်းကြားပြီးပလား"

သူက ခေါင်းခါသည်။





"ကြေးနန်း အဆက်အသွယ်တွေ မရှိတော့ဘူး။ ချီကာဂိုကို ဆုံးလိုက်ပြီ။ အဲဒီမှာတော့ ငရဲပွက်နေရောပေါ့"

သူက ခေတ္တရပ်ထားသည်။ သူ၏ ဖြူဖွေးသောလက်များကို ဆုပ်ချည် ဆန့်ချည် လုပ်နေသည်။ ထို့နောက် သူ့ထံက စကားသံ ပွင့်ထွက်လာသည်။

"ကျွန်တော် အဲဒီကို ရောက်နေချင်တယ်ဗျာ"

"ရပ်တန့်လိုက်ဖို့ အခွင့်အရေးတော့ ရှိပါသေးတယ်။ ရထား ဘာမှ ဖြစ်ဘူးဆိုရင် ကျွန်မ အဲဒီကို အချိန်မီ ရောက်သွားမှာပါ။ ဒါမှမဟုတ် အမှန်တို့ ကြားပြီးတဲ့ တခြား ရဲဘော်တွေကလည်း အချိန်မီ ရောက်ကောင်း ရောက်နေကြ မှာပါ"

"အတွင်းမှာ ရှိနေတဲ့ ခင်ဗျားတို့ အခုအချိန် အငိုက်မိတာပဲ"

ကျွန်မက ခေါင်းညိတ်မိပါသည်။

"သူတို့က သိပ်ကို လျှို့ဝှက်တာ။ ဂံနေ့အထိ အတွင်းပိုင်းက အကြီး-အကဲတွေလောက်ပဲ သိကြတာ။ အဲဒီအပိုင်းလောက်အထိ ကျွန်မတို့ ထိုးဖောက် ဝင်နိုင်သေးတဲ့အတွက် ဘာမှ မသိလိုက်ရတာပါ။ အားနက်သာ ရှိရင် ဒီလို ဖြစ်မယ် မထင်ဘူး။ အခု သူ ချီကာဂိုမှာ ရှိနေမလားသိဘူး။ ရှိနေရင် အားလုံး အဆင်ပြေမှာပါ"

ဒေါက်တာ ဂါလ်ဗင်က ခေါင်းခါသည်။

"ကျွန်တော် ရတဲ့ နောက်ဆုံးသတင်းကတော့ သူ့ကို ဘော့စတွန်လား နယူးဟေဗင်လား မသိဘူး ပို့လိုက်တယ်။ ရန်သူ သူလျှို ထောက်လှမ်းရေးက အများကြီး အနှောင့်အယှက်ပေးကောင်း ပေးလိမ့်မယ်။ ဒါပေမယ့် ဘာပဲ ဖြစ်ဖြစ်လေ။ စခန်းမှာ အောင်းနေရတာထက်တော့ ကောင်းတာပေါ့"

ကျွန်မက ထွက်ခွာသွားရန် အစပျိုးခိုက် ဒေါက်တာ ဂါလ်ဗင်တ ကျွန်မလက်ကို ဆွဲနှုတ်ဆက်ပါသည်။

"နှလုံးသား ကြံ့ကြံ့ခိုင်ခိုင်ထားပါ။ ပထမ တော်လှန်ရေး အရေးနိမ့်ရင် ဒုတိယတော်လှန်ရေး လာမယ်။ ကျွန်တော်တို့လည်း ပိုပြီး အသိပညာ တိုးလာ မယ်။ ဘုရားသခင်က စောင်မပါစေ၊ ကုသိုလ်ကံ ကောင်းပါစေ၊ ခင်ဗျားကို နောက်ထပ် ပြန်တွေ့ရပါဦးတော့မလား ဆိုတာ ကျွန်တော် မသိဘူး၊ ချီကာဂို မှာတော့ ငရဲပွက်နေရောပေါ့။ ဒါပေမယ့် အဲဒီမှာ ခင်ဗျားကို ထားနိုင်အောင် ကျွန်တော် ဆယ်နှစ်လုံးလုံး လုပ်ခဲ့ရတာပါ"

www.burmeseclassic.com



ဤသည်ကား ခွဲခွာခါနီး သူ ပြောလိုက်သော စကားပေတည်း။

'၂၀ ရာစု' အမည်ရှိ မီးရထားသည် နယူးယောက်မှ ညနေ ခြောက်နာရီတိတိတွင် ထွက်ပြီး နောက်တစ်နေ့ နံနက် ခုနစ်နာရီတွင် ချီကာဂိုသို့ ဆိုက်ရောက်ရန် ဖြစ်ပါသည်။

သို့ရာတွင် ထိုညက ကျွန်မတို့ရထား အထွက်နောက်ကျပြီး အခြားရထားတစ်စီးနောက်မှ လိုက်နေရသည်။ ကျွန်မတွဲတွင် စီးနင်းလာသည့် ခရီးသည်များအနက် သံဖနောင့်၏ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့တွင် ကျွန်မနည်းတူ အမှုထမ်းနေသော ရဲဘော် ဟတ်မင်းလည်း ပါဝင်ပါသည်။ ကျွန်မတို့ရှေ့က သွားနှင့်သော ရထားအကြောင်းကို ပြောပြသူမှာ ထိုရဲဘော် ဖြစ်ပါသည်။

ဤရထားမှာ ခရီးသည်များ မပါသော်လည်း ကျွန်မတို့ ရထားအတိုင်း ဖြစ်ပါသည်။ မုချ ပျက်စီးရမည့် ရှေ့ရထားက '၂၀ ရာစု' ကို ဖောက်ခွဲပစ်ရန် လုပ်ကြံစီစဉ်ထားခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်မတို့ ရထားတွင် စီးနင်းသူ နည်းပါးနေပါသည်။

"လူကြီးတစ်ယောက်လောက် ပါတယ်နဲ့တူတယ်။ နောက်ဆုံးမှာ သီးသန့် တွဲတစ်တွဲပါလာတာ ကျွန်တော် သတိထားမိတယ်" ဟု ဟတ်မင်းက ထောက်ချက်ချပါသည်။

ပထမ အင်ဂျင်စက်ခေါင်း လဲသောအခါ ကောင်းစွာ မိုးချုပ်နေပါပြီ။ ကျွန်မသည် လေကောင်း လေသန့်ရှူရင်း ကျွန်မ မြင်ချင်တာလေးတွေကို ကြည့်ရင်း လူသွားလမ်းပေါ် ဆင်း၍ လမ်းလျှောက်နေလိုက်ပါသည်။

သီးသန့်တွဲပြတင်းမှနေ၍ ကျွန်မကောင်းစွာ မှတ်မိသော လူသုံးဦးကို အမှတ်မထင် တွေ့မိပါသည်။ ဟတ်မင်း မှန်လှပါသည်။ တစ်ဦးကာ ဂျင်နရယ် အဲလ်ဘင်ဒေါ်ဗ် ဖြစ်ပြီး အခြားနှစ်ဦးမှာ လူနည်းစုအစိုးရ လျှို့ဝှက် ထောက်လှမ်းရေးအဖွဲ့အတွင်းပိုင်းမှ ဦးနှောက်များဖြစ်ကြသော မေဆင်နှင့် ဗင်ဒါဘိုးလ်တို့ ဖြစ်ကြပါသည်။

လရောင်ရွှန်းမြ၍ တိတ်ဆိတ်သောည ဖြစ်စေကာမူ ကျွန်မမှာ တလူးလူး တလွန့်လွန့်ဖြင့် အိပ်မရပါ။ နံနက် ငါးနာရီတွင် အဝတ်လဲဂါာ အိပ်ရာမှ ထလာခဲ့သည်။

အဝတ်လဲခန်းတွင် တွဲစောင့် မိန်းကလေးကို ကျွန်မတို့ရထား ဘယ်လောက်နောက်ကျမည်နည်းဟု မေးရာ နှစ်နာရီဟု သူက ဖြေပါသည်။ သူသည်





ဥရောပနှင့် နီဂရိုးစပ် ကပြားမိန်းကလေးဖြစ်ပြီး သူ့မျက်လုံးကျယ်ကြီးများတွင် တစ်စုံတစ်ရာကို စိုးရိမ်ထိတ်လန့်နေကြောင်း အရိပ်အယောင်များ တွေ့နေရသည်။

"ဘာဖြစ်နေတာလဲ" ဟု ကျွန်မက မေးလိုက်သည်။

"ဘာမှ မဖြစ်ပါဘူး မစ္စ . . . ညက ကျွန်မ ကောင်းကောင်း အိပ်မရဘူး ထင်တာပဲ"

ကျွန်မ သူ့ကို သေသေချာချာ အနီးကပ် အကဲခတ်သည်။ ကျွန်မတို့အချင်းချင်းသာ သိသော အချက်ပြများအနက် တစ်ခုဖြင့် အချက်ပြစမ်းသပ်ကြည့်ရာ သူက ကောင်းစွာ တုံ့ပြန်အဖြေပေးသည်။

သူ့ကို ကျွန်မ စိတ်ချရပေပြီ။

"ချီကာဂိုမှာတော့ တစ်ခုခု ကြောက်စရာဖြစ်တော့မယ်နဲ့ တူတယ်။ ကျွန်မတို့ရှေ့က ရထားအတု သွားနေတယ်လေ။ အဲဒီရထားနဲ့ စစ်သားတင်ရထားကြောင့် ကျွန်မတို့ နောက်ကျနေတာ" ဟု သူက ပြောပါသည်။

"စစ်သားတင်ရထား ဟုတ်လား"

သူက ခေါင်းညိတ်ရင်း . . .

"တစ်လမ်းလုံး သူတို့ချည်းပဲ။ တစ်ညလုံး ကျွန်မတို့ အဲဒီရထားတွေကို ဖြတ်လာတာ။ နောက်ပြီး သူတို့အားလုံး ချီကာဂိုဘက်ကိုပဲ သွားနေကြတယ်။ လေကြောင်းနဲ့လည်း သယ်နေတယ်။ ကိစ္စတော့ ရှိနေပြီနဲ့တူတယ်။ ကျွန်မတာ ချီကာဂိုမှာ ချစ်သူရှိနေလို့ပါ။ သူလည်း ကျွန်မတို့အထဲက တစ်ယောက်ပါပဲ။ တြေးစားထဲမှာ အမှုထမ်းနေရတယ်။ ကျွန်မ သူ့အတွက် စိုးရိမ်နေတာပါ" ဟု တောင်းပန်သော လေသံဖြင့် ပြောပါသည်။

သနားစရာ မိန်းကလေးတည်း။ သူ့ချစ်သူမှာ ကျွန်မတို့ဘက်သို့ ကူးပြောင်းအံ့သော တပ်ရင်းသုံးရင်းအနက် တစ်ရင်းတွင် အမှုထမ်းနေပါသည်။

ဟတ်မင်းနှင့် ကျွန်မ အစားအသောက်ခန်းတွဲတွင် နံနက်စာ အတူစားကြသည်။ ကျွန်မကိုယ်တိုင် မနည်း ကြိုးစား၍ စားနေရပါသည်။ ကောင်းကင်တွင် မိုးသား တိမ်တိုက်တို့ ထူထပ်လာသည်။ မီးရထားမှာ လာလတ္တံ့သော နေ့တွင် အံချိန်မီ ရောက်နိုင်ရေးအတွက် တစ်ဟုန်ထိုး ခုတ်မောင်းလျက် ရှိပါသည်။

ကျွန်မတို့ စားသောက်သည်ကို စားပွဲထိုးပေးနေသော နီဂရိုးများလည်း တစ်စုံတစ်ခု ကြောက်ရွံ့ထိတ်လန့်စရာဖြစ်တော့မည်ကို ရိပ်မိဟန်



www.burmeseclassic.com

www.burmeseclassic.com



နေဟန် တူပါသည်။ စိုးရိမ်စိတ်က သူ့ကို ဖိစီးထားသည်။ သူတို့၏ ပေါ့ပေါ့ပါးပါး နေတတ်သော ဓလေ့စရိုက်ပင် ပျောက်ကွယ်လျက်ရှိပါသည်။ စားပွဲထိုးရာ၌လည်း အလွဲလွဲအချော်ချော်ဖြစ်နေကြသည်။ မီးဖိုချောင်၌သာ စုရုံးကာ တီးတိုး ပြောနေကြသည်။

ဟတ်မင်းကား အခြေအနေပေါ်တွင် မျှော်လင့်ချက် ကင်းမဲ့နေပါ သည်။

"ကျွန်တော်တို့ ဘာလုပ်နိုင်မလဲ" ဟု ပခုံးကို တွန့်ကာ အကြိမ် နှစ်ဆယ်မြောက် မေးမြန်းပါသည်။

သူက ပြတင်းအပြင်ကို ညွှန်ပြကာ . . .

"ကြည့် . . . အားလုံး အသင့်ဖြစ်နေကြပြီ။ မြို့တော်က မိုင် သုံးလေး ဆယ်အကွာ လမ်းတိုင်းမှာ ဒီအတိုင်း သူတို့ နေရာယူထားကြပြီ"

ဘေးသံလမ်းများမှ စစ်သားတင် ရထားတွဲများကို သူက ရည်ညွှန်း ပြောဆိုခြင်း ဖြစ်ပါသည်။ စစ်သားတွေမှာ ရထားလမ်းဘေး မြေကြီးပေါ်တွင် မီးဖိုကာ ချက်ပြုတ်နေကြရင်း ကြောက်ဖွယ်အရှိန်ကို မလျှော့ဘဲ မောင်းသွား နေသော ကျွန်မတို့ ရထားကို တအံ့တသြ ကြည့်နေကြသည်။

ကျွန်မတို့ ချီကာဂိုသို့ အဝင်တွင် အားလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေ ပါသည်။

ယခုအထိ ဘာမှမဖြစ်သေးကြောင်း ထင်ရှားနေပါသည်။ ဆင်ခြေဖုံး အရောက်တွင် နံနက်သတင်းစာ အရောင်းသမားများ ရထားပေါ်သို့ တက်လာ ကြသည်။ သတင်းစာများ၌ ဘာမျှမပါ။ လူနည်းစု အစိုးရ၏ လက်နက်အင်အား နည်းပါးနေကြောင်း အစအန သတင်းပေးထားသော်လည်း တိတိကျကျ မဖော်ပြ ပါ။ စာဖတ်သူတွေက ဤအတိုင်း ထင်လာစေရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။ သံဖနောင့်၏ လက်ရာမှာ လှပ ပီရိပါပေသည်။ အမှန်အားဖြင့် အောက်တိုဘာလ ၂၇ ရက် နံနက်သတင်းစာများမှာ ဝတ္ထုတစ်ပုဒ်ပမာ အဓိက စံထားရသော လက်ရာများပင်ဖြစ်ပါသည်။

နယ်သတင်းများ မပါရှိပါ။ ရင်းအချက်မှာ အဓိက အရေးပါလှသည့် လူနည်းစု အစိုးရက ချီကာဂို ပရိသတ်အား နယ်သတင်းများ မပေးရဲကြောင်း သာဓက ပြနေသည်။

"သံဖနောင့်က ကျွန်တော်တို့ကို မလိုတော့ပါဘူး။ အမှန်ကတော့





ကျွန်တော်တို့ကို ဒီပို့ပြီး အချိန်ဖြုန်းနေတာပဲ။ သူတို့ စီမံကိန်းတွေဟာ သူတို့ မျှော်လင့်ထားတာထက် ပိုကောင်းနေတာ ထင်ရှားပါတယ်"

ဗဟိုဘူတာရုံကြီးအတွင်း ရထား ဝင်လာသောအခါ ဟတ်မင်းက သတင်းစာတွေကို ဘေးချရင်း ပြောပါသည်။

ရထားပေါ်မှ ဆင်းလာသောအခါ ရထားတွဲကိုကြည့်ရင်း "ကျွန်တော် တော့ ဒီလိုပဲ ထင်တာပဲ။ သတင်းစာတွေ တွဲပေါ်ရောက်လာတုန်း သီးသန့် တွဲကို သူတို့ ဖြုတ်ထားခဲ့ပြီ" ဟုလည်း ဆက်ပြောပါသည်။

ဟတ်မင်းမှာ မျှော်လင့်ချက်ကင်းမဲ့လောက်အောင် စိတ်ဓာတ်ကျဆင်း နေပါသည်။ ကျွန်မက အမျိုးမျိုး ဖျောင်းဖျကာ အားတင်းပေးသော်လည်း ကျွန်မကို လျစ်လျူရှုထားသည်။ ဘူတာရုံကို ဖြတ်လျှောက်လာရင်း အလျင်စလို နိုင်လှသော လေသံတိုးတိုး ပြောပြန်သည်။ သူပြောသည်ကို အစပထမတွင် ကျွန်မ နားမလည်ပါ။

"ကျွန်တော်တော့ မသေချာဘူး။ ဘယ်သူ့ကိုမှလည်း ကျွန်တော် မပြော ဘူး။ ဒီအတွက် ကျွန်တော် ရက်သတ္တပတ်ပေါင်းများစွာ အလုပ်လုပ်ခဲ့တာ။ ဒါပေမယ့် မသေချာဘူး။ နိုလ်တန်ကို သတိထားကြည့်စမ်းပါ။ ကျွန်တော် သူ့တို့ သံကာဘူး။ ကျွန်တော်တို့ ခိုအောင်းရာစခန်းတွေရဲ့ လျှို့ဝှက်ချက် တော်တော် များများကို သူ သိတယ်။ ကျွန်တော်တို့ထဲကလူ အသက်ပေါင်းများစွာကို သူ့လက် ထဲမှာ ကိုင်ထားတာဗျ။ သူဟာ သစ္စာဖောက်လို့ ကျွန်တော်တော့ ထင်တာပဲ။ ကျွန်တော့်ဘက်ကတော့ ဒီလိုပဲ ထင်နေတယ်။ မကြာခင် သူ အပြောင်းအလဲ ဖြစ်လာတာ ကျွန်တော် သတိထားမိခဲ့တယ်။ ကျွန်တော်တို့ကို သူ ရောင်းစား ပြီပြီလား။ ရောင်းစားတော့မလား ဆိုတဲ့ အန္တရာယ် ရှိနေတယ်၊ အဲဒါတော့ သေချာတယ်ဗျာ။ ဒီအကြောင်းတွေကို ကျွန်တော် ဘယ်သူ့ကိုမှ မပြောသေးဘူး။ ဒါပေမယ့် ကျွန်တော်ကတော့ ချီကာဂိုက အရှင်ပြန်ထွက်နိုင်လိမ့်မယ်လို့ မထင် ဘူး။ နိုလ်တန်ကို ခင်ဗျား မပြတ်ဂရုစိုက် ကြည့်ပါ။ သူ့ကို ထောင်ဖမ်းပါ။ မေးတဲ့ ဒါထက်ပိုပြီး ကျွန်တော်လည်း မသိဘူး။ အခုအထိတော့ နည်းနည်းလေးမှ သဲလွန်စ မရသေးဘူး . . ."

ကျွန်မတို့ ဘူတာရုံပြင်ပသို့ လှမ်းအထွက်တွင် ဟတ်မင်းက "ကျွန်တော် ပြောတာ မမေ့ပါနဲ့။ နိုလ်တန်ကို သတိထားပါ" ဟု စိတ်ပါလက်ပါ နိုင်ထွန်း ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟတ်မင်း မှန်ပါသည်။ နောက်တစ်လမျှ မကြာမီ နိုလ်တန်မှာ ဘူ သစ္စာဖောက်မှုအတွက် သူ့အသက်ဖြင့် ပေးဆပ်ခဲ့ရပါသည်။ မိုလ်ဝ္စတီရို ရဲဘော်များက သူ့ကို တရားဝင် ကွပ်မျက်လိုက်ကြပါသည်။

လမ်းမများတွင်ကား တိတ်ဆိတ်လှသည်။ တိတ်ဆိတ်လွန်းလှပါသည်။ ချိကာဂိုသည် အသေလို လဲလျောင်းနေပါသည်။ ယာဉ်သွားလာသည့် အသံများ မရှိ။ တက္ကဆီကားများပင် မရှိ။ တစ်ခါတစ်ရံ လမ်းဘေး လူသွားလမ်းတွင် သွားလာနေသူအချို့ ရှိသော်လည်း အလွန်နည်းပါးလှသည်။ အလျင်စလို သွားလာကြသည်။ နံဘေးက တိုက်ကြီးတွေ သူတို့အပေါ် ပြိုကျလာမည်လား သို့တည်းမဟုတ် လေတွင် လွင့်ပါးသွားလေမည်လား စသည့်ပုံစံမျိုးဖြင့် ကမန်းကတန်း သွားကြလာကြခြင်းမျိုး ဖြစ်ပါသည်။

တောင်ဘက် တော်တော်ဝေးဝေးဆီမှ ပေါက်ကွဲသံသဲ့သဲ့ကို ကျွန်မတို့ ကြားလိုက်ရသည်။ နောက်တော့ ငြိမ်သက်သွားသည်။ လမ်းပေါ်က လူတချို့မှာ အသံကြားရာဆီသို့ လိုက်ကြည့်ကြသည်။ အဆောက်အအုံများတွင် တံခါးတွေ ပိတ်ထားကြသည်။ ဈေးဆိုင်များတွင်လည်း နေကာတွေချထားကြသည်။ သို့ရာတွင် ပုလိပ်နှင့် အစောင့်များစွာ ရှိနေကြသည်ကို တွေ့ရပြီး ကြေးစားကင်းလှည့် ကားတွေ တဝေါဝေါ မောင်းနှင် ကင်းလှည့်နေကြသည်။

ဒေသဆိုင်ရာ လျှို့ဝှက်ထောက်လှမ်းရေး အကြီးအကဲထံ သတင်းပို့ရန်မှာ အချည်းနှီးသာ ဖြစ်တော့မည်ဟု ကျွန်မနှင့် ဟတ်မင်းတို့ သဘောတူခဲ့ကြပြီး ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်မတို့ရဲဘော်များနှင့် အဆက်အသွယ် ရလိုရငြား တောင်ဘက်ပိုင်းရှိ အလုပ်သမား ရပ်ကွက်များဆီသို့ ရွေ့ရှုခဲ့ကြသည်။ အလွန်နောက်ကျခဲ့ပါပြီ။ ကျွန်မတို့ သိပါသည်။ သို့ရာတွင် ခြောက်ဖွယ်လိလိ တိတ်ဆိတ်နေသော ဤလမ်းမကြီးပေါ်တွင် ကျွန်မတို့ ဆက်လက်ရပ်တည်မနေနိုင်တော့ပါ။

အားနက် ဘယ်မှာ ရှိနေသနည်း။ ကျွန်မ အံ့ဩတွေးတော နေမိပါသည်။ ဇာတ်မြင့် အလုပ်သမားများ၊ ကြေးစားများ၏ မြို့ကြီးပြကြီးများတွင် ခံတပ်ကြီးများတွင် ဘာတွေဖြစ်နေကြသနည်း။

ယင်းမေးခွန်းတွေကို အဖြေပေးသည့်အလား အော်သံဟစ်သံများ အဝေးဆီမှ သဲ့သဲ့မျှ ပေါ်ထွက်လာပါသည်။ ပေါက်ကွဲသံ တစ်ခုပြီးတစ်ခု ကြားသည်။





"အဲဒါ ခံတပ်တွေကပဲ" ဟု ဟတ်မင်းက ပြောပါသည်။

လမ်းအကူး တစ်နေရာတွင် သိုလှောင်ရုံကြီးဆီမှ မီးခိုးတန်းကြီး ပေါ်ထွက်လာသည်ကို ကျွန်မတို့ တွေ့ရသည်။ အခြားလမ်းဆုံတစ်ခုသို့ အရောက်တွင်လည်း အနောက်ဘက်ဆီမှ အလားတူ မီးခိုးတန်းကြီးများ ပေါ်ထွက်လာသည်ကို တွေ့ရပြန်သည်။ လွှတ်တင်လိုက်သော စက်သုံး လေပူဖောင်းကြီးများ မြေပြင်သို့ မီးတောက်လျက် ကျနေကြကြောင်းကိုလည်း ကျွန်မတို့ တွေ့ရသည်။ ကျွန်မတို့ ရဲဘော်များ၏ လက်ချက်လော၊ သို့တည်းမဟုတ် ရန်သူ့လက်ချက်လော မသိနိုင်ပါ။ ထို့နောက် ဆူညံလှသော အသံတွေ ကြားရသည်။ စက်သေနတ်နှင့် မောင်းပြန်ရိုင်ဖယ်သံများ ဖြစ်သည်ဟု ဟတ်မင်းက ပြောပါသည်။

သို့စဉ်လျက် ကျွန်မတို့ တိတ်ဆိတ်စွာ ဆက်လျှောက်ကြသည်။ ကျွန်မတို့ ရောက်နေသော နေရာများ၌ ဘာမျှမဖြစ်သေးပါ။ ပုလိပ်နှင့် ကင်းလှည့်ကားတွေ သွားလာနေကြပြီး မီးသတ်တစ်ဖွဲ့ဇင်ခန့်မှာ မီးလောင်ရာ နေရာများမှ ပြန်လာကြဟန် တူပါသည်။ ကားအတွင်းရှိ အရာရှိတစ်ဦးက မီးသတ်သမားများကို လှမ်းမေးသည်။ မီးသတ်သမားက "ရေမရှိဘူး၊ သူတို့ ဖောက်ခွဲပစ်လိုက်ကြပြီ" ဟု ပြန်ဖြေသံကို ကြားလိုက်ရသည်။

"ရေပေးစနစ်ကို ကျွန်တော်တို့ ဖျက်ဆီးပစ်လိုက်ပြီ။ အချိန်မတိုင်သေးဘဲ သီးသန့်ကင်းကွာနေတဲ့ ဒီလိုနေရာမျိုးမှာတောင် ဒါမျိုးကို ကျွန်တော်တို့ လုပ်နိုင်ရင် တစ်ပြည်လုံးအတိုင်းအတာနဲ့ တညီတညာတည်း ဘာကြောင့် မလုပ်နိုင်ရမလဲ"

ဟတ်မင်းက ကျွန်မအား တအံ့တဩပြောပါသည်။

စောစောက မေးခွန်း မေးလိုက်သော အရာရှိပါသည့် ကင်းလှည့်ကားသည် အရှိန်ပြင်းစွာ မောင်းထွက်သွားသည်။ ရုတ်တရက်ပင် ပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာပြီး ကားမှာ မီးခိုးလုံးများအကြား မြောက်တက်သွားကာ နေရာမရှိအောင်ပင် ပျက်စီးသွားလေသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်" ဟု ဟတ်မင်းက အားပါးတရ ပြောပါသည်။ "ပစ္စည်းမဲ့တွေဆီက ကနေ့တော့ သင်ခန်းစာရကြပြီ" ဟု တီးတိုး ပြောပါသည်။

ထိုနေရာသို့ ပုလိပ်တွေ ပြေးသွားကြသည်။ အခြားကင်းလှည့်ကား



www.burmeseclassic.com

တစ်စီးလည်း အလားတူ ရပ်သွားသည်။ ကျွန်မက ကြက်သေ သေနေပါသည်။ အဖြစ်အပျက်တွေ လျင်မြန်လွန်းသဖြင့် အံ့အားသင့်နေမိခြင်း ဖြစ်ပါသည်။

အဘာယ်ပုံ ဖြစ်သွားကြသနည်း။ ကြည့်နေသည့် အကြားကပင် အဘာယ်ပုံ ဖြစ်သွားကြသည်ကို ကျွန်မ မသိပါ။ ပုလိပ်တွေက ကျွန်မတို့အား ဆွဲထားသည်ကို မသိလောက်အောင်ပင် ကျွန်မ ကြက်သေ သေနေမိခြင်း ဖြစ်ပါသည်။ ပုလိပ်တစ်ဦးက ဟတ်မင်းကို ပစ်ခတ်တော့မည့်အလား ပြုမူနေသည်ကို ကျွန်မ တွေ့ရှိရသည်။

သို့ရာတွင် ဟတ်မင်းက အေးဆေးတည်ငြိမ်စွာဖြင့် စကားဝှက် ပြောလိုက်သည်။ ပုလိပ်က ခြောက်လုံးပြူးကို ပြန်လည်ရုပ်သိမ်းသွားပြီး အိတ်ထဲ ထည့်လိုက်သည်ကို ကျွန်မ တွေ့ရသည်။ မကျေမနပ် ညည်းတွားနေသော ပုလိပ်၏ အသံကိုလည်း ကြားရသည်။ သူသည် လျှို့ဝှက်ထောက်လှမ်းရေးသမား တွေကို စိတ်ဆိုးမာန်ဆိုးဖြင့် ကျိန်ဆဲလျက်ရှိပါသည်။ ဟတ်မင်းကလည်း လျှို့ဝှက်ထောက်လှမ်းရေးသမားတစ်ဦး၏ မာန်ပါသော လေသံဖြင့် အဆိုပါ ပုလိပ်အား ပုလိပ်တွေ အသုံးမကျပုံကို ပြန်ပြောသည်။

ထို့နောက်တွင်ကား အဘာယ်ပုံ ဖြစ်သည်ကို ကျွန်မ သိလာရပါတော့သည်။ ကားပျက်အနီးတွင် လူတစ်စုရှိပြီး ဒဏ်ရာရနေသော အရာရှိကို လူနှစ်ဦးက အခြားကားဖေါ်သို့ ပွေ့တင်တော့မည့်ဆဲဆဲ ဖြစ်ပါသည်။ ယင်းအခိုက် ကြောက်လန့်တကြားဖြစ်ကာ ဖရိုဖရဲ ထွက်ပြေးကြသည်။ ဒဏ်ရာရထားသော အရာရှိကို ပရမ်းပတာ ပစ်ချထားကာ ဦးတည်ရာသို့ ပြေးကြခြင်း ဖြစ်ပါသည်။ ကျွန်မနံဘေးမှ ကျိန်ဆဲနေသော ပုလိပ်လည်း ထွက်ပြေးသည်။ ဟတ်မင်းနှင့် ကျွန်မလည်း ပြေးရပါတော့သည်။ ဘာကြောင့် ပြေးကြမှန်းတော့ မသိ။ သို့ရာတွင် အလားတူ ကြောက်မက်ဖွယ်ရာ အတြမ်းပတမ်းအဖြစ် တစ်ခုခု ထပ်ဖြစ်လေမလားဟု စိုးရိမ်သောကြောင့် ဖြစ်ပါသည်။

ထို့နောက်တွင်ကား ဘာမျှမဖြစ်ပါ။ ပြေးလွှားသွားသူတွေလည်း ပြန်လာကြသည်။ သို့ရာတွင် လမ်းတစ်ဖက်တစ်ချက်စီ၌ ကမ်းပါးနံရံကြီးပမာ ဆီးမိုးနေသော မြင့်မားလှသည့် အဆောက်အအုံ ပြတင်းများဆီသို့သာ မျက်စိ ရောက်နေကြသည်။

ဤ မရေမတွက်နိုင်သော ပြတင်းများမှ ပုံးများ ကျဆင်း ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် အဘာယ် ပြတင်းပေါက်နည်း။





ထို့နောက် ကျွန်မတို့က ပြတင်းများကို လေ့လာစူးစမ်းသည့်အနေဖြင့် စေ့စေ့စပ်စပ်ကြည့်ပါသည်။ ပြတင်းတိုင်းက သေမင်းကို ခေါ်ယူနိုင်သည်။ အဆောက်အအုံတိုင်းမှာ ချုံခိုတိုက်ရာ နေရာဖြစ်နိုင်သည်။ ဤသည်မှာ ကြီးမားသော မြို့ကြီးအလယ်မှ ခေတ်သစ်တောတွင်း စစ်ဆင်ရေးတစ်ရပ် ဖြစ်ပါသည်။ သမ်းတိုင်းသည် ကမ်းပါး၊ အဆောက်အအုံတိုင်းသည် တောင် ဖြစ်နေပါသည်။

လမ်းထောင့်တစ်ခုသို့ အရောက်တွင် မိန်းမတစ်ဦးနှင့် သွားတိုးနေသည်။ သူကား လူသွားလမ်းပေါ်၌ သွေးအိုင်ထွန်းကာ လဲကျနေသည်။ ဟတ်မင်းက အနားကပ်ကာ စစ်ဆေးပါသည်။ ကျွန်မအဖို့၌ကား သေလုမျောပါး တုန်လှုပ်ချောက် ရှိပါသည်။ ထိုနေ့က သေသူများစွာကို ကျွန်မ မြင်တွေ့ရပါသည်။ သို့ရာတွင် ကျွန်မခြေဖျားအနီး လူသွားလမ်းပေါ်တွင် လဲကျသေဆုံးနေသော အလောင်းကို မြင်ရသောအခါ မတုန်မလှုပ်ဘဲ မနေနိုင်ပါ။

"ရင်အုံကို ပစ်ထားတာ" ဟု ဟတ်မင်းက သတင်းပို့ပါသည်။ သူ့ရင်ခွင်တွင် ကလေးငယ်ကို ပွေ့သည့်သဖွယ် စာရွက်တစ်ထုပ်ကို ပွေ့ဖက်ထားပါသည်။ သူ သေရအောင် ဖန်တီးခဲ့သော ဤပစ္စည်းကို သေသွားသည့်တိုင်အောင် စွန့်ပစ်ရန် ဝန်လေးနေသလား ထင်ရသည်။

ဟတ်မင်းက အထုပ်ကို ဆွဲယူကာ ဖြန့်ကြည့်လိုက်သည်။ တော်လှန်ရေးသမားများ၏ ကြေညာချက် စာရွက်စာတမ်းများ ဖြစ်နေကြောင်း ကျွန်မတို့ တွေ့ရှိရပါတော့သည်။

"ရဲဘော်တစ်ယောက်ပဲ" ဟု ကျွန်မက ပြောမိပါသည်။

ဟတ်မင်းကမူ သံဖနောင့်ကို ကျိန်ဆဲကာ ကျွန်မတို့ ဆက်လက် ထွက်ခွာလာကြသည်။ မကြာခဏဆိုသလို ပုလိပ်နှင့် ကင်းသမားတွေက အရပ်ခိုင်းကြသော်လည်း ကျွန်မတို့၏ လျှို့ဝှက်စကားကြောင့် အဆင်ပြေပါသည်။

ပြတင်းများဆီမှ နောက်ထပ်ပုံးတွေ ကျမလာတော့။

အဝေးဆီမှ အသံဗလံတွေ ကြားနေရသေးစေကာမူ ကျွန်မတို့မှာ ငြိမ်ငြိမ်သက်သက်လျက် ရှိသည်။ ကောင်းကင်တွင် မီးခိုးလုံးကြီးများ ထိုးတက်နေဆဲပင် ဖြစ်ပါသည်။

❖ ❖ ❖

www.burmeseclassic.com

## အခန်း [ ၂၃ ]

### နက်ရှိုင်းသော ချောက်တမ်းပါးအတွင်းမှ လူသားများ

ချက်ချင်းပင် အပြောင်းအလဲတစ်ရပ် ဖြစ်ပေါ်လာသည်။ အံ့အားသင့်စရာများကို ကြားနေရသည်။ မော်တော်ကားတွေ တစ်စီးပြီးတစ်စီး မောင်းနှင်သွားလာကြကာ ကျွန်မတို့အား သတိပေး အော်ဟစ်သွားကြသည်။ ကားတစ်စီးသည် အရှိန်ပြင်းစွာ မောင်းနှင်သွားပြီး လူသွားလမ်းဘေး တစ်ခုအနီး ထိုးရပ်သွားသည်။ ဗုံးပေါက်ကွဲမှုကြောင့် လမ်းမှာ တွင်းကြီးတွေ ဖြစ်သွားသည်။ ပုလိပ်တွေ ပြေးလွှားကြသည်ကို တွေ့ရခြင်းအားဖြင့် တစ်ခုခု ကြောက်မက်ဖွယ် ဖြစ်ပြီလေပြီဟု သိလိုက်ရသည်။ ဟိန်းတက်နေသော အသံကို ကျွန်မတို့ ကြားနေရပါပြီ။

"ကျွန်တော်တို့ရဲ့ ရဲရင့်တဲ့ ရဲဘော်တွေ လာနေပြီ" ဟု ဟတ်မင်းက ပြောသည်။

နောက်ဆုံးစစ်ကားက အပြင်းမောင်းထွက်ပြေးသွားပြီးနောက် ဖ...





ကြောင်းအလိုက် ချီတက်လာကြသော သူတို့၏တပ်ဦးကို ကျွန်မတို့ တွေ့လိုက်ရသည်။ အဆိုပါကားသည် ကျွန်မတို့ ရှေ့တည့်တည့်သို့ရောက်သည့်အခါ ရုတ်တရက် ရပ်လိုက်ပြီးနောက် စစ်သားတစ်ဦးက သူ့လက်တွင်း၌ တစ်စုံတစ်ရာကို သတိကြီးစွာ ကိုင်လျက် ကမန်းကတန်း ဆင်းလာကာ ယင်းပစ္စည်းကို လမ်းထောင့် ရေမြောင်းအတွင်း မြှုပ်ထားလိုက်သည်။ ထို့နောက် ကားပေါ်သို့ လျှင်မြန်စွာ ပြန်တက်ကာ မောင်းပြေးလေတော့သည်။

ဟတ်မင်းက ထိုရေမြောင်းဆီသို့ ပြေးသွားကာ စောစောက အရာဝတ္ထုကို ထုတ်ယူလာသည်။

"ပြန်သွား" ဟု ကျွန်မကို လှမ်းသတိပေးသည်။

သူ့လက်များဖြင့် လျှင်မြန်စွာ အလုပ်တစ်ခု လုပ်နေသည်ကို ကျွန်မ မြင်နိုင်ပါသည်။ ကျွန်မထံ ပြန်ရောက်လာသောအခါ သူ့နဖူးပြင်တွင် ချွေးသီးချွေးပေါက်များ ယိုစီးနေပါသည်။

"အစဖြုတ်ခဲ့ပြီ၊ အချိန်မီပေါ့။ ကျွန်တော်တို့ ရဲဘော်တွေ အရောက်မှာ ထပေါက်ကွဲအောင် သူ ထားခဲ့တာ။ ဒါပေမယ့် အလုံအလောက် အချိန်မပေးဘူး၊ အချိန်မတိုင်မီ ဒီဗုံးပေါက်မှာပါ။ အခုတော့ လုံးလုံးကို မပေါက်ကွဲနိုင်တော့ဘူး"

ယခုတော့ အရာရာတိုင်းမှာ အချိန်မရွေး ဖြစ်ပျက်နေပါသည်၊ လမ်းတစ်ဘက်ရှိ တိုက်ခန်း ပြတင်းဝများတါင် ပြူထွက်နေသော ဦးခေါင်းတွေကို ကျွန်မ မြင်ရပါသည်။ ထိုနေရာဆီသို့ ဟတ်မင်းအား ကျွန်မက လက်ညှိုးညွှန်ပြ ခိုက် အခြားသော တိုက်နံရံဘက်မှ ပေါက်ကွဲသံကြီး ကြားလိုက်ရပြီး မီးခိုးလုံးကြီး ပေါ်ထွက်လာသည်။ နောက် မကြာမီမှာပင် ယင်းအဆောက်အအုံနှင့် မျက်နှာချင်းဆိုင်၌ မီးခိုးလုံးကြီးပေါ်ထွက်လာကာ ပေါက်ကွဲသွားပြန်သည်။ ပေါက်ကွဲသံ တစ်ခုနှင့်တစ်ခုအကြားတွင် မောင်းပြန် သေနတ်သံတွေကို ကျွန်မ ကြားနေရသည်။ ဤလေထဲက စစ်ပွဲမှာ မိနစ်အတန်ငယ်မျှ ကြာမြင့်ပြီးနောက် တိတ်သွားသည်။

တစ်ဘက် အဆောက်အအုံမှ ကျွန်မတို့ရဲဘော်နှင့် အခြားမျက်နှာချင်းဆိုင် အဆောက်အအုံမှ ကြေးစားများ လမ်းမပေါ်မှကျော်၍ တိုက်ခိုက်နေကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် အဘယ်အဆောက်အအုံ၌ ကျွန်မတို့ ရဲဘော်များရှိ၍ အဘယ်အဆောက်အအုံ၌ ကြေးစားများရှိသည်ကို တပ်အပ်မပြောနိုင်ပါ။

ထိုအခိုက် စောစောက ချီတက်လာနေသော စစ်ကြောင်းသည် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တို့ရှေ့သို့ ရောက်ရှိလာသည်။ ယင်းစစ်ကြောင်းများ ရောက်လာခိုက်တွင် ဘေးစောက တိုက်ခိုက်နေသော လမ်းတစ်ဖက်တစ်ချက်ရှိ အဆောက်အအုံများ အကြားက တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားပြန်ပါတော့သည်။

ဟတ်မင်းက ကျွန်မလက်ကို ဆုပ်ကိုင်လိုက်ပြီးနောက် ကျယ်ဝန်းသော အဝင်တံခါးဆီသို့ ဆွဲခေါ်လာပါသည်။

"သူတို့ဟာ ကျွန်တော်တို့ ရဲဘော်တွေ မဟုတ်ဘူး" ဟု သူက ကျွန်မ နားနားကပ် အော်လိုက်သည်။

အဝင်တံခါးကို သော့ခတ်ကာ မင်းတုပ်ချထားသည်။ ကျွန်မတို့ မလွတ် မြောက်နိုင်တော့ပါ။ ယင်းအခိုက် စစ်ကြောင်း၏ တပ်ဦးတစ်ခု ဖြတ်၍ ချီတက် သွားသည်။ အမှန်စင်စစ် စစ်ကြောင်းမဟုတ်။ လူအုပ်ကြီးသာ ဖြစ်ပါသည်။ နွမ်းမူးသောင်းကျန်းနေကြသော၊ အရှင်သခင်များ၏ သွေးကို ကြိမ်းဝါး တောင်းဆို နေကြသော နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းက လူများဖြင့် လမ်းတစ်ခု ပြည့်ကျပ်နေသည်။

ယခင်က လူဆင်းရဲရပ်ကွက်တကာသို့သွားစဉ် နက်ရှိုင်းသော ချောက် ကမ်းပါးအတွင်းမှ လူပေါင်းများစွာကို ကျွန်မ တွေ့ခဲ့ဖူးပါသည်။ သူတို့ အကြောင်း ကို သိသည်ဟု ကျွန်မ တွေးထင်မိခဲ့ပါသည်။

ယခုကား ကြောက်ခမန်းလိလိ ဖြစ်နေပါသည်။ ကျွန်မရှေ့တွင် ဖြတ် သွားနေကြသူတွေမှာ အမျက်ဒေါသဖြင့် မူးယစ်နေသူများ၊ ပျက်စီးသွားသော ဂိုဒေါင်တွေမှ ဝီစကီတွေကို အမူးသောက်ကာ မူးယစ်နေသူများ၊ မုန်းတီး စက်ဆုပ် ခြင်းတို့ဖြင့် မူးယစ်နေသူများ၊ သွေးဆာနေသူများ၊ စုတ်ပြတ်ညစ်ပေနေသည့် ကျား၊ မ ကလေးသူငယ်များကို ကျွန်မ ပထမဆုံးအကြိမ်အဖြစ် တွေ့မြင်နေရပါ တော့သည်။

နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းမှ လူများအဖို့ အသက်ရှင် နေထိုင်ရခြင်း၏ ဒုက္ခနှင့် နာကျင်မှုတို့မှအပ အခြား ဘာဆုံးရှုံးစရာရှိသနည်း ဟုလည်း ကျွန်မ တွေးကြည့်မိပါသည်။ စီးဆင်းနေသော လူသား ချော်ရည်စီး ကြောင်း အတွင်း၌ နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းမှ သားရဲတိရစ္ဆာန် ကို နိုးထစေလျက် ရန်သူတွေက သူတို့ကို နိုင်နင်းအောင် နှိမ်နင်းရေးဖြင့် အလုပ်ရှုပ်နေစေရန်တည်းဟူသော တာဝန်ရှိနေကြသည့် ယောက်ျားသားများ ရဲဘော်များ၊ သူရဲကောင်းများ ပါဝင်နေပါလား ဟူသောအတွေးက ကျွန်မထံ





ဝင်ရောက်လာပြန်ပါသည်။

ထို့နောက် ကျွန်မတွင် ထူးထူးဆန်းဆန်း ဖြစ်ပျက်လာပါသည်။ ကျွန်မ ထံတွင် အသွင်ကူးပြောင်းမှုတစ်ခု ရောက်ရှိလာပါသည်။ ကျွန်မနှင့်တကွ အခြား လူများ သေရမည်ကို စိုးရိမ်သောစိတ်တို့ ကျွန်မထံမှ ထွက်ခွာသွားကြသည်။ အခြားသတ္တဝါ၊ အခြားလူဘဝသို့ ကျွန်မ ရောက်ရှိခဲ့ပါသည်။ ဘာမှု တို့ မရှိတော့။

ယခုအချိန်၌ အရေးတော် ရှုံးနိမ့်ကောင်း ရှုံးနိမ့်မည်။ သို့ရာတွင် ဤ အရေးတော်သည် ပို၍ သစ်လွင်စွာဖြင့် နောက်တစ်နေ့ ထပ်ပေါ် ပေါက်လာပါ ဦးမည်။ ထို့နောက် နာရီအတန်ကြာမျှ စဉ်းစားမိပြီးနောက် ကျွန်မမှာ တည်တည် ငြိမ်ငြိမ် စိတ်ဝင်စားလာနိုင်ပါတော့သည်။ သေခြင်းဟူသည် ဘာမျှ မဟုတ်၊ အသက်ရှင်ခြင်းဟူသည်လည်း ဘာမျှမဟုတ်။

ကျွန်မမှာ အဖြစ်အပျက်တွေကို စိတ်ဝင်စားစွာ စောင့်ကြည့်နေသူ အဖြစ်မှ ထူးဆန်းစွာ ကိုယ်တိုင်ကိုယ်ကြ ပါဝင်သူ ဖြစ်လာပါတော့သည်။ ကျွန်မ ၏ စိတ်အလျဉ်သည် ကြယ်ရောင်တို့ဖြင့် အေးမြနေသော တောင်းကင်သို့ ရောက်သွားကာ သံယောဇဉ် ကင်းမဲ့သည့် တစ်နေရာမှ တန်ဖိုးတို ဖွေရှာလျက် ရှိပါသည်။ ဤသို့မှမလုပ်ရလျှင် ကျွန်မ သေရတော့မည်ဟု ကျွန်မ သိပါသည်။

ကျွန်မတို့ကို ရှာဖွေ တွေ့ရှိသွားသော အချိန်တွင် လူအုပ်ကြီးမှာ မိုင်တစ်ဝက်ကျော်ကျော်ခန့် ရှည်လျားစွာ ဖြတ်သန်းသွားပြီးကြ ဖြစ်ပါသည်။

အလွန်တရာ စုတ်ပြတ်ညစ်ထေးလှသော မိန်းမတစ်ဦးက ကျွန်မနှင့် ဟတ်မင်းကို မြင်သွားသည်။ သူ့ပါးနှစ်ဘက်မှာ ချိုင့်ခွက်နေသည်။ ကျဉ်း မြောင်းနက်မှောင်သော သူ့မျက်စိအစုံမှာ တောက်လောင်နေသည့် လွန်သွား ဖော စူးရှလှသည်။

သူသည် ဆင့်ကဲဆင့်ကဲ သံကုန်အော်ဟစ်ကာ ကျွန်မတို့ကို ညွှန်ပြ လျက်ရှိပါသည်။ လူအုပ်ကြီး၏ တစ်စိတ်တစ်ပိုင်းက သူ့အော်သံကြားသောအခါ သူ့နောက်မှ လိုက်လာကြသည်။ ဤမိန်းမ၏ နီညိုရောင်သမ်းသော ဖွာရာကြဲ နေသည့် ဆံပင်များ၊ ဦးခေါင်းတစ်နေရာတွင် ရထားဟန်တူသော ဒဏ်ရာမှ နေဖြင့်ပေါ် သို့ စီးကျနေသည့် သွေးများ၊ ညာလက်တွင် ပုဆိန်ငယ်၊ ဘယ်လက် တွင် လုံချွန်ကိုင်ထားသည့် ရုပ်သွင်ကို ကျွန်မ ယခု ဤအကြောင်းများ ရေးနေ ချိန်အထိ မြင်ယောင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟတ်မင်းက ကျွန်မရှေ့မှ ဆီးကာ ရပ်လိုက်ပါသည်။ ဤအတွက် အထူး ရှင်းပြစရာမလိုပါ။ ကျွန်မတို့သည် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြ သည် မဟုတ်လား။ ဤမှုဖြင့် လုံလောက်ပါပြီ။

ဟတ်မင်း၏ ပထမဆုံး လက်သီးချက်သည် ထိုမိန်းမ၏ အလျှံ တညီးညီး တောက်လောင်နေသည့် မျက်လုံးအစုံကြားသို့ အရှိန်ပြင်းစွာ ကျဆင်း သွားသည်။ ဤလက်သီးရှိန်ကြောင့် သူ နောက်သို့ လန်သွားသည်။ သို့ရာတွင် သူ့နောက်ပါးက ပါလာသော လူအုပ်ကို နံရံသဖွယ်ပြုကာ ဆက်၍ရှေ့သို့ တိုး လာသည်။ မကြာမီ ဟတ်မင်း၏ပခုံးပေါ်သို့ ပုဆိတ်ချက်တစ်ချက် ကျသွား လေသည်။

နောက်တွင်ကား ဘာဖြစ်နေသည်ကို ကျွန်မ မသိတော့ပါ။ ကျွန်မတို့ လူအုပ်ကြီးက ဝိုင်းထားသည်။ ကျွန်မ အပါးတွင် ပုဆိန်များ၊ စူးစူးဝါးဝါး အော်သံများ၊ ကျိန်ဆဲသံများဖြင့် ဖုံးလွှမ်း ပြည့်လျှမ်းနေပါသည်။ ကျွန်မတို့ ထိုးချရိုက်ကြသည်။ ကျွန်မ အသားအရေနှင့် ဂါဝန်စတွေကို ဆုတ်ဖြဲကြသည်။ ကျွန်မ ခန္ဓာကိုယ်တစ်ခုလုံး တစ်စစီဖြစ်သွားပြီဟု ထင်မိပါသည်။ အချို့က ကျွန်မ၏ပခုံးကို ကြမ်းကြမ်းတမ်းတမ်း ဆွဲကြသည်။ ကျွန်မကလည်း မွန်းကျပ် နေပါပြီ။ နာကျင်မှု မောဟိုက်မှုများအကြား ကျွန်မ မေ့မြောသွားပါတော့သည်။

ဟတ်မင်းကား အဝင်အဝနေရာမှ ပြန်မထွက်လာတော့ပါ။ ကျွန်မတို့ ကာ့ကွယ်ရင်း ပထမဆုံး ထိုးနှက်တိုက်ခိုက်မှုကို သူ ခံခဲ့ရပါသည်။ ဤအချက် က ကျွန်မအသက်ကို ကယ်သွားခြင်းဖြစ်သည်။ နောက်ပိုင်းတွင်မူ လူအုပ်ကြီး က ဆွဲလား၊ ငင်လား၊ ထိုးကြိတ်လား စသည်ဖြင့်သာ ပြုလုပ်ကြတော့သော ကြောင့် ဖြစ်ပါသည်။

ကြောက်ခမန်းလိလိ ရွေ့လျားလှုပ်ရှားနေသော လူအုပ်ကြီးအကြား တွင် ကျွန်မ ရောက်ခဲ့ရသည်။ အဘယ်သို့ ဦးတည်နေသည်ကို ကျွန်မ မသိပါ။ သန့်ရှင်းလတ်ဆတ်သော လေက ကျွန်မ ပါးပြင်ကို တွေ့ထိကာ အဆုတ်အတွင်း သို့ တိုးဝင်လာပါသည်။ နာကျင် မိန်းမောနေရစိုက်မှာပင် သန်မာသော လက် များဖြင့် ကျွန်မအား ဖေးမတွဲခေါ်ခြင်း ခံနေရသည်ကို ဝိုးတဝါး သိလာရပါသည်။ ကျွန်မ၏ ခြေအစုံကို အားပြုကာ လျှောက်ရန် ကြိုးစားပါသည်။

ယင်းအခိုက်မှာပင် ကျွန်မရှေ့က လျှောက်သွားနေသော ယောက်ျား တစ်ဦး၏ ကျောပြင်ကို သတိထားလိုက်မိပါသည်။ ကျောပြင်တွင် ချုပ်ရိုးအတိုင်း





စုတ်ပြဲနေသည့်အင်္ကျီကို ကျွန်မ သတိထားမိသည်။ ထို့နောက် ကျွန်မ တစ်ကိုယ် လုံး နာကျင်ကိုက်ခဲနေခြင်း၊ မျက်နှာပြင်တွင် သွေးများ ယိုစီး ကျဆင်းနေခြင်းကို သတိရလာမိသည်။

ကျွန်မတွင် ဦးထုပ်မရှိတော့။ ကျွန်မ၏ ဆံပင်တွေမှာလည်း ဖွာလန် ကြဲနေပါသည်။ အဝင်ဝတွင် လူအုပ်ကြီးနှင့် စတင်ရင်ဆိုင်စဉ်က ကျွန်မဆံပင် အား သန်မာသော လက်ကြီးဖြင့် ဆွဲဆုပ်ခြင်း ခံခဲ့ရသည်ကို သတိရလာမိသည်။ ကျွန်မ၏ ရင်နှင့်လက်များတွင် ခြစ်ရာရှရာတွေ ပွနေသည်။ တစ်ကိုယ်လုံး နေရာ ပေါင်းများစွာ၌ ကိုက်ခဲနာကျင်နေသည်။

ကျွန်မ ဦးနှောက် အတန်ငယ် ကြည်လင်လာပါသည်။ ကျွန်မကို ဖေးမ ထားသော လူကို ကြည့်လိုက်မိသည်။ ကျွန်မကို လူအုပ်ကြီးအကြားမှ တရွတ်ဆွဲ ထုတ်ယူကာ ကယ်တင်ခဲ့သူမှာ ထိုလူပင် ဖြစ်ပါသည်။ ကျွန်မ လှုပ်ရှားမှုကို သူ သတိထားမိသည်။

"ကိစ္စ မရှိဘူး။ မပူနဲ့။ ခင်ဗျားကို တွေ့တွေ့ချင်း ချက်ချင်း ကျွန်တော် သိတယ်" ဟု သူက အော်ပြောပါသည်။

ကျွန်မ သူ့ကို မမှတ်မိပါ။

သို့ရာတွင် သူ့ကို တစ်စုံတစ်ရာ စကား မပြောနိုင်မီ ကျွန်မ သက်ရှိ တစ်ဦးဦးကို တက်နင်းမိသလို ထင်မိသည်။ ကျွန်မ ငုံ့ကြည့်ဖို့ ကြိုးစားပါသည်။ သို့ရာတွင် လူအုပ်ကြီး၏အရှိန်ဖြင့် ရှေ့သို့ ပါသွားသည်။ သို့ရာတွင် လဲကျသွား ပြီးနောက် လမ်းပေါ်မှာပင် ထောင်ပေါင်းများစွာသော ခြေဖဝါးတို့ဖြင့် တက်နင်း ခြင်း ခံခဲ့ရသည့် မိန်းမတစ်ဦး ဖြစ်ကြောင်း ကျွန်မ သိပါသည်။

"ဘာမှ စိတ်မပူပါနဲ့။ ကျွန်တော် ဂတ်ဝိတ်ပါ" ဟု သူက ထပ်ပြောပါ သည်။

သူကား မုတ်ဆိတ် ကျင့်စွယ်များ ထူပြောနေပြီး ပိန်ပိန်ရှည်ရှည်နှင့် ညစ်ပတ် ပေရေနေပါသည်။ သို့ရာတွင် သူကား လွန်ခဲ့သော သုံးနှစ်က ကျွန်မတို့ ဝယ်လင်အဲလင် စခန်းတွင် သုံးလကြာမျှ လာရောက် ခိုအောင်းသွားသော လူငယ်တစ်ဦး ဖြစ်ကြောင်း ကျွန်မ မှတ်မိလာပါသည်။ သူလည်း အလုပ်လုပ်နေ သော သံဖနောင့်၏ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့မှ စကားဝှက်ကို လေသံဖြင့် သူက ပြောပါသည်။

"အခွင့်သင့်တာနဲ့ တစ်ပြိုင်နက် ခင်ဗျားကို ကျွန်တော် ဒီလူအုပ်ကြား



www.burmeseclassic.com

www.burmeseclassic.com



က ခေါ်ထုတ်သွားမယ်။ ဒါပေမယ့် ခြေထောက်ကို ခိုင်ခိုင်ထား။ လဲကျမသွားစေနဲ့"

ထိုနေ့ တစ်နေ့လုံး အဖြစ်အပျက်မျိုးစုံ ဖြစ်ပျက်ခဲ့ပါသည်။ ကျွန်မရှေ့ရှိ အကြမ်းဖက်လိုသော များပြားလှသည့် မိန်းမအုပ်တစ်အုပ်နှင့် ရင်ဆိုင်တိုးနေရပါသည်။ (ကျောပြကုတ်အကျီနှင့် လူမှာ ပျောက်ကွယ်သွားသည်။) ကျွန်မနောက်မှ လူတွေကလည်း ကျွန်မကို ဝင်တိုးကြသည်။ ကြောက်စရာအခြေအနေများ ချက်ချင်း ပေါ်ပေါက်လာပါသည်။ ပုဆိန်တွေ၊ လှံတွေ၊ ဆံညှပ်ကျိန်ဆဲသံတွေဖြင့် ပြည့်လျက်နေခိုက် စက်သေနတ်သံများ၊ ရိုင်ဖယ်သံများ ကြားရသည်။

အစကနဦးတွင် ကျွန်မ ရေရေရာရာ မသိပါ။ ကျွန်မ၏ ညာဘက်နှင့် ဘယ်ဘက်တို့တွင် လဲကျသွားသော လူတွေကို တွေ့ရသည်။ ကျွန်မရှေ့က မိန်းမတစ်ဦးမှာ ဝမ်းဗိုက်ကို လက်ဖြင့် ဖိရင်း လဲကျသွားသည်။ ကျွန်မ ခြေရင်းတွင် သေဖုံဆဲဆဲ လူတစ်ယောက် ရှုန်းကန် ညည်းတွားနေသည်။

စစ်ကြောင်း ရှေ့ဆုံးသို့ ကျွန်မတို့ ရောက်နေသည်ကို သတိထားမိပါသည်။ မိုင်တစ်ဝက်ခန့် ရှည်လျားသော လူအုပ်ကြီး ပျောက်ကွယ်သွားပါသည်။ ဘယ်နည်းဘယ်ပုံ ပျောက်ကွယ်သွားသည်ကို ကျွန်မ မသိပါ။ ဤမျှ များပြားလှသော လူအုပ်ကြီးအား တစ်စစီ ဖြန့်ခွဲပစ်လိုက်သလား၊ သို့တည်းမဟုတ် လူစုကွဲသွားကြသလား၊ စစ်မိုးခြိမ်းသံကြီးကြောင့် ကြေပျက်သွားကြလေသလားစသည်တို့ကို ယနေ့အထိ ကျွန်မ မသိပါ။

သို့ရာတွင်, ကျွန်မတို့မှာ စစ်ကြောင်း၏ အလယ်တွင်ရှိရမည့်အစားရှေ့ဆုံးတန်းတွင် ရောက်နေကြပါပြီ။ နောက်က ကပ်ပါလာသော ပုဆိန်များ၏ ဘေးမှ အသက်လု ပြေးနေရခြင်း ဖြစ်ပါသည်။

ထိုအခိုက်မှာပင် ဂတ်ဝိတ်က ကျွန်မ လက်မောင်းကို တင်းကျပ်စွာဆွဲလျက် ရုံးအဆောက်အအုံတစ်ခု၏ ကျယ်ဝန်းသော အဝင်အဝသို့ တစ်ဟုန်ထိုးထွက်ပြေးပါသည်။ ကျွန်မတို့ရှေ့တွင် တံခါးများ၊ နောက်တွင် ဆူပူ အော်ဟစ်ကြွေးကြော်နေသူများ အကြား၌ ကျွန်မတို့ ရောက်နေကြသည်။ အချိန်အတန်ကြာမျှ ကျွန်မတို့ ဤအနေအထားအတိုင်း နေနေကြရသည်။

"ကျွန်တော် လုပ်တော့ လုပ်ခဲ့ပြီ။ ထောင်ချောက်ထဲကို တည့်တည့်ပြေးလာကြတာပဲ။ လမ်းပေါ်မှာ တစ်ဝက်စီလောက် အခွင့်အရေး ရှိတယ်။ အခုဒီမှာ လုံးဝမရှိတော့ဘူး။ အော်နေတာမှအပ တခြား ဘာမှမရှိတော့ဘူး။ တော်လှန်ရေး အောင်ပါစေ"

ထို့နောက် ကျွန်မတို့ မျှော်လင့်ချက်အတိုင်း စတင်ပါတော့သည်။ ခုခံတိုက်ခိုက်မှုများ စတင်ပါတော့သည်။ လူတွေ အတုံးအရုံး လဲကျသေဆုံးကြသည်။ ဂတ်ဝိတ်က ကျွန်မနားသို့ ကပ်၍ တစ်စုံတစ်ရာ အော်ပြောသည်။ သို့ရာတွင် ကြောက်မက်ဖွယ်ရာ သားရဲတွင်းကြီး၌ ကျွန်မ ဘာကိုမျှ မကြားရ။ ဂတ်ဝိတ်အား အချိန်ကို မစောင့်တော့ပါ။ ကျွန်မကို မြေပေါ်သို့ တွန်းလှဲချလိုက်ပြီးနောက် သေဆုံးနေသော မိန်းမတစ်ဦးကို ကျွန်မအပေါ် ထပ်တင်ကာ သူက နံဘေးမှ နေ၍ ကျွန်မကိုပါ တရွတ်ဆွဲရင်း တွားသွားပါသည်။ သို့ရာတွင် ဒဏ်ရာရသူတွေ သေသူတွေက ကျွန်မတို့အပေါ် ထပ်တင် ပုံလျက်သား ကျလာသည်။

ဤအလေးဒဏ်ကို ခံနိုင်ရန် အားရှိ၍သာ ကျွန်မမှာ အသက်ရှင်နေနေသေးခြင်း ဖြစ်ပါသည်။ အဘယ်ပုံ စခန်းသိမ်းမည်ကိုလည်း မသိပါ။

နောက်ဆုံးတွင် ကျွန်မတို့ရှိရာ ဒဏ်ရာရသူ၊ သေသူများ စုပုံနေသည့်နေရာသို့ ကြေးစားတွေ ရောက်လာသည်။ ဂတ်ဝိတ်က လှမ်းအော်သည်။ သူတို့က မကြား။ ထို့ကြောင့် ဂတ်ဝိတ်က အသံကုန် ထပ်အော်ပြန်သည်။

"သတိထားသွားကြ" ဟု အရာရှိက အမိန့်ပေးသည်။ ကျွန်မတို့ကို သူပုံကြီးကြားမှ ဆွဲထုတ်ကြသည်။ ဂတ်ဝိတ်က ပထမဦးစွာ ရှင်းပြသည်။ ကျွန်မအလည်း သံဖနောင့်၏ လျှို့ဝှက်ထောက်လှမ်းရေး အမှုထမ်းဖြစ်ကြောင်း သတ်သေထူပါသည်။

"ဪ ဒီလိုကိုး။ ကောင်းပြီလေ"

အရာရှိက အမိန့်ပေးသည်။ သူသည် လူနည်းစု အာဏာရ အသိုင်းအဝိုင်းမှ ပေါက်ဖွားလာသော လူငယ်ဗိုလ်လောင်းတစ်ဦး ဖြစ်သည်။

"တကယ့်ကြောက်စရာ အလုပ်ပဲ။ ကျုပ်တော့ ထွက်ပြီး တပ်ထဲပဲဝင်တော့မယ်" ဟု ဂတ်ဝိတ်က ပြောသည်။

"ခင်ဗျားနဲ့ ထိုက်တန်ပါတယ်။ ကျွန်တော် ပြောနိုင်တဲ့နေရာရှိပါတယ်။ ခင်ဗျားတို့ ဘယ်လို အလုပ်လုပ်ကြတယ်ဆိုတာ ကျွန်တော် ပြန်ပြောပြလိုက်မယ်"

သူက ဂတ်ဝိတ်၏ နာမည်နှင့် နံပါတ်တို့ကို မေးမြန်းမှတ်သားပြီးနောက် ကျွန်မဘက်သို့လှည့်၍. . .

"ခင်ဗျားကရော"







www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက လက်ထပ်တော့မှာပါ။ လက်ထပ်ပြီးရင် ဒီအလုပ်က ထွက်မှာပါ" ဟု ဖြေလိုက်ပါသည်။

ကျွန်မတို့ စကားတွေ ပြောကြသည်။ ဂတ်ဝိတ်နှင့် အရာရှိကလေးတို့က ခေတ်သစ်စစ်ဆင်ရေး လမ်းမပေါ်မှ စစ်ဆင်ရေးနှင့် မိုးထိမြင့်မားသော အဆောက်အအုံတို့မှ တိုက်ခိုက်သည့် စစ်ဆင်ရေးအကြောင်းတွေကို ပြောကြသည်။ ကျွန်မက ဖရိုဖရဲဖြစ်နေသော ဆံပင်ကိုရှင်း၊ စုတ်ပြဲနေသော ဂါဝန်ကို ချည်နှောင်ရင်း သူတို့ပြောတာတွေကို စိတ်ဝင်စားစွာ နားထောင်နေမိပါသည်။

သတ်ဖြတ်ပွဲကြီးကား ဆက်လက်ဖြစ်ပွားနေဆဲပင် ရှိပါသည်။ သုံးရက်ကြာ ချီကာဂိုဘုံအဖွဲ့ အရေးတော်ပုံ တစ်လျှောက်လုံး ကျွန်မ ရှိနေခဲ့ပါသည်။ ထိုကာလအတွင်း နက်ရှိုင်းသော ချောက်ကမ်းပါးထဲမှ လူတွေ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း ခံနေရသည့်မြင်ကွင်းနှင့် တိုက်တာ အဆောက်အအုံကြီးများမှနေ၍ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်သည့် မြင်ကွင်းများမှအပ အခြားဘာကိုမျှ မတွေ့ရ၊ မမြင်ရလောက်အောင် သတ်ဖြတ်မှုတွေ ကျယ်ဝန်းကြီးမားလှပါသည်။

ရဲဘော်တွေ၏ သူရဲကောင်းပီသသော စွမ်းဆောင်ချက်ကို တစ်ခုတလေမှ ကျွန်မ မမြင်ရပါ။ သူတို့၏ မိုင်းများ၊ ဗုံးများ ပေါက်ကွဲသံတွေကိုတော့ ကျွန်မ ကြားရပါသည်။ သူတို့ ရှို့လိုက်သော မီးကြောင့် ထွက်လာသည့် မီးခိုးတွေကို မြင်ရပါသည်။ ထို့ထက် မပိုပါ။

နက်ရှိုင်းသော ချောက်ကမ်းပါးအတွင်းက လူသားများအကြောင်း ပြန်ကောက်ဖါမည်။ ကျွန်မမှာ သူတို့နှင့် ပတ်သက်သော အတွေ့အကြုံသာ ရှိပါသည်။ သူတို့သည် တစ်မြို့လုံး တွေ့သမျှကို ဖျက်ဆီးကြ၊ သတ်ဖြတ်ကြသည်။ သူတို့လည်း ဖျက်ဆီးသတ်ဖြတ်ခြင်း ခံခဲ့ကြရသည်။ သို့ရာတွင် မြို့အနောက်ဘက်တွင် နေထိုင်ကြသည့် လူနည်းစု အာဏာရအသိုင်းအဝိုင်းဝင် လူတွေကိုတော့ ကောင်းစွာ ကာကွယ်စောင့်ရှောက်ထားသည့်အတွက် သူတို့ဘာမျှ မလုပ်နိုင်ပါ။ မိန်းမနှင့် ကလေးများကို ဘေးကင်းလုံခြုံရာသို့ ပို့ထားနိုင်ကြသည်။ တစ်မြို့လုံး ဖြစ်ချင်တိုင်း ဖြစ်ပျက်နေစဉ် သူတို့သားသမီးတွေသာ ဥယျာဉ်များ၌ အကစားမပျက် ရှိကြသည်ဟုပင် ကျွန်မ ကြားရပါသည်။

ကြေးစားများအတွက်မူ လူတွေကို နှိမ်နင်းရသောအလုပ်၊ ကျွန်မတို့ ရဲဘော်များအား ပြန်လည် တိုက်ခိုက်ရသောအလုပ်မှာ မလွယ်လှပါ။ ချီကာဂို





မှ ၎င်း၏ အစဉ်အလာကို ကောင်းစွာ စောင့်ထိန်းခဲ့ပါသည်။ တော်လှန်ရေးသမား လူ့အဆက်အနွယ်များစွာကို ချေမှုန်းဖျောက်ဖျက်နိုင်ခဲ့သည် မှန်သော်လည်း ကြေးစားများဘက်မှ အကျအဆုံးလည်း မနည်းလှပါ။

တော်လှန်ရေးသမားများဘက်က တစ်ဆက်တည်း၊ တစ်ပြိုင်တည်းဆိုသလို တစ်ပြည်လုံး အနှံ့အပြားတွင် တိုက်ပွဲများ ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့်လည်း နောက်ထပ် ထောင်ပေါင်းများစွာသော ကြေးစားတွေကို လူနည်းစု အာဏာရ အသိုင်းအဝိုင်းက ချီကာဂိုသို့ စေလွှတ်နိုင်ခဲ့ပါသည်။

ထို့နောက် နက်ရှိုင်းသော ချောက်ကမ်းပါးတွင်းက လူသားများတို့ အစုလိုက်အပြုံလိုက် မောင်းထုတ် ဖယ်ရှားရေးလုပ်ငန်းကြီး စတင်ပါသည်။ သူတို့ကို မီချီဂန် ရေကန်ကြီးဆီသို့ ကျွဲနွားများပမာ မောင်းနှင် ခေါ်ယူသွားပါသည်။

ဤအရေးအခင်း အစပျိုးချိန်၌ ဂတ်ဝိတ်နှင့် ကျွန်မ အဆိုပါအရာရှိငယ်နှင့် တွေ့ဆုံကြခြင်း ဖြစ်သည်။ အထက်ပါ လူတွေကို မောင်းထုတ်ရေးလုပ်ငန်းမှာမူ ကျွန်မတို့ ရဲဘော်များကြောင့် အောင်မြင်ခြင်း မရှိခဲ့ပါ။ လူတွေတစ်ယောက်မကျန် မောင်းထုတ်ရေး အစီအစဉ်တွင် လူပေါင်း လေးသောင်းတိုသာ မောင်းထုတ် ရွှေ့ပြောင်းပေးနိုင်ခဲ့ပါသည်။ သူတို့ကို အစုအပြုံလိုက် မောင်းထုတ်ခေါ်ယူသွားစဉ် ကျွန်မတို့ရဲဘော်တွေက အလစ်ဝင်ကာ ရှုပ်ထွေးအောင် ဖန်တီးခြင်းအားဖြင့် ထွက်ပြေးလွတ်မြောက်သွားကြသူတွေ များပြားလှပါသည်။

အရာရှိငယ်နှင့် တွေ့ဆုံပြီးနောက် များမကြာမီ ဂတ်ဝိတ်နှင့် ကျွန်မတို့ အထက်ပါ နမူနာကို တွေ့မြင်ခဲ့ရခြင်း ဖြစ်ပါသည်။ ကျွန်မတို့ပါဝင်ပြီး နောက်ဆုတ်ရန် အမိန့်ပေးထားသော လူအုပ်ကြီးသည် တပ်များ၏ ပိတ်ဆို့မှုကြောင့် တောင်ဘက်နှင့် အရှေ့ဘက်သို့ ထွက်ပြေးလွတ်မြောက်ရန် မဖြစ်နိုင်တော့ပါ။ အခြားတပ်တွေက အနောက်ဘက်တွင် တပ်စွဲလိုက်ရာ တစ်ခုတည်းသော ထွက်လမ်းမှာ မြောက်ဘက်သာ ဖြစ်ပါတော့သည်။ မြောက်ဘက်တွင် ရေကန်ကြီးရှိလေရာ အခြား အရှေ့အနောက်နှင့် တောင်ဘက်တို့မှ စက်သေနတ်များ၊ မောင်းပြန် သေနတ်များဖြင့် ဝိုင်းဝန်း ပစ်ခတ်လျက်ရှိပြီး ရေထဲသို့ မောင်းထုတ်ရာသို့ ရှိရာသို့ မောင်းထုတ်သလို ဖြစ်နေပါသည်။

သို့ရာတွင် လူအုပ်ကြီးသည် လမ်းမကို ဖြတ်ကာ အနောက်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်လျက် နောက်တစ်လမ်းမှ ချိုးဝင်ကာ ဆင်းရဲသားများ ရပ်ကွက်ကြီး ရှိရာ အနောက်ဘက်သို့ ချီတက်လာကြသည်။

ထိုအချိန်၌ ကျွန်မနှင့် ဂတ်ဝိတ်တို့သည် လမ်းမတိုက်ပွဲများ နယ်မြေမှ လွတ်မြောက်ရေးအတွက် အနောက်ဘက်ဆီသို့ ထွက်လာကြခိုက် ဤအကြားတွင် တည့်တည့် တိုးဝင်နေမိခဲ့ပါသည်။ လမ်းထောင့်အရောက်တွင် လူအုပ်ကြီး တစ်အုပ်နှင့် သွားတိုးပြန်သည်။ ဂတ်ဝိတ်က ကျွန်မလက်ကိုဆွဲကာ ပြေးသည်။ ထိုသို့ပြေးစဉ် အချင်းဖြစ်ပွားရာသို့ လက်နက်မျိုးစုံတို့ဖြင့် ချီတက်လာကြသော စစ်ကားများကြောင့် ကျွန်မတို့ ရပ်လိုက်ရပါသည်။

လူအုပ်ကြီးကလည်း ထပ်တတ်သည်။ စက်သေနတ်သံများ၊ မောင်းပြန်သေနတ်သံများ ပေါ်ထွက်လာကြပြန်ပါသည်။

တစ်စုံတစ်ရာ သတိပေးခြင်းမရှိဘဲ တိုက်ကြီးများပေါ်မှ ဗုံးတွေ ကျလာသည်။ ကင်းလှည့်တားများ ပျက်စီး မီးလောင်ကုန်ကြသည်။

ကျွန်မတို့လည်း အသက်မသေ ကျန်နေသူများနှင့်အတူ နောက်ပြန်ဆုတ်ကြသည်။ နောက်လမ်းတစ်လမ်းအရောက်တွင် အဆောက်အအုံတစ်ခုပေါ်မှ စက်သေနတ်များဖြင့် ကျွန်မတို့ကို လှမ်းပစ်သည်။ လမ်းမပေါ်တွင် အတုံးအရုံး သေကုန်ကြသည်။

ဂတ်ဝိတ်က ကျွန်မကို လက်ဆွဲကာ အဆောက်အအုံတစ်ခု၏ ဝင်ပေါက်ရှိရာသို့ ပြေးပြန်သည်။

"လူအုပ်ကြီး ပြန်လာနေပြီ။ ဒီနေရာက ကျွန်တော်တို့ ထွက်ကြမှ ဖြစ်မယ်" ဟု သူက ပြောသည်။

သွေးချောင်းစီးနေသော လူသွားလမ်းအတိုင်း ကျွန်မတို့ လက်ချင်းတွဲကာ ပြေးကြသည်။ ထောင့်တစ်ခုရှိရာသို့ ချော်လဲလိုက်၊ ယိမ်းယိုင်လိုက်ဖြင့် ပြေးကြခြင်း ဖြစ်ပါသည်။ ရှေ့ကလမ်းကို လှမ်းကြည့်ရာ စစ်သားအချို့ သွားလာနေကြသည်ကို တွေ့ရသည်။ ကျွန်မတို့ နောက်တွင် လူအုပ်ကြီး ပါလာသေးသည်။ စောစောက အရာရှိငယ်ကား ဤနေရာတွင် ထိမှန်ကာ လဲကျသွားသည်ကို တွေ့ရပါသည်။

"ကဲ. . . လာ. . . လမ်းကတော့ မှားနေပြီ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ထွက်နိုင်မှာပါ"

တိတ်ဆိတ်နေသော လမ်းမအတိုင်း ကျွန်မတို့ အရှေ့ဘက်ဆီသို့





ဦးတည်၍ သုတ်ခြေတင်ပြေးကြပါသည်။ လမ်းဖြတ်တိုင်း တစ်စုံတစ်ခု ဖြစ်နိုင်သည်ကိုလည်း သိထားကြပါသည်။ တောင်ဘက်တွင် မီးလုံးကြီးများ တတ်လာသည်။ ဆင်းရဲသား ရပ်ကွက်ကြီး မီးလောင်နေပြီဖြစ်ကြောင်း ကျွန်မတို့ သိနေပါသည်။

နောက်ဆုံးတွင် ခွန်အား ကုန်ခမ်း နွမ်းနယ်လွန်းသဖြင့် ကျွန်မလည်း လမ်းဘေးတွင် ပုံလျက်သား လဲကျသွားပါသည်။ ဆက်၍ မသွားနိုင်တော့ပါ။ ခြစ်ရာရှာရာများ၊ နာကျင်မှုများ ဖုံးလွှမ်းနေပါသည်။ သို့တစေ စီးကရက်လိပ်ရှင်း ပြုံးနေသော ဂတ်ဝိတ်က . . .

"ခင်ဗျားကို ကယ်ထုတ်ဖို့ ကျွန်တော် ကြိုးစားနေတာပဲ။ ဒါပေမယ့် အခြေအနေကို ကောင်းကောင်း မသိသေးဘူး။ အကုန်ရှုပ်ထွေးနေတာပဲ။ ဖောက်ထွက်ဖို့ ကြိုးစားတိုင်း တစ်ခုခုဖြစ်ပြီး ကျွန်တော်တို့ ပြန်လှည့်လာကြရတာချည်းပဲ"

"ခင်ဗျားကို ကျွန်တော် ခေါ်လာတဲ့အဝင်ဝကနေ ဒီအထိဆိုရင် လမ်းဆိပ် နှစ်ထိပ်လောက်ပဲရှိဦးမယ်။ ရန်သူနဲ့မိတ်ဆွေ ရောနေတယ်။ တိုက်တွေပေါ်က လူတွေ ဘယ်သူဆိုတာ ခင်ဗျားမပြောနိုင်ဘူး။ ကြည့်နေဦး။ ကိုယ့်ခေါင်းပေါ် ဗုံးကျလာဦးမယ်။ ကိုယ့်လမ်းကိုယ် အေးအေးသွားလည်း ကိုယ့်ရဲဘော်တွေက ပစ်သတ်တာခံရင်လည်း ခံရမယ်။ အဆိုးဆုံးကတော့ လူအုပ်ကြီး လိုက်လာပြီး သတ်ပစ်မှာ အဆိုးဆုံးပေါ့"

သူက ခေါင်းကိုရမ်းခါရင်း စီးကရက် မီးညှိလိုက်ပြီး ကျွန်မနံဘေး ထိုင်လိုက်သည်။

"နောက်ပြီး ကျွန်တော်လည်း ဆာနေတယ်။ လမ်းခင်းကျောက်တုံးတောင် စားရ စားရ စားနိုင်တယ်"

ထို့နောက် လမ်းမပေါ်ကို ထွက်သွားကာ လမ်းခင်းကျောက်တုံးတစ်လုံးကို ယူလာကာ ကျွန်မတို့နောက်ရှိ စတိုးဆိုင်ပြတင်းကို ရိုက်ခွဲလိုက်သည်။

မှန်ပေါက်မှနေ၍ အတွင်းသို့ဝင်ရန် ကျွန်မကို ကူညီခိုက် . . .

"မြေညီထပ်ဗျာ . . . သိပ်တော့ မကောင်းဘူး။ ဒါပေမယ့် ကျွန်တော်တို့ တတ်နိုင်တာ ဒါလောက်ပဲ။ ခင်ဗျား ခဏမေ့လိုက်လေ။ ကျွန်တော် စနည်းနာ ထွက်လိုက်ဦးမယ်။ ဒီ ခင်ဗျားကို ကယ်ရမယ့်အလုပ်ကို ပြီးအောင် လုပ်မှာတော့ သေချာပါတယ်။ ဒါပေမယ့် အချိန်ဗျာ. . .။ အချိန်သိပ်ကြာနေပြီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု စားစရာရှိမှ ဖြစ်မယ်"

ကျွန်မတို့ရောက်ရှိသွားသောနေရာမှာ မြင်းနှင့်စပ်လျဉ်းသည့် ကိရိယာ တန်ဆာပလာများ ရောင်းချသော စတိုးဆိုင်ဖြစ်သည်။ ဆိုင်နောက် အစွန်ဆုံး ရုံးခန်းဆီသို့ မြင်းကုန်းနှီး တင်စောင်များကို ယူကာ နေရာထိုင်ခင်း ပြုလုပ်ပေး သည်။ ကျွန်မအတွက် ပိုဆိုးလာသည်မှာ ခေါင်းကိုက်လာခြင်း ဖြစ်သည်။ ထို့ကြောင့် မျက်စိစုံမှိတ်လျက် အိပ်ဖို့ကြိုးစားပါသည်။

"ကျွန်တော်လည်း ပြန်လာခဲ့မယ်။ 'မော်တော်ကား'တော့ ရမယ် မထင် ဘူး၊ စားစရာတစ်ခုခုတော့ ရမှာပါ" ဟု သူက ပြောသွားပါသည်။

'ဤသည်မှာ ဂတ်ဝိတ်ကို လွန်ခဲ့သော သုံးနှစ်က နောက်ဆုံး ကျွန်မ တွေ့လိုက်ရခြင်း ဖြစ်ပါသည်။

သူသည် ကျွန်မထံသို့ ပြန်လာရမည့်အစား သူ့အဆုတ်နှင့် လည်ပင်း တွင် ကျည်ဆံများထိမှန်လျက် ဆေးရုံတစ်ရုံသို့ သယ်ဆောင်သွားခြင်း ခံခဲ့ရ သောကြောင့် ဖြစ်ပါသည်။

❖ ❖ ❖

## အခန်း [ ၂၅ ]

## ခြောက် အိပ်မက်

'၂၀ ရာစု'ပေါ်သို့ မတက်ရောက်မီညကစ၍ အိပ်ရေးပျက်ခဲ့ရသော ကျွန်မမှာ ပင်ပန်းနွမ်းနယ်လှသည့်အတွက် အိပ်မောကျသွားပါသည်။

ကျွန်မနိုးလာသောအခါ ညဘက်သို့ ရောက်နေပြီ၊ ဂတ်ဝိတ်လည်း ပြန်မလာသေး။ ကျွန်မနာရီလည်း ပျောက်ဆုံးသွားပြီ ဖြစ်သဖြင့် ဘယ်အချိန် ရှိမှန်း မသိပါ။ ကျွန်မလဲလျောင်း၍ မှိန်းနေစဉ် အဝေးဆီမှ ပေါက်ကွဲသံများကို သဲ့သဲ့မျှ ကြားရပါသည်။ ကျွန်မ စတိုးဆိုင် ရှေ့ဘက်သို့ စမ်းတဝါးဝါး ထွက်လာ သည်။ မီးတောက်မီးလျှံများ အရောင်များကြောင့် လမ်းမများတွင် နေ့လယ် ဝမာ လင်းထိန်နေသည်။ ပုံနှိပ်စာလုံးကို ဖတ်နိုင်လောက်အောင် လင်းထိန် နေခြင်း ဖြစ်ပါသည်။

မနီးမဝေးဆီမှ သေနတ်သံများ ကြားရသည်။ ခပ်ဝေးဝေးဆီမှ ပေါက်ကွဲသံများကိုလည်း ကြားရသည်။ ကျွန်မသည် မြင်းခြံစောင်များ



www.burmeseclassic.com

www.burmeseclassic.com



မြှန်ဝင်လာကာ အိပ်ပျော်သွားပြန်ပါသည်။

နောက်တစ်ကြိမ် နိုးလာသောအခါ၌ကား ကျွန်မပေါ်သို့ ဖျော့တော့ဝါကြန်ကြန် အလင်းရောင် ဖြာသွယ်စီးကျလျက် ရှိပါသည်။ ဒုတိယမြောက်နေ့ အရက်ဖျိုးလေပြီ။ ဆိုင်ရှေ့ခန်းသို့ ကျွန်မ တိုးထွက်လာပြန်သည်။ ကောင်းကင်တစ်ခုလုံး မီးခိုးများဖြင့် အုပ်ဖုံးမှိုင်းဝေလျက် ရှိပါသည်။ လမ်းမတစ်ဖက်တွင် စုတ်ပြတ်နေသော ကျေးကျွန်တစ်ဦးကို ဒယီးဒယိုင်ဖြင့် တွေ့ရသည်။ သူ့နောက်တွင် သွေးကြောင်းကြီး စွန်းထင်းကျန်ရစ်ပါသည်။ သူက ကျွန်မကို လှမ်းမြင်ပါသည်။ သို့ရာတွင် ဘာမျှ မတတ်နိုင်ပါ။ တစ်ယောက်ကိုတစ်ယောက် ကူညီရန်လည်း မဖြစ်နိုင်ပါ။ ထိုအခိုက် သူနာတင်ကားတစ်စီး မောင်းချလာသည်ကို သူက စူးစိုက်ကြည့်နေသည်။ သို့ရာတွင် ကားက သူ့ကိုမတင်။ ဤကားမှာ သူ့အတွက်မဟုတ်။ ထို့ကြောင့် သူသည် အဝေးဆီသို့ ဆက်လက် ထွက်ခွာသွားပြန်ပါသည်။

ကျွန်မ နေရာသို့ ပြန်သွားကာ ဂတ်ဝိတ်အလာကို စောင့်နေလိုက်ပါသည်။

ကျွန်မ ခေါင်းကိုက် မပျောက်သည့်အပြင် ပိုဆိုးလာပါသည်။ စိတ်ဆောင်နေသောကြောင့်သာ မျက်လုံး ဖွင့်နိုင်ပြီး အရာဝတ္ထုတွေကို ကြည့်နိုင်ခြင်း ဖြစ်ပါသည်။

မျက်စိအစုံကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် လျစ်လျူမပြုနိုင်လောက်သော အပျက်အစီးများကို မြင်လာရသည်သာ ဖြစ်ပါသည်။ ကျွန်မ ဦးနှောက်မှာလည်း တုံ့ဆိုင်းနေသည်။ အားနည်းနေသည့် အကြားကပင် ဤကြောက်မက်ဖွယ်ရာ အပျက်အစီးများ အကြားမှ လွတ်ရာလွတ်ကြောင်း လမ်းမပေါ်သို့ တိုးထွက်ခဲ့သည်။ ကျွန်မ ခြောက်အိပ်မက် မက်ကာ အသက်ရှင်နေခဲ့ပါသည်။ စောစောပိုင်း အချိန်ကာလများနှင့် စပ်လျဉ်း၍ ကျွန်မမှတ်မိသမျှမှာ ခြောက်အိပ်မက်များသာ ဖြစ်ပါသည်။ အဆိုပါ မြင်ကွင်းတွေကို မကြာခဏ ပြန်လည်မြင်ယောင်မိပါသည်။ အဆိုပါ မြင်ကွင်းများ တစ်ခုနှင့်တစ်ခုအကြား ကျွန်မ မှတ်မိသော အရာမှာ မေ့မျောသွားခြင်း ဖြစ်ပါသည်။ မြင်ကွင်းများနှင့် မေ့မျောမှုများအကြား ဘာဖြစ်သည်ကိုမူ ကျွန်မ မသိပါ။ မည်သည့်အခါတွင်မှလည်း သိနိုင်တော့မည် မဟုတ်ပါ။

ကျွန်မ ဘာမျှ မသိတော့။ ဘာကိုမျှလည်း မမြင်တော့ပါ။ ဘေးကင်း





လုံခြုံရာသို့သာ မရမနေ သွားနေမိပါသည်။

နောက်ထပ် ကျွန်မတွေ့ရသော ခြောက်အိပ်မက်မှာ အသေကောင်များ ဆိတ်ငြိမ်သက်နေသော လမ်းမကြီးသာ ဖြစ်ပါသည်။ လမ်းတစ်လျှောက်လုံးတွင် သေနေသူ ဒဏ်ရာရထားသူများ ပြန့်ကြဲနေသည်။

ထို့နောက် ဘေးတစ်ဖက်တစ်ချက်တို့တွင် တိုက်တာအဆောက်အအုံကြီးများ တည်ရှိရာ လမ်းတစ်လမ်းကို အမှတ်ရနေပါသေးသည်။ ကြောက်သန့်တကြား ညည်းတွား ငိုယိုပြေးလွှားလာကြသော လူအုပ်ရေစီးကြောင်းကြီးအတွင်းသို့ ကျွန်မ ရောက်သွားပါသည်။ မီးလောင်နေသော ဆင်းရဲသားရပ်ကွက်ကြီးမှ ဆောက်တည်ရာမရ ထွက်ပြေးလာကြသည့် စုတ်ပြတ်မွဲတေနေသော၊ ငိုယိုညည်းတွားနေသော၊ အော်ဟစ်ကျိန်ဆဲနေသော၊ ရူးသွပ်ခမန်းဖြစ်နေသော လူအုပ်ကြီးဖြစ်ပါသည်။ လူငယ်လူရွယ်တွေ၊ လူကြီးသူမတွေ ပါဝင်ကြသည်။ တောင်ဘက်ပိုင်းမှ သူတို့နေရာကို မီးလောင်မြိုက်လိုက်သော မီးတောက်မီးလျှံများက သူတို့အား လမ်းမပေါ်မှ တိုက်ပွဲများအတွင်းသို့ မောင်းပို့လိုက်ခြင်း ဖြစ်ပါသည်။

သူတို့ ဘယ်ရောက်သွား၍ ဘာဖြစ်ကုန်ကြသည်ကို ကျွန်မ မသိပါ။ ကြားလည်း မကြားရတော့ပါ။

စစ်သားတွေက လိုက်လာသဖြင့် ထွက်ပြေးလာသော လူအုပ်ကြီးတစ်အုပ်၏ ဘေးရန်မှ လွတ်ကင်းရေးအတွက် ဆိုင်တစ်ဆိုင်၏ ပြတင်းတိုချိုးဖောက်လျက် ဝင်ပုန်းနေခဲ့ရပုံကို ကျွန်မ ရေးရေးမျှ အမှတ်ရနေပါသည်။ အသေလို တိတ်ဆိတ်နေသော လမ်းမကြီးပေါ်တွင် ကျွန်မ အပါး၌ ဗုံးတစ်လုံး ကျရောက် ပေါက်ကွဲရသည်ကိုလည်း အလားတူ အမှတ်ရနေပါသည်။

သို့ရာတွင် နောက်ထပ် ကျွန်မ သေသေချာချာ မှတ်မိသောအရာမှာ မော်တော်ကားပေါ်မှ စစ်သားတစ်ဦးက ကျွန်မကို သေနတ်ဖြင့် လှမ်းပစ်လိုက်ခြင်း ဖြစ်ပါသည်။ ကျည်ဆန်မှာ လွဲချော်သွားပါသည်။ နောက်တွင် ကျွန်မ အော်ဟစ် ရုန်းကန်ရင်း အချက်ပြအမှတ်အသားတွေ လုပ်နေမိသည်။ ကျွန်မ ကားတစ်စီးပေါ်တွင် ပါသွားနေသည်ကို သတိရနေသည်။ ဤမြင်ကွင်း၌ ထွက်ကွက်ကွင်းကွင်း ဖြစ်လာသော အရာမှာ ကျွန်မနံဘေးတွင် ထိုင်နေသော စစ်သားထံမှ ပေါ်ထွက်လာသည့် ရှိုဝ်ဖယ်သံကြောင့် ဖြစ်ပါသည်။

လမ်းဘေးသို့ လဲကျသွားသော ကျေးမိလ်ဖို့ကို ကျွန်မ တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ကို ကျွန်မ ပဲလ်လမ်းတွင် နေစဉ်ကစ၍ ကောင်းစွာသိကျွမ်းခဲ့ပါသည်။ မိလ်ဖို့မှာ မကြာမီ အလျားသား လဲကျသွားသည်။ ကားလည်း အရှိန်ပြင်းစွာ မောင်းထွက်လာပါသည်။

ထို့နောက် ကျွန်မနံဘေးတွင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော လူက နှီးသဖြင့် ကျွန်မနိုးလာသည်ကို သိပါသည်။ သူ့မျက်နှာမှာ ကြုံလှီဖျော့တော့နေပြီး ပင်ပန်းနွမ်းနယ်နေသည်။ နဖူးပြင်မှ ချွေးများ ယိုစီးကျဆင်းနေသည်။ လက်တစ်ဖက်က ရင်ဘတ်ကို ဖိထားသည်။ အခြားလက်တစ်ဖက်က ထိုလက်ကို ထပ်ဖိထားသည်။ လျှောက်သွားစဉ် သူ့ကိုယ်မှ ချွေးတွေ ကြမ်းပြင်ပေါ်သို့ ကျဆင်းနေပါသည်။

သူသည် ကြေးစားစစ်ယူနီဖောင်း ဝတ်ထား၏။ နံရံကြီးတွေ ထူထပ်လှသော်လည်း အပြင်ဘက်ဆီမှ ပြင်းထန်စွာ ပေါက်ကွဲနေသော ဗုံးသံများကို ကြားနေရသည်။ ကျွန်မမှာ အခြား အဆောက်အအုံတစ်ခုနှင့် တိုက်ခိုက်နေသည့် သော့ခတ်ထားသော အဆောက်အအုံ တစ်ခုအတွင်းသို့ ရောက်ရှိနေပါသည်။

ဆရာဝန်တစ်ဦး ရောက်လာကာ ဒဏ်ရာရထားသော စစ်သားကို ဆေးထည့်ပေးသည်။ ထိုအချိန်တွင် နှစ်နာရီထိုးသံ ကျွန်မ ကြားလိုက်ရသည်။ ကျွန်မ ခေါင်းကိုက်မှာ မသက်သာပါ။ ဆရာဝန်သည် အလုပ်များနေသည့် အကြားမှ ကျွန်မအား ရင်တုန်သော်လည်း သက်သာစေသည့် အာနိသင်ပြင်းလှသော ဆေးပေးပါသည်။

ထို့နောက် ကျွန်မ အိပ်ပျော်သွားသည်။ နိုးထလာသောအခါ အဆောက်အအုံ ထိပ်ဆုံးသို့ ရောက်နေကြောင်း ကျွန်မ သိပါသည်။ အနီးရှိ အတိုက်အခိုက်များ ရပ်သွားသဖြင့် ရဲတိုက်ခံတပ်အား လေယူဖောင်းဖြင့် တိုက်ခိုက်ပုံကို ကျွန်မ ကြည့်နေလိုက်မိသည်။

ထိုအခိုက် တစ်စုံတစ်ယောက်က ကျွန်မကို ပွေ့ဖက်လိုက်ပါသည်။ ကျွန်မကလည်း သူ့ကို မှီချလိုက်မိသည်။ အားနက် ဧကန်စင်စစ်ပါတကား. . .။

ဤ ကြောက်ဖွယ်လိလိ မြို့ကြီးတွင် ကံကောင်းထောက်မလွန်း၍သာ သူနှင့် ကျွန်မ တွေ့ကြရခြင်း ဖြစ်ပါသည်။ ကျွန်မ နယူးယောက်မှ ထွက်လာခဲ့ကာ အိပ်မောကျနေရာ ဤအခန်းငယ်အတွင်း အဘယ်ပုံရောက်လာသည်ကို သူ မသိပါ။ ထို့ကြောင့် အစပထမတွင် ကျွန်မဟု သူ မယုံနိုင်လောက်အောင်





ဖြစ်နေပါသည်။

ချီကာဂိုဘုံအဖွဲ့ အရေးတော်ပုံကို နောက်ထပ် ကျွန်မ အနည်းအကျဉ်း ထပ်တွေ့မြင်ရပ်ပါသေးသည်။ လေယူဖောင်းဖြင့် တိုက်ခိုက်သည်ကို စောင့်ကြည့်ပြီးနောက် အားနက်က အဆောက်အအုံ အလယ်ဗဟိုရှိ အခန်းသို့ ခေါ်ဆောင်လာပါသည်။ ထိုအခန်းတွင် ကျွန်မ မွန်းလွဲပိုင်း တစ်ပိုင်းလုံး တစ်ညလုံး အိပ်ပျော်နေခဲ့ပါသည်။ တတိယနေ့တွင် ကျွန်မတို့ ဤအဆောက်အအုံအတွင်း၌သာ နေကြပြီး စတုတ္ထနေ့၌ကား အားနက်က အာဏာပိုင်တို့မှ ခွင့်ပြုချက်နှင့် ကားတစ်စီးရရှိလာကာ ချီကာဂိုမှ ထွက်ခွာလာခဲ့ကြပါသည်။

ကျွန်မ ခေါင်းကိုက် ပျောက်သွားပါပြီ။ သို့ရာတွင် စိတ်ရောကိုယ်ပါ မောဟိုက် နွမ်းနယ်နေပါသည်။ ကားအတွင်း၌ ကျွန်မသည် အားနက်ကို မှီလိုက်လာရင်း ကားကို မြို့ပြင်သို့ ရောက်အောင်မောင်းနေရသော စစ်သားများကို စူးစိုက်ကြည့်နေမိပါသည်။

တိုက်ပွဲများ ယခုတိုင် ဆက်လက်ဖြစ်ပွားနေသော်လည်း ကျိုးကျဲမျှသာ ဖြစ်ပါသည်။ ရပ်ကွက်တော်တော်များများကို ရဲဘော်တွေက သိမ်းပိုက်ထားကြသည်။ သို့ရာတွင် ထိုရဲဘော်တွေကို စစ်တပ်များက အထပ်ထပ် ဝိုင်းရံထားကြပါသည်။ ချုပ်နှောင်စရာ နေရာများတို့၌ အမိခံထားရသော ရဲဘော်တွေကို တွေ့ရပါသည်။ သူတို့ကား တစ်ယောက်မကျန် သူရဲကောင်း ပီသစွာ တိုက်ခိုက်ခဲ့ကြပါသည်။

ထိုနေရာများသို့ ကျွန်မတို့ ချဉ်းကပ်သွားတိုင်း အစောင့်တွေက တားကာ ပြန်လှည့်ခိုင်းကြသည်။ တစ်ကြိမ်တွင် ရဲဘော်များ၏ အခိုင်အမာ စခန်းနှစ်ခုကို ဖြတ်သွားရန်အတွက် တစ်ခုတည်းသောလမ်းမှာ ယင်းတို့အကြား မီးလောင်နေသည့် နေရာသာဖြစ်ပါသည်။ ပြိုကျနေသော နံရံများနှင့် မီးခိုးလုံးများအကြားတွင် အရှိန်ပြင်းစွာ ဖြတ်မောင်းနေခိုက် ပစ်ခတ်သံတွေ ဆူညံလျှက်ရှိပါသည်။

မကြာခဏဆိုသလို တောင်ပုံရာပုံ အပျက်အဆီးများကြောင့် လမ်းပိတ်ဆို့နေသည့်အတွက် ကျွန်မတို့ ကွေ့ပိုက်လှည့်ပတ် သွားကြရသည်။ ကျွန်မတို့သည် အပျက်အဆီးများအကြား ရောက်နေကြပြီး ခရီးလွန်စွာ ဖင့်နှေးလှသည်။

သိုလှောင်ရုံများ (ဆင်းရဲသား ရပ်ကွက်၊ စက်ရုံနှင့် အရာဝတ်ပိုင်း)မှာ



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးအူနေသော အပျက်အစီးများသာ ဖြစ်ပါတော့သည်။ ညာဘက်တွင် ကောင်းကင်ပြင်တစ်ခုလုံး မီးခိုးများ ဖုံးအုပ် မှိုင်းဝေနေပါသည်။ ကားမောင်းသမား စစ်သားက မီးရထား အလုပ်သမားများမြို့ဟု ဆိုသော အဆိုပါ မြို့မှာ မြှာပုံအတိ ဖြစ်နေသဖြင့် သူပြော၍သာ မီးရထားအလုပ်သမားများမြို့ဟု ကျွန်မတို့ သိရှိကြရသည်။ တတိယနေ့၏ မွန်းလွဲပိုင်းတွင် သူသည် ချောစားမှီ ကားမောင်းနေခဲ့သည်။ ထိုနေရာတွင် အပြင်းထန်ဆုံးတိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး လူသေအလောင်းများကြောင့် လမ်းများ၌ ဖြတ်သန်းသွားရန်ပင် မဖြစ်နိုင်ခဲ့ဟု သူက ပြောပါသည်။

သိုလှောင်ရုံများရှိသည့် ရပ်ကွက်များအတွင်း ပျက်စီးနေသော အဆောက်အအုံတစ်ခု၏ နံရံများတစ်ပိုက်တွင် လှည့်ပတ်နေစဉ် လူသေအလောင်းများကြောင့် ကားရပ်လိုက်ရပါသည်။ ပင်လယ်ပြင်ကမ်းစပ်၌ လှိုင်းလုံးကြီးတွေ စုပုံလာနေသယောင်ပင် ထင်ရသည်။ ကျွန်မတို့အတွက်ကား ဘာတွေ ဖြစ်ပျက်ခဲ့သည်ကို မှန်းဆနိုင်ကြပါသည်။ လူအုပ်ကြီးက လမ်းထောင့်သို့ စုဝေးလာစဉ် လမ်းတစ်ဖက်မှ ပစ်ခတ်ခြင်း ခံရဟန်တူပါသည်။ စစ်သားများရော ကျေးကျွန်တွေပါ အတုံးအရုံးလဲကျသေဆုံးနေခြင်းကြောင့် ဖြစ်ပါသည်။

အားနက်က ကားပေါ်မှ ခုန်ဆင်းလိုက်သည်။ ရင်နီးပြီးဖြစ်သော ချည်အင်္ကျီအတွင်းမှ ပဒုံးနှစ်ဖက်နှင့် ရင်နီးပြီးဖြစ်သော ဖွာရရာ ဆံပင်ဖြူတွေက သူ့မျက်စိကို ဖမ်းစားလိုက်သောကြောင့် ဖြစ်သည်။ ကျွန်မ သူ့ကို မကြည့်ပါ။ သူ ပြန်ရောက်လာပြီး ကျွန်မဘေး၌ ထိုင်ကာ ကားမောင်းထွက်လာမှ သူက ပြောပါသည်။

"အဲဒါ ဂိုဏ်းချုပ်ကြီး မိုးဟောက်"

မကြာမီ ကျွန်မတို့ စိမ်းလန်းသော ကျေးလက်ဒေသဘက်သို့ ရောက်လာကြသည်။ မီးခိုးများ ပိတ်ဖုံးပြည့်လျှမ်းနေသော ကောင်းကင်ဆီသို့ နောက်ဆုံးအကြည့်ဖြင့် ကျွန်မ လှမ်းကြည့်မိပါသည်။ ဝေးကွာသော အရပ်ဆီမှ ပေါက်ကွဲသံသဲ့သဲ့ကို ကြားရသည်။

ထို့နောက် အားနက်၏ ရင်ခွင်တွင် မျက်နှာအပ်လိုက်ရင်း ရှုံးနိမ့်ခဲ့ရပြီဖြစ်သော အရေးတော်အတွက် ကျွန်မ တရှုံ့ရှုံ့ငိုကြွေးလိုက်မိပါသည်။ ကျွန်မတို့ သိုင်းဖက်ထားသော အားနက်၏ လက်က ချစ်ခြင်းမေတ္တာကို ဖော်ပြနေပါသည်။

"အချစ်ရယ်. . . ဒီအကြိမ်ရှုံးတာပါ။ ဒါပေမယ့် ထာဝစဉ် မဟုတ်ပါ





ဘူး။ ကိုယ်တို့ သင်ခန်းစာတွေ ရခဲ့ပြီ။ နက်ဖြန် အသိပညာတွေ စည်းတောင်းအောင် ခိုင်မာတောင့်တင်းတဲ့ အရေးတော် ထပ်ပြီးနိုးထလာမှာပါ" ဟု သူက ပြောပါသည်။

မီးရထားဘူတာရုံတစ်ရုံအနီးတွင် ကားရပ်ပါသည်။ ဤနေရာမှနေ၍ နယူးယောက်သို့ ကျွန်မတို့ ရထားဆက်စီးရန် ဖြစ်ပါသည်။ စကြံပေါ်တွင် ကျွန်မတို့ ရထားရပ်စောင့်နေခိုက် ချီကာဂိုဘက်သို့ ရထားသုံးစီး အမြန်နှင်ပြေးမောင်းနှင်သွားပါသည်။ ဤရထားများတွင် စုတ်ပြတ်မွဲတေနေသော ချောက်ကမ်းပါးအတွင်းက လူများဖြစ်ကြသည့် မကျွမ်းကျင်သေးသည့် အလုပ်သမားများ အပြည့်ပါသွားကြသည်။

"ချီကာဂိုကို ပြန်လည်တည်ဆောက်ဖို့အတွက် ကျေးကျွန်တွေလေ။ မင်း တွေ့တယ်မဟုတ်လား၊ ချီကာဂိုက ကျေးကျွန်မအားလုံး အသတ်ခံခဲ့ကြရပြီ" ဟု အားနက်က ပြောပါသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၂၅ ]

## အကြမ်းဖက်သမားများ

အားနက်နှင့် ကျွန်မ နယူးယောက်သို့ ပြန်လည်ရောက်ရှိပြီးနောက် ရက်သတ္တပတ် အတန်ကြာမှသာလျှင် အရေးတော်ပုံ၌ ကျရောက်ခဲ့သော ပျက်စီးဆုံးရှုံးမှု အပြည့်အစုံကို ရှင်းလင်းစွာ စဉ်းစားနိုင်ခဲ့ပါသည်။ အခြေအနေမှာ ခါးသီးလှပြီး သွေးချောင်းစီးလွှန်းလှပါသည်။

တစ်နိုင်ငံလုံး နေရာအနှံ့အပြားတွင် ကျေးကျွန်များ တော်လှန်ပုန်ကန်ကြပြီး အစုလိုက်အပြုံလိုက် လူသတ်မှုကြီးများ ပေါ်ပေါက်လာခဲ့သည်။ အာဇာနည် သူရဲကောင်းတွေ၏ အခန်းကဏ္ဍမှာ ပိုမိုကြီးထွားလာသည်။ နေရာတိုင်းတွင် မရေမတွက်နိုင်သည့် ကွပ်မျက်မှုများ ပေါ်ပေါက်ခဲ့သည်။ တောင်တန်းများ တောအရပ်များတွင် အကြင်နာကင်းမဲ့စွာ မောင်းနှင်ထုတ်ခြင်း ခံခဲ့ရသည့်သူများ၊ ဒုက္ခသည်များဖြင့် ပြည့်လျှံနေပါသည်။

ကျွန်မတို့၏ ခိုအောင်းရာစခန်းများတွင် ဆုငွေထုတ်ထားခြင်း ခံထား





ရသည့် ရဲဘော်များ ပြည့်နှက်နေပါသည်။ သံဖနောင့်ကား ငင်းသူလျှိုများ ပေးသော သတင်းအရ ကျွန်မတို့ ခိုအောင်းရာ စခန်းများစွာကို စီးနင်း တိုက်ခိုက် ခဲ့ပါသည်။

ရဲဘော်များစွာတို့ စိတ်အားငယ်နေခဲ့ကြပြီး အကြမ်းဖက် နည်းပရိယာယ်များဖြင့် လက်တုံ့ပြန်ကြပါသည်။ သူတို့၏ မျှော်လင့်ချက် အရှေ့မဲ့ ဖြစ်ရခြင်းက သူတို့အား စိတ်ဓာတ်ကျဆင်းစေ၊ ပရမ်းပတာ ဖြစ်စေခဲ့ပါသည်။ ကျွန်မတို့နှင့် ဆက်သွယ်ခြင်း မပြုခဲ့သော အကြမ်းဖက်အဖွဲ့အစည်းများစွာတို့မှာ ဆက်လက် တည်ရှိနေပြီး ကျွန်မတို့ကို များစွာ အန္တရာယ်ပေးခဲ့ပါသည်။ လမ်းလွဲနေကြသော ဤလူများသည် သူတို့အသက်တွေကို ကြံရာ ကျရာ စွန့်လွှတ်ကြပြီး ကျွန်မတို့၏ စီမံကိန်းတွေကို မကြာခဏ တလွဲတချော် ဖြစ်စေကာ ကျွန်မတို့၏ စည်းရုံးရေးကို နှောင့်နှေးစေခဲ့ပါသည်။

ဤလုပ်ငန်းအားလုံးကို သံဖနောင့်က အေးအေးဆေးဆေး တစ်ဖက်သတ် တောက်လျှောက် လုပ်ဆောင်ပါသည်။ ရဲဘော်များကို ရှာဖွေရာ၌ လူမှုရေး အဆောက်အအုံတစ်ခုလုံးကို လှူပ်ခါလျက်ရှိပါသည်။ ကြေးစားများ၊ ဇာတ်မြင့် အလုပ်သမားများ၊ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ဝင်များအတွင်း ပိုက်စိပ်တိုက်ရှာပါသည်။ အကြင်နာကင်းမဲ့စွာ ရက်ရက်စက်စက် အပြစ်ဒဏ်ခတ်ပါသည်။

ယင်း အခြေအနေအောက်တွင် အားနက်နှင့် အခြား ခေါင်းဆောင်များမှာ တော်လှန်ရေး အင်အားစုတွေကို ပြန်လည်စည်းရုံးရန်အတွက် ခက်ခက်ခဲခဲ အလုပ် လုပ်ကြရပါတော့သည်။ ဤလုပ်ငန်းတာဝန်၏ ကြီးကျယ်ခက်ခဲပုံကို . . .

www.burmeseclassic.com

www.burmeseclassic.com



အဗစ် အဲဗားဟတ်၏ လက်ရေးစာမူမှာ ဤတွင် ပြီးဆုံးသွားပါသည်။ ဝါကျ တစ်ခုအလယ်တွင် ရှောင်တခင် ရပ်သွားပါသည်။ သူ ထွက်မပြေးမီ သို့တည်းမဟုတ် အဖမ်းမခံရမီ သူ့လက်ရေးစာမူများကို သိမ်းဆည်းထားနိုင်လောက်အောင် အချိန်ကောင်းစွာရသည်ကို ထောက်ချင့်ခြင်းအားဖြင့် ကြေးစားများ လာနေပြီဆိုသည့် သတိပေးချက်ကို သူ ကြိုတင် ရရှိခဲ့ဟန်တူပါသည်။

အားနက် အဲဗားဟတ်ကို ကွပ်မျက်ခဲ့ပြီးနောက် ရာစုခေတ် ခုနစ်ခေတ်တိုင်တိုင် ဖုံးကွယ်ထားခဲ့သော လျှို့ဝှက်နက်နဲမှုကို မုချ ရှင်းလင်းနိုင်မည်ဖြစ်သည့် သူ့ဇာတ်ကြောင်း ပြန်ပြောပြချက်အား လုံးဝဥဿုံ ပြည့်စုံပြီးမြောက်စေရန် အသက်ရှင်မသွားနိုင်သည်ကိုကား ဝမ်းနည်း ကြေကွဲဖွယ်ရာသာ ဖြစ်ပါတော့သည်။

မောင်နေဝင်း

နိုဝင်ဘာ ၁၉၊ ၁၉၈၃။
ခေတ္တ၊ မြင်ဦးလွင်။

❖ ❖ ❖

www.burmeseclassic.com